http://www.cherrythitsar.org



http://www.cherrythitsar.org

စိတ်ကူးချိုချိုအနုပညာ

(၇)။ ဘင့် လမ်း။

တာမွေ။ ရန်ကုန်။

ဖုန်း - ၀၂၄၆၂၄

http://www.cherrythitsar.org

http://www.cherrythitsar.org

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

◆◆◆

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

◆◆◆

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

◆◆◆

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

◆◆◆

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

◆◆◆

http://www.cherrythitsar.org

စိတ်ကူးချိုချိုစာအုပ် ၇၂

ကမ္ဘာကျော်ဝတ္ထုတိုများနှင့်

တက်တိုးဇ၏ ရှင်းပြချက်

၂၀၀၂ ၊ စက်တင်ဘာလ

http://www.cherrythitsar.org

စာမူခွင့်ပြုချက် ၆၆၁/၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက် ၆၅၆/၂၀၀၂ (၇)

မျက်နှာဖုံးဒီဇိုင်း m s o
စာအုပ်ချုပ် ကိုမြင့်
ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးထွန်းလှိုင် (၀၅၄၇)
ချစ်စရာစာပေ၊ မြောက်ဥက္ကလာ
ရန်ကုန်။

ပုံနှိပ်ခြင်း ဒုတိယအကြိမ်
အုပ်ရေ ၅၀၀
ထုတ်ဝေသည့်ကာလ စက်တင်ဘာလ၊ ၂၀၀၂
တန်ဖိုး ၇၀၀ ကျပ်

စဉ် **မာတိကာ** **စာမျက်နှာ**

– ဝတ္ထုတိုဆိုတာဘာလဲ ၆

၁။ သေနတ်သံ ၁၇

– ***ရှင်းပြချက်*** ၃၅

၂။ ငွေဝယ်ကျွန်မလေး ၄၅

– ***ရှင်းပြချက်*** ၆၃

၃။ ဖူးစာကံ ၇၁

– ***ရှင်းပြချက်*** ၉၀

၄။ ချစ်တုန့်မပြန် ၉၇

– ***ရှင်းပြချက်*** ၁၂၆

၅။ တစ်သက်တစ်ခါ ၁၃၃

– ***ရှင်းပြချက်*** ၁၄၄

၆။ ယဉ်နွဲ့ဟန် ၁၄၉

– ***ရှင်းပြချက်*** ၁၇၁

၇။ သြော် ချစ်ကြပေတယ် ၁၇၉

– ***ရှင်းပြချက်*** ၂၀၁

၈။ သီလရှင် ၂၀၉

– ***ရှင်းပြချက်*** ၁၁၈

၉။ ပြန်ပေး ၂၂၇

– ***ရှင်းပြချက်*** ၂၆၉

၁၀။ သက်သေခံစာ ၂၇၃

– ***ရှင်းပြချက်*** ၂၈၉

– ဝတ္ထုတိုများအားလုံးကို ခြုံ၍ ရှင်းလင်းချက် ၂၉၃

http://www.cherrythitsar.org

ဝတ္ထုတို ဆိုတာ ဘာလဲ

ဝတ္ထုတိုဆိုတာ ဘာလဲ **?**

ဝတ္ထုရှည်ဆိုတာ ဘာလဲ **?**

မြန်မာစာပေတွင် ဝတ္ထုဆိုသော စာပေ အရေးအသားသည် ကုန်းဘောင်ခေတ်လောက်ကစ၍ ပေါ်လာသည် ဆို၏။ မျက်မှောက်ခေတ်၌ ထွန်းကားနေသော ဝတ္ထုမျိုးနှင့် ရှေးခေတ်ဝတ္ထုမျိုး မတူကြောင်းမှာ ထင်ရှားလှသဖြင့် အထူး ဆိုဖွယ်ပင် လိုမည် မထင်မိပါ။ လွန်ခဲ့သော အနှစ် ငါးဆယ်ကျော် 'မောင်ရင်မောင် – မမယ်မ' ဝတ္ထု ပေါ်ခဲ့သည်။ ထို ဝတ္ထုကို မျက်မှောက်ခေတ် ဝတ္ထုဟု သမုတ်ကြ၏။ ခေတ်သည် လျင်မြန်စွာ ပြောင်းလဲလျက် ရှိလေရာ၊ လွန်ခဲ့သည့် ဆယ်နှစ်က အခြေအနေနှင့် ယနေ့ အခြေအနေတို့ပင်လျှင် လွန်စွာပြောင်းလဲလျက် ရှိတော့သည်။

'မောင်ရင်မောင် – မမယ်မ' ဝတ္ထုမျိုးကို ယခုခေတ် စာဖတ် ပရိသတ်က မနှစ်သက်တော့။ အပြစ်မဆိုသာပေ။ ဝတ္ထုအရေးအသားသည် ခေတ်နှင့် လိုက်၍ ပြောင်းလဲလျက် ရှိသည်။ အခြား စာပေအရေးအသားလည်း

http://www.cherrythitsar.org

ယင်းသို့ပင် ပြောင်းလဲလျက် ရှိလေသည်။ ခေတ် ဝတ္ထု၏ အခြေအနေကို ကြည့်လိုက်လျှင် ရှေးဝတ္ထုကို အခြေအနေနှင့် မတူတော့။ ခေတ် အခြေအနေချင်း မတူသည့်အလျောက် ဝတ္ထု၏ အခြေအနေချင်းလည်း ကွဲပြားလေရ၏။

မြန်မာဝတ္ထု၏ အခြေအနေနှင့် အခြား စာပေ၌ရှိသော ဝတ္ထု အခြေအနေတို့လည်း မတူချေ။ မြန်မာဝတ္ထု၏ အခြေအနေသည် အခြား စာပေ၌ ရှိသော ဝတ္ထု အခြေအနေထက် ခေတ်နောက်ကျနေသေးသည်။ မြန်မာ ဝတ္ထု အရေးအသားမျိုးသည် ယခုခေတ် နိုင်ငံခြားဝတ္ထု အရေးအသားမျိုးနှင့်မတူ။ ခေတ်နောက်ကျလျက် ရှိနေသည်။ လွန်ခဲ့သည့် အနှစ် သုံးဆယ်လောက်က အရေးအသားမျိုးကို မြန်မာ ဝတ္ထုရေး ဆရာများက အသုံးပြုလျက် ရှိချေသေး၏။ ဝတ္ထုဖတ် ပရိသတ်ကလည်း ထို ဝတ္ထုမျိုးကိုသာ နှစ်သက်လျက် ရှိနေကြချေသေးသည်။ မြန်မာဝတ္ထုသည် နိုင်ငံခြား ဝတ္ထုထက် အနှစ်သုံးဆယ်ခန့် နောက်ကျနေသေးသည်ဟု ဆိုရချေတော့မည်။

ဝတ္ထုခေတ်ကို မည်သူက ပြောင်းပေးသနည်း။

စာရေးဆရာက ပြောင်းပေးသည်။ စာရေးဆရာက တီထွင်ရေးလိုက်မှသာလျှင် ဝတ္ထုအခြေအနေသစ်သို့ ရောက်မည်။ စာရေးဆရာ၏ လက်ချက်ပင်ဟု ထင်နိုင်ဖွယ် ရှိပါ၏။ သို့သော် ဝတ္ထုခေတ်ကို ဝတ္ထုဖတ် ပရိသတ်ကသာ ပြောင်းပေးနိုင်သည်။ တိုင်းပြည်နှင့် လူမျိုး၏ အခြေအနေ ပြောင်းလဲသည်နှင့်အမျှ၊ အစစအရာရာတွင် အကြိုက်များ ပြောင်းလဲလာသည်။ အေးချမ်းငြိမ်သက်သော ရှေးခေတ်တွင် ဝတ္ထုကို အပျော်သဘော ဖတ်သည်။ ဝတ္ထုတွင် အဖွဲ့အနွဲ့များ ဝေဆာလျက်ရှိမှ ဖတ်သူ ကြိုက်လေသည်။ ယခုခေတ်သည် အလှုပ်အရှားများသော ခေတ် ဖြစ်သည်။ နေရာတိုင်း၌ အတိုက်အခံ ရှိသည်။ ကြိုးပမ်းမှု ပြုကြရသည်။ အေးဆေးစွာ နေချိန်မရသလောက် ဖြစ်တော့သည်။ ဤခေတ်မျိုးတွင် ဇိမ်ဆွဲ၍ ဖတ်နေရသော ဝတ္ထုမျိုးကို မဖတ်နိုင်။ ဖတ်လည်း မဖတ်ချင်တော့ပေ။ ဝတ္ထုရှည်များထက်၊ ဝတ္ထုတိုများကို အဖတ်များလာသည်။ ဝတ္ထုတိုများပါသော မဂ္ဂဇင်းများ ထွန်းကားလာ၏။ မဂ္ဂဇင်းများကြောင့် ဝတ္ထုတို ဖွံ့ဖြိုးပွားများလာသည်။

http://www.cherrythitsar.org

ဝတ္ထုတို ဆိုတာ ဘာလဲ။ တိုသော ဝတ္ထုတို ဟု ခေါ်သည် ဟူသည့် အဖြေသည် လုံလောက်ပါသလော။ ဝတ္ထုရှည်ဆိုတာ ဘာလဲ ဟု ထပ်ဆင့် မေးမြန်းလျှင်လည်း၊ ရှည်သော ဝတ္ထုကို ဝတ္ထုရှည် ဟု ခေါ်သည် ဆိုရုံဖြင့် ကျေနပ်မည်လော။

ဝတ္ထုတို ဟူသော အလားတူဝေါဟာရမျိုး နိုင်ငံခြားစာပေတွင် ရှိပါ၏။ သို့သော် ဝတ္ထုရှည် ဟူသော ဝေါဟာရမျိုးကိုမူ သုံးခဲလှ၏။ မသုံးဘဲ 'နော်ဗဲလ်' ဟူသော ဝေါဟာရကိုသာ သုံးကြ၏။ နော်ဗဲလ်သည် ရှည်သည် မှန်၏။ ဝတ္ထုလည်း ဖြစ်၏။ သို့သော် ဝတ္ထုတိုနှင့် စနစ်ချင်း မတူပေ။ တိုသော ဝတ္ထုကို ဝတ္ထုတိုဟု ခေါ်နိုင်ပါ၏။ သို့သော် တိုတိုင်း ဝတ္ထုတို မဖြစ်။ ဝတ္ထုတို စနစ်သည် သီးသန့် ဖြစ်၏။ ဝတ္ထုကို အတိုချုံးလိုက်လျှင် ဝတ္ထုတို ဖြစ်ပါလေရောဟု မမှတ်ထင်ရာ။

ကျွန်တော်တို့ဆီတွင် ဝတ္ထုတို မြောက်များစွာ ရေးနေကြသည်။

ဝတ္ထုရှည်များကိုလည်း မဂ္ဂဇင်းများတွင် တွေ့နိုင်သည်။ လုံးချင်း ဝတ္ထုဟု ခေါ်သော ဝတ္ထုများလည်း ထွက်နေကြ၏။ ကျွန်တော်တို့ဆီက အမှတ်အသားမှာ လွယ်ကူလှ၏။ မဂ္ဂဇင်း စာမျက်နှာ နှစ်မျက်နှာမှ ဆယ်မျက်နှာလောက် ရှိသော ဝတ္ထုကို ဝတ္ထုတို။ မျက်နှာ နှစ်ဆယ်၊ အစိတ် ရှိလျှင် ဝတ္ထုရှည်။ စက္ကူအတိုင်းအတာအားဖြင့် ကရောင်း ဆယ့်ခြောက်ချို့ အရွယ် (ဝတ္ထုစာအုပ် အရွယ်) တစ်အုပ်လုံးပြည့် ရေးထားသော ဝတ္ထုကို လုံးချင်း ဝတ္ထုဟု ခေါ်သည်။

တစ်ခါတလေ ဆောင်းပါးလိုလို ဝတ္ထုလိုလို စာမျိုးတွင် မဂ္ဂဇင်းထဲတွင် 'ဝတ္ထုဆောင်းပါး' ဟု ခေါ်လိုက်ကာ အယ်ဒီတာက ထည့်လေသည်။ သိပ္ပံမောင်ဝ၏ အစမ်းစာများကိုပင် ဝတ္ထုဆောင်းပါးဟု ခေါ်နေကြချေသေး၏။

အမှန်ဆိုလျှင် ဝတ္ထုလိုလို၊ ဆောင်းပါးလိုလို စာမျိုး ဟူ၍ ရှိစရာမလိုပေ။ ထိုစာမျိုးကို ဝတ္ထုဟုပင် ခေါ်ကြသည်။ ယခု ကျွန်တော် ရေးနေသော စာမျိုးကိုသာ ဆောင်းပါးဟု ခေါ်နိုင်သည်။ အကြောင်းအချက်များ ဖော်ပြကာ ထင်မြင်ချက်များ တင်ပြသော စာကို ဆောင်းပါးဟု ခေါ်ရ

http://www.cherrythitsar.org

ပေမည်။ အဖြစ်အပျက်တစ်ခုခုကို ပြောပြလျှင်ပင် ဝတ္ထုဟုပင် ခေါ်ဆိုနိုင်သည်။ သို့ရာတွင် ကျွန်တော့်တို့ဆီမှာ နားလည်နေသော ဝတ္ထုဆိုသည့် စာတွင် အဖြစ်အပျက်များကို ဇာတ်ကောင်တစ်ဦးဖြစ်စေ၊ တစ်ဦးထက် ပို၍ပင် ဖြစ်စေနှင့် ဆက်စပ်ပတ်သက်၍ ဖော်ပြကာ 'ဇာတ်လမ်း' ဟူသော အရာ ပါရှိရချေသည်။ ဥပမာ သိပ္ပံမောင်ဝ၏ စာများကို မြန်မာတို့က ဝတ္ထု ခေါ်ရလေမလား၊ ဆောင်းပါး ခေါ်ရလေမလား မဝေခွဲတတ်ကြသည့်အလျောက်၊ ဝတ္ထုဆောင်းပါးဟု မမှားနိုင်အောင် ခွ၍ခေါ်ကြသည်။

သူတို့ဆီမှာ ထိုဆောင်းပါးဝတ္ထုမျိုးကို ဝတ္ထုတိုဟုပင် ခေါ်လိုက်ကြသည်။ ဝတ္ထုတိုသည် အကြောင်းအရာ တစ်ခုခုကို သရုပ်ပေါ်လာအောင် ဖော်ပြသော စာမှသည် ဇာတ်လမ်းဇာတ်ကွက်တို့ဖြင့် အပြည့်အစုံရှိသော စာအထိပင် ဖြစ်သည်။ ကျွန်တော့်ဆီမှာ အယ်ဒီတာများက ဝတ္ထုမဟုတ်ဟု ဆိုကာ ပယ်ချလှသော စာမျိုး ရေးသားရာ၌ နာမည်ကြီးသော၊ အမေရိကန် ပြည်ထောင်စုသားအဖြစ် ခံယူလိုက်သော အာမီးနီးယံ ပြည်သား ဝီလျံဆာရိုးယမ်း၏ ဝတ္ထုများကို မြန်မာပြန်ပေးပါမူ မြန်မာစာဖတ်ပရိသတ် ကြိုက်ပါလေ မလားဟု သံသယ ဖြစ်မိပါသည်။

အင်္ဂလိပ် စာရေးဆရာ ဂျိုက်စ်ကေရီ၏ 'ရိမန့်စ်' အမည်တပ် ဝတ္ထုတိုကလေးကို မြန်မာပြန်ပေးပါမူလည်း မြန်မာ စာဖတ်ပရိသတ်က ဝတ္ထုတိုဟု ခေါ်ချင်မှ ခေါ်ချင်ပေမည်။ ထို ဝတ္ထုတိုကလေးမှာ တစ်နှစ်သားကလေး စောင်ပေါ်တွင် ယက်ကန်ယက်ကန် လုပ်ရင်း ပြတင်းမှ ကျလာသော နေရောင်ခြည် ဖမ်းယူသည့် အကြောင်းပင် ဖြစ်သည်။

တစ်ဖန် အိုင်ယာလန်ကျွန်းသား စာရေးဆရာ လီယံအိုဖလာတီး၏ ဝတ္ထုတိုကလေးများကို မြန်မာ စာဖတ် ပရိသတ်တို့ ကြိုက်ပါလေမလားဟု တွေးမိသည်။ စာဖတ် ပရိသတ်ခမျာမှာ အယ်ဒီတာများက ရွေးချယ်ထည့်သွင်းပေးသမျှကိုသာ ဖတ်ကြရသည်။ အယ်ဒီတာများ ကြိုက်မှ မဂ္ဂဇင်းထဲတွင် ပါမည် ဖြစ်သောကြောင့် အယ်ဒီတာများ ကြိုက်ပါလေမလားဟု ပြင်၍ တွေးမိပါသေးသည်။

ဝတ္ထုတိုသည် စုံထောက်မောင်စံရှား (ရှာလော့ဟုမ်း) ဝတ္ထုများမှာ

http://www.cherrythitsar.org

ကဲ့သို့ ဇာတ်လမ်း ဇာတ်ကွက် အချိတ်အဆက်များနှင့် ဇာတ်အိမ်ဖွဲ့ထား သော ဝတ္ထုမျိုးမှသည် ဆိုခဲ့သော ဝတ္ထုမျိုး အထိပင် ဖြစ်သည်။ ယခု နောက်ဆုံးပေါ် ဝတ္ထုများမှာ ကျွန်တော် နားလည်ထားသော ဝတ္ထုမျိုးပင် မဟုတ်တော့ဘဲ၊ အတ္ထုပတ္တိဆန်ဆန်၊ ဆောင်းပါးဆန်ဆန်၊ ခြင်းရာ စာတမ်းဆန်ဆန် ဖြစ်လာသည်ကို တွေ့ရပါသည်။ တိုင်းခြား စာပေများ တွင် ဇာတ်လမ်းဇာတ်ကွက် အချိတ်အဆက်များကို ဂရုပြုသည့် အလေ့ အထသည် တိမ်ကောဝ် လာချေပြီ။

ယခုခေတ် စာရေးဆရာတို့သည် ဘဝကို သရုပ်ဖော်ရာ၌ ဘဝနှင့် နီးစပ် နိုင်သလောက် နီးစပ်အောင် ကြိုးပမ်းကြရာဝယ် ဘဝမှာကဲ့သို့ အချိတ် အဆက် မမိသော အဖြစ်အပျက်များကို မပြုမပြင် ဖော်ပြလာကြကုန်၏။ ဥပမာ၊ တက္ကသိုလ် ကျောင်းသားတစ်ယောက်သည် ကြုံရာ တွေ့ရာ သူငယ်မ တစ်ယောက်နှင့်အတူ ခရီး ထွက်သွားပြီးလျှင် ခရီးလမ်းတွင် နီးစပ်၍ ညားကြရာမှ၊ နောက် အမှတ်မထင် လမ်းခွဲ၍ ထွက်ခွာသွားကြ လေသည်။ ထိုဇာတ်လမ်းမျိုးမှာ အချိတ်အဆက်မရှိ၊ အဓိပ္ပာယ် မရှိဟုပင် ဆိုချင်ဆိုနိုင်ပါ၏။ စာရေးဆရာ၏ ဝါဒမှာလည်း ဘဝသည် အဓိပ္ပာယ် မရှိ ဟူ၍ပင်။ ထိုသို့ ကြုံရာ တွေ့ရာကို လျှောက်ရေးသွားပြီးလျှင် ဆုံးချင် ရာတွင် ဆုံးလိုက်သော ဝတ္ထုမျိုးကို မြန်မာ အယ်ဒီတာများက ထည့်ဝံ့ကြ မည် မထင်မိပါ။ မြန်မာ စာဖတ် ပရိတ်သတ်ကလည်း နှစ်သက်ကြမည် မဟုတ်ပါ။ ဇာတ်ကွက်မိသော ဝတ္ထုမျိုးကိုသာ ဝတ္ထုကောင်းဟု ထင်နေ သော စိတ်ထားမျိုးသည် တိုင်းခြား စာပေများစွာတွင် ရှေးကျနေချေပြီ။

ဝတ္ထုတို၌ ဇာတ်လမ်းဇာတ်ကွက်သည် ပဓာနမဟုတ်။ ဇာတ်ကောင် ၏ ချက်ပိုင်သော ဘဝကို တစ်ချက်မျှ ဖော်ပြနိုင်ပါလျှင် ဝတ္ထုတို၏ ကိစ္စသည် ပြီးမြောက်ပြီဟု ဆိုနိုင်ပါ၏။ ဝတ္ထုတိုနှင့် ပတ်သက်၍ ဥပမာ ပေးရပါမူ၊ လမိုက် မိုးအုံ့နေသော ညတွင် တောကြီး မြက်မဲထဲ၌ ခရီး သည်က လက်နှိပ်ဓာတ်မီး ထိုးလိုက်သဖြင့် မီးရောင်အောက်တွင် မြင်ရ သော မြင်ကွက်ကလေးနှင့် တူသည်ဟု ဆိုပါရစေ။ ထိုမြင်ကွက်ကလေး သည် တောကြီး တစ်ခုလုံး၏ မြင်ကွင်း အပြည့်အစုံ မဟုတ်ပေ။ သို့သော်

http://www.cherrythitsar.org

ယင်းသည် တောကြီးတစ်ခုလုံး၏ မြင်ကွင်းကို ညွှန်းသော ကိုယ်စားပြုသော မြင်ကွက်ပင် ဖြစ်သည်။ ထိုနည်းတူပင် ဝတ္ထုတိုသည် ဘဝ၏ အစိတ်ငယ်မျှသာ ဖြစ်၏။ သို့သော် ထိုအစိတ်ငယ်သည် ဘဝတစ်ခုလုံးကို ကိုယ်စားပြုနိုင်ရပေမည်။ ဘဝအခြေအနေကို ညွှန်းနိုင်ရပေမည်။ သို့မှသာလျှင် ဝတ္ထုတိုကောင်းဟု ခေါ်နိုင်ပေလိမ့်မည်။

ဝတ္ထုတိုရေးရာ၌ စကား ကျစ်လစ် သိပ်သည်းရသည်။ နော်ဗဲလ်လို ရောက်တတ်ရာရာ ရေးနိုင်ခွင့် မရှိပေ။ ရောက်တတ်ရာရာ ချဲ့ထွင် ရေးသားမှုသည် စင်စစ်အားဖြင့် အားပေးအပ်သည့် အလုပ်မျိုး မဟုတ်သော်လည်း၊ နော်ဗဲလ် ရေးရာတွင် လက်ခံနိုင်ဖွယ် ရှိသေး၏။ ဝတ္ထုတိုတွင် လက်မခံပေ။ ကျစ်လစ်သိပ်သည်းမှုသည် အရေးကြီးသည်။ လိုရင်းကို တိုတိုတုတ်တုတ် ရေးတတ်မှ ဝတ္ထုတိုကောင်း တစ်ပုဒ် ဖြစ်သည်ဟု အရေးအသားဖက်က နေကြည့်၍ ပြောနိုင်၏။ ဥပမာ ဆိုပါစို့၊ 'စာရေးကြီး ကိုရွှေရိုးသည် နံနက် ကျိုးမနိုးခင် ထလေ၏' ဟု ရေးလိုက်လျှင် တော်ပြီ။ 'ညနှင့်နေ စပ်ကြားကာလ မိုးမလင်းတလင်းအချိန် အခါဝယ် ကျိုးငှက်များပင် အိပ်တန်းမှ မထကြရသေးသော်ငြား စောစောထတတ်သော ဝါသနာရှိသည့် စာရေးကြီး ကိုရွှေရိုးသည် အိပ်ရာမှ လူးလဲ ထလေသည်' ဟူ၍ ရေးလျှင် အပိုအမိုတွေ ပြည့်လျှံလျက် ရှိသောကြောင့် မသင့်ဟု ဆိုရပေမည်။ သို့သော် စာရေးကြီး ကိုရွှေရိုး၏ အတ္တ သဘာဝကို ထုတ်ဖော်ရန် လိုအပ်ပါမူ ဖော်ပြရပေလိမ့်မည်။

အရေးအသား သိပ်သည်းမှုကို အကြောင်းပြု၍ မစ္စတာ ဘိတ်ထိစ်အစရှိသော ဝတ္ထုတို ပါရဂူကြီးများက ဝတ္ထုတိုကို 'စကားပြေကဗျာ' ဟု ခေါ်ကြသည်။ ဝတ္ထုတိုမှာ စင်စစ်အားဖြင့် တိုရပေမည်။ ဝတ္ထုကြီးကို အတို ချုပ်ထားခြင်းမဟုတ်။ ဘဝ၏ တစ်စိတ်တဒေသ၊ ကွက်ကွက်ကလေးကို အလင်းရောင် တစ်ချက်မျှ ထိုးပြရခြင်းပင် ဖြစ်သောကြောင့်၊ ထိုပြသော အလင်းရောင်သည် အကွက်ကျဉ်းသည်နှင့်အမျှ စူးရှရပေမည်။ ထို့ကြောင့် ဝတ္ထုတိုသည် စာပေထဲတွင် အရေးရ အခက်ဆုံး စာတစ်ခု ဖြစ်သည်။ ကဗျာရေးရသည်နှင့် နှုန်းနိုင်းဖွယ် ဖြစ်၏။

http://www.cherrythitsar.org

အင်္ဂလိပ် ဝတ္ထုတို ဆရာများတွင် ခေါင်းဆောင်တစ်ဦး ဖြစ်သော မစ္စတာ အိပ်ချပ်အီးဘိတ်ထိစ်က ဝတ္ထုတိုသည် နူးညံ့သိမ်မွေ့သော စာဖြစ်သည့်အလျောက် ဝတ္ထုတိုကို ဝိုင်္ဂြဟ်ပြုနိုင်ဖို့ ခဲယဉ်းသည်ဟု ဆိုသည်။ သဘာဝ၏ အလှကို ပေတံနှင့် တိုင်းတာ၍ မရနိုင်သည့် နည်းတူ၊ ဝတ္ထုတို၏ သဘာဝကို အတိအကျ တင်ပြရန် မဖြစ်နိုင်ဟု ဆိုလေသေးသည်။ ဝတ္ထုတို အရေးအသားတွင် စံထားအပ်သော ပုဂ္ဂိုလ်ကျော်များက 'ဝတ္ထုတိုဆိုတာ ဘာလဲ' ဟူသောအမေးကို အမျိုးမျိုး ဝိုင်္ဂြဟ်ပြု၍ ဖြေဆိုကြကုန်၏။ သူတို့၏ အဖြေများတွင် တူညီသော အချက်ကိုပင် ရှာ၍ မရသည့်အပြင် ဆန့်ကျင်ဖက် အချက်များ အပြိုင်းအရိုင်း ပါရှိနေချေသည်။

အနုပညာ၏ သဘာဝကို အတိအကျ ဖော်ပြနိုင်ဖို့ မဖြစ်နိုင်ပေ။ ပန်းချီပန်းပု စသည်တို့ကို မြင်သူ၏ နှလုံးသားက ဆုံးဖြတ်သည့်နည်းတူ စာပေ အနုပညာကိုလည်း ဖတ်သူ၏ နှလုံးသားက ဆုံးဖြတ်ရပေမည်။ အနုပညာကို နှလုံးသားက ဆုံးဖြတ်သည် မှန်သော်လည်း ဦးနှောက်က ထိန်းသိမ်းတည့်မတ်ပေးရပေသေးသည်။ အနုပညာ၏ သဘောတရားတို့ကို သင်ကြားလေ့လာခြင်းသည် နှလုံးသား၏ အဆုံးအဖြတ်ကို တည့်မတ်ပေးခြင်းမျှသာ ဖြစ်သည်။

ဝတ္ထုတို အကြောင်းကို ပြည့်ပြည့်စုံစုံ ဖော်ပြရန်မှာ အတော်ပင် ခဲခက်လှသည့် လုပ်ငန်း ဖြစ်သည်။ မြန်မာစာပေ၌ ဝတ္ထုတို ပေါ်လာသည်မှာ မကြာလှသေးပေ။ ဝတ္ထုတိုသည် သာမန်အားဖြင့် လွယ်ကူစွာ ရေးနိုင်သော စာနှင့် တူလှ၏။ ယင်းသို့ တူသည့်အလျောက် ဝတ္ထုတိုကို လူတိုင်းရေးချင်ကြသည်။ မိမိ၌ ပြောစရာ အကြောင်းအချက် တစ်ခု ရှိလျှင် ကောက်၍ ရေးလိုက်ပါက ဝတ္ထုတို တစ်ပုဒ်ဖြစ်လာပြီဟု ထင်ကြကုန်၏။ ထို အထင်သည် မမှားပါ။ ဝတ္ထုတို ဟူသော စာမျိုး၌ ရှေ့က ပြဆိုခဲ့သည့်အတိုင်း စာအမျိုးမျိုး ပါနိုင်သောကြောင့် ထို ပုဂ္ဂိုလ်ရေးလိုက်သော ဝတ္ထုတိုသည် ဝတ္ထုတိုပင် ဖြစ်ပါ၏။ မငြင်းသာပါ။ သို့သော် ဝတ္ထုတိုကောင်း တစ်ပုဒ်ဖြစ်လာဖို့အရေး၌ကား မလွယ်လှပါ။ ဝတ္ထုတို

http://www.cherrythitsar.org

ကောင်း ဆိုသည်ကား အဘယ်အရာနည်း။ ရုတ်ခြည်း ဖြေ၍ မဖြစ်နိုင်ပါ။ အကြောင်းအကျိုးကို အသားလွတ် ဖော်ပြရုံနှင့်လည်း သဘောပေါက်နိုင်မည် မထင်မိပါ။ ဝတ္ထုတိုများကို နမူနာအဖြစ် ပြကာ ထို ဝတ္ထုတိုတို့ကို ဝေဖန်ပြပါမှ သဘောပေါက်တန်သလောက် ပေါက်ပေမည်။ ဝတ္ထုတိုများကို နမူနာပြရမည့်အရေးတွင် မြန်မာဝတ္ထုတိုများကို မပြလိုပါ။ 'ပြစရာ မရှိလို့လားဗျာ။ ကျွန်တော်တို့ဆီမှာလဲ စံပြတွေ ရှိပါသေးတယ်' ဟု တစ်ဦးသော မိတ်ရင်းက ပြောလာပါမူ ကျွန်တော်က 'စံပြတွေ မြောက်များစွာ ရှိပါလိမ့်မယ်။ ဒါပေမယ့် ဝတ္ထုတို အရေးအသားဟာ တိုင်းခြား ပုံစံ ဖြစ်နေလို့ ကမ္ဘာပေါ်မှာ ကောင်းတယ်လို့ ဆိုထားတဲ့ ဝတ္ထုတို တချို့ကိုပဲ ပြပြီးတော့ ကျွန်တော် တတ်နိုင်သမျှ၊ မှတ်သမျှ ကလေးနဲ့ ဝေဖန်ပြပါရစေ' ဟု ဆိုလိုက်ချင်ပါတော့သည်။

http://www.cherrythitsar.org

http://www.cherrythitsar.org

၁။ သေနတ်သံ
ပွတ်ရှကင် ရေးသည်

ကျွန်တော်တို့ စစ်တပ်မှာ မြို့ငယ်တစ်မြို့တွင် စခန်းချလျက် ရှိသည်။ စစ်ဗိုလ်ဘဝကို အများသိကြသည့် အတိုင်းပင်၊ နံနက်တွင် ဒရိန်းပြရသည်။ မြင်းစီး သင်ရကျင့်ရသည်။ ညနေစာကို စစ်ဗိုလ်ကြီးနှင့် အတူ စားသည့်အခါ စားရသည်။ တစ်ခါတစ်ရံလည်း ရေဟူဒီကြီးတစ်ယောက်၏ ဆိုင်တွင် စားရသည်။ ညနေစောင်းတွင်ကား အလုပ်အထူးအထွေ မရှိ။ ဖဲရိုက်ကာ အရက် တမြမြသောက်ရင်းပင် အချိန်ကုန်ကြရလေသည်။ ထိုမြို့ငယ်ကလေးဌ လည်ပတ်စရာ အိမ်တစ်အိမ်မျှ မရှိ။ အပျိုရွယ်လေးများလည်း မရှိ။ ကျွန်တော်တို့သည် ရဲဘော်တစ်ဦးဦး အခန်းတွင် စုဝေး၍ ပျင်းရိနေကြရတော့သည်။ တစ်ယောက်၏ ယူနီဖောင်းကို တစ်ယောက် ကြည့်နေရုံမှအပ တခြားကြည့်စရာ ရှုစရာ မရှိပေ။

ကျွန်တော်တို့ အဖော်တစ်သင်းမှာ အားလုံး စစ်သားချည်းဖြစ်သည်။ သို့ရာတွင် စစ်သားမဟုတ်သူတစ်ယောက် ပါရှိနေလေသည်။ သူ့အသက်မှာ သုံးဆယ့်ငါးနှစ်ရှိရာ၊ ကျွန်တော်တို့အထဲတွင် သူသည် လူကြီးဖြစ်နေလေသည်။ သူသည် ကျွန်တော်တို့ထက် အတွေ့အကြုံများလေသည်။

http://www.cherrythitsar.org

နဂိုက ကျွန်ုပ်ကြီးနှင့် နေတတ်သည့်အပြင်၊ ပြောလိုက်လျှင်လည်း တစ်တစ်ခွခွ ရက်ရက်စက်စက် ရှိလှသဖြင့် သူငယ်များအပေါ်တွင် သူသည် အတော်ပင် ဩဇာရှိလေသည်။ သူသည် အတော်ပင် ထူးဆန်းသူတစ်ဦး ဖြစ်သည်။ သူ့အဖြစ်အကြောင်းစုံကို သိသူမရှိချေ။

သူ့ပုံပန်းမှာ ရုရှားလူမျိုးတစ်ဦး ဖြစ်ပါလျက်နှင့် သူ့အမည်မှာ ရုရှားအမည် မဟုတ်။ တိုင်းခြားသား တစ်ဦး အမည် ဖြစ်ချေသည်။ သူသည် တစ်ရံရောအခါက ရုရှားတပ်မတော်တွင် အမှုထမ်းခဲ့၍ အတော်ပင် ဂုဏ်ထူးများ တံဆိပ်များရရှိပေသည်။ ဆက်လက်၍သာ အမှုထမ်းသွားပါမူ သူသည် အတော်ပင် ရာထူးအဆင့်အတန်း မြင့်တန်ရာ၏။ သို့ရာတွင် စစ်တပ်မှထွက်၍ ဤမြို့ငယ်တွင် မထင်မရှားဘဝနှင့် နေလာခဲ့သည်မှာ အတော်ပင် ထူးဆန်းလှ၏။

သူ့ဇာစ်မြစ်ကို မည်သူမျှ မသိချေ။ သူသည် ဆင်းဆင်းရဲရဲနှင့် နေလေသည်။ သွားစရာလာစရာ ရှိလျှင် ခြေကျင်လျှောက်သည်။ အပေါ်အင်္ကျီအနက် စုတ်စုတ်ပြတ်ပြတ်ကြီးကိုပင် အစဉ်ဝတ်လေသည်။ သို့ရာတွင် သူသည် စစ်သားများအပေါ်တွင် စေတနာ ထက်သန်လေသည်။ သူ့အိမ်တွင် စစ်သားများ ဝင်ထွက် စားသောက်ကြသည်ကို အထူးပင် နှစ်သက်လိုလားလေသည်။ သူ့အစားအသောက်မှာ ကောင်းမွန်လှသည်ဟု မဆိုသာချေ။ တစ်ခါစားလျှင် ဟင်းနှစ်မည်,သုံးမည်မျှသာ ရှိသည်။ စစ်သားအိုကြီး တစ်ယောက်က ချက်ကျွေးလေသည်။ သို့ပင်ဖြစ်စေကာမူ သူသည် ရှန်ပိန် အရက်အကောင်းစားကို ဇည့်သည်များ လိုသလောက် တိုက်လေသည်။ သူ ဤမျှသုံးစွဲနိုင်အောင် ငွေကြေး မည်မျှဝင်သည်ကို မည်သူမျှ မသိကြချေ။ မည်သူကမျှလည်း မမေးဝံ့ချေ။

သူ့၌ စာအုပ်များစွာ ရှိသည်။ စာအုပ်များအပြင် ဝတ္ထုစာအုပ်များလည်း ရှိလေသည်။ သူသည် သူ့စာအုပ်များကို ငှားလိုက်ပြီးလျှင် ပြန်၍ တောင်းသည်လည်း မရှိ။ ဤသည်ကား သူ့အကျင့် တစ်ခုပင် ဖြစ်သည်။ သူ့ဝါသနာမှာ သေနတ်ပစ်ခြင်းပင်တည်း။ သူ့အိမ်နံရံ တစ်ခုလုံးသည် သေနတ်ကျည်ဆန်ရာများနှင့် ပြည့်နှက်နေရာ ပျားအုံကြီးနှင့်ပင် တူတော့

http://www.cherrythitsar.org

သည်။ သူ့တွင် အချမ်းသာဆုံးဟု ဆိုနိုင်သည်မှာ သေနတ်အမျိုးမျိုး ရှိခြင်းပင် ဖြစ်၏။ သေနတ် မျိုးစုံသည်နှင့်အမျှ သူသည် သေနတ်အပစ်တွင် မယုံနိုင်လောက်အောင် ကျင်လည်လေသည်။ အကယ်၍ သူက ဦးထုပ်ပျော့ကလေး ဆောင်းထားသော လူတစ်ယောက်၏ ခေါင်းပေါ်တွင် တင်ထားသည့်သစ်တော်သီးကို သေနတ်နှင့်ပစ်မည်ဟု ဆိုလိုက်လျှင် အပစ်ခံချင်သူ မရှားပေ။ သူလက်တည့်ခြင်းကို အထူးပင် ယုံကြည်ကြသောကြောင့်ပင် ဖြစ်လေသည်

တစ်နေ့၌ ကျွန်တော်တို့သည် တစ်ယောက်ချင်းချိန်း၍ သေနတ်နှင့်ပစ်ခြင်းအကြောင်းသို့ စကားမစပ် ရောက်သွားလေသည်။ ဆီလဗီယို (ထိုသူ၏ အမည်) သည် ထိုအကြောင်းမျိုးနှင့် ပတ်သက်၍ စကားစပ်မိလျှင် ဝင်၍ မဖြေပြဘဲ ဆိတ်ဆိတ်သာ နေလေ့ရှိသည်။ သူ့အား ဤအကြောင်းနှင့် စပ်လျဉ်း၍ လုပ်ဖူးသလောဟု မေးလျှင် တစ်ခါက လုပ်ဖူးပါသည်ဟု စိတ်မပါဟန်ဖြင့် သာမန်မျှသာ ပြောလေသည်။ ကျွန်တော်တို့၏ အယူမှာ သူသည် သေနတ်ပစ်ရာ၌ အလွန် လက်တည့်သောကြောင့် သူ့လက်ချက်ကြောင့် အသက်သေရရှာသောသူ တစ်ဦးတစ်ယောက်ရှိ၍သာ ထိုအကြောင်းမျိုးကို ပြောရန် နှုတ်လေးသည် ဟူသတည်း။ သို့သော်သူ့ရုပ်ရည်အမူအရာကို ကြည့်လိုက်လျှင် သူသည် လူသတ်ဖူးသူ တစ်ယောက်မဟုတ်ဟု ယုံကြည်ဖွယ်ရာ ရှိလေသည်။ မသက်စရာ မရှိစေကာမူ သူ့အမူအရာမှာ တစ်နေ့တွင် ရုပ်ခြည်း ပြောင်းလွဲသွားသဖြင့် ကျွန်တော်တို့မှာ အတော်ပင် အံ့အားသင့်သွားကြလေတော့သည်။

တစ်ညနေ၌ ကျွန်တော်တို့ အားလုံးပင် ဆီလဗီယိုနှင့်အတူ စားသောက်နေကြသည်။ ထုံးစံအတိုင်းပင် ကျွန်တော်တို့သည် အလွန်အမင်းသောက်ကြ၏။ ညစာ စားပြီးသည့်နောက် ကျွန်တော်တို့က ဆီလဗီယိုကို ဖဲဒိုင်ခံရန် တိုက်တွန်းကြသည်။ ပထမ၌ အတန်ကြာပင် ငြင်းပယ်နေသည်။ နောက်ဆုံးမှ ကျွန်တော်တို့အလိုကို လိုက်လျောကာ ဖဲထုပ် အယူခိုင်းလိုက်သည်။ သူသည် ငွေတစ်ရာငါးဆယ်ကို စားပွဲပေါ်တွင် ချ၍ ဖဲပြင်လေသည်။ ကျွန်တော်တို့လည်း သူ့ကိုဝိုင်း၍ ထိုင်ကြပြီးလျှင် ဖဲကစားကြသည်။

http://www.cherrythitsar.org

သူသည် ဖဲကစားနေစဉ် စကားတစ်ခွန်းမျှ မပြောချေ။ ငြင်းခြင်းရှင်းခြင်းစသည့် စကားပြောမှုများကို ရှောင်ကြဉ်လေသည်။ သူသည် သူ့ဘာသာ အမှတ်ကို ရေတွက်သည်။ မှား၍ ရေမိလျှင်လည်း အထူးအထွေ မပြောချေ။ အလျော်ကိုသာ ပေးလိုက်သည်။ ကျွန်တော်တို့လည်း သူ့နည်းအတိုင်း လုပ်သည်ကို မကန့်ကွက်ပေ။ သို့ရာတွင် ကျွန်တော်တို့အထဲက စစ်ဗိုလ်ကလေးတစ်ယောက်သည် အမှတ်ကို မှား၍ မှတ်လိုက်မိသည်။ ဆီလဗီယိုသည် မည်သို့မျှမပြောဘဲ ထိုအမှတ်ကို ဖျက်၍ အမှန်ကို မြေဖြူနှင့် မှတ်လိုက်သည်။ စစ်ဗိုလ်ကလေးမှာ ကျွန်တော်တို့တပ်သို့ နောက်မှ ရောက်လာသူ လူသစ်တစ်ဦးဖြစ်သည်။ ထိုကြောင့် ဆီလဗီယို၏အကြောင်းကို ကောင်းစွာ မသိသည့်အလျောက် ဆီလဗီယို၏ပြင်ချက်ကို ဖျက်၍ သူ့အမှတ်အတိုင်း ပြန်ရေးလိုက်သည်။ ဆီလဗီယိုလည်း စကားတစ်လုံးမျှ ပြန်မပြောဘဲ၊ ပြန်ဖျက်၍ ပြန်ရေးလိုက်သည်။ ရေပြီးလျှင် ဖဲကို ဝေမြဲဝေလေသည်။ သူ၏ အမှတ်မထင်သော အမူအရာကြောင့် စစ်ဗိုလ်ကလေးက ဒေါသဖြစ်လာတော့သည်။ အရက်ရှိန်ကလည်း ထ၊ မိတ်ဆွေများကလည်း သရော်သဖြင့် ဒေါသဟုန်ကြီးလာသည့်အလျောက် ကြေးဖယောင်းတိုင်ခွက်ကြီး တစ်ခုကို ဆွဲ၍ ဆီလဗီယိုကို ပေါက်လိုက်လေသည်။ ဆီလဗီယိုသည် ခေါင်းငုံ့ပေးလိုက်သဖြင့် မထိဘဲ ဖယောင်းတိုင်ခွက်ကြီးသည်ကြမ်းပေါ်သို့ ကျသွားလေသည်။ အားလုံးပင် အံ့အားသင့်သွားကြ၏။ ဒေါသအရှိန်ကြောင့် မျက်နှာကြီး ဖြူဖပ်ဖြူရော်ဖြစ်နေသော ဆီလဗီယိုသည် ထိုင်ရာမှထ,၍ "ဟေ့ကောင် မင်း ငါ့အိမ် ထဲက ထွက်သွားလိုက်၊ ငါ့အိမ်ထဲမှာဖြစ်တာ မင်း ကံကောင်းတယ် အောက်မေ့လိုက်ပါ" ဟု ပြောလိုက်လေသည်။

ကျွန်တော်တို့သည် ဆီလဗီယိုက စစ်ဗိုလ်သစ်နှင့်ချိန်း၍ သေနတ်ချင်းယှဉ်ကာ ပစ်လိမ့်မည်ဟု မျှော်လင့်ကြသည်။ သို့ဖြစ်လျှင် ကျွန်တော်တို့ မိတ်ဆွေသစ်မှာ အသက်ဆုံးရှုံးဖို့ သေချာလေသည်။ စစ်ဗိုလ်က ဆီလဗီယိုသဘောကျသည့် လက်နက်နှင့် တွေ့ဆုံရန် အသင့်ဖြစ်ကြောင်း

http://www.cherrythitsar.org

ပြောပြီးလျှင် ထွက်သွားလေသည်။ ဖဝိုင်းမှာ ခဏမျှသာ ကြာတော့သည်။ အိမ်ရှင်မျက်နှာကိုကြည့်ကာ ကျွန်တော်တို့လည်း အလိုက်သိစွာ ဖဝိုင်းဖျက်လိုက်ကြသည်။ ဆီလဗီယို၏ အိမ်မှ ထွက်လာကြသောခါ ကျွန်တော်တို့သည် တပ်ထဲတွင် စစ်ဗိုလ်တစ်နေရာ မကြာမီ လစ်လပ်တော့မည့် အကြောင်း ဆွေးနွေး ပြောဆိုကြလေသည်။

နောက်နေ့ မြင်းစီးကျင့်သည့် နေရာတွင် ကျွန်တော်တို့သည် စစ်ဗိုလ်ကလေး လောကကြီး၌ ရှိမှရှိပါလေစဟု ဆိုနေကြလေသည်။ ထိုအခိုက်တွင် စစ်ဗိုလ်ကလေးကိုယ်တိုင်ပင် ရောက်လာသဖြင့် ကျွန်တော်တို့က ဝိုင်း၍ မေးကြသည်။ စစ်ဗိုလ်ကလေးက ဆီလဗီယိုထံမှ မည်သို့မျှအကြောင်းမကြားသိရဟု ဆိုလေသည်။

ထိုအချက်မှာ ထူးဆန်းလှချေသည်။ ကျွန်တော်တို့သည် ဆီလဗီယိုထံသို့ သွားကြည့်ကြသောအခါ ဆီလဗီယိုသည် ဝင်းတံခါးတွင် ဖချပ်ကလေး ထောင်ထားပြီလျှင် ဖချပ်ပေါ်ရှိ အပွင့်ကလေးများကို သေနတ်နှင့်ချိန်၍ ပစ်နေသည်ကို တွေ့ကြရသည်။ သူသည် ကျွန်တော်တို့ကို ခါတိုင်းကကဲ့သို့ပင် ခေါ်၍ စကားစမြည် ပြောလေသည်။ ညက အဖြစ်အပျက်ကိုမူကား တစ်လုံးတစ်ပါဒမျှ ဖွင့်ဟမပြောချေ။ သုံးရက် ကြာသော်လည်း စစ်ဗိုလ်ကလေးမှာ အသက်သွေးခဲ တည်ငြိတည်လျက် ရှိလေသည်။ ထိုအခါ ကျွန်တော်တို့သည် အံ့သြကြကုန်၏။ "ဘယ့်နယ်လဲ ဆီလဗီယိုက တစ်ယောက်ချင်း ယှဉ်ပြိုင်ပြီး မတိုက်တော့ဘူးလား" ဟု တစ်ယောက်က တစ်ယောက်ကို မေးမြန်းကြလေသည်။

အမှန်ပင် ဖြစ်သည်။ ဆီလဗီယိုမှာ ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မလုပ်တော့ပြီ။ ကျွန်တော်တို့ လူစုထဲတွင် ကျွန်တော်သည် အများထက်ပင် ဆီလဗီယိုနှင့် ပို၍ ခင်မင်လေသည်။ ခင်မင်သည့် အကြောင်းရင်းမှာကား ဆီလဗီယိုမှာ ထူးဆန်းသူဖြစ်၍ တစ်ကြောင်း၊ သတ္တိနှင့် ပြည့်စုံသူတစ်ဦးဟူ၍ အထင်ကြီးမိ၍ တစ်ကြောင်း ဖြစ်ပေသည်။ သူကလည်း ကျွန်တော့်ကို အခြားမိတ်ဆွေများထက် ပို၍ ချစ်ခင်လေသည်။ ကျွန်တော်နှင့် နှစ်ယောက်ချင်းသာဆိုလျှင် သူသည် ဖော်ဖော်ရွေရွေ ပြောဆိုလေ့ရှိသည်။

http://www.cherrythitsar.org

သို့ရာတွင် ထိုနေ့ညနေက အဖြစ်အပျက်ကို အကြောင်းပြု၍ ဆီလဗီယိုက သေနတ်ချင်းယှဉ်၍ မပစ်သည့်အတွက် ကျွန်တော့်မှာ မကျေမနပ်ကြီးဖြစ်ကာ သူ့ကို အထင်သေးမိပါတော့သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့ကို ရှေးသကဲ့သို့ ခင်မင်သော အမူအရာမပြဘဲ နေခဲ့ပါသည်။ အမှန်ဆိုရသော် ကျွန်တော်သည် သူ့အစား ရုက်မိပါတော့သည်။ ကျွန်တော့် မကျေနပ်ချက်ကို ဖွင့်ဟ၍ မပြောသော်လည်း ဆီလဗီယို သိနှင့်ပြီး ဖြစ်လေသည်။ မည်သည့်အကြောင်းကြောင့် မကျေနပ်သည်ကိုလည်း တပ်အပ် သိနှင့်လေသည်။ ကျွန်တော် အထင်သေးခံရခြင်းအတွက် သူ့ခမျာမှာ စိတ်ဒုက္ခ အတော်ရောက်နေဟန် ရှိသည်။ သူသည် တစ်ကြိမ် နှစ်ကြိမ်လောက်ပင် ကျွန်တော့်ကို အကြောင်းအကျိုး ပြောပြ၍ ရှင်းလင်း ပြလိုဟန်ပြ၏။ သို့သော် ကျွန်တော်က သူ့အား ရှင်းပြခွင့် မပေးသဖြင့် သူသည် အတော်ဆွေးသွားပုံ ရလေသည်။ ထိုအခါမှစ၍ ကျွန်တော်သည် သူ့ထံသို့ အဖော်အပေါင်းများနှင့်သာ သွား၍ လည်သည်။ တစ်ယောက် တည်းသွား၍ ရင်းရင်းနှီးနှီးပြောဆိုမှု လုံးဝမရှိတော့ဘဲ ပပျောက်သွားလေတော့သည်။

မြို့ကြီးပြကြီးတွင် နေသူတို့မှာ အာရုံထွေပြားလေသဖြင့် တော၌ နေရသူတို့၏ ပျင်းရိခြင်း ဒုက္ခကို မသိကြချေ။ ကျွန်တော်တို့မှာမူ အခြားမျှော်မှန်းစရာမရှိတိုင်း စာရောက်မည့်ရက်ကိုသာ ဇောသန်သန်နှင့် မျှော်နေကြရလေတော့သည်။ အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် စစ်တပ်ရုံး၌ စစ်ဗိုလ်များ ပြည့်နှက်နေသည်။ သူတို့သည် ရပ်ဝေးမှစာများ၊ ပါဆယ်ထုပ်များ၊ သတင်းစာများ၊ ငွေများကို အသီးသီး စောင့်မျှော်နေကြသည်။ တစ်ယောက်လျှင် စာတစ်စောင် သော်လည်းကောင်း၊ သတင်းစာ တစ်စောင် သော်လည်းကောင်း ရကြသည်သာတည်း။ လက်ချည်း ပြန်ရသည်ဟူ၍ မရှိ။ ပြန်ရလျှင် မည်မျှ မကျေမနပ်ဖြစ်မည်ကို ချင့်ချိန်၍သာ ကြည့်နိုင်ပေသည်။ ရသောစာများကို တစ်ထိုင်တည်း ဖောက်၍ဖတ်ကြသည်။ ဖတ်ပြီးလျှင် ပါရှိသော အကြောင်းအရာများကို ပြောပြ၏။ သတင်းစာတို့ကိုလည်း ဖတ်၍ပြကြသဖြင့် အားလုံးသိပြီး ဖြစ်လေသည်။

http://www.cherrythitsar.org

ဆီလဗီယိုလည်း စစ်တပ်မှတစ်ဆင့် စာများကိုရရှိလေသဖြင့် စာလာချိန်တွင် စစ်ရုံးသို့လာ၍ စာယူလေ့ရှိသည်။ တစ်နေ့၌ သူသည် ချိတ်ပိတ်ထားသော စာတစ်စောင်ကို ရရှိလေသည်။ စာအိတ်ကို ဟန်ပါပါနှင့် ဖွင့်၍ဖတ်ရာ သူ့မျက်လုံးများသည် ဖတ်ရင်းပင် တောက်ပလာတော့သည်။ အနီးအနားရှိ စစ်ဗိုလ်များက သူတို့စာများကို သူတို့ စိတ်ဝင်စားကာ ဖတ်နေကြသဖြင့် သူ့အမူအရာကို မမြင်လိုက်ကြချေ။

ထိုအခါ ဆီလဗီယိုက "မိတ်ဆွေတို့ ကျွန်တော် အရေးကြီးလို့ ချက်ချင်းပဲ ဒီမြို့က ထွက်ခွာရတော့မယ်။ ဒါကြောင့်မို့ ခင်ဗျားတို့အားလုံး ဒီညနေ ကျွန်တော်နဲ့အတူ ညစာစားကြဖို့ တောင်းပန်ပါတယ်" ဟု ဖိတ်လေသည်။ သူသည် ကျွန်တော့်ဘက်သို့ လှည့်၍ "ခင်ဗျားလဲ လာခဲ့နော်။ မပျက်မကွက် ဆက်ဆက်လာစေချင်ပါတယ်" ဟု အရေးတယူ တရိုတသေ ဖိတ်လေသည်။ စစ်ဗိုလ်များအားလုံးကပင် ညစာ စားပွဲလာခဲ့ပါမည်ဟု ပြောကြလေသည်။ ကျွန်တော်ကလည်း ဆက်ဆက်လာခဲ့ပါမည့်အကြောင်း ပြန်ပြောလိုက်သည်။ ဆီလဗီယိုလည်း ချက်ချင်းပင် စစ်ရုံးထဲမှ ထွက်သွားလေသည်။ ကျွန်တော်တို့လည်း မိမိတို့လိုရာ သွားကြသည်။

ကျွန်တော်သည် ဆီလဗီယို၏ နေအိမ်သို့ ချိန်းထားသည့် အချိန်တွင် ရောက်ပါသည်။ စစ်တပ်တစ်တပ်လုံးရှိ စစ်ဗိုလ်များသည်လည်း ရောက်နှင့်ကြလေပြီ။ သူ့ပစ္စည်းများမှာ ခရီးထွက်ရမည့်အတွက် ထုပ်ပိုးပြီးဖြစ်ကြောင်း တွေ့ရသည်။ ကျွန်တော်တို့သည် ထမင်းစားပွဲတွင် ထိုင်ကြလေသည်။ ဆီလဗီယိုသည် ခါတိုင်းထက်ပင်ပို၍ ဖော်ရွေ ပျော်ရွှင်နေတော့သည်။ ဧည့်သည်များကလည်း အိမ်ရှင်ပျော်သလို ပျော်ကြကုန်၏။ အရက်သောက်ကြသည်မှာလည်း ပြောမကုန်အောင်ပင် ဖြစ်ချေသည်။

စားသောက်ပြီးနောက် အချိန်တန်သောအခါ အားလုံးကပင် ဆီလဗီယိုအား ကျေးဇူးတင်စကား ပြောကြလေသည်။ ခရီးလမ်းတွင် ဘေးမခရန်မသီပါစေနှင့်ဟုဆုတောင်းကြသည်။ နှုတ်ခွန်းဆက်ကြပြီးနောက် အသီးသီး ပြန်ကြသော်လည်း ကျွန်တော့်ကိုမူ မပြန်စေသေးဘဲ ဆွဲထားလေသည်။ "ခင်ဗျား နေခဲ့ပါဦး။ ကျွန်တော် ပြောစရာရှိလို့ပါ" ဟု သူက ဆိုသည်။

http://www.cherrythitsar.org

ဧည့်သည်အားလုံး ပြန်ကြလေပြီ။ သူနှင့်ကျွန်တော် နှစ်ယောက် တည်းသာ ကျန်ခဲ့လေသည်။ မျက်နှာချင်းဆိုင်ပြီး အတန်ကြာသော် ဆေး တံသောက်ကာ ငြိမ်၍ နေလေသည်။ ဆီလဗီယိုသည် ဧည့်သည်များနှင့် စားသောက်နေစဉ်ကကဲ့သို့ ပျော်ရွှင်ပုံမရတော့ဘဲ ငေးမှိုင်မှိုင် ဖြစ်နေချေ သည်။ သူ့မျက်နှာမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ နှုတ်ခမ်းမှ မှုတ် ထုတ်လိုက်သော မီးခိုးများကြောင့် သူ၏ရုပ်သဏ္ဌာန်သည် ပို၍ ကြောက် ခမန်း ဖြစ်နေတော့သည်။

အတန်ကြာသောအခါ ဆီလဗီယိုက စ၍ ပြောလေသည်။ "မိတ်ဆွေ ခင်ဗျားနဲ့ ကျွန်တော် နောက်ဒီတစ်သက်မှာ ပြန်တွေ့ချင်မှ တွေ့ကြတော့ မယ်။ ဒါကြောင့်မို့ လူချင်းမခွဲခင် ကျွန်တော် တစ်ခု ရှင်းသွားချင်ပါတယ်။ ခင်ဗျားလဲ အသိသားပဲ။ ကျွန်တော်ဟာ တခြားလူတွေ ဘယ်လိုထင်ထင် သိပ်ဂရုစိုက်တာ မဟုတ်ဘူး။ ဒါပေမယ့် ခင်ဗျားကိုတော့ သူတကာထက် ပိုပြီး ခင်တဲ့အတွက် ခင်ဗျားက ကျွန်တော့်အပေါ်မှာ အထင်လွဲမှာ အထင် သေးမှာတော့ အလွန်စိုးတယ်"

သူသည် ခေတ္တ အပြောရပ်ပြီး ဆေးတံကို ဖွာနေလေသည်။ ကျွန်တော့်မှာမူ စကားတစ်လုံးမျှ ပြန်မပြောဘဲ မျက်စိအောက်စိုက်၍ နေလေသည်။

"ခင်ဗျားအဖို့မှာတော့ ကျွန်တော် ဟိုကောင့်ကို မသတ်လိုက်တာ အံ့ဩစရာဖြစ်နေမှာပဲ။ ခင်ဗျားသိတဲ့အတိုင်းပဲ။ ကျွန်တော်က လက်နက် ရွေးခွင့်ရထားတော့ သူ့အသက်ဟာ ကျွန်တော့်လက်ထဲမှာ ရှိတယ်။ ကျွန် တော့ အသက်တော့ စိုးရိမ်စရာ မရှိပါဘူး။ ဒီလို မသတ်ဘဲ နေလိုက်တာ ကျွန်တော်က သဘောထားကြီးလို့ ပြောရင်လဲ ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် ကျွန်တော်ဟာ မညာတတ်ဘူးဗျ။ အကယ်၍သာ ဒီအကောင်ကို ကျွန် တော့အကြောင်း မပေါ်ဘဲ သတ်ပစ်နိုင်မယ်ဆိုရင် ကျွန်တော် ဘယ်လက် လွတ်ခံမှာလဲဗျာ"

ကျွန်တော်သည် ဆီလဗီယိုကို အံ့အားသင့်ကာ စိုက်၍ ကြည့်နေ မိသည်။ ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုသည်မှာ အံ့အားသင့်စရာပင်။

http://www.cherrythitsar.org

ဆီလဗီယိုက ဆက်လက် ပြောလေသည်။

"အမှန်ပါ မိတ်ဆွေ။ ကျွန်တော့်အကြောင်းကို မဖော်ချင်ဘူး။ ဖော်ဖို့ အခွင့်လဲ မရှိဘူး။ ဒါကြောင့်ပေါ့ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်းက လူတစ်ယောက်က ကျွန်တော့်ကို ပါးရိုက်တာတောင် ကျွန်တော် မသတ်ဘဲ ထားခဲ့သေးတာပဲ"

ထိုအခါ ကျွန်တော်သည် သူ့အကြောင်းကို သိလိုဇော ပြင်းပြလာတော့သည်။

"အို ခင်ဗျား အဲဒီလူနဲ့ယှဉ်ပြီး မပစ်ဘူးပေါ့။ ခင်ဗျားမှာ အကြောင်းကြောင်းကြောင့် မယှဉ်ပြိုင်ဘူး ထင်ပါရဲ့"ဟု ကျွန်တော်က ထောက်လိုက်လေသည်။

"မဟုတ်ဘူးဗျ။ ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ပစ်ကြတယ်။ အဲဒီတိုက်ပွဲရဲ့ အထိမ်းအမှတ်ကို ပြရဦးမယ်"

သူသည်ထ၍ သေတ္တာတစ်ခုထဲမှ ဦးထုပ်နီကလေးတစ်ခု ထုတ်၍ ပြလေသည်။ ထိုဦးထုပ်မှာ ရွှေနားကွပ်နှင့် ဖြစ်သည်။ ပြင်သစ်ပုလိပ် ဦးထုပ်မျိုး ဖြစ်သည်။ သူသည် ဦးထုပ်ကို ဆောင်းပြလေသည်။ ဦးထုပ်တွင် နဖူးနှင့် နှစ်လက်မအကွာတွင် သေနတ်ကျည်ဆန်ရာ တစ်ခု ရှိလေသည်။

"ခင်ဗျားလဲ သိရောပေါ့။ ကျွန်တော်ဟာ ဟိုတုန်းက တပ်ရင်းမှာ အမှုထမ်းတာပေါ့။ ကျုပ်သဘောကို ခင်ဗျားအသိသားပဲ။ ဘယ်နေရာမှာမဆို ကျုပ်က ရှေ့တန်းကမှ အမြဲနေချင်တဲ့ သဘောရှိတယ်။ အဆုံးပြောရမယ် ဆိုရင် အရက်သောက်တာတောင် သူတကာ လိုက်မမီအောင် သောက်တယ်။ ကျုပ်တို့တပ်ထဲမှာ ခဏခဏ တိုက်ပွဲလုပ်ကြတယ်။ အဲဒီပွဲတွေမှာ ကျုပ်က ခေါင်းဆောင်ကြီးပေါ့။ ကျုပ်မိတ်ဆွေတွေ၊ ရဲဘော်တွေက ကျုပ်ကို အလွန်ကြည်ညိုကြတာပေါ့။ အထက်အရာရှိများကတော့ ဒီကောင် မရှိမဖြစ်ဘူးဆိုပြီး ဆိုးတာ ပေတာကို သည်းခံကြတယ်။

အဲဒါနဲ့ ကျွန်တော်ဟာ တစ်တပ်လုံးမှာ သူရဲကောင်း ဖြစ်နေတုန်းပဲ၊ စစ်ဗိုလ်သစ်ကလေး တစ်ယောက် ရောက်လာတယ်။ သူကတော့ မင်းစိုးရာဇာ အထဲကပဲ၊ သူ့နာမည်တော့ မပြောပါရစေနဲ့တော့ဗျာ။ ကျွန်တော့်

http://www.cherrythitsar.org

တစ်သက်မှာ ဒီကောင်လောက် ကံကောင်းတဲ့ အကောင်မျိုး တစ်ခါမှ မတွေ့ခဲ့ရဘူး။ သူ့မှာ ရုပ်ရည်လဲ ကောင်းတယ်။ ဉာဏ်လဲ ထက်တယ်။ တေလိုက်တာလဲ လွန်ပါရော။ ပိုက်ဆံကလဲ သိပ်ရှိတာပဲ။ ပြီးတော့လဲ ဆွေကြီးမျိုးကြီးထဲကလဲ ဖြစ်နေသေးတယ်။ ကဲ ဘာများ လိုသေးသလဲ ဗျာ။ လောကကြီးမှာ ဒါကြောင့်ပေါ့။ သူရောက်လာတယ်ဆိုရင် ကျွန်တော့ဂုဏ်သတင်းဟာ မှေးမှိန်သွားတော့တာပေါ့။

သူက ကျွန်တော် နာမည်ကြီးတာနဲ့ ကျွန်တော့်ဆီလာပြီး မိတ်ဖွဲ့ ပါသေးတယ်။ ဒါပေမယ့် ကျွန်တော်က ထည်ထည်ဝါဝါကြီး လုပ်နေလိုက်တယ်။ ဒီတော့လဲ သူက သူ့ဂုဏ်နဲ့သူ နေနိုင်တာမို့ ခပ်တည်တည် နေလိုက်တာပေါ့။ နောက်ဆုံးကျတော့ ကျွန်တော် သူ့ကို မုန်းလာတယ်။ သူက တပ်ထဲမှာတွင် မဟုတ်ဘူး။ မိန်းမတွေနဲ့ ကျတော့လဲ အတော်စွံတာကိုး။ ဒီတော့ ကျွန်တော့မှာ မနာလိုစရာတွေ ပေါ်လာတာပေါ့။ ဒါနဲ့ ကျွန်တော်က သူ့ကိုလိုက်ပြီး ရန်စတယ်။ ကျွန်တော်က စာချိုးလိုက်ရင် သူက ပြန်ချေလိုက်တာနဲ့ ကျေရုံ ဘယ်ကမလဲ။ ကျွန်တော်လဲ အရှုံးဖြစ်ဖြစ် ကျန်ရစ်ခဲ့တာပေါ့။

နောက်ဆုံးကျတော့ ပိုလန်ပြည်သံအမတ်ကြီး ညစာစားပွဲမှာ သူဟာ မိန်းမတွေကြားမှာ အတော်စန်းပွင့်တာကိုး။ ဒါနဲ့ ကျွန်တော်က သူ့နားနားမှာ တီးတိုးပြောလိုက်တာ သူက ချက်ချင်းဒေါသဖြစ်ပြီး ကျွန်တော့်ကို ပါးရိုက်လိုက်တယ်။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက်စလုံး ဓားကို ဆွဲကြတာပေါ့။ မိန်းမတွေကလဲ သတ်ကုန်တော့မှာပဲဆိုပြီး လန့်ပြီး မူးမေ့ကုန်သူ မူးမေ့ကုန်ကြတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ကို ဖျဉ်လိုက်တာနဲ့ လူချင်းကွဲသွားတယ်။ ဒီညပဲ ကျွန်တော်တို့ ကွင်းပြင်ထွက်ပြီး သေနတ်ချင်း ယှဉ်ပစ်ဖို့ ချိန်းလိုက်ကြတယ်။

ပစ်ရမယ့်အချိန်ကလဲ နံနက်မိုးမလင်းတလင်း။ ကျွန်တော်လဲ မိတ်ဆွေ သုံးယောက်နဲ့အတူ ချိန်းထားတဲ့နေရာကို အချိန်မီ ရောက်သွားတယ်။ သူကတော့ မရောက်သေးဘူး။ ဒါနဲ့ စောင့်နေလိုက်ရတာ မိုးလင်းလို့ နေအတော်မြင့်မှ ခပ်ဝေးဝေးက သူလာနေတာကို မြင်ရတော့တယ်။

http://www.cherrythitsar.org

သူ့မှာ အဖော်တစ်ယောက်လဲပါတယ်။ စစ်ဝတ်စစ်စားနဲ့ပဲ။ သူ့လက်ထဲမှာ ဦးထုပ်ကို ပက်လက်လှန်ပြီး ချယ်ရီသီးတွေကို ထည့်ထားတယ်။ ပြီးတော့ လက်တစ်ဖက်နဲ့ပဲ အဲဒီ အသီးတွေကို တပြုတ်ပြုတ် စားနေတယ်။ အဖော်များက တစ်ဆယ့်နှစ်လှမ်း လှမ်းပြီး နေရာချပေးတယ်။ ကျွန်တော်တို့လဲ ချထားတဲ့နေရာမှာ ရပ်နေကြတယ်။ ပြီးတော့ စင်စစ်တော့ ကျွန်တော်ကစ,ပြီး ပစ်ဖို့ပဲ။ ဒါပေမယ့် သူ့ကို မုန်းတဲ့စိတ်က ကြီးလွန်းလို့ လက်တုန်နေသေးတာနဲ့ သူ့ကိုပဲ အရင်ပစ်ဖို့ ပြောလိုက်တယ်။ သူကလဲ ထုံးစံမကျဘူးဆိုပြီး ကျွန်တော့ကိုပဲ စ,ပြီးပစ်ပါလို့ ပြောတယ်။ ဒါနဲ့နောက်ဆုံးကျတော့ မဲခွဲကြတာ သူက ပထမပစ်ဖို့ မဲကျတယ်။ ဒါနဲ့ ကျွန်တော့်ကိုချိန်ပြီး ပစ်လိုက်တာ ကျွန်တော့်ဦးထုပ်ကို ကျည်ဆန်ဖောက်သွားတယ်။

သူပစ်ပြီးတော့ ကျွန်တော်ပစ်ဖို့ အလှည့်ကျတာပေါ့။ သူ့ အသက်ဟာ ကျွန်တော့်လက်ထဲ ရောက်လာတော့တယ်။ ကျွန်တော် သူ့ကိုသေသေချာချာကြီးကြည့်ပြီး သူ့မှာ ကြောက်စိတ်၊ စိုးရိမ်စိတ်များး ရှိသလားလို့ လက္ခဏာကို ရှာတာပေါ့။ ဒါပေမယ့် မတွေ့ဘူး။ သူကတော့ ကျွန်တော့ သေနတ်ကို မျက်နှာမူပြီး ဣန္ဒြေမပျက် ချယ်ရီသီးတွေ စားလိုက်၊ အစေ့တွေ ထွေးပစ်လိုက်နဲ့ လုပ်နေတာပဲ။ သူထွေးလိုက်တဲ့ အစေ့တွေဟာ ကျွန်တော်ရပ်နေတဲ့ဆီကိုတောင် ရောက်တယ်။ သူဂရုမစိုက်တာမြင်ရတော့ ကျွန်တော် ရူးမတတ် ဒေါသဖြစ်တာပေါ့။ ဒီလို အသက်ကို အမှုမထားတဲ့အကောင်ကို သတ်ပစ်လိုက်ရလို့ ဘယ်မှာ အကျိုးရှိဦးမှာလဲလို့ တွေးမိတယ်။ ဒါနဲ့ ကျွန်တော် ချိန်ထားတဲ့ သေနတ်ကို အောက်ချလိုက်ပြီး *'ဟေ့လူ ခင်ဗျားဟာ အသက်သေဖို့ ပြင်ထားပုံမရဘူး။ အခုမှ စားလို့ကောင်းတုန်း ရှိသေးတာကိုး'*လို့ ပြောလိုက်တော့၊ သူက *'ကိစ္စမရှိပါဘူးဗျာ၊ အားမနာပါနဲ့ ပစ်သာပစ်ပါ'*လို့ ဆိုတယ်။ ကျွန်တော်လဲ အဖော်တွေဘက်ကို လှည့်ပြီး *'မပစ်တော့ဘူးဗျာ'*လို့ ပြောခဲ့တယ်။

အဲဒီကတဲကပဲ ကျွန်တော်လဲ စစ်တပ်ကထွက်ပြီး ဒီမြို့ကလေးမှာ မထင်မရှားနဲ့ နေခဲ့တယ်။ ဒါပေမယ့် ကျွန်တော်ဖြင့် သူ့ကို လက်စားချေ

http://www.cherrythitsar.org

ဖို့ နေ့စဉ်နဲ့အမျှ တွေးပြီးနေတာပဲ။ အခုမှပဲ လက်စားချေဖို့ အခွင့်သာတော့တယ်”

သူသည် နံနက်က ရထားသော စာကို ကျွန်တော့်အား လှမ်း၍ ပေးလိုက်လေသည်။ စာထဲတွင် ဆီလဗီယို၏ အထောက်တော်က ‘လူတစ်ယောက်သည် မကြာမီ အလွန်လှပတင့်တယ်သော မိန်းမပျိုတစ်ယောက်နှင့် လက်ထပ်တော့မည်’ ဟု ရေးထားလေသည်။

“ကဲ လူတစ်ယောက်ဆိုတာ ခင်ဗျား သိရောပေါ့ဗျာ။ ဒီအကောင်ဟာ ဟိုတုန်းက တစ်ကိုယ်ရေတစ်ကာယမို့ သူ့အသက်ကို မနှမြောတာ။ အခုတော့ သူ့ချစ်သူကလေးနဲ့ မင်္ဂလာဆောင်တော့မယ်ဆိုရင်၊ သူ့အသက်ကို မနှမြောဘဲ ခံနိုင်ရိုးလားဗျာ၊ ကြည့်ကြသေးတာပေါ့။ အရင်ကလို သူ့ကို သေနတ်နဲ့ ချိန်နေတုန်းမှာ ချယ်ရီသီးတွေ တပြုတ်ပြုတ်စားနိုင်ဦးမှာတဲ့လား။ ကျုပ် ဒါကြောင့် မော်စကိုမြို့ကို လိုက်သွားမလို့ဗျ”

ဆီလဗီယိုသည် လက်တွင် ကိုင်ထားသော ဦးထုပ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြီးလျှင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။ ကျွန်တော်လည်း သူ့စကားကို မလှုပ်မရှား ထိုင်ပြီးနားထောင် လာခဲ့ရာ ယခုတွင်မူ စိတ်လှုပ်ရှားလျက် ရှိလေပြီ။

ထိုအခိုက် အစေခံက ခရီးထွက်ရန် ရထားကို မြင်းတပ်ပြီး ဖြစ်ကြောင်း ပြောလာသဖြင့် ဆီလဗီယိုသည် ကျွန်တော့်ကို လက်ဆွဲပြီးလျှင် ဖက်လိုက်လေသည်။ ထိုသို့ ရင်းနှီးစွာ နှုတ်ဆက်ပြီးနောက် သူသည် ရထားထဲသို့ ဝင်၍ ထိုင်လိုက်ပြီးလျှင် နောက်ဆုံး နှုတ်ဆက်လေသည်။ ထို့နောက် ရထားသည် ကဆုန်ချ၍ ပြေးလေရာ မြင်းများ နောက်ကထပ်ကြပ်မကွာ လိမ့်၍ ပါသွားလေသည်။

နှစ်ပေါင်း အတော်ကြာသွားလေပြီ။ ကျွန်တော်လည်း အိမ်တွင်းကိစ္စများကြောင့် စစ်တပ်မှထွက်၍ ဆင်းရဲသားဘဝ လယ်ယာလုပ်ကိုင် စားသောက်နေရလေသည်။ တောရွာကလေးတွင် တင့်ငံ့ လုပ်ကိုင်နေရသဖြင့် ရှေးကစစ်ထဲတွင် ပျော်ပါးခဲ့သမျှတို့ကို စားမြိုပြန်၍ နေရလေတော့သည်။

ကျွန်တော်နေထိုင်သည့် လယ်တောနှင့် မလှမ်းမကမ်းတွင် မြေပိုင်

http://www.cherrythitsar.org

ရှင်ကြီးအိမ် တစ်အိမ်ရှိလေသည်။ ထိုအိမ်ကြီးနှင့် လယ်မြေတို့ကို ပိုင်သူ မြို့စားကတော်ကြီးမှာ သူ့ပိုင်နက်ကို တစ်ခါမျှ လာရောက်ဖူးသည်ဟု မကြားရဖူးချေ။ သူရင်းငှား၊ လခစားများနှင့်သာ လွှဲထားခဲ့လေသည်။ နှစ်၊ လ အတော်ကြာသောအခါ ထိုမြို့စားကတော်ကြီး ကွယ်လွန်သဖြင့် သမီးက အမွေခံယူရလေသည်။ သမီး မြို့စားကတော်ကလေးနှင့် မြို့စားကလေးတို့သည် မိမိတို့ပိုင် ပစ္စည်းများကို လှည့်လည် ကြည့်ရှုရန် အဆိုပါ အိမ်ကြီးသို့ ဇွန်လဆန်းလောက်တွင် ရောက်လာကြလေသည်။

ကျွန်တော်လည်း အိမ်နီးနားချင်းအဖြစ် လာရောက်နေထိုင်ကြသော မြို့စားကလေးနှင့် မြို့စားကတော်ကလေးတို့ကို အသိပြုလိုသော ဆန္ဒရှိလေသည်။ အသိအကျွမ်းဖွဲ့ရန်လည်း ဝတ္တရား ရှိနေလေသည်။ ထို့ပြင် မြို့စားကတော်ကလေး လှပသည်ဟူသော ကျော်စောမှုသည် တောရွာကလေးတွင် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည့်အလျောက် သူ၏ ရူပါရုံရှုမြင်လိုဇောကလည်း ကျွန်တော့်စိတ်ဝယ် သေးငယ်လှသည်ဟု မဆိုသာပေ။ ထို့ကြောင့် ကျွန်တော်သည် အိမ်ကြီးသို့ အလည်သွားလေသည်။

အစေခံက တံခါးဖွင့်ပေးသဖြင့် ဝင်သွားရာ အလွန်ပင် ရုပ်ရည်ချောမောခဲ့ညားသော အသက်(၃၀)ကျော် လူတစ်ယောက်က ဖော်ရွေစွာ ခရီးဦးကြို ပြုလေသည်။ ထိုသူမှာ မြို့စားကလေးဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်လုံး ကုလားထိုင်ပေါ်တွင် ထိုင်မိကြပြီးနောက်၊ မကြာမီပင် အလွန်ချောမောလှပသော မိန်းမပျိုတစ်ယောက် ထွက်လာလေသည်။ မြို့စားကလေးက သူ့ဇနီးနှင့် မိတ်ဖွဲ့ပေးလေသည်။ သူတို့မှာ ကျွန်တော့်ကို အိမ်နီးချင်းဟူသော အနေဖြင့် အထူးပင် ဖော်ရွေကြပါသည်။ ကျွန်တော်သည် သူတို့ဖော်ရွေမှုကြောင့် အနေအထိုင် ချောင်ချိကာ အခန်းတွင်းရှိ စာအုပ်များ၊ အရုပ်ကားများကို လှည့်လည် ကြည့်ရှုလေသည်။ အရုပ်ကားများအနက် တစ်ကားမှာ ကျွန်တော့်ကို စိတ်ဝင်စားစေလေသည်။ အရုပ်ကား၏ ထူးခြားခြင်းကြောင့်မဟုတ်။ ကားထိပ်ဘက်တွင် သေနတ်ကျည်ဆန်ရာနှစ်ခု ထပ်လျက် ပေါက်နေသောကြောင့် ဖြစ်သည်။

http://www.cherrythitsar.org

"ဒီ သေနတ်ပစ်တဲ့ လူဟာ အတော်တည့်ပုံရတယ်" ဟု ကျွန်တော်က မြို့စားကလေးဘက်သို့ လှည့်၍ ချီးမွမ်းလိုက်လေသည်။

"ဟုတ်ပါတယ်၊ အတော်တည့်တဲ့ လူပါ။ ခင်ဗျားကော သေနတ်ပစ်တော်ရဲ့လား"

"အသင့်အတင့်ပေါ့ဗျာ။ ကျွန်တော်တော့ ဖဲချပ်ပေါ်ရှိတဲ့ ဖဲပွင့်ကလေးတွေကို ကိုယ်ကြိုက်တဲ့ ခြောက်လုံးပြူးနဲ့ဆိုရင် မလွဲတမ်း ပစ်တတ်ပါတယ်"

"မောင်ကော ဒီလိုပစ်နိုင်တယ် မဟုတ်လား" ဟု မြို့စားကတော်က ဝင်၍ မေးလိုက်ရာ၊ မြို့စားကလေးက "တစ်နေ့နေ့တော့ ပစ်နိုင်ရောပေါ့ ခင်ရယ်။ အစတုန်းကတော့ မောင်လဲ မည့်လှပါဘူး။ ဒါပေမယ့် သေနတ်မကိုင်တာ လေးနှစ်ရှိသွားပြီ" ဟု ပြောလိုက်လေသည်။

"ဟာ မြို့စားက လွယ်လွယ်ကလေး ပြောလိုက်တာပါ။ သေနတ်ပစ်တော်တယ်ဆိုတာ နေ့စဉ်ကျင့်နေနိုင်မှ တန်ခါကျတယ်။ နေ့စဉ်မကျင့်ဘူးဆိုမှဖြင့် တော်ဖို့ အလွန်ခဲယဉ်းပါတယ်။ ကျွန်တော်ဖြင့် တစ်သက်နဲ့တစ်ကိုယ် သေနတ်ပစ်အတော်ဆုံး လူတစ်ယောက်ပဲ တွေ့ရသေးတယ်။ အဲဒီလူကလဲ တစ်နေ့ကို အနည်းဆုံး လေးခါတော့ အပစ်ကျင့်တာပဲ"

"သူပစ်တာက ဘယ်လိုလဲဗျ"

"အို ဒီလူကတော့ နံရံပေါ် ခြင်ကလေးတစ်ကောင် နားရင် သူများလို လက်နဲ့ ပုတ်ပစ်တာ မဟုတ်ဘူး။ သေနတ်ဆွဲပြီး သေပေတော့ ရွေ့ခြင်ဆိုပြီး ပစ်လိုက်တာ။ ခြင်ကလေး နားနေရာက ပြာကျသွားတာပဲ။ မရယ်နဲ့ မြို့စားကလေးရဲ့၊ ကျွန်တော်ပြောတာ မပိုပါဘူး။ တကယ်ပါ"

"ဟာ ဒီလိုဆိုရင် သိပ်တော်တာပါပဲကလား။ သူ့နာမည် သိရဲ့လား" ဟု မြို့စားကလေးက မေးလိုက်သည်။

"သူ့နာမည်ကတော့ ဆီလဗီယိုတဲ့"

"အလို ဆီလဗီယို၊ ခင်ဗျား ဆီလဗီယိုကို သိသလား" ဟု မြို့စားကလေးမှာ ထိုင်ရာမှာ ထခုန်မတတ်ဖြစ်အောင် အံ့အားသင့်ကာ မေးလိုက်လေသည်။

"အို မသိဘဲ နေနိုင်ပါ့မလား ခင်ဗျာ။ ကျွန်တော် စစ်တပ်ထဲမှာတုန်းက သူနဲ့ တော်တော်ခင်မင်တာပဲ။ သူက တပ်ထဲက မဟုတ်ပေမယ့် အားလုံးကပဲ သူ့ကို တပ်သားတစ်ယောက်လို သဘောထားကြတယ်။ မြို့စားမင်းလဲ သူ့ကို ကောင်းကောင်းသိပါတယ် ထင်ပါရဲ့"

"သိတာပေါ့ဗျာ။ သူက ခင်ဗျားကို ထူးဆန်းတဲ့ အကြောင်းတစ်ခု မပြောဖူးဘူးလား"

"မြို့စားမင်း ဆိုလိုတာက သူ့ကို ပါးရိုက်တဲ့ အကြောင်းလား"

"ပါးရိုက်တဲ့ လူရဲ့ နာမည်ကို ပြောသေးသလား"

"မပြောပါဘူး မြို့စားမင်းရဲ့။ သြော် ဒါနဲ့ အဲဒီ သူ့ပါးရိုက်တဲ့ လူဟာ မြို့စားမင်းတော့ မဟုတ်ဘူးပေါ့နော်"

"ကျုပ်ပဲ။ ဟိုပန်းချီကားမှာရှိတဲ့ သေနတ်ကျည်ဆန်ရာ နှစ်ခုဟာ သူနဲ့ကျုပ် နောက်ဆုံးတွေ့တဲ့ အထိမ်းအမှတ်ပေါ့"ဟု မြို့စားကလေးက ပြောလေသည်။

"တော်စမ်းပါ မောင်ရယ် မပြောပါနဲ့။ ဒီအကြောင်းကို ထပ်ကြားရမယ်ဆိုရင် စိတ်မချမ်းသာစရာပါ မောင်ရယ်" ဟု မြို့စားကတော်က ဝင်၍ ပြောလေသည်။

"ကိစ္စမရှိပါဘူး ခင်ရယ်။ ဒီက မိတ်ဆွေက မောင့်အကြောင်း ကြားပြီးသားမို့ ဆီလဗီယိုက မောင့်ကို ဘယ်လို လက်စားချေတယ်ဆိုတဲ့ အကြောင်းပြောလိုက်ဦးမှ ဖြစ်မှာပေါ့" ဟု ပြောကာ မြို့စားကလေးက ကျွန်တော့်အနီးသို့ရောက်အောင် ကုလားထိုင်ဆွဲ၍ ထိုင်ပြီးလျှင် ပြောပြလေသည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကျွန်တော် မင်္ဂလာဆောင်တယ်။ မင်္ဂလာဦးဖြစ်တဲ့ ပထမလမှာ ကျွန်တော်တို့ ဒီရွာလာပြီး ပျော်ပွဲစား ထွက်နေကြတယ်။ ဒီအိမ်ကြီးထဲမှာပေါ့ဗျာ ဖြစ်တာ။

တစ်နေ့တော့ ကျွန်တော

http://www.cherrythitsar.org

ဗျာ။ သူ ဒီလိုပစ်သွားတဲ့ အကြောင်းကတော့ စိတ်မကျေပွဲကလေးအနေနဲ့ လက်တည့်စမ်းသွားတာပဲ ထင်ပါရဲ့ဗျာ”

မြို့စားကလေးသည် ဆီလဗီယို လက်စားချေပုံကို ပြောပြ၍ ပြီးဆုံးလေပြီ။ ကျွန်တော်လည်း ဆီလဗီယို၏ ထူးဆန်းသော စိတ်ထားကို စဉ်းစားလျက်ပင်။ ဆီလဗီယိုကိုကား ကျွန်တော့်တစ်သက်တွင် ပြန်၍ တွေ့နိုင်တော့မည် မဟုတ်ပေ။ သူသည် သူပုန်ထရာတွင် ခေါင်းဆောင်အဖြစ် ပါဝင်တိုက်ခိုက်ရာ စကူလိနိတိုက်ပွဲ၌ ကျဆုံးသည်ဟု သတင်းရရှိခဲ့လေသည်။

✧ ✧ ✧

http://www.cherrythitsar.org

ရှင်းပြချက်

ဝတ္ထုတိုသည် စာပေပုံစံများတွင် အတော်နုသည်ဟုပင် ဆိုချင်ပါသည်။ ဗြုန်းခနဲဆိုလျှင် ကဗျာက ပို၍နုသည်ဟု ထင်ကြပေမည်။ ကဗျာနုပုံနှင့် ဝတ္ထုတိုနုပုံတို့သည် သဘောတရားချင်း မတူပေ။ ကဗျာက အတွေးအခေါ် နုသည်ဟု ဆိုသာပါ၏။ သို့သော် ဝတ္ထုတိုက တင်ပြမှု၌ နုသည်ဟု ဆိုနိုင်မည် ထင်မိပါသည်။

ဝတ္ထုတိုသည် ဖြစ်ကတတ်ဆန်း ရေးလျှင်လည်း ဖြစ်နိုင်သော စာမျိုးဖြစ်သည်။ ကျနသပ်ရပ်အောင် ရေးဖို့ကား အတော်ပင် ခဲခက်လှချေသည်။ ဝတ္ထုတို၏ မိခင်မှာ ပုံပြင်ဖြစ်သည်။ ပုံပြင်သည် နှစ်ပေါင်းများစွာ ရှေးယခင်ကာလကတည်းက ထွန်းကားလာခဲ့၏။

သို့သော် ဝတ္ထုတိုဟု ကျွန်တော်တို့ သိထားသော စာပေပုံစံမျိုးရေးသောအတတ်မှာ လွန်ခဲ့သော အနှစ်တစ်ရာလောက်ကမှ စ၍ ထွန်းကားလာသည်ဆို၏။ ယခုထက်တိုင်အောင်ပင် ထိုအတတ်ပညာသည် ပြောင်းလဲတိုးတက်လျက်ရှိသည်။ နောက်ခေတ်ဆရာများက ယခင်ခေတ် ဆရာများ၏ နည်းမှ တဖြည်းဖြည်း ခွဲထွက်၍ ထွင်လာကြသည်။ ဇာတ်အိမ်ဟုခေါ်သော **(Plot)**သည် ဝတ္ထု၌ အရေးကြီးသော အစိတ်အပိုင်းအဖြစ်မှ တဖြည်းဖြည်း ရွေ့လျောသွားလေပြီ။

http://www.cherrythitsar.org

ဇာတ်အိမ်မပါသော ဝတ္ထုတိုများစွာ ပေါ်ပေါက်လာလေရာ စာဖတ်သူအချို့သည် ထိုဝတ္ထုတိုမျိုးကို ဝတ္ထုတိုမှ ဟုတ်ပါလေစ။ ဆောင်းပါးလား။ သို့တည်းမဟုတ်၊ **Sketch** ဟု ခေါ်သော ခြင်းရာစာတမ်းလားဟူ၍ ဧဝေဧဝါ ဖြစ်ကြပေတော့သည်။

ရှေးခပ်ကျကျ အယူအဆမှာကား ဝတ္ထုတို (ဤနေရာတွင် ဝတ္ထုကြီးများပင် အကျုံးဝင်သည်။) သည် ဝတ္ထုဇာတ်လမ်းကို ပြောရမည်ဟူ၏။ **A°°story must tell a story** ဟူသော အင်္ဂလိပ်စကားအတိုင်းပင် ဖြစ်သည်။ ယခုခေတ်၌ကား ဝတ္ထုတိုသည် ဇာတ်လ မ်းကို ပြောချင်မှပြောမည်။ စာရေးဆရာ၏ အာဘော်ကိုသာ ထုတ်ဖော်ချင် ထုတ်ဖော်မည်။ ဘဝအခြေတစ်ခုကို ပြချင်ပြမည်။ ဘဝနှင့်ပတ်သက်သော အမြင်တစ်ခုကို တင်ပြချင်တင်ပြမည်။ ဝတ္ထုရေးဆရာသည် ဝတ္ထုတိုကို ပုံစံချ၍ ရေးဖို့ မကြိုးပမ်းတော့ဘဲ ရေးချင်သလို ရေးလာတော့သည်။

ဤနေရာတွင် စကားစပ်မိ၍ သတိရသဖြင့် ကြားဖြတ်စကား ပြောပါရစေ။ တစ်ခါက ဝတ္ထုတိုစာအုပ်များကို စာပေဗိမာန်ဆုအတွက် ရွေးချယ်ရာတွင် အကဲဖြတ် ပုဂ္ဂိုလ်ကြီးအချို့က ရှေးကျသော (အထက်တွင် ဖော်ပြထားသည့်) အယူအဆအတိုင်း ဝတ္ထုတိုများကို စိစစ်ကြသည်ဟု ကြားလိုက်ရပါသည်။ ဝတ္ထုတိုဆိုတာ ဇာတ်လမ်းပြောပြနိုင်ရင် ပြီးတာပဲ၊ ဖတ်လို့ကောင်းရင် အောင်မြင်တာပဲဟူသော သဘောထားအတိုင်း ရွေးချယ်ကြသည်ဟု သိရပါသည်။ အချိတ်အဆက် အကွက်များများနှင့် ဇာတ်အိမ်ဖွဲ့ထားသော ဝတ္ထုတိုကို ဝတ္ထုတိုကောင်းဟု ထင်မှတ်နေသော ရှေးပညာရှိကြီးများ၏ ရွေးချယ်ရေးမှာ လက်ရှိခေတ်အယူအဆ အခြေအနေနှင့် မကိုက်ညီတော့ဟု ဆိုလိုက်ချင်ပါသော်လည်း မြန်မာတို့ထုံးစံအတိုင်း လူကြီးမို့ ခေါင်းငုံ့နေလိုက်ပါတော့မည်။

ဇာတ်လမ်းဇာတ်ကွက်များကို စုပေါင်း၍ ဇာတ်အိမ်ဟု ယခု ခေါ်နေကြပါသည်။ (အင်္ဂလိပ်လို **Plot**ဟု ခေါ်သည်။) ဝတ္ထုတစ်ပုဒ် ရေးမည်ကြံလျှင် ဖတ်သူ စိတ်ဝင်စားအောင်ရေးဖို့ ရည်ရွယ်သည့်အလျောက် ဇာတ်အိမ်ဇာတ်ကွက်များကို အချိတ်အဆက်များ ပြုလုပ်၍ ချလိုက်သည်။ ထို့နောက် ဇာတ်ကောင်များကို ထိုဇာတ်လမ်းနှင့် ကိုက်ညီအောင် ပြုမူစေသည်။ ဇာတ်ကောင်များသည် စာရေးဆရာ ချမှတ်ထားသော လမ်းအတိုင်းလိုက်နာ၍ စာရေးဆရာ ညွှန်ကြားချက်အတိုင်း ပြုမူဆောင်ရွက်ကြရသည်။ နောက်ဆုံး၌ ဖတ်လျှင် စွဲသွားသော

http://www.cherrythitsar.org

ဝတ္ထုတစ်ပုဒ် ပေါ်လာသည်။ ထိုဝတ္ထုမျိုးသည် လူကြိုက်များဖို့အကြောင်းလမ်းများစွာရှိသော ဝတ္ထုမျိုးဖြစ်သည်။

သို့ရာတွင် ထိုဝတ္ထုမျိုးကို စာပေအရာမြောက်သော ဝတ္ထုမျိုးဟု ခေါ်နိုင်ပါသလား။ ဤမေးခွန်းသည် လူအများ နှာခေါင်းရှုံ့သော မေးခွန်းမျိုးဖြစ်သည်ဟု ကျွန်တော် ထင်မိပါသည်။ သို့ရာတွင် ထိုမေးခွန်းကို မေးမှဖြစ်ပေမည်။ စာပေအရာမြောက်သော ဝတ္ထုဆိုသည်မှာ အဘယ်ဝတ္ထုမျိုးနည်းဟု ပြန်၍ မေးနိုင်ပါ၏။

စာပေသည် လူ့အကြောင်းကို ဖော်ပြသည်ဆိုသော စကားသည် မှန်ပါ၏။ သို့ရာတွင် လူတို့ လုပ်ကိုင်ပြောဆိုပြုမူနေသော အကြောင်းအရာများကို မှတ်တမ်းတင်ခြင်းသည် စာပေပြုစုခြင်း မဟုတ်။ သမိုင်း၊ ကျမ်းအစရှိသည့် အရေးအသားတို့သည် ပညာရပ်များဖြစ်သည်။ စာပေမဟုတ်ပေ။ စာပေသည် လူ၏နှလုံးသားမှ ထွက်ပေါ်လာသော စိတ်အာရုံတို့၏ လှုပ်ရှားစေစားမှုတို့ကို သရုပ်ဖော်ခြင်းပင် ဖြစ်သည်။ မှတ်တမ်းတင်ခြင်းနှင့် သရုပ်ဖော်ခြင်း ကွဲပြားခြားနားသည်။ မှတ်တမ်းတင်ခြင်းသည် တွေ့ကြုံဖြစ်ပျက်သမျှကို အရင်းတိုင်း မှတ်သားအစီရင်ခံခြင်း ဖြစ်သည်။ သရုပ်ဖော်ခြင်းမှာ သာမန်အားဖြင့် မမြင်နိုင်စွမ်းသော စိတ်အာရုံတို့ကို ထိုစိတ်အာရုံက စေစားသဖြင့် ပြုလုပ်ရသော အပြုအမူ၊ ဖြစ်ပျက်လာသော အဖြစ်အပျက်၊ ပေါ်ပေါက်လာသော အခြေအနေတို့ဖြင့် ဖော်ပြခြင်းဖြစ်သည်။

စာပေအရာမြောက်သောဝတ္ထုတွင် ဇာတ်ကောင်(သို့မဟုတ် ဇာတ်ကောင်တို့)သည် လူသားတို့ ရင်တွင်းဝယ် အမြဲကိန်းအောင်းနေသော စိတ်အာရုံတို့၌ ဖော်ပြလိုရာ စိတ်အာရုံ တစ်ခုခု၏ စေစားမှုကြောင့် ပြောဆို လုပ်ဆောင်၏။ ထိုဇာတ်ကောင်သည် စာလုံးများ ဖွဲ့စည်းထားသော လောကထဲ၌သာ ရှိသော်လည်း လူသား စင်စစ်ကဲ့သို့ အသက်ဝင်လျက် ရှိရမည်။ ထိုဝတ္ထု၏ ဆိုရင်းအဓိပ္ပာယ်မှာ လူသားတို့၏ စိတ်အာရုံများနှင့် ဆက်စပ်သော အဓိပ္ပာယ်ဖြစ်ရမည်။ (ဆိုရင်း အဓိပ္ပာယ်ဆိုသော စကားမှာ အင်္ဂလိပ် **[Theme]** ကိုပြန်ထားခြင်း ဖြစ်သည်။) စာပေဟု ဆိုသာဆိုနေရသည်။ စင်စစ်မှာမူ ရင်တွင်းမှ ပေါက်ပွားသော စိတ်၏ အရိပ်အယောင်အဓိပ္ပာယ်ပြန်ဆိုချက်မျှသာဖြစ်သည်။

ရင်တွင်းမှ ပေါက်ပွားလာသော စိတ်နှင့် ဦးနှောက်မှ ထွက်ပေါ်လာသော ဉာဏ်တို့သည် ခါတိုင်းမှာလိုလိုပင် အတိုက်အခံ ဖြစ်နေတတ်ကြသည်။

http://www.cherrythitsar.org

စာပေသည် ဦးနှောက်နှင့် နှလုံးသားတိုက်ပွဲ မှတ်တမ်းပင် ဖြစ်သည်ဟု ကျွန်တော် ဆိုကြည့်စမ်းချင်ပါသည်။ ဝတ္ထုတိုသည် ထိုတိုက်ပွဲကြီး၏ တစ်စိတ်တစ်ဒေသ ဖြစ်သော ပြောက်ကျားတိုက်ပွဲကလေး မှတ်တမ်းဖြစ်သည်ဟုလည်း ဆိုစမ်းပါရစေ။

'သေနတ်သံ ဝတ္ထုတိုသည် ရုရှားစာရေးဆရာကြီး ပွတ်ရှကင်း၏ ဝတ္ထုတိုများတွင် နာမည် အတော်ကြီးပေသည်။ ပွတ်ရှကင်းသည် ၁၇၀၉–ခုနှစ်တွင် ဖွား၍ ၁၈၃၇ – ခုနှစ်တွင် ကွယ်လွန်သည်။ သူသေရသည်မှာ နှစ်ယောက်ချင်း သေနတ် ယှဉ်ပစ်ရာ၌ ဒဏ်ရာရပြီးနောက် သေရခြင်းဖြစ်သည်။ ယခု ဝတ္ထုထဲ၌ပါသော နှစ်ယောက်ချင်း ယှဉ်၍ပစ်သော အမှုမျိုး၌ ပွတ်ရှကင်း မည်မျှ ဝင်စားကြောင်း သူသေပုံကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

'သေနတ်သံ ဝတ္ထုတိုတွင် ဇာတ်လမ်း ဇာတ်ကွက် အချိတ်အဆက် အတော်ပင် ပါရှိသည်။ နောက်က ကက်သရင်းမင်းစဖီးလ်ဒ်၏ **သီလရှင်** ဝတ္ထုနှင့် အတော်ပင် ကွာခြားလှသည်။

သီလရှင်တွင် အပျိုပေါက်ကလေး စိတ်လှုပ်ရှားမှုကို သူ့ အတွေး အခေါ်များဖြင့် ဖော်ပြထားသည်။ **'သေနတ်သံ**၌ကား လူတစ်ယောက်၏ စိတ်ထားကို အခြားသူတစ်ယောက် (စာရေးဆရာ) က ဖော်ပြထားသည်။

'သေနတ်သံ ဝတ္ထုတိုတွင် ပထမအပိုဒ်၌ **ကျွန်တော်**(စာရေးသူ သို့မဟုတ်) ဝတ္ထုကို ပြောပြသူ)နှင့်တကွ အခြားစစ်သားများ မြို့ကလေးတစ်မြို့၌ စခန်းချနေရာဝယ် လုပ်စရာ ဘာမျှမရှိသဖြင့် ပျင်းနေကြကြောင်း ဆိုထားသည်။ ဒုတိယအပိုဒ်တွင် စစ်သားများအကြား၌ စစ်သားမဟုတ်သူတစ်ဦး ပါရှိကြောင်း ညွှန်ကာ ထိုသူ၏ ထူးခြားချက်တို့ကို ဖော်ပြသည်။ ထိုအချက်များသည် ထိုသူအား ဇာတ်လိုက်အဖြစ်သို့ ရောက်စေသည်။ ဖတ်ရသူသည် ထိုသူကိုသာ အာရုံ စူးစိုက်လာတော့သည်။ ထိုတွင်မှ စာရေးသူက ထိုသူကို ရှေ့ဆုံးတွင် ထားပြီးလျှင် သူ့အကြောင်းကို ဆက်လက်ဖော်ပြခြင်းအားဖြင့် ဇာတ်လမ်းပေးလေသည်။

ထိုသူ(သူ့အမည် ဆီလဗီယို)၌ သေနတ်ပစ် ဝါသနာပါကြောင်း ဖော်ပြပြီးလျှင် ဝါသနာပါသော်ငြားလည်း နှစ်ယောက်ချင်း ချိန်း၍ သေနတ်ဖြင့် ပြဿနာ ဖြေရှင်းမှုအကြောင်းများ ပြောတိုင်း ဆီလဗီယိုမှာ ငြိမ်၍နေ ကြောင်း ဖော်ပြလိုက်သည်။ သေနတ်ပစ်ဝါသနာပါလျှင် ထိုအကြောင်းများ ပြောသည့်

http://www.cherrythitsar.org

အခါ အာသွက် လျှာသွက် ဖြစ်မည်မှာ ဓမ္မတာပင် ဖြစ်ပါလျက် ဆိတ်ဆိတ် နေခြင်းသည် ထူးဆန်းသောအချက် ဖြစ်သည်။ ထိုအချက်ကို ဖော်ပြလိုက် ခြင်းဖြင့် စာဖတ်သူ၏ သိလိုစေကို လှုပ်ဆွပေးလိုက်သည်။

စာဖတ်သူ၏ သိလိုစော ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ဝတ္ထုပြောသူ **ကျွန်တော်**က စာဖတ်သူနှင့်အတူ သိလိုစောကြွကာ စာဖတ်သူနှင့် အတူ ဒီလို ဖြစ်လေသလား၊ ဟိုလို ဖြစ်လေသလား ဟူသော သို့လောသို့ လော တွေးတောပြု လိုက်သည်။ ဤနည်းဖြင့် စာဖတ်သူ၏ သိလိုစောကို ကြွသည်ထက် ကြွစေသည်။ စာဖတ်သူအား မိမိနှင့် အရည်တူ အခြေတူ သဘောမျိုး ရောက်စေခြင်းလည်း ဖြစ်သည်။ ယင်းသို့ လုပ်ကိုင်ခြင်းဖြင့် စာဖတ်သူ၏ ခင်မင်မှုကို ရယူခြင်းပင်။

ထို့နောက် ဆီလဗီယို မလိုလားကြောင်း ထင်ရှားလှသည့် နှစ်ယောက် ချင်း ချိန်း၍သေနတ်ဖြင့် ဖြေရှင်းရသော အမှုတစ်ခု ပေါ်ပေါက်လာစေသည်။ တပ်သို့ ရောက်လာခါစ စစ်ဗိုလ်ကလေးတစ်ယောက် ရောက်လာ ခါစဖြစ်၍ ဆီလဗီယို၏ အကြောင်းကို ကောင်းကောင်း မသိသေးသည့်အလျောက် ဖဲ ကစားရာတွင် ဆီလဗီယိုကို အထင်လွဲကာ ကြေးဖယောင်း တိုင်ခွက်ကြီးနှင့် ပေါက်လိုက်သည်။ မထိ။ ဆီလဗီယိုက စစ်ဗိုလ်ကို အိမ်က နှင်ချလိုက်သည်။ **ကျွန်တော်**တို့သည် ဆီလဗီယိုက စစ်ဗိုလ်သစ်နှင့် ချိန်း၍ သေနတ်ချင်းယှဉ်၍ ပစ်လိမ့်မည်ဟု မျှော်လင့်ကြလေသည် ဟူသောစကားဖြင့် ဆီလဗီယို၏ ထူးဆန်းသော အပြုအမူကို ဖော်လိုက်သည်။ သူတို့ ထင်သလို ဆီလဗီယိုက သေနတ်ချင်း ယှဉ်မပစ်ဘဲ ငြိမ်နေလိုက်သဖြင့် **ကျွန်တော်**တို့ အံ့သြနေကြသည်။ **ကျွန်တော်**က မကျေနပ်၍ အထင်သေးနေသည်ကို ဆီလဗီယို သိသော်လည်း အထင်သေးခံနေတော့သည်။

ယင်းသို့ အတင်မကျ ဖြစ်နေခိုက်တွင် ဆီလဗီယိုထံသို့ စာတစ်စောင် ရောက်လာသည်။ စာရလျှင်ရချင်း ဆီလဗီယိုက မြို့က ထွက်ခွာဖို့ ပြင်လေသည်။ ဘာကြောင့် သူက စစ်ဗိုလ်သစ်နှင့် သေနတ်ချင်း ယှဉ်မပစ်ပါသလဲ ဟူသော အဖြေ ရှာမရသေး။ ထိုမေးခွန်းအပေါ်တွင် ယခု ဘာကြောင့်အရေး တကြီး မြို့က ထွက်ခွာရမှာလဲဟူသော မေးခွန်းက ထပ်ဆင့်လိုက်လေရာ **ကျွန်တော်**နှင့်တကွ စာဖတ်သူတို့၌ သိလိုစောသည် ထိပ်သို့ ရောက်သွားလေတော့သည်။

http://www.cherrythitsar.org

ထိုသို့ ဖြစ်နေသောကြောင့် သိလိုဇော လွန်ကဲနေသည်အဖြစ်မှ တစ်နည်းအားဖြင့် လျှော့ချလိုက်သည်။ စာရေးဆရာက ဆီလဗီယိုအား **'ကျွန်တော့်**ကို ဘာကြောင့် သူသည် စစ်ဗိုလ်သစ်နှင့် သေနတ်ချင်း ယှဉ်မပစ်သလဲဆိုသော အဖြေကို ပေးစေသည်။ ထိုအဖြေ ပေးလိုက်ခြင်းကြောင့် **ကျွန်တော်**၌ ရှိနေသော သိလိုဇောသည် ပြေပျောက်လျော့နည်းသွားသလား။ မလျော့နည်းပေ။ ဆီလဗီယို၏ တိမ်မြုပ်နေသောအကြောင်းကို ဖော်ပြလိုက်ခြင်းဖြင့် ဆီလဗီယို အပေါ်တွင် စိတ်ဝင်စားမှု ပိုလာလေတော့သည်။

ဆီလဗီယိုက **ကျွန်တော့်**ကို သူ့အတိတ်အကြောင်းတစ်ခု ပြောပြသည်။ စစ်ဗိုလ်သစ်ကို ပစ်သတ်နိုင်ခွင့် ရပါလျက်နှင့် မသတ်ခဲ့ရုံမက၊ ယခင်ကလည်း စစ်ဗိုလ်ကလေးတစ်ယောက်ကို သတ်ပစ်နိုင်ပါလျက်နှင့် မသတ်ခဲ့ပါဟု ဆီလဗီယိုက ဆိုသည်။

သတ်နိုင်ခွင့် ရပါလျက်နှင့် မသတ်ခဲ့ခြင်းမှာ ဘယ်သို့သော အကြောင်းကြောင့်နည်း။ ဆီလဗီယို၏ အဖြေမှာ ထူးဆန်းလှ၏။

ထိုစစ်ဗိုလ်နှင့် သေနတ်ချင်း ယှဉ်ပစ်ရာဝယ် စစ်ဗိုလ်က ပထမ ပစ်လိုက်သော်လည်း ဆီလဗီယိုကို မထိ။ ဦးထုပ်ကိုသာ ထိသွားသည်။ ဆီလဗီယိုက ပစ်ခွင့်ရသောအခါ မပစ်တော့ဘဲ ထားပစ်ခဲ့သည်။ ဘာကြောင့်... ထိုစစ်ဗိုလ်၏ သေရမှာ နည်းနည်းမျှ မကြောက်သော လက္ခဏာကို တွေ့ရသောကြောင့်ပင် ဖြစ်သည်။

ဆီလဗီယိုသည် စစ်ဗိုလ်အား သေရမှာ ကြောက်စိတ်ပေးချင်သည်။ ထို့မှသာလျှင် သတ်ရသည့် အရသာကို ဆီလဗီယို ရရှိ ခံစားရပေမည်။ သေရမှာ မကြောက်သူကို သတ်လျှင် အချည်းနှီးပင်ဟု ဆီလီဗီယိုက ယူဆသည်။

သူက သတ်နိုင်ပါလျက် မသတ်ခဲ့ရသည်မှာ သူ့အဖို့ တစ်နည်းအားဖြင့် အရှုံး ဖြစ်သည်။ မကျေနိုင်စရာ ဖြစ်သည်။ လက်စားချေချင်စိတ်ပြင်းထန်လျက် ရှိခဲ့သည်။ ထို့ကြောင့် ဆီလဗီယိုသည် စစ်တပ်မှထွက်ပြီးလျှင် **ကျွန်တော်**တို့ စခန်းချလျက်ရှိသော မြို့ကလေးတွင် ခိုနေခဲ့လေသည်။

ယခု ဆီလဗီယို ဘာကြောင့် အရေးတကြီး မြို့မှ ထွက်ခွာရသည့် အကြောင်းကိုလည်း ဖွင့်ပြောလိုက်သည်။ ရန်သူ စစ်ဗိုလ်ကလေး၌ ချစ်သူဇနီး ရှိနေပြီဖြစ်ကြောင်း သတင်းရ၍ ယခုအချိန်မှာ ကလဲ့စားချေရန် အကောင်းဆုံး

http://www.cherrythitsar.org

အချိန် ဖြစ်သဖြင့်၊ ယခုကဲ့သို့ မြို့မှ ရုတ်တရက် ထွက်ခွာရခြင်းဖြစ်ကြောင်း ဆီလဗီယိုက ဆိုသည်။ 'ဒီအကောင်ဟာ ဟိုတုန်းက တစ်ကိုယ်ရေတစ်ကာယ မို့ သူ့အသက်ကို မနှမြောတာ။ အခုတော့ သူ့ချစ်သူကလေးနဲ့ မင်္ဂလာဆောင်တော့မယ်ဆိုရင် သူ့အသက်ကို သူ မနှမြောဘဲ ခံနိုင်မလားဗျာ။ ကြည့်ကြသေးတာပေါ့။ အရင်တုန်းကလို သူ့ကို သေနတ်နဲ့ ချိန်နေတုန်းမှာ ချယ်ရီသီးတွေ တပြုတ်ပြုတ် စားနိုင်ဦးမှာတဲ့လား' ဟု ဆီလဗီယိုက **ကျွန်တော်**့ကို ပြောပြသည်။

ထို့နောက် **ကျွန်တော်**့အနေနှင့် ဆီလဗီယိုအကြောင်းကို အလိုအလျောက် ဆက်သိနိုင်ခွင့် မရတော့ချေ။ ဆီလဗီယိုလည်း မြို့မှ ထွက်ခွာသွားပြီးနောက် ခြေရာပျောက် ဖြစ်သွားလေသည်။ ထိုအခါ စာရေးဆရာသည် အကြောင်းကြုံမှု **[Coincidence]** နည်းကို အသုံးပြုလိုက်သည်။

နှစ်ပေါင်း အတော်ကြာသွားလေပြီ။ ဤသို့လျှင် စာရေးဆရာသည် ဇာတ်ကောင်တို့၏ ဘဝ၌ ကဗ္ဘာခြားလိုက်သည်။ အခြေအနေတွေ ပြောင်းကုန်ပြီ။

ကျွန်တော်လည်း စစ်တပ်မှထွက်၍ လယ်သမားဘဝသို့ ရောက်နေလေပြီ။ ဘဝပြောင်းသော်လည်း စစ်သားဘဝကို အောက်မေ့ခြင်းဖြင့် ဘဝဟောင်းကို စိတ်ဖြင့်ပြန်၍ ဆက်နေလေသေး၏။

ဤနေရာတွင် အကြောင်းကြုံမှုကို အသုံးပြု၍ **'ကျွန်တော်**နှင့် ဆီလဗီယို၏ ရန်သူ စစ်ဗိုလ်တို့ ဆုံဆည်းပေးလိုက်သည်။ စစ်ဗိုလ် ဇနီးမောင်နှံသည် **ကျွန်တော်**့ လယ်တောနှင့် မလှမ်းမကမ်း အိမ်ကြီးတွင် လာနေကြသည်။ **ကျွန်တော်**က အိမ်နီးချင်းဝတ္တရားကြောင့် သွား၍ လည်ပတ်သည်။ အိမ်ကြီးထဲတွင် သေနတ်ကျည်ဆန် နှစ်ချက်ပေါက်နေသော အရုပ်ကားတစ်ချပ် ချိတ်ထားသည်ကို တွေ့ရာမှ စကားစပ်မိကာ ဆီလဗီယို၏ အကြောင်းကို မမျှော်လင့်ဘဲ ကြားရလေသည်။

စစ်ဗိုလ်က ဆီလဗီယို ရုတ်တရက် ရောက်လာပြီးလျှင် ယခင်ကျန်ခဲ့သော **သေနတ်ပစ်ခွင့်**ကြွေး တောင်းလေသည်။ စစ်ဗိုလ်ကလည်း ကြွေးပေးရမည့် ဝတ္တရားအတိုင်း ဆီလေဗီယိုအား ပစ်ခွင့်ပေးလေသည်။ သို့သော် အပြင်ခဏ ထွက်သွားသော သူ့ဇနီးကလေး မလာခင် သတ်ပစ်ပါဟု တောင်းပန်သည်။ ဆီလဗီယိုက သူ့ချည်း ပစ်ခွင့်ရသည်ကို တရားလှသည်မထင်၍ စစ်ဗိုလ်နှင့်သူ မဲချ၍ ပေါက်သည့်အတိုင်း ပစ်ခွင့်ရယူရန်ဆိုသည်။ စစ်ဗိုလ်က

http://www.cherrythitsar.org

ပထမ ပစ်ခွင့်ရသော်လည်း စစ်ဗိုလ်မှာ မွန်ထူနေသောကြောင့် ဆီလဗီယိုကို မထိဘဲ အရပ်ကားထိပ်တွင် ကျည်ဆန်နှစ်ချက် မှန်သွားလေသည်။

နောက်ဘာဖြစ်သလဲဆိုသည်ကို ဝတ္ထုတွင် ဆက်၍ ဖတ်ပေတော့။

ဆီလီယိုသည် စစ်ဗိုလ်ကို သေနတ်နှင့် မပစ်ဘဲ ထွက်သွားသော်လည်း ဤ အကြိမ်တွင် သူက အနိုင်ရလိုက်သည်။ စစ်ဗိုလ်မှာ သံယောဇဉ်ကြောင့် သေရမှာ ကြောက်၍ တုန်လှုပ်သွားသည်။ ထိုအခြင်းအရာ ဖြစ်ပေါ်စေနိုင်ခြင်းသည် ဆီလဗီယိုအဖို့ အောင်မြင်ခြင်းပင် ဖြစ်လေတော့သည်။

ပွတ်ရှကင်း၏ ဤဝတ္ထုတိုဌ် သိလိုဇောကြွစေမှုသည် အင်အားကြီးမားလှသည်။ ဆီလဗီယို၏ စိတ်ဓာတ်နှင့် စိတ်ထားတို့ကို ထိအောင်မိအောင် ဖော်ပြ နိုင်စွမ်းရှိသည်။ လူသည် သံယောဇဉ်ကြောင့် ဘဝကို ခင်တွယ်ခြင်း ဖြစ်ရသည်ဟူသော အခြေခံ အမှန်တရားသည် ဤဝတ္ထု၏ ဆိုရင်းအဓိပ္ပာယ် **[Theme]** ပင် ဖြစ်သည်။

ဤဝတ္ထုဌ် စာဖတ်သူ၏ အာရုံကို ဆွဲဆောင်နိုင်သော အကြောင်းအရာများ ပါသော်လည်း ထိုအကြောင်းအရာများထက် အရေးကြီးသော အချက်များ ပါရှိပေသေး၏။ ဆီလဗီယိုသည် သေရမှာ မကြောက်သူကို မသတ်ချင်။ သတ်ရ၍လည်း အဓိပ္ပာယ်မထူးဟု ယူဆသည်။ သတ်သည်ဆိုလျှင် အပြစ်ပေးသည်ဟူ၏။ အပြစ် ပေးရာ မရောက်လျှင် သတ်ခြင်းလည်း အဓိပ္ပာယ်မရှိ။ သေရမှာ မကြောက်ခြင်း၏ အကြောင်းရင်းသည် သံယောဇဉ်ကင်းမဲ့မှုပင် ဖြစ်သည်။ သေရမှာ ကြောက်သည်နှင့် တစ်ပြိုင်နက် သတ်ဖို့မလိုတော့ဟု ဆုံးဖြတ်လိုက်သော ဆီလဗီယို၏ စိတ်ထားမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။

ဤဝတ္ထုဌ် ဇာတ်လမ်းဇာတ်ကွက် အချိတ်အဆက် အင်အား ရှိ၏။ သို့သော် ကမ္ဘာတွင် စာပေအရာဝင်နေသည့် အကြောင်းမှာကား ထိုဇာတ်လမ်းဇာတ်ကွက် ကောင်းခြင်းထက် သံယောဇဉ်၏ အကျိုးအာနိသင်အကြောင်း လေးနက်စွာ ဖော်ပြနိုင်ခြင်းကြောင့်ပင် ဖြစ်သည်ဟု ဆိုရပေမည်။

✧ ✧ ✧

http://www.cherrythitsar.org

http://www.cherrythitsar.org

၂။ ငွေဝယ်ကျွန်မလေး
ပါချင်း ရေးသည်

တစ်ည၌ တစ်ဝင်းလုံး လျှပ်စစ်မီးများ မှိတ်ငြိမ်းလိုက်ပြီးသည့် နောက် မဒမ်ချောင်က မင်ဖန်းအား သူ့အခန်းထဲသို့ ခေါ်လိုက်သည်။ မင်ဖန်း အခန်းထဲသို့ရောက်လာသောအခါ၊ မဒမ်ချောင်အား ကုလားထိုင် ပေါ်တွင်ထိုင်၍ သူ့ကိုစောင့်နေကြောင်း တွေ့ရသည်။ ရေနံဆီ မီးခွက်မှ ထွက်လာသော ညှိုးလျသည့်အရောင်တွင် မဒမ်ချောင်၏ ဝဖြိုးသော မျက်နှာကို မြင်ရွှသည်။ သူ့မျက်နှာ၌ကား မည်သည့် အရိပ်အယောင်မျှ မပေါ်လွင်ချေ။

ထို့ကြောင့် မင်ဖန်းသည် သူ့အား မည်သည့်စကားမျိုးဆိုမည်ဟူ၍ ကြိုတင် မှန်းဆခြင်းငှာ မစွမ်းသာပေ။ သို့သော်ငြားလည်း မဒမ်ချောင်က စကားမစမီ၌ပင်လျှင် မင်ဖန်းသည် စိတ်လေးနေ၏။ ယခုမှသာ စိတ်လေး ခြင်းမဟုတ်။ တစ်နေ့လုံး စိတ်လေးနေခဲ့သည်။ ထို့ကြောင့် မဒမ်ချောင်၏ ရှေ့တွင် ရပ်နေသောအခါ သူ့ရင်သည် ချုပ်တည်း၍ မရနိုင်လောက် အောင် တုန်နေသည်။ သူမျက်လုံးများသည်လည်း ပြာဝေနေလေသည်။

"မင်ဖန်း၊ ညည်းဟာ ငါတို့နဲ့နေလာတာ နှစ်အတော်ကြာပြီ။ အလုပ် လုပ်တာ ကြာလှပြီလို့ ငါထင်တယ်" မဒမ်ချောင်သည် နဂိုက

http://www.cherrythitsar.org

စကားမြန်မြန် ပြောတတ်သော်လည်း ယခု၌မူ တမင်သက်သက် ခပ်နှေးနှေး ပြောနေလေသည်။ သို့ရာတွင် သူ့ဝါသနာကို မတားဆီးနိုင်သည့်အလျောက် စကားလုံးများသည် ဗန်းထဲတွင် ပုလဲလုံးများ လှိမ့်လိုက်သကဲ့သို့ သူ့နှုတ်မှ အစီအရီ လျင်မြန်စွာ ထွက်လာလေတော့သည်။

"ဒီတော့ ညည်းလဲ ဒီအိမ်က ထွက်ချင်ရော့မယ်။ ဒီနေ့ပဲ သခင်ကြီး ကောင်းက ငါ့ကို အမိန့်ပေးလိုက်တယ်။ ညည်းကို ဖန်းတို့အိမ်ကို ပို့ရမယ်တဲ့။ ဖန်းအိမ်ထောင်စုမှာ သခင်ကြီးဖန်းရဲ့ မယားငယ်အဖြစ် ထားပေးဖို့ ညည်းအတွက် စီစဉ်ကြတယ်။ ရှေ့လဆန်း တစ်ရက်နေ့ဟာ နေ့ကောင်းရက်သာ ဖြစ်တယ်။ ညည်းကို သူ လာခေါ်လိမ့်မယ်။ ဒီနေ့နှစ်ဆယ့်ခုနစ်ရက်ပဲ။ ဒီတော့ နောက် လေးရက်ပဲ လိုတော့တယ်။ နက်ဖြန်ခါက စပြီး ညည်း အလုပ်အကိုင် ဘာမှလုပ်ဖို့ မလိုတော့ဘူး။ ဖန်းအိမ် မသွားခင် အေးအေးဆေးဆေး နေပေါ့အေ။

ဟိုရောက်သွားရင် အဘိုးကြီးနဲ့ အမယ်ကြီးကို ဂရုစိုက်ပြုစုရလိမ့်မယ် ကြားလား။ အဘိုးကြီးက အတော်ကလေး ဧဇာကြောင်တယ်လို့ ဆိုသံ ကြားတယ်။ သူ့အမယ်ကြီးလဲ အတော် ဒေါသကြီးတယ်တဲ့။ ဒီတော့ ညည်းက ဘာမဆို သူတို့အလိုကို လိုက်လျောပါ။ ခေါင်းမမာချင်ပါနဲ့။ ပြီးတော့ သူတို့အိမ်မှာ သားတွေ၊ ချွေးမတွေ၊ မြေးတွေ အများကြီးပဲ အတူနေကြတယ်။ ညည်းက သူတို့အားလုံးကို ရိုရိုသေသေ ပြုစုရမယ် သိလား။

ညည်းလဲ ငါတို့အိမ်မှာ နေတာကြာပြီ။ အမှန်ပြောရင် ငါတို့က ညည်းကို အတော် ဂရုစိုက်ထားကြပါတယ်။ ခုလို ညည်းကို ယောကျ်ားပေးစားလိုက်ရလို့ ညည်းအဖို့ ကောင်းသွားမှာ ငါမြင်ရတော့ ဝမ်းသာပါတယ်အေ။ ဖန်းတို့အိမ်ထောင်ဟာ အတော်ချမ်းသာတယ်။ ညည်းသာ သူတို့စိတ်တိုင်းကျ ပြုစုမယ်ဆိုရင် ညည်းအဖို့ ဒီတစ်သက် စားဝတ်နေရေးအတွက် မပူမပင်ရတော့ဘူး သိလား။

ညည်း ငါ့ကို အတော်ပြုစုပါပေတယ်။ ညည်းသွားရင် ငါတော့ အောက်မေ့နေမှာပဲ။ ညည်းကို ငါတစ်ခါမှ ဆုမချခဲ့ဖူးဘူး။ နက်ဖြန်ကျ

http://www.cherrythitsar.org

တော့ ညည်းဖို့ ဝတ်စုံကောင်းကောင်း နှစ်စုံချုပ်ပေးမယ်။ ပြီးတော့လဲ ရွှေတိုင်ဆေးကလေးတွေလဲ ပေးဦးမယ်”

မဒမ်ချောင်၏စကားလုံးများသည် တစ်လုံးစီ တစ်လုံးစီ မိန်းကလေး၏ အသည်းကို ဓားနှင့်မွန်းသကဲ့သို့ မွန်းလိုက်လေသည်။ မင်ဖန်းခမျာမှာ မည်သို့မျှ ခုခံပြောဆိုခြင်းငှာ မစွမ်းသာသည့်အလျောက် ငုံ့၍ ခံရရှာလေတော့သည်။ သူ့မျှော်လင့်ချက်ကလေးများသည် အစိတ် စိတ် ကြေမွသွားချေပြီ။ သူ အားကိုးတကြီးနှင့် ပုံအပ်ထားသော အချစ်ကိုယူ၍ အိုမင်းမစွမ်း အဘိုးကြီး၏ လက်ထဲသို့ ထည့်လိုက်လေတော့မည်။ အိမ်ထောင်တစ်ခုတွင် အစေခံဘဝနှင့် နေရခြင်းနှင့် မယားငယ် ဘဝနှင့်နေရခြင်းမှာ မထူးခြားလှချေ။ မယားငယ်သည်လည်း အစေခံကဲ့သို့ပင် အဆဲအဆို အထုအထောင်း ခံရပြီးလျှင် မျက်ရည်စက်လက်နှင့် နေရချေသည်။ ထူးသည့် အချက်တစ်ခုကား မယားငယ်ဖြစ်သူသည် မိမိ၏ ကိုယ်ကာယကို အဘိုးကြီး အသုံးတော်ခံအဖြစ်နှင့် အပ်နှင်းရခြင်းပင် ဖြစ်သည်။

မယားငယ်ဆိုသည့်အဖြစ်မှာ အလွန်ဂုဏ်နိမ့်သော အဖြစ်ပင်တည်း။ ငွေဝယ်ကျွန်မများအဖို့ ‘မယားငယ်’ဟူသော စကားသည် နာကြည်းဖွယ်အကောင်းဆုံး အဆဲစကားလုံးပင် ဖြစ်သည်။ မင်ဖန်းသည် လူမမည်အရွယ်ကတည်းက ထိုစကားလုံး၏ ကျက်သရေကင်းမဲ့မှုကို သတိမူမိလေသည်။ ယခု ရှစ်နှစ်ကျော်မျှ ကျွန်ခံလိုက်ရသည့်အတွက် ဆုအဖြစ် ပေးအပ်ခြင်းကား သူအရွံဆုံး အမုန်းဆုံး ဖြစ်သည့် မယားငယ်ဘဝပင် ဖြစ်နေချေသည်။

မဒမ်ချောင်သည် စကားပြောမြန်လှချေသည်။ စကားလုံးများသည် သူ့နှုတ်ခမ်းမှ တသွင်သွင် ယိုကျနေသည်။ သူ့စကားကို ရပ်ဖို့ အလွန်ခဲယဉ်းလှသည်။ မိန်းကလေးထံမှ တရှိုက်ရှိုက်ငိုသံ ကြားရကာမှ မဒမ်ချောင်သည် စကားပြော ရပ်သွားလေသည်။ မင်ဖန်း ဘာကြောင့် စိတ်ညစ်သွားသည်ကို မဝေခွဲနိုင်ချေ။ သို့ရာတွင် မျက်ရည်ကျလျှင် သနားတတ်သော သဘောရှိသည့် အလျောက် မဒမ်ချောင်က “မင်ဖန်း၊ ညည်း ဘာလို့ ငိုနေရတာလဲအေ” ဟု ညင်သာစွာ မေးလေသည်။

http://www.cherrythitsar.org

"သခင်မကြီး ကျွန်မ မသွားချင်ဘူး"ဟု မင်ဖန်းက ရှိုက်ရင်း ပြော လိုက်သည်။ "ကျွန်မ တစ်သက်လုံး ကျွန်ဘဝနဲ့ ဒီမှာ နေချင်နေပါရစေ။ ကျွန်မ သခင်ကြီးနဲ့ သားသမီးအားလုံးကို တစ်သက်လုံး ပြုစုပါရစေ။ ကျွန်မကိုတော့ တခြား မပို့ပါနဲ့ သခင်မကြီးရယ်။ ကျွန်မ ရှိခိုးပြီး တောင်းပန်ပါတယ်။ ကျွန်မ ဒီမှာ လုပ်စရာ အလုပ်တွေ အများကြီးပဲ ရှိပါတယ်။ ကျွန်မ ငယ်လေငယ်ပါသေးတယ် သခင်မကြီးရယ်။ ကျွန်မကို အတော်ကြာကြာကလေး ယောက်ျားမပေးစားပါနဲ့ဦးရှင်"

မဒမ်ချောင်သည် သားသမီးချင်း စာနာသောစိတ် ပေါ်ခဲလှသော မိန်းမကြီး ဖြစ်ပါလျက်နှင့် မင်ဖန်း၏သနားစဖွယ် တောင်းပန်စကား ကြောင့် သူ့နှလုံးသားသည် ပျော့အိ၍သွားလေတော့သည်။ သူသည် မင်ဖန်းအား သမီးကလေးသဖွယ် သဘောထားကာ သနားစိတ်ပွားများ လေသည်။

"ဟုတ်ပါတယ်အေ၊ ငါလဲ ထင်မိသားပဲ။ ဖန်းသခင်ကြီး ဆိုတာဟာ ညည်းဘိုးအေလောက် အသက်ရှိနေတော့ ညည်း ဘယ်ယူချင်ပါ့မလဲ၊ ဒါပေမယ့် ခက်တာပဲအေ။ ကောင်းသခင်ကြီးက ဆုံးဖြတ်ပြီး ငါ့ကို အမိန့် ပေးလေတော့ ငါ့ဝတ္တရားကတော့ ငါ့ယောကျ်ားမကြီးအမိန့်ကို နာခံရတော့ မှာပေါ့။ ညည်းဟာ အဘိုးကြီး အကြိုက်လိုက်ပြီး ပြုစုမယ်ဆိုရင် ညည်း ချမ်းသာပါလိမ့်မယ်။ နံနက်စာ ညစာ ဘယ်က ရပါ့ မလဲလို့ ပူနေရတဲ့ ဆင်းရဲသား ရွယ်တူတစ်ယောက် ယူတာထက် အပုံကြီး ချမ်းသာမှာ ပေါ့အေ"

"သခင်မကြီးရယ် ကျွန်မတော့ ဆင်းရဲလို့ ငတ်ချင် ငတ်ပါစေ။ မယားငယ် ဘဝတော့ မနေပါရစေနဲ့ရှင်"ဟု ပြောပြီးလျှင် မင်ဖန်းသည် စိတ်အားလျှော့၍ မဒမ်ချောင်၏ရှေ့တွင် ဒူးထောက်လျက် ကျသွားလေ သည်။ သူသည် မဒမ်ချောင်၏ ခြေနှစ်ဖက်ကို လက်ဖြင့် ဆုပ်ကိုင်လျက် "ကျွန်မကို ဖန်းတို့အိမ် မလွှတ်လိုက်ပါနဲ့ရှင်။ ဒီမှာ တစ်သက်လုံး ကျွန်မဘဝ နဲ့ နေပါရစေ သခင်မကြီးရယ်။ ကျွန်မကို သနားပါဦး။ ကျွန်မ ငယ်ပါသေး တယ်။ ကျွန်မကို ကြိမ်းပါ၊ မောင်းပါ၊ ရိုက်ပါ၊ နှက်ပါ။ လုပ်ချင်သလို

http://www.cherrythitsar.org

လုပ်ပါရှင်။ ကျွန်မကို ဖန်းတို့အိမ်ကိုသာ မပို့ပါနဲ့။ ကျွန်မ ကြောက်လွန်း လို့ပါ။ ကျွန်မ ဒီဒဏ်ကို ခံနိုင်မှာမဟုတ်ပါဘူး သခင်မကြီးရယ်။ သနား ပါရှင်။ ခိုင်းရာလုပ်ပါ့မယ်" ဟု လှိုက်လှိုက်လဲလဲ တောင်းပန်ရှာသည်။

လှိုက်လှိုက်လဲလဲ ငိုနေရှာသော မင်ဖန်းကို ငုံ့ကြည့်ပြီးလျှင် မဒမ် ချောင်သည် သူ၏ အတိတ်ဘဝကို ပြန်လည်သတိရမိလေသည်။ သူလည်း အရွယ်နုနယ်စဉ်က မိဘများ သဘောအတိုင်း အိမ်ထောင်ချပေးလိုက်ရခြင်း ခံရသဖြင့် ကြောက်အားပိုကာ ငိုကြွေးမိသည့် အကြောင်းကို မင်ဖန်းအား စိုက်၍ကြည့်ရင်း သတိရမိလေသည်။ သူသည် မင်ဖန်း၏ ဆံပင်များကို မိခင်က သမီးအား ယုယသည့်နည်းတူ သပ်ပေးရင်း ကရုဏာသံနှင့် ပြော လေသည်။

"ညည်း ငယ်သေးတယ်ဆိုတာ ငါ သိပါတယ်အေ။ တကယ် ပြောရ မယ်ဆိုရင် ညည်း ဖန်းတို့အိမ်ပို့ဖို့အရေးမှာ ငါက နည်းနည်းမှ သဘော မတူပါဘူး။ ဒါပေမယ့် ငါ့ယောကျ္ဍမကြီးက အမိန့်ပေးလိုက်ပြီ။ သူ့ စကားကို သူ ဘယ်တော့မှ ပြန်ရုပ်သိမ်းမှာ မဟုတ်ဘူးကွယ့်။ ငါကတော့ ညည်း သိတဲ့အတိုင်းပဲ ချွေးမဆိုတော့ သူ့ကို ဘာမှ ပြန်ပြောရဲတာ မဟုတ်ဘူး။ ခုနေမှ ပြန်ပြောရင်လဲ မထူးတော့ပါဘူးကွယ်။ အားလုံး စီစဉ်ပြီးပြီမို့ အချိန်နှောင်းနေပါပြီ။ မငိုပါနဲ့ကွယ်။ ငိုနေလဲ အကြောင်း ထူးတော့မှာမဟုတ်ဘူး။ စိတ်အားတင်းပြီး သွားဆိုတဲ့အတိုင်း သွား လိုက်ပေါ့ကွယ်။ ဟိုရောက်တော့လဲ ညည်းထင်သလို ဟုတ်ချင်မှ ဟုတ်မှာ ပါ။ ညည်းအဖို့ သက်သောင့်သက်သာ နေချင်နေသွားရမှာပါ။ ကြောက် မနေပါနဲ့။ စိတ်ကောင်းရှိတဲ့ လူဆိုတာ ဘယ်တော့မှ ကတိမ်းကပါး မဖြစ်ပါဘူးအေ။ သူတော်ကောင်း နတ်ကောင်းမ ဆိုသလို ဖြစ်လာပါ လိမ့်မယ်။ ကဲ ကဲ ထထ အိပ်ချိန်တန်ပြီ အိပ်ချေတော့"

မင်ဖန်းသည် သူ့သခင်မ၏ ခြေထောက်ကို တင်းကျပ်စွာ ဖက်ထား သည်။ သူ့အဖို့ ထိုခြေထောက်စုံ အပြင် အခြားခိုးကိုးစရာ မရှိတော့ချေ။ သူ့ဘဝ် အင်အားဟူ၍ မရှိသလောက် ဖြစ်သွားလေရာ ရှိသမျှ အား ကလေးနှင့် တင်း၍ "သခင်မကြီးရယ် ကျွန်မကို နည်းနည်းကလေးမှ

http://www.cherrythitsar.org

မသနားတော့ဘူးလား။ ကျွန်မကို ကယ်ပါရှင်။ ကျွန်မ ဖန်းတို့အိမ် သွားမယ့်အစား သေလိုက်ချင်ပါတော့တယ်"ဟု ဆိုလေသည်။

မဒမ်ချောင်သည် စိတ်ညစ်ညူးသော အသွင်ဖြင့် ခေါင်းကို လေးဆေး စွာ ခါလျက် "ငါ ဘယ်လိုမှ မတတ်နိုင်ဘူး မင်ဖန်းရယ်။ ငါ ပြောပါ ပကော၊ ငါကတော့ ညည်းကို မသွားစေချင်ဘူး။ ဒါပေမယ့် အကြောင်း မထူးပါဘူးကွယ်။ ငါ့ယောကျ်ားမကြီးရဲ့ စကားကို ဘယ်နည်းနဲ့မှ မလွန် ဆန်နိုင်ဘူး။ ကဲ ကဲ ထထ သွားအိပ်ချေတော့" မဒမ်ချောင်သည် မင်ဖန်း ကို လက်ဆွဲထူပေးလေသည်။

မင်ဖန်းလည်း ထူသည့်အတိုင်း ဒူးထောက်နေရာမှ ထလေသည်။ သူသည် မျှော်လင့်ချက် ကင်းသည့်အားလျော်စွာ မဒမ်ချောင်၏ ရှေ့တွင် ကျောက်ရုပ်ပမာ ရုပ်လျက်ရှိသည်။ သူ့မျက်စိများသည်လည်း သာမန် အားဖြင့် ပွင့်လျက်ရှိသော်ငြားလည်း ပတ်ဝန်းကျင်ကို မမြင်ရချေ။ အိပ်မက်ဆိုးတစ်ခု မြင်မက်နေသကဲ့သို့ ငေးငိုင်နေလေသည်။ သူသည် ရှိုက်၍ ရှိုက်၍သာ နေသည်။ အတန်ကြာမှ အားတင်းပြီးလျှင် ကြေကွဲ ဖွယ် အသံဖြင့် ...

"သခင်မကြီး ပြောတဲ့အတိုင်း လုပ်ပါတော့မယ်"ဟု ဆိုလေသည်။

မဒမ်ချောင်သည် သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီးနောက် ထိုင်ရာမှ ထလေသည်။ "ကောင်းပါလေရဲ့ကွယ်။ ညည်း အဲဒီလို စကား နားထောင်သမျှ ငါ စိတ်အေးရတာပဲအေ"ဟု ဆိုလေသည်။

မင်ဖန်းသည် အခန်းထဲမှ လေးတုံ့သော ခြေလှမ်းဖြင့် ထွက်သွား လေသည်။ သူသည် အသည်းကွဲသွားလေမလားဟု အောက်မေ့ကာ သူ့ရင်ကို လက်နှစ်ဖက်ဖြင့် ဖိထားရှာသည်။

မဒမ်ချောင်သည် သနားစရာ သူငယ်မလေးကို ငေးကြည့် ကျန်ရစ် ခဲ့ရင်း သက်ပြင်းချလိုက်ပြန်လေသည်။ သို့ရာတွင် နောက် နာရီဝက်မျှ ကြာလျှင် သူသည် ကံဆိုးမလေး မင်ဖန်းကို လုံးဝမေ့၍ စည်းစိမ်ထဲ၌ မွေ့လျော် နေလေမည်ပင်တည်း။

❖ ❖ ❖

http://www.cherrythitsar.org

တစ်ဝင်းလုံးမှာ မှောင်နေသည်။ လူသူ ကင်းလှချေ၏။ ချိုဒိုး၏ ပြတင်းပေါက်မှ မီးရောင်ကလေး လက်လက်ကိုသာ မြင်ရလေသည်။ မင်ဖန်းသည် အစေခံတန်းလျားသို့ ပြန်တော့မည်ဟု ရည်ရွယ်ခဲ့သော်လည်း မီးရောင်ကလေးကို မြင်ရသောအခါ မီးရောင်ရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်သွားလေသည်။ သူသည် ပြတင်းပေါက် အပြင်ဘက်ရှိ ကျောက်ဆင်ဝင် လှေကားပေါ်တွင် ရပ်ကာ တံခါးမှလိုက်ကာ ပိတ်ဖြူကို ငေးကြည့်နေလေသည်။ သူသည် အခန်းထဲ၌ ရှိသူအား အနှောင့်အယှက် မပေးလိုပေ။

အခန်းထဲမှ ချောင်းဟန့်သံ ကြားရသည်။ သို့ဆိုလျှင် သူ မအိပ်သေးဟု သိနိုင်သည်။ ချောင်းသံမှအပ ကလောင်ခြစ်သံကိုသာ ကြားနေရသည်။ မင်ဖန်းသည် ပြတင်းပေါက်တံခါးကို ဖြည်းညင်းစွာ ခေါက်လေသည်။ အခန်းထဲမှ ကုလားထိုင်ရွှေ့သံကြားရပြီးနောက် ကလောင် ခြစ်သံကိုသာ ပို၍ကြားရသည်။ မင်ဖန်းက တစ်ကြိမ်ထပ်၍ တံခါး ခေါက်လေသည်။ "တတိယ သခင်လး"ဟုလည်း ခပ်တိုးတိုး ခေါ်လိုက်သည်။ ခေါ်ပြီးနောက် နောက်သို့တစ်လှမ်းဆုတ်၍ ရပ်စောင့်နေလေသည်။ ဒီတစ်ခါတော့ သခင်လေး ထွက်လာကောင်းပါရဲ့ဟု အောက်မေ့သော်လည်း ကလောင်ကိုပို၍ မြန်မြန်ခြစ်သံကိုသာ ကြားနေရလေတော့သည်။

မင်ဖန်းသည် ငိုင်၍ ရပ်နေသည်။ ထပ်၍ တံခါးခေါက်လျှင်လည်း အလကား ဖြစ်ချေမည်။ သူကတော့ ကြားမည် မဟုတ်ချေ။ မင်ဖန်းသည် သခင်လေးကို အပြစ်မတင်ပေ။ ပို၍ပင် ချစ်ခင်လာသေးသည်။ သခင်လေး၏ စကားကို သူ့နားထဲတွင် ကြားလျက်ပင် ရှိသေးတော့သည်။ သူ့စကားမှာ တူရိယသံထက်ပင် ချိုသာလှပေ၏။ မင်ဖန်းက သူ့အနီးတွင် ရပ်နေသည် ဟူ၍ပင် သူထင်မိလေသည်။

သူသည် ငေးနေရာမှ ပတ်ဝန်းကျင်ကို လှည့်ကြည့်မိလေသည်။ ကြည့်ရင်းပင် လွန်ခဲ့သည့် လများမကြာမီက အဖြစ်အပျက်ကလေးတစ်ခုကို သတိရလာမိလေသည်။ "ကျွန်မတော့ ဘာပဲဖြစ်ဖြစ် သခင်လေးအပြင် ဘယ်သူ့ကိုမှ ကျွန်မကို မပိုင်စေရဘူး။ သစ္စာဆိုဝံ့ပါတယ်"

http://www.cherrythitsar.org

ဟု သူက သခင်လေးကို ပြောခဲ့ဖူးသည်။

သူသည် ထိုအဖြစ်အပျက်ကလေးကို သတိရမိသည်နှင့် မျက်ရည်များ ရွဲလာလေရာ၊ မျက်ရည်များကြားမှ ပြတင်းလိုက်ကာကို ဖြတ်ကျော်၍ ထွက်လာသော အခန်းတွင်းရှိ မီးရောင်ကို စိုက်ကြည့်နေသည်။

သူသည် စည်းကမ်းကို ပဓာန မထားတော့ဘဲ အခန်းထဲသို့ ပြေးဝင်သွားပြီးလျှင် သခင်လေး၏ခြေကိုဖက်၍ အားရအောင် ငိုပြီးနောက် ဖြစ်ကြောင်းကုန်စင်ကို ဖွင့်လှစ် ပြောပြလိုလှသည်။ "သခင်လေး ကျွန်မကို ကယ်တော်မူပါ။ ကျွန်မ သခင်လေးရဲ့ ကျွန်မ အဖြစ် တစ်သက်လုံးနေပါရစေ"ဟူ၍သာ ပြောလိုက်လိုလှ၏။

ယင်းသို့သောဆန္ဒ ပေါ်ပေါက်လာသည့်အလျောက် အခန်းဘက်သို့ လှမ်းမည်အပြုတွင် အခန်းထဲမှ မီးရောင် ပျောက်ကွယ်သွားလေတော့သည်။ မင်ဖန်းသည် မှောင်အတိပြီးသော လောကကြီးထဲတွင် ခြေချုပ်မိနေ ချေသည်။ သူသည် မှောင်ထဲ၌ စမ်း၍ သူနေသော အစေခံ တန်းလျားသို့ လျှောက်သွားလေသည်။

နောက်တစ်နေ့နံနက်တွင် မင်ဖန်းသည် တစ်မျိုးတစ်မည် ဖြစ်သွားလေတော့သည်။ သူသည် ယခင်က ပြုံးရွှင်နေခဲ့သော်လည်း ထိုနေ့နံနက်မှစ၍ သူ့နှုတ်ခမ်းနှင့် မျက်လုံးများမှာ ပျောက်ခြင်းမလှ ပျောက်သွားလေသည်။ သူသည် ခြေတွင် ခဲဆွဲထားသည့် ပုံပမာ လေးဆေးစွာ သွားလာလေသည်။ လူတွေ့တိုင်း သူ့အကြောင်းကို သိနှင့်ပြီး ဖြစ်သည်ဟု အောက်မေ့မိသည်။ ထို့ကြောင့် သူသည် လူတိုင်းက သူ့ကို ရှုတ်ချသော အမူအရာနှင့် ကြည့်သည်ဟု ထင်မိလေသည်။ ထို့ကြောင့်လည်း သူသည် လူတွေ့မခံချင်ဘဲ၊ တတ်နိုင်သမျှ ရှောင်လေသည်။ အစေခံအချို့ စု၍ စကားပြောနေသည်ကို မြင်ရလျှင် သူ့ အကြောင်း ပြောနေကြတာပါပဲဟု အောက်မေ့မိသည်။ သူ့ပတ်ဝန်းကျင် တစ်ခုလုံး၌ မယားငယ်ဟူသော အသံကြီးသည် ဟိန်း၍နေသည်ဟု သူ ထင်မိလေတော့သည်။

http://www.cherrythitsar.org

မိုးဖိုထဲ၌ အစ်မကြီး ချန်းက သူ့ကို မဲ့ရွဲ့၍ ဆိုသည်။ "အင်း၊ ဒီလို ပျိုပျိုရွယ်ရွယ် ကလေးက တစ်ပိုင်းသေနေတဲ့ အဘိုးကြီးရဲ့မယားငယ် လုပ် မလို့တဲ့လား။ ငါတော့ တစ်ကမ္ဘာလုံးက ငွေတွေ ပုံပေးဦးတော့ အဘိုးကြီး မယားငယ် မလုပ်ပေါင်"

မင်ဖန်းသည် ထိုစကားမျိုးကို ကြားရမည်စိုးသဖြင့် ဘယ်ကိုမျှ မသွားရဲရှာချေ။ အခြား အစေခံများနှင့်အတူ ထမင်းစားသည့် အချိန်၌သာ မလွဲသာ၍ ကျန်ခြေမပျက် ဝင်၍စားသည်။ စားပြီးသည့်နောက် သူ့ အခန်းသို့ ပြန်ပြေးပြီးလျှင် တစ်နေကုန် ပုန်း၍ နေလေတော့သည်။ အခန်းထဲတွင် မနေလျှင်လည်း လူသူအရောက်နည်းသော ဥယျာဉ်ချောင် တစ်ချောင်တွင် ထိုင်၍ နေရှာသည်။ သူ့မိတ်ရင်း ဖြစ်သော အစေခံ မကလေး စီယားနှင့် ဝမ်းအားတို့သည် သူ့ကို လိုက်ရှာပြီးလျှင် အားပေး စကား ပြောကြပါ၏။ သို့သော် သူတို့ခမျာများမှာ မအားလပ်သဖြင့် သူနှင့် ခဏမျှသာ နေနိုင်ကြသည်။

မင်ဖန်းသည် သခင်လေး ချီဝှိုးအား အကြောင်းစုံ ပြောပြမှ ဖြစ် မည်ဟု သိလေသည်။ ချီဝှိုးနှင့် သူ့အစ်ကို ချီမင်းတို့သည် ယခု အတောအတွင်း၌ အတော်အလုပ်များနေကြဟန် ရှိသည်။ သူတို့သည် ကျောင်းသို့ စောစော သွား၍မိုးအတော်ချုပ်မှ ပြန်လာကြသည်။ တစ်ခါ တစ်ရံ အပြင်ထွက်၍ ညစာ စားကြသည်။ အိမ်တွင် စားသည့်အခါ၌ လည်း စားပြီးလျှင် ပြီးချင်း ထွက်သွားကြသည်မှာ မိုးအတော်ချုပ်မှ အိမ်သို့ ပြန်လာကြသည်။ တစ်ခါတစ်ရံ ချီဝှိုးသည် မင်ဖန်းနှင့် မျက်နှာ ချင်းဆိုင်မိကြ၏။ သို့သော် ချီဝှိုးက သူ့ကို ကြင်နာစွာ ပြုံးရုံသာ ပြုံးပြ လေသည်။ စကားတစ်လုံးမျှ မပြောချေ။

မင်ဖန်းသည် ချီဝှိုးကို အပြစ်မတင်ပေ။ သူ့မှာ အရေးကြီးတဲ့ ကိစ္စ တွေ ရှိနေလို့သာ စကားမပြောအားလို့ မပြောတာပါပဲလေဟု သူ့ဘာသာ သူ ဖြေလေသည်။ သူ့ခမျာ အလုပ်များနေလို့ ငါ့အကြောင်းကို သိရှာဦး မယ် မဟုတ်ပေဘူးဟု တွေးမိသည်။ ချီဝှိုးသည် အပတ်စဉ်ထုတ် မဂ္ဂဇင်း ကိစ္စနှင့် အနည်းငယ်မျှပင် မအားရရှာချေ။ အိမ်၌ နေသည့်အခိုက်တွင်

http://www.cherrythitsar.org

စာကြည့်လိုက် စာရေးလိုက်နှင့်သာ အချိန်ကုန်နေသဖြင့် အိမ်သူ အိမ်သား တစ်ယောက်ယောက်နှင့်အမျှ အဆက်အသွယ် မရှိဘဲ နေလေသည်။ ထို့ကြောင့်လည်း မင်ဖန်း၏အကြောင်းကို မသိခြင်း ဖြစ်လေသည်။

လကုန်သောနေ့ ဖြစ်သည်။ ချိုဌမ်းအဖို့ ထိုနေ့သည် အခြားသော နေ့များနှင့် မခြားပေ။ မင်ဖန်းအဖို့ကား ထိုနေ့သည် ဆုံးဖြတ်ချက် ချရမည့် နေ့ကြီး ဖြစ်သည်။ သူသည် ချစ်သူသခင်လေးကို ရာသက်ပန် ခွဲရန်သော် လည်းကောင်း၊ အမြဲတမ်း လုပ်ကျွေး ပြုစုရန်သော် လည်းကောင်း ပြတ်သားစွာ ဆုံးဖြတ်ရပေတော့မည်။ အမြဲတမ်း အတူနေဖို့ အရေးမှာ ခက်ခဲလှသဖြင့် မျှော်လင့်ချက် မရှိလှကြောင်းကို မင်ဖန်းသိလေသည်။ သူနှင့် သခင်လေးတို့ကြားတွင် မကျော်လွှားနိုင်သော နံရံကြီး ရှိနေသည်။ ယင်းသည်ကား အဆင့်အတန်း မတူညီမှုပင် ဖြစ်သည်။ သခင်လေးနှင့် ဥယျာဉ်ထဲတွင် တွေ့ကြစဉ်က မင်ဖန်းက "မဖြစ်နိုင်ပါဘူး သခင်လေးရယ်။ ကျွန်မတို့နှစ်ယောက် ပေါင်းဖို့ ကံမပါပါဘူး"ဟု ဆိုဖူးလေသည်။ သခင်လေးကမူ သူ့ကို လက်ထပ်ယူပါမည်ဆို၏။ ဘယ်သို့ ဖြစ်နိုင်ပါမည်နည်း။ ချွေးမအကြီးဆုံးဖြစ်သည့် မဒမ်ချောင်သော်မှ ကောင်းသခင်ကြီး၏ စကားကို မလွန်ဆန်နိုင်ပါလျှင် ချိုဌိုးကဲ့သို့သော မြေးတစ်ယောက်က မည်သို့ လွန်ဆန်ဝံ့ပါမည်နည်း။ ယင်းသို့ ဖြစ်နိုင်ဖို့ အလွန်ခဲယဉ်းပါလျက်နှင့် မင်ဖန်းသည် သခင်လေးက သူ့ကို ယူနိုင်ရန်အခွင့်အလမ်း ရှာနိုင်ကောင်း၏ဟု ထင်မိလေသည်။ သူသည် ထိုမရေရာသော မျှော်လင့်ချက်ကလေးပေါ်တွင် တွယ်ကပ်နေလေတော့သည်။

ချိုဌမ်းသည် ထိုနေ့ည ကိုးနာရီကျော်လောက်တွင် သူ့အခန်းတွင်းသို့ ပြန်ရောက်လေရာ မင်ဖန်းက သူ့ပြတင်းတံခါးအနီးသို့ လျှောက်သွားလေသည်။ သူ့အစ်ကို၏ အသံကို အခန်းထဲမှ ကြားရသဖြင့် မင်ဖန်း၏ ခြေလှမ်းဆုတ်သွားသော်လည်း သူ့ အစေခံတန်းလျားသို့ကား မပြန်လိုသေးချေ။ ယခုတစ်ချိန်မျှ မတွေ့လိုက်ရလျှင် သူ့အဖို့ နောက်ထပ် တွေ့ချိန် ရှိတော့မည် မဟုတ်ပေ။

နောက်ဆုံး၌ အခန်းထဲမှ ခြေသံများကို ကြားရသည်။ တစ်ယောက်

http://www.cherrythitsar.org

ယောက် အခန်းထဲမှ ထွက်လာသည်။ မင်ဖန်းသည် ချောင်တစ်ချောင်တွင် ကပ်၍ နေလိုက်သည်။ ထွက်သွားသူမှာ ချီမင်း ဖြစ်သည်။ သူအတော်ကွာကွာသို့ ရောက်သည်အထိ နေပြီးမှ ချီဒိုးဏ၏ အခန်းထဲသို့ မင်ဖန်းသည် ခပ်သုတ်သုတ် ဝင်သွားလေသည်။

ချီဂုမ်းသည် စားပွဲတွင် ငုံ့၍ စာရေးနေသည်။ သူဝင်လာသံကို ကြားရသော်လည်း မော့်မကြည့်ချေ။ မင်ဖန်းသည် ခပ်ယိုယို့လေး ချဉ်းကပ်လေသည်။

"တတိယ သခင်လေး" ဟု သူက ခပ်တိုးတိုးခေါ်လိုက်သည်။

"ဩော် မင်ဖန်းလား"ဟု ချီဒိုးက အံ့အားသင့်စွာ မော့်ကြည့်လိုက်ပြီးလျှင် ပြုံးလေသည်။

"ဘာဖြစ်လို့လဲ"

မင်ဖန်းသည် ပြုံးလျက်ရှိသော ချစ်သူမျက်နှာကို အားရပါးရ ကြည့်ရင်းပင် "ကျွန်မ ပြောစရာ ရှိလို့ပါ" ဟု ဆိုလိုက်သည်။ သူ့ စကားမဆုံးခင်ပင် ချီဒိုးက ...

"ဘာလဲ မင်ဖန်း။ အခုတလော မင်းကို ငါ စကားမပြောလို့ မင်းကို မေ့နေပြီ ထင်လို့လားဟင်"ဟု ဆိုကာ ကြင်နာသံဖြင့် တဟဲဟဲ ရယ်လိုက်သည်။ "ဒီလို မထင်ပါနဲ့ကွယ်။ ငါ့မှာ စာကျက်ရတာ စာရေးရတာတွေ အတော်များများ ရှိနေတယ်။ ဟိုမှာကြည့်ပါလား"ဟု ဆိုကာ ချီဒိုးက စာမူများနှင့် မဂ္ဂဇင်းအပုံကြီးများကို လက်ညှိုးထိုးပြလိုက်လေ၏။ "ငါ သိပ်အလုပ်များနေတယ်။ နောက်တစ်ရက် နှစ်ရက်လောက်ဆိုရင် တော်တော် အားသွားပါလိမ့်မယ်။ နှစ်ရက်လောက်တော့ စောင့်ဦးနော် ဟုတ်လား"

"နှစ်ရက်လောက်" မင်ဖန်းသည် စိတ်ပျက်သံဖြင့် ဆိုလိုက်သည်။ သူသည် ချီဒိုးပြောသော စကားကို နားမလည်ဟန်ဖြင့် "နှစ်ရက်လောက် စောင့်ဦး ဟုတ်လား"ဟု မေးလိုက်လေသည်။

"ဟုတ်တယ်လေ။ နောက်နှစ်ရက်ဆိုရင် ငါ့အလုပ်တွေ ပြီးမယ်။ ဒီတော့ စကားပြောကြတာပေါ့။ ပြောစရာတွေ အများကြီး ရှိတယ်" ဟု ချီဒိုးက စာငုံ့ရေးနေရင်း ပြောလိုက်သည်။

http://www.cherrythitsar.org

"သခင်လေးမှာ အခု အချိန် မရှိဘူးလား။ နည်းနည်းကလေးမှ မရှိဘူးလားဟင်"ဟု မင်ဖန်းက မျက်ရည်ဆည်ရင်း မေးလိုက်သည်။

"မမြင်ဘူးလားကွယ်။ အတော့်ကို အလုပ်များနေတာ"ဟု ချီဝိုးက မင်ဖန်း အတင်း စကားပြောလုသည်ကို မနှစ်သက်လေဟန်ဖြင့် ခပ်ထန်ထန် ကလေး ပြန်ပြောလိုက်သည်။ သို့ရာတွင် မင်ဖန်း၏ သနားစဖွယ် မျက်နှာကလေးကို မြင်ရသောအခါ ပျော့ကျသွားကာ လက်ကလေးကို လှမ်းကိုင်ရင်း ချိုသာသောလေသံဖြင့် "ဘယ်သူက မင်းကို နိုင်လိုမင်းထက် ပြောသလဲဟင်။ ဒီလောက်လဲ စိတ်ညစ်မနေပါနဲ့ကွယ်" ဟု ဆိုလေသည်။

သူသည် မင်ဖန်းကို လက်ဆွဲ၍ ဥယျာဉ်ထဲသို့ ခေါ်ကာ နှစ်သိမ့်စေမည်ဟု ကြံရွယ်၏။ သို့သော် နောက်နေ့ နံနက်တွင် မဂ္ဂဇင်းအတွက် သူ့ဆောင်းပါး ပေးအပ်ရမည့်အရေးကို တွေးမိကာ မဂ္ဂဇင်းက ရှေ့ဆောင်လျက်ရှိသော အရေးတော်ပုံအကြောင်းကို သတိရမိလျက် ထို ရည်ရွယ်ချက်ကို ပယ်ဖျက်လိုက်လေသည်။

"သည်းခံပေတော့ မင်ဖန်းရယ်။ နောက်နှစ်ရက်ကြာတော့ မင်းနဲ့ငါ စကား အရှည်ကြီး ပြောကြမယ်နော်။ ငါ မင်းကို အမြဲပဲ ချစ်ပါတယ်ကွယ်။ ကဲကဲ–ပြန်ပေဦးတော့။ ငါလဲ အလုပ်တွေ လုပ်စရာ ကျန်နေသေးတယ်။ ပြီးတော့ အစ်ကို မကြာခင် ပြန်လာလိမ့်မယ်။ ကဲ–မြန်မြန် ပြန်ပေတော့နော်။ လိမ္မာသားနဲ့ကွယ်"

ချီဝိုးသည် အနီးအနားတွင် လူသူမရှိကြောင်း သေချာအောင် လှမ်းကြည့်ပြီးနောက် မင်ဖန်း၏မျက်နှာကလေးကို သူ့လက်နှစ်ဖက်နှင့် ပင့်ပြီးလျှင် နှုတ်ခမ်းလေးကို စုပ်၍ နမ်းလိုက်လေသည်။ ထို့နောက် ပြုံး၍ ခပ်မြန်မြန် ထွက်သွားရန် အချက်ပြလိုက်လေသည်။ ထို့နောက် ကုလားထိုင်တွင် ပြန်ထိုင်ပြီးလျှင် ကလောင်ကို ပြန်ကိုင်ကာ စာကို ဆက်ရေးနေလေသည်။ သူသည် စာရေးနေသော်လည်း ရေး၍ မဖြောင့်တန်းလှချေ။ သူ့နှလုံးသားသည် လှုတ်ရှား၍ ရင်တထိတ်ထိတ် ခုန်နေလေသည်။ ဤအကြိမ်သည် သူ့အဖို့ ပထမအကြိမ် နမ်းခြင်း ဖြစ်လေသည်။

http://www.cherrythitsar.org

မင်ဖန်းမှာ မူးမိုက်သွားသလို ဖြစ်သွားသဖြင့် စကားတစ်လုံးမျှ မဆို စွမ်းချေ။ သူ့အဖို့ မည်သည့်အချက်ကို တွေး၍ မည်သည့်အာရုံကို ခံစား နေရသည်ဟူ၍ မဝေခွဲတတ်တော့ချေ။ သူ့လက်ချောင်းကလေးများ သည် ပထမအကြိမ် အနမ်းခံရဖူးသော နှုတ်ခမ်းကလေးများကို ထိကြည့် မိတော့သည်။

"နှစ်ရက်ကြာရင်" ဟု သူက ထပ်၍ ဆိုလေသည်။ အခန်းအပြင်၌ တစ်ယောက်ယောက် လျှောက်လာသံ ကြားရသဖြင့်၊ ချီဒိုးက "ကဲ ကဲ မြန်မြန်ပြန်ပေတော့။ အစ်ကို လာနေပြီ"ဟု ဆိုလိုက်သည်။

မိန်းကလေးသည် အိပ်မက်မက်ရာမှ နိုးလာသည့် အလား၊ ရုတ် တရက် မျက်နှာထား ပြောင်းသွားလေသည်။ သူ့နှုတ်ခမ်းများသည် တုန်တုန်လှုပ်နေ၏။ သို့သော် စကားတစ်လုံးမျှ သူ့နှုတ်ခမ်းမှ ထွက် မလာပေ။ သူသည် ချီဒိုးကို ကြင်နာတသသောမျက်နှာနှင့် ကြည့်နေ သည်။ သူ့မျက်လုံးများသည် မျက်ရည်နှင့် တောက်ပြောင်နေသည်။ "သခင်လေး" ဟု ကြေကွဲသောအသံနှင့် ခေါ်လိုက်လေသည်။

ချီဒိုးက စာရေးနေရာမှ မော့ကြည့်လိုက်ရာ အခန်းထဲမှ တဖြည်း ဖြည်းထွက်ခွာသွားသော မင်ဖန်းကို မြင်ရလေသည်။ သူသည် သက်ပြင်း တစ်ချက် ချလိုက်ပြီးလျှင် "အင်း မိန်းမတွေဟာ အတော် ထူးဆန်းတဲ့ သတ္တဝါတွေပဲနော်"ဟု ခပ်တိုးတိုး ဆိုလေသည်။ ထို့နောက် စာကို ဆက်လက်ရေးနေသည်။

ချီမင်း အခန်းထဲသို့ ရောက်လာလာချင်းပင်လျှင် "အခုန ထွက်သွား တာ မင်ဖန်း မဟုတ်လား"ဟု မေးလိုက်သည်။

"ဟုတ်တယ်"ဟု ချီဒိုးက လှမ်းပြောလိုက်ပြီးလျှင် စာကို အဆက် မပြတ် ရေးနေသည်။

"ဒီသူငယ်မဟာ သာမန်မိန်းကလေး မဟုတ်ဘူး။ ဉာဏ်ထက်မြက် တယ်။ စင်ကြယ်တယ်။ လှလဲလှတယ်။ အခုဆို စာတောင် တော်တော် တတ်နေပြီ။ ဒီလိုသူငယ်မကလေးမျိုးကို ဘိုးဘိုးက အကျင့်စာရိတ္တ ဘာမျှ အသုံးမကျတဲ့ အဘိုးကြီးလက်ထဲ အပ်လိုက်မယ်ဆိုတာ

http://www.cherrythitsar.org

အသည်းနာစရာပါကွာ။ ငါဖြင့် ရှက်တောင်ရှက်မိပါရဲ့"ဟု ချိမင်းက သက်ပြင်းတစ်ချက် ချရင်း ပြောလေသည်။

ချိဝိုးသည် အံ့အားကြီးသင့်ကာ ကလောင်ကို ချလိုက်ပြီးနောက် "အစ်ကို ဘာပြောတယ်"ဟု မေးလိုက်သည်။

"သြော် မင်းမသိသေးဘူးလား။ မင်ဖန်းကို လင် ပေးစားမလို့တဲ့လေ"

"လင်ပေးစားမလို့။ ဟင် ဘယ်သူက ပေးစားမလို့တဲ့လဲ။ သူငယ်ပါသေးတယ်"

"ဘိုးဘိုးကပေါ့။ ဟို အကျင့်ယုတ်ကြီးဖန်းကို မယားငယ်ထားဖို့ ပေးလိုက်မလို့တဲ့လေ"

"ဟာဗျာ၊ မဖြစ်နိုင်တာ။ ကျွန်တော်တော့ မယုံပါဘူး။ ဒီဖန်းဆိုတဲ့ အဘိုးကြီးဟာ ကွန်ဖြူးရှပ်ဝါဒ မကျွံဝင်ကြီးလိုပဲ။ အကျင့်သီလ ကောင်းတယ်မဟုတ်လား။ ပြီးတော့လဲ အသက်ခြောက်ဆယ်ရှိနေပြီ။ သူကများသားငယ် မယားငယ် လိုချင်သေးသတဲ့လား"

"မင်း မသိဘူးလား။ ဒီငနဲကြီးနဲ့ သူ့သူငယ်ချင်းအဘိုးကြီးတစ်စုက မနှစ်တုန်းက **အကောင်းဆုံး မင်းသမီး**စာရင်းထုတ်ကြတာလေ။ အဲဒါ အကောင်းမှတ်လို့လား။ အဲဒီ မင်းသမီးတွေနဲ့ အဘိုးကြီးတွေ ရှုပ်ရှုပ်ယှက်ယှက် လုပ်နေကြတာ။ ပြီးတော့ ဖန်းဆိုတဲ့ အဘိုးကြီးက အမျိုးမျိုး ယုတ်မာတာကွ။ ပိုက်ဆံရှိတော့ အပြစ်မပေါ်ဘူးပေါ့။ အဲဒီ အကောင်ကြီးဆီကို မင်ဖန်းကလေးကို နက်ဖြန်ဆက်ဖို့ ခေါ်သွားကြတော့မယ်ကွ။ ငါတော့ကွာ အတော်စိတ်မကောင်းပါဘူး။ သူငယ်မကလေး အခုမှ ဆယ်ခုနစ်နှစ်သာ ရှိသေးတယ်"

"နက်ဖြန် ဟုတ်လား။ ဒါနဲ့များ ကျွန်တော့်ကို ဘာလို့ ကြိုတင်မပြောသလဲဗျာ။ တစ်ယောက်ယောက်ကတော့ ကျွန်တော့်ကို ပြောဖို့ကောင်းပါတယ်"ဟု ဆိုပြီးလျှင် ချိဝိုးသည် ထိုင်ရာမှ ခုန်၍ထပြီးနောက်၊ အားမလိုအားမရဖြစ်ကာ သူ့ဆံပင်ကို သူ့လက်နှင့် ဆောင့်ဆွဲလိုက်လေသည်။ ထို့နောက် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်ကာ အခန်းထဲမှ သုတ်ပျာပျာ ထွက်သွားလေသည်။

http://www.cherrythitsar.org

အပြင်လောက တစ်ဝန်းလုံးသည် မှောင်အတိ ပြီးနေလေသည်။ သတ္တဝါအရာဝတ္ထုမှန်သမျှ သေလွန်ကုန်ကြပြီဟု ယူဆလောက်အောင်ပင် ငြိမ်သက်လျက် ရှိလေသည်။ ထိုမှောင်မှောင်မည်းမည်းထဲတွင် သူဘယ်နေရာသို့ သွားရပါမည်နည်း။ သူသည် ကြံရာမရ ဖြစ်သည့် အလျောက် သူ့ဆံပင်ကို ဆွဲဆောင့်ပြီးလျှင် ရင်ကို ထုနေလေတော့သည်။

သူ့နှလုံးသားသည် ဓားမွှန်းခံရသကဲ့သို့ ဆတ်ဆတ်ခါ နာကျင်နေလေသည်။ မင်ဖန်းခမျာ သူ့ထံသို့ အားကိုးတကြီးနှင့် လာ၍ အကူအညီတောင်းရာ၏။ သူ့အချစ်ကိုယုံ၍ သူ့ကိုအားကိုးရန် လာရာပေသည်။ အဘိုးကြီး၏ လက်တွင်းသို့ မကျရောက်အောင် ကာကွယ်ပေးစေလို သောဆန္ဒနှင့် မျှော်လင့်ချက်ကြီး ထားရှိကာ၊ သူ့ထံသို့ လာရောက်ခဲ့ပေသည်။ သို့ရာတွင် သူက မင်ဖန်းအား သနားညှာတာမှု လုံးဝ မပေးခဲ့ဘဲ မင်ဖန်း ပြောလိုသော စကားကိုပင် ဂရုစိုက်နားမထောင်ဘဲ အခန်းထဲမှ နှင်ထုတ်လိုက်သည်။ မင်ဖန်းက သူ၏ စင်ကြယ်လှသည့်အချစ်ကို ဥပါယ်တံမျဉ်နှင့် ယူပြီးလျှင် နောက်ဆုံး၌ ကျားကြီးပါးစပ်တွင်းသို့ တွန်းလိုက်သော ချီဝိုးကို ကျိန်ဆဲပေလိမ့်မည်။

ချီဝိုးသည် ထိုအတွေးများ၏ဒဏ်ကို မခံနိုင်တော့ချေ။ မင်ဖန်းကို မတွေ့တွေ့အောင် ရှာပြီးလျှင် သူ့အပြစ်ပြေပျောက်အောင် တစ်နည်းနည်းနှင့် ဆောင်ရွက်ရပေတော့မည်။ သူသည် အစေခံမိန်းမဆောင်သို့ သွား၍ တံခါးကို ခေါက်လေသည်။ မင်ဖန်း၏ အဆောင်မှာ မှောင်၍နေသည်။ "မင်ဖန်း"ဟု နှစ်ကြိမ်တိုင်တိုင် ခပ်တိုးတိုး ခေါ်ကြည့်သေး၏။ အခန်းထဲမှ ဘာသံမျှ မကြားရချေ။ သူ့ခမျာ အိပ်ပျော်နေရော့သလားဟု ချီဝိုးက အောက်မေ့မိသည်။ အခန်းထဲသို့ အရမ်းဝင်ရန်လည်း မသင့်ပေ။ အခြားအစေခံများ ရှိနေပေသေးသည်။ ထို့ကြောင့် ချီဝိုးသည် သူ့အခန်းသို့ ပြန်လေသည်။

သူ့အခန်း၌ ငြိမ်သက်စွာ နေခြင်းငှာ မစွမ်းသာချေ။ ထို့ကြောင့် မိန်းမဆောင်သို့ တစ်ခေါက်ပြန်သွားလေသည်။ ဤအကြိမ်၌ သူသည် တံခါးကို အသာကလေး တွန်းကြည့်ရာ၊ တံခါးမှာ အနည်းငယ် ပွင့်သွား

http://www.cherrythitsar.org

သည်။ အခန်းထဲ၌ မှောင်နေသည်။ အိပ်မောကျ၍ ယောက်နေသံများကိုလည်း ကြားရသည်။ အခန်းထဲသို့ အရမ်းဝင်လျှင် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်နိုင်ဖွယ် ရှိသည်။

သူသည် မိန်းမဆောင်မှ ထွက်၍ ဥယျာဉ်ထဲသို့ သွားသည်။ ဆီးပင်များ အောက်တွင်ရပ်၍ "မင်ဖန်း၊ မင်ဖန်း"ဟု အကြိမ်များစွာ ခေါ်ကြည့်လေသည်။ သူ့သံပြန်ကိုသာ ကြားရသည်။ သူသည် မှောင်ထဲတွင် တိုးလျှောက်သွားရာ ချုံများကို ဝင်တိုက်မိသဖြင့် နွယ်များ ဆူးများငြို၍ သူ့နဖူးတွင် သွေးများပင် စို့လာလေသည်။ ယင်းသို့ သွေးထွက်သည်ကိုပင် ဂရုမထားဘဲ မှောင်ထဲတွင် လျှောက်ရှာပေသေး၏။ သို့သော် မင်ဖန်းကိုကား မတွေ့ချေ။ နောက်ဆုံး၌ စိတ်အပျက်ကြီး ပျက်က သူ့အခန်းဆီသို့ လေးလံသော ခြေလှမ်းတို့ဖြင့် ပြန်ရလေတော့သည်။

ချိုဒိုး အပြင်းအထန် လိုက်ရှာနေသော မင်ဖန်းမှာ ဥယျာဉ်ထဲ၌ပင် ရှိလေသည်။ သူသည် ချိုဒိုး၏ အခန်းမှ ထွက်လာကတည်းက သူ့အဖို့ မျှော်လင့်ချက် ကုန်ဆုံးပြီဟူ၍ သိလိုက်လေတော့သည်။ သူ့ကို ချိုဒိုးက ယခင်က အတိုင်းပင် အလွန်ချစ်သည့်အကြောင်းကို သူ အသေအချာ သိရလေပြီ။ သူ့နှုတ်ခမ်းများသည် ချိုဒိုး၏အနမ်းကြောင့် ပူနွေးနွေးကလေး ဖြစ်နေဆဲပင်။ သူ့လက်များထဲတွင်လည်း ချိုဒိုး၏လက်များ အရိုန်ကျန်နေသေးသည်။ သို့ပင်ဖြစ်စေကာမူလည်း ထိုအတွေ့သည် နောက်ဆုံးအတွေ့ ဖြစ်ချေသည်။ နောက်နောင် ချိုဒိုးနှင့် ဘယ်သောအခါမျှ တွေ့ရတော့မည် မဟုတ်ချေ။ နက်ဖြန်မှစ၍ အသက်ရှင်သမျှ ကာလပတ်လုံး ဒုက္ခကို အရင်းတည်ရချေမည်။ ထို ဘဝမျိုးကို ဘယ်သို့လျှင် ခုံမင်နိုင်ပါတော့မည်နည်း။ အချစ်ကင်းမဲ့သော လောကကြီး၌ အဘယ့်ကြောင့် နေပါမည်နည်း။ မင်ဖန်းသည် စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

သူသည် ဥယျာဉ်သို့ တည့်တည့်မတ်မတ် သွားလေသည်။ မှောင်ထဲ၌ လမ်းလျှောက်ရသည်မှာ မလွယ်လှချေ။ သူ ရောက်လိုသော နေရာသို့

http://www.cherrythitsar.org

အတော်ပင် ကြိုးပမ်း၍ သွားရလေသည်။ သူ ရောက်လိုသော နေရာသည် ကား အခြားမဟုတ်။ ကန်စပ်ပင် ဖြစ်သည်။ ကန်ရေသည် ညိုမှောင် မှောင် အရောင်တောက်နေသည်။ အစာတောင်းလေ့ရှိသော ငါးကလေး များကြောင့် အနည်းငယ် လှုပ်ရှားနေရသည်။ မင်ဖန်းသည် ရေကိုကြည့် ၍ ငေးနေလေသည်။ သူနှင့် ခွိုဒိုးတို့ ပြောဆိုသော စကားများ၊ အတူပြု သော အမှုများကို သတိရနေလေသည်။ သူသည် သူ့ဘဝကို ခင်တွယ် ၏။ သူ့ဘဝမှာ နိမ့်ကျလှသော ကျွန်ဘဝဖြစ်စေကာမူ ငယ်စဉ်ကတည်း က နေလာသောအိမ်ကြီးနှင့် အဝန်းအရံဖြစ်သော ဥယျာဉ် ပန်းမာလာ တို့ကို ခင်တွယ်နေလေသည်။ သူသည် မှောင်ထဲ၌ရှိသော အိမ်ကြီးကို လှမ်း၍ကြည့်ကာ စိတ်ထဲမှ နှုတ်ဆက်လိုက်လေသည်။ အနီးပတ်ဝန်း ကျင်ရှိ တွေ့နေမြင်နေကျ သစ်ပင်ချုံပုတ်တို့ကို မကျန် လှည့်ကြည့်ကာ နှုတ်ဆက်လိုက်လေသည်။

လောကကြီး တစ်ခုလုံးမှာ ငြိမ်သက်နေသည်။ အားလုံး အိပ်မောကျ နေလေပြီ။ သူတို့တစ်တွေမှာ အသက်ရှင်ဆဲ ဖြစ်၏။ ဆက်လက်၍ လောကကြီး၌ နေကြဦးပေတော့မည်။ သူသာလျှင် သေရတော့မည်။ သူနေခဲ့ရသော ဆယ့်ခုနစ်နှစ်ကာလအတွင်း၌ သူသည် အဆိုအဆဲ၊ အကြိမ်းအမောင်း၊ အထုအထောင်းတို့၏ အရသာကိုသာ သိခဲ့ရလေသည်။ တစ်နေကုန် တစ်နေခန်း အလုပ်နှင့်လက်နှင့် မကွာရသည့် အဖြစ်ကိုသာ သိခဲ့ရသည်။ မျက်ရည် အရသာကိုသာ သိခဲ့ရ၏။ ထိုမှအပ သူ ယခု အသက်စွန့်ရမည့် အကြောင်းရင်းဖြစ်သော အချစ်ကိုလည်း သိခဲ့ရပေ သေးသည်။

သူ့နှလုံးသားသည် ဖွင့်ဟ၍ မပြောနိုင်စွမ်းသော ကြေကွဲဝမ်းနည်းမှု ဖြင့် ပြည့်ဝနေလေသည်။ သူ့မျက်လုံးများမှာလည်း မျက်ရည်များ ပြည့် လျှံလျက် ရှိသည်။ သူ့ကိုယ်၌ရှိသော အင်အားသည် တဖြည်းဖြည်း ယို ထွက်နေပြီဖြစ်ရကား သူသည် ရပ်၍ပင် မနေနိုင်တော့ဘဲ ပုံလျက် လဲရှာ လေသည်။ သူ့နာမည်ကို ခေါ်သံကြားလိုက်ရသည်။ ခေါ်သည့် အသံမှာ သူ့ချစ်သူ ခွိုဒိုး၏ အသံပင်ဖြစ်ကြောင်း သူသိရသည်။ သူသည် မျက်ရည်

http://www.cherrythitsar.org

ဆည်၍ နားထောင်နေလိုက်သည်။ ခေါ်သံမှာ တဖြည်းဖြည်း ဝေးသွားသည်။ မကြာမီလျှင် ပျောက်ကွယ်သွားကာ ပတ်ဝန်းကျင်၌ ငြိမ်သက်လျက်ရှိလေသည်။ သူသည် လဲနေရာမှ နားစိုက်၍ ထောင်သေး၏။ သို့သော် ခေါ်သံကိုသာမက ဘာသံကိုမျှ မကြားရတော့ချေ။

သူ့ထံသို့ ချီဝိုး လာမည်မဟုတ်ပေ။ သူနှင့် ချီဝိုးတို့ကြားတွင် နံရံကြီး အမြဲခံလျက် ရှိလေသည်။ သူနှင့် သခင်လေးတို့မှာ အဆင့်အတန်းချင်း ကွာခြားလှချေ။ ချီဝိုး၌ ရှေ့ရေးမျှော်လင့်ချက် မြောက်မြားစွာ ရှိသည်။ အဖိုးတန်သော လူကြီးတစ်ယောက် ဖြစ်လာရမည်။ သူ့ကြောင့်သခင်လေး၏ နောင်ရေး မပျက်ပြားစေသင့်ပေ။ သခင်လေး၏ ဘဝသည် သူ့ဘဝထက် အဖိုးတန်သည်။ ထို့ကြောင့် သူက သခင်လေး၏ တက်လမ်းတွင် ဆွဲမထားအပ်ပေ။ သူ့အတွက် သခင်လေး အနစ်နာမခံအပ်ပေ။ သူကသာ သခင်လေးထံမှ ပြန်မလာသော ထွက်ခွာခြင်းဖြင့် ထွက်ခွာသင့်ပေသည်။ သခင်လေးအတွက် သူကသာ အနစ်နာခံသင့်သည်။ သခင်လေးကို သူ့အသက်ထက် ပို၍ တန်ဖိုးထားလေသောကြောင့် သူ့အဖို့ သခင်လေးအတွက် အသက်စွန့်ရမှာ ဝန်မလေးပေ။

နောက်ဆုံး၌ မင်ဖန်းသည် ဆက်၍ မတွေးဝံ့တော့ချေ။ တောင့်တောင့်ကြီးထ၍ ကြွေကွဲဖွယ်သောအသံဖြင့် "ချီဝိုး၊ ချီဝိုး" ဟု အော်လိုက်ပြီးနောက် ရေကန်ထဲ ခုန်ချလိုက်လေသည်။

ငြိမ်နေသော ရေသည် ဆူပွက်သွားသည်။ ကျယ်လောင်သော အသံကြီးသည် ဆိတ်ငြိမ်ခြင်းကို ချိုးဖောက်လိုက်သည်။ အသံသဲ့သဲ့ နှစ်ကြိမ်သုံးကြိမ်လောက် ကြားရပြီးနောက် ကန်ရေပြင်သည် ယခင် အတိုင်းပြန့်ပြူးငြိမ်သက်လျက် ရှိသည်။ ဥယျာဉ်ကြီး တစ်ခုလုံးသည် အိပ်မောကျလျက် ရှိနေလေသည်။

* * *

http://www.cherrythitsar.org

ရှင်းပြချက်

ငွေဝယ်ကျွန်မကလေး ဝတ္ထုတိုသည် အိမ်ထောင်စု ဝတ္ထုကြီး၏ ကဏ္ဍာတစ်ခု ဖြစ်သည်။ မျက်မှောက်ခေတ် တရုတ်စာပေ၌ ထင်ရှားသော စာရေးဆရာကြီး ပါချင်း၏ ဝတ္ထုဖြစ်သည်။

ဤဝတ္ထုတိုသည် လေးနက်သော အချစ်ဝတ္ထုတစ်ခုလည်း ဖြစ်သည်။ ရှေးပဒေသရာဇ်ခေတ်၌ လူလူချင်း နှိပ်စက်ညှင်းပမ်းမှု မည်ရွေ့မည်မျှ ရှိသည်ဆိုသည့် ဆိုးရွားသော အဖြစ်ကို သရုပ်ဖော် ဝတ္ထုလည်း ဖြစ်၏။ ငွေရှင်ကြေးရှင် အရင်းရှင်များက ဆင်းရဲသားများကို ကျွန်းသဖွယ်၊ သက်မဲ့ပစ္စည်းသဖွယ် ပိုင်စိုး ပိုင်နင်းပြုကာ ပေးချင်ပေး၊ ရောင်းချင်ရောင်း၊ လုပ်ချင်သလို လုပ်နေခဲ့ကြသည်။

ငွေဝယ်ကျွန်မကလေးကို နွားမတမ်းကလေး လက်ချင်းပြောင်းသလို လုပ်လိုက်သော်လည်း လူသည် နွားမဟုတ်သည့်အလျောက် နှလုံးသားက ကန့်ကွက်သည်။ အရင်းရှင်လောက၏ မတရားမှုကို နှလုံးသား၏ ချစ်ခြင်းမေတ္တာက တော်လှန်ပုန်ကန်လေသည်။ ငွေဝယ်ကျွန်မကလေးသည် မယားငယ်အဖြစ်သို့ ရောက်ရမည့်အရေးကို တွေးပြီး နာကြည်းမိသည်။ ကျွန်ဘက်ကကြည့်လျှင်သာ မယားငယ်ဘဝသည် ဆိုးရွားနေတော့သည်။ ကြေးရတတ်ဘက်က ကြည့်

http://www.cherrythitsar.org

လျှင် ကျွန်ဘဝက မယားငယ်ဘဝသို့ ရောက်ခြင်းမှာ ရာထူး အဆင့်အတန်း တက်ခြင်း ပင်ဟု မြင်လေသည်။ မိန်းမသည် မိန်းမချင်းချင်း အပေါ်တွင် ပို၍ ရက်စက်တတ်သည်။ ကိုယ်ချင်းစာတရား ခေါင်းပါးလှချေသည်။ မယားငယ် အဖြစ်သို့ မရောက်ရဖူးသော ကံကောင်းသည့် ကြေးရတတ်ကတော်သည် မယားငယ်အဖြစ် ဆိုးရွားခြင်းကို မသိတတ်ချေ။ ထိုကြေးရတတ်ကတော် သည်ပင်လျှင် ကျေးကျွန်တစ်မျိုး ဖြစ်သည့် သူ့အဖြစ်ကို မသိရှာပေ။ ရှေးခေတ် တရုတ်နိုင်ငံ (နှင့် အခြားနိုင်ငံများစွာတို့)၌ ယောကျ်ားများက မိန်းမတွေကို ပိုင်သည်ဟူသော အယူဝါဒ ရှိသည့်အလျောက် မိန်းမတိုင်းပင်လျှင် လင်ယောကျ်ား၏ ကျေးကျွန် ဖြစ်နေလေတော့သည်။

ကျွန်မကလေး မင်ဖန်းသည် သူနေသော အိမ်ထောင်စု၌ သခင်ကြီး၏ သားလတ်တစ်ယောက်ကို ချစ်နေ၏။ သူ့ချစ်သူ သခင်လေးထံသို့သွား၍ သူ၏ ကြုံရအံ့ဆဲဆဲ ဒုက္ခအကြောင်းကို ပြောပြချင်လှသော်လည်း သခင်နှင့်ကျွန် အဆင့်အတန်းချင်း ကွာခြားလွန်းလှသည် တစ်ကြောင်း၊ မိန်းမက ယောကျ်ား ကို ကြောက်ရွံ့ရိုသေလွန်းရသည် တစ်ကြောင်း ထိုအကြောင်းတို့ကြောင့် မပြောဝံ့ရှာချေ။

မင်ဖန်း ချစ်နေသော သခင်လေးချီဝိုးသည် ခေတ်လူငယ် ဖြစ်သည့် အလျောက် ခေတ်တော်လှန်ရေးသမားတစ်ဦး ဖြစ်၏။ တော်လှန်ရေး အတွက် ကြိုးပမ်းလျက် ရှိ၏။ မင်ဖန်းကို တကယ်တမ်း ချစ်သော်လည်း သူ့၌ အလုပ် များနေသဖြင့် ဂရုမစိုက်အား‌ပေ။ တော်လှန်ရေးကိစ္စနှင့် ပတ်သက်သည့် ဆောင်းပါးများကို ရေးနေရလေသည်။ မင်ဖန်းခမျာမှာ သူပြောချင်တာ ကလေးတွေကို ပြောပြခွင့် မရဘဲ အခန်းထဲက ထွက်သွားရလေသည်။ ချီဝိုး၏ ပထမအနမ်းကို ခံယူလိုက်ရသဖြင့် သူ၏ မှောင်အတိပြီးသောဘဝတွင် လင်းလျှပ်ရောင်တစ်ချက် ပြက်လိုက်သလို ဖြစ်သွားလေသည်။

အိမ်တွင်းရေးအထွေထွေ၌ စိတ်မဝင်စားနိုင်ဘဲ တော်လှန်ရေးကိစ္စ၌သာ လုံးပမ်းနေရသော ချီဝိုးသည် သူ့အစ်ကို ချီမင်းက ပြောပြမှသာ မင်ဖန်းကို အကျင့်ယုတ် အဘိုးကြီးဖန်း၏ မယားငယ်အဖြစ် ပေးစားလိုက်တာ့မည့် အကြောင်းကို သိရတော့သည်။ ကြားရသည်နှင့် တစ်ပြိုင်နက် သူ့ချစ်သူ မင်ဖန်းကို လိုက်ရှာလေသော်လည်း မတွေ့ရသဖြင့် စိတ်ပျက်၍ မိမိအခန်းသို့ ပြန်လာခဲ့ရသည်။

http://www.cherrythitsar.org

ချီဝိုးက မင်ဖန်းကို မည်းမှောင်နေသော ဥယျာဉ်ထဲတွင် လိုက်၍ ရှာစဉ်ပင် မင်ဖန်းသည် ဥယျာဉ်တစ်နေရာ၌ ရှိ၏။ သူ့အဖို့ ဘဝမျော်လင့်ချက် ကုန်ဆုံးပြီ ဖြစ်သဖြင့် ဘဝပြဿနာကို အဆုံးစီရင်ခြင်းဖြင့်သာ အဖြေရှာရတော့မည့် အခြေသို့ ဆိုက်နေလေပြီ။ အဆင့်အတန်းချင်း ကွာခြားလွန်းလှသဖြင့် ချီဝိုး၏ တက်လမ်းကိုလည်း မပိတ်ပင်ချင်။ ချီဝိုး၏ ရှေ့သို့ ခြေလှမ်းကိုလည်း ဆွဲမထားချင်တော့သည့်အလျောက် မင်ဖန်းသည် ဥယျာဉ်ထဲက ရေကန်ထဲသို့ ခုန်ချလိုက်လေတော့သည်။

ဤ အဖြစ်အပျက်ကို စိစစ်ကြည့်လိုက်လျှင် မင်ဖန်း၏ အားပျော့သော သဘာဝကို အပြစ်တင်ချင်စိတ်မျိုး ပေါ်လာကောင်း ပေါ်လာပေမည်။ ဘဝကို ရဲရဲဝံ့ဝံ့ ရင်မဆိုင်ရဲသော ပျော့ညံ့သော မင်ဖန်း၏ ဇာတ်ကောင်သဘာဝကို ဝေဖန်သူ အချို့က မကျေနပ်သလို ဖြစ်နိုင်ပါ၏။

မင်ဖန်း၏ ဇာတ်ကောင်သဘာဝသည် နဂိုကပင် နွဲ့လျသည်။ မိန်းမသားလည်းဖြစ်၊ ငွေဝယ်ကျွန်မကလေးလည်းဖြစ်၊ ပတ်ဝန်းကျင် အခြေအနေကလည်း ဖိစီး၊ ယင်းသို့ ဖြစ်နေသော မိန်းမငယ်အား ခိုင်ခံ့သော စိတ်ဓာတ်မျိုး ရှိစေလျှင် မူမှန်တော့မည်မဟုတ်။ နွဲ့လျသော အခြေအနေ၌ ရှိလင့်ကစား မင်ဖန်းသည် မတရားသော အရင်းရှင် လောကကြီးကို အသက်စတေး၍ တော်လှန်လိုက်လေသည်။ အချစ်အတွက် အသက်ပေးလိုက်ခြင်းပင် ဖြစ်၏။ သူ့အချစ်မှာ သူဌေးသားကို လိုချင်သော အချစ်မျိုးမဟုတ်။ သူ့ချစ်သူ၏ တက်လမ်း ဖြောင့်တန်းစေဖို့ အနစ်နာခံလိုက်သော အချစ်မျိုးဖြစ်သည်။ သာမန်အားဖြင့် ဘဝကို အရှုံးပေးသွားသည်ဟု ထင်ရဖွယ်ရှိသော်လည်း မင်ဖန်းသည် ဘဝကို အနိုင်ယူသွားပေသည်။ သူသည် အရင်းရှင်စနစ်၏ အစတေးခံ အာဇာနည်မကလေး တစ်ဦးပင်တည်း။

ဤဝတ္ထုတိုသည် တိုးတက်သောအင်အားစု၌ အကျုံးဝင်သည်။ မူမမှန်သော အမူအကျင့်၊ မတရားသော ပတ်ဝန်းကျင် လောကများကို အင်တိုက်အားတိုက်တော်လှန်ရာဝယ်၊ တိုက်ခိုက်နည်းနှစ်နည်း ရှိ၏။ အနိုင်ရသည် အထိ တိုက်ခိုက်သော ထိုးစစ်နည်းနှင့် နောင်ကာလတွင် အောင်ပွဲရအောင် တိုက်နိုင်ဖို့ နာကြည်းစေသောနည်းဖြင့် အားပေးသော အရှုံးပေး အသေခံသော ခံစစ်နည်းဟူ၍ပင်။

'အိမ်ထောင်စု' ဝတ္ထုကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သော ဤဝတ္ထုတို

http://www.cherrythitsar.org

သည် အခြားသော ဝတ္ထုတိုမျိုးကဲ့သို့ မဟုတ်ပေ။ ဝတ္ထုကြီး၏ အပိုင်းစကို ခွဲထုတ်၍ ဝတ္ထုတိုအဖြစ် ပေးလိုက်ခြင်း ဖြစ်သည်။ (အင်္ဂလိပ်လို **(Episode)** ဟု ခေါ်သည်။) ဝတ္ထုကြီး တစ်ခုလုံးကို လွှမ်းခြုံလျက်ရှိသော အကြောင်းရပ်ကြီး **(Theme)**တွင် အကူအပို့အရံဖြစ်သော အကြောင်းရပ်ငယ်များ ရှိသည်။ ထို အကြောင်းရပ်ငယ်များ သရုပ်ပေါ်လွင်စေရန် စီရင်ထားသောဇာတ်ကွက်များ ရှိ၏။ ဇာတ်ကွက် တစ်ကွက်ကို ဆွဲထုတ်၍ ဝတ္ထုတိုအဖြစ် ပေးနိုင်ပေသည်။ ဝတ္ထုတိုဟူသော စာပေပစ္စည်းမှာ အမျိုးအစား များစွာ ရှိသည်။

ဝတ္ထုတို၏ ဝိတ္ထာရသည် ကျယ်ဝန်းလှပေသည်။ ဇာတ်ကောင်နှစ်ဦး စကား အချေအတင် ပြောခန်းကိုပင် ဝတ္ထုတိုအဖြစ် ပေးနိုင်သည်။ ဇာတ်ကောင် တစ်ဦး၏ အမြင်တစ်ကွက်ကိုလည်း ဝတ္ထုတိုအဖြစ် ပေးနိုင်သည်။ တစ်ခါတစ်ရံ မြင်ကွင်း ရှုခင်းကလေး တစ်ခုခုကို ဖော်ပြပြီးလျှင် မြင်ရှုသူ (ဇာတ်ကောင်)၏ ရင်တွင်းဂယက်ကို ဖော်ပြသော **စာတန်း**ကလေးကိုပင် ဝတ္ထုတိုဟု ခေါ်နိုင်လေသည်။

ထိုဝတ္ထုတိုအမျိုးမျိုးသည် သာမန်အများသိ ဝတ္ထုတိုပုံစံမှ အပ ဖြစ်သည်။ သာမန်အများသိ ဝတ္ထုတိုပုံစံ၌ကား ဇာတ်လမ်းသည် ထင်ရှားစွာ ရှိ၏။ ဇာတ်ကောင်တို့၏ အတ္တသဘာဝကို လိုအပ်လောက် ဖော်ပြထား၏။ ဝတ္ထုတိုသည် ဝတ္ထုကြီး၏ အကျဉ်းချုပ်ပင် ဖြစ်လေတော့သည်။ ယင်းသို့သော သာမန်အများသိ ဝတ္ထုတိုပုံစံမှ ဝတ္ထုကြီးများ ဖြစ်ပေါ်လာနိုင်၏။ ဆွဲ၍ ဆန့်လိုက်ရုံနှင့်ပင် ဖြစ်ပေါ်လာလေတော့သည်။ ရုတ်တရက် ဥဒါဟရဏ်တစ်ခုကို ဆွဲ၍ ပြရပါမူ **ရောမမြို့က မိန်းမပျက်** ဝတ္ထုကြီးကို ရေးသော အီတာလျံဝတ္ထုရေးဆရာကြီး အဲလဘားတိုး မောရေးဗီးယားက သူသည် ထိုဝတ္ထုကို ဝတ္ထုတိုအဖြစ် ရည်ရွယ်၍ ရေးခဲ့ရာမှ ရေးရင်း အပြန့်ကျယ်လာသဖြင့် ဝတ္ထုကြီးအဖြစ်သို့ ရောက်သွားရကြောင်း ဝန်ခံလေသည်။

ဤ **ငွေဝယ်ကျွန်မကလေး**ဝတ္ထုတိုကို ဖတ်ကြည့်လိုက်လျှင် ဤဝတ္ထုတို၌ သာမန်သတ်မှတ်ထားသော အစ၊ အလယ်၊ အဆုံး သုံးပိုင်း မပါရှိကြောင်း သိသာထင်ရှားသည်။ ကျွန်မကလေး ရေထဲခုန်ချ၍ သေဆုံးသွားသည့်တိုင်အောင် ဝတ္ထုဇာတ်ကြောင်းသည် ဆုံးခန်းရောက်သွားပြီဟု မဆိုသာ။ မင်ဖန်း၏ အတ္တ သဘာဝသည် သေဆုံးသည်၏ အခြားမဲ့၌ ကုန်ဆုံးသွားသည်ဟူ၍ မယူဆအပ်ပေ။ ကျန်ရစ်ခဲ့သော ချစ်သူ ခွိုဒိုး၏ အတ္တသဘာဝ အရိပ်အယောင်

http://www.cherrythitsar.org

တို့သည် မင်ဖန်းသေပြီးခါမှ ပို၍ ပေါ်လွင်တောက်ပဖွယ် အခြေအနေ၌ ရှိကြသည်။ တစ်နည်းဆိုရပါမူ၊ ဤဝတ္ထုတိုသည် **မဆုံးသေးသောဝတ္ထု**မျိုးပင် ဖြစ်၏။ ကျွန်မကလေး မင်ဖန်း၏ နောက်ကြောင်းကို ညွှန်းသည်နှင့်အမျှ ချီဂုမ်း၏ ရှေ့ကြောင်းကိုလည်း ညွှန်ပေသေးသည်။ **(Episode)**ဝတ္ထုတိုမျိုးသည် ယင်းသို့ပင် ဖြစ်ပေသည်။

အစ၊ အလယ်၊ အဆုံး ပါမှသာလျှင် ပြည့်စုံသည်။ ဝတ္ထုတိုပီသသည်ဟု ရိုးစွဲ ထင်မှတ်နေသော ပုဂ္ဂိုလ်တို့အား ဤဝတ္ထုတိုကို ပုံစံတစ်မျိုးအဖြစ် လက်ဆောင်ပေးသင့်ပေသည်။

* * *

http://www.cherrythitsar.org

http://www.cherrythitsar.org

၃။ ဖူးစာကံ
ရှေးဟောင်းတရုတ်အချစ်ဝတ္ထု

ဘွဲ့နှံ နန်းဆက်ခေတ်တွင် ဟန်ချောမြို့၌ ဦးလူအမည်ရှိသော ဆရာဝန်တစ်ဦး ရှိလေသည်။ သူ့၌ သားတစ်ယောက် သမီးတစ်ယောက် ရှိလေသည်။ သူ့သားစိန်စင်မှာ အသက်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်၍ မပုလဲနှင့် စေ့စပ်ထားလေသည်။ စိန်စင်သည် ပညာတော်၍ တစ်နေ့သောအခါ၌ ပညာရှိ အထက်တန်းစား အရာရှိကြီးဖြစ်ရန် မျှော်မှန်းနိုင်လေသည်။ ဆရာဝန်၏ သမီးအမည်မှာ မမြော်မြင် ဖြစ်သည်။ အသက် တစ်ဆယ့်ငါးနှစ်ရှိ၍ ဦးပဲ၏သားနှင့် စေ့စပ်ထားလေသည်။ ဦးပဲမှာ ပရဆေးကုန်သည်ကြီးဖြစ်သည်။ မမြော်မြင်၏ မျက်ခုံးတို့မှာ လိပ်ပြာ နာတံကလေးများကဲ့သို့ သေးသွယ်လေသည်။ မျက်လုံးများမှာ သမင်မ မျက်လုံးကဲ့သို့ ကြည်လင်လှပလေသည်။ ခါးကလေးမှာ သေးသွယ် နွဲ့နှောင်း၍ လေယူရာတိမ်းလျှင် ယိမ်းနွဲ့တော့မယောင် ဖြစ်လေသောကြောင့် မြင်သူအပေါင်းတို့၏စိတ်မှာ လှုပ်ရှားတိမ်းမတ် လေတော့သည်။ မျက်နှာကလေးမှာ ပွင့်သစ်စပန်းသဖွယ် လတ်ဆတ်၍ ကျက်သရေ ဆောင်နေလေသည်။ ကိုယ်ဟန်ကြော့ရှင်း ဖျတ်လတ်ခြင်းမှာ

http://www.cherrythitsar.org

ပုံလွှားငှက်တို့၏ ဖျတ်ခတ်မှုကို သတိရစေလေတော့သည်။

မမြော်မြင်နှင့် ဦးပဲတို့၏သား စေ့စပ်မှုဌ ဆောင်ရွက်သော အောင်သွယ်ကြီးက မင်္ဂလာကိစ္စ အမြန်ဆုံး ဖြစ်မြောက်စေလိုသောဆန္ဒ ဦးပဲတို့ဌ ရှိကြောင်း ပြောလေသည်။

ဒေါက်တာလူသည် သမီးကို မင်္ဂလာဆောင်မပေးမီ သားကိစ္စကို ပြီးစီးချင်လှသည်။ ထို့ကြောင့် မောင်စိန်စင်နှင့် မပုလဲတို့ မင်္ဂလာဆောင် အတွက် ရက်ချိန်းရန် စိမံလေသည်။ ရက်ချိန်း နီးလာသောအခါ မောင်စိန်စင် အပြင်းအထန် ဖျားလေသည်။ ဒေါက်တာလူက ရက်ချိန်းကို ရွှေ့လိုက်စေလိုသော်လည်း ဆရာဝန်ကတော်က အစီအစဉ်ကို ဖျက်မပစ်ချင်ချေ။

"အိုတော်၊ မယားရရင် ပျော်တာနဲ့ပဲ ရောဂါ ပျောက်သွားမှာပေါ့" ဟု ဆရာဝန်ကတော်က ဆိုလိုက်သည်။

"အံမယ်၊ ငါ့သား မတော်တဆ သေသွားရင် ဘယ့်နယ်လုပ်မလဲ"

"သေသွားတော့လဲ သတို့သမီးကို မင်္ဂလာလက်ဖွဲ့ ပစ္စည်းတွေနဲ့ သူ့မိဘအိမ် ပြန်ပို့လိုက်ရုံပေါ့။ ကျုပ်တို့မှာ အပြစ် မရှိနိုင်ပါဘူးတော်"

ဒေါက်တာလူသည် များလှစွာသော လင်ယောကျ်ားတို့ကဲ့သို့ပင် မယားလက်ထဲဌ ဖယောင်းကဲ့သို့ ပျော့ပျောင်းရကား ဆရာဝန်ကတော်၏ အလိုအတိုင်း ဖြစ်ရတော့သည်။

မောင်စိန်စင် ဖျားနေကြောင်းကို အိမ်နီးချင်းတို့သိရာ တစ်ဦးမှာ ဒေါက်တာလူတို့နှင့် ရန်စရှိသဖြင့် မပုလဲ၏ မိဘများအား အကြောင်းကြားလိုက်လေသည်။

မပုလဲ၏ မိဘများက သမီးအား ဖျားနာနေသော သတို့သားနှင့် မပေးစားလိုကြချေ။ ထို့ကြောင့် အောင်သွယ်အားခေါ်၍ အတင်းအကျပ် မေးရာ အောင်သွယ်ခမျာမှာ နှစ်ဖက်စလုံး၏ အငြိုငြင်ကို မခံနိုင်ဝံ့ရာသဖြင့် အမှန်ကို ဖွင့်၍ပြောရမည်ကို အကျပ်ကြုံနေလေသည်။ သို့ရာတွင် နောက်ဆုံးဌ အကျပ်ကိုင်၍မေးသဖြင့် မောင်စိန်စင်ဖျားနေကြောင်း ပြောလိုက်ရလေသည်။ ထိုအခါ မပုလဲ၏ မိဘများက အထိန်းကြီး တစ်ယောက်ကို လွှတ်၍ မေးစေလေသည်။

http://www.cherrythitsar.org

ဒေါက်တာလူတို့အိမ်သို့ အထိန်းကြီး မရောက်ခင်ပင် အောင်သွယ်က ကမန်းကတန်း ပြေးခြင်သွားပြီးလျှင် ရက်ချိန်းရွှေ့ပြောင်းရန် တောင်းပန်လေသည်။ ဒေါက်တာလူမှာ အရေးကြုံလျှင် မကြံတတ်သည့် လူစားမျိုး ဖြစ်လေသည်။ သူ ငေးနေခိုက် အထိန်းကြီး ရောက်လာသဖြင့် လောကဝတ် ပြုရလေတော့သည်။ အတန်ကြာသော် ဒေါက်တာလူက အောင်သွယ်ကို "ကဲ – ခင်ဗျား ဒေါ်ဒေါ်ကြီးနဲ့ စကားပြောနေခဲ့စမ်းပါ။ ကျုပ်ကိစ္စ ရှိလို့ပါ" ဟု ဆိုကာ အိမ်ခန်းထဲသို့ ဝင်သွားပြီးလျှင် သူ့ဇနီးနှင့် တိုင်ပေလေသည်။

"ဟေ့ – ရက်ချိန်း ရွှေ့လိုက်တာပဲ ကောင်းမယ်ထင်ပါရဲ့ကွာ" ဟု ဒေါက်တာလူက ပြောရာ ဆရာဝန်ကတော်က

"ရှင် အတော်ညံ့ပါသေးတယ်။ သူတို့သမီးဟာ စေ့စပ်ပြီးကထဲက ကျုပ်တို့ချွေးမ ဖြစ်နေပြီတော့။ ဒီတော့ ကျုပ်တို့အလိုကျ စီမံရမှာပေါ့။ တော် အသာနေပါ။ ကျုပ် ကြည့်စီမံပါ့မယ်"ဟု ပြောပြီးလျှင် မမြော်မြင်အား အခန်းပြင်ထားစေလေသည်။ ထို့နောက် ဇည့်ခန်းသို့ ထွက်လာ၍ အထိန်းကြီးအား ဇည့်ခံစကား ပြောကြားလေသည်။

"ကြီးကြီး ကျွန်မတို့သမီးအမေက ဘာများ မှာလိုက်ပါသလဲရှင်"

"ဩော် သမီးအမေက သူ့သား အတော်ကြီး နေမကောင်းဘူးကြားလို့ စိုးရိမ်တာနဲ့ ကြီးကြီးကို လွှတ်ပြီး အကြည့်ခိုင်းလိုက်တယ်"

"ဩော် – သားတော်မောင်အတွက် စိုးရိမ်တာ ကျေးဇူးတင်ပါတယ်ရှင်။ တကယ်ဆိုတော့ ကျွန်မသား ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူး။ အအေးမိတာပါ။ မကြာခင် ပျောက်သွားမှာပေါ့။ ရက်ချိန်းရွှေ့ဖို့တော့ ဖြစ်နိုင်မယ်မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ မိတ်သင်္ဂဟတွေလဲဖိတ်ပြီးပြီ။ မင်္ဂလာဆောင်ကိစ္စအတွက်လဲ ဝယ်ခြမ်းပြင်ဆင်ပြီးပါပြီ"

"ဒါဖြင့်လဲ ကောင်းပါရဲ့ ဆရာဝန်ကတော်ရယ်။ ဒါနဲ့ ရှင့်သားကို ကျွန်မ မကြည့်ရဘူးလား"

"အို၊ အခု ဆေးသောက်ပြီး အိပ်နေတယ်။ ရောဂါ မကြီးပါဘူးလို့ ဆိုနေမှဖြင့် ကျွန်မကို မယုံလို့ ကြည့်ချင်တာလား"

http://www.cherrythitsar.org

"ဟာ–ဒီလိုလဲ မဟုတ်ပါဘူး။ အထင်မလွဲလိုက်ပါနဲ့ ဆရာဝန်ကတော်ရယ်။ ဒါဖြင့် ရှိပါစေတော့ ကျွန်မ ပြန်ဦးမယ်"

"အို ပြန်လို့ ဘယ်ဖြစ်မလဲရှင့်။ လက်ဖက်ရည်ကလေး တစ်ခွက်လောက်တော့ သောက်သွားဦးမှပေါ့။ လာပါရှင့်၊ ဒီအခန်းက ကလေးတွေ ဆော့ထားတာ ရှုပ်နေတာပဲ။ အခန်းသစ်ကို ဝင်ပြီး ကြည့်ပါဦး"

ဆရာဝန်ကတော်သည် အထိန်းကြီးကို မမြော်မြင် ပြင်ဆင်ထားသော အခန်းသို့ ခေါ်သွားလေသည်။ အထိန်းကြီးသည် သတို့သားနှင့် သတို့သမီးတို့အတွက် ပြင်ဆင်ထားသော အခန်းကို မြင်ရသောအခါ အံ့သြ၍နေလေသည်။ အခန်းမှာ တင့်တယ် ဖွယ်ရာလှပေသည်။

"ကဲ ကြည့်ပါလားရှင်၊ အားလုံး ပြင်ဆင်ပြီးသား။ သားတော်မောင် အမြန်ဆုံး ကျန်းမာပြီး အိမ်ထောင်မှုသုခ ခံစားရအောင် ကျွန်မကိုယ်တိုင် ပြုစုနေတာပဲရှင့်။ ဦးဆွန်းတို့ကိုသာ ပြောလိုက်ပါတော့ရှင်။ ဘာမှ ပူစရာမလိုပါဘူးလို့"ဟု ဆရာဝန်ကတော်က အထိန်းကြီးကို ပြောပြီးလျှင် ဧည့်ခန်းသို့ ပြန်၍ခေါ်သွားလေသည်။

အထိန်းကြီးသည် လက်ဖက်ရည်သောက်ပြီးနောက် ပြန်သွားလေသည်။ အထိန်းကြီးက တွေ့ကြုံသမျှကို ပြန်၍ပြောပြသောအခါ ဦးဆွန်းတို့ ဇနီးမောင်နှံသည် အခက်ကြုံနေလေသည်။ သမီးအား နာမကျန်းသူနှင့် ပေးစားလိုက်လို့ မတော်တဆ သမက်သေသွားလျှင် သမီး၏ နောင်ရေးမှာ သနားစဖွယ် ဖြစ်ချေတော့မည်။ ကတိအတိုင်း မထိမ်းမြားလျှင်လည်း အပြစ်ကြီး ဖြစ်တော့မည်။ ယင်းသို့ မကြံသာသည့် အခိုက်တွင် မပုလဲ၏အစ်ကို မောင်ယူလန်က ဝင်၍ ဤသို့ပြောလိုက်လေသည်။

"သူတို့က သတို့သားကို အကြည့်မခံဘူးဆိုရင် ဧကန္တ အတော်အပြင်းအထန်ဖျားလို့ဖြစ်မှာပဲ။ ကျွန်တော်တို့ကလဲ ကတိဖျက်ဖို့အကြောင်းမမြင်ဘူး။ ကျွန်တော်တို့ကလဲ မပုလဲကို မလွှတ်ရက်နိုင်ဘူး။ ဒီတော့ ကျွန်တော် အကြံရပြီ။ ကဲ–ကဲ အောင်သွယ်ကို အပြောခိုင်းလိုက်ပေတော့ ရက်ချိန်းအတိုင်း မင်္ဂလာကိစ္စကို ပြီးအောင် ဆောင်ရွက်ဖို့ သဘောတူပါတယ်လို့။ ဒါပေမယ့် သတို့သမီးရဲ့ ခန်းဝင်ပစ္စည်းတွေကို သတို့သားမှာ

http://www.cherrythitsar.org

မှပဲ အပို့လွှတ်နိုင်မယ်လို့ ဆိုလိုက်ပေတော့။ ဒီတော့ သူတို့က ခန်းဝင်ပစ္စည်း မပါရင် လက်မခံနိုင်ဘူးဆိုတော့ သူတို့အပြစ် ဖြစ်ရောပေါ့"

"မင်း ပြောတာက ဟုတ်ပါရဲ့။ ဒါပေမယ့် သူတို့က ခန်းဝင်ပစ္စည်းကို နောက်မှပဲ လက်ခံပါ့မယ်ဆိုရင် ဘယ်နဲ့လုပ်မလဲ"ဟု မိဘတို့က အတန်ကြာ စဉ်းစားပြီးနောက် ကန့်ကွက်ပြောဆိုကြသည်။

"ဟာ မဖြစ်နိုင်ပါဘူးလေ။ အတွင်းပစ္စည်းမှ မရဘဲနဲ့ လူတစ်ယောက် အိမ်မှာတိုးလာရင် စားမယ့်ပါးစပ်တစ်ပေါက် တိုးတာလို ဖြစ်နေမှာမို့ သူတို့ သဘောတူမှာ မဟုတ်ပါဘူး"

ထိုအခါ ဦးဆွန်းက "ကဲ မင်းပြောသလို လုပ်ကြည့်ပါဦးမယ်လေ။ တကယ်လို့ သူတို့က သတို့သမီးသာ အရင်လာပါ။ အတွင်းပစ္စည်းတော့ နောက်မှာပဲ ပို့လိုက်တာပေါ့လို့ဆိုရင် မင်း မိန်းကလေးလို ဝတ်ပြီး မင်းနှမယောင် ဆောင်ရမယ်။ မင်းရုပ်ရည်နဲ့ဆိုရင် မိန်းကလေး မဟုတ်ဘူးလို့ ပြောနိုင်မယ့်သူ ရှားလိမ့်မကွယ့်။ တို့ဆီက အထိန်းလဲ မင်းနဲ့အတူ လိုက်သွားလိမ့်မယ်။ ဒီလိုဆိုမှ ဟိုလူငယ် သေသွားရင် ငါတို့သမီးလဲ မနစ်နာဘူး။ အတွင်းပစ္စည်းလဲ မဆုံးတော့ဘူး ဟုတ်လားဟင်" ဟု စီမံလိုက်လေသည်။

အောင်သွယ်က ဒေါက်တာလူနှင့် ဇနီးတို့အား အကျိုးအကြောင်း ပြောပြရာ ဆရာဝန်ကတော်က အတွင်းပစ္စည်းကို သတို့သမီးနှင့် ပါလာစေလိုသော်လည်း အထင်မှားမည်စိုးသဖြင့် သတို့သမီးကို ဦးစွာ လက်ခံ၍ အတွင်းပစ္စည်းကို နောက်မှပဲ လက်ခံမည်ဟု သဘောတူလိုက်ရလေသည်။

ထို့ကြောင့် မောင်ယူလန်သည် ရက်ချိန်းနေ့တွင် သတို့သမီးယောင် ဆောင်ရလေတော့သည်။ မိန်းကလေးယောင်ဆောင်ရာ၌ အခက်နှစ်ခု ကြုံရလေသည်။ ပထမအခက်က ခြေထောက်ပင် ဖြစ်သည်။ မောင်ယူလန်မှ မပုလဲ၏ ခြေကဲ့သို့ ပဒုမ္မာကြာပန်းသဖွယ် တင့်တယ်နိုင်အောင် ကြံဆောင်ရန် ခဲယဉ်းလှတော့သည်။ လမ်းလျှောက်ပုံမှာလည်း နွဲ့ရပေလိမ့်မည်။ လေယာဉ်ကြောတွင် တလှုပ်လှုပ်ယိမ်းနေသော ပန်းကလေးကဲ့သို့

http://www.cherrythitsar.org

လူပ်လဲ့လူပ်လီ ဖြစ်ရပေမည်။ သူသည် မိန်းကလေးအင်္ကျီကို ဝတ်၍ သူ့နှမကဲ့သို့ နွဲ့ယိမ်းယိမ်း စမ်းလျှောက်ကြည့်ရာ မပုလဲမှာ မျက်ရည်များကျအောင် ရယ်မောလေတော့သည်။ ဒုတိယ အခက်မှာ နားကပ်ပင် ဖြစ်သည်။ သူ့လက်ဝဲနားတွင် နားပေါက် ရှိလေသည်။ ငယ်စဉ်က မကောင်းဆိုးဝါးများ မကပ်နိုင်အောင် ခမဲနားကပ်တစ်ဖက် ပန်ခဲ့ရဖူးလေသည်။ လက်ယာဘက်၌ကား နားပေါက်မရှိချေ။ ထို့ကြောင့် ထိုဘက်နားတွင် အနာပေါက်နေဟန်ဖြင့် ဖယောင်းချက်ကပ်ထားရလေသည်။ ပုလဲစိတားသော ဦးသျှောင်ကို ဆောင်းလိုက်သဖြင့် သူ့ဆံပင် မျက်ခုံးတို့ကို ရုတ်တရက် မမြင်နိုင်ကြချေ။ ထို့နောက် ရွှေပြား ငွေပြားကပ် ဝတ်လုံကြီးကို ဝတ်လိုက်သောကြောင့် သူ့ ကိုယ်ကာယ ပုံသဏ္ဌာန်ကို ရုတ်ချည်း အကဲခတ်နိုင်ကြမည် မဟုတ်ချေ။ နောက်ဆုံး၌ နှုတ်ခမ်းနီ ပါးနီ ဆိုးလိုက်ခြင်းဖြင့် မိန်းကလေးသဏ္ဌာန် ဆောင်နိုင်လေတော့သည်။

ညနေစောင်းလတ်သော် စည်ခရာ တူရိယာသံတို့ကို ကြားရပြီးနောက်၊ ပန်းများဖြင့် တန်ဆာဆင်ထားသော ဝေါကြီးတစ်ခု ရောက်လာလေသည်။ သတို့သမီး အခေါ်လာသော အောင်သွယ်ကြီးက သတို့သမီး တုမှန်း မသိရှာသဖြင့် ဝေါတွင် တပ်ဆင်ထားသော နီမြန်းသောကြာခြည်ကု လှပ်ပေးလေသည်။ အောင်သွယ်ကြီးက မောင်ယူလန်ကို မမြင်သဖြင့် "တူတော်မောင်တစ်ယောက် ဘယ်သွားနေပါသလဲ"ဟု မေးလေသည်။ မိခင်က "ဩော် မောင်ယူလန်လား။ ခေါင်းနည်းနည်း ကိုက်တယ်ဆိုပြီး အိပ်ရာထဲ အိပ်နေတယ် ကြီးကြီးရယ်"ဟု ဖြေလိုက်သည်။

စင်စစ်သော်ကား မောင်ယူလန်မှာ မပုလဲဟန်ဆောင်၍ ဝေါထဲသို့ ရောက်နေလေပြီ။ သတို့သမီးတို့ ထုံးထမ်းအတိုင်း မိဘများနှင့် ခွဲခွာတော့မည့်အခါ ဖြစ်၍ ဝေါထဲမှ တရှုပ်ရှုပ် ငိုနေဟန် ပြုနေလေသည်။

သတို့သမီး ပစ္စည်းဟူ၍ သားရေသေတ္တာငယ်တစ်လုံးသာ ပါရှိလေသည်။ ဒေါက်တာလူတို့အိမ်တွင် သတို့သမီး မရောက်လာမီတွင် အကြီးအကျယ် ဆွေးနွေးနေကြလေသည်။

"သတို့သမီး ရောက်လာတဲ့အခါ ကျုပ်တို့သားက ထမှ မထနိုင်

http://www.cherrythitsar.org

သေးတော့ မင်္ဂလာဆောင်အခန်းအနားကို ဘယ်လိုလုပ်မှာလဲ။ သတို့သမီး တစ်ယောက်တည်း မိဘဘိုးဘွားတို့ကို ကန်တော့ဖို့ဆိုတာလဲ မဖြစ်နိုင်ဘူး။ ကဲ– ဘယ့်နှယ်လုပ်ကြမလဲ”

“ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ သမီးကပဲ သားကိုယ်စားဝင်ပြီး မင်္ဂလာဆောင်အခမ်းအနားလုပ်မှ ဖြစ်တော့မှာပဲ”ဟု ဆရာဝန်ကတော်က စိမံလေသည်။

ထို့ကြောင့် သတို့သမီး ရောက်လာသောအခါ မမြော်မြင်ကပင် မောင်စိန်စင်၏ ကိုယ်စား ရွှတ်ဖတ်အပ်သော ဂါထာများကို ရွှတ်၍ သတို့သမီးကို ဝေါပေါ်မှ ကြိုရလေသည်။ သူတို့ သမီးယောက်မ နှစ်ယောက် ဒူးထောက်၍ မင်္ဂလာဆောင်အခမ်းအနားကို ပြုလုပ်ကြသော အခါ ပွဲထိုင်ပရိသတ်က ယောကျ်ားကလေးနှင့် မိန်းကလေး ယှဉ်တွဲနေရမည့်အစား မိန်းကလေးနှစ်ယောက် ယှဉ်တွဲနေသည်ဟု ထင်မှတ်သဖြင့် ကျိတ်၍ ရယ်ကြလေသည်။

ဆရာဝန်ကတော်သည် သူ့ချွေးမကို သူ့သားလူမမာထံသို့ ခေါ်သွားလေရာ မောင်ယူလန်မှာ အကျပ်ကြုံ၍ လန့်ဖျပ်ပြီးလျှင် မူးမေ့သွားသဖြင့် ဝိုင်း၍နှိပ်ပေးကာ မောင်စိန်စင်၏အခန်းမှ သတို့သမီး သတို့သားတို့ အတွက် အထူးစီစဉ်ထားသော အခန်းထဲသို့ ခေါ်သွားရလေသည်။

မောင်ယူလန်သည် ပွဲထိုင်ပရိသတ်ကိုမြင်၍ ငြီးငွေ့နေခဲ့သည်နှင့် အမျှ မမြော်မြင်ကလေး၏မျက်နှာကို မြင်တွေ့ရသဖြင့် စိတ်ကြည်နူးသွားလေသည်။

‘အင်း ငါ့ကံနှယ် ခေပါဘိတယ်။ ငါသာ စေ့စပ်ကြောင်းလမ်းပြီးမဟုတ်ရင် သည်ကောင်မလေးနဲ့ သိပ်ဟန်မှာပဲ။ အခုတော့ အကြောင်းအားလျော်စွာ သူက ငါ့လက်တွင်း ရောက်ပါလျက်နဲ့ ငါ့မှာ မလွတ်မကင်းမို့ ခက်လှတယ်’ဟု သူသည် စိတ်ထဲက ရေရွတ်မိလေသည်။

မမြော်မြင်သည်လည်း မောင်ယူလန်ကို မြင်လျှင်မြင်ချင်း အကြောင်းပြောမပြနိုင်သော စွဲမက်ခြင်းမျိုးဖြစ်ကာ သူ့မိခင်နှင့် အောင်သွယ်ကြီးကို ပြောလေသည်။

http://www.cherrythitsar.org

"ကိုကိုကလဲ အရေးထဲမှ ဖျားနေတယ်နော်။ မမလေးတော့ဖြင့် ဒီည စိတ်ဒုက္ခရောက်မှာပဲ။ မေမေ့ သမီးယောက်မကလေးက လှတယ်နော်။ သမီးဟာ သူတို့ရုပ်မျိုးနဲ့ ခင်ပွန်းမျိုးရရင် တစ်သက်လုံး စိတ်ညစ်ဖို့ အကြောင်းမြင်မှာ မဟုတ်ဘူး မေမေရဲ့။ ဟင် ဟုတ်လားကြီးကြီး"

မင်္ဂလာညစာမှာ စည်ကားလှတော့သည်။ ပွဲထိုင်ပရိသတ်တို့သည် စာသောက်ပြီးလျှင် တဖွဖွစဲ၍ သွားလေသည်။ သတို့သမီးတုသည်လည်း သူ့အိပ်ခန်းသို့ သွားလေသည်။ သူနှင့် အတူပါလာသော အထိန်းက အခန်းထဲသို့ရောက်လာသောအခါ မင်္ဂလာဝတ်စားတန်ဆာများကို ချွတ်ပေးလေသည်။ မောင်ယူလန်လည်း စိတ်အိုက် ကိုယ်အိုက်ခြင်း လွတ်ကင်းသွားလေတော့သည်။

သို့ရာတွင် အိပ်ရန်စိတ်မရှိဘဲ မျက်စိကြောင်နေလေသည်။ အိမ်ရှေ့ခန်းတွင် ဒေါက်တာလူတို့ ဧနီးမောင်နှံတို့သည် သတို့သမီးအကြောင်းနှင့် ပတ်သက်၍ တိုင်ပင်နေကြလေသည်။

"ကလေးမ တစ်ယောက်ထဲ အိပ်စေလို့ တော်မယ်မထင်ဘူး။ သမီးကလေးကိုသွားအအိပ်ခိုင်းရရင် ကောင်းလိမ့်မယ်ထင်တယ်"ဟု ဆရာဝန်ကတော်က ပြောရာ ထုံးစံအတိုင်း ဆရာဝန်က ပထမ ကန့်ကွက်၍ နောက်ဆုံး၌ လိုက်လျောရလေတော့သည်။

နောက်ဆုံး၌ မမြော်မြင်နှင့် သူ့မိခင်တို့သည် သတို့သမီးတု ရှိရာသို့ လာကြလေသည်။ သတို့သမီးမှာကား စောင်ခြုံ၍ အိပ်နေဟန်ရှိသည်။

ဆရာဝန်ကတော်က "ဟာဒီမှာ ညည်းယောက်မ ညည်းနဲ့ အတူအိပ်လိမ့်မယ်"ဟု ပြောလိုက်လေရာ၊ မောင်ယူလန်မှာ မည်သို့မျှ ပြန်မပြောနိုင်သေးဘဲ စောင်ကို လုံအောင်ခြုံ၍ "အို နေပါစေ။ တူမတစ်ယောက်ထဲ အိပ်တတ်ပါတယ်"ဟု ဆိုလေသည်။

"အံမယ် ညည်းတို့နှစ်ယောက် ရွယ်တူပဲဟာ။ ပြီးတော့လဲ ညီအစ်မဖြစ်နေပြီပဲဟာ။ ဘာဖြစ်သေးတာမှတ်လို့။ စောင်တစ်ထည်ထဲ မခြုံချင်ရင် တစ်ထည်စီ ခြုံပေါ့"ဟု ဆိုကာ ဆရာဝန်ကတော်က မမြော်မြင်ကို ထားခဲ့ပြီးလျှင် ထွက်သွားလေသည်။

http://www.cherrythitsar.org

မောင်ယူလန်သည် သူ့ကံ၏ ဆန်းကြယ်သောစီမံမှုကို အံ့သြနေလေသည်။ ယခု သူ့အား မမြော်မြင်ကို သူ့အမေကိုယ်တိုင် လာ၍ အပ်လေသည်။ သူသည် ဝမ်းလည်းသာ၏။ ကြောက်သလိုလိုလည်း ဖြစ်၏။ 'သူလဲ ဆယ့်ငါးနှစ် အရွယ်ရောက်ပြီ။ ငါ ယဉ်ယဉ်ကျေးကျေး သာသာယာယာနဲ့ သူ့အချစ်ကို နှိုးလိုက်ရင် သူလဲ ချစ်ပန်းပွင့်လာမှာပေါ့'

မမြော်မြင်သည် သူ့မိခင် ထွက်သွားပြီးနောက် အခန်းတံခါးကို ပိတ်လိုက်ပြီးလျှင် မောင်ယူလန်ဘက်သို့လှည့်၍ ရယ်မောကာ "ကဲ ယောက်မရေ၊ ဘာများ စားချင်သလဲ။ ဆာရင် ပြောနော်။ ခင် စားစရာသွားယူပေးမယ်" ဆိုလေသည်။

"ကျေးဇူးပါပဲ ယောက်မရယ်"ဟု မောင်ယူလန်က ပြန်ပြောလေသည်။

မမြော်မြင်သည် မီးစာတစ်ဖက် ရှည်နေသည်ကို မြင်သဖြင့် "ယောက်မရေ အဲဒါ နိမိတ်ကောင်းပဲ။ ယောက်မတော့ အိမ်ထောင်ရေးမှာ ပျော်ပျော်ရွှင်ရွှင် နေရမယ့် နိမိတ်ပဲ"ဟု ဆိုလေသည်။

မောင်ယူလန်သည် မမြော်မြင်စကားကို ကြားလျှင် အဓိပ္ပာယ်တစ်မျိုး ကောက်၍ ခွက်ထိုးခွက်လန် ရယ်လေသည်။

"အောင်မယ် ယောက်မကလဲ ပျော်တတ်တာကို"ဟု မမြော်မြင်က ပြောလိုက်လေသည်။

သူတို့သည် ထွေရာလေးပါး စကားစမြည် ပြောကြလေသည်။ အတန်ကြာသော် မမြော်မြင်သည် ခေါင်းမှပန်းများကို ဖြုတ်၍ အဝတ်လဲပြီးလျှင် အိပ်ရာဝင်မည် ပြုလေသည်။

"နေပါဦး၊ ယောက်မက ဘယ်ခေါင်းအုံးကို အုံးမလဲ။ အောက်ခေါင်းအုံးလား"ဟု မောင်ယူလန်က မေးလိုက်လေသည်။

"အို ဘယ်ခေါင်းအုံး ဖြစ်ဖြစ်ပေါ့။ ယောက်မ သဘောအတိုင်းပါ"ဟု မမြော်မြင်က ဆိုလေသည်။

"ဒါဖြင့် အောက်အထက်ရယ်လို့ လုပ်မနေပါဘူး။ အတူတူယှဉ်ပြီး အုံးကြတာပေါ့နော်"

"ကောင်းသားပဲ"

http://www.cherrythitsar.org

မမြော်မြင်သည် မောင်ယူလန်ဘေးတွင် ဝင်၍ လဲ့အိပ်လိုက်လေသည်။ မမှိန့်တမှိန် မီးရောင်ခြည်သည် ခြင်ထောင်အကွဲကြားထဲမှ သူတို့ဆီသို့ ဝင်လာလေသည်။

မောင်ယူလန်၏ စိတ်တို့သည် တက်ကြွလာလေသည်။

"ယောက်မ အသက် ဘယ်နှစ်နှစ် ရှိပြီလဲ"

"ဆယ့်ငါးနှစ် ရှိပြီ"

"စေ့စပ်ကြောင်းလမ်း ပြီးပြီလား"

မမြော်မြင်သည် ယင်းသို့ အမေးခံရသောအခါ စိတ်လှုပ်ရှားလာသဖြင့် ရုက်စနိုးနှင့် ငေးနေလေသည်။ ထိုအခါ မောင်ယူလန်က သူ့နားအနီးသို့ နှုတ်ခမ်းတေ့ပြီး "ယောက်မက တယ်ရုက်တတ်တာကိုး။ ဒီမှာ ကိုယ်တို့ မိန်းမနှစ်ယောက်တည်း ရှိတာ။ ဘာဖြစ်လို့ မပြောရဲရတာလဲကွယ်"ဟု ဆိုလိုက်လေသည်။

မမြော်မြင်သည် အသံတိုးတိုးကလေးနှင့် "ဟုတ်တယ်။ ကျွန်မဦးပဲကြီးရဲ့သားနဲ့ စေ့စပ်ထားတယ်။ အခုပဲ သူတို့က မင်္ဂလာဆောင်ဖို့ ပြောနေကြတယ်။ ဒါပေမယ့် ဘာမှ အသေအချာ မစီမံရသေးလို့ တော်တာပေါ့"ဟု ဖြေလေသည်။

"ညော် ဒါဖြင့် ယောက်မက သိပ်စိတ်မပါဘူး ဆိုပါတော့"

"အို ဒီလို မပြောပါနဲ့လေ။ ကျွန်မ စိတ်မပါဘူးဆိုရအောင် ယောက်မကတော့ စိတ်မပါဘူးလား"

"ကိုယ် စိတ်မပါဘူးလို့ ဘယ့်နယ်ပြောသလဲကွယ်။ အခုတော့ မိန်းမ နှစ်ယောက်တည်းမို့ ကို"ဟု မောင်ယူလန်က ပြောလေသည်။

"အံမယ် ကြည့်စမ်း။ သူက ပြောလိုက်တာ။ ကျွန်မ အမေကျနေတာပဲ"

"အို အသက်အတိုင်းဆိုရင် ကိုယ်က ညည်းခင်ပွန်းလောက် ရှိပါတယ်"

မမြော်မြင်သည် တခစ်ခစ်ရယ်၍ "အမယ် ကျွန်မခင်ပွန်းတဲ့ ဘယ်က ခင်ပွန်းလဲ ပြောစမ်း။ ဘယ်သူက သတို့သားနေရာမှာနေပြီး

http://www.cherrythitsar.org

မင်္ဂလာအခမ်းအနား လုပ်ရသလဲ ပြောစမ်းပါဦး။ ကျကျသေးတော့တော်" ဟု ဆိုလေသည်။

"ကဲ ကဲ ငြင်းမနေနဲ့တော့။ အခု ကိုယ်နဲ့ညည်း လင်မယားလို လုပ်ကြရအောင်"ဟု မောင်ယူလန်က ဆိုလိုက်လေသည်။

သူတို့နှစ်ယောက်သည် ပြောရင်းဆိုရင်းပင် စိတ်များ ထကြွလှုပ်ရှား လာကြကုန်၏။

"ကဲ လင်မယားဆိုရင် စောင် တခြားစီ မခြုံရဘူး။ တစ်ထည်တည်း အတူ ခြုံရလိမ့်မယ်"ဟု ဆိုကာ မောင်ယူလန်သည် သူ့စောင်ကို ခွာ၍ မမြော်မြင် ခြုံထားသော စောင်ထဲသို့ ဝင်လေသည်။ စောင်တွင်းသို့ ရောက်သောအခါ မမြော်မြင်၏ နူးညံ့ပျောင်းအိသော ကိုယ်ကာယတို့ကို တဖြည်းဖြည်း ကိုင်တွယ်လေသည်။ မမြော်မြင်လည်း စိတ်များ ဝေမွန်ကာ မငြင်းဆန်ဘဲ ငြိမ်နေလေသည်။

အတန်ကြာသောအခါ မမြော်မြင်က ပြန်၍ မောင်ယူလန်၏ ကိုယ် ကာယကို ကိုင်တွယ်မိလေသည်။ မောင်ယူလန်၏ သားမြတ်များကို ကိုင်သောအခါ မမြော်မြင်မှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

'သူလဲ ငါ့အရွယ်လောက် ရှိပါတယ်။ ဘာဖြစ်လို့ ငယ်ငယ်ကလေး ဖြစ်နေပါလိမ့်မလဲ' ထိုအခိုက်တွင် မောင်ယူလန်သည် မမြော်မြင်ကို ပွေ့ဖက်၍ အားရပါးရ နမ်းရှုံ့လေသည်။ မမြောင်မြင်လည်း တစ်ကိုယ်လုံး အရည်ပျော်နေသည်ဟု ထင်နေလေတော့သည်။ အသံသဲ့သဲ့ကလေးနှင့် "ယောက်မရယ် ကစားတာကလဲကွယ် တကယ်လိုပါကလား။ တကယ့် လင်မယားလို ဖြစ်နေပါပကော" ဟု ဆိုလေသည်။

"အို ဒါနဲ့ တကယ်ဘယ်ဖြစ်ဦးမလဲ"ဟု ဆိုကာ မောင်ယူလန်သည် တဖြည်းဖြည်း နယ်ကျူး၍ တော်ခိုရန် ကြံဆောင်လေသည်။

သူသည် မောင်ယူလန်၏ အပြုအမူအတိုင်း ပြန်၍လုပ်ရာ နောက် ဆုံး မလိုအပ်သောနေရာသို့ ရောက်သွားသဖြင့် အိပ်ရာမှ ထ၍ ခုန်လေ တော့သည်။

http://www.cherrythitsar.org

"ကြည့်စမ်း၊ စော်စော်ကားကား ဘယ်က ယောကျ်ားလဲဟင်။ ကျုပ် ယောက်မယောင်ဆောင်ပြီး ကလိမ်ညာဏ်နဲ့ လာတာပေါ့လေ။ ရှင် သိသွားမယ်။ အခု အော်လိုက်ရမလား" ဟု မမြော်မြင်က ခါးထောက် ကြိမ်းလေသည်။

မောင်ယူလန်က ပြုံးဖြီးဖြီးမျက်နှာပေးနှင့် "ဘယ်က ယောကျ်ားရ မှာလဲ ခင်ရဲ့။ ခင့် ယောကျ်ားပေါ့။ ခင့် ခင်ပွန်းလေ"ဟု ဆိုကာ မမြော်မြင်ကို အတင်းဖက်၍ နမ်းရှုံ့လေသည်။

မမြော်မြင်မှာ လေသံ ပျော့သွားကာ "မဟုတ်ပါဘူး။ ရှင် ဘယ်သူ ဆိုတာ ပြောပါ။ မပြောရင် အော်လိုက်မယ်"ဟု မေးလေသည်။

"ကျုပ်လား၊ ကျုပ်နာမည်က ယူလန်တဲ့။ ကျုပ်နှမ မပုလဲ အယောင် ဆောင်ပြီး လာခဲ့တာပဲ။ ကျုပ်မိဘများက မင်းအစ်ကို အသည်းအသန် ဖျားနေတယ်ကြားလို့ သူတို့သမီးကို မထည့်လိုက်ချင်တာနဲ့ ကျုပ်က ကျုပ်နှမယောင် ဆောင်လာခဲ့တယ်။ ကဲ ရှင်းပြီလား၊ အခုတော့ ဖူးစာရေးနတ်က ကျုပ်ကို ခင်နဲ့အကြောင်းဆက်ဖို့ ဒီကို လွှတ်လိုက်တာ ပေါ့။ အဲဒါပဲ ခင်ရေ၊ နတ်ဖူးစာဆိုတာဒါပဲ။ ခင့်ကို ကျုပ် မြင်ကတည်း က ချစ်တယ်။ ကျုပ်ကိုလဲ ခင် ချစ်ရဲ့မဟုတ်လားဟင်။ ပြောပါ။ မညာပါနဲ့ကွယ်။ ဟောဒီ မျက်လုံးကလေးတွေက သက်သေခံနေသားနဲ့"

မမြော်မြင်မှာ မောင်ယူလန်ကို ပထမ မိန်းမဟု ထင်နေကတည်း ကပင် စိတ်လှုပ်ရှားအောင် ချစ်ခင်ခဲ့ရာ၊ ယခုကဲ့သို့ အဖိုဓာတ်မှန်း သိသောအခါ အချစ်ညွှတ်ကွင်းမှ မည်သည့်နည်းနှင့် လွတ်ကင်းနိုင်ပါ တော့အံ့မည်နည်း။ သို့ရာတွင် အရှက်ကြီး ရှက်မိတော့သည်။ ယောကျ်ား တစ်ယောက်နှင့် အိပ်ရာထဲတွင် အကြောင်းမသိ ယှဉ်တွဲ၍ အိပ်မိသည်မှာ ရှက်စရာကြီး ဖြစ်ချေသည်။

မောင်ယူလန်ကလည်း "မောင်နဲ့ ခင်ရဲ့မေတ္တာဟာ မြင်းမိုရ်တောင် ကြီးထက်ပဲ မြင့်ပါတယ်။ သမုဒ္ဒရာကြီးထက်လဲ ကျယ်ပါတယ်။ နတ် ဒေဝါအပေါင်းက ဖူးစာဖက်မှန်လို့ ကြံကြံဖန်ဖန် ဖန်တီးပေးတာပါ ခင်ရယ်"ဟူ၍ အစွမ်းကုန် ချစ်ရေးဆိုလေသည်။

http://www.cherrythitsar.org

နောက်ဆုံး၌ အရည်ပျော်ပြီးဖြစ်သော သူ့ကိုယ်ကာယလေးကို ကျောက်တုံးကျောက်ခဲကဲ့သို့ ကြံ့ခိုင်ခိုင်ဖြစ်စေဖို့ ကြိုးပမ်းသော်ငြားလည်း မောင်ယူလန်၏ အချစ်ထိုးစစ် မခံနိုင်ရှာသဖြင့် ရုက်သွေးဖြာလျက် ရှိသော မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ဆိုင်းလိုက်ရလေတော့သည်။

သူတို့သည် ချစ်မိုးစွေပြီးသည့်နောက် ဖက်၍ အိပ်ပျော်သွားကြလေသည်။

ထိုအခြင်းအရာကို ကောင်းစွာ ရိပ်မိသော မောင်ယူလန်၏ အထိန်းကြီးသည် "ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခတော့ လှလှကြီး ရောက်ကြပြီ ပကောလေ" ဟု ညည်းရှာလေသည်။ နောက်တစ်နေ့နံနက်တွင် မမြော်မြင်သည် သူ့မိဘများအခန်းထဲသို့ ကူးသွားလေသည်။ ထိုအခိုက် အထိန်းကြီးသည် မောင်ယူလန်ထံသို့ သွား၍ "ကိုလူလည်၊ တယ်လည်သပေါ့လေ၊ ဒါတွေကို လူသိကုန်ရင် မခက်ဘူးလားဟင်"ဟု ဆိုလေသည်။

"အို ဒါကတော့ ကျွန်တော့်ကုသိုလ်ပဲလေ။ ကျွန်တော်က ဘာမှကြံစည်ကြိုးစားတာမှ မဟုတ်ပဲ ။သူ့အမေကြီးကိုယ်တိုင် အိပ်ရာထဲအရောက် ပို့ပေးတာကိုး။ ဒီလောက်ချစ်စရာကောင်းတဲ့ မိန်းကလေးနဲ့ အိပ်ရာထဲမှာ အတူအိပ်ရရင် ဘယ်ယောကျ်ားကော သံတွေခဲလုပ်ထားလို့ နေနိုင်မှတဲ့လဲ"ဟု မောင်ယူလန်က ပြုံးပြုံးကြီး ပြန်ပြောလိုက်လေသည်။

မောင်ယူလန်သည် မိန်းမယောင်ဆောင်ထားသော အဝတ်အစားများကို ကျနစွာ ဝတ်စားပြီးနောက် ဒေါက်တာလူ၏ ဧနီးထံသို့ သွား၍ နှုတ်ဆက်လေသည်။ ဒေါက်တာလူတို့အိမ်သားများသည် မင်္ဂလာဆောင်သို့ လာကြသော ဧည့်သည်များကို ကျွေးမွေးဧည့်ခံကြလေသည်။

တစ်နေကုန်၍ တစ်ညရောက်ပြန်တော့သည်။ ထိုနေ့ည၌ကား ပထမညထက်ပင် ရွှေလိပ်ပြာ အတောင်ခတ်လေသေးသည်။

နောက်တစ်နေ့နံနက်တွင် အထိန်းကြီးသည် ကြောက်အားပိုလျက် မောင်ယူလန်၏ မိဘများထံသို့ ပြေးသွားပြီး အကြောင်းအကျိုး ပြောလေသည်။ မိဘများလည်း မွန်ထူသွားကြလေသည်။ နောက်ဆုံး၌ အကြံရကာ ထုံးစံအတိုင်း သုံးရက်မြောက်သောနေ့တွင် သတို့သမီးအား သူ့

http://www.cherrythitsar.org

မိဘများထံသို့ အလည်လွှတ်စေရန် ဒေါက်တာလူတို့အား ပြောစေလေသည်။

ဒေါက်တာလူကလည်း သူ့ချွေးမ သူ့အိမ်သို့ပြန်လျှင် ပြန်လာတော့မည်မဟုတ်ဟု ထင်သဖြင့် "ကျုပ်သား အခုထက်ထိ နေမကောင်းသေးဘူး။ ဒီတော့ တကယ်ဆိုရင် မင်္ဂလာကိစ္စပြီးတယ် မဆိုနိုင်သေးဘူး။ ဒါကြောင့် အခု ချွေးမကို သူ့အိမ် အလည်မလွှတ်ပါရစေနဲ့ဦး"ဟု ဆိုလိုက်လေသည်။

ယင်းသို့ မိဘများက အချိန်ဆွဲသည့်အလျောက် ချစ်သူတို့အဖို့ အချိန်ရလျက် အပျော်ကြီး ပျော်ကြလေသည်။

ထိုအခိုက်တွင် မောင်စိန်စင် အဖျားရောဂါ သက်သာလာလေသည်။ သူသည် မိန်မရတော့မည့်အရေးကို တွေး၍ စိတ်စောသောကြောင့်၊ ရောဂါ တစ်နေ့တခြား သက်သာလာလေသည်။ တစ်နေ့တွင် သူသည် လမ်းကောင်းစွာ မလျှောက်နိုင်သေးသော်လည်း အစေခံများ ဖေးမကာဖြင့် သတို့သမီးအခန်းသို့ လာလေသည်။

အခန်းထဲတွင် မောင်ယူလန်နှင့် မမြော်မြင်တို့ ပွေ့ဖက်နေသည်ကို မိသွားမည် စိုးသဖြင့် အထိန်းကြီးက "သခင်ကလေး လာနေပြီ" ဟု လှမ်းပြောလိုက်လေသည်။

မောင်ယူလန်လည်း မမြော်မြင်ထံပါးမှ ခွာ၍ အခန်းတံခါးတွင် ရပ်ကာ မောင်စိန်စင်ကို နှုတ်ခွန်းဆက်လေသည်။ မမြော်မြင်က "ဟင် အစ်ကိုကြီး ဘာလို့လာတာလဲ။ ပင်ပန်းနေပါဦးမယ်"ဟု ဆိုလေသည်။

မောင်ယူလန်သည် သူ့ယောက်ဖလောင်းကို မြင်ရသောအခါ "အင်း သူရုပ်ရည်လဲ မည့်လှပါကလား။ ငါ့နှမအတွက် ဘာမှရှုံးစရာ မရှိပါဘူးလေ။ အခု သူ မာလာပြီ။ တစ်ရက် နှစ်ရက်အတွင်း ကောင်းကောင်း မာလာရင် သူ ငါနဲ့ လာအိပ်လိမ့်မယ်။ အဲဒီတော့ မကြာခင်ဘဲ ငါလစ်မှ ဖြစ်တော့မယ်"ဟု တွေးမိလေသည်။

ထို စိုးရိမ်ချက်ကို မမြော်မြင်အား ညတွင်း ပြောပြလေသည်။

"ဒီတော့ ခင်က ခင့်အမေကြီးကို ထုံးစံအတိုင်း သတို့သမီး သူ့အိမ်

http://www.cherrythitsar.org

ပြန်လည်ဖို့ အခွင့်ပေးအောင် ပြောပါ။ ဒီတော့မှ မောင့်နှမကလေးနဲ့ နေရာချင်းလဲပြီး ပြန်ပို့လိုက်မယ်လေ”

“အို အခု မောင်က ပြန်ချင်ပြီပေါ့လေ။ ခင်တစ်ယောက်တည်း ဘယ့်လိုလုပ် နေရမှာလဲ”

“ဟာ ဒါကိုလဲ စဉ်းစားနေပါတယ်။ ဒါပေမယ့် ခက်တာက ခင်ရော မောင်ရော စေ့စပ်ကြောင်းလမ်းထားပြီးသားတွေချည်း ဖြစ်နေတယ်။ သိပ်အကြံရခက်တာပဲ”

“ခင့်ကို အသက်ရှင်နေတာ မမြင်ချင်ရင်တော့ ပြန်ပေါ့လေ။ ခင်တော့ မောင်သွားပြီးပြီးချင်းပဲ ဒီဘဝကို အဆုံးသတ်လိုက်ပါတော့မယ်”ဟု ပြောကာ မမြော်မြင်ကလေးသည် တရှုပ်ရှုပ် ငိုနေလေသည်။

မောင်ယူလန်က မျက်ရည်ကို သုတ်ပေးရင်း “နေစမ်းပါဦး ခင်ရယ်။ မောင် နည်းလမ်းတစ်ခု ရှာပါဦးမယ်။ ငိုမနေပါနဲ့၊ မောင်နဲ့ခင် ပေါင်းရပါစေမယ်။ စိတ်သာချပါ”ဟု နှစ်သိမ့်လေသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်၍ ငိုနေကြလေသည်။

ဆရာဝန်ကတော်သည် အခန်းအနီးမှ ဖြတ်သွားရာတွင် အခန်းမှ ရှိုက်သံ ငိုသံတို့ကို ကြားရသဖြင့် ပြတင်းပေါက်တံခါးရှိ အပေါက်ငယ်တစ်ခုမှ ချောင်း၍ကြည့်သောအခါ သူ့သမီးနှင့် သူ့ချွေးမ ဖက်၍ ငိုနေကြသည်ကို တွေ့ရလေသည်။ သူသည် သူ့သမီးမှာ သူ့ချွေးမနှင့် နေ့ရောညပါ မခွာဘဲ နေသည်ကို သတိမူမိလေသည်။ သို့ရာတွင် မဦးမစပ် မတွေးမိဘဲ ရိုးရိုးပဲ အောက်မေ့နေခဲ့မိလေသည်။ ယခု အမြင်မှာ ဆန်းလွန်းလှသဖြင့် တံခါးဖွင့်ရန် လှမ်းဆွဲကြည့်လိုက်ရာ တံခါးအတွင်းမှ ကန့်လန့်ချထားသည်ကို တွေ့ရလေသည်။

“ဟဲ့ ဘာဖြစ်လို့ အခန်းကို ပိတ်ထားရတာလဲ”ဟု လှမ်းအော်ပြောလိုက်မှ ချစ်သူတို့သည် မျက်ရည်သုတ်ပြီးလျှင် တံခါးဖွင့်ပေးလိုက်လေသည်။

“မဟုတ်ပါဘူး၊ ညည်းတို့နှစ်ယောက်ကလဲ နေ့လယ်ကြောင်တောင်

http://www.cherrythitsar.org

ကြီး ဘာဖြစ်လို့ ဒီလောက်တောင် ဖက်နေကြရတာလဲဟင်"ဟု မေးလိုက်ရာ ချစ်သူနှစ်ယောက်မှာ မျက်နှာနီမြန်းလာလေသည်။ ထိုအခါ ဆရာဝန်ကတော်က သူ့သမီးဘက်သို့ လှည့်၍ "ညည်း အခုတလော တယ်ပြီး အနေအထိုင် ဆန်းတယ်။ လာခဲ့၊ ငါ မေးစရာ ရှိတယ်" ဟု ဆိုကာ သူ့သမီးအား တရွတ်တိုက် ဆွဲသွားလေသည်။

အစေခံတို့သည် ချောင်းကြည့်ကြရာ အခန်းတစ်ခုထဲ၌ သမီးအား ရိုက်၍" ကောင်မ ပြောစမ်း။ မှန်မှန် ပြောစမ်း။ ညည်း ဘာဖြစ်လို့ ငိုနေရတာလဲ"ဟု မေးနေသည်ကို တွေ့ကြရလေသည်။

မမြော်မြင်သည် ပထမ၌ လှိုးလွဲ၍ပြောလိုက်မည်ကြံမိ၏။ သို့သော် အမှန်ပြောလိုက်လျှင် အရိုက်အနှက် အကြိမ်းအမောင်း ခံရပြီးလျှင် သူတို့နှစ်ယောက်ကို ပေးစားမည်ဧကန်ဟု သိသဖြင့် အကြောင်းစုံ ဖွင့်ပြောလိုက်လေသည်။

"ကျွန်မတို့နှစ်ယောက် ညားနေကြပါပြီ မမေရယ်။ သူနဲ့ခွဲလိုက်ရင်တော့ ကျွန်မဖြင့် နောက်ထပ် ယောကျ်ားတစ်ယောက်လဲ ယူမှာ မဟုတ်တော့ပါဘူး။ သေဖို့ပဲ ရှိပါတော့တယ်"ဟု တောင်းပန်ရှာလေသည်။

ဆရာဝန်ကတော်လည်း သမီး၏ ဖြစ်ထွေကို နားထောင်ပြီးလျှင် ဒေါသဖြစ်ကာ "ကြည့်စမ်း ဒီ ဆွန်း ဆိုတဲ့ သေနာကောင်က သူ့သားကို လွှတ်လိုက်လို့ ငါ့သမီး ဆုံးပါပြီတော်။ ဒီကောင်လေးတော့ သေအောင် ရိုက်ပစ်မယ်"ဟု ဆိုကာ ထွက်သွားလေသည်။

မမြော်မြင်လည်း မရှက်နိုင်တော့ဘဲ လင်တော်မောင်အတွက် ကာဆီးရှာလေသည်။ သို့ရာတွင် ဒေါသရှေ့ထားသော မိခင်က သမီးကို တွန်းဖယ်လိုက်သဖြင့် လဲ၍ကျန်ခဲ့လေသည်။

သို့ရာတွင် ဆရာဝန်ကတော်မှာ မောင်ယူလန်ကို ရိုက်ခွင့်မသာချေ။ သူ အခန်းထဲသို့ ရောက်သွားသောအခါ မောင်ယူလန်မှာ လမ်းမပေါ်သို့ ရောက်နှင့်လေပြီ။

မမြော်မြင်သည် မောင်ယူလန် မရှိတော့သည်ကို သိသောအခါ ငရဲ့

http://www.cherrythitsar.org

ပြာလူးဖြစ်ကာ သူ့အမေအား ဒူးထောက်၍ တောင်းပန်လေသည်။ "မေမေရယ်၊ သမီးကလေးကို သနားပါနော်။ သမီးဖြင့် သူ့ကိုမှ မရရင် သေပွဲ ဝင်လိုက်ရတော့မှာပါပဲ မေမေရယ်"

ဆရာဝန်ကတော်ကြီးလည်း ဒေါသအရှိန် အတန်ကုန်သွားသဖြင့် အသံမှန်ဖြင့် "အင်း ညည်းအဖြစ်ကို လူတွေသိသွားရင် ညည်းကို ဘယ်သူက ယူချင်ဦးတော့မှာလဲ"ဟု ပြောကာ တွေဝေနေပြီးနောက် မကြာမီပင်လျှင် မိခင်မေတ္တာသည် သားသမီးအပြစ်ကို တစ်ချက်လွှတ် ပယ်ဖျက်တတ်သောသဘော ရှိရကား သူ့သမီးကို ဖက်၍ "အင်း ဒါ စင်စစ်တော့ ညည်းအပြစ် မဟုတ်ပါဘူး၊ ဟို ဆွန်းဆိုတဲ့ ကောင်ကြီးက သူ့သားကို သူ့သမီးယောင်ဆောင်ပြီး လွှတ်လိုက်လို့ ဖြစ်ရတာပဲ။ ဒါပေမယ့် တို့ကတော့ စပြီး ကိုပဲရဲ့သားနဲ့ စေ့စပ်ထားတာ ဖျက်လို့ မဖြစ်နိုင်ဘူးအေ။ အတော်အကြဲရခက်တာပဲ"ဟု ဆိုလေသည်။

ထိုအခိုက် ဒေါက်တာလူ ရောက်လာသဖြင့် အကြောင်းစုံ ပြောပြရလေသည်။ ဒေါက်တာလူသည် နေ့တစ်ဝက်ခန့် စကားမပြောဘဲ ငိုင်နေလေသည်။ နောက်ဆုံး၌ သူ့ဇနီးအား အပြစ်တင်လေသည်။

"ဒါ စင်စစ်တော့ မင်းအပြစ်ပဲ။ မင်းက ရက်ချိန်းရွှေ့ပါလို့ ဟိုက လာပြောတုန်းက မရွှေ့နိုင်ဘူးလို့ ပြောတယ်။ ပြီးတော့ ဟိုကောင် မိန်းမယောင်ဆောင်လာတော့ မင်းပဲ မင်းသမီးကို အဖော်ရအောင်ဆိုပြီး ဟိုကောင့်လက်ထဲ သွားအပ်လိုက်တယ်။ ကဲ အခုတော့ အဖော်ကြီး ရပါကောကွာ"

မိန်းမတို့မည်သည် မိမိ၏အပြစ်ကို မိမိဝန်ခံရန် ဝန်လေးသူများဖြစ်သည့်အလျောက် ဆရာဝန်ကတော်က ဒေါက်တာလူကို အော်၍ဆဲလေသည်။ ဤအကြိမ်၌ ဒေါက်တာလူသည် ခါတိုင်းကဲ့သို့ ငုံ့ခံမနေဘဲ ပြန်၍အော်လေသည်။ သူတို့လင်မယား ရန်ဖြစ်၍ ရိုက်မောင်းပုတ်မောင်း ပြုနေကြသဖြင့် အစေခံများက မောင်စိန်စင်အား ပြောရာ နာလန်ထစ, လူမမာသည် ထ၍လာလေသည်။ သူလာသောအခါ အဘိုးကြီး အမယ်ကြီးတို့သည် ရန်ပွဲရပ်စဲကာ တဖျစ်တောက်တောက်ပြောရင်း တခြားစီ

http://www.cherrythitsar.org

ထွက်သွားကြလေသည်။ မောင်စိန်စင်က မမြော်မြင်အား အကျိုး အကြောင်း မေးကြည့်ရာ၊ မမြော်မြင်က မျက်ရည်စမ်းစမ်းနှင့် စကားစခါ ရှိသေးသည်၊ သူ့အမေ ပြန်လာပြီးလျှင် ဇာတ်စုံခင်းပြလေသည်။

မောင်စိန်စင်သည် ရုက်လွန်းဒေါသဖြစ်လွန်းလှ၍ မျက်နှာညိုမည်း သွားလေသည်။ ထို့နောက် ချုပ်တည်း၍ "ဒီအကြောင်းတွေ လူမသိပါ စေနဲ့။ သိရင် ရယ်စရာကြီး ဖြစ်နေပါဦးမယ်" ဟု ဆိုလေသည်။

လူမသိပါစေနှင့်ဟု ဆိုကာမှ သိချင်သူက သိအောင်ကြိုးစား၍ သိ သွားလေသည်။ အချို့မှာ အတင်းစကားကို ဝယ်ယူကြသည်။ အိမ်နီး ချင်း ကိုလှိမှာ ထိုလူမျိုးပင် ဖြစ်သည်။ ဒေါက်တာလူတို့အိမ်မှ ဆူသံငိုသံ ရိုက်သံကြားသောအခါ ဝင်းထရံကို တွယ်တက်ပြီးလျှင် နားစွင့်ထောင် လေသည်။ သို့သော် မသဲကွဲလှသဖြင့် ဆက်စပ်၍ မရချေ။ ထို့ကြောင့် နောက်နေ့တွင် ဒေါက်တာလူအိမ်မှ စျေးဝယ်ထွက်သော အစေခံမကြီး အား ငွေအသပြာ ငါးဆယ်ပေး၍ မေးသဖြင့် အစေခံမကြီးက အကြောင်း စုံ ပြောပြလိုက်လေသည်။

အတင်းစကားကို ငွေနှင့် ဝယ်ယူပြီးသူ ကိုလှိမှာ ကျေနပ်ဝမ်းသာစွာ မမြော်မြင်နှင့် စေ့စပ်ထားသော သူငယ်၏မိဘ ဦးပဲတို့ထံသို့ သွား၍ ဖောက်သည်ချလိုက်လေသည်။

ဦးပဲသည် ဒေါက်တာလူတို့အိမ်သို့ ချက်ချင်းလာကာ "ကဲ ကျုပ် ကြားပြီးပါပြီ။ ပေးထားတဲ့ မင်္ဂလာလက်ဆောင်တွေကိုသာ ပြန်အပ်ပါ။ စကား အထူးအထွေ ပြောမနေပါနဲ့"ဟု ခပ်မာမာ ပြောလိုက်လေသည်။

ဒေါက်တာလူသည် 'အင်း သူ့ကို ဘယ်သူများ ပြောလိုက်ပါလိမ့်' ဟု တွေးကာ "နေစမ်းပါဦး အစ်ကိုကြီးရဲ့။ ဒီအကြောင်းကို ဘယ်သူက ပြော လဲ။ ပြောပြစမ်းပါဦး"ဟု ပြုံးချိုချိုမျက်နှာထားနှင့် မေးလိုက်လေသည်။

"အံမာ မင်းက အခုမှ မုန်လာဥ လုပ်ချင်သေးသလား"ဟု ဆိုကာ ဦးပဲက ဒေါက်တာလူ၏ပါးကို ချလိုက်လေသည်။

ထိုအခါ ဒေါက်တာလူက "ကြည့်စမ်း၊ ဒီအကောင်ကြီး သေခါနီးက ငါ့ကို ငါ့ပိုင်နက်ထဲ လာစော်ကားရသလားဟင်" ဟု ဆိုကာ ဦးပဲကို

http://www.cherrythitsar.org

တစ်ချက်ပင့်၍ ထိုးလိုက်ရာ အဘိုးကြီးမှာ လက်သီးဒဏ်ကို မခံနိုင်ဘဲ မြေပေါ်သို့ ဗုန်းဗုန်းလဲလေသည်။ ထိုအခါမှာ အိမ်သားများလာ၍ ဖျဉ်းကြလေသည်။

ဦးပဲက လဲရာမှထပြီးလျှင် "အင်း မင်းက ငါ့ကို ထိုးတယ်ပေါ့လေ။ လက်သီး ကျင်လည်တာပေါ့လေ ဟုတ်လား။ ရုံးမင်းရှေ့ကျတော့ မင်း ဘယ်လို ချေမလဲ သိရမှာပေါ့။ မင်းဟာ မင်းလက်သီးလောက် ကျင်လည်မလား။ ကြည့်ကြသေးတာပေါ့ကွာ"ဟု ဆို၍ ထွက်သွားလေသည်။

ဒေါက်တာလူသည် ထိုအခါမှ သတိရလာကာ ...

"ဒီကိစ္စတွေဟာ ဆွန်းကြောင့် ဖြစ်တာပဲ။ သူ့ကို ငါ တရားစွဲမှ ဖြစ်မယ်" ဟုဆိုကာ လျှောက်လွှာရေးလေသည်။ သူ့သားကမူ တရားမစွဲရန် ပြောလေသည်။ သို့သော် ပြော၍မရ။ လျှောက်လွှာရေးပြီးလျှင် တရားသူကြီးထံသို့ သွားလေသည်။

ရုံးတွင် ဦးပဲ ရောက်နှင့်လေပြီ။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိသည်နှင့် တစ်ယောက်ကစ၍ ဆဲကာ ကျန်တစ်ယောက်က ပြန်ဆဲသည်မှ ရန်ပွဲဖြစ်ဦးမည်အပြုတွင် တရားသူကြီးက ရုံးတော်ကို လေးစားရမည်။ နှစ်ယောက်စလုံး ဒူးထောက်၍ အကြောင်းအကျိုး လျှောက်ထားရမည်ဟု အမိန့်ပေးလေသည်။ ထိုအခါမှ သူတို့နှစ်ယောက်သည် အလှည့်ကျ အကြောင်းစုံ လျှောက်ထားကြလေသည်။

အတန်ကြာ ဆင်ခြင်ပြီးမှ ပညာရှိ တရားသူကြီးသည် ပညာရှိ ပီသစွာ ဤသို့ စီရင်ချက် ချလေသည်။

"မောင်ယူလန်သည် သူနှင့် ညားပြီးဖြစ်သော မမြော်မြင်ကို ယူစေ။ ဆွန်းက ဒေါက်တာလူအား လျော်ကြေးပေးစေ။ မပုလဲအား ဦးပဲ၏ သားနှင့် ပေးစားစေ။ မောင်စိန်စင်က မောင်ယူလန်နှင့် စေ့စပ်ထားသည့် မိန်းကလေးကို ယူစေ"

❖ ❖ ❖

http://www.cherrythitsar.org

ရှင်းပြချက်

ဤဝတ္ထုတိုကို ရေးသောသူ၏အမည်မှာ အမှတ်အသားတွင် မရှိပေ။ 'ရေးသူ မသိ' ဟူ၍ပင် ဆိုရပေမည်။ ရှေးဟောင်း တရုတ်အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ လွန်ခဲ့သည် အနှစ်ခြောက်ရာကျော်က ပေါ်ထွန်းလာခဲ့၏။

ဤ ဝတ္ထုတိုကို ပုံပြင်ဟု ခေါ်ထားသည်။ စင်စစ်အားဖြင့်လည်း ပုံပြင်ပင် ဖြစ်၏။ ပုံပြင်နှင့် ဝတ္ထုတိုတို့သည် အကြမ်းဖျင်းအားဖြင့် တစ်မျိုးတစ်စား တည်း ဖြစ်သည်။ ဝတ္ထုတိုဟူသော အခေါ်အဝေါ်နှင့် အရေးအသားတို့သည် နောက်မှ ပေါ်ပေါက်လာသောအရာ ဖြစ်ပေသည်။ ယခင်ယခင်က ပုံပြင်များ သာလျှင် ထွန်းကားခဲ့၏။ ဝတ္ထုတိုသည် ပုံပြင်မှ ပေါက်ပွားလာသည်။

ဝတ္ထုတိုနှင့် ပုံပြင်မှာ အသွင်အပြင်အားဖြင့် တူ၏။ အခြေအနေအားဖြင့် လည်း အတော်တူသည်။ သို့သော် နောက်မှပေါ်လာသော ဝတ္ထုတိုသည် ပုံပြင်နှင့် စင်စစ်အားဖြင့် မတူပေ။ ကျယ်ပြန့်သော ခွဲခြားမှုပြုသည့်အခါဝယ် ပုံပြင်သည် **ရှေးဟောင်းပညာ** ကဏ္ဍ၌ အကျုံးဝင်၍၊ ဝတ္ထုတိုသည် အနုပညာစာပေကဏ္ဍ၌ အကျုံးဝင်သည်။

ပုံပြင်သည် အပြောနှင့် ပို၍သက်ဆိုင်သည်။ ဝတ္ထုတိုသည် အရေးအသားနှင့် သက်ဆိုင်သည်။ ပုံပြောသည်၊ ဝတ္ထုရေးသည် ဟူသော စကားအသုံးအနှုန်းဖြင့် ထင်ရှားစွာ ခွဲခြားသိနိုင်သည်ဟု ဆိုရပေမည်။

စိတ်ကူးချို့ချို့

http://www.cherrythitsar.org

အပြောနှင့်အရေး ကွာခြားခြင်းသည် အခြားကွာခြားခြင်းများကို ဖြစ်ပေါ်လာစေသည်။ ပုံပြောရာတွင် နားထောင်သူက 'ဘယ်သူဟာ ဘာပြီး ဘာလုပ်သလဲ။ ဘာဖြစ်သလဲ။ နောက်တော့ ဘယ်လိုဖြစ်သွားသလဲ' စသည့် မေးခွန်းများ၏ အဖြေကိုသာ ကြားနာလိုသည်။ ပြောသူကလည်း ကြားနာလိုသည့် အကြောင်းအရာ အချက်အလက်များကို ကျေနပ်ပြေလည်အောင် ပြောပြမှလည်း သူပြောသောပုံကို နားထောင်ချင်ကြမည်ကို သိထားပြီး ဖြစ်သည်။

ပြောသည့်အခါ၌ ဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့် ရေးသည့်အခါ၌ ဖြစ်ပေါ်နေသော အခြေအနေတို့သည် ကွာခြား၏။ ပြောသူက ကြားနာသူကို ကိုယ်တွေ့ကြုံတွေ့ လျက်ရှိကာ ကြားနာသူက သူ့ပုံကို ဆက်၍ နားထောင်ချင်အောင် အမြဲတမ်း အာရုံပြု၏။ ကြားနာသူ၏ အခိုက်အတန့် စိတ်ဝင်စားမှုကို အထူးလိုလားနေသောကြောင့် ထိုအခိုက်အတန့်၌ ရရှိသော အခွင့်လမ်းကလေးကို အလဟဿ မဖြစ်အောင် ကြိုးစား ထိန်းသိမ်း အသုံးပြုရသည်။ ထို့ကြောင့် မိမိပြောပြသော ပုံကို တတ်နိုင်သလောက် အကျဉ်းချုပ်ရသည်။ ဘယ်သူက ဘာလုပ်လို့ ဘယ်လိုဖြစ်သလဲဟူသော အချက်၏ ပြယုဂ်ဖြစ်သော ဇာတ်လမ်းကို ကြားနာသူနှင့် ကြုံတွေ့သည့် အခိုက်အတန့် အချိန်တိုကလေး အတွင်းတွင် ပြည့်စုံအောင် ဖော်ပြရသည်။ ပြောသူနှင့် ကြားသူတို့ လူချင်းခွဲပြီးသည့်နောက်မှ ကြားသူက မိမိသဘောအတိုင်း တစိမ့်စမ့် တွေးတောယူသဖြင့်၊ ပြောသူမှာ မိမိ၏ ပုံပြင်တွင် ပါသော ဇာတ်ကောင်များ၏ အတ္တသဘာဝကို အချိန်ယူပြီး ဖော်ပြနိုင်ခွင့် မသာချေ။ ထို့ကြောင့် ပုံပြင်တွင် ဇာတ်လမ်းသာ အဓိကဖြစ်သည်။ ဇာတ်ကောင်သည် ဇာတ်လမ်းပေါ်လွင်လာရေးအတွက် လှုပ်ရှားပေးသော ပုဂ္ဂိုလ်မျှသာ ဖြစ်သည်။

ယင်းသို့ ဇာတ်လမ်းကို ပဓနပြုရသည့်အတွက် ဇာတ်ကောင်၏ အတ္တသဘာဝမှာ မထင်ရှားသော အဝေးနောက်ကွယ်၌ ရှိနေရလေသောကြောင့် ပုံပြင်၌ပါသော ဇာတ်ကောင်တို့သည် အရုပ်များ၊ ပုံစံများသဘော၌သာ ရှိနေကြသည်။ ယင်းတို့ အတ္တသဘာဝကို ကြားသူက နောင်အချိန်ရ အခွင့်သာခါမှ တွေးတောယူနိုင်သည်။

ဥပမာ ရှေးရှေးတုန်းက သူဌေးကြီး တစ်ယောက် ရှိတယ်။ အဲဒီ သူဌေးကြီးဟာ အင်မတန် နမြောတတ်တယ်ဟု ပုံပြောသူက ဆိုလိုက်လျှင် ကြားနာသူက ထိုဇာတ်ကောင်သည် ဘယ်လူမျိုး ဖြစ်သည်ဟူ၍ ထိုပုဂ္ဂိုလ်၏ ပုံစံကို

http://www.cherrythitsar.org

သိလိုက်ပြီးဖြစ်သည်။ သူ့ဌေးကြီး နှမြောတတ်ပုံ၊ နှမြောသော်လည်း ရက်ရော ချင်သည့်အခါ ရက်ရောနိုင်ပုံ၊ သူ့စိတ်ဓာတ်နှင့် သူ့စိတ်ထား၊ သူ့ပုံသေ ဆက် ဆံမှု အပြုအမူနှင့် ပြောင်းလဲသည့် အမူအရာ၊ သူ့ဘဝ နောက်ခံနှင့် သူ့တို့ ပြန်ချက် စသည့် အသေးစိတ်ဝေဖန် စိစစ်ချက်များကို ပုံပြောသူက ချန်လှပ် ထားခဲ့ရသည်။ အဲဒီသူ့ဌေးကြီးက ဘာလုပ်လို့ ဘယ်လို ဖြစ်သွားသလဲဟူသော ဇာတ်လမ်းနှင့်သက်ဆိုင်သည့် အမေးကိုသာ ဖြေဖို့ ကြိုးပမ်းရတော့သည်။

ကြားသူစိတ်ဝင်စားမှု တိုးပွားလေအောင် ကြံဆောင်နိုင်မှသာ မိမိ၏ ပုံပြင်ကို ဆက်၍နားထောင်မည်ကိုသိသော ပုံပြောသူသည် ဇာတ်လမ်းကို ထူးဆန်းအောင် ဖန်တီးရတော့သည်။ အချိတ်အဆက်မိအောင် ဂရုစိုက်ရ သည်။ အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်ပေါ်လာစေပြီးလျှင် ထို ပြဿနာကို ဖြေရှင်းရာ၌ မည်သို့မည်ပုံ ကြံစည်ကြိုးပမ်းဆောင်ရွက်ရသည်ဆို သော အကြောင်းကို အကွက်ဆိုက်အောင် ပြောပြတတ်မှသာ မိမိ၏ပုံပြင်ကို ကြားရသူက စိတ်ဝင်စားပေမည်။ ယင်းသို့ စိတ်ဝင်စားမှုမျိုး ရရှိမှသာလျှင် မိမိ၏ ပုံပြင်သည် အောင်မြင်၏။

ဝတ္ထုရေးသူလည်း စာရေး၍ ပြောပြသူဖြစ်သည့်အလျောက် ပုံပြောသူနှင့် မူလသဘော၌ တူပေသည်။ သို့သော် ရေးသူ၏ အခြေအနေနှင့် ရေးခြင်းအမှု ပြုရာတွင် ရှိနေသော ပတ်ဝန်းကျင်အခြေအနေတို့သည် ပြောသူ၏ အဖြစ် သနစ်နှင့် မတူပေ။ ရေးသူသည် သူနှစ်သက်ရာအရပ်၌ သူ့ဘာသာ တစ်ကိုယ် တည်း ရေးနိုင်၏။ သူ့ရှေ့တွင် ကြားနာမည့်သူ မရှိ။ သူဆိုလိုသည်တို့ကို သူ့စိတ်တိုင်းကျ ဆိုနိုင်၏။ တွေးနေနိုင်၏။ ငေးနေနိုင်၏။ ရေးပြီးသားကို ဖျက်ပစ်ပြီး အသစ် ပြန်ရေးနိုင်၏။ ပြင်ချင်သလို ပြင်နိုင်၏။ သူ့ပရိသတ် သည် သူမခြင်ရသော အရပ်တို့၌ အနံ့အပြားရှိ၏။ ပြောပြသူကဲ့သို့ ကြားနာသူ ထပြန်သွားမည်ကို စိုးရိမ်ရသည်မရှိ။ သူသည် အများနှင့် သက်ဆိုင်သည် မှန်သော်လည်း တစ်ကိုယ်တည်း သီးသန့်နေနိုင်သည်။ သူ့စိတ်ကြိုက် ပြုနိုင် သည်။ သူ့စာကို ကောက်၍ ဖတ်သူများသည် သူ့ပရိသတ်ဖြစ်သည်။ သူ့ စာကို မဖတ်သူနှင့် မည်သို့မျှ မသက်ဆိုင်။

ထို့ကြောင့် သူ့မှာ ပုံပြောသူကဲ့သို့ အသုံးတော်ခံဖို့မလို။ သူသည် အနုပညာသမားဖြစ်သည်။ အနုပညာသမားသည် တစ်ကိုယ်တည်းနေ၍ ရင် ဖွင့်နိုင်သည်။ စိတ်ဓာတ်ရှိသလောက် အနုပညာမှု ပြုစုနိုင်သည်။ ပုံပြောသူ

http://www.cherrythitsar.org

သည်ကား လူမှုဆက်ဆံရေးသမား ဖြစ်သည်။ ပရိသတ်၏ အကြိုက်ကို လိုက်မှသာ သူ့အဖို့ အောင်မြင်မှု ရနိုင်ပေမည်။

ဝတ္ထုရေးသူသည် ဝတ္ထုပြောသူ မဟုတ်။ တစ်နည်းဆိုသော ဇာတ်လမ်းပြောပြသူမဟုတ်။ သူသည် ဇာတ်လမ်းကို ပစ်ပယ်နိုင်သည်ဟု မဆိုသော်ငြားလည်း သူ့အဖို့ ဇာတ်လမ်းသည် ပဓာနမဟုတ်။ သူသည် လူ့ဘဝကို အဓိပ္ပာယ် ဖော်ထုတ်သူဖြစ်သည်။ သူ့ဝတ္ထုသည် လူ့အကြောင်းကို ထူးခြားစွာ ဖော်ပြသော စာတစ်ပုဒ်ဖြစ်သည်။ သူ့အဖို့ ဇာတ်ကောင်သည်သာလျှင် ပဓာန ဖြစ်၏။ ဇာတ်ကောင်သည် လူဖြစ်၏။ လူ့သဘာဝနှင့် လူ့စရိုက် အထွေထွေကို သာဓကပြုသောလူ ဖြစ်၏။ လူ၏ အမွန်မြတ်ဆုံး၊ အသိမ်မွေ့ဆုံး ရုပ်ပစ္စည်းဖြစ်သည့် စိတ်ကို သရုပ်ဆောင်ဖို့ ကြိုးပမ်းမှုကို ဝတ္ထုရေးခြင်းဖြင့် ပြုပေသည်။ ဇာတ်ကောင်သည် မိမိ၏ အတ္တသဘာဝအလျောက် အခြေအနေအရ လှုပ်ရှား၏။ ထို လှုပ်ရှားမှုပင်လျှင် ဇာတ်လမ်းဖြစ်လေသည်။ ဇာတ်လမ်းသည် ဇာတ်ကောင်(သို့မဟုတ် ဇာတ်ကောင်တို့)၏ခြေလှမ်းတွင် ပါသွားသည်။

တွက်နည်းတစ်မျိုးနှင့် တွက်စစ်ကြည့်လိုက်သော် ပုံပြင်သည် ဇာတ်လမ်းကို မူတည်သည်။ လိုအပ်သော အချက်အလက်ကို ဖော်ထုတ်နိုင်ရန် ဇာတ်ကွက်ဆင်ထား၏။ ဇာတ်ကောင်သည် ချထားသော ဇာတ်လမ်းအတိုင်း လိုက်ရသည်။ ကျားကွက်တွင် အရွေ့ခံနေရသော ကျားနှင့်တူ၏။ ဝတ္ထု(ဝတ္ထုတို)သည် ဇာတ်ကောင်ကို အားပြု၏။ ဇာတ်ကောင်၏ အတ္တသဘာဝအလျောက် ပတ်ဝန်းကျင် အခြေအနေအရ လှုပ်ရှားမှုများကို ဖော်ပြခြင်းဖြင့် ဝတ္ထုအဖြစ်သို့ ရောက်စေသည်။ ပုံပြင်သည် လူ့ဘဝနှင့် လူစရိုက်တို့ကို အပေါ်ယံအကြမ်းဖျင်း၍ ဖော်ပြသည်။ ဝတ္ထုသည် ယင်းတို့ကို အတွင်းနှိုက်၍ လေးနက်စွာ သရုပ်ဖော်သည်။ ပုံပြင်၌ အစဉ်အလာ ဆိုရိုးစကားတစ်ခုခုကို ဥပဒေသအဖြစ် တင်ပြသည်။ ဝတ္ထု၌ ဥပဒေသ တင်ပြမှု မရှိ။ ဖတ်သူသဘောအလျောက် ဆင်ခြင်တွေးတောလိုလျှင် တွေးတောနိုင်သည်။

ယခု ဖော်ပြသော **ဖူးစာကံ** ဝတ္ထုတိုတွင် **'နတ်ရေးတဲ့ ဖူးစာ လူပြင်ရာမခံ'**ဟူသော ဆိုရိုးစကားကို ဥပဒေသအဖြစ် တင်ပြထားသည်။ ထိုအချက်ကို ပေါ်လွင်လာစေရန် အကြောင်းအရာများ ဖန်တီးပေးသည်။ တစ်နည်းဆိုသော် ဇာတ်ကွက်များချ၍ ဇာတ်လမ်းဆင်ပေးသည်။ ကိုယ်ကာယ အတွေ့အထိမှ ပေါက်ပွားလာသော အချစ်ကို ပဓာန ပြုထားသည်။ လူသားမန်တို့၏ မိရိုးဖလာ အယူအဆတစ်ခုကို ဖော်ပြခြင်းဖြစ်၏။

http://www.cherrythitsar.org

ဝတ္ထုအဆုံးသတ်၌ ဖော်ပြထားသော တရားသူကြီး၏ စီရင်ချက်သည် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ တရားသူကြီးသည် လက်တွေ့သုံးသပ်မှုကို ပြု၍ ထို စီရင်ချက်ကို ချမှတ်လိုက်လေသည်။ ညားပြီးသား မောင်ယူလန်နှင့် မမြော်မြင်တို့ကို ပေးစားလိုက်ခြင်းသည် လူမှုရေး၌ အဆင်ပြေစေသည်။ မောင်ယူလန်နှင့် စေ့စပ်ထားသော သူငယ်မကို မမြော်မြင်၏ အစ်ကိုနှင့် ပေးစားလိုက်ခြင်းသည် အလဲအလှယ်သဘောမျိုးဖြစ်၍ လက်တွေ့သဘောအားဖြင့် မှန်သည်ဟု ယူဆနိုင်၏။ ဦးပဲ၏သားကို မပုလဲနှင့် ပေးစားလိုက်ခြင်းမှာလည်း မောင်ယူလန်က ဦးပဲ၏သားအား သူ့နှမကို လျော်ကြေးအဖြစ် ပေးရာရောက်သွားသည်။ လက်တွေ့သဘောအားဖြင့် မှန်သည်ဟု ဆိုရပေမည်။ ဆိုလိုရင်းမှာ ရှေးခေတ် တရားသူကြီးများ၌ လက်တွေ့ဆင်ခြင်သုံးသပ်မှုတည်းဟူသော ပညာမျိုးဖြင့် ပြည့်စုံကြောင်း၊ ထို့ကြောင့် လူမှုရေးရာ အဖြာဖြာတွင် ဆုံးဖြတ်စီရင်နိုင်သော သတ္တိရှိကြောင်းပင်တည်း။

ပုံပြင်နှင့် ဝတ္ထုတို့သည် မြင်တတ်သူတို့အဖို့၌သာ ကွဲပြားခြားနား၏။ သာမန် အမြင်ရှိသူတို့အဖို့ အတူတူလိုပင် ဖြစ်လေတော့သည်။ ထို့ကြောင့် များစွာသော ဝတ္ထုရေးဆရာတို့သည် မိမိတို့ဝတ္ထုတို့များကို **'ပုံပြင်များ'** ဟု အကြမ်းဖျင်း၍ ခေါ်လေ့ရှိကြ၏။ ပုံပြင်သည် ဝတ္ထုတို့ထက်ပို၍ ကျယ်ပြန့်သော ဝေါဟာရဖြစ်ကြောင်း ထင်ရှားလှပေသည်။

http://www.cherrythitsar.org

http://www.cherrythitsar.org

၄။ ချစ်တုံမပြန်

(ကမ္ဘာကျော် ပန်းချီဆရာကြီး ဗင်းဆင့်ဗင်ဂိုး၏ ဘဝတစ်ပိုင်း ဝတ္ထု)

"မွန် စီယာ ဗင်ဂိုး အိပ်ရာထချိန် ရောက်ပြီ" ဗင်ဂိုးသည် အာဆူလာ၏။ အန္ဒိုးကို စောင့်နေသည်။

"နိုးနေပါပြီ အာဆူလာရယ်"ဟု သူက ပြန်ပြောလိုက်သည်။

"မွန်စီယာဗင်ဂိုး၊ စာပို့သမားတစ်ယောက်က စာတစ်စောင် ပေးသွားတယ်" ဟု အာဆူလာက သူ့အခန်းတံခါးကို ခေါက်၍ ဆိုပြန်လေသည်။

အာဆူလာ ကမ်းသွားသော စာအိတ်ကို ကြည့်လိုက်ရာ၊ သူ့မိခင်၏ လက်ရေးကို တွေ့ရသည်။

ဗင်ဂိုးသည် ချမ်းလွန်း၍ စာကို ချက်ချင်း မဖောက်သေးဘဲ ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။ ဂူပစ် ပန်းချီဆိုင်တွင် နံနက်ပိုင်း အလုပ်ပါးချိန်ကျခါမှ ဖတ်မည်ဟု ရည်ရွယ်သည်။ သူသည် ဆံပင်နီနီရဲရဲကို လှန်၍ ဖြီးလိုက်ပြီးလျှင် ကော်လာအနိမ့်နှင့် လည်စည်းနက် တပ်သော အင်္ကျီဖြူကို ဝတ်လျက် နံနက်စာစားရန် အိမ်အောက်သို့ ဆင်းလာလေသည်။ နံနက်စာ စားပွဲတွင် သူသည် အာဆူလာ၏ ကြိုဆိုလျက်ရှိသော အပြုံးကို တွေ့ရသည်။

http://www.cherrythitsar.org

အာဆူလာနှင့် ကွယ်လွန်သူ သင်းအုပ်ဆရာကြီး၏ ဇနီးဖြစ်သော သူ့မိခင်တို့သည် ဥယျာဉ်ထဲရှိ အိမ်ငယ်တစ်ဆောင်တွင် ကလေးများအဖို့ ကျောင်းကလေး ထောင်ထားကြသည်။ အာဆူလာမှာ အသက် တစ်ဆယ့်ကိုးနှစ်အရွယ်ရှိသော မျက်လုံးပြူးနှင့်အပြုံးမယ်ကလေးဖြစ်ပေသည်။

ဗင်ဂိုး စားသောက်နေစဉ် အာသွက်သွက်နှင့် စကားပြော၍ ဧည့်ခံရင်း ဗင်ဂိုးလိုသည့် အစားအသောက်တို့ကို ခူးခပ်ပြင်ဆင် ပေးလေသည်။ ဗင်ဂိုးမှာ အသက် နှစ်ဆယ့်တစ်နှစ် ရှိလေပြီ။ ထို အကြိမ်သည် သူ့အဖို့ ပထမအကြိမ် ချစ်ခြင်းဖြစ်၏။

အာဆူလာသည် နှုတ်ခမ်းကလေးများကို လျှာနှင့်တို့၍ တံတွေးဆွတ်ပြီးလျှင် "ရှင့်ပန်းပင်ကလေး ပေါက်လာပြီ။ ရှင် အလုပ်မဆင်းခင် ကြည့်သွားပါဦးလား"ဟု ဆိုလေသည်။

"အင်း မင်း ငါ့ကို ပြမလား"ဟု ဗင်ဂိုး ပြန်မေးလိုက်သည်။

ဗင်ဂိုးသည် စကားပြောလျှင် ခပ်ဆွဲဆွဲ ဖြစ်သည်။ သူ့အမူအရာမှာ သူ့ကိုယ်ကာယနည်းတူပင် လေးကန်လှချေသည်။

သူသည် လွန်ခဲ့သည့်ရက် အနည်းငယ်က ပေါ်ပေါက်ပန်းကလေးများ အစေ့ကြဲ၍ စိုက်ခဲ့သည်။ ယခု ပန်းပင်ကလေးများ ပေါက်လာလေပြီ။ သူသည် အာဆူလာနှင့် ယှဉ်၍ ဆောင့်ကြောင့်ထိုင်ကာ ပန်းပင်ကလေးများကို ငုံ့ကြည့်လေရာ၊ သူတို့နှစ်ယောက်၏ ဦးခေါင်းများသည် ထိလုခမန်း ဖြစ်နေသည်။

"အာဆူလာ"ဟု သူက ခေါ်လိုက်သည်။

"ဟင်"ဟု အာဆူလာက ခေါင်းမော့၍ သူ့ကို ပြုံးရင်းမေးလိုက်သည်။

"ကျုပ်၊ ကျုပ် ဟိုဒင်း၊ ဟိုဟာ"

"အို ဘုရားရေ။ ရှင်ကလဲ ထစ်ထစ်ငေါငေါနဲ့ ဘာများပြောချင်တာလဲ"ဟု ဆိုကာ အာဆူလာသည် ထိုင်နေရာမှ ရုတ်တရက် ထ, လိုက်ပြီးလျှင် "အလုပ်ဆင်းဖို့ အချိန်တန်ပြီလေ"ဟု ဆိုလိုက်လေသည်။

'အချိန်ရှိပါသေးတယ်'ဟု ဗင်ဂိုးက ဆိုလေသည်။

❖ ❖ ❖

http://www.cherrythitsar.org

အာဆူလာက "ရှင် ပေးမယ်ဆိုတဲ့ အရုပ်ကားကော ဘယ်မှာလဲ" ဟု မေးလိုက်သည်။

"ဆီဇာဒီကော့ရဲ့ ပန်းချီကား တစ်ပုံကို ပန်းချီဆရာကြီး ကိုယ်တိုင် လက်မှတ်ထိုးပေးလိုက်ဖို့ ပဲရစ်မြို့ကို ပို့လိုက်ပါပြီ"

"အို သိပ်နိပ်တာပဲ"

အာဆူလာသည် သူ့ကို ပြုံးပြလေသည်။ သူ့အပြုံးကလေးမှာ နူတ်ခမ်းမှသာ လာသည်မဟုတ်။ မျက်လုံးကလေးများကလည်း လာပေသည်။ အာဆူလာသည် ပြောပြောဆိုဆိုနှင့် ထွက်သွားမည် အပြုတွင် ဗင်ဂိုးက သူ့လက်ကို ဆွဲထားလိုက်သည်။ သူက အတင်းရုန်း၍ လွတ်သွားရာ အိမ်ထဲသို့ ဝင်ပြေးလေသည်။

ဗင်ဂိုးသည် ဦးထုပ်မြင့်ကြီးကို ဆောင်း၍ လက်စွပ်အိတ်ကို ကောက်ယူပြီးလျှင် ကလက်ဟင်လမ်းသို့ သွက်လက်စွာ လျှောက်သွားလေသည်။

အချိန်မှာ (၈)နာရီ(၁၅)မိနစ်မျှသာရှိသေးသည်။ ဂူပစ် ပန်းချီဆိုင်သို့ (၉)နာရီထက်စောလို့ ရောက်ရန်မလိုချေ။ ဗင်ဂိုးမှာ လမ်းလျှောက်မြန်သူ ဖြစ်သဖြင့် အိမ်များနှင့် အလုပ်ဆင်းသော ဆိုင်ရောင်းသမားများကို လမ်းတွင်ဖြတ်ကျော်၍ လျှောက်သွားလေသည်။ သူ့စိတ်၌ အားလုံးသော သတ္တဝါတို့အပေါ်တွင် နှစ်လိုသောဆန္ဒ ရှိပေသည်။

သူသည် သိမ်းမြစ်ကမ်းတစ်လျှောက်မှ ဝက်စ်မင်စကား တံတားကြီးကို ဖြတ်ကျော်ပြီးလျှင် ဝက်စ်မင်စတား ဘုရားရှိခိုးကျောင်းနှင့် လွတ်တော် အဆောက်အအုံတို့ကို ကျော်၍ ကမ်းနားဘက် ဆောက်သမ်ပတန်လမ်းထဲရှိ အမှတ်(၁၇)ထဲသို့ ဝင်သွားသည်။ ထိုနေရာမှာ ဂူပစ်ကုမ္ပဏီ လန်ဒန်ဆိုင်ခွဲတည်ရာ ဖြစ်သည်။

"ခင်ဗျားဖို့ အထုပ်တစ်ထုပ်ရောက်နေတယ်" ဟု စာရေးတစ်ယောက်က လှမ်းပြောလိုက်သည်။

ဆိုင်ရှေ့ပိုင်း၌ ပန်းချီကျော်များ၏ လက်ရာကားချပ်များ လှပသပ်ရပ်စွာ ပြထားသည်။ ထို ခန်းမကြီးအနီးတွင် ပန်းပြောက်များ၊ ကျောက်ရုပ်

http://www.cherrythitsar.org

များထားသည်။ တတိယခန်းသည် ပန်းချီကားများ အရောင်းအဝယ်ပြုလုပ်ရာ ဌာန ဖြစ်သည်။

ဗင်ဂိုးသည် သူရောင်းနေသော ပစ္စည်းများမှာ စင်စစ်အားဖြင့် တန်ဖိုး မရှိလှကြောင်း သိသည်။ ပန်းချီကားများ ဝယ်လာသူတို့သည် များသောအားဖြင့် အနုပညာအကြောင်း နကန်းတစ်လုံးမျှ သိသူများ မဟုတ်ချေ။ သူတို့သည် တန်ဖိုးမရှိသော ပစ္စည်းများကို အဖိုးကြီးပေး၍ ဝယ်နေကြ၏။ ဗင်ဂိုးမှာ ထိုအချက်ကို တွေးမိတိုင်း စိတ်မသက်သာ ဖြစ်သော်လည်း 'ဒါ ငါ့အလုပ်မှ မဟုတ်ဘဲ' ဟု မိမိနှင့် မဆိုင်သလို သဘောထားလိုက်ရ တော့သည်။ သူသည် လခစား ဆိုင်ရောင်းသမား ဖြစ်လေရာ အရောင်းရ တွင်ကျယ်အောင် ကြိုးစားဖို့သာ သူ့အဖို့ လိုသည်။

သူသည် ပဲရစ်မြို့ ပန်းချီဆိုင်ခွဲမှ ရောက်လာသောအထုပ်ကို ဖြေကြည့်သည်။ အထုပ်ထဲတွင် ပန်းချီဆရာကြီး ဆီဇာဒီကော့က ကားပေါ်တွင် လက်မှတ်ထိုး၍ ပို့လိုက်သောသူ့အဖို့ လက်ဆောင် ပန်းချီကားချပ်ကြီး ဖြစ်သည်။ "ဗင်းဆင့်နှင့် အာဆူလာလွိုင်းယားတို့သို့။ ငါ၏ မိတ်ဆွေများမှာ ငါ့မိတ်ဆွေများသာတည်း' ဟူ၍ ကမ္ဘည်း ထိုးထားသည်။

"ဒီပန်းချီကားကိုပေးရင်း ငါ သူ့အချစ်ကို တောင်းမယ်။ ငါလဲ အခုရက် အတွင်းမှာပဲ အသက် ၂၂နှစ် ရှိတော့မယ်။ လခလဲ ငါးပေါင်ရပြီ။ စောင့်နေဖို့ မလိုတော့ဘူး" ဟု ဗင်းစင့်(ဗင်ဂိုး)က တစ်ကိုယ်တည်း တီးတိုးဆိုလေသည်။

ဂူပစ် ပန်းချီဆိုင်၌ အချိန်သည် ကုန်လွယ်လှတော့၏။ သူသည် တစ်နေ့လျှင် ပျမ်းမျှခြင်းအားဖြင့် ပန်းချီကားချပ် ငါးဆယ်လောက် ရောင်းပေးသည်။ သူသည် ပန်းချီကားချပ်များကို မရောင်းလို။ ဆီဆေးကားများနှင့် ပန်းပြောက်များကိုသာ ရောင်းပေးလို၏။ သို့ရာတွင် ပုံရိုက်ပန်းချီကားများက ပို၍ရောင်းရသည်။ သူသည် သူ့ဘဝကို ကျေနပ်နေသည်။ သူ့အဖော် ဆိုင်စာရေးများကို နှစ်သက်ခင်မင်၏။ သူတို့တစ်တွေ

http://www.cherrythitsar.org

သည် ဥရောပတိုက် အရေးကိစ္စများကို အားရရွှင်လန်းစွာ ပြောဆိုနေကြလေသည်။

ဗင်းဆင့်မှာ ငယ်ရွယ်သူတစ်ဦး ဖြစ်သော်လည်း ရောထွေး ယှက်တင်နေလိုသော ဆန္ဒမရှိပေ။ ထို့ကြောင့်သူများက သူ့ကိုခပ်ကြောင်ကြောင်ပဲဟု ထင်ကြသည်။ သို့ရာတွင် အာဆူလာကြောင့် ဗင်းဆင့်သည် အနေပြောင်း၏။ သူသည် အာဆူလာကို ချစ်ကတည်းက လူတောသူတောတိုးလိုသည်။ ယခင်က သူ့ဘာသာသူ နေတတ်သော်လည်း ယခု အာဆူလာကို အကြောင်းပြုပြီးလျှင် သူသည် သာမန်လူတို့ အနေအထိုင်မျိုးဌ နေလာတတ်ပေပြီ။

ညနေ ခြောက်နာရီဆိုင်ပိတ်၍ ပြန်မည်အပြုတွင် မန်နေဂျာမစ္စတာ အောဘတ်က ဗင်းဆင့်အား လှမ်းခေါ်၍ "ဟေ့ မင်းဦးလေး ဗင်ဂိုးဆီက စာတစ်စောင်ရတယ်။ မင်းဘယ်လိုနေသလဲဆိုတာ သိချင်တယ်တဲ့။ ငါက မင်းဟာအကောင်းဆုံး ဆိုင်ရောင်းစာရေး တစ်ယောက်ပါပဲလို့ ပြန်လိုက်တယ်"ဟု ဆိုသည်။

"ဒီလို ပြန်လိုက်တာ ဝမ်းသာ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ကိစ္စမရှိပါဘူးကွာ။ နွေရာသီ အလုပ်ပိတ်ပြီးတဲ့နောက် မင်းကို နောက်ခန်းကို မထားတော့ဘူး။ ပန်းပြောက်နဲ့ ကျောက်ရုပ်ထုဌာနကို ပြောင်းပေးမယ်"

"ဒီလို အရာတိုးပေးတာ ကျွန်တော့်အဖို့ အခုလို အခိုက်အခါမှာ အင်မတန် ဟန်ကျနေတာပဲ။ ကျွန်တော်၊ ကျွန်တော် အိမ်ထောင်ပြုတော့မလို့ခင်ဗျ"

"ဟေ ဟုတ်လား။ ဝမ်းသာစရာသတင်းပဲဟေ့။ ဘယ်တော့လဲ"

"ဒီနေ့မှာပဲ ဖြစ်ပါလိမ့်မယ်"ဟု ဗင့်ဆင့်က ပြန်ပြောလိုက်သည်။

"ကောင်းပါလေ့မောင်ရာ။ မင်းဒီနှစ်ဦးက လခတိုးတယ် မဟုတ်လား။ အင်း၊ မင်းမင်္ဂလာခရီးက ပြန်လာတော့လဲ လခ တိုးရစေဦးမှာပေါ့ကွာ"

❖ ❖ ❖

http://www.cherrythitsar.org

ညစာစားပြီးသည့်အတွက် ကုလားထိုင်ကို နောက်သို့ တွန်းလိုက်ပြီး လျှင် ဗင်းဆင့်က "အာဆူလာ ကျုပ်ခင်ဗျားဖို့ အရုပ်ကား သွားယူချေဦး မယ်"ဟု ဆိုသည်။

အာဆူလာသည် စိမ်းညိုညိုအရောင်ရှိသော ခေတ်ဆန်ဆန် အဝတ် ကို ဝတ်ထားသည်။ "ပန်းချီဆရာကြီးက ကျွန်မအတွက် ခပ်ကောင်း ကောင်း ကမ္ဘည်း ထိုးပေးလိုက်သလား"ဟု သူက ဗင်းဆင့်ကို မေးလိုက် သည်။

"ထိုးပေးလိုက်ပါတယ်။ မီးအိမ်သာယူပေးပါ။ ကျုပ် သူငယ်တန်းအခန်း ထဲမှာ သွားချိတ်ပေးပါ့မယ်"

အာဆူလာသည် နမ်းစုပ်ချစ်ရာ ကောင်းအောင် နှုတ်ခမ်းကလေး ကို စူပြီးလျှင် ဗင်းဆင့်ကို ဘေးစောင်းကြည့်သည်။ "နေပါဦးလေ၊ အခု မေမေ့ကို ကူသိမ်းပေးရပါဦးမယ်။ နာရီဝက်လောက်တော့ စောင့်ဦးပေါ့"

ဗင်းဆင့်သည် မှန်တင်ခုံပေါ်တွင် လက်တင်ပြီးလျှင် သူ့မျက်နှာ ကို မှန်ထဲတွင် ကြည့်လိုက်သည်။ သူသည် သူ့တိုင်းပြည် (ဟော်လန် ပြည်) ၌ သူ့ရုပ်ရည်ကို မည်သည့်အခါကမျှ မှန်တွင် ဂရုတစိုက် မကြည့် မိချေ။ သူ့ရုပ်ရည်သည် သူ့အဖို့ အရေးမကြီးခဲ့ပေ။

ယခု သူ့ရုပ်ရည်ကို သူ သေချာစွာကြည့်လိုက်သောအခါ သူ့မျက်နှာ နှင့် ဦးခေါင်းတို့မှာ အင်္ဂလိပ်တို့၏မျက်နှာနှင့် ဦးခေါင်းတို့ထက် ပို၍ ကြီးကြောင်း သတိမူမိသည်။ သူ့မျက်တွင်းများ ချိုင့်၏။ နှာတံချွန်၏။ နှာ ခေါင်းကြီးလွန်း ပေါ်လွန်းလှချေသည်။ နဖူးကျယ်၍မောက်သည်။ မျက်ခုံး များ တစ်ခုနှင့်တစ်ခု ဝေးလွန်းလှသည်။ သူ့ပါးစပ်မှာမူ ပါးလျားပေ သည်။ မေးရိုးကြီးသည်။ ဒပ်(ချ)လူမျိုးတို့မှာ မေရိုး ကြီးတတ်သဖြင့် သူသည် ဒပ်(ချ)လူမျိုး ပီသပေသည်။

ဗင်းဆင့်မှာ စည်းကမ်းကြီးသော မိဘများ၏ အုပ်ထိန်းမှုဖြင့် ကြီး ပြင်း လာရလေသည်။ သူသည် အာဆူလာနှင့် မတွေ့မိက မည်သည့် မိန်းမပျိုကိုမှ မချစ်ကြိုက်ဖူးချေ။ မိန်းကလေးများနှင့် ပရောပရည် ပြော လားဆိုလားမျှပင် မပြုဖူးခဲ့ပေ။ သူသည် အတွေးသမား သက်သက်သာ

http://www.cherrythitsar.org

ဖြစ်သည်။ အာဆူလာကို မြတ်နိုးခြင်းမျှသာ ဖြစ်သည်။ တစ်ခါမျှလည်း အချစ်နှင့် မကြုံတွေ့ဖူးသော အစိမ်းသက်သက်ပင်တည်း။

သူသည် လက်ပတ်နာရီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ငါး မိနစ်မျှသာ ကြာသေးသည်။ အာဆူလာချိန်းထားသည့်အချိန်နှင့် (၂၅) မိနစ် လိုနေသေးသည်။ ထို(၂၅)မိနစ်မှာ သူ့အဖို့ မကုန်ဆုံးနိုင်သော ကာလကြီးဖြစ်နေတော့၏။ သူသည် စက္ကူကတ်ကိုထုတ်၍ သူ့မိခင်၏ စာနှင့်အတူပါလာသော သူ့အစ်ကို သီအို၏စာကို ဖြည်းဖြည်း ပြန်၍ ဖတ်နေသည်။

ထို့နောက်စာရွက်အချို့ကိုယူ၍ စာအုပ်တစ်အုပ်ပေါ်တွင် တင်လျက် သီအိုထံ ပြန်စာရေးလေသည်။ ထို့နောက် မှန်တင်ခုံ အပေါ်အံဆွဲမှ သူရေး ခြစ်ထားသော သိမ်းမြစ်ကမ်းခြေ အကြမ်းဆွဲပုံအချို့ကို ထုတ်၍ စာနှင့် အတူ သီအို့ထံပို့ရန် စာအိတ်ကြီးတစ်ခုထဲသို့ သွတ်သွင်း နေလေသည်။

"အလို၊ ဘုရားရေ။ ငါ အာဆူလာနဲ့ ချိန်းထားတာ လုံးလုံးမေ့နေ ပါပကော"ဟု အံ့အားသင့်စွာ ဆိုလိုက်သည်။

သူသည် နာရီကို ကြည့်လိုက်ရာ ချိန်းထားသည့်နာရီဝက်မှ (၁၅) မိနစ်ကျော်လွန်နေပြီဖြစ်ကြောင်း သိရသဖြင့် သူ့ဆံပင် နီကြန်ကြန်ကောက် တောက်တောက်ကို ဘီးနှင့် ဖြီးပြီးလျှင် ဆီဇာကော့၏ ပန်းချီကားကို ဆွဲယူကာ အလျင်စလို တံခါးဖွင့်လိုက်လေသည်။

ဧည့်ခန်းသို့ ရောက်သည့်အခါ အာဆူလာက "ရှင် ကျွန်မကို မေ့နေ ပြီလားလို့။ ကျွန်မဖို့ အရုပ်ကား ယူလာခဲ့သလား။ ကြည့်စမ်းပါရစေ ရှင်"ဟု သူငယ်တန်းကလေးများအဖို့ စက္ကူရုပ်ကလေးများ ကော်ကပ် ရင်း မေးလိုက်သည်။

"မင်း မကြည့်ခင် ချိတ်ထားချင်တယ်။ မီးအိမ် ရှိသလား"

ဗင်းဆင့်သည် မီးဖိုချောင်မှ မီးအိမ်ယူပြီး ပြန်လာရာတွင် အာဆူလာ က သူ့လည်ပင်းဝကို စည်းပေးဖို့ ပိုးလည်ပတ်ပြာကလေး လှမ်းပေးလိုက်

http://www.cherrythitsar.org

သည်။ ဗင်းဆင့်သည် နူးညံ့သော ပိုးသား၏ အတွေ့ကြောင့် ကျေနပ်မှ သွားသည်။ ဥယျာဉ်ထဲမှ ပန်းနုံသည်လည်း သင်းလှပေသည်။

သူငယ်တန်း အခန်းရှိရာသို့ မှောင်မည်းသော လမ်းကလေးမှ သွားကြရာတွင် အာဆူလာက သူ့အပြင် အင်္ကျီလက်တစ်ဖက်ကို သူ့ လက် ချောင်းကလေးများဖြင့် ဆုပ်ကိုင်လျက် သူနှင့်ကပ်၍ လိုက်သွားလေ သည်။ လမ်းတွင် ခလုတ်တိုက်မိရာ ဗင်းဆင့်၏ လက်မောင်းကို ဆွဲဖက် လိုက်ရသဖြင့် အာဆူလာသည် တဟီးဟီး ရယ်မောလေသည်။

ဗင်းဆင့်သည် သူငယ်တန်း အခန်းတံခါးကို ဖွင့်၍ တံခါးရွက်ကို ကိုင်ပေးရာ အာဆူလာက တိုး၍ ဝင်ရသဖြင့် သူ့ မျက်နှာကလေးနှင့် ဗင်းဆင့်၏ မျက်နှာ ပွတ်မိသွားလေသည်။ ယင်းသို့ ပွတ်မိသွားသည်တွင် အာဆူလာက ဗင်းဆင့်အား စိုက်၍ ကြည့်လိုက်လေရာ ဗင်းဆင့်အဖို့ သူ မကြာခင်မေးမည့် မေးခွန်းအတွက် အာဆူလာ့ထံမှ အဖြေရနှင့်ပြီး ရှိ သကဲ့သို့ အောက်မေ့မိတော့သည်။

ဗင်းဆင့်သည် မီးအိမ်ကို စားပွဲပေါ်တွင် တင်ပြီးလျှင် "အရုပ်ကား ကို ဘယ်နေရာမှာ ချိတ်စေချင်သလဲ"ဟု မေးလိုက်သည်။

"ကျွန်မ ခုံပေါ်တည့်တည့်ဆိုရင် မကောင်းဘူးလား ဟင်"

ဗင်းဆင့်နှင့် အာဆူလာတို့သည် အရုပ်ကားချိတ်ရန်နေရာ ခန့်မှန်းရာဖွေရင်း နှစ်ယောက်သား ယှဉ်၍ ရပ်နေကြသည်။ ဗင်းဆင့် သည် တုန်လှုပ်နေသဖြင့် နံရံတွင် သံရိုက်တိုင်း သံများပြုတ်ထွက်၍ချည်း သွားလေသည်။ အာဆူလာက အသံအေးအေးနှင့်ရယ်၍ "နေစမ်းပါဦး။ ကျွန်မ လုပ်ပါ့မယ်။ လူ့ကိုက တုန်ချည့်ချည့်နဲ့"ဟု ဆိုလေသည်။

အာဆူလာသည် လက်ကလေးနှစ်ဖက် မြှောက်၍ ကျင်လည်စွာ သံရိုက်လေသည်။ သူသည် သွက်လက်လှ၏။ သူ့အမူအရာမှာ သိပ်သည်း ၍ ကျက်သရေ ရှိလှပေသည်။ ဗင်းဆင့်သည် မီးရောင်မှိန်တွင် သူ့ကိုယ် ကလေးကို သိမ်းကျုံးဖက်ပြီးလျှင် ပြောရမှာ ခက်နေသော အကြောင်းကို တစ်ခါတည်း အပြီးအပိုင် ပြောလိုက်ချင်လှတော့၏။ သို့ရာတွင် အာဆူလာ ၏ အနေအထားမှာ သိမ်းကျုံးပွေ့ဖက်လိုက်၍ ရသော အနေအထား

http://www.cherrythitsar.org

မဟုတ်ချေ။ သူသည် မီးအိမ်ကို မြှောက်ပေးသည်။ အာဆူလာလည်း ဆီဇာဒီကော့ ရေးလိုက်သော ကမ္ဘည်းကိုဖတ်၍ နှစ်သက်အားရနေသည်။ အားရလွန်း၍ လက်ခုပ်ကလေး တီးလိုက်ရာ ကုလားထိုင်ပေါ်မှ နောက်လန်ကျတော့မည်ကဲ့သို့ ဖြစ်သွား၏။ သို့သော် လျင်မြန်စွာ သူ့ကိုယ်သူ မတ်လိုက်ပြီး လန်မကျတော့သဖြင့် ဖမ်းဖက်လိုက်မည့်ဟန်ပြင်နေသော ဗင်းဆင့်အဖို့ ကောသွားလေတော့သည်။

"ဒီလိုဆိုတော့ ဒီပန်းချီဆရာကြီးဟာ ကျွန်မရဲ့ မိတ်ဆွေဖြစ်သွားတာပေါ့။ ကျွန်မတော့ ပန်းချီဆရာနဲ့ အသိဖြစ်ရတာ သိပ်သဘောကျတာပဲ"

ဗင်းဆင့်က နှစ်လိုဖွယ် စကားတစ်ခွန်းကို ကြိုးပမ်း၍ ဆိုလိုက်၏။ သူဖွင့်ဟပြောမည့် စကား၏ ပဏာမစကားဖြစ်စေလိုသော သဘောနှင့် ဆိုလိုက်ခြင်းပင် ဖြစ်သည်။ အာဆူလာသည် သူ့ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။ သူ့မျက်နှာလေးမှာ တစ်ဖက်လင်း တစ်ဖက်မှောင် ဖြစ်နေလေသည်။ မီးရောင်ကြောင့် သူ့မျက်နက်ကလေးများသည် စိန်ပွင့်ငယ် နှစ်လုံးပမာ တောက်ပြောင် နေတော့သည်။ သူ့မျက်နှာသွယ်ကလေးမှာ ပတ်ဝန်းကျင် အမှောင်ကြားတွင် ထင်းထင်းပေါ်လျက်ရှိသည်။ သူ့နှုတ်ခမ်းနီကလေးများသည် သူ့ဖြူဖွေးသောမျက်နှာတွင် ထင်ရှားပေါ်လွင် နေပေသည်။

ထိုအခိုက်တွင် အဓိပ္ပာယ်လေးနက်သော ငြိမ်သက်ခြင်းရှိနေ၏။ သူဆွတ်လျှင် ညှစ်မည့်ဟန် ရှိလေသည်။ သူကသာ သိပြီးသား အချစ်စကားကို ဆိုလိုက်ဖို့ လိုတော့သည်။ အာဆူလာကမူ စောင့်ဆိုင်းလျက်ရှိလေပြီ။ ဗင်းဆင့်သည် သူ၏ ခြောက်သွေ့နေသော နှုတ်ခမ်းများကို လျှာနှင့် တို့ကာ အခါခါ ပြင်၍နေ၏။ ထိုအခိုက်တွင် အာဆူလာသည် သူ့ကို စိုက်၍ ကြည့်ပြီးလျှင် အခန်းထဲမှ ထွက်ပြေးလေသည်။

သူ့အခွင့်အခါ လွတ်သွားမည်ကို စိုးရိမ်ကြီးစွာဖြင့် ဗင်းဆင့်သည် အာဆူလာ၏ နောက်သို့ ပြေးလိုက်သည်။ အာဆူလာသည် ပန်းသီးပင်အောက်တွင် ခဏမျှ ရပ်နေသည်။

http://www.cherrythitsar.org

"အာဆူလာ၊ နေစမ်းပါဦး"

အာဆူလာသည် သူ့ကို ကြည့်လိုက်သည်။ ချမ်း၍ ပခုံးကလေး တွန့်သွားသည်။ ကြယ်ကလေးများ ထွက်လျက်ရှိသော်လည်း ညဉ့်မှာ မှောင်လှ၏။ ဗင်းဆင့်သည် မီးအိမ်ကို သူငယ်တန်း အခန်းထဲတွင် ထားခဲ့သည်။ ခပ်လှမ်းလှမ်းတွင် မီးဖိုချောင်မှ အလင်းရောင်ရှိသည်။ အာဆူလာ၏ ဆံပင်မှ ရနံ့သင်းလျက်ရှိ၏။ အာဆူလာသည် ပိုးစောင်ကလေးကို ဆွဲ၍ ခပ်ကျပ်ကျပ် ခြုံထားလိုက်သည်။ သူ့လက်ကလေး နှစ်ဖက်ကို သူ့ရင်ခွင်တွင် ပိုက်လျက်ရှိ၏။

"ချမ်းသလား"

"အင်း၊ လာ အိမ်ထဲဝင်ကြရအောင်"

"နေပါဦး၊ တစ်ဆိတ်လောက်။ ကျုပ်"ဟု ဆိုကာ ဗင်ဂိုးသည် သူ့ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။ အာဆူလာလည်း သူ့မေးကလေးကို ပိုးစောင်နှင့်ထိအောင်ငုံပြီး ဗင်ဂိုးအား အံ့အားသင့်သော မျက်လုံးဝိုင်းကြီးများဖြင့် ကြည့်လျက် "ဗင်ဂိုး၊ ဘယ်လိုဟာလဲ၊ ကျွန်မ နားမလည်ဘူး"ဟု ဆိုလေသည်။

"နေပါဦး၊ ကျုပ် မင်းကို စကားပြောချင်လို့ပါ။ ဒီလို ဟို"

"စကားပြောချင် နောက်မှပြော။ ကျွန်မ ချမ်းလှပြီ"

"ကျုပ် ဒီနေ့ ရာထူးတက်သွားပြီဆိုတာ မင်းသိစေချင်တယ်။ပန်းပြောက်ဌာန ရောက်သွားပြီ။ ပြီးတော့ လခလဲ တိုးတော့မယ်"

အာဆူလာသည် နောက်သို့ဆုတ်ပြီးလျှင် ပိုးစောင်ကလေးကို ခွာပစ်လိုက်သည်။ ညဉ့်၏အအေးကို သူ ဂရုမပြုတော့ပေ။

"မွန်စီယားဗင်ဂိုး၊ ရှင် ဘာဆိုလိုတယ်ဆိုတာ တိတိကျကျ ပြောစမ်းပါ"

အာဆူလာ၏အသံမှာ အေးစက်စက်ဖြစ်သည်။ ဗင်းဆင့်လည်း သူခွကျကျ လုပ်နေသည့်အတွက် သူ့ကိုယ်သူ ဒေါသဖြစ်မိ၏။

"ကျုပ်ဆိုလိုတာကို မင်းသိပြီးသားပါ။ ကျုပ် မင်းကို သိပ်ချစ်နေတယ်။ မင်း ကျုပ်ဇနီးဖြစ်မှ ကျုပ် စိတ်ချမ်းသာမှပဲ"

http://www.cherrythitsar.org

အာဆူလာသည် လန့်သွားပုံရ၏။ ဗင်းဆင့်လည်း သူက ဖြုန်းခနဲ ပိုင်စိုးပိုင်နင်းစကား ပြောလိုက်သည်ကို သတိရလေသည်။ ယင်းသို့ ပြောပြီးနောက် အာဆူလာကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ရ ကောင်းလေမလားဟု တွေးမိသည်။

"ရှင့် ဇနီး၊ ဟုတ်လား။ မွန်စီယာဗင်ဂိုး၊ ရှင်ပြောတာ မဖြစ်နိုင်တာပဲ"ဟု အာဆူလာက အသံကလေး ခပ်ကျယ်ကျယ်ပြန်ပြောလိုက်သည်။

ဗင်းဆင့်က အာဆူလာကို မှောင်ထဲတွင် ငေးစိုက်၍ ကြည့်လျက်၊

"ကျုပ် ဒီအကြောင်းကို အရင်က မပြောမိ..."

သူ့စကားမဆုံးခင်ပင်လျှင် အာဆူလာက "ရှင် မသိတာ အံ့ပါရဲ့။ ကျွန်မ လက်ထပ်ဖို့ စေ့စပ်ပြီးတာ တစ်နှစ်ကျော်ပြီ"ဟု ဆိုလိုက်သည်။

ဗင်းဆင့်သည် ထူပူသွားပြီးလျှင် ကျောက်ရုပ်သဖွယ် ဖြစ်သွားတော့သည်။

"ဘယ်သူနဲ့လဲ"ဟု သူက အသံအက်ကြီးနှင့် မေးလိုက်သည်။

"အို ရှင် ကျွန်မနဲ့ စပ်ထားတဲ့လူကို မတွေ့ဖူးဘူးလား။ ရှင့်အခန်းမှာ နေသွားတဲ့လူပဲ။ ကျွန်မက ရှင်သိပြီးပြီ မှတ်နေတာ"

"ကျုပ် ဘယ်လိုလုပ် သိမှာလဲ"

အာဆူလာသည် ချေဖျားထောက်၍ မီးဖိုဘက်သို့ လှမ်းကြည့်လိုက်ပြီးလျှင် "သြော် ကျွန်မက ရှင့်ကို တစ်ယောက်ယောက်တော့ ပြောပြီးရောပေါ့လို့ အောက်မေ့မိတာ"ဟု ဆိုသည်။

"ကျုပ် ဒီမှာရောက်နေတာ တစ်နှစ်တောင်ရှိပြီ။ မင်းက ဒီအကြောင်းဘာဖြစ်လို့ ဖွင့်မပြောသလဲ။ ကျုပ်မင်းကို ချစ်နေတယ် ဆိုတာလဲ သိရက်သားနဲ့ ဘာဖြစ်လို့ မပြောသလဲဟင်"

"ရှင် ကျွန်မကို ချစ်နေတာဟာ ကျွန်မရဲ့အပြစ်လား။ ကျွန်မက တော့ ရှင့်ကို မိတ်ဆွေလိုပဲ သဘောထားတာ"

"ကျုပ် ဒီရောက်မှ မင်းရည်းစားနဲ့ တွေ့ရသေးသလား"

http://www.cherrythitsar.org

"ဘယ်တွေ့ရပါ့မလဲ။ သူက ဝေလနယ် ရောက်နေတဲ့ဟာပဲ။ ဒီနွေရုံးပိတ်ချိန်မှာ သူလာလိမ့်မယ်"

"မင်း သူ့ကိုမတွေ့တာ တစ်နှစ်တောင်ကြာပြီဆိုတော့ မင်းသူ့ကို မေ့ပြီပေါ့။ ငါ့ကိုသာ မင်းချစ်နေပြီဆိုပါတော့ ဟုတ်လား"

ဗင်းဆင့်သည် ပြောပြောဆိုဆိုနှင့်ပင် အာဆူလာကို သိမ်းကျုံးဖက်လိုက်သည်။ သူ့အဖို့ကား အကြိုက်တွေ့သွားသည်။ ဆံပင်မှ ပျံ့ထွက်လာသော ဆီနံ့တို့သည် သူ့အား နှစ်သိမ့်စေကြကုန်၏။ သူ့ အချစ်စိတ် ဒီလိုင်းကို ကြွထစေကြကုန်၏။

"အာဆူလာ၊ မင်းသူ့ကို တကယ်ချစ်တာ မဟုတ်ပါဘူး။ မင်း သူ့ကို မချစ်စေဘူး။ ငါမင်းကို အဆုံးမခံနိုင်ဘူး၊ သိလား။ မင်းသူ့ကို မေ့ပစ်ပြီး ငါ့ကိုယူတဲ့အထိ ငါကြိုးစားမယ်"

"ရှင့်ကိုယူရမယ်၊ ဟုတ်လား။ ကျွန်မကို ကြိုက်တဲ့လူတိုင်း ကျွန်မက ယူရမယ်ဆိုလို့ ဖြစ်နိုင်ပါ့မလား ဟင်။ လွတ်စမ်းပါ၊ လွတ်နော်၊ မလွတ်ရင် ကျွန်မ အော်လိုက်မယ်"

အာဆူလာသည် ဗင်းဆင့်လက်မှ ရုန်းထွက်၍ မှောင်မည်းနေသော လမ်းကလေးတစ်လျှောက်တွင် ပြေးသွားလေသည်။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ တစ်ချက်ပြန်လှည့်ပြီးလျှင် ခပ်တိုးတိုးကလေး ရေရွတ်လိုက်၏။

"ဆံပင်နံ့ အရူး"

နောက်နေ့နံနက်တွင် ဗင်းဆင့်သည် အာဆူလာ၏ နှုံးသံကလေးကို မကြားရတော့ချေ။ နံနက်စာ စားပွဲတွင်လည်း အာဆူလာထွက်မလာတော့ပေ။ ဗင်းဆင့်သည် နံနက်စာကို တစ်ကိုယ်တည်း စားပြီးနောက် အလုပ်တိုက်သို့ လျှောက်သွားလေသည်။ ယခင်က တွေ့နေကျ လူများကိုပင် လမ်းခွဲတွေ့၏။ ယခင်ကမူ ထိုသူစိမ်းသို့အား စိတ်စေတနာ ထက်သန်၍ ခင်မင်သော အကြည့်မျိုးဖြင့် ကြည့်ခဲ့သော်လည်း ထိုနေ့ခွဲမူ ဗင်းဆင့်

http://www.cherrythitsar.org

သည် ယင်းတို့အား အမြင်တစ်မျိုး မြင်လေတော့သည်။ ထိုသူများသည် အကျိုးမဲ့သော လုပ်ငန်းများ လုပ်ဆောင်ရန် သွားရသော သနားစရာ သတ္တဝါများ ဖြစ်နေချေသည်။

ဗင်းဆင့်သည် ထိုနေ့၌ ပန်းချီကားချပ် (၂၀) ရောင်းရ၏။ သူ့အဖို့ ဈေးရောင်းကောင်းသည့်အတွက် ဝမ်းသာစရာမရှိချေ။ ပန်းချီကား ဝယ်လာသူတို့အား စိတ်တို၍သာ နေသည်။ သူသည် ယင်းတို့အား အထင်သေးလျက်ရှိ၏။ အနုပညာအကြောင်းကို မသိဘဲ အသုံးမကျသည့် ကားချပ်များကို အဖိုးကြီးပေး၍ ဝယ်နေသော အထက်တန်းလွှာကို ရွံမုန်းလျက်ရှိ၏။ ထိုသူတို့သည် အနုပညာအကြောင်းကို နကန်းတစ်လုံးမျှ မသိဘဲလျက် အနုပညာလိုက်စားလေဟန် ညာဝါးနေကြသည်ဟု ဗင်းဆင့် ယုံကြည်သည်။

ဗင်းဆင့် စိတ်တိုနေသည်ကို သတိမူမိသော စာရေးများက သူတို့ အချင်းချင်း တီးတိုးပြောကြသည်။ "ဘယ့်နယ်လဲဟော့၊ နာမည်ကျော် ဗင်ဂိုးအန္တယ်ဝင်ဟာ ဒီနေ့ မျက်နှာမကောင်းလှဘူး"

"အိမ်မှာ ဘောက်ကျလို့နဲ့ တူပါတယ်ကွာ"

"အလကားနေရင်း စိတ်တိုနေလို့ ဘယ်ဟန်ပါ့မလဲ။ မင်းတို့အသိ သားပဲ။ ဒီကောင့် ဦးလေးကြီးက တို့ ကုမ္ပဏီတစ်ဝက် ပိုင်တာ။ အခု အဘိုးကြီးက အတော်မမာဘူး ကြားတယ်။ အမွေခံဆိုလို့ သားသမီးလဲ မရှိတော့ ဒီကောင့်ကိုပဲ အမွေပေးခဲ့မလို့ဆိုပဲ။ ဒီကောင် သူဌေး ဖြစ်ဦးမှာ ပေါ့ကွာ။ ဒီအတိုင်းသာဆိုရင် ဒီဆံပင်နီနဲ့ အကောင်ဟာ ဥရောပတိုက် တစ်တိုက်လုံးရှိတဲ့ ပန်းချီလောကမှ လူတွင်ကျယ် ဖြစ်ဖို့ သေချာတယ်"

ညစာစားရန် ထမင်းစားခန်းထဲသို့ ဝင်သွားသောအခါ ဗင်းဆင့်သည် အာဆူလာနှင့် သူ့မိခင်တို့ တီးတိုးစကား ပြောနေသည်ကို တွေ့ရသည်။ သူဝင်လာသည်ကို သိသည်နှင့် တစ်ပြိုင်နက် စကားရပ်သွားသည်။ အာဆူလာလည်း မီးဖိုထဲသို့ ဝင်ပြေးလေသည်။ သူ့မိခင် မဒမ်လွိုင်းယားက သူ့ကို ခပ်စိန်းစိန်းကြည့်လျက် အေးစက်စက် နှုတ်ဆက်သည်။

http://www.cherrythitsar.org

ဗင်းဆင့်သည် ထမင်းစားပွဲကြီးတွင် တစ်ယောက်တည်း ညစာ စားရသည်။ အာဆူလာ၏ လက်ချက်ကြောင့် သူ့တွင် အတော်ပင် ထိခိုက်သွား၏။ သို့သော် သူကမူ အရှုံးမပေးသေးပေ။ အာဆူလာ၏ ငြင်းပယ်ချက်ကို လက်မခံဘဲ သူ့အချစ်ရန်ဘက်ကို အာဆူလာ၏ အချစ်နယ်ထဲမှ တွန်းထုတ်ပစ်ရန် ကြိုးစားမည်ဟုပင် ပိုင်းဖြတ်ထားသည်။

❖ ❖ ❖

ရက်သတ္တတစ်ပတ် ကြာလတ်သော် ဗင်းဆင့်သည် အာဆူလာကို တစ်ယောက်တည်း တွေ့ကြုံလေရာ ဥယျာဉ်ထဲသို့လိုက်၍ စကားပြောသည်။

"ဝမ်းနည်းပါတယ် အာဆူလာရယ်။ ဟိုနေ့ညက ကျုပ်ကြမ်းကြမ်းတမ်းတမ်း လုပ်မိတာ စိတ်မကောင်းဘူး"

အာဆူလာသည် ဗင်းဆင့်လိုက်လာသည်ကို အံ့အားကြီးသင့်ကာ ငေးကြောင်ကြည့်နေရာက "အို ကိစ္စမရှိပါဘူး။ ဒီကိစ္စဟာ အရေးကြီးတာမှ မဟုတ်ဘဲနဲ့။ မေ့ပစ်ကြပါစို့"ဟု ပြန်ပြောသည်။

"ကျုပ် မင်းကိုကြမ်းမိတာကိုတော့ မေ့ပစ်ချင်ပါတယ်။ ဒါပေမယ့် ဟိုနေ့ညက ပြောတဲ့ စကားတွေကတော့ အမှန်ပါပဲ"

ဗင်းဆင့်သည် ရှေ့သို့ တစ်လှမ်းတိုးလာသဖြင့် အာဆူလာက နောက်ဆုတ်သွားပြီးလျှင် "ကဲ အိမ်ထဲ ဝင်ကြပါစို့။ ဧည့်သည်တွေကို အမေ စောင့်နေတယ်" ဟု ဆိုလေသည်။

"မင်း ဟိုလူကို ချစ်တယ်ဆိုတာ ဟုတ်နိုင်မယ် မထင်ဘူး။ တကယ်ဆိုရင် ငါ အကဲခတ်မိမှာပေါ့"

"ရှင့်ကို ရှည်ရှည်ပြောနေဖို့ အချိန်မရှိဘူး။ ရှင်ဘယ်တော့ ရှင့်တိုင်းပြည် ပြန်မလဲ"

"ဧလိုင်လ ပြန်မယ်"

"ဘယ်လောက် ကံကောင်းသလဲ။ ကျွန်မနဲ့ စပ်ထားတဲ့ လူကလဲ ဒီကို ဧလိုင်လမှာပဲ လာနေလိမ့်မယ်။ သူအရင်နေသွားတဲ့ အခန်းကို လိုချင်တာ။ အခုတော့ ရှင်သွားမှာနဲ့ ကိုက်နေတာပဲ"

http://www.cherrythitsar.org

"အာဆူလာ၊ ငါ မင်းကို လက်လွှတ်မခံနိုင်ဘူး"

"ရှင် ဒါမျိုးတွေ ရပ်တန်းက ရပ်စေချင်တယ်။ ဆက်ပြီး ကြံမယ် ဆိုရင် မမေမေက ရှင် အိမ်ရှာပါတော့တဲ့"

ဗင်းဆင့်သည် အာဆူလာအား သူ့ဘက်ပါအောင် အနည်းနည်း ကြိုးစားရာ လပေါင်း အတော်ကြာလေပြီ။ သူ့ နဂိုစိတ်ရင်းသည် ပြန်၍ လာလေပြီ။ အာဆူလာနှင့် တွေ့လျှင်တွေ့၊ မတွေ့လျှင် မည်သူ့ကိုမျှ စကားမပြောချင်တော့ပေ။ သူ့ဘာသာတစ်ယောက်တည်း သူ့အတွေးနှင့် သူ နေလိုတော့သည်။ ယခင်က အာဆူလာ၏ ပယောဂကြောင့် ဖော်ရွေ ရွှင်လန်း သွက်လက်ခဲ့သော ဗင်းဆင့်သည် ယခု၌မူ အာဆူလာနှင့် မတွေ့ ခင်က မူရင်းသို့ ပြန်လေပြီ။ ဆိုင်တွင်လည်း လူအများနှင့် ပြောဆို နေထိုင်ရသည်ကို ဝန်လေးလာတော့သည်။

ဇူလိုင်လသို့ ရောက်လေပြီ။ ဗင်းဆင့်အဖို့ အလုပ်မှ အားလပ်ခွင့်ရ တော့သည်။ သူသည် လန်ဒန်မြို့ကို မခွာချင်။ သူခွာသွားလျှင် အာဆူ လာ သူတစ်ပါးနှင့်တွဲလိမ့်မည်ဟု စိုးရိမ်မိ၏။ သူသာရှိလျှင် အာဆူလာ ကို မည်သူမျှ လာမတွဲဝံ့ဟု ထင်မိ၏။

"မဒမ်လွိုင်းယား၊ ကျွန်တော့်အခန်းက ပစ္စည်းတွေကို ဒီအတိုင်း ထားခဲ့မယ်။ ပြီးတော့ ဒီမှာ ကျွန်တော် နေသွားတဲ့အခိုက် ကျသင့်တဲ့ အိမ်လခငွေ"

"မွန်စီယာဗင်ဂိုး၊ မောင်ရင့်ပစ္စည်းတွေ အကုန်ယူသွားမှ ဖြစ်မယ် ထင်တယ်"ဟု မဒမ်က ပြောသည်။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"မောင့်ရင့်အခန်းကို တနလ်ာနေ့ကစပြီး လူတစ်ယောက်ကို ငှား လိုက်ပြီ။ မောင်ရင် ပြန်လာရင် တခြားသွားနေမှ ဖြစ်မယ်လို့ ကျုပ်တို့ ထင်တယ်"

"ကျုပ်တို့ ထင်တယ် ဟုတ်လား" ဗင်းဆင့်သည် အာဆူလာကို

http://www.cherrythitsar.org

လှည့်ကြည့်လိုက်သည်။ အာဆူလာ၏ မျက်နှာထားမှာ အကဲခတ်၍ မရ ချေ။

"ဟုတ်တယ်၊ ကျုပ်တို့ထင်တယ်။ ကျုပ်တို့ဆိုတာ ကျုပ်ရယ်၊ ကျုပ် သမီးရယ်။ ပြီးတော့ ကျုပ်သမီးရဲ့ ခင်ပွန်းလောင်းကလဲ မောင်ရင့်ကို အိမ် မှာမထားပါနဲ့လို့ စာရေးပြီး မှာတယ်။ ဒီတော့ မွန်စီယာဗင်ဂိုး၊ မောင်ရင် ကျုပ်တို့အိမ်ရိပ်ကို ဘယ်တော့မှ မနင်းပါနဲ့တော့"

ဗင်းဆင့် ဟော်လန်ပြည်သို့ အပြန်တွင် သူ့ဖခင် သီအိုဒိုရပ်စ်ဗင်ဂိုး က ဘရီဒါးဘူတာရုံတွင် မြင်းရထားတစ်စင်းနှင့် ကြိုလာသည်။ သီအိုရီ ရပ်စ်မှာ ခရစ်ယာန် ဘုန်းတော်ကြီး ဖြစ်သည့်အလျောက် ဝတ်ရုံနက်ကြီး ဝတ်လျက်လာသည်။ ဗင်းဆင့် မွေးဖွားရာဖြစ်သော ဘုန်းကြီးကျောင်း ကလေးမှာ စျေး၊ မြို့မခန်းတို့နှင့် အလှမ်းမဝေးလှပေ။ ဝတ်ကျောင်းကလေး မှာလည်း ဘုန်းကြီးကျောင်း အနီးတွင်ရှိသည်။ ဥယျာဉ် ပန်းမန်တို့နှင့် သာယာလှပေ၏။ ဗင်းဆင့်၏ဖခင်ကြီးမှာ ကယ်လဗင်ဂိုဏ်းဝင် ဖြစ်သည့် အလျောက်၊ ဝတ်တက်ရာ၌ စည်းကမ်း ကျပ်တည်း လှတော့သည်။

ဗင်းဆင့်၏ မိခင်ကမူ အိမ်၌နေ၍ စောင့်နေသည်။ ရထားမဆိုက် ခင်ပင် ပြတင်းမှ ထွက်ပြူကြည့်နေလေသည်။ အိမ်ရှေ့တံခါးကိုလည်း အသင့်ဖွင့်ထား၏။ သူသည် သူ၏ ကြီးမားကျယ်ပြန့်လှသော ရင်ခွင် တွင်းသို့ ဗင်းဆင့်အားစွဲ၍ နှုတ်ဆက်စဉ်၌ပင်လျှင် သူ့သား၌ အကြောင်း တစ်ခုခုရှိပြီဟု သိလေသည်။

"ငါ့သားကလေးဗင်းဆင့်"ဟု သူက သူ့သားကို ခပ်တိုးတိုး ခေါ် လိုက်သည်။

သူ့မျက်လုံးများမှာ စိမ်းတစ်ချီ ပြာတစ်လှည့်နှင့် ပြူးကျယ်လျက် သူ့သား၏အတွင်းစိတ်သန္တာန်ကို ဖောက်ထွင်း၍ ကြည့်နေဟန် ရှိသည်။

ဗင်းဆင့်၏မိခင် အင်နာ ကော်နီလီယကာဗင်းတပ်မှာ ဟိတ်ဂ်မြို့သူ ဖြစ်သည်။ သူ့ဖခင်မှာ 'ဘုရင်စာအုပ်ချုပ်သူ' ဟူသော ဘွဲ့ထူးကိုခံယူရ

http://www.cherrythitsar.org

သော နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လေသည်။ ဝိလျံကာဗင်းတပ်၏ စာအုပ်ချုပ်လုပ်ငန်းသည် အတော်ပင် ကြီးပွားလှသည်။ သူ့အား ဟော်လန်ပြည် အုပ်ချုပ်မှုအခြေခံ ဥပဒေစာအုပ် ပထမစာအုပ်ကို ချုပ်လုပ်စေသဖြင့် သူ့နာမည်မှာ တိုင်းပြည်တစ်ဝန်းလုံး ပျံ့နှံ့ ကျော်ကြား သွားပေတော့သည်။

အင်နာကော်နီလီယသည် စိတ်ရင်းကောင်းသူဖြစ်၏။ သူတစ်ပါး အား အပြစ်မပြုတတ်ရုံသာမက သူတစ်ပါး၌လည်း အပြစ်မမြင်တတ်ပေ။ သို့ရာတွင် အကုသိုလ်တရားကို ဆင်ခြင်တတ်၏။ လူတို့သည် အကုသိုလ် ပြုတတ်ကြောင်း၊ ပြုရန် ဆွဲဆောင်ခြင်း ခံရတတ်ကြောင်းတို့ကို ကောင်း စွာသိရှိပေသည်။ သူ့ခင်ပွန်း သီအိုဒိုရပ်စ်ကမူ အကုသိုလ်မှုကို မြင်တတ် ရုံသာမက အကုသိုလ်ပြုသူကို ပြင်းထန်စွာ ရှုတ်ချတတ်ချေသည်။

အင်နာသည် သူ့သားပိန်လာပြီးလျှင် ကြောင်တက်တက် ဖြစ်လာ သည်ကို တွေ့ရသဖြင့် စိတ်မသက်မသာဖြစ်နေသည်။

"ငါသားဘာဖြစ်သလဲ။ မင်းကြည့်ရတာ ကျန်းမာပုံ မရပါဘူး"ဟု သူက ညစာစားပွဲတွင် မေးလိုက်ရာ ဗင်းဆင့်က "ဟင်၊ အို ကျွန်တော် ဘာမှ မဖြစ်ပါဘူးမေမေရဲ့"ဟု ပြန်ပြောလိုက်သည်။

"မင်းလန်ဒန်မှာ နေရတာပျော်ရဲ့လား။ မပျော်ဘူးဆိုရင် ငါ မင်းဦးလေး ကို ပြောပြီး ပဲရစ်ဆိုင်ခွဲကို ပြောင်းခိုင်းပေးမယ်"ဟု သူ့ဖခင်ကဆိုသည်။

ဗင်းဆင့်သည် လန်ဒန်မှ ပြောင်းရမည်ဆိုသည့်အကြောင်းကို လေ သံမျှပင် မကြားလိုပေ။ "ကျွန်တော်လန်ဒန်က မပြောင်းချင်ဘူး ဖေဖေ"

"ဒါဖြင့်လဲ ပြီးတာပေါ့"ဟု သီအိုဒိုရပ်စ်က ဆိုသည်။

'အင်း၊ ကောင်လေးတော့ ရည်းစားရှိပြီ'ဟု အင်နာက သူ့သားကို ကြည့်ပြီးလျှင် စိတ်တွင်းက ဆိုမိသည်။

ဗင်းဆင့်သည် လယ်ကွင်းထဲတွင် တစ်ကိုယ်တည်း လမ်းလျှောက်ပြီး လျှင် ရေကန်ကလေးများအနီး၌ ထိုင်၍ငေးနေခြင်းဖြင့်သာ အချိန်ကုန်စေ သည်။ သူ့အဖို့ အပျင်းပြေအလုပ်သည်ကား ပန်းချီရေးဆွဲခြင်းပင်ဖြစ်ရာ၊ ပန်းချီရေးခိုက်၌ သူ့စိတ်သည် ပန်းချီ၌သာ စူးစိုက်နေသောကြောင့် အာ

http://www.cherrythitsar.org

ဆူလာကို အခိုက်အတန့်အားဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်ရလေသည်။

သီအိုဒိုရပ်စ်သည် သူ့သားများတွင် အနည်းဆုံး တစ်ယောက်ယောက်က သူ့ခြေရာကို နင်းစေလိုသည်။ သူ့သားကြီးကမူ ဘုန်းတော်ကြီးဖြစ်ဖို့ စိတ်မကူးခဲ့ချေ။ သူ့သားငယ် ဗင်းဆင့်ကို သူမျှော်လင့်ကိုးစားမိ၏။

"ဗင်းဆင့်၊ ငါ့အဖေဟာ ဘုန်းတော်ကြီးကွယ့်၊ ဒီတော့ မင်းလဲ ငါ့အရိုက်အရာ ဆက်ခံစေချင်တယ်"

"ဖေဖေက ကျွန်တော့်ကို လမ်းပြောင်းလိမ့်မယ်လို့ ဘာကြောင့် တွေးလဲ ဟင်"

"ငါက ဘာကြောင့်ရယ် မဟုတ်ပါဘူးကွယ်။ မင်း ပန်းချီဆရာ လုပ်ချင်စိတ်ကုန်သွားရင် ဒီဘက်ပြောင်းနိုင်တယ်ဆိုတဲ့အကြောင်း ပြောတာပါ။ မင်းဦးလေးနဲ့ သွားနေပြီး တက္ကသိုလ်ကျောင်းတက်ရင် ဖြစ်တာပေါ့။ ပြီးတော့လဲ ဘုန်းတော်ကြီး စထရစ်ကားက မင်းကို သင်းဝတ်ဆရာဖြစ်အောင် သင်ပြပေးမယ်လို့ ငါ့ကိုပြောထားတယ်"

"ဟုတ်ပါတယ်။ ကျွန်တော်လဲသိသားပဲ။ ဒါပေမယ့် ကျွန်တော် ပန်းချီလုပ်ငန်းက ခွာမယ်လို့စိတ်မကူးပါဘူး"

ဗင်းဆင့်၏မိဘများသည် သူ့ကို လန်ဒန်သို့ပြန်ရန် ဘရီဒါး ဘူတာရုံသို့ ရထားနှင့် လိုက်ပို့ကြသည်။

"ဗင်းဆင့်၊ မင်းဆီကို စာရေးရင် အရင်လိပ်စာအတိုင်း ရေးရမလား"ဟု အင်နာက မေးလိုက်သည်။

"မဟုတ်ဘူး မေမေ။ ကျွန်တော် အိမ်ပြောင်းမလို့"

"အေးကွယ်။ မင်း လွှိုင်းယားတို့အိမ်ကပြောင်းတာ ဝမ်းသာပါတယ်။ ငါတော့ သူတို့သားအမိကို မကြိုက်လှဘူး။ သူတို့က သိပ်မရိုးသားလှဘူးကွယ့်"

ဗင်းဆင့်သည် သူ့မိခင်၏စကားကို ကြားရသောအခါ မျက်နှာပျက်သွားသည်။ အင်နာသည် သူ့သား၏လက်ကိုဆွဲလျက် သူ့ဖခင်ကြီးမကြားအောင် တီးတိုးပြောသည်။

"စိတ်မချမ်းမသာ မဖြစ်ပါနဲ့ သားရယ်။ မင်းအလုပ်အကိုင် ကျကျ

http://www.cherrythitsar.org

နန ဖြစ်တော့ ဒပ်(ချ)မ လှလှချောချောကလေးနဲ့ နေရာကျမှာပေါ့ကွယ်။ အာဆူလာဆိုတဲ့ သူငယ်မက သိပ်မဟုတ်ပါဘူး။ မင်းနဲ့ စိတ်ချင်းသဘောချင်း တိုက်မှာ မဟုတ်ဘူးကွယ့်”

ဗင်းဆင့်သည် သူ့မိခင်က အာဆူလာအကြောင်း ဘယ်သို့သိနေသည်ကို တွေးမိရ ဖြစ်နေတော့သည်။

လန်ဒန်သို့ ပြန်ရောက်သောအခါ ဗင်းဆင့်သည် ကင်နင်းတန် လမ်းသစ်ရှိ အိမ်ခန်းတစ်ခန်းကို ငှားရန်နေသည်။ ညစဉ်ပင်လျှင် သူသည် လွိုင်းယားတို့အိမ်သို့ ပြေးရလိုက်သွားချင်သောဆန္ဒကို အကြိတ်အနယ် တိုက်ခိုက်နှိမ်နင်းနေရရှာသည်။ သူသည် သူ့အခန်းကို သော့ပိတ်ပြီးလျှင် အိပ်ပါတော့မည်ဟု ပိုင်းဖြတ်၍ အိပ်ရာဝင်သော်လည်း အိပ်၍မရ။ မနေတတ်မထိုင်တတ် ဖြစ်သောကြောင့် နောက်ဆုံး၌ အာဆူလာတို့ အိမ်ဘက်သို့ ခြေဦးတည်၍ လျှောက်နေမိတော့သည်။

အိမ်အနီးသို့ရောက်လာသောခါ သူသည် အာဆူလာ၏ အရိပ်ကို ခိုလှုံရသည်ဟု မှတ်ထင်ကာ စိတ်ချမ်းသာသလိုလိုဖြစ်မိ၏။ သို့သော် အိမ်ရိပ်မနင်းရ အမိန့်ကြီးကြောင့် အိပ်အနီးမှ လှည့်ထွက်ခဲ့ရလေတော့သည်။

ဒုက္ခဝေဒနာသည် သူ့အားထူးဆန်းသော စိတ်စေတနာများ ပေါ်ပေါက်စေသည်။ သူသည် ကိုယ်တိုင်ဒုက္ခကို ခံစားနေရသောကြောင့် သူတစ်ပါး ဒုက္ခခံစားရသည်ကို မရှုရက်နိုင်ဖြစ်ရချေသည်။ လောကကြီး၌ တန်ဖိုး မရှိသည်တို့ ထွန်းကားနေသည်ကို သည်းမခံနိုင်ဖြစ်ရ၏။ သူသည် ပန်းချီဆိုင်ကို တန်ဖိုးမထားတော့ပေ။ ပန်းချီကား ဝယ်သူများက သူ့ကို မည်သည့်ကားချပ် မည်သို့ကောင်းမွန်သနည်းဟု မေးလာကြလျှင် သူက ထိုပန်းချကားချပ်များသည် အသုံးမကျ တန်ဖိုးမရှိ အလကားဟာများ ဖြစ်သည်ဟု ပြောပစ်လိုက်သည်။ သူ တန်ဖိုးထားသော ပန်းချီကားများမှာ ဒုက္ခခံစားနေရပုံကို ရေးဆွဲထားသော ပန်းချီကားများသာဖြစ်သည်။

တစ်နေ့တွင် ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ယောက်ဆိုင်ထဲသို့ ဝင်လာ

http://www.cherrythitsar.org

သည်။ ပိုးဖဲကတ္တီပါဝတ်ဆင်လျက် ဟိတ်ဟန်ကြီးလှ၏။ သူက သူ့အိမ်သစ်တွင် ဆွဲချိတ်ရန် ပန်းချီကားများ အလိုရှိကြောင်းပြောရာ စာရေးများက ဗင်းဆင့်ရှိရာသို့ ညွှန်လိုက်ကြသည်။

"မောင်ရင်တို့ဆီမှာရှိတဲ့ ကားတွေထဲက အကောင်းဆုံးကို လိုချင်တယ်။ အဖိုးဘယ်လောက်ပဲကျကျ အရေးမကြီးပါဘူး။ အတိုင်းအတာကတော့ ပေ(၅၀)ရှိတဲ့ နံရံနှစ်ဖက်မှာ ပြတင်းပေါက်နှစ်ပေါက်စီ ရှိတယ်။ အဲဒီ ပြတင်းပေါက်တွေကြားက နေရာမှာ ချိတ်ဖို့ ကားချပ်တွေ လိုချင်တယ်"

ဗင်းဆင့်သည် ထိုမိန်းမကြီးအား ကားချပ်များကို ထုတ်ပြလေသည်။ မိန်းမကြီးသည်လည်း ဗင်းဆင့်၏ အမြင်အားဖြင့် အညံ့ဆုံးကားချပ်များကိုသာ ရွေးတော့သည်။ ဗင်းဆင့်သည် ထိုမိန်းမကြီးအား ကြည့်၍ အထက်တန်းစားတို့၏ အသုံးမကျပုံ ငွေကြေးဓနကိုသာ ပဓာနထားတတ်ပုံတို့ကို ထင်လင်းစွာ မြင်လာလေသည်။

"ကဲ ကျုပ်ရွေးထားတာတွေ မကောင်းလား"ဟု မိန်းမကြီးက ကျေနပ်သော လေသံဖြင့် မေးလိုက်သည်။

"အင်း ခင်ဗျားရွေးတာမျိုးတော့ ဘယ်သူဖြစ်ဖြစ် မျက်စိမှိတ် ရွေးတောင်ရနိုင်တာပဲ"ဟု ဗင်းဆင့်က ဆိုလိုက်သည်။

ယင်းသို့ ဆိုလိုက်သည်တွင် မိန်းမကြီးသည် ထိုင်ရာမှ သူ့ကိုယ်ကာယကြီးကို အနိုင်နိုင်မ၍ ထလိုက်ပြီးလျှင် ဂါဝန်ကြီး လွှားခနဲသိမ်းကာ မျက်နှာကြီးနီလျက် ရှူးရှူးရဲရဲနှင့် ဆိုင်ထဲမှထွက်သွားလေသည်။

"မင်းဟာ အင်မတန် ရိုင်းတဲ့တောသားပဲ" ဟုပင် သူ့ကို ဆိုသွားလေသေး၏။

မန်နေဂျာ မစ္စတာ အိုဘက်(ချ)သည် ဗင်းဆင့်ကို ဒေါသကြီးစွာ ဖြစ်သည်။ "မစ္စတာဗင်းဆင့်၊ ဘယ့်နယ် ဘာများဖြစ်နေရတာလဲ။ ဒီအဒေါ်ကြီးဟာ ကျုပ်တို့ဆီက ကားချပ်တွေ အများကြီး ဝယ်မယ့်ဟာ အခုလို စော်စော်ကားကား ပြောလိုက်တာ ဘာသဘောလဲ"

ဗင်းဆင့်က "မစ္စတာအိုဘက်(ချ)၊ ကျွန်တော် တစ်ခု မေးပါရစေဖြစေမ်းပါ"ဟု ဆိုသည်။

http://www.cherrythitsar.org

"အင်း ဖြေရတာပေါ့။ ကျုပ်ကလဲ ခင်ဗျားကို မေးစရာလေးတွေ ရှိပါသေးတယ်"

ဗင်းဆင့်သည် မိန်းမကြီးရွေးထားခဲ့သော ကားချပ်များကို တွန်းဖယ်လိုက်ပြီးလျှင် စားပွဲပေါ်သို့ လက်နှစ်ဖက်လုံး တင်ကာ "လူတစ်ယောက်ဟာ သူ့အဖိုးတန် တစ်သက်တာကလေးကို ဘာမှအသုံးမကျတဲ့၊ အနုပညာမြောက်ဖို့ ဝေလာဝေးတဲ့ ပန်းချီကားချပ်တွေ ရောင်းနေရတာနဲ့ အကုန်ခံသင့်သလား။ ပြောစမ်းပါ"

မစ္စတာ အိုဘက်(ချ)က ထိုအမေးကို မဖြေ။ 'ဟင်း' ဟူသော သက်ပြင်းကြီး ပြင်းပြင်းချလိုက်ရာ ဗင်းဆင့်ကဆက်၍ "မစ္စတာအိုဘက်(ချ)၊ ဒီလိုအသုံးမကျတဲ့ ပစ္စည်းတွေကို အမြတ်ကြီးယူပြီး ရောင်းသင့်ပါသလား။ ဒီလာပြီး ပန်းချီကားတွေဝယ်တဲ့လူတွေဟာ အားလုံးငွေကြေး တတ်နိုင်ကြတာချည်းပဲ။ ဒီလူတွေဟာ ဘာဖြစ်လို့ အဖိုးတန်တဲ့ အနုပညာလက်ရာတွေကို မရွေးတတ်ကြတာလဲဟင်"ဟု မေးခွန်းဆင့်လိုက်သည်။

ဗင်းဆင့်သည် အိမ်သို့ပြန်ရောက်သောအခါ နံနက်က ချထားခဲ့သော ယထာဘူတပညာစာအုပ်ကို ကောက်၍ ဆက်ဖတ်လေသည်။ 'လောကကြီးတွင် ကောင်းစွာကျင့်သုံးလိုပါမူ မိမိ၏အတွင်းသန္တာန်၌ ဆုံးပါးခြင်းတစ်ရပ် တွေ့ကြုံရပေမည်။ လူဟူသည် ဤကမ္ဘာမြေပေါ်ဝယ် ပျော်ရုံပါးရုံကိစ္စကြောင့် လူ့ဘဝရလာသည် မဟုတ်။ သတ္တဝါ ဝေနယျတို့အဖို့ အရေးပါအရာရောက်သော ကိစ္စများ ဖြစ်မြောက်ရန် ဆောင်ရွက်ရေး၊ မြင့်မြတ်သောအဖြစ်သို့ ရောက်ရှိရေး၊ လူတိုင်း၌ပါလာသော ညစ်ညမ်းသည့် စိတ်ဓာတ်ကလေးများကို ကျော်လွန်ရေးတို့အတွက် လူ့ဘဝရလာပေသည်' ဟု ဗင်းဆင့်သည် စာအုပ်တွင်ပါသော စာပိုဒ်ကို ဖတ်လေ၏။

ခရစ်စမတ်ချိန်ခါမရောက်မီ ရက်သတ္တတစ်ပတ်လောက်တွင် လွိုင်းယားတို့အိမ်ရှေ့တွင် ခရစ်စမတ်ပဒေသာပင် စိုက်ထားသည်ကို တွေ့ရသည်။ လွိုင်းယားတို့သားအမိသည် ခရစ်စမတ်ပွဲ ကျင်းပကြလိမ့်မည်။ ဗင်းဆင့်သည် သူ့အိမ်သို့ ကပျာကယာပြန်ပြီးလျှင် မုတ်ဆိတ်ရိတ်ပြီးနောက် အဝတ်သစ် အစားသစ်လဲ၍ ထွက်လာသည်။ သူသည် လွိုင်းယားတို့

http://www.cherrythitsar.org

အိမ် လှေကားရင်းသို့ ရောက်လာသောခါ ရပ်၍ငေးနေသည်။ သူ့ရင်မှာ တခုန်ခုန်နှင့်။

ခရစ်စမတ်ချိန်ခါသည် ခွင့်လွှတ်သော အခါသမယကြီး ဖြစ်ပေသည်။ မေတ္တာတရားပွားများ၍ အတိတ်က အပြစ်များကို မေ့ဖျောက်ပစ်သော အခိုက်အခါပင် ဖြစ်၏။ သူသည် တံခါးကို ခေါက်လိုက်သည်။ အိမ်ထဲ၌ ခြေသံများစွာကို ကြားရသည်။ တံခါးခေါက်သံ ကြားရသော အခါ သူသိသောအသံတစ်ခုက လှမ်းပြောလိုက်သဖြင့် ခြေသံတို့သည် တံခါးဘက်သို့ လှည့်လာကြသည်။ ထို့နောက် တံခါးဖွင့်လိုက်သောအခါ အခန်းထဲမှ မီးရောင်သည် ဗင်းဆင့်၏မျက်နှာပေါ်သို့ ကျလာသည်။ သူသည် အာဆူလာကို လှမ်းကြည့်လိုက်၏။ အာဆူလာမှ ဇာအထပ်ထပ်ထိုးထားသော လက်ပြတ်ဂါဝန်နှင့် ချစ်စဖွယ်ဖြစ်ပေသည်။ ဗင်းဆင့်သည် အာဆူလာအား ထိုမျှ အလှအခြေ တက်နေသည်ကို မမြင်ဖူးချေ။

"အာဆူလာ"ဟု သူက ခေါ်လိုက်သည်။

အာဆူလာ၏ မျက်နှာသည် ညိုမည်းသွားတော့သည်။ ဥယျာဉ်ထဲတွင် သူက ဖက်သောအခါကဲ့သို့ပင်။

"သွား"ဟု အာဆူလာက အော်လိုက်ပြီးလျှင် တံခါးကို ဖြုန်းခနဲ ပိတ်လိုက်တော့သည်။

နောက်နေ့နံနက်တွင် ဗင်းဆင့်သည် ဟော်လန်ပြည်သို့ ထွက်ခွာသွားလေတော့သည်။

ခရစ်စမတ်အချိန်မှာ ပန်းချီကားဆိုင်တွင် အလုပ်အများဆုံး အချိန်ဖြစ်၏။ မန်နေဂျာ မစ္စတာအိုဘက်(ချ)က ဗင်းဆင့် တို့ကဲ့သို့ ထွက်သွားသည့်အတွက် သူ့ဦးလေး မစ္စတာဗင်ဂိုးထံသို့ စာရေးတိုင်ကြားလိုက်သည်။ သူ့ဦးလေးက သူ့တူကို လန်ဒန်မှပြောင်း၍ ပဲရစ်မြို့တွင် ရှိသော ဆိုင်ခွဲသို့ ပို့ရန် ဆုံးဖြတ်လိုက်သည်။

ဗင်းဆင့်က သူ့ပန်းချီကားလုပ်ငန်းကို မလုပ်ချင်တော့ဟု ဆိုလိုက်

http://www.cherrythitsar.org

သည်။ သူ့ဦးလေးမှာ အတော်ပင် စိတ်နာသွား၏။ ဗင်းဆင့်ကို ဆက်လက် မကြည့်ရှုတော့ဟု ဆိုလိုက်သည်။ သို့ရာတွင် သံယောဇဉ် မကင်းသဖြင့် ဗင်းဆင့်အား အလုပ်ပိတ်ရက်ကုန်သည့်အခါ စာအုပ်ဆိုင်တွင် အလုပ်ရအောင် စီစဉ်ပေးလိုက်ပေသေးသည်။ ထို့သို့ ကြည့်ရှုခြင်းမှာ ဦးလေး ဗင်ဂိုးအဖို့ နောက်ဆုံးပင် ဖြစ်၏။ သူတို့တူအရိုးသည် ထိုအခါမှစ၍ အဆက်ပြတ်သွားကြလေတော့သည်။

ဗင်းဆင့်သည် စာအုပ်ဆိုင်တွင် လေးလမျှအလုပ်လုပ်သည်။ ဗင်းဆင့်အဖို့ ပျော်သည်လည်းမဟုတ်၊ မပျော်ဟုလည်း မဆိုသာ။ သူ့စိတ်မှာ ပုံ့လွင့်၍နေသည်။ သူ့မိဘများသည် သူ့ဌ္ဍ ကြုံတွေ့နေရသော ဒုက္ခကို ရိပ်မိကြသည်။ ဆောင်းဦးသို့ ရောက်လာလေပြီ။ ဗင်းဆင့်အဖို့ စိတ်ပိုင်း ဖြတ်ရန် အချိန်သင့်နေပြီ။ အာဆူလာမှာလည်း အိမ်ထောင်မကျသေး။

"ဗင်းဆင့်၊ မင်းဟာ ဒီအလုပ်တွေနဲ့ မတော်ပါဘူး။ မင်းရဲ့ စိတ်နေ စိတ်ထားမျိုးဟာ ဘုရားသခင် အမှုတော်ထမ်းဖို့ပဲ ကောင်းပါလိမ့်မယ်" ဟု သူ့ဖခင်က ဆိုသည်။

"ဟုတ်ပါတယ် ဖေဖေ။ ကျွန်တော်လဲ သိပါတယ်"

"ဒါဖြင့် အင်စတာဒမ်မြို့ကိုသွားပြီး တက္ကသိုလ် ကျောင်းတက်လေ"

"တက်ချင်ပါတယ်။ ဒါပေမယ့်"

"မင်းဟာ အခုထက်ထိ ချီတုံချတုံပဲကိုး"

"ဟုတ်ကဲ့ ဖေဖေ။ ကျွန်တော် အခုနေတော့ ဒီလိုပဲ ချီတုံချတုံ ရှိနေသေးတာပဲ။ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါဦး"

ဗင်းဆင့်သည် အာဆူလာ၏ အကန်ခံရသောကြောင့် လောကကြီးရှိ ကံခေသူတို့ကို သိမ်းကျုံး၍ သနားကရုဏာရှိလျက် မိမိ၏စိတ်ကို နှိမ်ချိုးသုံးသပ်ရန် လိုလားလေသည်။ ယင်းသို့ဖြစ်လျှင် အင်စတာဒမ် တက္ကသိုလ်သို့သွား၍ ဘာသာတရား၌ လေ့လာရန် အထူးသင့်လျော်လှ၏။ သို့သော် အာဆူလာမှာ အိမ်ထောင်မကျသေး။ သူသည် ဟော်လန်တွင် ရှိနေသေးသမျှ အာဆူလာနှင့် အနေဝေးနေချေသည်။

http://www.cherrythitsar.org

ဗင်းဆင့်သည် အင်္ဂလိပ်သတင်းစာများကို မှာ၍ ကြည့်သည်။ 'အလိုရှိသည်' ကြော်ငြာများတွင် လန်ဒန်မြို့နှင့် မိုင်ခုနှစ်ဆယ် ကွာသေးသော ရမ်းစဂိတ်မြို့တွင် ကျောင်းဆရာတစ်ယောက် အလိုရှိကြောင်း ပါလာသည်။ ဗင်းဆင့်သည် ထိုအလုပ်ကို လျှောက်လိုက်သည်။

မစ္စတာစကုတ်၏ကျောင်းမှာ ကျယ်ဝန်းသော ဝင်းခြံကြီးအလယ် တွင်ရှိ၏။ အသက်(၁၀)နှစ်မှ (၁၄)နှစ်အထိရှိသော ကျောင်းသားပေါင်း (၂၄)ယောက်ရှိသည်။ ဗင်းဆင့်က ပြင်သစ်၊ ဂျာမန်နှင့် ဒတ်ချ် ဘာသာ စကားများ သင်ကြားဖို့ဖြစ်၏။ ကျောင်းချိန်လွန်သည့်အခါ ကျောင်းသား များကို ထိန်းသိမ်းစောင့်ရှောက်၍ စနေနေ့တိုင်း ရေဆင်းချိုးရာတွင် ကြည့်ကြပ်ဖို့ တာဝန်များလည်း ရှိပေသေးသည်။ ထိုတာဝန်ဝတ္တရားများ ထမ်းဆောင်သည့်အတွက် ဗင်းဆင့်အား အနေအထိုင် အစားအသောက် အတွက် တာဝန်ယူ၏။ သို့သော် လခဟူ၍ မပေးချေ။

ရမ်းစဂိတ်မြို့ကလေးမှာ ပျင်းစရာကောင်း၏။ သို့သော် ဗင်းဆင့် အဖို့ အလွန်သင့်လျော်လှသည်။ သူသည် တိတ်ဆိတ်ငြိမ်သက်သော အရပ်၌ အဆွေးကိုအဖော်ပြု၍ နေလိုပေသည်။ အာဆူလာကို တစ်ကိုယ် တည်းလွမ်းနေရလျှင် သူကျေနပ်လေတော့သည်။

ပထမ စနေနေ့တွင် ဗင်းဆင့်သည် လန်ဒန်သို့ ခြေကျင်လျှောက် သွား၏။ လမ်းလျှောက်ရသည့်ခရီးမှာ တိုလှသည်မဟုတ်။ နေမှာလည်း အတော်ပူသည်။ နောက်ဆုံး၌ ကင်တာဘာရီအရပ်သို့ ရောက်သွားရာ ဘုရားရှိခိုးကျောင်းကြီး အရိပ်အောက်တွင် အပန်းဖြေနေလေသည်။ နောက်နေ့ညနေတွင် ချက်သမ်းအရပ်သို့ရောက်ပြီးလျှင် နေဝင်ခါနီး လောက်တွင် လန်ဒန်မြို့ထဲသို့ ရောက်သွားလေတော့သည်။ သူသည် လန်ဒန်မြို့ထဲသို့ ရောက်သွားသောအခါ စိတ်အားတက်လာပြီးလျှင် ခပ်သွက်သွက် လျှောက်လေသည်။ အာဆူလာတို့အိမ်အနီးသို့ ရောက် သောအခါ သူသည် အာဆူလာနှင့် အနေချင်းနီးသည့်အဖြစ်ကိုတွေး၍ ကျေနပ်သလိုလိုဖြစ်မိသည်။ သို့ရာတွင် ခပ်လှမ်းလှမ်းမှနေ၍ အခန်း တွင်းမှထွက်လာသော မိုးရောင်ကိုသာ အာရုံပြုရတော့သည်။ မကြာမိပင်

http://www.cherrythitsar.org

လျှင် မိုးရောင်ကလေး ငြိမ်သွားလေသည်။ လွိုင်းယားတို့ တစ်အိမ်လုံးမှာ မှောင်သွားလေသည်။ သူသည်လည်း တစ်လှမ်းချင်းလှည့်၍ ထွက်လာခဲ့ရတော့သည်။ လမ်းအကွေ့တွင် လွိုင်းယားတို့အိမ်သည် ကွယ်သွားလေသည်။ သူနှင့် အာဆူလာတို့သည် တဖြည်းဖြည်း ဝေးကြပြန်လေပြီ။

သူ့စိတ်ကူးထဲတွင် အာဆူလာသည် သူနှင့် အိမ်ထောင်ကျပြီးလျှင် ပန်းချီကားရောင်းသမား၏ဇနီး မဟုတ်တော့ဘဲ ရတတ်သမျှနှင့် ရောင့်ရဲ၍နေပေသော သစ္စာရှိလှသည့် ဘုန်းတော်ကြီး၏ဇနီး ဖြစ်နေလေသည်။ သူ့အနီးတွင် နေ၍ ဆင်းရဲသားတို့အား ကောင်းကျိုး ဆောင်သော သူတော်ကောင်းမလေး ဖြစ်နေလေတော့သည်။

ယင်းသို့လျှင် ဗင်းဆင့်သည် စနေနေ့တိုင်း ရမ်းစဂိတ်မှ လန်ဒန်မြို့သို့ ခြေကျင်လျှောက်၍ အာဆူလာ၏အိမ်ကို ခပ်လှမ်းလှမ်းမှနေ ကြည့်လေသည်။ ယင်းသို့ ခြေကျင်လျှောက်ရသည့်အတွက် သူ့အဖို့ ကျေနပ်သော်လည်း ကျောင်းသို့ တနလ်ာနေ့ အချိန်မီ ပြန်မရောက်သဖြင့် အခက်ကြုံရလေသည်။

တစ်ခါတစ်ရံ သူသည် သောကြောနေ့မှစ၍ထွက်ပြီးလျှင် တနင်္ဂနွေနေ့ အာဆူလာ ဘုရားရှိခိုးကျောင်းသို့ ထွက်သွားသည်ကို လှမ်းမျှော်ကြည့်နိုင်အောင် အရောက်သွားလေသည်။ သူ့မှာ ငွေကြေးလည်းမရှိ။ လန်ဒန်မြို့တွင် တည်းခိုစရာအိမ်လည်းမရှိ။ အစားအသောက်လည်းမရှိ။ တစ်ခါတစ်ရံ ရမ်းစဂိတ်မြို့သို့ တနလ်ာနေ့ မိုးသောက်ချိန်အရောက် လမ်းလျှောက်ရသဖြင့် သူ့ခမျာမှာ နှင်းတောထဲတွင် ခိုက်ခိုက်တုန် ချမ်း၍ ခရီးပန်း ပြီးလျှင် အစာငတ်နေသဖြင့် အင်အား ကုန်ခန်းလျက် ရှိချေသည်။ ယင်းသို့ အပင်ပန်းကြီးသောကြောင့် ရက်သတ္တတစ်ပတ်မျှ အားပြန်၍ မွေးရသည်။

ထို့နောက် လအနည်းငယ်ကြာလတ်သောအခါ ဗင်းဆင့်သည် နေရာကောင်းတစ်ခုကို ရလေသည်။ ယင်းသည် အိုင်လတ်မြို့ရှိ မစ္စတာဂျုံး၏ ကျောင်းတွင် ဖြစ်၏။ မစ္စတာဂျုံးက သူ့ကို ကျောင်းဆရာအဖြစ် စ၍ခန့်သော်လည်း မကြာမီပင်လျှင် သင်းအုပ်ဆရာကလေး အဖြစ် တိုးမြှင့်ခန့်ထားလေသည်။

http://www.cherrythitsar.org

စိတ်ကူးယဉ်သော ဗင်းဆင့်သည် အခြေအနေအရ စိတ်ကူးပြောင်းရပြန်သည်။ အာဆူလာသည် ယခင်က စိတ်ကူးသည့်အတိုင်း ဘုန်းတော်ကြီး၏ဇနီး မဟုတ်တော့ဘဲ တောအရပ်တွင် အေးအေးဆေးဆေးနေသော သင်းအုပ်ဆရာကလေး၏ ဇနီးဖြစ်လာရပြန်သည်။

စိတ်ကူးနှင့်မွေ့လျော်နေသော ဗင်းဆင့်သည် အာဆူလာ၏ လက်ထပ်ရက် နီးလာပြီဆိုသည့် လက်တွေ့အချက်ကို ဂရုမမူမိချေ။ သူ့အဖို့ အာဆူလာနှင့် ချစ်ကြိုက်၍ စေ့စပ်ပြီးဖြစ်သောသူသည် မရှိ။ သူ့စိတ်ကူးထဲ၌ သူ တစ်ဦးသာလျှင် အဆူလာ၏အဖို့ ဖြစ်သည်။ အာဆူလာက သူ့ကို ငြင်းလိုက်ခြင်းမှာ သူ့ချွတ်ယွင်းချက်မျှသာဖြစ်၍ သူပြုပြင်လိုက်ပါမူ အာဆူလာ၏ ငြင်းချက်သည် ပျက်ပြယ်သွားပြီးလျှင် အာဆူလာ၏ ကြည်ဖြူစွာ လက်ခံမှုသည် ပေါ်ပေါက်လာပေမည်ဟု သူထင်၏။ သူသည် သူ့စိတ်ကူးနှင့်သူ ကျေနပ်နေသောကြောင့် တကယ့်အဖြစ် အပျက်ကို မသုံးသပ်တတ်ချေ။ သုံးသပ်ရန်လည်း မလိုလားပေ။

မစ္စတာဂျုံး၏ ကျောင်းသားများသည် လန်ဒန်မြို့မှ လာ၍နေကြသော ဆင်းဆင်းရဲရဲများဖြစ်သည်။ မစ္စတာဂျုံးသည် ဗင်းဆင့်အား လန်ဒန်မြို့သို့ ခြေကျင်လွှတ်၍ ကျောင်းသားမိဘများထံမှ ကျောင်းလခ တောင်းခံစေသည်။ ကျောင်းသားမိဘများသည် ဝိုက်ချေပယ်အရပ်တွင် နေကြသည်။

လမ်းများသည် ညစ်ပတ်၍ အနံ့အသက်များ ထွက်နေသည်။ အိမ်ထောင်စုတို့မှာလည်း အအေးလွန်၍နေသော အခန်းကြီးများတွင် ပြွတ်သိပ်၍နေကြရသည်။ အစားအစာရှားပါး၍ ငတ်ပြတ်နေကြသည်။ ကျန်းမာရေး အခြေအနေကင်းမဲ့သည့်အရပ် ဖြစ်သည့်အလျောက် နာမကျန်းသူများလည်း ပေါများလှချေ၏။ အစိုးရက ပိတ်ပင်ထားသော မသန့်ရှင်းသော အမဲသားငါးတို့ကို ခိုးရောင်း၍ အသက်မွေးဝမ်းကျောင်း ရှာကြသူကများလေသည်။ ဗင်းဆင့်သည် ဒုက္ခပင်လယ်ဝေသော ကျောင်းသားမိဘများ၏ ဒုက္ခဖြစ်စဉ်များကို ကြားနာပြီး ပြန်ရလေသည်။ ကျောင်းလခရဖို့ကား ဝေးလေစွ။

http://www.cherrythitsar.org

ယင်းသို့ဖြစ်သော်လည်း ဗင်းဆင့်သည် လန်ဒန်သို့သွားရန် အထူးလို လား၏။ အဘယ်ကြောင့်ဆိုသော် လန်ဒန်သို့သွားလျှင် အာဆူလာတို့ အိမ် အနီးသို့သွားနိုင်သည်။ သို့ရာတွင် ဂျိုက်ချေပယ် ရပ်ကွက်သို့ ရောက်သွား ပြီးလျှင် ကျောင်းသားမိဘများ၏ ဒုက္ခတရား၊ နာကြားရသည့်အခါ အာ ဆူလာကိုပင် မေ့သွားလေတော့သည်။ ထို့ကြောင့် တစ်ခါတစ်ရံ အာဆူ လာတို့အိမ်ဘက်ကို မရောက်ဘဲ အိုင်လတ်မြို့သို့ ပြန်ခဲ့လေသည်။

ကြာသပတေးနေ့ ညနေဘက်တွင် ဝတ်ပြုနေကြခိုက်ဝယ် သင်းအုပ် ဆရာကြီး မစ္စတာဂျုံးက သူ့လက်ထောက်ကို တိုးတိုးလှမ်း၍ ပြောသည်။ "ဗင်းဆင့် ဒီနေ့ ငါသိပ်မောတာပဲကွာ။ ငါ့တရားစာတွေကို မင်းပဲ ရေး ပေးနေတာမို့ ဒီတစ်ခါ မင်းတရားဟောစမ်းပါ။ မင်းဘယ်လို တရား ဟောဆရာမျိုး ဖြစ်မယ်ဆိုတာကို ငါကြည့်ချင်ပါတယ်ကွယ့်'

ဗင်းဆင့်လည်း ခိုင်းသည့် တရားဟောစင်မြင့်ပေါ်သို့ တက်ရလေ သည်။ တစ်ခါမျှ ပရိသတ်ရှေ့တွင် စကားမပြောဖူးသဖြင့် ဒူးတုန် နေ သည်။ သို့ရာတွင် သူ့စိတ်ဓာတ်သည်ကား ကြံ့ခိုင်လှစွာ၏။ အသံအနည်း ငယ်တုန်သော်လည်း မကြာမီပင် အသံမှန်လာပြီးလျှင် သူဟောသော တရားကို ပရိသတ်က နှစ်သက်လေသည်။

"တော်ပါပေတယ် ဗင်းဆင့်ရယ်၊ နောက်အပတ် မင်း ရစ်ချာမွန်း ဝတ်ကျောင်းသွားပြီး ဟောရလိမ့်မယ်"ဟု မစ္စတာဂျုံးက ဆိုသည်။

ဗင်းဆင့်သည် သာယာလှသော ဆောင်းဦးနေ့တစ်နေ့တွင် အိုင်လတ် မှ ရစ်ချာမွန်းသို့ သိမ်းမြစ်ကမ်းတစ်လျှောက်မှ လျှောက်သွားလေသည်။ ရစ်ချာမွန်းမြို့မှ တရားနာပရိသတ်က မစ္စတာဂျုံးအား ဒတ်(ချ)တရား ဟောဆရာကလေး ဟောပြောချက်ကို ကြိုက်နှစ်သက်ကြောင်း အကြောင်း ကြားလိုက်ကြသည်။ မစ္စတာဂျုံးလည်း ဗင့်ဆင့်အား အခွင့်အရေးပေး သည့်အနေဖြင့် ရစ်ချာမွန်းသို့ လွှတ်ပေးခြင်းပင် ဖြစ်သည်။ မစ္စတာ ဂျုံး၏နယ်မှာ အတော်ပင် ကျယ်ဝန်း၍ သူဟောပြောရသော ပရိသတ်မှာ အတော်ကြီးသည်။ ထိုပရိသတ်ရှေ့တွင် အောင်မြင်စွာ ဟောပြောနေသော ဗင်းဆင့်အဖို့ မည်သည့် ပရိသတ်ကိုမျှ ကြောက်စရာ မလိုတော့ပေ။

http://www.cherrythitsar.org

ဗင်းဆင့်ဟောသောတရားကို ပရိသတ်က နှစ်သက်သည်။ သူသည် တရားဟောပြီးနောက် အိုင်လတ်သို့မပြန်ဘဲ လန်ဒန်သို့ဆက်၍ လျှောက်လေသည်။ ဗင်းဆင့်သည် သူ့အဖြစ်ကို ကျေနပ်နေ၏။ သူသည် သင်းအုပ်ဆရာအဖြစ် သက်မွေးမှု အတည်တကျဖြစ်တော့မည်။ ထိုဘက်တွင် သူသည် အောင်မြင်မှုရလေပြီ။ ထိုအောင်မြင်မှုကို အာဆူလာ၏ ခြေတော်ရင်းတွင်ချ၍ ယဇ်ပူဇော်ရန် ယခုလန်ဒန်မြို့သို့ ဆက်လျှောက်ခြင်းပင် ဖြစ်သည်။

မိုးသည်းထန်စွာ ရွာနေသည်။ ဗင်းဆင့်သည် မိုးသည်းသည့်အထဲတွင် လန်ဒန်မြို့သို့ အားသွန်၍ လျှောက်ရသည်။ သူ့မျက်နှာမှ မိုးရေသည် ချောင်းစီးသလို စီးကျနေ၏။ သူ့နောက်ပိတ်ဖိနပ်တွင် ရေဝင်၍ ဖွဖွက်မြည်နေသည်။ သူသည် ညနေစောင်းလောက်တွင် လွိုင်းယားတို့အိမ်သို့ ရောက်သည်။ ညစ်ထေးညိုမှောင်သော ဆည်းဆာရောင်သည် လမ်းများကို လွှမ်းခြုံလျက်ရှိသည်။

လမ်းခပ်လှမ်းလှမ်းမှနေ၍ လွိုင်းယားတို့အိမ်ဘက်မှ တယော တူရိယာသံများ ကြားရသဖြင့် ဘာများလုပ်နေကြပါလိမ့်ဟု အောက်မေ့မိသည်။ တစ်အိမ်လုံးမှာလည်း အခန်းစေ့ မီးလင်းလျက်ရှိသည်။ အိမ်ရှေ့တွင်လည်း မြင်းရထားများသည် တဖြိုင်ဖြိုင်ကျနေသော မိုးထဲတွင် ရပ်ထားကြသည်။ ဗင်းဆင့်သည် ဧည့်ခန်းထဲတွင် လူများ ကခုန်နေကြသည်ကို မြင်ရ၏။ ရထားလုံးကြီးတစ်စင်းပေါ်တွင် ရထားသမားအိုကြီး တစ်ယောက်သည် ထီးကြီးဆောင်း၍ မိုးလွတ်အောင် ခပ်ကုတ်ကုတ် ထိုင်နေသည်။

"ဟိုအိမ်မှာ ဘာလုပ်နေကြတာလဲ"ဟု ဗင်းဆင့်က လွိုင်းယားတို့အိမ်ကို လက်ညှိုးထိုး၍ ရထားသမားကြီးကို မေးလိုက်သည်။

"လက်ထပ်ပွဲ ထင်ပါရဲ့"

ဗင်းဆင့်သည် မြင်းရထားဘေးကိုမှီ၍ ငေးကြည့်နေသည်။ မိုးရေသည် သူ့ဆံပင်နီများကြားမှ ချောင်းကလေးများသဖွယ် မျက်နှာပေါ် စီးကျနေသည်။ အတန်ကြာသော် အိမ်ရှေ့တံခါး ပွင့်လာလေသည်။ အာ

http://www.cherrythitsar.org

ဆူလာနှင့် ပိန်ပိန်ပါးပါးလူတစ်ယောက်တို့သည် တံခါးဝတွင် တွဲ၍ရပ်နေ၏။ ပရိသတ်လည်း လှုပ်လှုပ်ရှားရှားနှင့်။ အချို့သူများသည် ဆင်ဝင်ဘက်သို့ ပြို၍ထွက်လာကြသည်။ ရယ်သံ မောသံ ဟစ်အော်သံများကိုလည်း ကြားရသည်။ ဆဲပန်းများ ကြဲသည်ကိုလည်း မြင်ရသည်။

ဗင်းဆင့်သည် ရထားအရိပ်ဘက်သို့ တိမ်းလိုက်သည်။ အာဆူလာနှင့် သူ့ခင်ပွန်းတို့သည် ရထားထဲသို့ ဝင်လိုက်ကြသည်။ ရထားသမားအိုလည်း ကျာပွတ်သံတစ်ချက်ပေး၍ ရထားကိုမောင်းလေရာ၊ ရထားဘီးကြီးများမှာ တဖြည်းဖြည်းလိမ့်လေသည်။ ဗင်းဆင့်သည် ရှေ့သို့ခြေလှမ်းအနည်းငယ်တိုးလာပြီးလျှင် မိုးရေဖြိုင်ဖြိုင်ကျနေသော ရထားပြတင်းပေါက်အနီးသို့ ပြု၍ကြည့်လိုက်ရာ အာဆူလာသည် သူ့ခင်ပွန်းကို တင်းကျပ်စွာ ဖက်၍ သူ့နှုတ်ခမ်းများလည်း သူ့ခင်ပွန်း၏ နှုတ်ခမ်းပေါ်တွင် ဖိလျက်ရှိသည်ကို မြင်လိုက်ရလေတော့သည်။ ရထားသည်လည်း အရှိန်ရ၍လျင်မြန်စွာ ထွက်သွားလေသည်။ ဗင်းဆင့်ရင်တွင်း၌ တစ်ခုခုသည် တိတိပြတ်ပြတ် ပြတ်သွားလေသည်။ အမှောင့်ပယောဂ ပျက်ပြယ်သွားလေသည်။ သူသည် ထိုမျှလွယ်လွယ်နှင့် သံယောဇဉ်ပြတ်နိုင်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ မိုးဖြိုင်ဖြိုင်ထဲ၌ပင်လျှင် အိုင်လတ်မြို့သို့ ခြေကျင်သွား၍ သူ့ပစ္စည်းကလေးများကို ယူပြီးလျှင် အင်္ဂလန်ပြည်မှ ရာသက်ပန် ခွဲခွာသွားလေတော့သည်။

❄ ❄ ❄

http://www.cherrythitsar.org

ရှင်းပြချက်

တကယ့်အဖြစ်အပျက်များကို မူတည်၍ ဝတ္ထုရေးခြင်းသည် ဝတ္ထုရေးဆရာများစွာတို့၏ အလေ့အထဖြစ်သည်။ ဤဝတ္ထုတိုသည်လည်း ထိုနည်းပင် ဖြစ်ပေသည်။ ဟော်လန်နိုင်ငံသား ကမ္ဘာကျော်ပန်းချီဆရာကြီး ဗင်းဆင့် ဗင်ဂိုး၏ အတ္ထုပတ္တိမှ အကွက်တစ်ကွက်ကိုယူ၍ ဝတ္ထုပုံစံပြုထားသော စာပင်တည်း။

ယင်းသည်လည်း 'ငွေဝယ်ကျွန်မကလေး'ကဲ့သို့ပင် ဝတ္ထုကြီးထဲမှ ခွဲထုတ်ထားသော**(Episode)**ဝတ္ထုတိုမျိုးဖြစ်သည်။'ငွေဝယ်ကျွန်မကလေး'မှာမူ စိတ်ကူးအဖြစ်အပျက်သာ ဖြစ်သည်။ ဤ 'ချစ်တုံ့မပြန်'သည်ကား ဗင်ဂိုး၏ ငယ်စဉ်အဖြစ်အပျက်ကလေးကိုမူတည်၍ ဝတ္ထုဖြစ်အောင် အဆာသွင်းထားသော ဝတ္ထုဖြစ်သည်။

တကယ့်အဖြစ်အပျက်ကိုမူတည်၍ ဝတ္ထုရေးရာ၌ ဝတ္ထုရေးဆရာ၏ စွမ်းရည်ကိုလိုက်၍ ဝတ္ထု၏တန်ဖိုး ပေါ်ထွက်လာသည်။ တကယ့်အဖြစ်အပျက်ကို စာပုံစံအမျိုးမျိုးဖြင့် ဖော်ပြကြသည်။ သတင်းစာတွင် သတင်းထောက်က ဖော်ပြသည့် သတင်းလည်းရှိ၏။ အတ္ထုပ္ပတ္တိအဖြစ် အတ္ထုပ္ပတ္တိရေး ဆရာကလည်း ရေး၍ ဖော်ပြသည်။ ဝတ္ထုအဖြစ်လည်း ဝတ္ထုရေးဆရာက ရေးလိုက်သည်။

သတင်း၊ အတ္ထုပ္ပတ္တိနှင့် ဝတ္ထုတို့သည် တစ်ခုတည်းသော တကယ့်အဖြစ်

http://www.cherrythitsar.org

အပျက်တည်းဟူသော အကြောင်းအရာကိုပင် အခြေပြု၍ ရေးထားသော စာများဖြစ်ပါလျက်နှင့် စာချင်းမတူ၊ စာပေအရာဝင်မှုဌ်လည်း မတူကြသည်မှာ အဘယ်သို့နည်း။

တကယ့်အဖြစ်အပျက်သည် အမှန်တရားဖြစ်၏ဟု ဆိုကြပေလိမ့်မည်။ အမှန်တရားဆိုသော စကားကိုနားရှင်းအောင် ပြောပြဖို့ခက်ခဲလှသည်။ အမှန်တရားသည် မဟုတ်မမှန်သော အရာမဟုတ်သည်ကားမှန်၏။ တကယ်ဖြစ်တကယ်ပျက်သည်ကို မဟုတ်ပါဘူး မမှန်ပါဘူးဟု မငြင်းသာသည်လည်းမှန်၏။ ဖောက်ပြန်မှုသည်လည်း တကယ်ပင် မဟုတ်ပါသလော။ တကယ့်အဖြစ်အပျက်ပင်တည်း။ ယင်းကို အမှန်တရားဟု ခေါ်ရပါမည်လော။ (အင်္ဂလိပ် ဝေါဟာရဌ် **Actual** နှင့် **Real** ခွဲခြားထားသည်။)

အမှန်တရား ဟူရာဌ်လည်း နှစ်မျိုးရှိသည်။ သာမန် အမှန်တရားသည် တကယ့်အဖြစ်အပျက် ကိုယ်တွေ့များကို ဆိုလိုသည်။ ဥပမာ ရန်ကုန်ဌ် လူစည်သည်။ လူအမျိုးမျိုးရှိသည်။ မော်တော်ကားတွေ အများကြီးရှိသည်။ တိုက်ကြီးတာကြီးတွေ မြောက်မြားစွာရှိသည်။ ထိုအချက်အလက်များမှာ မှန်သောအချက်အလက်များသာတည်း။

အမှန်တရားကြီးများသည်လည်း လူတိုင်းလိုလို သိပြီးသား ဖြစ်၏။ သို့သော် ယင်းတို့ကို အပေါ်ယံ အသိမျိုးဖြင့်သာ သိသူက များချေသည်။ ဥပမာ၊ ဒေါသ၊ မောဟတရားတို့ကို ဆိုကြစို့။ ထိုတရားများကို ဘာသာစကားတိုင်းဌ် မိမိတို့ သက်ဆိုင်ရာ ဝေါဟာရများဖြင့် ဖော်ပြဖြေဆိုနေကြ၏။ သို့သော် ယင်းတို့၏ လေးနက်သော အဓိပ္ပာယ်နှင့် ယင်းတို့က တိုက်တွန်းပို့ဆောင်သဖြင့် ပြုရသော လူ့စရိုက်အထွေထွေတို့နှင့် လူ့အဖြစ်အမျိုးမျိုးတို့ကိုမူ လူတိုင်းကောင်းစွာ သိကြမည် မဟုတ်ချေ။ ယင်းတို့သည်ကား လူ့ဘဝအခြေခံ အမှန်တရားများပေတည်း။အနုပညာစာပေပြုစုသူသည် ထိုတရားကြီးများ၏ လေးနက်သော အဓိပ္ပာယ်ကို ဆင်ခြင်သုံးသပ်၍ မိမိသိမြင်သည့်အချက်များကို အကြောင်းအရာ(ဇာတ်လမ်း)တို့ဖြင့်ဖော်ပြ၏။ဇာတ်ကောင်၏ အတ္တသဘာဝကို သရုပ်ဆောင်၍ပြ၏။ ယင်းသို့ ပြသည့်စာသည် အနုပညာ စာပေဖြစ်ပေသည်။

တစ်ဖန်ပြန်၍ကောက်ကြပါဦးစို့။ဥပမာ၊ လူတစ်ယောက်သည်အခြားတစ်ယောက်နှင့် ရန်ဖြစ်၍ ရိုက်လိုက်သည်။ ထိုအကြောင်းသည် သတင်းတစ်ရပ်ဖြစ်၏။ မည်သူမည်ဝါက မည်သူ့ကို ရိုက်လိုက်သည်။ သူတို့နှစ်ယောက် မည်

http://www.cherrythitsar.org

သည့်အကြောင်းကြောင့် စကားများကြသည်။ ရန်ဖြစ်ကြသည်။ ရန်ဖြစ်ရာတွင် မည်သူကစ၍ ရိုက်သည်။ မည်သူက မည်သို့ပြုသည်။ နောက်ဆုံး၌ မည်သူမည်သို့ ဖြစ်သည် စသည်ဖြင့် စီကာစဉ်ကာ အကြောင်းနှင့်အကျိုးတို့ကို ဖော်ပြလိုက်သည်။ ယင်းသည် သတင်းထောက်၏ လုပ်ငန်းဖြစ်၏။ သူရေးလိုက်သော စာသည် သတင်းတစ်ပုဒ်ဖြစ်၏။

အနုပညာစာပေသမားက ထိုအကြောင်းခြင်းရာတို့ကို လေ့လာသုံးသပ်၍ ရိုက်လိုက်သော သူ၏ အတ္တသဘာဝ၊ အရိုက်ခံရသူ၏ အတ္တသဘာဝတို့ကို ပတ်ဝန်းကျင်အနေနှင့် အခြားအထောက်အပံ့ဖြစ်သော အကြောင်းအချက်တို့ကို ဖော်ပြ၍ စာတစ်ပုဒ်ရေးလိုက်သည်။

(ဖြတ်၍ ဆိုလိုက်ရဦးတော့မည်။ ကျွန်တော်သည် 'အတ္တသဘာဝ' ဟူသော ဝေဟာရကို အဖန်တလဲလဲ အသုံးပြုခဲ့၏။ ပြုဆဲလည်းဖြစ်၏။ ကျွန်တော် ဆိုလိုရင်းမှာ လူတိုင်း၌ အတ္တစိတ်သည်ရှိ၏။ အတ္တစိတ်နှင့် ကင်းသော ပုထုဇဉ်ဟူ၍ မရှိနိုင်ပေ။ ထိုအတ္တစိတ်သည် မွေးကတည်းက ပါလာ၏။ ပတ်ဝန်းကျင်အခြေအနေနှင့် ဘဝအခြေအနေတို့က ထိုစိတ်ကို နည်းအဖုံဖုံဖြင့် အထောက်အပံ့ ပေးကြသည်။ ထိုစိတ်၏ အခြေအနေ၊ ထိုစိတ်၏ အင်အား၊ ထိုစိတ်၏ စေစားတိုက်တွန်းမှု၊ ထိုစိတ်၏ ရုန်းကန်မှု၊ ထိုစိတ်၏ တန်ပြန်မှု၊ ထိုစိတ်၏ ခံယူမှု၊ ထိုစိတ်၏ ပေးကမ်းမှု စသည်တို့သည် လူ၏သန္တာန်ဝယ် အကန့်လိုက် အစီအရီ မဟုတ်ဘဲ ရောထွေးယှက်တင် တည်နေကိန်းအောင်းလျက် ရှိလေသည်။ ယင်းသို့သောအဖြစ်ကို ကျွန်တော်က 'အတ္တသဘာဝ' ဟု ခေါ်စမ်းကြည့်ပါသည်။ အင်္ဂလိပ်ဘာသာ၌ **Personality** ဟူသော ဝေါဟာရသည် ရှိ၏။ ထိုဝေါဟာရသည် ကျန်တော် ခွဲဝေစိတ်ဖြာ၍ပြသော စိတ်ဓာတ်အခြေအနေကို ကိုယ်နှုတ်အမူအရာ စသည်တို့ကို ငုံမိသည်ဟု ဆိုနိုင်ပါသည်။)

သတင်းနှင့် စာပေတို့၌ ကွဲပြားခြားနားမှုကို ဤသို့လည်း အကြမ်းဖျင်းအားဖြင့် မြင်နိုင်သည် ထင်မိပါသည်။ သတင်းသည် အပေါ်ယံ အမြင်တွေဖြန့်၍ ဖော်ပြသည်။ စာပေသည် အတွင်းနှိုက်၍ အောက်ခံအဓိပ္ပာယ်များ သက်ရောက်လာအောင် ကြိုးပမ်း၍ သရုပ်ဖော်သည်။ သတင်းသည် လူမှုရေးသမိုင်းနှင့် သက်ဆိုင်သည်။ စာပေသည် ယထာဘူတ တရား၌ အကျုံးဝင်သည်။ **Philosohpy** ဟူသော အင်္ဂလိပ်ဘာသာ ဝေါဟာရ၏ အဓိပ္ပာယ်ကို မြန်မာပြန်ယူ၍ ဆိုရာဝယ် အချို့က 'အဘိဓမ္မာ' ဟူသော ပါဠိ(မြန်မာ)ဝေါဟာရကို

http://www.cherrythitsar.org

အသုံးပြုကြသည်။ ထိုဝေါဟာရမှာ ဗုဒ္ဓဘာသာ ဝေါဟာရာအဖြစ် ခိုင်မြဲစွာ တည်နေသဖြင့် ကျွန်တော့်သဘောအရ လောကီပညာ၌ မသုံးသင့်ပေ။ 'ယထာဘူတ'ဟူသော ပါဠို(မြန်မာ) ဝေါဟာရကိုသာ သုံးလျှင် လောကုတ္တရာ အရေးနှင့် ခွဲခြားနိုင်လေမလားဟု ကျွန်တော် ထင်မိပါသည်။

တကယ့် အဖြစ်အပျက်ကို ဖော်ပြသော်လည်း ဖော်ပြပုံ ကွာခြားသည့် အလျောက် အနုပညာ ပစ္စည်းအဖြစ်၌လည်း ကွာခြားသည်။ သတင်းသည် သတင်းစာတွင် ပါပြီးနောက်တစ်နေ့၌ ဟောင်း၍သွားတော့သည်။ လူအများက အခြား သတင်းသစ်များကိုသာ အာရုံစိုက်ကြသည်။

အနုပညာစာပေမှာကား ယင်းသို့ဟောင်းနွမ်းသွားသည်ဟူ၍ မရှိ။ အနုပညာ အဆင့်အတန်းမြင့်လေလေ၊ အခွန့်ရှည်စွာ တည်နိုင်လေလေ ဖြစ်ပေတော့သည်။

ရှေးခေတ်အခါက ပြင်သစ်နိုင်ငံတွင် လူသတ်မှု တစ်ခုဖြစ်၏။ ထို အမှု သတင်းကို ပြင်သစ်သတင်းစာများက ကျကျနန ထည့်သွင်းဖော်ပြကြသည်။ ထိုအခိုက် ထိုအခါ၌ ထို လူသတ်မှုသတင်းကို တစ်နိုင်ငံလုံး စိတ်ဝင်စားကြ၏။ မည်မျှပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်သော သတင်းဖြစ်စေကာမူ အချိန်တန်သော် ပျောက်ပျက်သွားလေတော့သည်။ လူတို့သည်လည်း အခြားသတင်းများ၌ စိတ်ဝင်စားကြပြီးလျှင်ထိုသတင်းကို မေ့မေ့ပျောက်ပျောက် နေလိုက်ကြကုန်၏။ သို့ရာတွင် ပြင်သစ်စာရေးဆရာကြီး စတင်ဒဲလ်က ထို လူသတ်မှု သတင်း(တကယ့်အဖြစ်အပျက်)ကို မူတည်၍ ဇာတ်ကောင်များ၏ အတ္တသဘာဝကို ယထာဘူတကျအောင် ဆင်ခြင်သုံးသပ်ပြီးလျှင် ဝတ္ထုတစ်ပုဒ် ရေးလိုက်သည်။ ယင်း ဝတ္ထု 'အနီနှင့်အနက်'သည် ကမ္ဘာ့စာပေ အရာဝင်သော ဝတ္ထုကြီး တစ်ပုဒ် ဖြစ်သွားလေသည်။

ဟော်လန်နိုင်ငံသား ပန်းချီဆရာကြီး ဗင်းဆင့်ဗင်ဂိုးသည် ကမ္ဘာကျော် ပန်းချီဆရာကြီး ဖြစ်သည်။ သူ့ အတ္ထုပ္ပတ္တိသည် သူ၏ ကျော်စောမှုကို မှီ၍ ထင်ရှားပေတော့သည်။ ယင်းသို့ ထင်ရှားသည်မှာ မထူးဆန်းပေ။ ကမ္ဘာကျော် ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများကို ဖတ်လိုကြ၏။ ယင်းတို့ ဘယ်သို့သော အကြောင်းကြောင့် ကမ္ဘာကျော်ကြလေသနည်းဟူသော မေးခွန်းကြီး၏ အဖြေကို သိလိုကြခြင်းကြောင့်ပင် ဖြစ်သည်။

ဤ ဝတ္ထုတိုသည် ဆိုခဲ့သည့်အတိုင်းပင်။ ဝတ္ထုကြီး(သို့မဟုတ်) အတ္ထုပ္ပတ္တိ

http://www.cherrythitsar.org

၏ အပိုင်းအစ တစ်ခုမျှသာ ဖြစ်သည်။ ယင်း၌ ဗင်ဂိုး၏ အတ္တသဘာဝ သရုပ်ဖော်ချက်ကလေးများ ပါရှိသဖြင့် အနုပညာ အရာဝင်သည်ဟု ဆိုနိုင်၏။ စိတ်ကူးယဉ်သမား ဗင်ဂိုး၏ 'အသည်းကွဲ' ဇာတ်လမ်းကလေး တစ်ခုဖြစ်သည့် အလျောက် စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။ ဗင်ဂိုး၏ ငယ်စဉ်က ချစ်တုံ့မပြန် ခံစားလိုက်ရသည့်အတွက် သူ့ဘဝ တစ်သက်တာတွင် ထိုဝေဒနာ၏ အရောင် ဟပ်ခဲ့လေသည်။ သူ့ပန်းချီကားများ၌လည်း သူ၏ အတွင်းဆွေးစိတ်ဓာတ်၊ ကြင်နာသနားတတ်သော စိတ်သဘောဝတို့၏ အရောင်သည် ပုံ့နှံ့လျက်ရှိ၏။ သူ့စိတ် ညှိုးနွမ်းနေလေ့ ရှိသည့်အလျောက် သူ့ပန်းချီကားများ၌ ပါရှိသော ရှုခင်းတို့သည် မှုန်မှိုင်းမှိုင်းဖြစ်နေတတ်သည်။ ကြင်နာတတ်သော စိတ်သဘာဝ၏ အဟုန်ကြောင့် သူ့ပန်းချီကားများ၌ ပါရှိသော လူရုပ်ပုံများတွင် ကြင်နာသနားတတ်သော မျက်နှာနေ မျက်နှာထားတို့ကို စိစစ် ကြည့်ရှုနိုင်သည်။ တစ်ခါတစ်ရံ သူ့ပင်ကို စိတ်ဓာတ်ဖြစ်သော ကြည်လင်ရွှင်ပျသော သဘာဝကြောင့် သူ့ပန်းချီကားများ၌ ဝါထိန်ဝင်းသော အရောင် လွှမ်းလျက် ရှိတတ်သည်။

စိတ်ကူးယဉ်သမားတစ်ယောက် ဖြစ်သည့်အားလျော်စွာ သူသည် အာဆူလာကို မရနိုင်မှန်း သိလျက်နှင့် စိတ်ကူးထဲတွင် အာဆူလာကို သူ့ဇနီးအသွင်မြင်လျက် မြင်လျက် ရှိသည်။ သူသည် ဟန်ဆောင်သော လောက၊ မတရားသော လောက၊ ဘူးတောင်းနစ် စောင်ချမ်းပေါ်သော လောက၊ ပကာသနမက်သော လောကကြီးများကြားတွင် မနေတတ် မထိုင်တတ် ဖြစ်သဖြင့် သူ့စိတ်ကူးလောကကို သူ့အဖို့ ဖန်ဆင်းပြီး သူ့ဘာသာ သာယာမှုကို ရှာကြံရလေသည်။

ဤ ဝတ္ထုတို၌ ကမ္ဘာကျော် ပန်းချီဆရာကြီး ဗင်းဆင့်ဗင်ဂိုး၏ စိတ်ကူးယဉ်သဘာဝကို ပေါ်လွင်အောင် သရုပ်ဖော်ထားသည်။ အချစ် ဝတ္ထုတစ်ပုဒ်ဟု သာမန်အားဖြင့် ခေါ်ဆိုနိုင်ပါ၏။ သို့သော် စိစစ် ဆင်ခြင်ကြည့်လိုက်သော အခါ အဆန်မပါ ဟန်သာရှိသော ပကာသန လောကကြီးနှင့် လေးနက်သော၊ မြတ်နိုးတတ်သော အနုပညာ စိတ်ဓာတ်တို့ အံမကျ၊ ဟန်မကျ၊ ပဋိပက္ခ ဖြစ်ရပုံကို ပြကြောင်း မြင်ထင်လာနိုင်ပေသည်။

❄ ❄ ❄

http://www.cherrythitsar.org

http://www.cherrythitsar.org

၅။ တစ်သက်တစ်ခါ
ရာမစန္ဒြ ရေးသည်

ဂေါပါလသည် ရေချိုးခန်းကျဉ်းကလေးတွင် ရေချိုးနေစဉ် သူ့မျက်စိအောက်ရှိ မီးဖိုကို ငေးကြည့်နေလေသည်။ မီးဖိုတွင် ထင်းတစ်ချောင်းမှာလည်း မီးလောင်ကျွမ်းလျက်ရှိလေသည်။ သူသည် ထင်းချောင်းကို ငေးကြည့်ရာမှ သူ့ဇနီးကို လှမ်းကြည့်လိုက်လေသည်။

သူ့ဇနီးသည် မီးဖိုရှေ့တွင် ထိုင်နေလေသည်။ ဂေါပါလသည် ထင်းချောင်းကို တစ်ချက်မျှ ပြန်၍ ကြည့်ပြီးလျှင် "အင်း – ငါလဲ ဒီထင်းချောင်းလိုပဲ တဖြည်းဖြည်း လုံးပါးပါးနေရပါ့ပေါ့လား"ဟု စိတ်တွင်း ကရေရွတ်ညည်းညူ မိလေသည်။

ထိုအတွေးနှင့် ထက်ကြပ်မကွာ လိုက်ပါလာသော အတွေးစဉ်ကြီးသည်ကား၊ သူ့အဖို့ ဤမှောင်ခိုစျေး ကြီးပွားသည့်ခေတ်ကြီးတွင် အစားအသောက် အနေအထိုင် ကျပ်တည်းသည့် အကြောင်းအရာများပင် ဖြစ်တော့သည်။ အစစအရာရာစျေးကြီး၍ မစားလောက်သဖြင့် သူ့သားမယားတို့မှာ အစားအသောက် အနေအထိုင် ဒုက္ခဝေဆာလျက်ရှိတော့သည်။ ဤခေတ်ကြီးမျိုးတွင် ကြေးရတတ်များသာ အသက်ရှူချောင်တော့သည်ပင်။

http://www.cherrythitsar.org

ဂေါပါလသည် ထိုတို့ ထင်းချောင်းမှန္ယယ်၍ တွေးမိလာသောအခါ မျက်ရည်ကိုပင် မဆည်နိုင်အောင် ဖြစ်ရရှာသည်။ သို့ရာတွင် သူ့ မျက်ရည်စကို သူ့ဇနီး မြင်သွားမည်စိုးသဖြင့် တစ်ဖက်သို့ ရုတ်ခြည်းလှည့်ပြီးလျှင် သူ့ကိုယ်ကို ချေးနာနာတွန်းလျက် အတွေးကို ဖျောက်ဖျက်ရန် ကြိုးပမ်းလေသည်။

သူ့ဇနီး သူရဿတီသည် သူနှင့် ပေါင်းသင်းလာသည့် တစ်ဆယ့်နှစ်နှစ် ကာလပတ်လုံးတွင် ဂေါပါလ ထိုမျှလောက် ချေးနာနာတွန်းသည်ကို မတွေ့ကြုံဖူးသဖြင့် အံ့အားသင့်ကာ "မောင်၊ ကျုပ် ကူပြီး တွန်းပေးမယ်လေ" ဟု သာယာငြိမ့်ညောင်းသော ကရဏာသံကလေးနှင့် ပြောလိုက်လေသည်။

ဂေါပါလသည် သူဇနီး၏အသံကို ကြားရသောအခါ လန့်ဖျပ်သွားလေသည်။ သူ့ရွက်အုပ်သီးပူမှုကို သိသွားလေသလားဟု အောက်မေ့မိသဖြင့် ဟန်ဆောင်ကာ ရယ်မော၍ "အမယ်လေးဟဲ့ မိန်းမရ။ မနေ့ကမှရကြတဲ့ လင်မယားလို လာပြီး ချော့မနေစမ်းပါနဲ့ကွာ။ ကဲ ကဲ မျက်နှာသုတ်ပဝါ ဆွဲလိုက်စမ်းပါ" ဟု ပြောလိုက်လေသည်။

သူရယ်မော ပြောဆိုသော်ငြားလည်း သူ့ရယ်သံတွင် ရွှင်မြူးခြင်း လက္ခဏာမပါချေ။ ဟန်ရယ်ရယ်ခြင်းနှင့် တူလွန်းလှတော့သည်။ ရယ်သံပျောက်သည်နှင့်တစ်ပြိုင်နက် စိတ်ညစ်ညူးစရာတွေ ဝေဝေဖြာလျက် ရှိလေသည်။ သူ့ဇနီးမှာလည်း မျက်နှာညှိုးလျက်ရှိသည်။ မျက်နှာသုတ်ပဝါလှမ်းယူပြီးလျှင် ဂေါပါလသည် သူ့ကိုယ်သူ နာနာသုတ် နေလေသည်။

သူသည် ရေချိုးခန်းထဲမှထွက်၍ အပြင်ခန်းတစ်ခုထဲသို့ ဝင်သွားလေသည်။ သူနှင့်သူ့ဇနီးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ဘဲ လွဲသွားကြလေသည်။ မျက်နှာချင်းဆုံမိလျှင် တစ်ယောက် အတွေးကိုတစ်ယောက် သိသွားမည် စိုးကြသောကြောင့်ပင်။

ဂေါပါလသည် ဆံပင်ကို ဘီးနှင့်ခွဲနေစဉ် မှန်ထဲတွင် သူ့မျက်နှာကို သူကြည့်ကာ ပြုံးဟန်ပြုလေသည်။ ထိုမျက်နှာထားဖြင့်ပင် ဇနီးအား သူ့အတွေးကို မသိစေရန် ကြံဆောင်မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

http://www.cherrythitsar.org

သူသည် ချိတ်တွင် ချိတ်ထားသော ဒိုတီကိုလှမ်းယူ၍ သေသေချာချာ ကြည့်လေသည်။

ဒိုတီတွင် အပေါက်အပြဲများကို သပ်ရပ်စွာ ချုပ်ဖာထားသည့် သူ့ ဇနီးလက်ရာများကိုတွေ့ရသည်။ အစုတ်တစ်ရာ အဖာတစ်ထောင်ဆို သကဲ့သို့ လူထဲတွင်မဝင်ဝံ့အောင် ဖြစ်နေရှာသော ဒိုတီကိုကြည့်ကာ သက်ပြင်းချရင်း သူဝတ်ထားသော ရေလဲပိုင်းနဲ့ လဲလိုက်လေသည်။

ထိုအခိုက် သူရဿတီသည် တံခါးပေါက်တွင်လာ၍ ရပ်လေသည်။ သူ့မျက်နှာ ညှိုးမှိုင်းလျက်ရှိတော့သည်။ သူ့ခေါင်းမှာ ရှေ့သို့ အနည်းငယ် ငိုက်၍ ကျနေလေသည်။ ဂေါပါလသည် ရုပ်အင်္ကျီကို ဝတ်ပြီးနောက် အပြင်အင်္ကျီကို ထပ်ဝတ်ပြီးလျှင် သူ့ဇနီးကို လှမ်းကြည့်လိုက်လေသည်။ သူ့ဇနီးမျက်နှာမှာ ဒုက္ခအကြီးအကျယ် ရောက်နေသည့်အဖြစ်ကို ဖော်ပြ လျက်ရှိတော့သည်။

ဂေါပါလသည် အပြင်အင်္ကျီကို တစ်ဖန်ပြင်၍ ချွတ်ပြီးနောက် သူရဿတီအနီးသို့ သွားကာ မေးကလေးကို လက်မဖြင့်မရင်း "မင်း ကလဲကွာ၊ ဒီလောက်တောင် စိတ်ညစ်မနေစမ်းပါနဲ့။ ဘာဖြစ်လို့ မျက်နှာ မသာရတာလဲ ဟင်။ ငါ ဒီမနက် လက်ဖက်ရည် မသောက်ရလို့လား။ ထမင်း မစားရလို့လား ဟင်။ ဒီလောက် စိတ်မကောင်းဖြစ် မနေပါနဲ့ ကွာ။ ဒီလိုပေါ့"ဟု အားပေးရတော့သည်။

သူရဿတီသည် လည်ချောင်းတွင် တစ်ဆို့နေသော အလုံးကြီးကို ခဲခဲယဉ်းယဉ်းမျိုချလိုက်ပြီးနောက် ခေါင်းမဖော်ဘဲ လေပျော့ကလေးနှင့် ပြောရှာလေသည်။ "ကျွန်မတို့မှာ အခု ထင်းလဲ မရှိတော့ဘူး။ ဆီလဲ မရှိဘူး။ ဟင်းရွက်ဟင်းသီးဆိုလဲ နည်းနည်းမှမရှိဘူး။ ဂျုံကလေး ရှိတာ လဲ ချာပါတီ လေးချပ်လောက်ပဲ လုပ်လောက်မယ်"

ဂေါပါလသည် သူ့ဇနီးကို ငေးကြည့်နေလေသည်။ သူ့၌ ကျစရာ မျက်ရည်မရှိတော့ဘူးဟု အောက်မေ့မိသည်။ မျက်ရည်ကို ထားဘိဦး။ ဝမ်းနည်းစရာ နှလုံးသား၊ အာရုံဖြစ်ပေါ်စရာ ဦးနှောက် စသည်တို့ပင် မရှိတော့ဟု အောက်မေ့မိလေသည်။ သူ့စိတ်မှာ အဟာကြီး ဟာလျက်

http://www.cherrythitsar.org

အတန်ကြာမှ သူ့လက်ကို ပြန်ချပြီးလျှင် အင်အားမရှိသော လေသံဖြင့် "ကလေးတွေ စားဖို့တော့ ရှိသေးရဲ့ မဟုတ်လား။ ဒီမနက်ဖို့လေ"

"ကလေးတွေဖို့တော့ ရှိတာပေါ့။ ရှင့်အတွက်တော့ ဘယ်လို"

"အို ငါ့အတွက် ထည့်မတွက်ပါနဲ့ကွာ။ အခုနေဖြင့် မင်းသာ မနက်စာ ငတ်ရတော့မယ့်ပုံပဲ"

"ကျွန်မအတွက် ကိစ္စမရှိပါဘူး။ ရှင်က လက်ဖက်ရည်ကလေး တစ်ခွက်လောက်တောင် မှ မသောက်ရသေးဘဲ အလုပ်သွားရမယ်ဆိုတာ ဘယ်ဖြစ်မလဲ"

"အိုကွယ် ဖြစ်ပါတယ်။ ငါပြောမယ် နားထောင်စမ်း။ အိမ်မှာ ဟင်းချက်စရာ ဟင်းရွက်ဟင်းသီးဆိုလို့ ဘာမှမရှိဘူး မဟုတ်လား။ ဂျုံတော့ဖြင့် ရှိသေးရဲ့မဟုတ်လား။ ကဲ ဒါဖြင့် ချာပါတီကို ရသလောက် လုပ်ထား။ နွားနို့ကုလားဆီက ဒီနေ့ကစပြီး နွားနို့ယူ။ သိလား။ ဘယ့်နယ်ကွာ တို့တစ်တွေဟာ ဆင်းရဲသားတွေမှ မဟုတ်ဘဲ။ နွားနို့တော့ သောက်ဦးမှပေါ့။ ဟုတ်ဖူးလား။ ကလေးတွေကို နွားနို့နဲ့ ချာပါတီ ကျွေးပေတော့။ ဒီနေ့ လဆန်းတစ်ရက်နေ့ကွ။ ငါလခရမှာပဲ။ ညနေကျ ရင်တော့ ဒို့တစ်တွေ ဝဝကြီး စားလိုက်ကြတာပေါ့ကွာ။ စိတ်ညစ်မနေပါနဲ့ မိန်းမရာ"

ဂေါပါလသည် အလုပ်သို့ သွားစဉ် သူ့စိတ်ထဲတွင် အကြံ အမျိုးမျိုး ထုတ်၍ အလုပ်များလျက် ရှိတော့သည်။ သူ ယခု နံနက်ခင်းသွားသော အလုပ်မှာ အလုပ်ပိုဖြစ်သည်။ ထိုသို့အလုပ်ပိုလုပ်၍ ငွေပို ကလေးမျှ မရလျှင်လည်း ခက်ရချည့်။ ယခုကဲ့သို့ ငွေကြေးရှားပါး၍ ဈေးခေါင်ချင်နေသော ခေတ်ကြီးတွင် နပ်မှန်စားနိုင်ဖို့ ခဲယဉ်းလှတော့သည်။

"အင်း လောက၊ လောက။ လူ့ဘဝရပေမယ့် ဒုက္ခတွေ အပြည့်နဲ့ ပါကလား။ ငါဖြင့် အခုထက်ထိ ဆယ့်နှစ်နှစ်လုံးလုံး နွားလိုရှန်းပြီး လုပ်ခဲ့ရတာ။ နောင်လဲ ဘယ်လောက်အထိ လုပ်ရဦးမယ် မသိဘူး။ တစ်သက်လုံး ဒီလိုပဲ လုပ်ရမှာပဲ ထင်ပါရဲ့။ ငါ့ဘဝမှာ သုခဆိုလို့ တစ်ကွက်ကလေးမှ မရှိပါကလားနော်"ဟု သူသည် လမ်းတစ်လျှောက်လုံး တွေး၍ တစ်ကိုယ်တည်း ညည်းညူလာလေသည်။

http://www.cherrythitsar.org

သူ့ဇနီး သူရဿတီကို မျက်စိထဲတွင် မြင်လာလေသည်။ "သဘော ကောင်း အိမ်ရှင်မကလေးပေပဲနော်"ဟု ချီးကျူးကာ သူရဿတီ၏ ဖြူရော်ရော် မျက်နှာကလေးကို မြင်လာလေတော့သည်။ သူ့ကလေး များမှာလည်း မွေးကတည်းက ဖွံ့ဖွံ့ဖြိုးဖြိုး စားသောက် ဝတ်ဆင်ကြရ သည်မရှိ။ မိဘမဲ့ကလေးများနှင့် တူလှချေတော့သည်။

သူသည် သူအပိုအလုပ်လုပ်သောဆိုင်သို့ ရောက်သွားသောအခါ ဆယ့်ငါးမိနစ်နောက်ကျနေကြောင်းသိရ၍ အလုပ်ရှင်က ဆူတော့မည့် အရေးကို ကြိုတင်သိသဖြင့် ခပ်ကုပ်ကုပ်ကလေးဝင်ကာ စာရင်းစာအုပ် များကို ဆွဲ၍ လှန်လှောနေလေသည်။ ဆိုင်ရှင်က သူဝင်လာလျှင်ပင် "ဟေ့ မင်းနောက်ကျလှချည့်လားကွ"ဟု အော်၍ ပြောလိုက်လေသည်။

"ဆယ့်ငါးမိနစ်တည်းပါ ခင်ဗျာ"

"အံမယ်၊ ဆယ့်ငါးမိနစ်ဆိုတာ နည်းသလားကွ။ မင်း အရှက်မရှိ ဘူးလားဟင်။ မင်း ဒီမှာလုပ်တာမှ တစ်နေ့ နှစ်နာရီရယ်။ အဲဒီထဲက ဆယ့်ငါးမိနစ် နောက်ကျတယ်ဆိုတော့ ဘယ်မှာလဲလုပ်ချိန် ပြောစမ်း ပါဦး။ ဟင် ဒါနဲ့များ ဆယ့်ငါးမိနစ်တည်းပါလေး ဘာလေးနဲ့၊ မင်းမို့ အရှက်မရှိ ပြောရက်သကွာ"

ဂေါပါလသည် ဆိုင်ရှင်က ပစ်ပစ်ခါခါ ပြောသည်ကို ပြန်၍ပြော လိုဟန်ဖြင့် နေရာပြင်ထိုင်လိုက်လေသည်။ ထိုနောက်မှ ပြန်၍မပြော သာသည့် အခြေအနေကြောင့် တစ်ဖန် ခေါင်းငုံ့ပြီး စာရင်းများကို အာရုံပြုကာ ဆိုင်ရှင့်စကားများကို မေ့ပျောက်စပစ်လိုက်လေသည်။

ဆိုင်ရှင်ကို အာရုံဖျောက်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် သူ့ဇနီး ၏ မျက်နှာကလေး သူ့မျက်စိတွင် ပေါ်လာလေသည်။ သူ့ဇနီးမှာ သူနှင့် အကြောင်းပါသည့်နေ့ကစ၍ ယခုထက်တိုင် သူ့ကို အားကိုးရှာ သည်။ သူ့အတွက် ဒုက္ခအထွေထွေကို ရဲဝံ့စွာ လက်ခံကြုံတွေ့ရှာသည်။ သူ့ခမျာမှာ သူနှင့်ရသည့်နေ့ကစ၍ ယနေ့တိုင်အောင်ပင် ဝတ်ကောင်း ခြင်း မဝတ်ရ၊ စားကောင်းခြင်း မစားရရှာချေ။ ဂေါပါလအဖို့ ထို အတွေးမှာ ထိခိုက်ဆုံး ဖြစ်တော့သည်။

http://www.cherrythitsar.org

ယနေ့သည် လဆန်းတစ်ရက်နေ့ဖြစ်သည်။ ယနေ့ လခရမည်ဖြစ်၍ ညနေဘက်တွင် စားဖွယ်သောက်ဖွယ်တို့ကို ဝယ်နိုင်မည်။ သို့ရာတွင် နံနက်ပိုင်းက လုံးလုံးလျားလျား စားစရာမရှိရသည့်အဖြစ်မျိုးကို ရောက်ခဲ့ရသည်မှာ အသည်းနာစရာ ဖြစ်တော့သည်။ သူ့ဇနီးသည် တစ်ခါတစ်ရံ ဥပုသ်စောင့်လေ့ရှိသည်။ ယင်းသို့ ဥပုသ်စောင့်၍ အစာမစားခြင်းနှင့် နံနက်ကကဲ့သို့ စားစရာမရှိ၍ မစားခြင်းမှာ သဘောချင်း ကွာခြားလှဘိ၏။ နံနက်က အဖြစ်မျိုးမှာ အသည်းနာစရာပင်တည်း။

ဂေါပါလသည် မြူနီစီပယ်ရုံးတွင် စာရေးလုပ်သည့်အပြင် နံနက်နှစ်နာရီခန့် ကုန်စုံဆိုင်တွင် စာရင်းကိုင်အဖြစ် အပိုလုပ်ရသေးသည်။ တစ်လလျှင် ဆယ့်ငါးကျပ်နှင့်လုပ်ရရာ ငွေကျပ်လှသဖြင့် လခကိုကြို၍ ယူထားရလေသည်။ လခကြို၍ ယူထားရသဖြင့် စင်စစ်ယနေ့ လခထုတ်၍ ရမည်မဟုတ်ချေ။

ဆိုင်ရှင်ကြီး စိတ်အခန့်သင့်သည့်အခါ လကြို၍ ရနိုင်သေး၏။ သို့သော် ယနေ့နံနက် ဆယ့်ငါးမိနစ်နောက်ကျသည့်ပြစ်မှုကြောင့် လကြို တောင်းရန် အခြေမလှတော့ချေ။ သူ့မိတ်ဆွေများထံမှလည်း တစ်ယောက်မကျန် ငွေချေးဖူးသည်။ ချေးထားသော ငွေကိုလည်း ပြန်မဆပ်နိုင်သေးချေ။ ထိုကြောင့် နောက်ထပ်ငွေချေးရန် မဖြစ်နိုင်တော့ချေ။

"ဟေ့ ဆရာ၊ ဘယ့်နယ် ဘာများအတွေးလွန်နေတာလဲ"ဟု ဆိုင်ရှင်၏မိတ်ဆွေတစ်ဦးက ဂေါပါလအား ဆိုင်ရှင်ထံသို့ အလည်လာရင်း လှမ်း၍ နှုတ်ဆက်သည့်သဘောနှင့် ပြောသွားလေသည်။ ဂေါပါလလည်း သူ့ဒုက္ခကို လူတကာသိသွားလောက်အောင် သူ့မျက်နှာပျက်နေပေါ့ကလားဟုတွေးကာ ရုက်သလိုဖြစ်ရင်း သတိရပြီး နာရီကြည့်လိုက်မိလေသည်။ ဆယ်နာရီထိုးပြီး၍ ငါးမိနစ် ကျော်လွန်နေပြီဖြစ်သဖြင့် မြူနီစီပယ်ရုံးသို့ တက်ရန် အချိန်နီးလာသောကြောင့် ထိုင်ရာမှ ထလိုက်လေသည်။

ထလိုက်ရာတွင် သူ့ဒိုတီအပေါက်များကို လူမမြင်အောင် သတိနှင့်ပြင်၍ဝတ်ပြီးမှ ထလေသည်။ သို့ပါလျက်နှင့် ဆိုင်ရှင်မိတ်ဆွေက မြင်မိအောင် မြင်သွားလိုက်သေး၏။

http://www.cherrythitsar.org

"ဟေ့ ဂေါပါလ၊ မင်းဒိုတီကြီး လဲစမ်းပါဦးကွာ"ဟု နှုတ်ဆော့သူ က လှမ်း၍ပြောလိုက်ရာ၊ ဂေါပါလက နှုတ်ဆိတ်လျက် ရှိသော်လည်း စိတ်တွင်းက 'အင်း၊ အင်း၊ ခင်ဗျားတို့ကတော့ ပြောနိုင်တာပေါ့လေ။ ကျုပ်အဖြစ်ကိုဖြင့် ဘာမှမသိကြဘူး'ဟု ဆိုလိုက်မိလေသည်။

အိမ်သို့ရောက်သောအခါ သူထွက်မသွားမီက မနိုးကြသေးသော ကလေးတို့သည် နိုးနေကြလေပြီ။ အကြီးဆုံး ဆယ်နှစ်ရွယ် သားကလေး သည် စာကျက်၍ နေလေသည်။ သူ့ဖခင်လာသည်ကိုမြင်မှ စာကို ပို၍ ကျယ်လောင်စွာ ဖတ်လိုက်သေးတော့သည်။

(၇)နှစ်အရွယ် သမီးကလေးမှာ ခေါင်းဖြီးနေလေသည်။ လေးနှစ် ကလေးသည် ကစားစရာကလေးများနှင့် ကစားနေလေသည်။ ခုနစ်လသားကလေးကား ပုခက်ထဲတွင် ဂူးဝါးဂူးဝါးနှင့် လှုပ်ရှားကာ အသံမြည်လျက်ရှိလေသည်။ သားသမီးများကိုမြင်ရသောအခါ ဂေါပါလ မှာ ဒုက္ခများကို တစ်မုဟုတ်ချင်း ပယ်ဖျောက်လိုက်ပြီးလျှင် ပီတိဖြစ်နေ လေတော့သည်။ သူတို့မျက်နှာ ရွှင်ရွှင်လန်းလန်းကလေးများကို မြင်ရ သော ဖခင်အဖို့ အဘယ်မှာ ပီတိသောမနဿမဖြစ်ဘဲ နေနိုင်ပါအံ့နည်း။

ဂေါပါလသည် အပြင်အင်္ကျီကို ချွတ်နေစဉ် သူ့ဇနီးက မီးဖိုချောင် မှ ပြုံးချိုချိုမျက်နှာပေးကလေးနှင့် ပြုံးကြည့်ကာ နှုတ်ဆက်လိုက်လေ သည်။ အတန်ကြာသောအခါ မီးဖိုချောင်ထဲမှ လှမ်း၍ "ထမင်းပြင်ပြီး ပြီ"ဟု အော်ပြောလိုက်လေသည်။ ဂေါပါလသည် ထိုညွှန်ကြားချက်မှာ မိမိနှင့် လုံးဝ မသက်ဆိုင်ဟု အောက်မေ့မိလေသည်။

အိမ်တွင်းရေး အခြေအနေကို ဆင်ခြင်သုံးသပ်ခြင်းအားဖြင့် ထမင်း ပြင်ပြီးပြီဆိုသော စကားမှာ မိမိကို ဇနီးသည်က နောက်ပြောင်ခြင်း မျှသာဖြစ်သည်။ သို့မဟုတ် ကလေးများအဖို့သာ ဖြစ်မည်ဟု ဂေါပါလက တွက်ချင့်လိုက်လေသည်။

နောက်မှ ဇနီးသည်က သူ့ကိုဖိတ်ခေါ်ခြင်းဖြစ်ကြောင်းကို သိရာ အံ့အားသင့်မိသည်။

"ဟင် ကလေးတွေကော"

http://www.cherrythitsar.org

"ကလေးတွေ ကျွေးပြီးပါပြီ"

ဂေါပါလသည် သူ့ဇနီးအား မည်သို့မျှမမေးမြန်းဘဲ ရှေ့တွင်ချ လာသော နံနက်စာကိုစားပြီး ရုံးသွားလေသည်။

ရုံးတွင် ဂေါပါလသည် အလုပ်၌စိတ်ဝင်စားလျက် ရှိလေသည်။ ရုံးသို့လာကြသော အမှုသည်များ၏ အရောင်မျိုးစုံ အဝတ်များ၊ ပြာတာတို့၏ သွားသံ၊ လာသံ၊ တယ်လီဖုန်းသံ၊ ပြာတာခေါ် ခေါင်းလောင်းတီးသံမှစ၍ သူ့ရှေ့သို့ရောက်လာသော 'အားဂျင်း' (အရေးကြီးသည်) ဆိုသည့် အချက်ပြအနီချပ်စက္ကူထိုးထားသည့် အမှုတွဲများအထိ ထွေပြားသော အာရုံကြောင့် သူ့၌ ဒုက္ခသုခတို့ ခေတ္တမျှ ချုပ်ငြိမ်းနေသကဲ့သို့ ဖြစ်လေသည်။

နံနက်က ပူခဲ့သမျှ ဆွေးခဲ့သမျှတို့မှာ နေရောင်အောက်တွင် ပျောက်လွင့်သွားရှာသော နှင်းပေါက်ကလေးများကဲ့သို့ဖြစ်ကာ အတိုင်းအတာမသိ ပျော်ရွှင်လျက်ရှိလေသည်။

သို့ရာတွင် သူပေးစရာအကြွေးမှာ သူ့လခထက်ပင် ယောင်ယောင်ပိုနေသေးကြောင်း တွက်ကြည့်၍ သိရတော့သည်။ "ဟင် ဒီကြွေးတွေ ပေးလိုက်ရင် တစ်လလုံး စားစရာတစ်ပြားမှ မရှိတော့ပါလား"ဟု ညည်းမိလေသည်။

ထိုအခိုက် သူငွေချေးထားသော သူ့အဖော်စာရေးက သူ့ထံသို့ ငွေပြန်ဆပ်ရန် ကပ်၍ပြောလေသည်။ "နေပါဦးဗျာ၊ နက်ဖြန်တော့ ဆက်ဆက်ပေးပါ့မယ်"ဟု ဂေါပါလကပြော၍ လွှတ်လိုက်လေသည်။

သူရဿတီသည် ညနေ (၆)နာရီလောက်တွင် သူ့ခင်ပွန်းသည် ရုံးအပြန်ကို စောင့်မြဲစောင့်နေလေသည်။ သူ့ခင်ပွန်းသည်လည်း အချိန်အတိုင်း ပြန်လာ၏။ သို့သော် သူ့မျက်စိကိုပင် မယုံနိုင်လောက်သော ထူးခြားချက်ကို တွေ့ရလေသည်။

သူသည် ဂေါပါလနှင့် ဆယ့်နှစ်နှစ်မျှ ပေါင်းသင်းလာခဲ့သော်လည်း ထိုနေ့ညနေမှာကဲ့သို့ ဂေါပါလ ပျော်ရွှင်မြူးထူးလာသည်ကို မကြုံတွေ့ဖူးသေးချေ။ သူ့လက်တွင် ပါလာသောပစ္စည်းများကို အဝေးကသာ

http://www.cherrythitsar.org

မြင်ရသေးသဖြင့် ဘယ်သင်းဘယ်ဟာဟု ခွဲခြားမသိနိုင်သေးချေ။ အနီးသို့ သူ့ခင်ပွန်းရောက်လာခါမှ လက်တွင် ပါလာသောပစ္စည်းများမှာ ကလေးများဖို့ ကစားစရာများ၊ သူ့ဖို့ သိုးမွေးထည်များဖြစ်သည်ကို တွေ့ရတော့သည်။ သူ့ချိုင်းအောက်တွင် ညှပ်လျက်ပါလာသည်ကား အရောင်အမျိုးမျိုးနှင့် ဆာရီများ ဖြစ်လေသည်။

ဆာရီများမှာ အရောင်လှုံသာမက အသားလည်းကောင်းသဖြင့် သူရဿတီမှာ ကျွန်ုပ်မဆည်နိုင်အောင် ဖြစ်ရလေတော့သည်။ သူ့အပြင်အဆင်အိတ်ထဲတွင်လည်း ပစ္စည်းများ ပါလာသေးသည်။ ဘာတွေမှန်းတော့ မသိရသေး။ သူ့နောက်က ကူလီတစ်ယောက် သစ်သီးဝလံများ၊ ဟင်းရွက်ဟင်းသီးများ တောင်းကြီးနှင့်အပြည့် ရွက်လျက် ပါလာလေသည်။

ဂေါပါလသည် ခြေလှမ်းသွက်သွက်လှမ်း၍လာလေသည်။ သူ့မျက်နှာမှာ ကြည်လင်ရွှင်ပြုံးလျက် သူ့ဇနီးကို အဝေးကပင် လှမ်း၍နှုတ်ဆက်လိုက်လေသည်။ သူရဿတီသည် ဂေါပါလ၏ ထိုအပြုံးကို မှတ်မိလေသည်။ လွန်ခဲ့သည့် ဆယ့်နှစ်နှစ်က သူနှင့် မင်္ဂလာဆောင်သောနေ့က အပြုံးမျိုးပင် ဖြစ်ပေသည်။

ထိုအပြုံးကို သတိရမိသော သူရဿတီသည် ရုတ်ခြည်းပင် (၁၂)နှစ်ပြန်ငယ်သွားသကဲ့သို့ဖြစ်ကာ အပျိုကလေးကဲ့သို့ ရှက်စနိုး အမူအရာများမှာ မပြုပြင်ပါဘဲလျက် ပေါ်ထွက်လာလေတော့သည်။ ဂေါပါလသည် သူ့ဇနီးအား ဖက်လှမ်းကဆန်း နှုတ်ဆက်မည်ပြုရာ သူရဿတီက "အို ကလေးတွေ ရှိသေးတယ်တော့"ဟု သတိပေးစကား ပြောကြားလိုက်ရလေတော့သည်။

"အိုကွာ ငါသိပါတယ်။ ဒါပေမယ့် ဒီနေ့ဟာ ဒီနေ့ပဲဟေ့။ နက်ဖြန်ဟာ ဒီနေ့ မဖြစ်နိုင်ဘူး။ ဒီတော့ ပျော်စရာရှိတာ အစွမ်းကုန် ပျော်ရမှာပေါ့ကွာ"ဟု ဂေါပါလက ပြန်ကြားလိုက်လေသည်။

ကူလီသည် တောင်းကိုချ၍ ကူလီခကို စောင့်နေလေသည်။ ဂေါပါလက ငွေတစ်ကျပ်ထုတ်ပေးလိုက်ရာ ကူလီက အကြွေပြန်အမ်းရန် သူ့ခါးပုံစထဲမှ ငွေကိုထုတ်နေလေသည်။ ဂေါပါလ "ဟေ့ ဒါ မင်း

http://www.cherrythitsar.org

ကူလီခကွာ။ ပြန်အမ်းနေစရာမလိုဘူး”ဟု ထည်ဝါသော လေသံဖြင့် ပြောလိုက်လေသည်။ ကူလီလည်း အံ့အားသင့်ကာ ကျေးဇူးတင်ဟန်ဖြင့် ဆလံအခါခါပေး၍ ထွက်သွားလေသည်။

သူရဿတီသည် ဂေါပါလ၏ ထူးဆန်းသောဖြစ်အင်ကို စဉ်းစား၍မရ ဖြစ်နေရှာလေသည်။ နံနက်က စားစရာမရှိသော ကာကဝလိယ လင်မယားမှာ ညနေတွင် သူဌေးရုပ်ပေါက်လျက်ရှိလေပြီတကား။

ဂေါပါလသည် သူ့အပြင် အင်္ကျီစုတ်ကြီးကို လွှင့်ပစ်လိုက်ပြီးလျှင် အသင့်ပါလာသော သိုးမွေးသက်လတ်အင်္ကျီကို ကောက်၍ ဝတ်ကာ သူ့ဇနီးကို ပြလိုက်လေသည်။ သူသည် ကလေးများကိုခေါ်၍ ကစား စရာများ ကိုယ်စီကိုယ်ငှပေး၍ ချိုချဉ်ထုပ်များကိုလည်း ဝေငှလေသေး သည်။ ထို့နောက် သူ့ဇနီးအားလှမ်း၍ “လုပ်ဟော့၊ တစ်အိမ်လုံး ရုပ်ရှင် သွားကြမယ်”ဟု ပြောလိုက်လေသည်။

“ရုပ်ရှင်နောက်ကျနေပြီ မောင်ရဲ့။ တစ်ကျပ်တန်း ပြည့်နေရောပေါ့”

“အမယ် ဘယ်တစ်ကျပ်တန်း သွားရမှာလဲ။ ပထမတန်းက ကြည့်မှာပေါ့ကွ။ မင်းက ငါ့ကိုများ ဆင်းရဲသား အောက်မေ့နေသလား။ လာပါ မြန်မြန်လုပ်ပါ”

သူရဿတီသည် မအောင့်နိုင်တော့ဘဲ ဖွင့်၍ မေးရလေတော့သည်။

“နေစမ်းပါဦး၊ ပြောစမ်းပါ။ ဘာဖြစ်တာလဲ ဟင်”

“ဘာပဲ ဖြစ်လာလာပေါ့ မိန်းမရာ။ ဒါတွေ မေးမနေပါနဲ့။ ငါ ချမ်းသာလာတာပေါ့ကွ။ ချမ်းသာလို့ ပျော်နေတာပေါ့”

သူရဿတီသည် သူ့ခင်ပွန်းအတွက် အမျိုးမျိုးတွေးတော ပူပန်မိ လေသည်။ ငွေတွေ ဘယ်လိုရလာတာလဲ။ ရာဇဝတ်မှုမှ ကင်းပါရဲ့ လား။ ဒါမှမဟုတ်ရင်လဲ သိုက်တူးလာတာလား။ သူသည် ထပ်၍ မမေးတော့ဘဲ ရုပ်ရှင်ကိုသာ လိုက်ကြည့်လေသည်။

နောက်နေ့နံနက်တွင် ဂေါပါလမှာ လွန်ခဲ့သည့်(၁၂)နှစ် အတော အတွင်းက မျက်နှာထားအတိုင်း ပြန်ဖြစ်လျက် ရှိလေတော့သည်။ လွန်ခဲ့သည့် ညနေက သူဌေးဟန်မှာ ပျောက်ခြင်းမလှ ပျောက်သွားလေတော့သည်။

http://www.cherrythitsar.org

သူရဿတီက အပြောင်းအလဲမြန်သောအဖြစ်ကို တွေးပူမိသည့် အလျောက် ချက်ချင်းပင် ခင်ပွန်းသည်အနီးသို့ ကပ်၍ မေးလေသည်။ ဂေါပါလလည်း မျက်နှာညှိုးငယ်စွာဖြင့် စကားမဆိုဘဲ အတန်ကြာနေပြီးမှ အားတင်းကာ အကျိုးအကြောင်းကို ပြောပြလေတော့သည်။

"မိန်းမရယ် မင်းနဲ့ငါ ပေါင်းသင်းလာကြတာ ဆယ့်နှစ်နှစ်ရှိပြီ။ စာရေးဆိုတဲ့ သတ္တဝါအတိုင်း ကြွေးမကင်းလေတော့ ငါ့မှာ မင်းကို အခုထက်ထိ တစ်ခါမှ စိတ်ကြည်ကြည်လင်လင်ကလေးဖြစ်အောင် တစ်ကွက်မှ လုပ်မပေးနိုင်ခဲ့ဘူးကွာ။ ပြီးတော့လဲ ငါ့အဖို့မှာ လူလားမြောက်ကတည်းက အလုပ်သာ နွားလိုလုပ်ရတယ်။ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေရတယ်ဆိုတဲ့ အဖြစ်ကလေးကို တစ်နာရီလေးမှ မရခဲ့ဖူးဘူး။

ဒါကြောင့် မနေ့ကတော့ ရတဲ့လခကို ဘယ်အကြွေးမှ မပေးဘဲ လူချမ်းသာဘဝကို တစ်ညလောက်ပဲ နေရနေရဆိုပြီး လျှောက်ဝယ်ခြမ်းလာခဲ့တာပဲကွာ။ ငါ့ကို ရူးတယ်ပြောပြော မင်းစိတ် ကြည်လင်ပြီးနေတာကို တစ်သက်တစ်ခါ မြင်ဖူးတွေ့ဖူးတယ်ဖြစ်ရအောင် လုပ်လိုက်တာပဲကွယ်။ တကယ်တော့ ငါရူးတာပါပဲ။ ငါ့အပြစ်နဲ့ငါ နွားလိုတစ်သက်လုံး ဆက်ရုန်းဖို့ပဲ ရှိတာပေါ့လေ"

သူရဿတီက "မောင် ဒီလိုလုပ်တာ အပြစ်မဆိုပါဘူး။ ကျွန်မကို ချစ်တဲ့အကြောင်းပြလို့ ဝမ်းတောင်သာပါသေးရဲ့"ဟု ပြောကာ ဂေါပါလ မမြင်အောင် တစ်ဖက်သို့လှည့်၍ မျက်ရည်စကို သိမ်းလိုက်လေတော့သည်။

◆ ◆ ◆

http://www.cherrythitsar.org

ရှင်းပြချက်

ဤဝတ္ထုတိုကို 'အိန္ဒိယရုပ်စုံဂျာနယ်'တွင် ဖတ်လိုက်ရသည်။ ဝတ္ထုရေးသူသည် အိန္ဒိယအမျိုးသားဖြစ်သည်။ မထင်ရှားလှပေ။ မထင်ရှားသော စာရေးဆရာများ၏ လက်ရာများစွာသည် ထင်ရှားသောစာရေးဆရာတို့၏ လက်ရာများထက် သာသည့်အခါ သာပေသည်။ ဤဝတ္ထုတိုသည် စာပြောင်အဖြစ် တန်ဖိုးရှိသည်ဟု ယူဆမိပါသည်။

စာပြောင်ဆိုသော ဝေါဟာရကို သုံးရမှာ ခပ်တွန့်တွန့်ဖြစ်သည်။ မကျေနပ်လှပါ။ စာပြောင်ဟုခေါ်လိုက်လျှင် ပြောင်လှောင်သည်ဟူသော အဓိပ္ပာယ် သက်ဝင်လာသဖြင့် ပြောင်သည်၊ နောက်သည်ဆိုရာ၌ အတည် မယူအပ်။ ခပ်ပေါ့ပေါ့ဟူသော အဓိပ္ပာယ်ထပ်ဆင့် ဝင်နေပြန်ချေသည်။

ယင်း အဓိပ္ပာယ်သည် ဝေါဟာရ၏ အသုံးဝင်မှုကို ဖျက်ဆီးပစ်သည်။ ပြောင်လှောင်သရော်ခြင်းသည် ပေါ့ပျက်သော သဘော၌သာ တည်နေသည် မဟုတ်။ ရှုတ်ချမှုတစ်ရပ် ဖြစ်သည့်အလျောက် လေးနက်သော သဘောသို့လည်း သက်ဝင်ပေသေးသည်။ အင်္ဂလိပ်လို **(Satire)** ဟူသော ဝေါဟာရရှိလေသည်။

ထိုဝေါဟာရ၌ လေးနက်သောသဘော ရှိ၏။ မြန်မာလို စာပြောင်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်နှင့်ကား ဆီနှင့်ရေ ကွာခြားလှချေသည်။ ထို

http://www.cherrythitsar.org

ကြောင့် **(Satire)** အရေးအသားမျိုးကို စာပြောင်ဟူသော ဝေါဟာရထက် ပို၍ လေးနက်ခဲ့တည်သော ဝေါဟာရတစ်ခုဖြင့် ဖော်ပြလိုလှပေသည်။ သို့သော် ကျွန်တော့်အဖို့ မစွမ်းသာပေ။ အစွမ်းရှိသော မြန်မာဘာသာ ပါရဂူများက တီထွင်ပေးကြစေလိုပါသည်။

'တစ်သက်တစ်ခါ' ဝတ္ထုတိုကလေးကို ဖတ်ပြီးလျှင် ရယ်နိုင်ပြုံးနိုင်၏။ ရယ်ရပြုံးရမည်ပင်။ သို့ရာတွင် ရယ်ပြီးပြုံးပြီးသည်၏ အခြားမဲ့၌ သနားစရာ အကြောင်းအရာများသည် တွေးတတ်မြင်တတ်သူအဖို့ တရေးရေး ပေါ်လာ ကြပေလိမ့်မည်။ **(Satire)** စာမျိုး၌ ထိုနည်းအတူပင် ဖြစ်သည်။

ရယ်ရင်း ပြုံးရင်းနှင့် လောကကြီး၏ အဆင်မပြေမှု၊ အပြစ်အနာအဆာ၊ ချွတ်ယွင်းမှု၊ ချို့တဲ့ချက်များသည် အလျဉ်းသင့်သလို ပေါ်လွင်ထင်မြင်လာ နိုင်ပေသည်။

ဤ ဝတ္ထုတိုသည် အကြောင်းအရာအားဖြင့် မထူးဆန်းလှ။ ဝတ္ထု၏ အဆုံး၌ သနားစရာအခြေအနေကို ပြလိုက်လေသည်။ ဂေါပါလသည် စာရေး ဘဝနှင့် တစ်သက်လုံး ဆင်းရဲလာခဲ့သည်။ အကြွေးမကင်းဘဲ ငြိုငြင်စရာတွေ သာ ဆင့်၍ဆင့်၍ ပေါ်လာခဲ့ရသော သူ့ဘဝကို သူက တစ်ချက်တည်းနှင့် သရော်လိုက်သည်။ အကြောင် ရိုက်ပြလိုက်သည်။

သူသည် တစ်လတွင် ရက်ပေါင်းသုံးဆယ် ဆင်းရဲငြိုငြင်လာခဲ့ရသော ဘဝကို တစ်လခလုံး တစ်နေ့တည်း အကုန်သုံး၍ တစ်နေ့စာ လူချမ်းသာ ဘဝ၌ နေပြလိုက်ခြင်းဖြင့် သူ့ဘဝကို ဆန့်ပြလိုက်သည်။

ယင်းသို့ ဆန့်ပြမှုသည် သူ့ဘဝကိုသာ ဦးတည်သည်မဟုတ်။ အကြွေး မကင်းသော အောက်တန်းစား လောကမှနေ၍ စီးပွားရေးစနစ်ကြီး တစ်ခုလုံး ကိုလည်း ဦးတည်ပေသေးသည်။

ချွေချွေတာတာ သုံးစားသော်လည်း ရသည့်လခမှာ ဘယ်လိုနည်းဖြင့် သုံးစေကာမူ မလောက်နိုင်ဖြစ်ရလေသောကြောင့် ချွေချွေတာတာနေခြင်းဖြင့် တစ်လတွင် ရက်ပေါင်းသုံးဆယ် ငြိုငြင်ဆင်းရဲနေရမည့်အစား၊ တစ်သက် တစ်ခါ တစ်နေ့တာတွင် လူချမ်းသာလိုနေကြည့်လိုက်သည်။ ကြွေးထူမည့် အတူတူ မထူးတော့သည့်အလျောက် တစ်ရက် ဝ,အောင်နေကြည့် စား ကြည့် လိုက်ခြင်းဖြင့် ဂေါပါလသည် သာမန် အမြင်အားဖြင့် အရူးထသည် ဟုဆိုနိုင်သော်လည်း၊ ဘဝကို အကြီးအကျယ် သရော်လိုက်ပေသည်။

သူ့ဇနီးသူရဿတီကလည်း ဂေါပါလ၏ အပြုအမူကို အရူးထသည်ဟု သာမန်အားဖြင့် ယူဆအပ်သော်လည်း၊ ငါ့ကို ချစ်ရှာလွန်းလို့ သာမန် အခြေ အနေက မပေးသည့်အဖြစ်မျိုးကို စွန့်စွန့်စားစား ပေးလိုက်ပေသည်ဟု ယူဆ

http://www.cherrythitsar.org

ပေသည်။ သူ့အနေနှင့်လည်း သူ့ခင်ပွန်းနှင့်အတူ သူတို့၏ အောက်တန်းစား လူမွေးလူတောင်မပေါက်သော ဘဝကို ဆန္ဒပြလိုက်ခြင်းပင် ဖြစ်၏။

ဤဝတ္ထုသည် စီးပွားရေးစနစ်ဆိုးကြီးကြောင့် လူချင်းအတူ သူချင်းအမျှ မနေနိုင်ရှာသော စာရေးလောက အခြေအနေကို ထုတ်ဖော်ပြလိုက်သည်။ အရင်းရှင်လောက၏ ညှဉ်ဖျင်းခြင်းကို ကန့်ကွက်လိုက်ပေသည်။

ဂေါပါလသည် ဘဝတော်လှန်မှုကို ပြုလိုက်လေသည်။ သူ့တော်လှန်မှုက တည်ကြည်ပြင်းထန်သည့် တော်လှန်မှုမျိုး မဟုတ်။ ယင်းသို့လည်း သူ မပြုနိုင်။ ပြုနိုင်သောသတ္တိနှင့် အခြေအနေလည်းမရှိ။ ထို့ကြောင့် သူသည် သူ့နည်းနှင့်သူ တော်လှန်ပြလိုက်သည်။ ထိုအဖြစ်မှာ ရယ်စရာဟု ဆိုချင်ဆိုနိုင်စေကာမူ ရယ်ရင်း ရင်နာရသောအဖြစ်ဟု ဆိုရပေလိမ့်မည်။

စာပြောင် အရေးအသားခေတ်သည် အတော်ပင် မှေးမှိန်သွားလေပြီ။ စာပြောင်၌ပါရှိသော တော်လှန်မှုအင်အားစုသည် ပျော့၏။ ပေါ့လည်း ပေါ့နိုင်ဖွယ် ရှိသည်။ တိုက်ရိုက်ထိခိုက်ခြင်း မရှိပေ။ တည့်တည့် ရင်ဆိုင် တိုက်ခိုက်ခြင်းမျိုး မဟုတ်။ စောင်းမြောင်းတိုက်ခိုက်ခြင်းမျှသာ ဖြစ်သည်။

သို့ရာတွင် ပြက်လုံးသည် အတည်ပြောပြချက်ထက် ပို၍ ထိရောက်နိုင်ပေသည်။ ပြက်လုံးသည် ပြင်းထန်တင်းမာမှုကို ဖြေပေးနိုင်သည်နှင့်အမျှ တိုက်ရိုက်တဲ့တိုး တိုက်ခိုက်ခြင်းထက် ပို၍ အောင့်သက်သက် ဖြစ်စေနိုင်သည်ဆိုသည့် အချက်ကို မမေ့အပ်လှပေ။

ဘဝသရုပ်ဖော်မှု၌ လူ့သဘာဝ လူ့စရိုက်ကို တိုက်ရိုက်သရုပ်မဖော်စေကာမူ သွယ်ဝိုက်သောနည်းဖြင့် သရုပ်ဖော်ခြင်းဖြစ်သည်။ ယုတ္တိရှိမရှိကို အပထားပြီးလျှင် စာရေးဆရာ၏ ရည်ရွယ်ချက်ကို ပဓာနပြုမှသာလျှင် စာပြောင်၏ အရသာကို တွေ့နိုင်သည်။ စာပြောင်၏ အသုံးဝင်မှုသည် ထင်ရှားလာပေမည်။

သရော်မှုတွင် နှစ်ဖက်နှစ်လမ်းရှိ၏။ လူက ဘဝကို သရော်ခြင်း **(Satire)**၊ ဘဝက လူကို သရော်ခြင်း **(Irony)**ဟူ၍ ရှိသည်။ ဤဝတ္ထုမှာကဲ့သို့ လူက ဘဝကို သရော်ခြင်းမျိုးသည် လက်တွေ့သဘောအားဖြင့် နည်းပါးလွန်းလှ၏။

သို့သော် ဘဝက လူကိုသရော်ခြင်းမျိုးကိုမူ လူတိုင်း၌ပင် မကြာခဏ ကြုံတွေ့ရတတ်သည်။ ဖြစ်ချင်ရာကိုမဖြစ်၊ မဖြစ်ချင်တာမှ ကြုံဖန်ဖြစ်ရသည့် အဖြစ်မျိုးသည် ဘဝကလူကို သရော်ခြင်းဖြစ်၏။ စာပေ၌ ထိုအဖြစ်မျိုး များစွာပါရှိသည်။

◆ ◆ ◆

http://www.cherrythitsar.org

http://www.cherrythitsar.org

၆။ ယဉ်နွဲ့ဟန်
ပါးလ်ဗတ် ရေးသည်

"ဆက်စုက သူ့ကို ဖျက်ဆီးနေတယ်"ဟု အယ်လယ်က ခပ်တည်တည် ပြောလိုက်သည်။

သူသည် မှန်တင်ခုံတွင်ထိုင်၍ ရွှေနားကပ်နှင့် သူ့ ဂါဝန်အသစ် အနက်ရောင်နှင့် လိုက်မလိုက်ကို ကြည့်နေသည်။ မှန်ထဲတွင် သူ့အရိပ် အပေါ်၌ သူ့ခင်ပွန်း၏ အရိပ်ကို မြင်တွေ့ရသည်။ သူ ချောသလောက် သူ့ခင်ပွန်းချောကြောင်း သူ့စိတ်တွင် မှတ်သားလိုက်သည်။ သူတို့ နှစ်ယောက် အလွန် လိုက်ဖက်သည်။ သူတို့ မင်္ဂလာဆောင်သည့်နေ့က စ၍ ယခုထက်တိုင်ပင် သူတို့နှစ်ယောက်ကို လူအများက လိုက်ဖက်သည်၊ ရုပ်ချောကြသည်ဟု ချီးကျူးလျက်ပင် ရှိသေး၏။ သို့ရာတွင် သူတို့မှာ မငယ်တော့ပေ။ သူတို့၏ တစ်ဦးတည်းသောသားမှာ ယခု အသက်နှစ်ဆယ့်ငါးနှစ်ရှိ၍ ဂျပန်မှ အပြန်တွင် ဂျပန်အမျိုးသမီးကို ယူလာခဲ့လေပြီ။

သူသည် ရွှေနားကပ်နှင့် မလိုက်ဟု ဆုံးဖြတ်ပြီးနောက် ပုလဲ နားကပ် လှမ်းယူနေသည်။ အဖြူနှင့်အနက် အမြဲတမ်းလိုက်သည်ဟု သူထင်၏။ သူ့ ဆံပင်မှာလည်း ငွေရောင်ထ, လာပေပြီ။

http://www.cherrythitsar.org

'စတီဖင် ဘာလို့ ပြန်မပြောသလဲ' ဟု သူက ခပ်ဆတ်ဆတ် မေးလိုက်သည်။

စတီဖင်သည် လည်စည်းအနက်ကို ချည်နေသည်။ သူ့ မေးသည် မော့လျက်ရှိသည်။ "ငါ ဘာပြောရမလဲလို့ စဉ်းစားနေတယ်' ဟု သူက ဆိုသည်။

"ကဲ ... ကျွန်မပြောတာ ဟုတ်ရဲ့ မဟုတ်လား"

'မဟုတ်ဘူး။ ငါတော့ မင်းနဲ့ သဘောချင်း မကိုက်ညီဘူး။ မင်းဘာဆိုချင်တယ်ဆိုတာ ငါသိပါတယ်။ ဒါကတော့ လုပ်ပုံလုပ်နည်းခြင်း ကွာတာပါ။ ဒီပြင် အထူးအထွေ မဟုတ်ပါဘူး'

အယ်လင်သည် သူ့ခင်ပွန်းကို သေသေချာချာ စိုက်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်မှာ ဆံပင်ဖြူသော်လည်း သူတို့ မျက်နှာများသည် အတော်ပင် နုနေကြသေးသည်။

'လုပ်ပုံလုပ်နည်း ဟုတ်လား' ဟု သူက မေးလိုက်သည်။

'ကြောင်တောင်တောင် လုပ်မနေစမ်းပါနဲ့ကွာ။ မင်းတို့ မိန်းမတွေမှာ လုပ်ပုံလုပ်နည်းတွေ ရှိကြတာပဲဟာ'

'စတီဖင် ရှင်ဟာ အတော် ရွံစရာကောင်းတယ်'

'ဒါတော့ ဘယ်တတ်နိုင်မလဲကွာ' ဟု ဆိုကာ သူ့ဇနီး၏ ပခုံးပေါ်သို့ လက်တင်လိုက်လေသည်။ သူ့ ပခုံးကလေးများသည် ယခုထက်တိုင်ပင် လှနေပေသေး၏။

အယ်လင်သည် အနည်းငယ် ပခုံးတွန့်သွားပြီးလျှင် 'သူ့ လက်တွေက အေးလိုက်တာ' ဟု ဆိုသည်။

'လက်အေးတာဟာ နှလုံးသားနွေးတဲ့ လက္ခဏာပေါ့' ဟု ဆိုကာ စတီဖင်က သူ့လက်များကို ရုပ်လိုက်သည်။

'ကဲ...နောက်ကျနေတော့မယ်။ သွားကြရအောင်' ဟု အယ်လင်က စကားဖြတ်ချင်၍ ဆိုလိုက်သည်။

စတီဖင်က အယ်လင်အား သားမွေးအင်္ကျီ ကူဝတ်ပေးရင်း 'မင်း သိပ်လှတာပဲ၊ ခံလဲ ခံတယ်' ဟု ဆိုသည်။

http://www.cherrythitsar.org

'ကျေးဇူးတင်ပါတယ်ရှင်။ ရှင်လဲမဆိုးဘူး။ အတော်ချော အတော်ခံတာပဲ'ဟု သူ့ဇနီးက ပြန်ဆိုလိုက်သည်။

သူက ပြုံးလိုက်သည်။ ဇနီးက ပါးကလေးကို စောင်းလိုက်ပြီးလျှင် 'အလှပြင်ထားတာကိုး လှမှာပေါ့'ဟုဆိုသည်။

'သိပါတယ်။ ပြောစရာ မလိုပါဘူးကွယ်။ မင်းကိုငါသိတာ မင်းထင်တာထက်တောင်ပိုသေး'ဟု ပြောကာ သူ့ဇနီး၏ ပါးကို နမ်းလိုက်သည်။

သူတို့ရောက်သွားသောအခါ လှေကားတွင်ဆက်စုသည် အလွန်လှသော ဂျပန်ကိမိုနိုအင်္ကျီဝတ်လျက် စောင့်နေသည်။ ဆက်စုသည် သူ့ယောကျ်ခမများကို တွေ့ရသည်မှာ မိနစ်အနည်းငယ်မျှသာ ရှိသေးသော်လည်း ပျူပျူငှာငှာ ရိုရိုသေသေ နှုတ်ဆက်လေသည်။

'သတိထားတက်နော်'ဟု ဆက်စုက ပြောလိုက်ရာ စတီဖင်က ရယ်၍ 'ဘာဖြစ်ဦးမှာလို့လဲဟ။ လှေကားပေါ်က လိမ့်ကျမှာမို့လား'ဟု မေးလိုက်သည်။

'သြော် မမေ့အဝတ်က ရှည်လို့ တက်နင်းမိမှာ စိုးလို့ပါ'

ဆက်စုက သူတို့နောက်မှ လှေကားသုံးထစ်လျှော့၍ လိုက်သည်။

'ဆက်စု ငါတို့ကို လိုက်ပို့စရာ မလိုပါဘူး။ ငါတို့ဘာသာ သွားတတ်ပါတယ်'ဟု အယ်လင်က ဆိုသည်။

'အို ဒါက ကျွန်မရဲ့ ဝတ္တရားမို့ပါ'ဟု ဆက်စုက ခပ်တိုးတိုးပြောလိုက်သည်။

သူတို့၏သား ဘောလတ်သည် အဝတ် ခပ်ဟောင်းဟောင်း ဝတ်၍ ရှေ့ထိုးဖိနပ်စီးကာ ဧည့်ခန်းထဲမှ ထွက်လာပြီးလျှင် "သူလုပ်ပါစေ မမေ။ သူ အင်မတန် ပင်ပန်းခံတယ်။ အဲဒီလို လုပ်ရမှလဲ သူက ကျေနပ်တာ'ဟု ဆိုလေသည်။

ဆက်စုက ရယ်လေသည်။ ပါးစပ်ကို အင်္ကျီလက်စဖြင့် ကွယ်လိုက်သည်။

'ဘာရယ်ရတာလဲကွ ... အပုမလေးရဲ့'ဟု ဘောလတ်က ပါးစပ်မှ ဆေးတံကို ခွာတ်၍ မေးလိုက်သည်။

http://www.cherrythitsar.org

'ရှင့်ကို ရယ်တာ'ဟု ဆက်စုက ဆိုသည်။

'ဘာဖြစ်လို့လဲဟ...'

'ရှင်က ကျွန်မကို ရယ်လို့'

'ကဲမေမေ ဘယ်လောက်ရူးသလဲဆိုတာကိုပဲ ကြည့်ပေတော့'ဟု ဘောလတ်က သူ့ဇနီးကို ချစ်စနိုးဖြစ်သည့်အလျောက် သူ့ အမေကို ပြောပြနေသည်။

စတီဖင်နှင့် ဘောလတ်တို့က ဆက်စုကိုကြည့်၍ ရယ်နေကြသည်။ ဆက်စုက သူတို့နှစ်ယောက်ကို ခင်မင် ကြည်ညိုသော မျက်လုံးများဖြင့် တစ်ယောက်မှ တစ်ယောက်သို့ လှမ်း၍ကြည့်နေရာမှ တည်ကြည်သော အသံဖြင့် 'ဘောလတ် ရှင့်အဖေကို အင်္ကျီကူဝတ်ပေးလိုက်ပါဦး'ဟု ဆို လိုက်သည်။

သူသည် ဗီရိုသို့ ပြေးသွားပြီးလျှင် စတီဖင်၏ အပေါ်အင်္ကျီကို ထုတ်ယူလာလေသည်။ စတီဖင်က 'အို ငါ့ဘာသာ ဝတ်ပါ့မယ်။ သူများ ဝတ်နေစရာ မလိုပါဘူး'ဟု ဆိုသည်။

'မဟုတ်ပါဘူး ကျွန်မ ဝတ်ပေးပါရစေ'ဟု ဆိုကာ ဆက်စုက ခြေဖျား ထောက်၍ စတီဖင်ကို အင်္ကျီဝတ်ပေးပြီးလျှင် လည်ပင်းကော်လာများကို ဖြန့်ပေးလေသည်။ သားနှင့်အဖေတို့သည် ဆက်စုကို ပြုံး၍ ကြည့် နေကြသည်။

'ကျုပ်တော့ မရယ်ချင်ပါဘူး'ဟု အယ်လင်က ဆိုပြီးလျှင် 'ကဲ... နောက်ကျနေဦးမယ်၊ လာသွားမယ်'ဟု ပြောပြီးလျှင် ဆင်းသွားပြီး နောက် ကားထဲတွင် ဝင်ထိုင်နေသည်။

'ဘောလတ်တော့ သူ့ကြောင့် ပျက်စီးနေပြီလို့ ကျွန်မပြောတာ။ အခု ဆိုရင် ဘောလတ်ဟာ သတင်းစာကို ကောက်တောင် မယူတော့ ဘူး။ ကြမ်းပေါ် ပစ်ချထားတာပဲ'ဟု အယ်လင်က ပြောသည်။

ကားမှာ မှောင်ထဲမှ ထွက်၍ လမ်းဘက်သို့ ဆင်းသွားသည်။

'ဒါဟာ ရေးကြီးခွင်ကျယ် လုပ်ဖို့ မဟုတ်ပါဘူးကွယ်'ဟု စတီဖင် က ကားမောင်းရင်း ပြန်ပြောသည်။

http://www.cherrythitsar.org

'အရေးကြီးတာပေါ့၊ ဒါက အစပဲဟာ"

'အို ငါပြောသားပဲ။ ဒါဟာ ဆက်စုရဲ့ လုပ်ပုံလုပ်နည်းပေါ့'

'ရှင်က သိရက်သားနဲ့ ဘာလို့ တဟီးဟီး လုပ်နေရတာလဲ'

'ဟေ့ မင်း ငါတို့ချွေးမကို မမုန်းဘူး မဟုတ်လား။ မုန်းရင်တော့ ခက်တယ်'

'ဘာဖြစ်လို့လဲ'

'ငါ့သား အနေအထိုင်ကျပ်နေမှာ စိုးလို့ပါ။ မျက်နှာပူနေမှာလဲ စိုးရသေးသကွ'

'ဒီလိုဆိုရင်လဲ တော်က တော့ချွေးမကို ကြည့်ပြီး တဟီဟီ လုပ်မနေနဲ့ သိလား'ဟု အယ်လင်က ဆိုလိုက်ရာ၊ စတီဖင်က...

'သိပ်ခက်တာပဲ'ဟု ညည်းပြီးလျှင် ကားကို ရပ်လိုက်သည်။

'ကဲပါ နောက်မပြောတော့ပါဘူး။ ရန်ဖြစ်နေဖို့ အချိန် မရှိပါဘူး'

'အင်း မင်းအပြောအဆို ဆင်ခြင်ပါ'ဟု စတီဖင်က အံကြိတ်၍ ပြောပြီးလျှင် ကားကို ဆက်မောင်းလေသည်။

သူတို့သွား၍ ညစာစားသောအိမ်တွင်လည်း ဆက်စုအကြောင်းကိုပင် ပြောကြသည်။ အိမ်ရှင်မ ဟယ်လင်ဘော့စကရော့က ကျကျနန ပြုပြင်ဆင်ယင်ထားသဖြင့် ညစာစားပွဲသည် ကောင်းမွန်လှပါသည်။

'ဂျပန်မကို ချွေးမတော်ရတာ ဘယ်လိုနေသလဲ'ဟု မေရီယန်တာလိက ပြောင်ပြောင်မေးသည်။

'အတော်ဟန်မယ် ထင်ပါ့ကွာ'ဟု မေရီယန်၏ ခင်ပွန်းက ဝင်၍ ပြောလိုက်သည်။

စတီဖင်က...

'ဘောလတ်တော့ သူ့ဇနီးနဲ့ နေရတာ စိတ်ချမ်းသာပုံ ရပါတယ်'ဟု ဖြေလိုက်သည်။

'ဟုတ်ပေမပေါ့ဗျာ။ သူ့ကြည့်ရတာ တေးဆို ငှက်ကလေးကို စားရတဲ့ ကြောင်ကြီးလိုပဲ'ဟု အိမ်ရှင် ဟင်နရီဘောစကရော့က စားပွဲထိပ်က နေ၍ အသံအောကြီးနှင့် ပြောလိုက်သည်။

http://www.cherrythitsar.org

'အို ဟင်နရီကလဲ'ဟု ဟင်နရီ၏ ဇနီးက သတိပေးလိုက်သည်။

'ရှင့်ချွေးမက အိမ်အလုပ်ကို ကူညီလုပ်ပေးသလား'ဟု လီလီယန် ရှယ်လီက မေးမြန်းသည်။

'သိပ်လုပ်တာပဲ'ဟု အယ်လင်က ဆိုသည်။

'သူချည်းလုပ်ချင်တာပဲ'ဟု စတီဖင်က ဝင်၍ ထောက်လိုက်သည်။

'ထင်သားပဲ'ဟု ဟယ်လင်က ပြောသည်။

'ဒီမှာ စတီဖင်၊ ဂျပန်မတွေဟာ ကျုပ်တို့ အမျိုးသမီးတွေလိုပဲ လား'ဟု တွန်ရှယ်လီက မေးလိုက်သည်။

'မတူဘူးဗျ၊ နည်းနည်းမှ မတူဘူး'ဟု စတီဖင်က ဝင်ဖြေလိုက်သည်။

'ဘယ်လိုများ ကွဲပြားခြားနားသလဲ'ဟု ဟင်နရီက မေးလိုက်သည်။

'မပြောတတ်ဘူးဗျ၊ ပြောလို့လဲ ရမယ်မထင်ဘူး။ သိပ်နူးညံ့ သိမ်မွေ့တာ။ ကျွန်တော်တော့ ဒီအကြောင်း ဟုတ်တိပတ်တိ မတွေးမိ သေးပါဘူး'ဟု စတီဖင်က ဆိုလိုက်သည်။

အယ်လင်က စိတ်ထဲတွင် 'သိပ်ညာတဲ့လူပဲ။ သူဟာ ဆက်စု အကြောင်းကို အမြဲပဲ တွေးနေတာ။ ဆက်စုဟာ ဘာကြောင့် သူများနဲ့ မတူပါလိမ့်။ ဂျပန်အမျိုးသမီးတွေဟာ ဒီလိုပဲလား။ အယ်လင်နဲ့ ဘယ့်နယ့်နေသလဲ။ အမေရိကန်အမျိုးသမီးတွေနဲ့ ယှဉ်ကြည့်ရင် ဘယ်လို နေသလဲ' အဲဒီအမေးတွေကို သူ့ခေါင်းထဲမှာ မေးရင်း 'သူ့သားရဲ့ မိန်းမ သေးသေးသွယ်သွယ် နွဲ့နွဲ့နှောင်းနှောင်းကလေးကို ငေးစိုက်ကြည့်နေတာပဲဟာ' ဟု ဆိုလေသည်။

'ခင်ဗျားချွေးမ စကားများများပြောသလား'ဟု ဟင်နရီက မေးသည်။

'မပြောဘူး၊ ဘောလတ်ပြောတာကို စောင့်ပြီး နားထောင်တယ်' စတီဖင်က ပြောလိုက်သည်တွင် ယောကျ်ားသုံးယောက်သည် ဝါးခနဲ ရယ်လိုက်ကြ၏။

'ကဲ မိန်းမတွေ ဧည့်ခန်းသွားချိန် တန်ပါပြီ'ဟု ဟယ်လင်က ရုတ်တရက် ဆိုလိုက်လေသည်။

ဧည့်ခန်းသို့ ရောက်သောအခါ မေရီယန်က 'ယောကျ်ားတွေ ဘာကို

http://www.cherrythitsar.org

ရယ်ကြတာလဲ'ဟု စုံစမ်းသည်။

'သူတို့က ဆက်စုအကြောင်းပြောပြီး ရယ်နေကြတာ'ဟု အယ်လင်က ပြောပြသည်။

'ရှင့်ချွေးမ ကလေးတွေရရင် ကလေးတွေဟာ သူနဲ့ တူမှာလား'ဟု မေရီယန်က စုံစမ်းပြန်သည်။

'ဆက်စုဟာ သူ့အနေနဲ့သူ လှတယ် မေရီယန်'ဟု ဟယ်လင်က ဝင်ပြောသည်။

'အို မလှပါဘူး။ နှာခေါင်းပြားပါတယ်'ဟု အယ်လင်က သူ့ချွေးမ အကြောင်းကို ပြောသည်။

'အမေရိကန်မတွေလိုတော့ မလှဘူးပေါ့။ အသက်ကြီးလာရင် ဝ, သွားလိမ့်မယ်ထင်တယ်။ မျက်နှာက လ,လိုပဲ ဝိုင်းဝိုင်းကြီး။ ဂျပန်ပြည်မှာ သူ့လို အမျိုးသမီးတွေ ပြည့်လို့ပါ'ဟု မေရီယန်က ဆိုသည်။

'ဆက်စုဟာ သူ့အတွက်သူဘာမှ မစဉ်းစားဘူး'ဟု အယ်လင်က ဆိုလိုက်ရာ၊ မေရီယန်က 'ဒါဖြင့် ဘယ့်သူအတွက် စဉ်းစားသလဲ'ဟု မေးလိုက်သည်။

'ဆက်စုဟာ သူ့ခင်ပွန်းအတွက်ရယ်၊ ကျွန်မတို့နှစ်ယောက်အတွက်ရယ်၊ အဲဒီ သုံးယောက်အတွက်သာ စဉ်းစားတယ်'

'ဒါက အစမို့ပါ၊ နောက်တော့ ဒီလို ဂရုစိုက်တော့မှာ မဟုတ်ပါဘူး' ဟု မေရီယန်က ဆိုသည်။

မေရီယန်၏စကားကို အယ်လင်မှတ်မိနေသည်။ ရက်ပေါင်းအတော်ကြာသောခါ ထိုစကား မမှန်ကြောင်း သဘော ပေါက်လာလေသည်။ ဆက်စုသည် မူမပြောင်းပေ။ သူသည် အိမ်မှုကိစ္စများတွင် အချက်ပိုင်ပိုင် လုပ်ကိုင်တတ်သောကြောင့် တစ်အိမ်လုံးက သူ့ကို အားကိုးရသည့်အခြေသို့ ရောက်လေသည်။ လုပ်စရာကိုင်စရာ မှန်သမျှကို ဆက်စုက လုပ်ကိုင်ပေးသည်။

'ကျေးဇူးပါပဲ ဆက်စု' ဆိုသော စကားသည် အိမ်တွင်ပြောနေကျ စကားဖြစ်သည်။ တစ်နေ့တွင် အယ်လင်သည် ဆက်စုက အင်္ကျီဝတ်

http://www.cherrythitsar.org

ပေးရာတွင် စတီဖင်က ဆက်စုတွင် ဖက်လိုက်သည်ကို မြင်လိုက်လေသည်။ တစ်ခါကလည်း စတီဖင်သည် ဆက်စုကို ငုံ၍ နမ်းလိုက်သည်။ ဆက်စုကလည်း ကျင့်သားရသည့်အနေနှင့် အနမ်းခံသည်။ ဘောလတ်သည် အနီးတွင် ရပ်လျက်ရှိသည်။ ဆေးတံကို ပါးစောင်တွင် ခဲလျက် ကြည့်နေသည်။

ဆက်စုသည် ဘောလတ်၌ ဆရာဝန်ကို တွေ့ဖို့ ချိန်းချက်ရှိကြောင်း သတိရသည်။ ဂျပန်ပြည်တွင် ဘောလတ် ကားတိုက်ခံရ၍ ဆေးရုံ ရောက်စဉ်က ဆက်စုနှင့် တွေ့ခဲ့သည်။ ဂျပန်ပြည်က ကားသမားများသည် ကမ္ဘာပေါ်တွင် အရမ်းကားဆုံးဖြစ်သည်ဟု ဘောလတ်က နောက်မှ ပြောပြသည်။ ဆေးရုံတွင် တွေ့ရသည်ဆိုသော်လည်း ဆက်စုမှာ သူနာပြု ဆရာမလေး မဟုတ်ပါ။ သူ့အဖေက ဆရာဝန် ဖြစ်သဖြင့် ဆေးရုံသို့ အလည်လာရင်း ဘောလတ်နှင့် တွေ့သည်။ တွေ့လျှင်တွေ့ချင်းဆိုသလို သူတို့နှစ်ယောက် ချစ်ကြိုက်သွားကြသည်။

အယ်လင်သည် လှေကားထိပ်မှနေ၍ သူ့ခင်ပွန်းသူ့ကို နှုတ်မဆက်ဘဲ ရုံးသို့ ထွက်သွားသည်ကို ကြည့်နေသည်။ ထို့နောက် သူ့သားက ဆက်စုကို အားရပါးရ နမ်းလိုက်သည်။ ဆက်စုမှာ ကလေးသဖွယ် ဖြစ်သော်လည်း နမ်းရာတွင် မိန်းမကဲ့သို့ ရင့်သန်ပေသည်။ ဘောလတ်၏ ရင်ခွင်ထဲတွင် နွဲ့နွဲ့နှောင်းနှောင်းနေရင်း ဘောလတ်နှင့် အနမ်းချင်း လဲလှယ်နေသည်။ ထို အခြင်းအရာကိုလည်း အယ်လယ်က လှေကားထိပ်မှ လှမ်းကြည့်နေမိသည်။ ကြည့်ရင်း ရှက်လာသည်။

သူ့သားသည် သူနှင့် ကင်းကွာ၍ အခြား မိန်းမတစ်ယောက်၏ အယုအယကို ခံယူနေသည်။ ထို မိန်းမမှာလည်း မျိုးခြား မိန်းမ ဖြစ်သည်။ အယ်လင်၏ ရင်တွင်း၌ မနာလိုစိတ်သည် မီးသို့တောက်လောင်လျက်ရှိသည်။ သူ့သည် သူ့အခန်းသို့သွား၍ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေသည်။ ဒီ အေးချမ်းသာယာတဲ့အိမ်မှာ ဘာတွေ ဖြစ်နေတာလဲ။ ဆက်စုနဲ့ စတီဖင်တို့ ဘယ်အထိ ဖြစ်နေကြသလဲ။ သူနဲ့ ဘောလတ်တို့ အညာခံနေကြရသလား။ စတီဖင်ကတော့ ညာတာမဟုတ်ဘူး။

http://www.cherrythitsar.org

စတီဖင်ဟာ အင်မတန်ရိုးတယ်။ စတီဖင်ကို သဘောကျသော မိန်းမ အမြောက်အမြားကို သူတွေ့ဖူးသည်။ သို့သော် မနာလိုစိတ် မဖြစ်ခဲ့ပေ။ ရယ်ပင် ရယ်လိုက်သေး၏။ သူ့ကို ဆွဲချင်သလောက် ဆွဲကြပါစေ။ စတီဖင်ကတော့ ပါမှာမဟုတ်ပါဘူးဟု သူ့စိတ်ထဲက ဆိုလေ့ရှိသည်။ မိန်းမများက နယ်လွန်လာလျှင် စတီဖင်က တင်းတင်းမာမာ ငြင်းပယ်လိုက်သည်သာပင်။ သူတို့ဆီက စာတွေကို စတီဖင်က သူ့အတွင်းရေးမှူး မိန်းမကြီးအား ပြန်ကြားစေသည်။ မိန်းမကြီးကလည်း ခပ်တည်တည်နှင့် ပြန်ကြားလိုက်သည်။ သူတို့က တယ်လီဖုန်းခေါ်၍ စတီဖင် ပြန်မပြော။ အယ်လင်ကိုယ်တိုင် ပြန်ပြောသည်။ သူတို့လည်း ရှောင်ခွာသွားကြကုန်၏။

ဆက်စုသည်ကား အိမ်ထဲ၌ ရောက်နေသူ ဖြစ်သည်။ သူ့သား၏ဇနီးဖြစ်နေသောကြောင့် အိမ်တွင် နေပိုင်ခွင့်ရှိနေသည်။ အယ်လင်သည် တွေးရင်း ကြောက်လာ၏။ ထို့ကြောင့် သူ့သားရှိရာသို့ သွား၍ခေါ်သည်။

"ဟော... လာ မေမေ'ဟု ဘောလတ်က ဆိုသည်။

မကြာခင် ဘောလတ်သည် ထမင်းစားပွဲ၌ တစ်ယောက်တည်း ထိုင်နေသည်။

'ထိုင်ပါမေမေ... ကော်ဖီထပ်ဖျော်နေတယ်။ ဘာစားမလဲ'

'ကော်ဖီနဲ့ ပေါင်မုန့်'ဟု ပြောကာ လိမ္မော်ရည်ကို ကရားထဲမှ ဖန်ခွက်ထဲသို့ ငှဲ့ထည့်လိုက်သည်။

'ငါလဲ အပျင်းကြီးနေတာပဲကွယ်။ ဆက်စုချည်း နံနက်စာ လုပ်လုပ်နေရတယ်'

'သူက လုပ်ချင်လွန်းလို့မှ လွန်နေပါရော မေမေရာ...'

'ဘောလတ်... ငါ မင်းနဲ့ နှစ်ယောက်ထဲ ပြောစရာ ရှိတယ်'

'ပြဿနာရှိလို့လား မေမေ'

'ရှိတာပေါ့'

ဆက်စုဝင်လာကာ ကော်ဖီအိုးကို စားပွဲပေါ်သို့ ချထားပြီးလျှင် သူ့ယောကျ်ားမရှေ့တွင် ဦးညွှတ်လျက် 'မင်္ဂလာ နံနက်ပါ မေမေ'ဟု နှုတ်ဆက်လေသည်။

http://www.cherrythitsar.org

'မင်္ဂလာနံနက်ပါ ဆက်စု'ဟု အယ်လင် ပြန်၍နှုတ်ဆက်လေသည်။

သူသည် ဆက်စုဦးညွှတ်သည်ကို ဂရုမစိုက်။ ဆက်စုရောက်လာပြီး သုံးရက်မြောက်နေ့တွင် သူက သူ့သားကို ဆက်စု ဦးညွှတ်မှုကို မလိုလားကြောင်း၊ သူ့ကို ဦးမညွှတ်စေချင်ကြောင်း ပြောထားပါလျက်နှင့် ဘောလတ်က သူ့ဇနီးကို ပြန်မပြောဘဲ 'သူတို့ ထုံးစံပဲ မေမေရယ်။ ဒီလိုမှ မလုပ်ရရင် သူစိတ်မကောင်းဖြစ်မှာပေါ့။ ဦးညွှတ်တာဟာ ရိုသေခြင်း လက္ခဏာပဲဟာ။ ဘာမှ အန္တရာယ် မဖြစ်နိုင်ပါဘူး။ သူ စိတ်မကောင်း မဖြစ်စေချင်ပါဘူး မေမေရယ်'ဟု သူ့ကို ပြန်ပြောထားလေသည်။

'ကဲ... အချစ်လေးရယ်၊ မင်းရဲ့ ဂုဏ်ပြုအပ်တဲ့ ယောကျ်ားမက ငါနဲ့ နှစ်ယောက်ထဲ ပြောစရာရှိလို့တဲ့'

ဆက်စုက ရယ်လိုက်သည်။ သူ့ ပါးချိုင့်ကလေးများသည် ခွက်သွားလေသည်။ ဘောလတ်ကို ဦးညွှတ်ပြီးလျှင် ခပ်သွက်သွက်ကလေး ထွက်သွားလေသည်။ သူ့အင်္ကျီစကလေးများသည် လွင့်လျက်ပါသွားသည်။

'ဘာလို့ ပြောလိုက်ရတာလဲကွယ်'ဟု အယ်လင်က ပေါင်မုန့် ထောပတ်သုတ်ရင်း ဆိုလေသည်။

'ဒီသူငယ်မ ကောင်းတာက သူ့ကို ဘာဖြစ်ဖြစ် ပြောလို့ရတယ်။ သူ့မှာ ဉာဏ်နီဉာဏ်နက်တွေ မရှိဘူး။ ရိုးရိုးပဲ'

'ဉာဏ်နီဉာဏ်နက် မရှိပေမယ့် ဉာဏ်မရှိတာတော့ မဟုတ်ဘူး'ဟု အယ်လင်က ဆိုသည်။

'ဟုတ်ပါတယ်။ ဒါပေမယ့် စည်းကမ်းသိပ်ကျတာပဲ'

'စည်းကမ်းရှိပါစေလို့ ဆုတောင်းပါတယ်ကွယ်'

ဘောလတ်က မျက်ခုံးပင့်၍ သူ့အမေကို ကြည့်လိုက်ပြီးလျှင်...

'မေမေက ဘာကိုဆိုလိုတာလဲ'ဟု မေးလေသည်။

အယ်လင်က ဘာမျှ ပြန်မပြောဘဲ ချိန်ဆနေသည်။

'ကွေ့လည်ကြောင်ပတ် ပြောမနေနဲ့ဗျာ။ ပြောစရာကိုသာ တည့်တည့် ပြောလိုက်စမ်းပါ'ဟု ဘောလတ်က ဆိုသည်။

'တည့်တည့်ပဲ ပြောမယ်။ မင်းအဖေ နံနက်တိုင်း ဆက်စုကို ရုံးသွားခါနီး နမ်းသလား'

http://www.cherrythitsar.org

ဘောလတ်က အယ်လင်ကို ငေးစိုက်ကြည့်နေသည်။

'ဘာဖြစ်လို့ မေးတာလဲ'

'ဒီမနက် ငါမြင်လို့ မေးတာပေါ့'

ဘောလတ်သည် ခက်ရင်းသွားကို စားပွဲပေါ်ပြန်ချလိုက်ပြီးလျှင်...

'ကဲ... မေးမှတော့ ပြောမယ်ဗျာ။ ဆက်စုက ဒီအတွက် အတော် အနှောင့်အယှက် ဖြစ်နေတယ်။ သူကလဲ ကျွန်တော့် အဖေမို့ ကလန် ကဆန် မလုပ်ချင်ဘူး။ သူ့ဆန္ဒကတော့ ကျွန်တော်တို့ အိမ်ပြောင်း စေချင်တာပဲ'ဟု ပြောပြလေသည်။

အယ်လင်က မျက်နှာ အောက်ချလျက် 'ငါလဲ အဲဒီလို ဖြစ်စေချင် တယ်'ဟု ဆိုလိုက်သည်။

'ကျွန်တော်ကတော့ ဖေဖေ့ကို အပြစ်မဆိုချင်ပါဘူး'

အယ်လင်က မော့ကြည့်လိုက်သည်။

'ဘာဖြစ်လို့ အပြစ် မဆိုချင်ရတာလဲ။ ဒီလိုဆိုရင် ဆက်စုကို အပြစ် ဆိုရလိမ့်မယ်'

'မေမေထင်သလို ဆက်စုက မလုပ်တတ်ပါဘူး'

'မင်းဖေဖေဟာ ငါးဆယ်ပဲရှိသေးတယ်။ ငယ်သေးတယ်လို့ ဆိုရ မယ်။ မိန်းမတွေ အများကြီး သူ့နောက်လိုက်ကြတယ်'

'ဆက်စုဟာ ဒီလိုမိန်းမစားမျိုး မဟုတ်ပါဘူး မေမေ"

'ဒါဖြင့် ဘာဖြစ်လို့ မင်းက မင်းအဖေကို အပြစ်မဆိုချင်တာလဲ'

'ဖေဖေက နံနက်ရုံးသွားခါနီး နမ်းတာကို ကစားတဲ့သဘောနဲ့ လုပ်တာပဲ။ အစတုန်းကတော့ ကစားသလိုလိုပဲ။ နောက်တော့ တကယ် ဖြစ်သွားတယ်။ ဘယ်တုန်းက တကယ်ဖြစ်မှန်း ကျွန်တော်တော့ မသိ ဘူး။ ဆက်စုကတော့ သိတယ်'

'ဆက်စုက မတုံ့ပြန်ဘူးလို့ မင်း ဘယ်နယ့်လုပ် သိသလဲ'

'သူလဲ မိန်းမပဲဗျာ'

'မင်း ဆိုလိုတာက ဘာလဲ'

'ဆက်စုဟာ ယောကျ်ားတစ်ယောက် ဘာကို ရည်ရွယ်တယ်ဆိုတာ အဲဒီ ယောကျ်ားမသိခင်ဘဲ သိနှင့်တယ်'

http://www.cherrythitsar.org

အယ်လင်က မယုံကြည်သလို ကြည့်နေသဖြင့် ဘောလတ်က...

'ဒီလိုပြောလိုက်တော့ အူကြောင်ကြောင်ကျမှန်း ကျွန်တော် သိပါတယ်။ ဒါပေမယ့် အဲဒါအမှန်ပဲ မေမေ။ ကျွန်တော့် ကိုယ်တွေ့ပဲ မေမေ။ တစ်ခါတလေ ကျွန်တော့်စိတ်ထဲ ဘယ်လို ဖြစ်နေတယ်ဆိုတာ ကျွန်တော့်ဟာ ကျွန်တော်တောင် မသိဘူး။ ဘာလိုလိုကြီးပဲ ဆိုတာလောက်သာ သိတယ်။ အဲဒါကို ဆက်စုက သူ့အပြောအဆိုနဲ့ ဖြစ်ဖြစ် သူသိတဲ့ အကြောင်းကို ပြတယ်'ဟု ရှင်းပြလေသည်။

'ဆက်စုဟာ မင်းတို့သားအဖနှစ်ယောက်လုံး ဖျက်ဆီးနေတာပဲ'ဟု အယ်လင်က အသံမာမာဖြင့် ပြောလိုက်ပြီးလျှင် မျက်ရည် ကျလာမှာ စိုးသဖြင့် ကော်ဖီကို ငုံ့၍သောက်နေလေသည်။

'အဲဒါ မမှန်ဘူး မေမေ။ သူက ကျွန်တော်တို့ကို ဖျက်ဆီးတာ မဟုတ်ဘူး။ သူ ပြုစုယုယတာကလေးတွေကို ကျွန်တော်တို့ ခံယူပါတယ်။ ဒါပေမယ့် သူက ဒီလိုပြုစုပြီး သူလိုရာကို ဆွဲဆောင်ယူတာမှ မဟုတ်ပဲ'

'ဒါက ဘာဆိုလိုတာလဲဟင်'

အယ်လင်က စိန်းစိန်းဝါးဝါး ကြည့်နေသည်ကို ဘောလတ်က ပြန်မကြည့်ဘဲ ခက်ရင်းကိုကောက်ကိုင်ပြီးလျှင် ကြက်ဥကြော်ကို ပလုတ်ပလောင်း စားနေသည်။

'မင်း ငါ့ကို ရှင်းမပြချင်ဘူးပေါ့လေ'

သူသည် သူ့အမေကို စိတ်ရှုပ်ဟန်ဖြင့် ကြည့်ပြီးလျှင် 'ဆက်စု'ဟု အော်ခေါ်လိုက်လေသည်။

ဆက်စုသည် ချက်ချင်းပင် ရောက်လာသည်။ သူ့ဖိနပ်မှာ ကြမ်းကောဇောပေါ်တွင် တဖျတ်ဖျတ်နှင့်...။

'ထိုင်စမ်း'ဟု ဘောလတ်က အမိန့်ပေးလိုက်သည်။ ဆက်စုက သူတို့ နှစ်ယောက်ကြားတွင် ဝင်၍ ထိုင်လေသည်။

'ငါ မေမေ့ကို ပြောနေတယ်။ ငါတို့ အိမ်ပြောင်းချင်တယ်လို့'

သူသည် ပေါင်မုန့်ကို ယိုသုတ်ရင်း ပြောသည်။

http://www.cherrythitsar.org

'မင်း သတိထားနော်၊ နောက် ဗိုက်ထွက်လာဦးမယ်။ ပေါင်မုန့်သုံးချပ်ရှိပြီ' အယ်လင်က ပြောလိုက်သည်။

ဘောလတ်သည် ပေါင်မုန့်သုံးချပ်ကို ချလိုက်ပြီးလျှင် 'ကဲ... အဲဒါပဲ။ ဆက်စုဆိုရင် ကျွန်တော့်ကို ပြောမှာ မဟုတ်ဘူး'ဟု ပြောလေသည်။

'ငါ့အတွက်ပြောတာ မဟုတ်ဘူး။ မင်း ကောင်းဖို့ပါ'

'ဟုတ်တယ် မေမေ၊ ကျွန်မလဲ မေမေ့အတွေးအတိုင်းပဲ ရှိတယ်။ ရှင် အသက်လေးဆယ်ရှိရင် မေမေပြောတဲ့ စကားကို မှတ်မိပါစေနော်'ဟု ဆက်စုက ဝင်ပြောသည်။

'ဟုတ်ကဲ့ခင်ဗျား'ဟု ပြုံး၍ ပြောရင်းပင် ဘောလတ်သည် ပေါင်မုန့်ကို ကိုက်လိုက်သည်။

'ဆက်စု နားထောင်စမ်း။ မေမေက မင်းဟာ ဖေဖေရုံးသွားခါနီး နှုတ်ဆက်တာကို သဘောမကျဘူးလို့ ထင်တယ်။ ကဲ... ရှင်းပြလိုက်စမ်း။ မင်းတို့ မိန်းမနှစ်ယောက်ဟာ တစ်ယောက်သဘောနဲ့ တစ်ယောက် မင်းတို့ ထင်နေတာထက် ပိုပြီးကိုက်ညီတယ်လို့ ငါဖြင့် ထင်နေတယ်'

ဘောလတ်သည် ယင်းသို့ပြောပြီးလျှင် စောင့်ဆိုင်းနေသည်။ သူ့ဇနီးမှာ မျက်နှာ နီမြန်းလာသည်။ သူ့မျက်လုံးကြီးများတွင် မျက်ရည်များ ရွဲလာသည်။ ထိုင်ရာမှ ထ၍ 'ခွင့်လွှတ်ပါမောင်။ မောင့် ဖေဖေကို အပြစ် မပြောနိုင်ပါဘူး။ မောင်ပြောသမျှ ကျွန်မလုပ်ပါ့မယ်'ဟု ဆိုပြီးလျှင် မျက်ရည်ကို အင်္ကျီလက်အစွန်းဖြင့်သုတ်လျက် ထွက်သွားတော့မည် ပြုရာတွင် ဘောလတ်က ထ၍ ဆွဲထားလိုက်လေသည်။

'နေဦး မင်းမသွားနဲ့၊ ငါသွားမယ်။ မေမေ့ကို မကြောက်ပါနဲ့။ မေမေလဲ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ရှိပါတယ်'

သူသည် ထလိုက်ရာတွင် လက်သုတ်ပဝါ အောက်သို့ ကျသွားသည်။ သူသည် ဆက်စုကို နမ်းပြီးလျှင် ထွက်သွားလေသည်။ ဆက်စုသည် လက်သုတ်ပဝါကို ကောက်ယူပြီးလျှင် သပ်သပ်ရပ်ရပ် ခေါက်ပြီးနောက် စားပွဲပေါ်တွင် ပြန်တင်ထားလိုက်သည်။ ထို့နောက် ပြန်ထိုင်ပြီးလျှင် သူ့ ယောကျ်ားမအပြောကို စောင့်နေသည်။

http://www.cherrythitsar.org

အယ်လင်သည် ဘာပြောရမှန်း မသိ ဖြစ်နေသည်။ ဆက်စု၏ မျက်နှာ ဝိုင်းဝိုင်းကလေးမှာ ကလေးမျက်နှာနှင့် တူပေတော့သည်။ ထို အပြစ်ကင်းသူကလေးကို ဘယ်သို့ စွပ်စွဲနိုင်ပါအံ့နည်း။ သို့ရာတွင် ထိုနေ့ နံနက်ကအဖြစ်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်နေသဖြင့် ပွင့်လင်းစွာ မေးခြင်းက ကောင်းမည်ဟု အယ်လင်က ထင်မိသည်။

'ညည်းက သားရော၊ အဖေရောကို ဘယ်လို စွဲအောင် လုပ်တာလဲ ပြောစမ်းပါဦး'

ကလေးနှင့်တူသည် ဆိုရသော်လည်း သူ့စကားမှာ ကလေးစကားကဲ့သို့ မရေမရာ မဟုတ်။ အဓိပ္ပာယ် လေးနက်လှသည်။

'ကျွန်မက စွဲမက်အောင် လုပ်တာမဟုတ်ပါဘူး။ သူတို့ ကိုယ်တိုင်က စွဲချင်လို့ စွဲတာပါ။ သူတို့မှာ စိတ်မချမ်းမြေ့တာရှိလို့ ဖြစ်ပါလိမ့်မယ်။ မေမေ့မှာလဲ ရှိမှာပဲ

'ငါ့မှာ...၊ ဟုတ်လား'

အယ်လင်က စူးစမ်းလိုက်သည်။

သူတို့နှစ်ယောက်သည် မျက်စိချင်း တွေ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပွင့်လင်းစွာ ဆက်ဆံနိုင်ပေသည်။ အတားအဆီး မရှိတော့ပေ။

'မေမေ့အဖို့ စိတ်မချမ်းသာစရာပေါ့'ဟု ဆက်စုက ဆိုလိုက်ပြီးလျှင် လက်ပိုက်၍ စားပွဲစွန်းကို ကြည့်နေသည်။

အယ်လင်က စီးကရက်ညှိသောက်ရင်း စဉ်းစားဖို့ အချိန်ယူလိုက်သည်။ ဆေးလိပ်ကို ခပ်ပြင်းပြင်း ဖွာလိုက်ပြီးလျှင်...

'ငါတော့ ဖိနပ်ယူပေးတာတို့ လက်သုတ်ပဝါ ကောက်တာတို့ မလုပ်နိုင်ဘူး။ လုပ်သင့်တယ်လို့လဲ မထင်ဘူး။ ယောကျ်ားတွေကို ယောကျ်ားတွေပဲဆိုပြီး ပြုစုယုယနေရင် သူတို့ အလိုလိုက် အမိုက်စော်ကားဖြစ်တော့မယ်။ သူတို့ကို မဖျက်ဆီးချင်ဘူး'ဟု ဆိုလိုက်သည်။

ဆက်စုက...

'ဟုတ်တယ်၊ ကျွန်မလဲ ဒါတွေ လုပ်မပေးချင်ဘူး'ဟု အယ်လင်၏

http://www.cherrythitsar.org

စကားကို လက်ခံ သဘောတူလိုက်သဖြင့် အယ်လင်လည်း အံ့အားသင့်သွားလေသည်။

'ဒီလို အသေးအဖွဲကလေးတွေမှာ လိုက်လုပ်ပေးနေဖို့ မလိုပါဘူး။ ကျွန်မ လုပ်ပေးနေတာကတော့ ကျွန်မတို့မှာ ငယ်ငယ်ကတည်းက အဲဒီလို လုပ်ပေးရမယ်လို့ သင်ကြားပေးလာခဲ့လို့ပါပဲ။ မေမေက အမေရိကန်ဆိုတော့ ဒီလို သင်ကြားပေးတာ မခံခဲ့ရဘူး။ အဲဒီတော့ ကျွန်မလုပ်သလို လိုက်လုပ်ရင် သက်သက်ဟန်လုပ်တာ ဖြစ်မှာပေါ့။ ကျွန်မအဖို့တော့ ဟန်လုပ်တာ မဟုတ်ဘူး။ ဒီ အသေးအဖွဲလေးတွေဟာ တကယ်တော့ အရေးမကြီးလှပါဘူး'

'ဒီလိုဆိုရင် ဘာအရေးကြီးဆုံးလဲ ပြောစမ်းပါ ဆက်စုရယ်...။ ညည်းမှာ ရှိတဲ့ ဝှက်ထားတဲ့ နည်းကလေး ပေးစမ်းပါ'

'ကျွန်မမှာ ဘာမှ ဝှက်ထားတာ မရှိပါဘူး'

'မဟုတ်ပါဘူး။ ညည်းမှာ တစ်ခုကောင်းတော့ ရှိမှာပါ။ ဒီကနေ့ မနက် ဘောလတ်ရဲ့ အဖေကိုမြင်ကတည်းက ညည်းမှာ တစ်ခုကောင်း ရှိတယ်လို့ ငါထင်တယ်'

ဆက်စု၏ မျက်နှာသည် နီမြန်းသွားလေသည်။ သူ့ ယာလက်ကို မြှောက်၍...

'ဒီလိုလုပ်တာ ကျွန်မ မနှစ်သက်ပါဘူး'ဟု ဆိုသည်။

'ဒါဖြင့် ညည်းက ဘာလို့...'

'ကျွန်မ လူတွေထိခိုက်အောင် မလုပ်နိုင်ပါဘူး။ ထိခိုက်အောင် လုပ်တာဟာ အကျိုး မဖြစ်နိုင်ပါဘူး'

'ဒီလိုဆိုတော့ ညည်းဘယ်လို လုပ်မယ်ကြံသလဲ'

'ကျွန်မတော့ ဒီက ထွက်သွားဖို့ ကြံထားတယ်။ ကျွန်မ ဘောလတ်ကို ပြောပြတော့ ဘောလတ်က သဘောတူတယ်။ သူက ကျွန်မ ဘယ်လို စိတ်ဆိုတာ သိပါတယ်'

'သူက မနာလို မဖြစ်ဘူးလား'

'မဖြစ်ပါဘူး။ သူ ကျွန်မကို ယုံတယ်။ ကျွန်မကို နားလည်တယ်။ အဲဒီလို နားလည်တာ သိပ်ကောင်းတာပဲ'

http://www.cherrythitsar.org

အယ်လင် စီးကရက်ကို ခြေပစ်လိုက်သည်။ 'ညည်းလဲ သိပ်ကောင်းတာပဲ။ သိပ်လိမ္မာတာပဲ။ ကျေးဇူးတင်ပါတယ် သမီးရယ်။ ဒီကိစ္စ ဆုံးဖြတ်ပြီးပြီ'

အယ်လင်သည် ထလိုက်ပြီးလျှင် သူ့ချွေးမ၏ ပါးကို နမ်းလိုက် ချင်စိတ်ကို ချုပ်တည်းလိုက်ပြီးနောက် ပြုံး၍ လသာခန်းထဲသို့ ထွက်သွား လေသည်။ ထွက်အသွားတွင် ပြန်ကြည့်လိုက်ရာ ဆက်စုသည် ကွန်ဒြေ မပျက်ဘဲ ခပ်အေးအေးပင် ပန်းကန်များ၊ ကရားများကို စားပွဲပေါ်မှ ယူ၍ မီးဖိုခန်းထဲသို့ သယ်သွားသည်ကို တွေ့ရသည်။ အယ်လင်သည် နံနက်နေရောင်တွင် ပွင့်လန်းနေသော ပန်းပွင့်ကလေး များကို ကြည့်ရင်း ညကျလျှင် သူ့ခင်ပွန်းကို ပြောပြမည်ဟု ပိုင်းဖြတ်လိုက်လေသည်။

'သူတို့ ပြောင်းဖို့ မလိုပါဘူး။ တို့နှစ်ယောက်ထဲဆိုရင် သိပ်ကျယ် နေမှာပေါ့'ဟု စတီဖင်က ပြင်းပြင်းထန်ထန် ကန့်ကွက်လေသည်။

'ကျွန်မတို့ နှစ်ယောက်ထဲနဲ့ မလုံလောက်သေးဘူးလား'ဟု အယ် လင်က နာကြည်းသော လေသံဖြင့် မေးလိုက်ပြီးခါမှ နောင်တ ရသလိုလို ဖြစ်မိသည်။ အယ်လင်သည် ညစာစားပြီးထိ မစောင့်နိုင်ဘဲ စတီဖင် ရုံးပြန်လျှင်ပြန်ချင်း ဘောလတ်တို့ အိမ်ပြောင်းမည့် အကြောင်းပြောပြ လိုက်လေသည်။

'ဆက်စုက ပြောင်းချင်တယ်'ဟု အယ်လင်က ပြောသည်။ စင်စစ် သော်ကား ဆက်စုသည် ဆက်၍ အတူနေရမည်ဆိုလျှင် နေမည်ပင်။

'ငါမယုံဘူးကွာ'ဟု စတီဖင်က ပြောသည်။

'ရှင်က ဆက်စုသွားတာ မကြိုက်လို့ ပြောနေတာပါ'ဟု အယ်လင်က လေအေးဖြင့် ဆိုလိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ငေးစိုက် ကြည့်နေကြသည်။

'ဒီနေ့ မနက် အောက်ထပ်မှာ ရှင်နမ်းနေတာကို ကျွန်မမြင်တယ်'

'ဘောလတ် အနားမှာ ရှိသားပဲ'ဟု စတီဖင်က ကာကွယ်သည့် သဘောနှင့် ပြောလိုက်သည်။

http://www.cherrythitsar.org

'အစတော့ ဒီလိုပေါ့။ နောက်တော့ ဘောလတ်ကွယ်ရာမှာ နမ်းကြမှာ...'

စတီဖင်သည် ခုတင်အစွန်းတွင် ထိုင်လိုက်ပြီးလျှင် 'ကဲ... မင်းဘယ်လို လုပ်ချင်သလဲ'ဟု မေးလိုက်သည်။

'ဘယ်လိုမှ မလုပ်ချင်ပါဘူး'

'ဒါဖြင့် ဒီအကြောင်းကို ဘာလို့ ပြောရတာလဲ'

'မီးမလောင်ခင်က တားရမှာမို့ ပြောတာပါ။ စတီဖင် ရှင် ဆက်စုမှာ ဘာကြိုက်တာလဲ။ ပွင့်ပွင့်လင်းလင်းကြီး ပြောလိုက်စမ်းပါ'

'မသိဘူး'

'ရှင်ဟာ မိန်းမတွေနောက်ကို တန်းခနဲ လိုက်တဲ့ လူစားမှ မဟုတ်ပဲ'

'ဟုတ်တယ်လေ။ မင်း အသိသားပဲ'

'ငယ်လဲ ငယ်တော့တာမှ မဟုတ်ပဲ'

'ဟုတ်ပါတယ်။ မငယ်ပါဘူး'

'ဆက်စုရဲ့ ကန္တဲ့ကလျ အမူအရာကြောင့်လား'

'အင်း... အဲဒါလဲ... အို... တကယ်တော့ မဟုတ်သေးဘူး'

'ကဲ... ဒါဖြင့် ဘာကြောင့်လဲ'

'သူက ငါ့ကို အယုံအကြည်ရှိလာအောင် လုပ်ပေးတယ်'

'စတီဖင် ဒီလိုမပြောပါနဲ့။ ရှင်ဟာ ရှင့်ကိုယ်ရှင် အင်မတန် အယုံအကြည်ကြီးတဲ့လူ မဟုတ်လား။ အောင်မြင်နေတဲ့ လူပဲဟာ။ ကြည့်ပါလား။ ကိုယ့်ကုမ္ပဏီမှာ ဥက္ကဋ္ဌ။ အခြား အဖွဲ့အစည်းတွေမှာလဲ အကြီးအကဲ ခေါင်းဆောင်ပိုင်းက နေရတာ'

စတီဖင်က ရင်ကိုပုတ်၍ 'ဒီထဲမှာ'ဟု ဆိုသည်။

''ဒီထဲမှာ ဘာရှိလို့လဲ'

'ငါတို့ ယောကျ်ားတွေဟာ တခြားနေရာတွေမှာ ခေါင်းဆောင်လုပ်ပြီး အကြီးအကျယ် ယုံကြည်မှုတွေ ဘာတွေ ရှိတယ်ဆိုပေမယ့် ဟောဒီရင်ထဲမှာတော့ ကိုယ့်ကိုယ်ကို အယုံအကြည် ကင်းမဲ့နေတယ်ကွ။ အဲဒီရင်ထဲမှာ အယုံအကြည် ရှိလာအောင်...'

http://www.cherrythitsar.org

'ဆက်စုက ဘယ်လို လုပ်ပေးသလဲဟင်'

'ဘယ်လို လုပ်ပေးသလဲတော့ မသိဘူး။ လုပ်ပေးတာတော့ အမှန်ပဲ'

'ဒါဖြင့် ရှင် ဆက်စုကို ချစ်နေပြီပေါ့'

စတီဖင်သည် ထိုမေးခွန်းကို စဉ်းစားပြီးမှ ဖြေသည်။

'တကယ်ပြောရရင် ငါသူ့ကို ချစ်နေတာ မဟုတ်ဘူး။ ဒါပေမယ့် သူငါ့ကို နားလည်တယ်'

'ဒီလိုဆိုတော့ ရှင်သူ့ကို ချစ်နေတာပါပဲ'

'မဟုတ်ဘူး'ဟု စတီဖင်ပြောပြီးလျှင် သူ့မျက်နှာမှာ ရုက်သွေး ဖြာသွားလေသည်။

'ငါ သူ့ကို ဘောလတ်ရှေ့မှာပဲ နမ်းချင်တယ်။ ဘောလတ် မရှိဘဲ ဘာမှ မလုပ်ချင်ဘူး မဖောက်ပြန်ချင်ဘူး'

'မဟုတ်ပါဘူး။ ရှင်လုပ်မှာပါ'

'မဟုတ်နိုင်ပါဘူးကွာ။ မလုပ်ဖြစ်ပါစေနဲ့လို့ ငါ့တော့ ဆုတောင်းတာပဲ '

'ကျွန်မလဲ ဆုတောင်းပါတယ်။ အို... စတီဖင်၊ ကျန်မမှာ ဘာလို နေလို့လဲ'

''မင်းမှာ ဘာမှ မလိုပါဘူး။ မင်းဟာ အင်မတန်ကောင်းတဲ့ မိန်းမပါပဲ။ ဒါပေမယ့်... '

'ဘာလဲ...'

စတီဖင်သည် အယ်လင်ကို ငေးကြည့်ကာ 'ငါမသိဘူး'ဟု ဆိုလေသည်။

'မပြောချင်လို့ပါ'

'မဟုတ်ပါဘူး။ ပြောကို မပြောတတ်လို့ပါ'

ရှေ့ဆက်၍စကားဆိုနေဖို့ အကြောင်းမရှိတော့ချေ။ စတီဖင်မှာ ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံသော လူတော်တစ်ယောက် ဖြစ်ပါလျက် သူ့ အကြောင်းကို သူပြောမပြတတ် ဖြစ်ရချေသည်။ စတီဖင်က ပြောမပြတတ်၍ စိတ်ရှုပ်နေသည်ကို ကြည့်ပြီးလျှင် အယ်လင်သည် ရုတ်

http://www.cherrythitsar.org

တရက် ဝမ်းနည်းသွားလေတော့သည်။ သူသည် သူ့ယောကျ်ားကို ဖက်၍ နမ်းလိုက်ပြီးလျှင် 'ကျွန်မ ရှင့်ကို မဆူတော့ပါဘူး'ဟု ဆိုလေသည်။

'ကျေးဇူးပါပဲ ဒဿလင်ရယ်'ဟု စတီဖင်က ပြန်ပြောလိုက်သည်။

'ရှင်ဟာ ကောင်းပါတယ်။ တကယ် ကောင်းပါတယ်။ ကျွန်မကို ခွင့်လွှတ်ပါ'

'ဘာဖြစ်လို့ ခွင့်လွှတ်ဖို့ တောင်းပန်နေရတာလဲ။ မင်းပြောတာ တွေဟာ နာစရာ၊ ကြည်းစရာမှ မဟုတ်ဘဲ'

နာစရာ မဟုတ်ဘူးလို့ မဆိုနိုင်ဘူးလေ။ ကဲ... ရှိပါစေတော့'ဟု ဆိုကာ သူသည် စတီဖင်၏ပါးကိုလက်နှင့်တို့ပြီးလျှင် ထွက်သွားလေသည်။

ညစာကို ပျော်ပျော်ရွှင်ရွှင် စားကြလေသည်။ အယ်လင်သည် ဆက်စု ကြောင့် အစစအရာရာတွင် အဆင်ပြေရသည်ဆိုသည့်အချက်ကို ထိုညတွင်မှ ပို၍ သဘောပေါက်လာလေသည်။ ခါတိုင်းလိုပင် ဆက်စုသည် စကား အနည်းငယ်သာ ပြောသည်။ သူပြောသော စကား တို့မှာလည်း ဆိုလောက်အောင် ထွန်းထွန်းပြောင်ပြောင် ရှိလှသည် မဟုတ်။ သာမန် စကားတို့သာတည်း။ သူသည် စကားပြောမည့် အစားပြုံး၍ပြ၏။ မျက်နှာထား အပြောင်းအလဲတို့ဖြင့် ပြ၏။ သူတစ်ပါး ပြောသည်ကို နားစိုက်၍ထောင်ခြင်းဖြင့် ပြ၏။ သူက ပြောပြန်လျှင်လည်း နားလည်သည့် သဘော သက်ရောက်အောင် ပြောတတ်ပေသည်။

'ဆက်စု... သူတို့ယောကျ်ားနှစ်ယောက်ကို ထားခဲ့ပြီး ဧည့်ခန်း သွားကြရအောင်'ဟု အယ်လင်က ဖြူနှံးခနဲ ပြောလိုက်သည်။

ပြောရင်းဆိုရင်းပင် သူသည် ထိုင်ရာမှထ၍ ဆက်စုလက်ကို ဆွဲခေါ်လိုက်သည်။

'ဘာဖြစ်လို့လဲ'ဟု စတီဖင်က မေးသည်။

'အို မိန်းမချင်း မိန်းမစကား ပြောဖို့ပေါ့'ဟု သူက ပြေလိုက်သည်။

'ညည်းလက်တွေဟာ အမြဲပဲနွေးနေတာပဲ'ဟု သူက ဆက်စုကို ဆွဲခေါ်သွားရင်း ပြောသည်။

http://www.cherrythitsar.org

"ကြမ်းလဲ ကြမ်းပါတယ်'ဟု ဆက်စုက ညည်းသဖြင့် ဆိုသည်။

'မကြမ်းပါဘူး။ လက်ကလေးက နုနေတာပဲ။ နွေးလဲ နွေးတယ်'

ဧည့်ခန်းတွင် ဆက်စုသည် သူ့ယောကျ်ားမ ထိုင်ပြီးသည်အထိ စောင့်နေသည်၊

'ဒီ အခန်းထဲမှာ မိန်းမတွေဟာ ညစာစားပြီးရင် စုပြီး လျှို့ဝှက်တဲ့ စကားတွေ ပြောကြတယ်။ အဲဒါ ထုံးစံပဲ။ ညည်းရဲ့ လျှို့ဝှက်တဲ့ နည်းလမ်းကို ငါ ရိပ်မိပါပြီ'

'ကျွန်မရဲ့ လျှို့ဝှက်တဲ့နည်းလမ်း... ဟုတ်လား မေမေ။ ပြောစမ်းပါဦး'

'ညည်း တကယ်မသိဘူးလားဟင်။ ငါ့သားအတွက် ညည်းဘာကို အလိုချင်ဆုံးလဲ'

'သူ့ စိတ် ချမ်းသာမှုပါပဲ မေမေ'

'ဒါပြင်ကော...'

'ဒါပြင် ဘာလိုချင်ရဦးမှာလဲ... မေမေရယ်'

'သူ့ စိတ်ချမ်းသာဖို့...၊ သူ ဘာလုပ်ရမှာလဲ'အယ်လင်က မေးလိုက်သည်။

'သူ့ကိုယ်သူ သိဖို့ပါပဲ'

'အဲဒါ... ညည်းရဲ့ ရည်ရွယ်ချက်ပဲလား'

'ဒါပြင် ရည်ရွယ်ချက် ဘာလိုလို့လဲ မေမေ...'

'သူကြီးပွားတာ၊ ချမ်းသာတာ မလိုလားဘူးလား။ စီးပွားရေးမှာ အောင်မြင်တာ ဆိုလိုတယ်'

'သူ စိတ်ချမ်းသာရင် အောင်မြင်မှာပေါ့'

'ပိုက်ဆံချမ်းသာဖို့ကော မလိုလားဘူးလား'

'ဒါကတော့ သူ့ပိုက်ဆံ ချမ်းသာအောင် လုပ်ချင်လဲ လုပ်လိမ့်မပေါ့'

'ညည်းအဖို့ ဘာမှ မလိုချင်ဘူးဆိုတာ အမှန်ပဲလား'

'အို... အမှန်ပဲ။ ကျွန်မလဲ စိတ်ချမ်းသာချင်တာပေါ့'

'ကိုယ် စိတ်ချမ်းသာဖို့ဆိုတာ ဘာလဲ'

http://www.cherrythitsar.org

ဆက်စုသည် ခေါင်းငိုက်၍ စဉ်းစားလေသည်။ အခန်းမှာ ငြိမ်သက်လျက် ရှိ၏။

'ကျွန်မ ထင်တာကတော့ တခြားကိစ္စအတွက် ကိုယ့်ကိုယ်ကို အသုံးမပြုမိဖို့ပဲပေါ့'

'တခြားကိစ္စအတွက် အသုံးမပြုမိဖို့'ဟု အယ်လင်က သံယောင်လိုက်၍ ဆိုသည်။ ထို စကားလုံးများသည် လွယ်၏။ အဓိပ္ပာယ် ခက်လှသည်။ ဘာ ဆိုလိုပါလိမ့်။

ဆက်စုသည် ခေါင်းထောင်၍ အယ်လင်ကို စိုက်ကြည့်လေသည်။

'ကျွန်မဆိုလိုတာက ကျွန်မမှာ ဘောလတ်ဖြစ်ဖြစ်၊ သူ့အဖေဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အသုံးပြုပြီး ကျွန်မလိုချင်တာကို အရမယူဘူး။ ကျွန်မ ပိုက်ဆံ ချမ်းသာချင်တယ်ဆိုပါတော့၊ ကျော်စောချင်တယ်ဆိုပါတော့၊ ဝတ်ကောင်းစားကောင်းတွေကိုပဲ လိုချင်တယ်ဆိုပါတော့ အဲဒါတွေရအောင် ဘောလတ်ကို အသုံးမပြုအပ်ဘူး။ ဘောလတ်ဟာ သူ့ကိုယ်သူ ပိုင်တယ်။ ကျွန်မ သူ့ကို မပိုင်ဘူး'

ဆက်စုပြောသော အင်္ဂလိပ် မတတ်တတတ် စကားထဲမှ တောက်ပ ကြည်လင်သော အလင်းရောင်သည် အယ်လင်၏ စိတ်နှလုံးသား အပေါ်သို့ ကျရောက် ထွန်းလင်းလေတော့သည်။

'ဘုရားရေ... ငါ ညည်းတွေးသလို ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ မသိခဲ့ဖူးဘူး'

အယ်လင်သည် ပြန်လည်တွေးကြည့်မိ၏။ သူလိုချင်သည့်အရာများအတွက် စတီဖင်ကို ဘယ်နှစ်ကြိမ် အသုံးပြုခဲ့ပါသလဲ။ ငါ အသုံးပြုမယ်ဟဲ့ ဆိုပြီး အသုံးပြုခဲ့သည်မဟုတ်။ အသုံးပြုမှန်းမသိ အသုံးပြုခဲ့မိပေါင်း များလှချေပြီ။ သူသည် အသေးအဖွဲ ကိစ္စကလေးများ၌ပင် စတီဖင်ကို အသုံးပြုသည်မှာ နှစ်ပေါင်းများလှချေပြီ။ ဥပမာ ဤအိမ်။ အိမ်ကို စတီဖင် လိုချင်သလား။ စတီဖင်၏ ရည်မှန်းချက်မှာ အဘယ်တို့နည်း။ အကယ်၍သာ စတီဖင်သည် လွတ်လွတ်လပ်လပ်နှင့် သူ့သဘော အတိုင်း လုပ်ဆောင်ရပါမူ ဘယ်သို့သော အနေမျိုးတွင် နေမည်နည်း။

http://www.cherrythitsar.org

အယ်လင်သည် စတီဖင်၏ သဘောကို မသိချေ။ သူသည် စတီဖင်အား ငွေကြေး ကြွယ်ဝအောင် ကြိုးပမ်းစေခဲ့သည်။

'ညည်းဟာ တကယ်တော့ ကလေးပဲ ရှိသေးတယ်။ ဒါပေမယ့် ညည်းပါးစပ်က ပညာရှိစကား ထွက်တယ်'ဟု သူက ဆက်စုကိုပြောသည်။

'ကျွန်မအမေက သင်ပေးတာ။ သူ့ကို သူ့အမေက သင်ပေးခဲ့တယ်'ဟု ဆက်စုက ရိုကျိုးစွာ ပြောလေသည်။

အယ်လင် ပြန်ပြောမည်အပြုတွင် သားအဖ အခန်းထဲသို့ ဝင်လာကြသည်။

'ဘောလတ်နဲ့ ငါနဲ့ ပြောနေတယ်။ ဟုတ်တယ်။ ငါသဘောတူတယ်။ ဘောလတ်တို့နှစ်ယောက် သူတို့အိမ်နဲ့သူတို့ နေဖို့ကောင်းတယ်။ အဲဒီအကြံကောင်းတယ်'ဟု စတီဖင်က ရုတ်တရက်ပြောလိုက်သည်။

'ကျွန်မလဲ ဒီလိုပဲ ထင်မိတယ်။ အခုလို အတူနေကြတဲ့အချိန်အတွက် ကျွန်မတော့ သိပ်ဝမ်းသာတာပဲ။ ဆက်စု ညည်းကို ကျေးဇူးတင်တယ်'ဟု အယ်လင်က ဆိုသည်။

'ကျွန်မကို ကျေးဇူးတင်ရအောင် ကျွန်မဘာမှမလုပ်ဘဲ'ဟု ဆိုကာ ဆက်စုက အယ်လင်ကို ပထမဦးညွှတ်လိုက်သည်။ နောက် စတီဖင်ကို ဦးညွှတ်သည်။ 'ကျွန်မဘာမှ မလုပ်ဘဲ'ဟု ထပ်၍ ဆိုပြန်သည်။ ထို့နောက် သူ့နဂို ယဉ်ယဉ်ခွဲ့ခွဲ့ ဟန်အမူအရာနှင့် 'ကျွန်မ နဂိုအတိုင်းပဲနေတာပါ'ဟု ဆက်၍ ဆိုလိုက်လေသည်။

❁ ❁ ❁

http://www.cherrythitsar.org

ရှင်းပြချက်

ဤဝတ္ထုသည် **မိန်းမတို့အကြောင်း**စစ်စစ် ဝတ္ထုဖြစ်သည်။ ပါးလ်ဗတ်သည် ကမ္ဘာကျော် အမေရိကန် အမျိုးသမီး ဝတ္ထုရေးဆရာ ဖြစ်သည်။ သူ့ဝတ္ထုများတွင် **The Good Earth** (မြေပဒေသာ) ဝတ္ထုကြီးသည် ကမ္ဘာ့စာပေတွင် ထင်ရှားသည်။ ကမ္ဘာ့စာပေဆု (နိုဗဲလ်ဆု)ဖြင့် ချီးမြှင့်ခြင်း ခံရသည်။

ပါးလ်ဗတ်သည် အမျိုးသမီး စာရေးဆရာမကြီးဖြစ်သည်။ သို့သော် များလှစွာသော အမျိုးသမီး စာရေးဆရာတို့ထက် လေးနက်သော စာပေကို ရေးနိုင်သဖြင့် ကမ္ဘာ့စာပေ ပညာရှင်များက သူ့အား အထူး လေးစားမှုပေးကြသည်။ သူသည် အမျိုးသမီး စာရေးဆရာမများစွာကဲ့သို့ ဘဝကို အပေါ်ယံလျှပ်ပြီးမကြည့်ဘဲ လူ့ဘဝနှင့် လူ့စရိုက်အထွေထွေ၏ လေးနက်သော အဓိပ္ပာယ်ကို မြင်တတ်ပေသည်။

သူ့ဝတ္ထုကို သာမန်ကာလျှံကာ ဖတ်ကြည့်လျှင် အဓိပ္ပာယ်ပင် ပေါ်ချင်မှ ပေါ်မည်။ ပေါ်ပြန်လျှင်လည်း သာမန်မျှသာ ထင်တတ်ချေမည်။ ဤ 'ယဉ်နွဲ့ဟန်' ဝတ္ထုတိုကို တစ်ခေါက်မက ဖတ်ကြည့်စေချင်သည်။

စာအမျိုးမျိုးရှိသည်။ အချို့စာများကို တစ်ခေါက်လောက် ဖတ်လိုက်ရုံနှင့် ကိစ္စပြီးသည်။ အချို့ စာများကိုမူ တစ်ခေါက်မက ဖတ်ပါမှ လိုရင်း အဓိပ္ပာယ် ပေါ်လွင်လာနိုင်သည်။

http://www.cherrythitsar.org

ဤဝတ္ထုကို တစ်ခေါက်လောက်သာ သာမန်အားဖြင့် ဖတ်လိုက်လျှင် လိုရင်းအဓိပ္ပာယ် မပေါ်လွင်ဘဲ၊ မှားယွင်းသော အမြင်မျိုးပင် ရနိုင်ချေမည်။ "ဟာ ဂျပန်အမျိုးသမီးရဲ့ ကန္တဲ့ကလျ အမူအရာကို သားရော ဖအေရောက ကြိုက်ကြတာကို ရေးထားတာပါ"ဟု ဆိုကောင်း ဆိုချေမည်။

ထိုစကားသည် မှန်၏။ သို့သော် သာမန်အားဖြင့်သာ မှန်သည်ဟု ဆိုရပေမည်။ ပါးလ်ဗတ်က 'မိန်းမတို့အကြောင်း'ကို သိမ်မွေ့သော အနုပညာ နည်းဖြင့် လေးနက်စွာ ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

မိန်းမတို့အကြောင်း ဆိုရာ၌လည်း အမျိုးဘာသာ အယူဓလေ့မတူသော မိန်းမနှစ်မျိုး၏အကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ဂျပန်အမျိုးသမီးနှင့် အမေရိကန်အမျိုးသမီးတို့၏ အယူအဆ အပြုအမူများ ကွဲပြားကြောင်းကို သရုပ်ပေါ်စေရုံသာမက 'မိန်းမ'ဟူသော သဘာဝအစစ်ကို ဂျပန်မကလေး ဆက်စု၏ ဥဒါဟရဏ်ဖြင့် ဖော်ပြလိုက်ပေသည်။

ကိုယ်ကာယ ရုပ်သဏ္ဌာန်အားဖြင့် မိန်းမဟုခေါ်ရသော လူတစ်မျိုးတွင် မိန်းမ၏သဘာဝအစစ်အမှန်သည် ရှိရ၏။ သို့သော် အပေါ်ယံ အပြင်ပ အလေ့အထ၊ အတွေးအခေါ်၊ အယူအဆ၊ အပြုအမူ၊ အနေအထိုင်စသည်တို့၏ ပယောဂအထွေထွေကြောင့် နဂိုသဘာဝသည် ငုပ်လျှိုး ကွယ်ပျောက်နေ တတ်သည်။ ယောကျ်ားဟူသော လူတစ်မျိုး၌လည်း ယောကျ်ား၏ သဘာဝ အစစ်အမှန်သည် ရှိ၏။

ဤနေရာတွင် ကွာခြားချက်တစ်ရပ် ထင်ရှားစွာရှိလေသည်။ ယောကျ်း၏ သဘာဝ၌ ပွင့်လင်းသော သဘောတစ်ရပ်ရှိနေသဖြင့် ပင်ကိုသဘာဝသည် အပြင်ပ အပေါ်ယံ အထွေထွေ ပယောဂ လွှမ်းခြုံစေကာမူလည်း ပေါ်လွင်၍ ပင် နေတတ်သည်။

မိန်းမ၏ပင်ကိုသဘာဝ၌ကား ရှက်တတ်ကြောက်တတ် စိတ်ကလေး အမြဲတမ်း အရောင်သန်းနေသဖြင့် လျှို့ဝှက်တတ်သော သဘောသည်ရှိ၏။ ထို့ကြောင့် မိန်းမ၏ ပင်ကိုသဘာဝသည် ယောကျ်းမှာကဲ့သို့ တင်းတင်း ပြောင်ပြောင် မပေါ်တတ်ပေ။ ငုံ့ငုံ့ပုံ့ပုံ့ လျှို့လျှို့ဝှက်ဝှက် နေတတ်ပြုတတ် ခြင်းပင်လျှင် မိန်းမ၏ ပင်ကိုသဘာဝ၌ ပါရှိသော သဘောကလေး တစ်ခုပင် တည်း။

မိန်းမတို့ အကြောင်းကို မိန်းမတွေ ကိုယ်တိုင် သိသည် ထင်ကြ၏။

http://www.cherrythitsar.org

သို့သော် များသောအားဖြင့်မသိ။ ပါးလ်ဗတ်ကမူ မိန်းမတို့အကြောင်းကို လေးလေးနက်နက်သိပေသည်။ သူကိုယ်တိုင်က အမေရိကန်အမျိုးသမီးတစ်ယောက် ဖြစ်သော်လည်း၊ သူ့အဖို့မှာ စာရေးဆရာ စိတ်ထားနှင့် စိတ်ဓာတ်တို့ ရှိပြီးဖြစ်သဖြင့် အမေရိကန်အမျိုးသမီးတွေမှာထက် အရှေ့တိုင်းသူ ဂျပန်အမျိုးသမီးတွေမှာ မိန်းမ၏ ပင်ကိုသဘာဝ ပိုမို ထင်ရှားစွာရှိသည် ဆိုသည့်အချက်ကို သဘောပေါက်ပေသည်။

မိန်းမသည် မိန်းမပီသရမည်။ မိန်းမပီမှသာ မိန်းမ၏ နဂိုအလှသည် ပေါ်လွင်နိုင်ပေမည်။ မိန်းမ၌ မိမိနှင့် ကြုံတွေ့ဆက်ဆံသူ အပေါင်းတို့အား ကြည်နူးရွှင်ပြုံးစေသော သတ္တိသည် နဂို သဘာဝအားဖြင့် ရှိ၏။ ထိုသတ္တိကို စာတန်းအမျိုးမျိုးဖြင့် ရှင်းပြခြင်းမှာ မစွမ်းသာပေ။ ကြုံဖူးမှ သိပေသည်။ (အင်္ဂလိပ် ဘာသာ၌မူ **Charm** ဆိုသော စကားလုံးဖြင့် ဖော်ပြနိုင်၏။) ထိုသတ္တိကို ယောကျ်ားများက ရိပ်စားမိကြ၏။ သို့သော် ထိုသတ္တိ၏ သဘာဝကို နားလည်ဖို့ ခဲယဉ်းလှ၏။ ထို သတ္တိသည် နူးညံ့သိမ်မွေ့လှ၏။ သိရခက်ခဲလှ ချေသည်။

မြန်မာတို့က 'မာယာ'ဟု ဆိုချင်ကြပေလိမ့်မည်။ သို့သော် မာယာသည် မကောင်းသော အဓိပ္ပာယ်ကိုဆောင်သည်။ မာယာ မဟုတ်ပေ။ ထိုသတ္တိသည် နူးညံ့သိမ်မွေ့၏။ ကောင်းသော အကျိုးကိုပြု၏။ သန့်ရှင်းသော အဓိပ္ပယ်ကို ဆောင်ပေသည်။

အချို့သော မိန်းမတို့၌ ရုပ်ရည်အခြေအနေအားဖြင့် လှသည်ဟုမဆိုသော်လည်း၊ ယောကျ်ားများသာမက မနာလိုဆိုးရွားသော မိန်းမများမှအပ အခြားသော မိန်းမများကပင် ချစ်ခင်လိုသောဆန္ဒမျိုး ပေါ်ထွန်းစေနိုင်သည့် သတ္တာမျိုး ရှိကြသည်။ ယင်းသည် မာယာ မဟုတ်။ မာယာသည် ဟန်ဆောင်မှု၊ လုပ်ကြံမှု၊ လိမ်ညာမှုတို့ဖြင့် ပြည့်လျှမ်းလျက်ရှိ၏။ ယင်းသတ္တိသည်ကား ပြောင်းပြန်ပင်။ ထိုအမှုများ ကင်းစင်ပေသည်။

ဤဝတ္ထု၏အဆုံး၌ ဂျပန်မကလေး ဆက်စုက 'ကျွန်မကို ကျေးဇူးတင်ရအောင် ကျွန်မဘာမှမလုပ်ဘဲ၊ ကျွန်မနဂိုအတိုင်းပဲ နေတာပါ" ဟု ဆိုသည့်အတိုင်းပင်။ မိန်းမ၏ သဘာဝအစစ်သည် ဘာမျှ (အမှုအရာ ဟန်ဆောင်မှု) မပြုဘဲ နဂိုအတိုင်း နေတတ်မှသာလျှင် ပေါ်လွင်နိုင်ပေသည်။

ပါးလ်ဗတ်သည် မိန်းမတို့အကြောင်း အဆိုးအကောင်း နှစ်ထွေကို

http://www.cherrythitsar.org

မိန်းမဖြစ်သည့်အလျောက် သိပေသည်။ (တစ်ဖန်ဆိုရပါမူ) ပါးလ်ဗတ်သည် မိန်းမတို့အကြောင်းကို မိန်းမဖြစ်သော်လည်း သိပေသည်။

ယင်းသို့ နှစ်မျိုးပြောင်းပြန်ဆိုရသည်မှာ မိန်းမတို့အကြောင်းကို မိန်းမဖြစ်သူက ပို၍သိနိုင်သည်မှန်၏။ သို့သော် မိန်းမတို့အကြောင်းကို မိန်းမတို့သည် များသောအားဖြင့် မိန်းမဖြစ်ပါလျက်နှင့် မသိကြချေ – ဟု ဆိုချင်လှသောကြောင့်ပင် ဖြစ်သည်။

ပါးလ်ဗတ်သည် ဤဝတ္ထုတွင် လှသော မိန်းမတစ်ယောက်နှင့် အရုပ်ဆိုးသော မိန်းမတစ်စုအကြောင်းကို သရုပ်ဖော်သည်။ (လှသည်၊ အရုပ်ဆိုးသည် ဟူသော စကားလုံးများကို ရုပ်ရည်ကို ပဓာနပြု၍ မဆိုပါ။) ဂျပန်အမျိုးသမီးကလေး ဆက်စုသည် လူ့ဘဝ၊ လူ့လောက၌ မိန်းမတို့၏ နဂိုနေရာ အစစ်ဖြစ်သော အိမ်ရှင်သက်ထားနေရာတွင် နေသည်။ မိဘရိုးရာယဉ်ကျေးမှု အယူအဆအတိုင်း လင်ယောကျ်ားကို ပြုစုယုယမှု၌ ကျွမ်းကျင်သည်။ နဂိုနေ အတိုင်း နေတတ်သည်။ ယင်းသို့ ပြုစုယုယရာ၌လည်းကောင်း၊ အများနှင့် ဆက်ဆံရာ၌လည်းကောင်း ပင်ကိုစိတ်ထား ဖြူစင်သိမ်မွေ့သည်။

ထိုသို့သောအဖြစ်ကို ခေတ်မီသည်ဟု ယူဆလျက်ရှိကြသော အမေရိကန်အမျိုးသမီးတို့က ကဲ့ရဲ့ကြသည်။ ရှေးကျသည်ဟု ဆိုကြပေမည်။ ယောကျ်ားနှင့်မိန်းမ တန်းတူချင်း ဖြစ်သည်။ အခွင့်အရေး တူညီရမည်။ မိန်းမတို့သည် ယောကျ်ားတို့နည်းတူ လွတ်လပ်ရမည် စသည့်ဝါဒကို ကိုးကွယ်ကြသည့် အလျောက် ဂျပန်မိန်းကလေးအကြောင်းကို အတင်းပြော၍ ရယ်သွမ်းသွေးကြကုန်၏။

သူတို့ကိုယ်သူတို့ ဟုတ်လှပြီ ထင်နေကြရာသော အမေရိကန်အမျိုးသမီးတို့က သူတို့နှင့်မတူသော ဂျပန်မိန်းကလေးဆက်စုအကြောင်းကို ဝိုင်းဖွဲ့၍ အတင်းပြောကြသည်။ ယင်းသို့ အတင်းပြောမှုသည်ပင်လျှင် အမေရိကန်အမျိုးသမီးတို့၏ အရုပ်ဆိုးခြင်းကို သရုပ်ပြလျက်ရှိသည်။

"ဆက်စုဟာ သူ့အတွက်သူဘာမှ မစဉ်းစားဘူး" ဟု ဆက်စု ယောကျ်မအယ်လင်က ပြောလိုက်သောအခါ၊ မိတ်ဆွေ အမေရိကန်အမျိုးသမီးများက မယုံကြည်ကြပေ။ နားမလည်နိုင်ကြပေ။

"ဒါဖြင့် ဘယ်သူ့အတွက် စဉ်းစားသလဲ" ဟု မေးလိုက်သည်။

"ဆက်စုဟာ သူ့လင်အတွက်ရယ်၊ ကျွန်မတို့ နှစ်ယောက်အတွက်ရယ်၊

http://www.cherrythitsar.org

အဲဒီသုံးယောက်အတွက်သာ စဉ်းစားတယ်”ဟု အယ်လင်က ပြောလိုက်သော အခါ၊ အမေရိကန်အမျိုးတွေမှာ သာ၍ပင် မယုံနိုင် ဖြစ်ကြရသည်။

“ဒါက အစမို့ပါ။ နောက်တော့ ဒီလိုဂရုစိုက်တော့မှာ မဟုတ်ပါဘူး”ဟု မေရီယန်က ဆိုသည်။

မေရီယန်သည် အခြားသော အမေရိကန်အမျိုးသမီးများ၏ ကိုယ်စား ဆိုလိုက်ခြင်း ဖြစ်သည်။ သူတို့တစ်တွေ၏ **အကြိုအတွေ့**နှင့် ဉာဏ်မီ သလောက်မှာ သူဆိုလိုက်သည့် အတိုင်းပင်ဖြစ်သည်။ အစမို့သာ ဂရုစိုက် သည်။ နောက်နောင်တွင် စိတ်ဝင်စားမှု လျော့ပါးသွားမည်။ အခြား စိတ် ဝင်စားစရာတွေ ပေါ်လာမည် စသည်ဖြင့် ကိုယ်ချင်းစာ၍တွေးပြီး ပြောလိုက် ခြင်းဖြစ်သည်။

သို့သော် ဆက်စုမှာ မေရီယန် ဗေဒင်ဟောသလို မဟုတ်။ သူ့၌ရှိသော ဝတ္တရားသိစိတ်သည် အပေါ်ယံ၌သာ တည်နေသည်မဟုတ်။ သူ၏မိန်းမ သဘောအတွင်း၌ ကိန်းဝပ်နေလေသောကြောင့် လင်သား၊ ယောကျ်ားမ တို့ကို ပြုစုခြင်းသည် ထမင်းစာရေသောက်ဆိုသလို သူ့အဖို့ တစ်သက်လုံး မငြီး ငွေ့နိုင်စရာကိစ္စ ဖြစ်နေပေသည်။

ဆက်စုသည် သူ့ကိုယ်သူ မိန်းမဖြစ်နေမှန်းသိသည်။ သူ့ဘဝ၌ သူသည် နဂိုနေအတိုင်း နေသည်။ သူ့သဘာဝကိုသူ ကျေနပ်စွာ လက်ခံသည်။ ထို့ကြောင့် သူသည် သူ့ဝတ္တရားများကို ဆောင်ရွက်ရာ၌ မငြီးငွေ့မငြိုငြင်ပေ။ အချုပ်အားဖြင့် သူသည် မိန်းမအစစ်ဖြစ်၏။

ယောကျ်ားတို့သည် မိန်းမအစစ်ကို ပို၍ မြတ်နိုးကြသည်။ ကျေနပ် ကြသည်။ မိန်းမအစစ်၏ အေးမြသောရိပ်သာတွင် ခိုလှုံချင်ကြသည်။ ထို့ကြောင့်ပင်လျှင် ဆက်စု၏ယောကျ်မ စတီဖင်သည် သူ့ချွေးမ၏ အယုယ ကို ခံယူလို၏။ ယင်းသို့ ခံယူလိုခြင်းသည် ကာမဆန္ဒကြောင့်ဟု တစ်ဖက်သတ် မဆိုအပ်ပေ။ အေးမြကြည်လင်သော ရေကို သောက်လိုစိတ်၊ အေးချမ်းသာ ယာသော အရိပ်ကို ခိုချင်စိတ်မျိုးနှင့် **ခိုင်းနှိုင်း** နိုင်သည်။

အယ်လင်သည် သူ့ချွေးမဆက်စုကို နားမလည်ရာက ဆက်စုနှင့်စကား ဆိုကြရာဝယ် ဆက်စုအကြောင်းကိုသာမက သူ့အကြောင်းကိုပါ သဘော ပေါက် သွားလေသည်။ အယ်လင်၏ မိန်းမသဘာဝ အစစ်အနှစ်ကို အယ်လင် ကိုယ်တိုင် သိမြင်လာသည်။ သူ့အမှားကို သူမြင်လာသည်။ ဆက်စုသည်

http://www.cherrythitsar.org

ခေတ်မမီ ပညာမတတ်။ သို့သော် မိန်းမသဘာဝကို သူ့ရင်ထဲက နားလည်သည်။ 'မိန်းမပညာ'ကောင်းစွာ တတ်သည်ဟု ဆိုနိုင်၏။

ပညာတတ် ခေတ်မီမိန်းမများသည် များသောအားဖြင့် မိန်းမပညာကို မတတ်ကြချေ။ ယောကျ်ားများနှင့် အစစအရာရာတွင် ဖက်ပြိုင်၍ အခွင့်အရေး အတူယူချင်ကြသည်။ အပေါ်ယံ အခြေအနေအားဖြင့် ယောကျ်ားများနှင့် တန်းတူဖြစ်နိုင်စေကာမူ မိန်းမသည် မိန်းမဖြစ်သည်ဟူသော အသိမျိုး မရှိကြချေ။ လက်လည်း မခံချင်ကြပေ။ သို့သော် မိန်းမလိုမနေဘဲလည်း မနေနိုင်။ ထို့ကြောင့်လည်း ဘဝ၌ အဆင်မပြေမှုများ ဖြစ်ပွားရသည်။

"ကျွန်မဟာ ဘောလတ်ဖြစ်ဖြစ်၊ သူ့အဖေဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အသုံးပြုပြီး ကျွန်မလိုချင်တာကိုအရမယူဘူး။ ကျွန်မ ပိုက်ဆံချမ်းသာချင်တယ်ဆိုပါတော့၊ ကျော်စောချင်တယ်ဆိုပါတော့၊ ဝတ်ကောင်းစားကောင်းတွေကိုပဲ လိုချင်တယ်ဆိုပါတော့။ အဲဒါတွေရအောင် ဘောလတ်ကို အသုံးမပြုအပ်ဘူး။ ဘောလတ်ဟာ သူ့ကိုယ်သူ ပိုင်တယ်။ ကျွန်မ သူ့ကို မပိုင်ဘူး" ဟုဆက်စုက ဆိုလိုက်ကာမှ ယောကျ်ားမ အယ်လင်က "ဘုရားရေ ငါညည်းတွေးသလို ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ မသိခဲ့ဖူးဘူး" ဟု ဆိုလေသည်။

ယင်းသို့လျှင် ခေတ်ပညာမတတ်သော၊ ခေတ်မဆန်သော ဂျပန်မိန်းကလေးဆက်စုက သူ့ယောကျ်ားမ အမေရိကန်အမျိုးသမီး ခေတ်မီသူပညာတတ်အား 'မိန်းမပညာ' ပေးလိုက်လေသည်။ ပါးလ်ဗတ်က မိရိုးဖလာ ပညာအချို့တွင် မိန်းမပညာသည် ဘယ်သောအခါမျှ ရိုးသွား တိမ်ကောသွားဖွယ် မရှိ။ ကျောက်ခေတ်မှသည် ဂြိုဟ်တုခေတ်အထိ၊ ဂြိုဟ်တုခေတ်မှသည် နောင်သံသရာအဆုံးတိုင်အောင်ပင် မိန်းမသည် မိန်းမသာဖြစ်သည်။ လူ့သဘာဝရှိနေသမျှ မိန်းမသဘာဝသည် လူ့သဘာဝ၏ ကဏ္ဍာတစ်ရပ်အဖြစ် တည်နေပေလိမ့်မည်ဟူသော အမှန်တရားကြီး တစ်ရပ်ကို ဤဝတ္ထုငယ်ဖြင့် သရုပ်ဖော်လိုက်ပေသည်။

ဤဝတ္ထုတိုသည် 'မိန်းမတို့အကြောင်း' ဝတ္ထုတိုတစ်ပုဒ်ဖြစ်၏။ မိန်းမတို့အကြောင်းကို လေးလေးနက်နက် သုံးသပ်ပြီးမှ သိမ်မွေ့စွာ သရုပ်ဖော်သွားသော ဝတ္ထုတစ်ပုဒ် ဖြစ်သဖြင့် အထူး လေ့လာသင့်သည်ဟု ကျွန်တော် ထင်မိပါတော့သည်။

❖ ❖ ❖

http://www.cherrythitsar.org

http://www.cherrythitsar.org

၇။ ညော် ချစ်ကြပေတယ်
ဆမ္မားဆက်မော်မ် ရေးသည်

ကျွန်ုပ် သည် လင်ဒန်ကို ခင်မင်လှသည် မဟုတ်ပါ။ သူသည် ကျွန်ုပ်တို့ပါဝင်သော ကလပ်အသင်းသားတစ်ဦးဖြစ်သဖြင့် နေ့လယ်စာ စားပွဲတွင် မကြာခဏ သူ့ဘေးနားတွင် ကျွန်ုပ်ထိုင်ရသည်။ သူသည် အင်္ဂလိပ် တရားရုံးကြီးတွင် တရားသူကြီးတစ်ယောက် ဖြစ်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော အမှုများ နားထောင်လို၍ သွားသောအခါ သူက ကျွန်ုပ်အား နေရာထိုင်ခင်း ကောင်းကောင်းပေးပေသည်။

လင်ဒန်သည် တရားသူကြီးအဝတ်အစားဖြစ်သော ဆံပင်တုနှင့် ဝတ်ရုံကြီး ဆင်မြန်းထားသောအခါ သူ့မျက်နှာ ဖြူဖြူရှုရှုရှည် မျက်လုံးပြာပြာနှင့် မျက်နှာထား ခပ်တင်းတင်းတို့ကြောင့် ကြောက်ရွံ့ဖွယ်ရာပင် ဖြစ်နေလေတော့သည်။

သူသည် တရားအတိုင်း တင်းတင်းကြပ်ကြပ် ဆောင်ရွက်လေ့ရှိသည်။ တစ်ခါတစ်ရံ ထောင်ဒဏ်ပေးခါနီးတွင် တရားခံအား ပြောဆိုဆုံးမနေသည်မှာ အတောင်ပင်ခံ့ညားလေးစားဖွယ်ဖြစ်သဖြင့် ကြားရသည့် ကျွန်ုပ်မှာ တရားခံအစား ကြားထဲက အနေအထိုင်ခက်လှတော့သည်။

http://www.cherrythitsar.org

ကလပ်တွင်ကား သူသည် ဖော်ဖော်ရွေရွေရှိပေသည်။ နေ့လယ်စာစားပွဲတွင် သူစီရင်ခဲ့ရသော အမှုများအကြောင်းကို စိတ်ရှည်လက်ရှည်ပြောပြ၍ ဆွေးနွေးလေ့ရှိသောကြောင့် ကျွန်ုပ် ယခင်က သူ့အပေါ် ထားရှိခဲ့သော အာဃာတကလေးမှာ ပျက်ပြားပျောက်ကွယ်သွားလေတော့သည်။

တစ်ခါက ကျွန်ုပ်ကသူ့အား တရားခံတစ်ယောက်ကို သေစားသေစေ အမိန့် ပေးလိုက်သည့်အခါတွင် စိတ်မထိခိုက်ပေဘူးလားဟု မေးကြည့်သောခါ သူကဝိုင်အရက်ကို အာနှံ့ရုံ စုပ်လိုက်ပြီးမှ "မထိခိုက်ပါဘူးဗျာ၊ တရားခံအဖို့ တရားသဖြင့် အစစ်အဆေးခံရပြီးပြီဟာပဲ။ ပြီးတော့ ကျုပ်ကလဲ သေသေချာချာအမှုသွားအမှုလာကြည့်ပြီးမှ နိဂုံးချုပ်တယ်။ ဂျူရီလူကြီးတွေကလဲ တရားခံမှာ အပြစ်ရှိတယ်လို့ ထင်တဲ့အကြောင်း ပြောပြကြတယ်။

"ဒီတော့ ကျုပ်သူ့ကို သေစားသေစေအမိန့် ပေးလိုက်တာဟာ သူရသင့် ရထိုက်တဲ့အပြစ်ဒဏ်ကိုသာ ပေးတာပဲ။ ကျုပ် ဘာလို့ စိတ်ထိခိုက်ရမှာလဲ။ တရားခံက ထလာတာနဲ့တစ်ပြိုင်နက် ဒီအမှုကြောင်းကို ကျုပ်ရဲ့ခေါင်းထဲက ထုတ်ပစ်လိုက်တယ်။ စိတ် မနိုင်တဲ့ လူသာ စိတ်ထိခိုက်မှာပေါ့ဗျာ" ဟု ပြောပြလေသည်။

လင်ဒန်သည် ကျွန်ုပ်အား စကားစမြည်ပြောရန် လိုလားသော်လည်း ကျွန်ုပ်အား ကလပ်တွင်သိသော အသိအကျွမ်းမျှသာ သဘောထားသည်ဟု ကျွန်ုပ်မှတ်ထင်မိခဲ့သည်။ ထို့ကြောင့် တစ်နေ့တွင် သူ့ထံမှ သံကြိုးတစ်စောင်ရသောအခါ ကျွန်ုပ်သည် အံ့အားကြီး သင့်နေမိပါတော့သည်။ သူ့သံကြိုးက သူသည် အီတလီပြည်အပန်းဖြေခန်း 'ရိုင်ဗီရာ'သို့ သွား၍ အပန်းဖြေမည်။ အီတလီသို့အသွားတွင် ကျွန်ုပ်ထံတွင် (၂)ရက်၊ (၃)ရက် ဝင်၍တည်းခိုလိုပါသည်ဟု ဆို၏။

ကျွန်ုပ်ကလည်း အလည်လာမည်ဆိုသဖြင့် ဝမ်းမြောက်ကြောင်း သူ့ထံသို့ ထိုသံကြိုး ပြန်လိုက်သည်။ သူ့ကို မီးရထား ဘူတာရုံတွင် သွားကြိုသောအခါ ကျွန်ုပ် စိတ်မှာ အတော်ပင် လှုပ်ရှားသွားပါသည်။

သူရောက်လာသောနေ့ ညစာစားပွဲတွင် စကားပြောဖော် ရလေ

http://www.cherrythitsar.org

အောင် ကျွန်ုပ်သည် ကျွန်ုပ်၏အိမ်နီးချင်း မစ္စဂရေးကို ထမင်းစားဖိတ်ထားသည်။ မစ္စဂရေးမှာ အသက်အတော်ကြီးရင့်နေပြီဖြစ်သော အပျိုကြီးတစ်ယောက်ပင်ဖြစ်၏။ အသက်ကြီးသော်လည်း ရုပ်ရည်သားနား၍ အပြောအဆို ကောင်းပေသည်။

ကျွန်ုပ်သည် ဧည့်သည်တို့အား စားကောင်းသောက်ဖွယ်များ ကောင်းစွာကျွေးမွေးပါသည်။ လင်ဒန်သည် ကျွန်ုပ်တည်သော ကောက်တေး အရက်ကို သဘောမကျသော်လည်း ဝိုင်အရက်ကိုမူ နှစ်သက်လေသည်။ မစ္စဂရေး၏ အပြောအဆိုကိုလည်း နှစ်သက်သဖြင့် သူသည် ကျွန်ုပ် တွေ့ကြုံခဲ့ဖူးသည်နှင့်မတူဘဲ အထူးပင် ရွှင်လန်းဖော်ရွေနေပေတော့သည်။

လင်ဒန်သည် တရားသူကြီးဖြစ်သဖြင့် မျက်နှာထားတင်းတင်းကြီးနေလေ့ရှိသော်လည်း ရုပ်ရည်သားနား၍ အပြောအဆိုကောင်းသော အပျိုကြီးမစ္စဂရေးနှင့် တွေ့ဆုံရသဖြင့် အတော်ပင် ကျေနပ်နေလေရကား ဘရန်ဒီအရက် တမြမြနှင့် စကားတဖောင်ဖောင် ဖြစ်နေလေတော့သည်။

ကျွန်ုပ်တို့သည် အတော်ပင် စိတ်ကြည်ရွှင်ကြသဖြင့် မစ္စဂရေးက ကျွန်ုပ်တို့နှစ်ယောက်အား နောက်တစ်နေ့နေ့လယ်စာ ဖိတ်လေသည်။ ကျွန်ုပ်က ပြန်မပြောရခင်ပင်လျှင် လင်ဒန်က စိတ်အားထက်သန်စွာ ဖိတ်ကြားချက်ကို လက်ခံလိုက်လေသည်။

"အတော်ဖော်ရွေတဲ့ မိန်းမပဲ။ စဉ်းစားဉာဏ်လဲရှိတယ်။ ငယ်ငယ်တုန်းက အတော်ချောမှာပဲ။ အခုတောင် မဆိုးလှဘူးဗျ။ သူဘာဖြစ်လို့ အိမ်ထောင်မပြုသလဲ"ဟု လင်ဒန်က မစ္စဂရေး ပြန်သွားသောအခါ မေးလေသည်။

'သူ့ကို ကြိုက်မယ့်သူ မရှိလို့ ပြောတာပဲ'

'ဟာ မဟုတ်နိုင်ရာ၊ မိန်းမတွေဟာ အိမ်ထောင်ပြုရမယ်။ အိမ်ထောင်မပြုဘဲ လွတ်လွတ်လပ်လပ်နေချင်တဲ့ မိန်းမတွေ သိပ်ပေါတာပဲ။ ကျုပ်ဖြင့် သူတို့ကိုမြင်ရရင် စိတ်တိုတယ်'

မစ္စဂရေးသည် စိန်ဂျုန်းရပ်ကွက်တွင်ရှိသော ပင်လယ်နှင့် မျက်နှာ

http://www.cherrythitsar.org

ချင်းဆိုင်နေသော အိမ်ကလေးတစ်ဆောင်တွင် နေသည်။ ကျွန်ုပ်နေသော ကက်ဖဲယက်နှင့် နှစ်မိုင်ခန့် ကွာလေသည်။ ကျွန်ုပ်တို့ နှစ်ယောက်သည် နောက်နေ့ နာရီပြန်နှစ်ချက်တွင် မော်တော်ကားနှင့် မစ္စဂရေးတို့ အိမ်သို့သွားကြရာ၊ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်တို့မှာ ဧည့်ခန်းတွင် ထိုင်၍ စောင့်နေကြရသည်။

မစ္စဂရေး ဧည့်ခန်းထဲသို့လာပြီးလျှင် ကျွန်ုပ်တို့အား လက်ဆွဲ နှုတ်ဆက်ပြီးနောက် "ရှင်တို့အတွက် မမျှော်လင့်တဲ့ဟာတစ်ခု ရှိထားတယ်။ ကရိတ်တို့လင်မယားကိုလဲ ဖိတ်ထားတယ်"ဟု ဆိုလေသည်။

"သြော်၊ ခင်ဗျား သူတို့နဲ့ သိသွားပြီလား" ကျွန်ုပ်က မေးလိုက်ပါသည်။

"ဒါကတော့လေ အိမ်နီးချင်းလဲဖြစ်နေ၊ ပင်လယ်ကမ်းစပ်မှာလဲ အတူရေချိုးနေကြတော့ စကားမပြောမကောင်းပေဘူးပေါ့။ ဒါနဲ့ ကျွန်မကပဲ သူတို့ကို စကားစပြောရာက ဒီနေ့ နေ့လယ်စာစားဖို့ ဖိတ်တော့ သူတို့လဲလာပါ့မယ်လို့ ကတိပေးကြတယ်"ဟုဆိုကာ မစ္စဂရေးကပင် လင်ဒန်ဘက်သို့လှည့်ပြီးလျှင် "သူတို့ကို ရှင်နဲ့ ဆုံပေးချင်တယ်။ သူတို့နဲ့ တွေ့ရမှာ ဝန်မလေးဘူး မဟုတ်လား"ဟု မေးလေသည်။

"မစ္စဂရေး ခင်ဗျားမိတ်ဆွေဆိုရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျေပ်တွေ့ချင်ပါတယ်။ တွေ့ရမှာ ဝမ်းသာပါတယ်"ဟု လင်ဒန်က ထူးထူးခြားခြား ဖော်ရွေစွာပြန်ပြောလေသည်။

"ကရိတ်တို့လင်မယားကတော့ ကျွန်မမိတ်ဆွေတွေတော့ မဟုတ်ပါဘူး။ သူတို့ကိုတွေ့နေတာတော့ အတော်ကြာပါပြီ။ ဒါပေမယ့် မနေ့ကမှ စကားပြောမိကြတယ်။ ဒီလိုလင်မယားမျိုး တွေ့ရတာ စာရေးဆရာနဲ့ တရားသူကြီးတို့အဖို့ အတော်ဟန်မှာပဲ"ဟု မစ္စဂရေးက ပြောလိုက်သည်။

ကျွန်ုပ်မှာမူ ကရိတ်တို့အကြောင်းကို မစ္စဂရေးထံမှ အတော်များများကြားရဖူးပါပြီ။ ကရိတ်တို့လင်မယားသည် မစ္စဂရေး၏ အိမ်နှင့် ကပ်လျက်ရှိသော အိမ်ကုပ်ကလေးတွင် လာရောက်နေထိုင်ကြသည်။

http://www.cherrythitsar.org

အစကနဦးကမူ မစ္စဂရေးက အိမ်နီးချင်း ရောက်လာပြီဖြစ်ရာ အိမ်နီးချင်းမှာ သူ့အဖို့အနှောင့်အယှက် ဖြစ်လေမလားဟု စိုးရိမ်မိသည်။ သို့ရာတွင် ရောက်လာကြပြီး မကြာမီပင်လျှင် မစ္စဂရေးသည် သူတို့လင်မယားမှာ သူတို့အိမ်နီးချင်းများနှင့် မိတ်ဖွဲ့လိုသာဆန္ဒ မရှိကြောင်း သိရသဖြင့် စိတ်သက်သာရာ ရမိလေသည်။

ရပ်ကွက်ငယ်ကလေးထဲတွင် အတူနေကြသဖြင့် တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်,သုံးကြိမ်မျှ မျက်နှာချင်းဆိုင် ဆုံကြသော်လည်း သူတို့၌ အသိဖွဲ့လိုသော ဆန္ဒရှိပုံမရပေ။ သူ့အား လာရောက်မိတ်ဖွဲ့ခြင်းအား ဖြင့် အနှောင့်အယှက်မပေးသဖြင့် စိတ်မဆိုးသော်လည်း မစ္စဂရေးသည် သူတို့၏ နေထိုင်ပုံကို ကြည့်ပြီးလျှင် အံ့သြသလိုလို ဖြစ်မိလေသည်။ ယင်းသို့ သူတို့ကစ၍ မိတ်မဖွဲ့လျှင် တစ်နေ့နေ့တွင် မစ္စဂရေးကစ၍ မိတ်ဖွဲ့လိမ့်မည်ဟု ကျွန်ုပ်ထင်မိခဲ့သည်။

တစ်ခါကလည်း မစ္စဂရေးနှင့်ကျွန်ုပ်တို့ အတူတွဲ၍ လမ်းလျှောက်လာကြရာ ကရိတ်တို့လင်မယားနှင့် လမ်းတွင် ဆုံတွေ့သဖြင့် ကျွန်ုပ်တို့သည် သူတို့လင်မယားကို သေသေချာချာ စိုက်ကြည့်ရလေသည်။

ကရိတ်မှာ ရုပ်ရည်သားနားသော လူတစ်ယောက်ဖြစ်သည်။ အသားနီ၍ သူ့မျက်နှာမှာ ရိုးသားပုံရသည်။ ဆံပင် အတော်ထူ၍ နူတ်ခမ်းမွေးကလေးရှိသည်။ သူ့ကိုကြည့်ရသည်မှာ ငွေကြေး အတော်အတန် ချမ်းသာ၍ အလုပ်မလုပ်တော့ဘဲ အငြိမ်းစားနေသော ပွဲစားတစ်ဦးနှင့် တူလှတော့သည်။

သူ့ဇနီးမှာ ယောကျ်ားများ မျက်နှာပေါက်ရှိ၍ ရုပ်ရည်အားဖြင့် အတော်ညံ့သည်ဟု ဆိုရချေမည်။ သွက်လက်ခြင်း အတော်နည်းပါး၍ နှာခေါင်းကြီးသည်။ ပါးစပ်ကျယ်သည်။ အသားအရေ ကြမ်းတမ်းပုံရသည်။ အရပ်မြင့်သည်။ များက်နှာထား တည်လွန်းလှသည်။ ရုပ်အတော်ပင် ရင့်နေသော်လည်း ဝတ်စားထားသည်မှာ (၁၈)နှစ် အပျိုကလေး အရှုံးပေးရလောက်သည်။ ယင်းသို့ ပြင်ဆင်ထားသော်လည်း မစ္စစ်ကရိတ်မှာ အသက်(၄၀) ရှိလောက်ပြီ။

http://www.cherrythitsar.org

သူတို့လင်မယားကို ကြည့်ရသည်မှာ ခင်ပွန်းက သာမန်လူတစ်ယောက်ဖြစ်၍ ဇနီးက အပေါက်ဆိုးပုံရသည်။ ကျွန်ုပ်က မစ္စဂရေးအား သူတို့လင်မယားက အသိမလုပ်ချင်သည်မှာ သူ့အဖို့ ကံကောင်းသည်ဟု ယူဆအပ်ကြောင်း ပြောပြပါသည်။

"ဒါပေမယ့် သူတို့နှစ်ယောက်မှာ သဘောကျစရာ အချက်တစ်ခုရှိတယ်"ဟု မစ္စဂရေးက ဆိုသည်။

"ဘာအချက်လဲ"

"သူတို့လင်မယား ချစ်ကြပေတယ်။ သူတို့ကလေးကိုလဲ သူတို့သိပ်ချစ်ကြတာပဲ"

ကရိတ်တို့တွင် အခါမလည်သေးသော သားကလေးတစ်ယောက်ရှိသည်။ ထိုအချက်ကိုထောက်ရှု၍ မစ္စဂရေးက သူတို့နှစ်ယောက် အိမ်ထောင်ကျသည်မှာ မကြာလှသေးဟု တွက်ဆပေသည်။ သူသည် သူတို့၏ကလေးကိုကြည့်၍ စိတ်ဝင်စားနေမိသည်။

နံနက်တိုင်း သူတို့လင်မယားသည် ကလေးကို လမ်းလျှောက်သင်ကြသည်။ ကလေးနှင့်နေရသည်မှာ သူတို့အဖို့ စိတ်ကြည်နူးဖွယ်ဖြစ်သည်ဟု မစ္စဂရေး ထင်မိ၏။ (၁၅)မိနစ်ခန့် ကလေးကိုမြူပြီးနောက် အထိန်းလက်သို့ အပ်လိုက်ကြသည်။ အထိန်းက ကလေးကို လှည်းကလေးပေါ်တွင်တင်၍တွန်းသွားရာ သူတို့နှစ်ယောက်က မျက်စိတစ်ဆုံးကြည့်၍ ပြန်ခဲ့ကြသည်။

မစ္စဂရေးသည် သူတို့နှစ်ယောက်လက်တွဲ၍ သူတို့၏ခြံ မြက်ခင်းပေါ်တွင် လမ်းလျှောက်နေသည်ကို မြင်ရတတ်သည်။ သူတို့သည် ယင်းသို့လမ်းလျှောက်နေစဉ် အခြားလင်မယားများနည်းတူ စကားစမြည်ပြောလေ့မရှိ။ သူတို့အဖို့ နှစ်ဦးတွဲဖက်နေရသည်မှာ ပျော်လွန်းလှ၍ စကားပြောရန်ပင် မလိုသကဲ့သို့ ဖြစ်နေလေသည်။

မစ္စဂရေးသည် ယင်းသို့ မျက်နှာထားဆိုးဆိုး မိန်းမကြီးက သူ့ခင်ပွန်းအပေါ်တွင် ယုယပုံကို မြင်ရသည့်အခါ အသည်းခိုက်သွားလေတော့သည်။ မစ္စစ်ကရိတ်က သူ့ခင်ပွန်းသည်၏ အင်္ကျီကို ဖုန်ခါ

http://www.cherrythitsar.org

နေသည်မှာ မစ္စဂရေးအဖို့ အလွန်လှသောရှုခင်းတစ်ခု ဖြစ်နေတော့သည်။ သူ့ခင်ပွန်း၏ ခြေအိတ်ကို ဖာထေးပေးလိုလွန်းလှ၍ ခြေအိတ်တွင် အပေါက်ကလေးများ တမင်သက်သက် ဖောက်တားလေသလားဟု မစ္စဂရေးက တွေးထင်မိသည်။

ကရိတ်ကလည်း သူ့ဇနီးကို အလွန်ချစ်ပုံရသည်။ သူသည် သူ့ဇနီးကို မကြာခဏ လှမ်း၍ကြည့်တတ်ရာ၊ သူ့ဇနီးကလည်း ထိုနည်းအတူပင် လှမ်းကြည့်လေရာ အကြည့်ချင်းဆုံသောခါ နှစ်ယောက်သား ပြုံးကြသည်။ ကရိတ်က သူ့ဇနီး၏ပါးကလေးကို လက်ညှိုးကလေးနှင့် တို့၍ ကျိစယ်လိုက်သည်။ အရွယ်ငယ်သူများမဟုတ်သဖြင့် သူတို့ကျိစယ်ပုံကို ကြည့်ရသည်မှာ စိတ်ထိခိုက်စရာပင်တည်း။

ကျွန်ုပ်တို့ပင်လျှင် မစ္စဂရေး ဘာ့ကြောင့်အိမ်ထောင်မပြုသည် ဆိုသည့်အကြောင်းကို မတွေးဆတတ်ပေ။ လင်ဒန် ပြောသည့်အတိုင်းပင် သူ့ရုပ်ရည်နှင့်ဆိုလျှင် ကြိုက်သူ ပေါနိုင်ပေသည်။ သူကဲ့သို့ ကရိတ်တို့ ဇနီးမောင်နှံ ချစ်ခင်ကြသည်ကို မြင်သောအခါ အပျိုကြီး၏ စိတ်တွင် အချိန်မီ လင်သား မယူလိုက်မိသည့်အတွက် နောင်တရသည့် စိတ်ကလေး ပေါ်ကောင်းပေါ်ပေလိမ့်မည်။

ချမ်းသာသုခ အပြည့်အစုံရရှိဖို့ ခဲယဉ်းလှသည်။ သို့ရာတွင် ဤဇနီးမောင်နှံမှာ အိမ်ထောင်မှု ချမ်းသာသုခ အတော်ပင် ပြည့်စုံဟန်ရှိပေသည်။ သူတို့ကိုကြည့်ပြီးလျှင် မစ္စဂရေးမှာ တစ်ကိုယ်တည်း အပျိုကြီးလုပ်နေမိခြင်းကြောင့် ရသင့်ရထိုက်သော အကျိုးချမ်းသာစည်းစိမ်ကို လက်လွတ်ရသည်ဟူ၍ မတွေးဘဲ မနေနိုင်ရှာချေ။

အပျိုကြီးမစ္စဂရေးသည် ကရိတ်တို့ဇနီးမောင်နှံအကြောင်းကို မသိသော်လည်း သူ့စိတ်ကူးနှင့်သူ သူတို့၏အကြောင်းကို ထိုးဖောက်ကလေးတစ်ပုဒ်ဖြစ်အောင် စီစဉ်ကြည့်သည်။ သူ့အလိုအားဖြင့် ကရိတ်တို့ ဇနီးမောင်နှံသည် ငယ်ရည်းစားများဖြစ်ကြသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်လောက်က လူငယ်တို့ဘဝ ချစ်ကြိုက်ကြသည်။

ကရိတ်မှာ သူ့ရည်းစား အိန်ဂျယ်လာကို လက်ထပ်လိုသော်လည်း

http://www.cherrythitsar.org

ငွေကြေးဟူ၍ တစ်ပြားတစ်ချပ်မျှ မရှိချေ။ အိန်ဂျယ်လာမှာလည်း ဆင်းရဲသူကလေးဖြစ်သဖြင့် ငွေကြေးကိစ္စ၌ မည်သို့မျှမတတ်နိုင်ချေ။ ထို့ကြောင့် သူတို့နှစ်ယောက် အိမ်ထောင်ပြုဖို့အရေးမှာ မဖြစ်နိုင်သေးပေ။ သို့ရာတွင် အချစ်စစ်နှင့် ချစ်သူတို့အဖို့ မျှော်လင့်ချက် ကုန်သည်ဟူ၍ မရှိချေ။

ကရိတ်က တောင်အမေရိကန်ပြည် သို့မဟုတ် ပဿုုးကျွန်းဆွယ်စသည့်တစ်နေရာရာသို့သွား၍ ငွေကြေးရှာဖွေရန် စိတ်ပိုင်းဖြတ် လိုက်သည်။ ကရိတ်သွားနေခိုက် အိန်ဂျယ်လာ သူ့အမေမုဆိုးမကြီးနှင့် နေရရှာသည်။

ချစ်သူနှစ်ဦးတို့အဖို့ မျှော်လင့်ချက်အတိုင်းမဖြစ်ချေ။ ကရိတ်သည် ထင်ကြေးမကိုက်ဘဲ ငွေကြေးရှာ၍ မရရုံသာမက အသက်နှင့် ကိုယ်တည်မြဲမှုကိုပင် အတော်ကြိုးစားရရှာသည်။ ထွက်သွားပြီး ငါးနှစ်လောက်ကြာသော်လည်း ကရိတ်မှာ ဆင်းရဲမြဲဆင်းရဲနေလေသည်။

အိန်ဂျယ်လာအဖို့ အချစ်ထက်မြတ်သောအရာမရှိဟု ယူဆသဖြင့် ကရိတ်ထံသို့ လိုက်သွားပြီးလျှင် ဆင်ရဲလျှင်ဆင်းရဲချင်း၊ ချမ်းသာလျှင် ချမ်းသာချင်းဆိုသလို ကျေနပ်စွာနေထိုင်ပေါင်းသင်းမည်ဟု ကြံရွယ်သော်လည်း မွေးသမိခင်ကြီးမှာ အိပ်ရာတွင်လဲနေသော နာတာရှည်လူမမာကြီးဖြစ်နေသောကြောင့် မိခင်ကြီးကို ပစ်၍မလိုက်နိုင် ဖြစ်နေရာသည်။ ထို့ကြောင့် ချစ်သူနှစ်ဦးသည် အိမ်ထောင်မပြုနိုင်သေးဘဲ သည်းခံ၍သာနေကြလေသည်။

ယင်းသို့လျှင် နှစ်ပေါင်းများစွာ ကြာမြင့်သွားလေရာ ကရိတ်၌ ဆံဖြူလာလေပြီ။ အိန်ဂျယ်လာမှာလည်း ဒုက္ခအပေါင်းကို ကျုံးရုံးခံရသဖြင့် မျက်နှာထားတင်းမာမာကြီးဖြစ်ကာ အိုစာ နေလေတော့သည်။ သူ့သူငယ်ချင်း မိန်းမပျိုတို့မှာ အသီးသီး အိမ်ထောင်ကျ၍ ကလေးရကုန်ကြလေပြီ။ သူသည်ကား မိခင်ကိုပြုစုရသည့် ဝတ္တရား အချုပ်အချယ်ကြီးနှင့်ပင် ရှိလေသေးသည်။

အိန်ဂျယ်လာသည် သူ့ရည်းစားကရိတ်က လူအိုစနာဖြစ်သွား

http://www.cherrythitsar.org

သဖြင့် ချစ်မှချစ်ပါဦးမလားဟု အောက်မေ့ကာ စိတ်မချမ်းမြေ့ ဖြစ်နေရှာသည်။ နှစ်ပေါင်းများစွာ (ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊ အနှစ် နှစ်ဆယ်) ဆိုသလို ကြာသွားပြီးနောက်၊ ကရိတ်ထံမှ သူ့တွင် အိမ်ထောင်ပြုလောက်အောင် ငွေကြေးရှိလာပြီဖြစ်သောကြောင့် အိန်ဂျယ်လာသာ သူ့ကိုချစ်နေသေး၍ အိမ်ထောင်ပြုလိုပါသေးလျှင်၊ သူ ချက်ချင်း ပြန်လာခဲ့မည်ဆိုသော စာတစ်စောင်ရောက်လာလေသည်။ ထိုအခိုက်၌ပင်လျှင် ကံကောင်းထောက်မ၍ အိန်ဂျယ်လာ၏ မိခင်သည် ဘဝတစ်ပါးသို့ ပြောင်းသွားလေသည်။

သူတို့နှစ်ယောက် တွေ့ကြသောအခါ ကရိတ်မှာ ဆံဖြူနေသော်လည်း အတော်ပင်ငယ်သေးကြောင်း အိန်ဂျယ်လာတွေ့၍ အံ့အားသင့်မိလေသည်။ ကရိတ်သည် ယခင်ကကဲ့သို့ပင် ချောမောနေသေးသည်။ အိန်ဂျယ်လာမှာ ကရိတ်နှင့်စာလိုက်လျှင် အတော်ပင်အိုနေလေပြီ။

ထို့ပြင်လည်း အိန်ဂျယ်လာမှာ တစ်သက်လုံးအိမ်ကခွာသူ မဟုတ်သဖြင့် ဗဟုသုတမရှိဘဲ တောကျနေလေတော့သည်။ ကရိတ်မှာမူ နိုင်ငံခြားအရပ်ရပ်သို့ ရောက်ဖူးနေသောကြောင့် ဗဟုသုတနှင့် ပြည့်စုံ၍ တိုင်းကြီးပြည်ကြီးသား ဆန်လေသည်။

ယင်းသို့ အခြေချင်းကွာ၍ အသွင်ခြားနေသောကြောင့် အိန်ဂျယ်လာက ကရိတ်အား လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က ထားခဲ့သော ကတိ၏ အချုပ်အချယ်မှ လွတ်လိုက်သည်တွင် ကရိတ်က ဝမ်းနည်းစွာဖြင့်၊ "အိန်ဂျယ်လာရယ်၊ မင်းက ငါ့ကိုမချစ်တော့ဘူးလားကွယ်" ဟု ငိုသံကြီးနှင့် ပြောလေသည်။

ထိုအခါအိန်ဂျယ်လာသည် ကရိတ်၏ အချစ်စစ် အချစ်မှန်ကိုသိရ၍ အလွန်အမင်း ဝမ်းမြောက် ကျေနပ်ကာ မျက်နှာရွှင်လန်း လေတော့သည်။ သူ့ကိုယ်သူ အိုစနာကြီးပါဟူသော အစွဲကိုဖျောက်ပစ်လိုက်ပြီးလျှင် တစ်သက်လုံး မျှော်မှန်း၍ ဒုက္ခခံကာ စောင့်လာခဲ့ရသော အချစ်ပန်းတိုင်သို့ ရောက်သဖြင့် အိန်ဂျယ်လာ၏စိတ်သည် သစ်လွင် လန်းဆန်း

http://www.cherrythitsar.org

လာလေသည်။ ကရိတ်ကလည်း မြဲသည့်သစ္စာနှင့် ချစ်လာရသော အိန်ဂျယ်လာကို ရည်းစားဖြစ်စ အသက် (၁၈)နှစ်အရွယ် အပျိုက လေးဟုပင် အောက်မေ့ရှာသည်။

"ဟာ၊ ခင်ဗျားပြောတဲ့ဟာကို ကျုပ်တစ်လုံးမှမယုံဘူး" ဟု ကျွန်ုပ် က မစ္စဂရေးပြောပြသော ကရိတ်တို့၏အကြောင်းနှင့် ပတ်သက်၍ ဆုံး ဖြတ်ချက် ချလိုက်လေသည်။

"ဟင်၊ ရှင်ယုံရလိမ့်မယ်။ မယုံချင်လို့မနေရဘူး။ ဒီအကြောင်းဟာ အမှန်ဖြစ်တယ်လို့ ကျွန်မတော့ယုံတာပဲ။ သူတို့လင်မယား အိုအောင် မင်းအောင် ပေါင်းသင်းပြီး တစ်သက်လုံး စိတ်ချမ်းချမ်းသာသာ နေ သွားကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်တယ်" ဟု မစ္စဂရေးက ဆိုလေ သည်။ "သူတို့ရဲ့ အချစ်ဟာ တကယ့်အခြေအနေကို မသုံးသပ်ဘဲ စိတ်ကူးယဉ်မှုပေါ်မှာ အခြေတည်ထားတယ်။ ဒါပေမယ့် သူတို့ဟာ စိတ်ကူးယဉ်ကို တကယ်လို့ အောက်မေ့နေတာ။ တကယ်ပဲလို့ ထင်သမျှတော့ ဘာအရေးလဲ" ဟု မစ္စဂရေးက ဆက်လက်ပြောလေ သည်။ သူပြောသည့်စကားမှာ အတော်လေးနက်သည်ဟု ကျွန်ုပ် ထင်မိပါသည်။

မစ္စဂရေးက ကရိတ်တို့၏ဇာတ်ကို သူ့စိတ်ကူးအတိုင်း ပြောပြ နေခိုက်တွင် ကျွန်ုပ်တို့သည် ကရိတ်တို့အလာကို စောင့်နေကြသည်။

"အဝေးကမိတ်ဆွေက အချိန်မီ ရောက်ပြီး အိမ်နီးချင်းမိတ်ဆွေ တွေက အရောက်နောက်ကျတယ်ဆိုတာ တွေ့ဖူးသလားရှင်" ဟု မစ္စဂရေးက တရားသူကြီး လင်ဒန်ကို မေးလိုက်သည်။

"မတွေ့ဖူးဘူး။ ကျုပ်တော့ အမြဲတမ်း အချိန်မှန်တယ်။ သူများ အချိန်မလေးစားရင်လဲ ကျုပ်မကြိုက်ဘူး"

ကျွန်ုပ်တို့ အရက်သောက်နေခိုက်တွင် မစ္စဂရေးသည် ပြတင်းမှ လှမ်းကြည့်လိုက်ပြီးလျှင် "သူတို့ကလေး ပြန်ရောက်လာအောင် စောင့် နေကြလို့ ဒီကိုအရောက်နောက်ကျတာကိုး" ဟု ဆိုလိုက်လေသည်။

ကျွန်ုပ်လည်း မစ္စဂရေးကြည့်သည့်ဘက်သို့ ကြည့်လိုက်ရာ အထိန်း

http://www.cherrythitsar.org

က လက်တွန်းလှည်းကလေးကို မစ္စဂရေးအိမ်ရှေ့မှ တွန်းသွားသည်ကို တွေ့လိုက်ရသည်။ ကရိတ်သည် ကလေးကို လှည်းထဲမှ ချီ၍မြှောက်ကိုင်လိုက်သည်။ ကလေးက သူ့နှုတ်ခမ်းမွေးကိုဆွဲ၍ "ဂူဂူ...ဂူဂူ" နှင့် ပျော်ရွှင်စွာ အော်မြည်နေလေသည်။ မစ္စစ်ကရိတ်က အနီးတွင်ရပ်ကြည့်ရင်း ပြုံးနေလေသည်။ သူ့အပြုံးကြောင့် သူ၏ တင်းမာသော မျက်နှာထားသည် ပျောက်ကွယ်၍ သူ့မျက်နှာမှာ ကြည့်ပျော် ရွှုပျော် ဖြစ်လာလေသည်။ ပြတင်းတံခါးဖွင့်ထားသဖြင့် သူပြောသော စကားကို ကျွန်ုပ်တို့ ကြားကြရသည်။

"ကဲလာ မောင် နောက်ကျနေလိမ့်မယ်"

ကရိတ်သည် ကလေးကို လှည်းကလေးထဲသို့ ပြန်ထည့်လိုက်ပြီးလျှင် သူတို့လင်မယားနှစ်ယောက်သည် မစ္စဂရေး၏ အိမ်ရှေ့သို့ ရောက်လာကြကာ တံခါးခေါင်းလောင်းကို နှိပ်လိုက်လေသည်။ အစေခံ မိန်းကလေးက သူတို့ကို ဧည့်ခန်းသို့ ခေါ်လာလေသည်။ မစ္စဂရေးနှင့် လက်ဆွဲ နှုတ်ဆက်ကြပြီးနောက် မစ္စဂရေးက ကျွန်ုပ်နှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တရားသူကြီးဘက်သို့လှည့်၍ "ဟောဒါက ဆာအက်ဒဝပ်လင်ဒန်၊ မစ္စတာကရိတ်၊ မစ္စစ်ကရိတ်တို့ပါပဲ"ဟု မိတ်ဆက်လိုက်လေသည်။

ယင်းသို့မိတ်ဆက်ပေးပြီးလျှင် တရားသူကြီးက ရှေ့သို့တိုး၍ လက်ဆွဲနှုတ်ဆက်ရန် လက်လှမ်းပေးလိမ့်မည်ဟု မျှော်လင့်ကြသည်။ သို့ရာတွင် ထိုသို့မလုပ်ဘဲ တရားသူကြီးက ငေးကြောင်၍ ကြည့်နေလေသည်။

ထို့နောက် သူသည် ကြီးလေးသော အပြစ်ဒဏ်ပေးခါနီးတွင် တရားခံအား ကြိမ်းမောင်းဆုံးမတော့မည်ပြုသည့်အခါ မျက်မှန်ကြီးတပ်လိုက်ပုံကို ကျွန်ုပ်အကြိမ်ပေါင်းများစွာ တွေ့မြင်ခဲ့ဖူးလေရာ ထိုနည်းအတူ ယခုလည်း မျက်မှန်ကြီးတပ်၍ ကရိတ်တို့လင်မယားကို စိုက်ကြည့်နေလေသည်။

'သိပ်ရိုင်းတဲ့ လူပဲ'ဟု ကျွန်ုပ်က စိတ်ထဲတွင် ရေရွတ်မိပါသည်။

http://www.cherrythitsar.org

လင်ဒန်သည် မျက်မှန်ကြီးကို မျက်စိမှ ဖြုတ်ချလိုက်ပြီးလျှင် "ကျန်းမာရဲ့နော်၊ ကျွန်ုပ်တို့ အရင်က တွေ့ဖူးတယ် မှတ်တယ်"ဟု ဆိုလိုက်လေသည်။

ထိုသို့မေးလိုက်သောအခါ ကျွန်ုပ်သည် ကရိတ်လင်မယားတို့ လှမ်းကြည့်မိသည်။ သူတို့နှစ်ယောက်သည် ဘေးတစ်ခုခုကိုမြင်၍ တစ်ယောက်ကိုတစ်ယောက် အားကိုးသည့်အနေနှင့် ခပ်ကပ်ကပ် ရပ်နေကြသည်ကို တွေ့ရသည်။ ချက်ချင်း စကားမပြောနိုင်ကြပေ။

မစ္စစ်ကရိတ်သည် ကြောက်အားပိုဟန်ရှိလေသည်။ ကရိတ်၏ မျက်နှာကြီးမှာ ညိုမည်းသွားလေသည်။ မျက်လုံးများသည်လည်း ပြူး၍ လာလေသည်။ ယင်းသို့ အခြေပျက်သည်မှာ စက္ကန့်မျှသာဖြစ်သည်။

"တွေ့ဖူးမယ် မထင်ပါဘူးခင်ဗျာ။ ဒါပေမယ့် ကျွန်တော်တော့ လူကြီးမင်းအကြောင်းကို ကြားဖူးပါတယ်"ဟု ကရိတ်က အောင်မြင်သောအသံကြီးနှင့် ပြန်ပြောလိုက်လေသည်။

"အေးလေ လူရွှင်တော်ကို လူတိုင်းသိပေမယ့်၊ လူရွှင်တော် ကတော့ လူတိုင်းကို မသိဘူးပေါ့"ဟု လင်ဒန်က ပြောလိုက်လေသည်။

မစ္စဂရေးသည် ထိုအခိုက်တွင် အရက်ရောချ မွှေနေသည်။ မွှေပြီးလျှင် ရောက်လာသော ဧည့်သည်နှစ်ဦးအား အရက်တစ်ခွက်စီ ကမ်းလိုက်သည်။ သူကမူ ထူးခြားသောအချက်ကို သတိမမူလိုက်ပေ။ ကျွန်တော်လည်း ထိုထူးခြားသော အချက်၏အဓိပ္ပာယ်ကို မသိချေ။ အဓိပ္ပာယ် ရှိချင်မှလည်း ရှိမည်ဟု ထင်မိပါသည်။

အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ကြီးတစ်ယောက်နှင့် မိတ်ဖွဲ့ပေးလိုက်သောအခါ သာမန် ပုဂ္ဂိုလ်တို့သည် ရွံ့စိုးစိုးဖြစ်တတ်သည်။ ရွံ့စိုးစိုးဖြစ်ခြင်းမှာ အဓိပ္ပာယ် မရှိချေ။

ကျွန်ုပ်လည်း ဖော်ရွေနိုင်သမျှ ဖော်ရွေပါသည်။ သူတို့အား ရိုင်ဗီရားတွင် ပျော်ပါရဲ့လား၊ သူတို့အိမ်မှာ သက်သောင့်သက်သာ ရှိပါရဲ့လား စသည်ဖြင့် မေးမြန်းပါသည်။ မစ္စဂရေးကလည်း ဝင်၍ ပြောပါသည်။ ကျွန်ုပ်တို့သည် သူစိမ်းများနှင့်တွေ့သောအခါ အရေးမကြီးလှသည့်ကိစ္စ

http://www.cherrythitsar.org

များကို လျှောက်၍ မေးမြန်းကာ အာလာပ သလ္လာပ စကားများကို ပြောဆိုမြဲပင်ဖြစ်သည်။ သူတို့သည်လည်း ကျွန်ုပ်မျက် နှာင်နှာင်ပြိုးပြိုးနှင့် ပြောဆိုနေကြသည်။

မစ္စစ်ကရိတ်က ပင်လယ်ကမ်းစပ်တွင် ရေချိုးရသည်မှာ ကောင်းကြောင်း ပြောလေသည်။ ငါးကောင်းကောင်း မရသည့်အကြောင်းကို လည်း ထည့်ပြောလေသည်။ တရားသူကြီးမှာမူ စကားဝင်၍မပြောဘဲ ငုံ့၍ငေးနေလေသည်။

နေ့လယ်စာပြင်ပြီးကြောင်း ပြောလာသည်။ ကျွန်ုပ်တို့ ထမင်းစားခန်းထဲသို့ ဝင်သွားကြသည်။ အားလုံး ငါးယောက်မျှသာ ရှိသောကြောင့် ထွေရာလေးပါး လျှောက်၍ပြောကြရသည်။ စကားပြောကြသည်ဟူ၍သာ ဆိုရသည်။ စင်စစ်မှာကား ကျွန်ုပ်နှင့် မစ္စဂရေးတို့ကသာ ဒိုင်ခံ၍ ပြောနေကြသည်။

တရားသူကြီးမှာ စကားတစ်လုံးမျှမပြောဘဲ ကြက်ဥကြော်ကိုသာ ငုံ့၍လွှေးနေသည်။ လင်ဒန်မှာ နဂိုကပင် စကားမပြောချင်လျှင် မပြောဘဲ နေတတ်သဖြင့် ကျွန်ုပ်က သူ့ကို ငြိမ်ချက်ကောင်းလှချေရဲ့ဟု သဘောမထားဘဲ အမှတ်မထင် နေလိုက်မိပါသည်။

ပထမဦး ကရိတ်တို့လင်မယားသည် ရှိုးတိုးရှန့်တန့် ဖြစ်နေကြသည်။ ဒုတိယ ဟင်းပွဲလာခါမှ စကားပြောလာကြသော်လည်း ပေါင်းသင်း၍ ကောင်းလှသူများ မဟုတ်တန်ရာဟု ကျွန်ုပ် ထင်မိပါသည်။ သူတို့၏ ကလေးအကြောင်းနှင့် အိမ်တွင်ခိုင်းထားသော အိတာလျံမိန်းကလေးနှစ်ဦး အကြောင်းအပြင် ပြောတတ်ပုံ မရချေ။

ထိုသို့ပြောဆိုနေခိုက်တွင် မစ္စတာကရိတ်သည် ထိုင်ရာမှ ဖြုန်းခနဲ ကြမ်းပေါ်သို့ စင်းစင်းလဲကျသွားလေတော့သည်။ ကျွန်ုပ်တို့သည် ထိုင်နေရာမှ ခုန်ထလိုက်ကြသည်။ မစ္စစ်ကရိတ်ကမူ သူ့ခင်ပွန်းသည် အား ခေါင်းကို ဖေးမပေးလေသည်။

“ဂျော့ နေကောင်းရဲ့လား”ဟု သူက သူ့ခင်ပွန်းကို ထိတ်လန့်တကြား မေးလေသည်။

http://www.cherrythitsar.org

"ခေါင်းချထားလိုက်ပါ။ မူးသွားတာပါ၊ ဘာမှ မဖြစ်ပါဘူး"ဟု ကျွန်ုပ်က ပြောလေသည်။

ကျွန်ုပ်သည် သူ့လက်ကိုကိုင်၍ သွေးစမ်းကြည့်သည်။ သွေးမှန်နေကြောင်း တွေ့ရသဖြင့် "ဘာမှမဖြစ်ပါဘူး၊ မူးရုံသာမူးတာပါ" ဟု ဆိုလိုက်၏။ သို့ရာတွင် မူးရုံသာမူးသလော၊ သို့တည်းမဟုတ် သွက်ချာပါဒ လိုက်သွားသလောဟူ၍ကား မဝေခွဲတတ်ပါ။

မစ္စဂရေးက သူလက်ကိုင်ပဝါကို ရေတွင်နှစ်ပြီးလျှင် မစ္စတာကရိတ်၏ နဖူးပေါ်တွင် ကပ်ပေးလေသည်။ မစ္စစ်ကရိတ်မှာ အတော်ပင် သောကရောက်သွားဟန်ရှိသည်။ ထို့နောက် ကျွန်ုပ်သည် ကုလားထိုင်ပေါ်တွင် အေးအေးဆေးဆေး ထိုင်နေသော လင်ဒန်ကို သတိပြုမိပါတော့သည်။

"သူမူးသွားတာမှန်ရင် ဒီလိုဝိုင်းအုံနေလို့ သူသက်သာလာမှာ မဟုတ်ဘူး"ဟု သူက အေးစက်စက် ပြောလိုက်လေသည်။

မစ္စစ်ကရိတ်က သူ့ကိုလှည့်ကြည့်ပြီးလျှင် အတော်နာကြည်းမုန်းတီးသည့် မျက်နှာထားကို ပြလေသည်။

"ကျွန်မ ဆရာဝန်ကို တယ်လီဖုန်းနဲ့ လှမ်းခေါ်လိုက်မယ်လေ"ဟု မစ္စဂရေးက ဆိုသော်လည်း၊ ကျွန်ုပ်ကပင် "လိုမယ်မထင်ပါဘူး၊ အခုပဲ သတိရလာပါပြီ"ဟု တားလိုက်လေသည်။

သူ့သွေးတိုးသည်ပို၍ သန်လာလေပြီ။ မကြာမီပင်လျှင် သူသည် မျက်စိဖွင့်လာလေသည်။ သူသည် သူ့အဖြစ်ကို သတိရလာဟန်ဖြင့် ထရန် ဟန်ပြင်လေသည်။ "မလှုပ်ရှားပါနဲ့။ ခဏလောက် ငြိမ်ငြိမ်ကလေးနေလိုက်ပါဦး"ဟု ကျွန်ုပ်က တားလေသည်။

ထို့နောက် ကျွန်ုပ်ကပင်လျှင် ဘရန်ဒီတစ်ခွက် ကမ်းလိုက်ရာ၊ ဘရန်ဒီသောက်ပြီးသည့်နောက် ကရိတ်၏ မျက်နှာမှာ ဖျော့တော့ခြင်းပျောက်ကင်း၍ နဂိုအသားအတိုင်း နီမြန်းလာလေသည်။

"ကျွန်တော် သက်သာသွားပါပြီ"ဟု သူက ဆို၏။ "ဟိုဘက်ခန်းသွားပြီး ဆိုဖာပေါ်မှာ ခဏလောက် အိပ်နေပါဦးလား"ဟု မစ္စဂရေး

http://www.cherrythitsar.org

ကပြောရာ"ဟာ ကိစ္စမရှိပါဘူး။ အိမ်ကိုပဲ ပြန်ပါတော့မယ်။ အိမ်က တစ်လှမ်းပဲ ကွာတာပါ"ဟု ကရိတ်က ဆိုလေသည်။

ပြောပြောဆိုဆိုနှင့် ကရိတ်သည် ကြမ်းပေါ်မှ ထလိုက်သည်။ "ဟုတ်ပါတယ်။ အိမ်ပြန်ကြပါစို့"ဟု မစ္စစ်ကရိတ်ကဆိုပြီးလျှင် မစ္စဂရေး ဘက်သို့လှည့်၍ "ဒီလိုဖြစ်ရတာ ဝမ်းနည်းပါတယ်ရှင်။ သူဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး"ဟု ဆိုလေသည်။ သူတို့မှာ ပြန်လိုသောဆန္ဒ ပြင်းထန် နေပုံရသဖြင့် တားရန်မသင့်ဟု ကျွန်ုပ်ထင်မိပါတော့သည်။

ထို့ကြောင့် "အိပ်ရာထဲမှာပဲ နေပါစေ။ နက်ဖြန်ကျတော့ ကောင်း ကောင်းကြီး ကျန်းမာလာပါလိမ့်မယ်"ဟု ကျွန်ုပ်က ပြောလိုက်လေ သည်။

မစ္စကရိတ်က မစ္စတာကရိတ်၏ လက်မောင်းတစ်ဖက်ကိုမ၍၊ ကျွန်ုပ်က အခြားတစ်ဖက်ကို ဖေးမပြီးလျှင် ခေါ်သွားရာ၊ မစ္စဂရေးက အိမ်တံခါးဖွင့်ပေးလေသည်။ ကရိတ်မှာ ကောင်းစွာ မဟန်နိုင်သော် လည်း လမ်းလျှောက်နိုင်ပေသေးသည်။

သူတို့အိမ်သို့ ရောက်သောအခါ ကျွန်ုပ်က အိမ်ထဲသို့လိုက်ပို့မည် ဆိုသော်လည်း သူတို့က နေပါစေဟု ဆိုသဖြင့် ကျွန်ုပ်ကလည်း မစ္စဂရေး၏အိမ်သို့ ပြန်ခဲ့ရလေသည်။ ပြန်ရောက်သောအခါ မစ္စဂရေးနှင့် လင်ဒန် တို့မှာ ချိုချဉ်ပွဲ စားနေကြသည်ကို တွေ့ရပါသည်။

"ဒီနေ့ဟာ သိပ်ပူလှတာလဲ မဟုတ်ပါဘူး။ ပြီးတော့ ပြတင်းတံခါး တွေအားလုံး ဖွင့်ထားတာပဲ။ ဒါနဲ့တောင် မူးရတယ်ဆိုတာ ကျွန်မဖြင့် အံ့ပါရဲ့"ဟု မစ္စဂရေးက ဆိုလေသည်။

"ကျုပ်လဲအံ့သြနေတာပဲ"ဟု လင်ဒန်က ဆိုလေသည်။ ကျွန်ုပ် သည် လင်ဒန်၏ ပါးပါးလျားလျားမျက်နှာတွင် ကျေနပ်ပြုံးကလေး ပေါ်နေသည်ကို သတိပြုမိပါသည်။ ကျွန်ုပ်တို့သည် ကော်ဖီသောက်ပြီး လျှင် လင်ဒန်က ဂေါက်သီးရိုက်ရန်စီစဉ်ထားသဖြင့် မစ္စဂရေးတို့အိမ် တွင် ကြာရှည်မနေကြတော့ဘဲ ကားပေါ်တက်၍ တောင်ကုန်းပေါ်ရှိ ကျွန်ုပ်တို့နေအိမ်သို့ မောင်းနှင်လာကြလေသည်။

http://www.cherrythitsar.org

"မစ္စဂရေးက ဒီလူတွေနဲ့ ဘယ်လိုလုပ် သိတာလဲ။ သူတို့ဟာ အောက်တန်းစားတွေပါ။ မစ္စဂရေးနဲ့ အဆင့်အတန်းချင်း မတူပါဘူး" ဟု လင်ဒန်က ဆိုလေသည်။

"ခင်ဗျားလဲ မိန်းမတွေအကြောင်း အသိသားပဲ။ မစ္စဂရေးက သူ့ကို နှောင့်ယှက်တာ မကြိုက်ဘူး။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေချင်တယ်။ ဒါကြောင့်မို့ ကရိတ်တို့အိမ်နားရောက်လာတော့ အသိမလုပ်ဘဲ နေခဲ့တယ်။ ဒါပေမယ့် ကရိတ်တို့ကလဲ သူနဲ့ အသိမလုပ်ချင်ဘူးဆိုတာ သိရတော့ သူက စပြီး အသိလုပ်တော့တာပေါ့"

ကျွန်ုပ်က မစ္စဂရေးပြောပြသော ကရိတ်မောင်နှံ၏ လုပ်ဇာတ်ကို လင်ဒန်အားပြောပြရာ လင်ဒန်က မျက်နှာထားတည်တည်ကြီးနှင့် နားထောင်နေလေသည်။

"ခင်ဗျာ့ မစ္စဂရေးဟာ အလွန် အလွမ်းသန်တဲ့ ဉာဏ်တုံးမနဲ့ တူပါတယ်။ ကျုပ်အပြောသားပဲ။ မိန်းမတွေဟာ အိမ်ထောင် ပြုသင့်တယ်လို့။ တကယ်လို့ မစ္စဂရေးမှာသာ ကလေး တစ်ဒါဇင်လောက်ရှိရင် ဒီလိုစိတ်ကူးယဉ်မှာ မဟုတ်ဘူး"

"ကရိတ်တို့အကြောင်း ခင်ဗျားဘာသိသလဲ"ဟု ကျွန်ုပ်က မေးလိုက်သည်။

သူက ကျွန်ုပ်ကို ကြောင်တက်တက်ကြည့်ပြီးလျှင် "ကျုပ်လား၊ ကျုပ်က သူတို့အကြောင်း ဘာလို့သိရမှာလဲ။ သူတို့ကြည့်ရတာ သာမန်အစားထဲကပဲလို့သာ ကျုပ်ထင်မိတာပါ"ဟု ဆိုလေသည်။

လင်ဒန်က ကရိတ်တို့အကြောင်းကို နောက်ထပ် မပြောလိုတော့သည့် အမူအရာနှင့် လေသံကို ကျွန်ုပ်သတိမူမိပါသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ငြိမ်သက်စွာကားမောင်း၍ အိမ်သို့ ရောက်သွားကြလေသည်။

လင်ဒန်သည် အသက်ခြောက်ဆယ်နီးပါး ရှိလေပြီ။ သို့ရာတွင် ဂေါက်သီးကစားရာတွင် သန်စွမ်းကျင်လည်သဖြင့် ကျွန်ုပ်မှာ ရှုံးရလေသည်။ ညစာစားပြီးနောက် ကျွန်ုပ်က လင်ဒန်ကို မွန်တီကာလို ကစားဝိုင်းသို့ခေါ်သွားရာ ကစားဝိုင်းတွင် ဖရန့်တစ်ထောင် နိုင်လာလေသည်။

http://www.cherrythitsar.org

ယင်းသို့ ဂေါက်သီးကစားရာတွင်းလည်းနိုင်၊ ကစားဝိုင်းတွင်လည်း နိုင်သဖြင့် လင်ဒန်မှာ အတော်ပင် စိတ်ရွှင်ပျနေလေသည်။

"အင်မတန်ပျော်စရာကောင်းတဲ့နေ့ပဲဗျာ။ ကျုပ်ဖြင့် သိပ်ပျော်တာပဲ"ဟု လင်ဒန်က ထိုနေ့ည အိပ်ရာဝင်ခါနီးတွင် နှုတ်ခွန်းဆက်ရင်းပြောလေသည်။

နောက်နေ့နံနက်တွင် ကျွန်ုပ်အလုပ်လုပ်နေသဖြင့် လင်ဒန်နှင့် နေ့လယ်စာ စားချိန်ကျခါမှ ဆုံမိလေတော့သည်။ စားသောက်ပြီးခါမှ ရှိသေးသည်။ တယ်လီဖုန်း အသံကြားရ၍ ကျွန်ုပ် စကားပြောရပါသည်။

တယ်လီဖုန်းရှိရာမှ စားပွဲသို့ ပြန်ရောက်လာသောအခါ လင်ဒန်မှာ ကော်ဖီကို ဒုတိယတစ်ခွက် သောက်နေလေသည်။ "မစ္စဂရေးဆီက တယ်လီဖုန်းပါ"ဟု ကျွန်ုပ်ကဆိုသည်။ "အို ဟုတ်လား၊ သူ ဘာပြောသလဲ"

"ကရိတ်လင်မယား လစ်ကြပြီတဲ့။ ညကပဲ လစ်ကြတယ်ဆိုပဲ။ အိမ်မှာ ခိုင်းထားတဲ့ မိန်းကလေးတွေက ညကျရင် ရွာကို ပြန်အိပ်ကြတယ်။ မနက်အလုပ်ဆင်းဖို့လာတော့ စားပွဲပေါ်မှ အစေခံတွေရဲ့ လခတွေနဲ့ အိမ်ငှားခရယ်၊ နွားနို့ဖိုး ထောပတ်ဖိုးစတဲ့ ပေးစရာငွေတွေကို တင်ထားခဲ့ကြသတဲ့"

လင်ဒန်က ဘာမျှမပြောဘဲ၊ သေတ္တာထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ သေသေချာချာကြည့်ပြီးလျှင် ဖြည်းဖြည်းဆေးဆေး မီးညှိလေသည်။

"ကဲ – ခင်ဗျား ဘာပြောစရာရှိသလဲ"ဟု ကျွန်ုပ်က မေးလိုက်ရာ လင်ဒန်က "ခင်ဗျားကလဲဗျာ ဘာဖြစ်လို့ အမေရိကန်ဆန်ဆန် မေးရတာလဲ။ အင်္ဂလိပ်လိုမေးရုံနဲ့ မကျေနပ်သေးဘူးလား"ဟု ဆိုလိုက်သည်။"ဒါ အမေရိကန် မေးနည်းမျိုးလား။ ကျုပ်ဖြင့် မသိပါဘူးဗျာ။ ဘာပဲပြောပြော။ ကျုပ်ဆိုလိုတာက အဲဒီလိုပါပဲ။ ခင်ဗျားက ကရိတ် လင်မယားကို အရင်က မတွေ့ဖူးဘူးဆိုတာ ယုံရမှာလား။ ကျုပ်က ဒီလောက် မသုံးမကျမဟုတ်သေးပါဘူးဗျ။ အခုလို သူတို့ ပျောက်ခြင်းမလှ ပျောက်သွားကြ

http://www.cherrythitsar.org

တယ်ဆိုတော့ ခင်ဗျားနဲ့သူတို့ အရင်က တွေ့ဖူးတာဟာ အကောင်းတွေ့တာမဟုတ်ဘူးလို့ ဆိုရပေမယ်”

တရားသူကြီး လင်ဒန်က တခစ်ခစ် ရယ်မောလေသည်။ သူ့မျက်လုံးများလည်း တောက်ပြောင်လာလေသည်။ “ဒါနဲ့ ခင်ဗျား မနေ့ညက ညစာစားပွဲမှာ ထုတ်တည်တဲ့ ဘရန်ဒီကော။ နေ့လယ်စာ စားပြီးရင် ဝိုင်အရက်သောက်သင့်ပေမယ့် ကိုယ်ကြိုက်တာ မလုပ်ဘဲ ထုံးစံအတိုင်းသာ လုပ်နေတဲ့လူဟာ လူမိုက်ပဲဗျ။ ဘရန်ဒီသောက်လို့ ကောင်းရင် ထုံးစံ မဟုတ်တဲ့အခါလဲ သောက်ရမှာပဲဗျို့”ဟု လင်ဒန်က ဆိုလေသည်။

ကျွန်ုပ်လည်း ဘရန်ဒီထုတ်လာရန် အမိန့်ပေးလိုက်သည်။ ရောက်လာသောအခါ လင်ဒန်က ဘရန်ဒီခပ်များများ ငဲ့ထည့်နေသည်ကို ကြည့်နေမိလေသည်။

သူသည် ဘရန်ဒီကို အနည်းငယ်သောက်ပြီးလျှင် အကျေနပ်ကြီးကျေနပ်နေပုံရသည်။ “ဝင်းဖို့သတ်မှုကို ခင်ဗျား မှတ်မိရဲ့လား”ဟု သူက ကျွန်ုပ်အား မေးလိုက်သည်။ “ဟင့်အင်း၊ မမှတ်မိဘူး”

“အဲဒီတုန်းက ခင်ဗျား အင်္ဂလန်မှာမရှိဘူးထင်တယ်။ ခင်ဗျားရှိရင် သိပ်ကောင်းမှာဗျာ။ အဲဒီအမှုကို နားထောင်ရရင် ခင်ဗျား သိပ် ကျေနပ်မှာပဲ။ အတော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်လိုက်တယ်။ သတင်းစာတွေကလဲ သိပ်ရေးကြတာပဲ။

“မစ္စဝင်းဖိုဆိုတဲ့ အပျိုကြီးတစ်ယောက်ဟာ အသက်အတော်ကြီးအောင် တောပိုင်းမှာ အဖော်တစ်ယောက်နဲ့ နေတယ်။ သူဟာ သူ့အသက်နဲ့စာရင် အတော်ပဲကျန်းမာတယ်။ ဒါကြောင့်မို့ ဖြုန်းခနဲ သေသွားတော့ သူ့မိတ်ဆွေတွေက အံ့အားသင့်သွားကြတာပေါ့။ သူ့ ဆရာဝန် ဘရင်ဒန်ဆိုတဲ့အကောင်က သေစာရင်းလက်မှတ် ထိုးလိုက်တာနဲ့ အလောင်းကို ထုံးစံအတိုင်း မြေမြှုပ်လိုက်ကြတာပေါ့။ သေတမ်းစာဖောက်ပြီး ဖတ်လိုက်တော့ အဘွားကြီးရဲ့ဥစ္စာ ပေါင်ပေါင်း ခြောက်သောင်း ခုနစ်သောင်းတန်လောက်ရှိတာ အားလုံးကို သူ့အဖော်ကို အပိုင်လွှဲပစ်တာကို တွေ့ရတယ်။ ဒီတော့ အဘွားကြီးရဲ့ ဆွေမျိုးတွေက သိပ်

http://www.cherrythitsar.org

မကျေမနပ်ဖြစ်ကြတယ်ပေါ့။ ဒါပေမယ့် သေတမ်းစာအတိုင်း ဖြစ်ရမှာပေါ့။ ဘယ်သူမှ မတတ်နိုင်ပေဘူး။ သေတမ်းစာကို ရှေ့နေက ရေးပေးရတယ်။ ရှေ့နေရဲ့စာရေးနဲ့ ဒေါက်တာဘရင်ဒန်တို့က သက်သေအဖြစ် နေကြရတယ်။

"မစ္စဝင်းဖို့မှာ သူနဲ့ အနှစ်သုံးဆယ်လောက် နေလာတဲ့ အစေခံတစ်ယောက်ရှိတယ်။ အဲဒီ အစေခံမက အဘွားကြီး သေတမ်းစာ ရေးတဲ့အခါ သူ့ကို သတိရလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။ မစ္စဝင်းဖို့ကလဲ သူသေသွားရင် သူ့ကို ကောင်းကောင်းမွန်မွန် နေနိုင်အောင် အမွေ ပေးထားခဲ့မယ်လို့ ပြောခဲ့ဖူးတယ်။

"အခု သေတမ်းစာ ဖွင့်ဖတ်တော့ သူ့နာမည်တောင်မှ မပါတော့ သူ သိပ်ဒေါသဖြစ်တာပေါ့။ ဒါနဲ့ သူက အဘွားကြီးမသာ ပို့ဖို့လာတဲ့ အဘွားကြီးရဲ့ တူနဲ့တူမနှစ်ယောက်ကို အဘွားကြီးဟာ အဆိပ်ခတ်ခံရတာလို့ ပြောတယ်။ တူနဲ့တူမတွေက ပုလိပ်ကိုမတိုင်ပဲ ဒေါက်တာဘရင်ဒန်ဆီကိုသွားပြီး ပြောပြကြတာပေါ့။

"ဘရန်ဒန်က ဒီစကားဟာ ရယ်စရာကြီးပဲ။ သူကိုယ်တိုင် မစ္စဝင်းဖို့ကို ကုသလာတာ သူ အသိဆုံးပေါ့တဲ့။ မစ္စဝင်းဖို့ဟာ နှလုံးအားနည်းနေတာ ကြာလှပြီတဲ့။ သူက သူသေရင် အိပ်ရာထဲမှာအိပ်နေရင်း သေချင်တယ်လို့ ပြောပြောနေတာ၊ အခု သေရတော့လဲ အဲဒီလိုပဲ ညင်ညင်သာသာကလေး သေရပေတယ်လို့ ဆရာဝန်က ပြောလိုက်သတဲ့။ အစေခံမ ပြောတာကို အရေးမစိုက်ကြပါနဲ့။ သူက အဘွားကြီးရဲ့ အဖော်ဖြစ်တဲ့ မစ္စတာလင်ကို မနာလိုလို့ပြောတာပါလို့ ဘရန်ဒန်က ပြောလွှတ်လိုက်တော့ ဘရန်ဒန်ဟာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ မစ္စဝင်းဖို့ကို တစ်သက်လုံး ဆေးဝါးကုသလာတဲ့ ဆရာဝန်လဲ ဖြစ်တယ်ဆိုတော့၊ အားလုံးက လေးစားကြတာပေါ့။ ပြီးတော့လဲ သေတမ်းစာထဲမှာ သူ့ကို ဘာတစ်ခုမှပေးခဲ့တာ မဟုတ်တော့ သူ့စကားကို မယုံကြည်စရာ မရှိဘူးပေါ့။ ဒါနဲ့ ဆွေမျိုးသားချင်းတွေဟာ စျာပနကိစ္စပြီးတော့ လန်ဒန်ပြန်ကြတာပေါ့။

"ဒါပေမယ့် အစေခံမက နှုတ်ငြိမ်ငြိမ်မနေဘူး။ သူက ပြောလွန်း

http://www.cherrythitsar.org

တော့ ပုလိပ်က စိတ်မပါပေမယ့် တာဝန်ရှိတာနဲ့ အလောင်းကို ဖော်ပြီး စစ်ဆေးရတော့တယ်။ စစ်ဆေးလိုက်တော့ အိပ်ဆေးလွန်လို့ သေရတဲ့ အကြောင်း တွေ့တာနဲ့ အိပ်ဆေးကို မစ္စစတာလင်က တိုက်တယ်ဆို တဲ့အချက် ပေါ်လာတာနဲ့ မစ္စစတာလင်ကို ဖမ်းတော့တာပေါ့။ စကော့ တလန်ယဒ် (စုံထောက်ဌာနချုပ်)က စုံထောက်တစ်ယောက် ဆင်းလာပြီး စုံစမ်းလိုက်တာ မမျှော်လင့်တဲ့နေရာတွေက သက်သေခံချက်တွေရတယ်။

"မစ္စစတာလင်နဲ့ ဒေါက်တာဘရင်ဒန် စွန်းငြိနေတဲ့အကြောင်း ပေါ်လာတော့တာပေါ့။ သူတို့ နှစ်ယောက်ဟာ ပူးတွဲ ပူးတွဲနဲ့နေတာကို တွေ့ရတော့၊ တစ်ရွာလုံးက မစ္စဝင်းဖို့ အသေစောင့်နေကြတာတဲ့၊ သေရင် သူတို့ယူကြမလို့တဲ့၊ အဲဒီလို သတင်းဖြစ်နေတယ်။ အဲဒီလိုဆိုတော့ အမှု ရဲ့ အသွင်အပြင်ဟာ ပြောင်းသွားတာပေါ့။ တိုတိုပြောရမယ်ဆိုရင်၊ စုံထောက်အဖွဲ့က လုံလောက်တဲ့ သက်သေခံချက်တွေ ရထားတာနဲ့ ဒေါက်တာကိုပါဖမ်းပြီး မစ္စစတာလင်နဲ့ နှစ်ယောက်သားကို လူသတ်မှုနဲ့ စွဲချက်တင်လိုက်ကြတာပေါ့"

လင်ဒန်သည် ဘရန်ဒီတစ်ကျိုက်ထပ်၍ သောက်လိုက်လေသည်။

"အဲဒီအမှုဟာ ကျုပ်ဆီရောက်လာတယ်။ တရားလိုရှေ့နေက တရားခံနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အသေအလဲ ချစ်နေ ကြလို့ အဘွားကြီးဆုံးရင် သူတို့နှစ်ယောက် ငွေကြေး တောင့်တောင့် တင်းတင်းနဲ့ အိမ်ထောင်ပြုနိုင်ကြမယ်ဆိုပြီး အဘွားကြီးကို အဆုံးစီရင် ကြတယ်လို့ စွပ်စွဲတယ်။ မစ္စဝင်းဖို့ဟာ ညအိပ်ရာမဝင်ခင်ကလေးမှာ ကိုးကိုးတစ်ခွက် အမြဲသောက်လေ့ရှိတယ်။ အဲဒီကိုကိုးကို မစ္စစတာလင် က ဖျော်ပေးရတယ်။ အဲဒီ ကိုကိုးထဲကို အိပ်ဆေးပြားကလေးတွေ ထည့်လိုက်တာနဲ့ပဲ အဘွားကြီး ဆုံးရှာတယ်။ တရားခံနှစ်ယောက်ဟာ ပူပုံဖမ်းပြီး အကြီးအကျယ်လိမ်ကြတယ်။

"သက်သေတွေက သူတို့နှစ်ယောက်ခါးဖတ်ပြီး လမ်းလျှောက်သွား တာ မြင်ရတယ်လို့ ဆိုကြတယ်။ အစေခံက ဒေါက်တာအိမ်မှာ မစ္စစတာလင်ကို ဒေါက်တာက ဖက်နမ်းနေတာကို မြင်ပါတယ်လို့

http://www.cherrythitsar.org

ထွက်တယ်။ ဒီလို ထွက်ကြပေမယ့် သူတို့ကတော့ သူတို့ဟာ မိတ်ဆွေသာဖြစ်ပါတယ်လို့ လိမ်ကြတယ်။ မစ္စစတာလင်ကို ဆရာဝန်စစ်ကြည့်တော့ အပျိုရည်မပျက်သေးဘူးတဲ့။ အံ့စရာပဲဗျာ။

"ဘရင်ဒန်က မစ္စဝင်းဖို့ကို အိပ်ဆေးပြားပေးပါတယ်လို့ ဝန်ခံတယ်။ မစ္စဝင်းဖို့က မအိပ်နိုင်လွန်းလို့ဆိုတာနဲ့ ပေးရတာပါပဲ၊ ပေးတဲ့အခါတုန်းက ဆေးပြားတစ်ပြားထက်ပိုပြီး မစားပါနဲ့လို့ သေသေချာချာ သတိပေးပါတယ်တဲ့။ တရားခံရှေ့နေက မစ္စဝင်းဖို့ဟာ ဆေးပြားကို မတော်တဆများများထည့်စားလိုက်မိတာရင် ဖြစ်ရပေမယ်လို့ လျှောက်လဲတယ်။

"ဒီစကားဟာ နည်းနည်းမှ ယုတ္တိမတန်ဘူး။ မစ္စဝင်းဖို့ဟာ ပျော်ပျော်ရွှင်ရွှင်နေတဲ့မိန်းမကြီးပဲ။ လောကကြီးကို ငြီးငွေ့ဖို့ အကြောင်းနည်းနည်းမှ မရှိဘူး။ သူသေမယ့်ရက် ရှေ့နှစ်ရက်လောက်မှာပဲ သူ့ငယ်သူငယ်ချင်းအလည်ရောက်မယ်လို့ပြောပြီး မျှော်နေသေးတယ်။ အိပ်လို့မရဘူးလို့ ဘယ်တုန်းကမှ မညည်းဖူးဘူးတဲ့။ အစေခံမက အဘွားကြီးအတော် အိပ်နိုင်တယ်လို့ ထွက်တယ်။ ပြီးတော့လဲ အိပ်ဆေးကို အမှတ်တမဲ့နဲ့ ပိုပြီးစားမိတယ်ဆိုတာ မဖြစ်နိုင်ဘူး။

"ကျုပ်အထင်ကတော့ မစ္စစတာလင်နဲ့ ဒေါက်တာဘရင်ဒန်တို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းလုပ်တဲ့ကိစ္စ ဖြစ်ရမယ်။ သတ်တဲ့ရည်ရွယ်ချက်က အထင်ရှားပြီးသားကပဲ။ ဒါနဲ့ ကျုပ်က ဒီအမှုကို ကျကျနန စိစစ်ဝေဖန်ပြီး နိဂုံးချုပ်ပေးတယ်။ ဒါပေမယ့် ကျုပ်ဝတ္တရားက အမှုအကြောင်းကို ဂျူရီလူကြီးတွေ ရှင်းအောင် ဖော်ရတာပေါ့။ ဂျူရီ လူကြီးတွေဟာ ကျုပ်က အကျဉ်းချုပ်ပြီး ပြောပြလိုက်ပြီးတဲ့နောက် စဉ်းစားခန်းထဲ ဝင်သွားကြတယ်။ အမှုရဲ့ အကြောင်းအရာ အချက်အလက်တွေကတော့ ရှင်းနေတာပဲ။ တရားခံမှာ ပြစ်မှုထင်ရှားနေတာပဲ။ နားထောင်နေကြတဲ့ ပရိသတ်မှာ တရားခံ နှစ်ဦးစလုံး အပြစ်ရှိတယ်ဆိုတဲ့ အချက်ကို သံသယဖြစ်သူတစ်ယောက်မှ ပါမယ်မထင်ဘူး။

"ဂျူရီလူကြီးတွေကလဲ တရားခံနှစ်ဦးလုံး အပြစ်ရှိတယ်လို့ ဆုံးဖြတ်ချက်ချလာကြလိမ့်မယ်လို့ သေချာနေတာပဲ။ ဒါပေမယ့် ဂျူရီလူကြီး

http://www.cherrythitsar.org

ဆိုတာမျိုးဟာ မရေမရာတွေပဲဗျာ။ သုံးနာရီလောက် စဉ်းစားခန်းထဲ ဝင်ပြီး ပြန်ထွက်လာတယ်ဆိုရင် ကျုပ်ထင်ကြေးတော့ လွဲပြီလို့ သိလိုက်မိပါတယ်။ အပြစ်ရှိတယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချလာကြရင် လူကြီးတွေဟာ တရားခံကို လှည့်မကြည့်ကြဘူး။ အပြစ်မရှိဘူးဆိုတဲ့ ဆုံးဖြတ်ချက်ချလာကြရင်တော့ တရားခံကို ခဏခဏ ကြည့်တတ်ကြတယ်။

"သူတို့ပြန်ဝင်အလာမှာ ကျုပ်က လှမ်းကြည့်လိုက်တော့ လူကြီးနှစ်ယောက်သုံးယောက်ဟာ တရားခံနှစ်ဦးကို လှည့်ကြည့်လှည့်ကြည့် လုပ်နေကြတာ တွေ့ရတယ်။ အဲဒီထဲက ဂျူရီတွေဟာ တရားခံနှစ်ဦးမှာ အပြစ်မရှိဘူးဆိုတဲ့ ဆုံးဖြတ်ချက်ချခဲ့ကြပြီ ဆိုတာ ကျုပ်တပ်အပ်သိတာပေါ့။ အဲဒီ မစ္စစတာလင်နဲ့ ဒေါက်တာ ဘရင်ဒန်ဆိုတာဟာ အခု မစ္စတာကရိတ်နဲ့ မစ္စစ်ကရိတ်တို့ပေါ့ဗျ။ သူတို့ဟာ ကြိုးပေးဖို့ အင်မတန်ထိုက်တန်တဲ့ အလွန်ရက်စက်တဲ့ လူသတ်မှုကို ကျူးလွန်သူတွေလို့ ကျုပ်တပ်အပ်သေချာ ပြောနိုင်ပါတယ်ဗျာ"

"ဒါဖြင့် ဂျူရီတွေက ဘာဖြစ်လို့ သူတို့နှစ်ယောက်မှာ အပြစ်မရှိဘူးလို့ ဆုံးဖြတ်တာလဲ"

"ကျုပ်လဲ ဒီအမေးကို ကျုပ်ကိုယ်ကျုပ် မေးကြည့်ပါတယ်။ ကျုပ်မြင်တဲ့အကြောင်းကတော့ တစ်ခုတည်းပဲရှိတယ်။ အဲဒါကတော့ သူတို့နှစ်ယောက်ဟာ သမီးရည်းစားမဟုတ်ဘူးလို့ အသေအချာ ဆိုနိုင်တဲ့ အချက်ပဲ။ အဲဒီအကြောင်းဟာ အတော်ထူးဆန်းသဗျ။ ဒီမိန်းမဟာ သူလိုချင်တဲ့ယောကျ်ားအတွက် ကိုယ့်ကျေးဇူးရှင်ကို ရက်ရက်စက်စက် သတ်ဖို့ ဝန်မလေးပေမယ့် သူ့ချစ်သူနဲ့ အပျိုရည်ပျက်အောင် မဆက်ဆံခံဘူး။ အဲဒီအချက်ဟာ အတော်ကလေး ဆန်းတယ်"

"လူ့သဘာဝဟာ အတော်ဆန်းကြယ်ပါကလားဗျာ"

❑ ❑ ❑

http://www.cherrythitsar.org

ရှင်းပြချက်

ဆမ္မားဆက်မော်မ်သည် အင်္ဂလိပ်လူမျိုး ဝတ္ထုရေးဆရာကြီးဖြစ်သည်။ သူသည် ယခု အသက်ကိုးဆယ်ပြည့်လေပြီ။ အင်္ဂလိပ်စာပေတွင်မက ကမ္ဘာ့စာပေ၌လည်း အတော်ပင် ကျော်ကြားသော ဝတ္ထုရေးဆရာကြီး ဖြစ်သည်။

သူ့ဝတ္ထုများကို စံပြုပြီးလျှင် ဝတ္ထုရေးကြည့်သော၊ အောင်မြင်သော စာရေးဆရာများ၊ မအောင်မြင်သော စာရေးဆရာများ အတော်ပင် များသည်ဟု ဆို၏။ မော်မ်၏စာပေသြဇာကို ဝေဖန်ရေးသမားတို့က အသိအမှတ် ပြုကြရသည်။ သို့ရာတွင် စာပေဝေဖန်စိစစ်မှု၌ အထက်တန်းကျသော စာပေပညာရှိကြီးများစွာက မော်မ်၏ ဝတ္ထုများကို စာပေအရာမြောက်သည်ဟု ဆိုနိုင်စေကာမူ အဆင့်အတန်းမြင့်လှပြီ မဆိုသာဟု ဆိုကြကုန်၏။

မည်သူက မည်သို့ပင် ဆိုစေကာမူလည်း၊ မော်မ်၏ဝတ္ထုများကို လူကြိုက်များ၏ ကမ္ဘာအရပ်ရပ်၌ အင်္ဂလိပ်စာတတ်တို့ ဖတ်ကြကုန်၏။ တိုင်းခြားဘာသာရပ်များသို့ ပြန်ဆိုခြင်းခံရသော သူ့ဝတ္ထု တိုရှည်တို့သည် မနည်းလှပေ။ ငွေကြေးအနေအားဖြင့်လည်း အလွန် အောင်မြင်သော ဝတ္ထုရေးဆရာကြီး ဖြစ်သည်။

သူ့အရေးအသားနှင့်ပတ်သက်၍ ထက်မြက်တောက်ပသည်ဟု မဆိုသာ

http://www.cherrythitsar.org

ဟူသော ဆုံးဖြတ်ချက်ရှိစေကာမူလည်း၊ သူ့ဝတ္ထုရေးနည်းမှာမူ တစ်သွင်ထူးခြားပေသည်။ "မော်မ်၏ဝတ္ထုရေးနည်း"ဟူ၍ပင် ခေါ်စမှတ်ပြုကြသည်။ မော်မ်၏ဝတ္ထုများသည် အခြားဝတ္ထုရေးဆရာတို့၏ လက်ရာများနှင့် အလွန်ကွာခြားလှသည်။ မော်မ်သည် ဝတ္ထုရေးနည်း ထုံးစံအတိုင်းမရေးဘဲ တစ်မျိုးထွင်၍ရေးသည်။ သူ့ရေးနည်းမှာ တကယ်တမ်း တွက်စစ်ကြည့်လိုက်သော အခါ မထူးခြားလှပေ။

သူသည် ဝတ္ထုဆိုသည်မှာ ပြောပြရသော အကြောင်းအရာ ဖြစ်သည်။ ရှေးခတ်က ပုံပြောခြင်းမျိုးနှင့် အထူးအထေွ မကွဲပြား မခြားနားဟု ဆိုသည်။ ဝတ္ထုသည် သူတစ်ပါးအား ပြန်ပြောပြရသော အကြောင်းအရာ ဖြစ်သည့် အလျောက် ဝတ္ထုရေးစရာသည် 'ဝတ္ထုပြောသမား' **(Story teller)** မျှသာ ဖြစ်သည်။ စာပေပညာရှိကြီးတစ်ယောက်ဟူ၍ မဆိုသာဟူသောဝါဒ မော်မ်၌ ရှိ၏။ သူက သူသည် ဝတ္ထုပြောသမားမျှသာဖြစ်သည်ဟူ၍ မကြာခဏ ဆိုခဲ့ဖူးလေသည်။

ဝတ္ထုတစ်ပုဒ် (အဖြစ်အပျက်တစ်ခု) ကို မိတ်ဆွေအား အေးအေးဆေးဆေး စီကာပတ်ကုံး ပြောပြဟန်ဖြင့် ဝတ္ထုကိုရေးလေ့ရှိသော မော်မ်၏နည်းမှာ မထူးဆန်းသည်နှင့်အမျှ ထူးခြားနေလေတော့သည်။ သူ့ဝတ္ထုများတွင် စာရေးဆရာကိုယ်တိုင်ပါဝင်၍ စာဖတ်သူအား အကြောင်းအကျိုးပြောပြပုံကို အသုံးပြုသည်။

ထိုနည်းသည် စာရေးသူနှင့် စာဖတ်သူတို့အား မိတ်ရင်းဆွေရင်းအဖြစ်သို့ရောက်စေသဖြင့် စာဖတ်သူအဖို့ ကျေနပ်မှုတစ်မျိုး ဖြစ်ထွန်းစေသည်ဟု ဆိုရပေမည်။

ထို နည်းမျိုးကို မော်မ်ကစ၍ အသုံးပြုသည်ဟု မဆိုသာစေကာမူ သူသာလျှင် ထိုနည်းကို အမြဲတမ်းလိုလိုသုံးသည်။ ထို့ကြောင့်လည်း ထိုနည်းမျိုး 'မော်မ်၏နည်း'ဟုပင် ဆိုစမှတ်ပြုကြ၏။ ထိုနည်းသည် မော်မ်ကဲ့သို့ ရိုးရိုးဟန်မျိုးနှင့် ရေးလေ့ရှိသော ဝတ္ထုရေးဆရာအဖို့ အသင့်တော်ဆုံး ဖြစ်သည်ဟု ဆိုနိုင်သည်။ လေသံအေးအေးနှင့် အကြောင်းအကျိုးလိပ်ပတ်လည်အောင် ပြောပြခြင်းသည် ဖတ်သူအဖို့ နှစ်လိုဖွယ်ဖြစ်ပေသည်။

သို့ရာတွင် မော်မ်၏ စာပေအရေးအသားမှာ ပြောင်မြောက်ခြင်းမရှိလှ။ ရိုးရိုးအေးအေးမျှသာဖြစ်သည်။ အရောင်အဝါ ကင်းလှချေသည်။ အတွေး

http://www.cherrythitsar.org

အခေါ်မှာလည်း ထူးခြား နက်နဲလှသည်ဟု မဆိုသာ။ 'လူပြိန်းတွေ'ထက် သာယောင်ယောင် မျှသာပင်။

မော်မ်၏ **Story telling method** ဝတ္ထုပြောနည်း အရေးအသား မျိုးသည် စာရေးဆရာ၏ အာဘော် (ထင်မြင်ချက်)ကို ထည့်သွင်းလိုက်သော်လည်း အခြေမပျက် အပြစ်မရှိသောကြောင့် တစ်နည်းအားဖြင့် ကောင်းသည်ဟု ဆိုနိုင်၏။

နောက်ပိုင်းတွင် ထိုနည်းကို ဝတ္ထုရေးဆရာအများက အသုံးပြုလာကြသည်။ 'ကိုယ်တွေ့ဝတ္ထု'ဟု မြန်မာတို့ သိထားသော နည်းမျိုးပင်ဖြစ်သည်။

ဖြစ်ကြောင်းစဉ် ဖော်သောနည်း **Narrative method**°°ကို ဝတ္ထုပေါ်လာကတည်းက အသုံးများလာသော်လည်း ထိုနည်းတူ စာရေးဆရာ၏ အာဘော် မဝင်အောင် အထူး သတိပြုနေရသောကြောင့် ရေးရသည်မှာ မလွတ်လပ်လှဟု ဆိုရပေမည်။ ထိုနည်းကို နိုင်နင်း ကျင်လည်စွာအသုံးပြုနိုင်ပါမူ သပ်ရပ်၍ အကွက်စေ့သော ဝတ္ထုပုံစံမျိုး ထွက်ပေါ်လာနိုင်သည်။

ဇာတ်ကောင်များ၏ အတ္တသဘာဝ ပေါ်လွင်လာအောင် ယင်းတို့၏ အပြုအမူ အပြောအဆိုများဖြင့်သာ သရုပ်ဖော်ရသဖြင့် စာရေးဆရာအဖို့ မိမိ၏ အာဘော် မဝင်အောင် ထိန်းသိမ်းဖို့ အရေးသည် အလွန်ကြီးလှသည်။ မကျွမ်းကျင်သူတို့အဖို့ ချွတ်ချော်မှုများ ဖြစ်တတ်သည်။

မော်မ်၏ နည်းမှာမူ စာရေးဆရာက ကိုယ်တိုင်ဝင်၍ 'ပုံပြောသလို'ပြောပြနေသောကြောင့် ဇာတ်ကောင်၏ အတ္တသဘာဝကို စာရေးဆရာ၏ အမြင်အတိုင်း ဖော်ပြနိုင်ခွင့်သာပေသည်။ "လူ့သဘာဝဟာ အတော် ဆန်းကြယ်ပါကလားဗျာ"ဟူသော မှတ်ချက်မျိုးကို ချလိုက်ခွင့်သာပေသည်။ အနုပညာနည်းအရဆိုလျှင် ထိုမှတ်ချက်မျိုးကို စာရေးဆရာက မချရ။ လူ့သဘာဝ ဆန်းကြယ်ပုံကို သရုပ်ဖြင့်သာ ဖော်ပေးရမည်။

ယခု ဤဝတ္ထုတွင် မော်မ်ကိုယ်တိုင် လင်ဒန်၏ သဘောသကာယ၊ အပျိုကြီး မစ္စဂရေး၏ သဘာဝနှင့်၊ ကရိတ်ဇနီးမောင်နှံ၏ အခြေအနေတို့ကို တိုက်ရိုက် ဖော်ပြသည်။

မော်မ်၏ အယူအဆတစ်ခုမှာ ဝတ္ထုသည် စာပေအရာတွင် အကြီးအကျယ်ဝင်သော စာမျိုးမဟုတ်ဟူ၍ပင်ဖြစ်သည်။ သူကိုယ်တိုင်က သူသည် စာပေပညာရှိ ပုဂ္ဂိုလ်ကြီးမဟုတ်ပါ။ ဝတ္ထုပြောသမား **Story teller**°တစ်ဦး

http://www.cherrythitsar.org

မျှသာဖြစ်သည်ဟု ဆိုထားသည်။ ထို့ကြောင့်ပင်လျှင် သူသည် သူ့ဝတ္ထုများကို ဝတ္ထုပြောသလို ရိုးရိုးမှန်မှန် လေသံမျိုးဖြင့် ရေးသည်။

ဝေဖန်ရေးဆရာကြီးများကလည်း မော်မ်၏ရေးဟန်မှာ သာမန်မျှသာဖြစ်သည်။ ထူးခြားပြောင်မြောက်ခြင်းမရှိဟုဆိုကြသည်။ ထိုအဆို မှန်ကန်ကြောင်းကိုမူ သာမန်စာဖတ်သူကပင် မြင်နိုင်ပေသည်။ ထိုသို့ ပြောင်မြောက်ခြင်းမရှိ၍ပင် သာမန်စာဖတ်ပရိတ်သတ် မော်မ်၏ ဝတ္ထုများကို နှစ်သက်ကြလေသည်။

မော်မ်၏ဝတ္ထုများကို ကမ္ဘာအရပ်ရပ်တွင် စိတ်ဝင်စားစွာ ဖတ်ကြသည်။ သာမန်စာဖတ်ပရိတ်သတ်သည် သူ့ဝတ္ထုများကို ဖတ်၍ နားလည်သောကြောင့် ကျေနပ်ကြသည်။ မော်မ်ကလည်း သာမန်ပုဂ္ဂိုလ်များအဖို့ ရည်စူး၍ရေးသည်။ သူ့အတွေ့အကြုံများသည် များပြားကျယ်ပြန့်လှ၏။ သူ့အတွေးအခေါ်ထင်မြင်ချက်များသည် သာမန်စာဖတ်သူအဖို့ လက်ခံရလွယ်၏။

အကြောင်းသော်ကား ယင်းတို့သည် သာမန်အတွေးအခေါ် အထင်အမြင်များဖြစ်ကြပေသည်။ လေးနက်၍ သာမန်ဉာဏ်အမြင်ထက် ကျော်တက်သည်ဟူ၍ မရှိချေ။ ထို့ကြောင့်လည်း ကမ္ဘာကျော် ဝတ္ထုရေးဆရာကြီးဖြစ်သော်ငြားလည်း ကမ္ဘာ့ထိပ်တန်း စာပေဆုဖြစ်သော နိုဗဲလ်ဆုအတွက် မော်မ်ကို ထည့်သွင်း စဉ်းစားသည်ဟု မကြားခဲ့ရဖူးချေ။

မော်မ်သည် တီထွင်သူမဟုတ်။ လမ်းဖောက်သူမဟုတ်။ သူတစ်ပါး ဖောက်ပြီးလမ်းကို ရှင်ပေးသူမျှသာဖြစ်သည်။ မော်မ်ထံမှ ထူးခြားသော အမြင်၊ နက်နဲသောထင်မြင်ချက်၊ သိမ်မွေ့သော အတွေးအခေါ်တို့ကို မမျှော်လင့်အပ်ပေ။ သို့သော် အများ အသိအမှတ်ပြုပြီးသော အချက်အလက်များ၊ ယုံကြည်ချက်များ၊ ထင်မြင်ချက်များကို မော်မ်က သူ့ဝတ္ထုများဖြင့် သာဓကပြကာ ခိုင်မြဲစေသည်။

ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ မော်မ်အား ကမ္ဘာ့စာပေဆုကြီး (နိုဗဲလ်ဆု)ဖြင့် ချီးမြှင့်ဖို့ ထည့်သွင်းစဉ်းစားသည်ဟူ၍ ဘယ်သောအခါကမျှ မကြားခဲ့ဖူးချေ။ သူ့၌ ထူးကဲလှသောဘဝအမြင် ဘဝအခြေခံတရားမျိုးမရှိဘဲ သူလိုငါလို အတွေးအခေါ်မျိုးကိုသာ လက်ကိုင် ပြုခဲ့လေသည်။

မောမ်မ်၏ ဝတ္ထုများသည် စာပေအရသာကို ခံယူရန် လေ့ကျင့်လျက်ရှိသော စာဖတ်သူများအဖို့ ပထမပိုင်း သင်ခန်းစာများအဖြစ်ဖြင့်သာ တည်နေ

http://www.cherrythitsar.org

နိုင်သည်။ စာဖတ် ဝါသနာပါရုံ။ ဝတ္ထုဌ္ဌ စိတ်ဝင်စားမှု ရရုံသာဖြစ်သည်ဟု ဆိုလိုပါသည်။

မော်မ်၏ဝတ္ထုများသည် အမြင့်တန်းတွင်ရှိသည်ဟု ထင်မှတ်မှားဖို့ မသင့်လှပေ။ စုံထောက်ဝတ္ထုများ၊ အပေါစား အချစ်ဝတ္ထုများနှင့် စာပေအရာမြောက်သည့် ဝတ္ထုကြီးများကြားတွင် မော်မ်၏ဝတ္ထုများသည် **'အများကြိုက်စာပေ'** **Populaar Literaries** မျိုးအဖြစ် တည်နေသည်ဟု စာပေပညာရှင်တို့က ဆုံးဖြတ်ကြသည်။

မော်မ်သည် အလတ်တန်းစားအရင်းရှင်လောကဌ္ဌ ကျင်လည်၍ ထိုလောကကိုသာ မြင်တတ်သည်။ ထိုလောကဌ္ဌရှိသော အပေါ်ယံ ဟန်သဘာဝနှင့် မူမမှန်သော အဖြစ်သနစ်တို့ကို မော်မ်က ထုတ်ဖော်ပြထားသဖြင့် သူ့ဝတ္ထုများကို ဖတ်ရှုသုံးသပ်တတ်ပါမူ အရင်းရှင်လောက၏ အညစ်အထေးများကို မြင်နိုင်ပေလိမ့်မည်။

❑ ❑ ❑

http://www.cherrythitsar.org

http://www.cherrythitsar.org

၈။ သီလရှင်
ကက်သရင်းမင်းစဖီးလ်ဒ် ရေးသည်

ကျွန်မကဲ့သို့သော သာယာသော နံနက်ခင်းတွင် စိတ်ညစ်ညူးသူတစ်ဦး တစ်ယောက်မျှ ရှိနိုင်မည်မဟုတ်ဟု ထင်ရပေသည်။ ငါ တစ်ယောက်အပြင် ရှိမှာမဟုတ်ပါဘူးဟုလည်း အက်ဒနာ ထင်မြင်လေသည်။ အိမ်ပြတင်းတံခါးများ ဖွင့်ထားလေသည်။ အိမ်ခန်းထဲမှ ပီယာနိုလက်သံ စမ်းနေသည်ကို ကြားရသည်။ နွေဦးသစ်စပန်းများ ဝေဆာလျက် ရှိသော သစ်ပင်တို့သည် လေပြည်ထဲတွင် လှုပ်ရှားမြူးထူးနေကြသည်။ လမ်းမတွင် သူငယ်များ လေချွန်ကစားနေကြသည်။ ခွေးကလေး တစ်ကောင်လည်း လမ်းသွားလမ်းလာတို့ကို အပျော်တမ်းဟောင်၍ နေလေသည်။ လမ်းတစ်လျှောက်တွင် သွားလာနေသူတို့မှာလည်း ခြေလှမ်းသွက်သွက်နှင့် လျှောက်နေကြသဖြင့် ခပ်သုတ်သုတ်ကလေး ပြေးနေကြသည်ဟုပင် ထင်ရသည်။ အက်ဒနာသည် ခပ်ဝေးဝေးတွင် ပိုးထိုးကလေးတစ်စင်းကို လှမ်း၍ မြင်လိုက်ရလေသည်။ ထိုပိုးထိုးမှာ နွေဦးအဖို့ ပထမဦးစွာ မြင်ရသော ပိုးထိုးကလေးပင်တည်း။ ထိုးအရောင်မှာ နီမြန်းမြန်း။ စိတ်ညစ်ညူးနေသည်ဟု ဆိုနေသော အက်ဒနာသည်ပင်လျှင် သူ့စိတ်

http://www.cherrythitsar.org

ထင်သလောက် စိတ်ညစ်ပုံ မရချေ။ အမှန်မှာကား ပါးအို့ကလေး ဖောင်းဖောင်း၊ နှုတ်ခမ်းကလေးပါးပါး၊ မျက်လုံးကလေးကြည်ကြည်နှင့် ကျန်းမာဖျတ်လတ်သော တစ်ဆယ့်ရှစ်နှစ်အရွယ် လုံမပျိုကလေး တစ်ယောက်အဖို့ စိတ်လက်နောက်ကျိကာ မချမ်းမသာဖြစ်နေရန် အလွန်ပင် ခက်လှဘိတော့၏။ အပူရပ်ဟုဆိုရလေအောင်လည်း ပြင်သစ်ပြည်ထွက် ဂါဝန်ပြာကလေးဝတ်ပြီးလျှင် ပြောင်းခက်ကလေးများ ပန်ထားသော နွေဦးဦးထုပ်ဆောင်းထားသောကြောင့် ဆိုရခက်ခြိမ့်မည်။ အက်ဒနာ၏ လက်တွင်ရှိသော စာကြည့်တိုက် အမြဲသုံး အဖုံးမျိုး ဖုံးထားသည့် စာအုပ်ကြောင့် ပူရပ်ပေါက်သည်ဆိုပါလျှင် ဆိုနိုင်ဖွယ် ရှိပေလိမ့်မည်။ သူသည် စာကြည့်တိုက်မှ စာအုပ်သွား၍ငှားမည်ဟု အကြောင်းပြ၍ အိမ်မှ ထွက်လာခဲ့ရသည်။ သူသည် ယခုအခါတွင် ရှေ့သို့ဆောင်ရွက်ရန်အကြောင်းတစ်ခုကို ချက်ချင်းပင် ဆုံးဖြတ်ရလေတော့မည်။

ဖြစ်ရသည်မှာလည်း အလွန်ဆိုးလှပေသည်။ သူသည် လွန်ခဲ့သည့်ညက သူ့ချစ်သူ ဂျင်မိနှင့်ယှဉ်တွဲ၍ ရုံအထက်တန်းကနေ၍ ပြဇာတ်ကြည့်နေရာ၊ ဂျင်မိပေးသော ချောကလက်ဘူးကို ဂျင်မိအားပြန်၍ လှမ်းလိုက်စဉ်ပင် ပြဇာတ်မင်းသားကို ချစ်ကြိုက်သွားလေတော့သည်။ သို့ရာတွင် ချစ်သည်ကြိုက်သည်ဆိုသည့်ကိစ္စမှာ အဘယ်နည်း။

ချစ်အာရုံမှာ သူ ရှေ့ကတွေ့ဖူးသည့် အာရုံတို့နှင့် လားလားမျှ မတူပေ။ အလွန်ပင် ကွဲပြားခြားနားလှလေသည်။ ထိုအာရုံမှာ ကောင်းသော အာရုံဟု မဆိုသာ။ တစ်ကိုယ်လုံး ရှိန်းဖိန်းထူပူသွားသည်ဟုလည်း မဆိုနိုင်။ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်း၊ နာကျင်ခြင်း၊ အတိဒုက္ခရောက်ခြင်း စသည်တို့ပင်လျှင် ထိုအာရုံထက် သာသေးသည်။ တစ်ကိုယ်လုံး ရှိန်းသွား စေနိုင်ပေသေးသည်။ ထိုအာရုံတွင်ပါသော အရှုံးဓာတ်ကလေးကား အကယ်၍သာ ပွဲအပြီး ရုံရှေ့တွင် ဂျင်မိကမော်တော်ကား သွားငှားနေခိုက် ရပ်စောင့်နေစဉ် ထိုပြဇာတ်မင်းသားက ခေါင်းငဲ့၍ ဖြစ်စေ၊ အချက်ပြ၍ ဖြစ်စေ လာ၍ခေါ်သွားပါမူ၊ ဂျင်မိကို တစ်ချက်မျှ မထောက်ထားဘဲ၊ မိဘဆွေမျိုးတို့ကို မတွေးမိဘဲ ကမ္ဘာအဆုံးသို့ ကောက်ကောက်ပါအောင်လိုက်သွားမည်အမှန်ပင်။

http://www.cherrythitsar.org

ပြဇာတ်သည် အစဉ် အတော်ပင် စိတ်ရှည်ဖွယ် ကောင်းလှပေသေး၏။ ထိုအခိုက်၌ ချောကလက်စား၍ ကြည့်နေနိုင်သေးသည်။ သို့ရာတွင် မကြာမီပင် မင်းသားလုပ်သူမှာ မျက်စိကွယ်သွားလေသည်။ သြော် ...ဖြစ်မှဖြစ်ရလေတယ်။ အက်ဒနာသည် ဖြေမဆည်နိုင်ဖြစ်ရသဖြင့် သူ့လက်ကိုင်ပဝါကိုနှင့် မျက်ရည်သုတ်၍ မလောက်သောကြောင့် ဂျင်မီ၏ လက်ကိုင်ပဝါကိုငှား၍ သုတ်ရချေသေးသည်။ ငိုရသည်မှာ မထူးဆန်းလှ။ ပွဲကြည့်ပရိသတ်များတို့လည်း ငိုကြလေသည်။ ယောကျ်ားရင့်မကြီးများပင် တရှုပ်ရှုပ်ဖြစ်ကာ မျက်လုံးကို အောက်စိုက်၍ ပြဇာတ်ကြောက်ငြာကို ဖတ်လေဟန် လုပ်နေကြသည်။ မျက်ရည်ကင်းသော ဂျင်မီသာလျှင် အက်ဒနာ၏ လက်ကို ကိုင်၍ညစ်လိုက်ကာ "မငိုပါနဲ့ ခင်ရယ်"ဟု တိုးတိုးကလေး အားပေးနေပေသည်။ ထိုအခိုက် ဂျင်မီကိုအားနာ၍သူသည် ချောကလတ်တစ်ကန့်ကို ကိုက်ပြီးလျှင် ကျန်အတောင့်ကို ဂျင်မီအား ပြန်ပေးလေသည်။

ထိုအခိုက်ပင် ဇာတ်ခုံပေါ်တွင် မင်းသားမှာ အရောင်မှိန်မှိန်ထဲ၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခန်း ဖြစ်လေသည်။ ဇာတ်ခုံရှေ့က တီးဝိုင်းကလည်း ကြေကွဲအောင် တီးပေးလိုက်လေသည်။ ဇာတ်ခုံတစ်ဖက် စွန်းလမ်းမပေါ်ဟု သတ်မှတ်ထားသောနေရာက ညာသံပေးနေလေသည်။ ထိုအခါ မင်းသားမျက်မြင်က သနားစဖွယ် လမ်းကိုစမ်း၍ ပြတင်းပေါက်သို့ သွားနေလေသည်။ ပြတင်းသို့ရောက်သောအခါ သူသည် ခန်းဆီးကို လှမ်း၍ အလင်းရောင်ဘက်သို့ ကြောင်တောင် ကြည့်နေလေသည်။ လမ်းမက ညာသံသည်လည်း တဖြည်းဖြည်းဝေး၍ သွားလေသည်။

ထိုအချိန် ထိုအခါကစ၍ အက်ဒနာသည် သူ့ဘဝမှာ ရှေ့ကကဲ့သို့ ဘယ်နည်းနှင့်မျှ မတူနိုင်တော့ဟု ထင်မိလေသည်။ သူသည် ဂျင်မီဆွဲထားသော သူ့လက်ကို ရုပ်လိုက်လေသည်။ ချောကလက်ဘူးကို အပြီးသတ်ပိတ်လိုက်သည်။ 'လတ်စသတ်တော့ ဒါ အချစ်ဆိုတာပါတကား'ဟု စွဲမြဲမိလေတော့သည်။

အက်ဒနာနှင့် ဂျင်မီတို့သည် စေ့စပ်ပြီးဖြစ်ကြသည်။ သူသည် လွန်ခဲ့သော တစ်နှစ်ခွဲလောက်ကတည်းက အုပ်လုံးသွင်းထားလေသည်။ သူတို့

http://www.cherrythitsar.org

နှစ်ယောက်သည် လွန်ခဲ့သည့်တစ်နှစ်လုံးပင် စေ့စပ်ကြောင်းလမ်းပြီး ဖြစ်ကြောင်း လူသိနတ်ကြားကြေညာပြီး ဖြစ်ကြသည်။ စေ့စပ်ပြီးသည်မှာ ထိုမျှသာကြာသေးသော်လည်း သူတို့နှစ်ယောက်မှာ လက်တွန်းလှည်းကလေး တစ်ခုစီနှင့် ကလေးထိန်းများက ဥယျာဉ်ထဲသို့ ညနေစောင်း တွန်းသွားကာ ဘီစကွက်တစ်ချပ်စီဝါးနေကြရသော ငယ်စဉ် လူမမည် ဘဝကတည်းကပင် တစ်နေ့နေ့တွင် စုံဖက်ကြရမည်ကို သိခဲ့ကြလေသည်။ သူတို့နှစ်ယောက် အဖို့ မည်မျှသေချာသနည်းဟူမူ၊ အက်ဒနာသည် ကျောင်းနေစဉ်ကတည်းကပင် ဂျင်မီပေးသော ကလေးကစားစရာ 'မြန်းပြီးလက်စွပ်' အတု ကလေးကို ဝတ်လာခဲ့လေသည်။ ယခုထက်ထိလည်း တစ်ဦးကိုတစ်ဦး အရေးပေးကာ ခင်မင်ကြလေသည်။

ယခုမှာမူ ထိုဘဝကား လွန်ခဲ့လေပြီ။ အက်ဒနာ၏ စိတ်သည် လုံးဝ ပြောင်းလျက်ရှိလေပြီ။ ဂျင်မီက ယင်းသို့ပြောင်းလဲကြောင်း နားမလည်သည်ကိုပင် အက်ဒနာက အံ့သြနေလေသည်။ အက်ဒနာသည် ဝမ်းနည်းဟန်၊ မမာဟန်ဖြင့် ပြုံး၍ သီလရှင်ကျောင်းကြီးဝင်းအတွင်း ဥယျာဉ်ထဲသို့ ဝင်သွားလေသည်။ ဥယျာဉ်တွင်းရှိ လမ်းကလေးမှ ကုန်းပေါ်သို့ တဖြည်းဖြည်းတက်သွားလေသည်။ ယခုကဲ့သို့ပြုလိုက်သဖြင့် ဂျင်မီသည် ဖြေမဆည်နိုင် ဖြစ်ချေတော့သည်။ ဒီဘဝတော့ဖြင့် ဆုံးပြီဟု တွေးထင်ပေလိမ့်မည်။ သို့ရာတွင် အချိန်ကြာလျှင် မေ့တန်ကောင်းပါရဲ့ဟု အက်ဒနာ အောက်မေ့မိလေမည်။ နောက်အနှစ်လေးဆယ်လောက် ကြာလျှင် သူသည် အရွယ်အိုမင်းသော လူကြီးဖြစ်ကာ အက်ဒနာ လုပ်ပုံအဓိပ္ပာယ်ရင်းကို စိစစ်မိပေလိမ့်မည်။ သူ့အဖို့ကား ဟုတ်ပေပြီ။ ငါ့အဖို့ နောင်ရေး ဘယ်သို့နည်း။ အက်ဒနာ တွေးမိလေတော့သည်။

အက်ဒနာသည် ကုန်းထိပ်သို့ ရောက်လေပြီ။ ပန်းပွင့်ဖြူကလေးများ ပွင့်ကိုင်းကလေး အစုံရှိသော ရွက်သစ်မြိုင်နေသည့် သစ်ပင် တစ်ပင်အောက်တွင် ထိုင်၍ သီလရှင်ကျောင်းကြီး ပတ်ဝန်းကျင်ရှိ ပန်းခင်းကလေးများကို လှမ်း၍ကြည့်နေလေသည်။ သူနှင့်အနီးဆုံး ပန်းခင်းတွင် သေးသွယ်နွဲ့နှောင်းသော 'ပင်စီ' ပန်းကလေးများ ပွင့်နေသည်။ ကျောင်း

http://www.cherrythitsar.org

ကြီးအပေါ်တည့်တည့် လေထဲတွင် ခိုကလေးများ ကျွမ်းထိုးနေကြသည်။ ကျောင်းပေါ်တွင် ဆရာကလေးအဂ္ဂနီသည် ဘုရားရှိခိုး အဖွင့်ကို သင်ပေးနေလေသည်။ သီလရှင်က 'အားမိ'ဟု ကြောင်းပေးလိုက်လျှင် သင်နေယူတို့က 'အားမိ'ဟု လိုက်ဆိုကြသည်။

အက်ဒနာသည် ဂျင်မီနှင့်အိမ်ထောင်မပြုလျှင် မည်သူနှင့်မျှ အိမ်ထောင်ပြုလိမ့်မည်မဟုတ်။ သူချစ်သော ပြဇာတ်မင်းသားနှင့် မဖြစ်နိုင်ကြောင်းကို သူသိလေသည်။ ထူးလည်းထူးဆန်းလှသည်။ ထိုမင်းသားကို ချစ်သာချစ်သည်။ သူနှင့် အိမ်ထောင်ပြုချင်စိတ် မရှိချေ။ သူ့အချစ်ကား ကြီးလွန်းလှ၍ အိမ်ထောင်ပြု၍ ဖြစ်နိုင်မည်မဟုတ်။ အချစ်သည်ကား ညှဉ်းဆဲရန်မျှသာဖြစ်သည်။ သူသည်ဆိတ်ဆိတ်နေ၍ ဒုက္ခခံရပေတော့မည်။ ဤချစ်မျိုးကား ဤသို့သာတည်းဟု သူမှန်းဆ တွေးထင်မိလေသည်။

"နေပါဦး အက်ဒနာရယ်။ မင်း စိတ်မပြောင်းတော့ဘူးလား။ ငါ မျှော်လင့်ချက် မရှိတော့ဘူးလားကွယ်"ဟု ဂျင်မီက ငိုမဲ့မဲ့နှင့် မေးလေသည်။

"အို ပြောရမှာ အသည်းနာလှချည့်။ ဒါပေမယ့် မပြောလဲ မပြီးဘဲကိုး။ ဟုတ်တယ် ဂျင်မီ ခင်တော့ စိတ်မပြောင်းတော့ဘူး"ဟု အက်ဒနာက ဆိုလိုက်လေသည်။

ထိုင်လျက်ရှိနေသေးသော အက်ဒနာသည် ခေါင်းငုံ့လိုက်လေသည်။ သူ့ရင်ခွင်ထဲသို့ ပန်းပွင့်ကလေးတစ်ပွင့် ကြွေကျလာသည်။ ဘုရားရှိခိုးသင်နေသော သီလရှင်ဆရာကလေး အဂ္ဂနီက 'အားနိုး'ဟု တိုင်လိုက်ရာ၊ တပည့်များက 'အားနိုး'ဟု လိုက်ဆိုကြသံကို အက်ဒနာ ကြားလိုက်ရလေသည်။

ထိုအခိုက် အက်ဒနာ၏ နောင်ရေးသည် ပွင့်ပွင့်လင်းလင်းကြီး ပေါ်လာလေတော့၏။ ပေါ်လာလေသည့်အလျောက် အက်ဒနာသည် လန့်သွားကာ အသက်ရှူပင် မှားသွားလေသည်။ သူသည် နောက်ဆုံး၌ သီလရှင်ဖြစ်ရတော့မည်။ သူ့မိဘများက သီလရှင်မလုပ်ရန် အမျိုးမျိုး ဖျက်ကြ၏။ ဂျင်မီ၏သောကကိုကား ပြောပြ၍ပင် မဖြစ်နိုင်တော့ချေ။ 'အို... သူတို့တစ်တွေ ငါ့ကို နှိပ်စက်နေကြသလိုပါကလား။ ငါ့စေတနာကို ဖျက်

http://www.cherrythitsar.org

ဆီးကြပါကလား။ လောကကြီးဟာ အလွန်ဆိုးလှတယ်' သူသည် နောက်ဆုံး၌ သူပိုင်သော ရွှေငွေပစ္စည်းတန်ဆာတို့ကို သူ့အချစ်ဆုံး မိတ်ဆွေသူငယ်ချင်းများအား ပေးကမ်းစွန့်ကြလိုက်၏။ သူ့အဖို့ တည်ငြိမ်သော ကျန်ခြေရှိစေကာမူ သူ့မိဘမိတ်ဆွေများအဖို့ကား ပူပန်သော စိတ်နှလုံးနှင့် ရှိကြ၏။ ထိုအခိုက်၌ပင် သူသည် သီလရှင်ဘောင်သို့ဝင်ရန် ကျောင်းသို့ သွားခဲ့လေသည်။ ထိုနေ့ညနေတွင် ပြဇာတ်မင်းသားအား သူငယ်တစ်ယောက်က အထုပ်တစ်ထုပ်ပေးလာသည်။ အထုပ်ထဲတွင် နှင်းဆီဖြူများစွာ ပါရှိသည်။ နှင်းဆီပွင့်များအောက်တွင် အက်ဒနာ၏ ဓာတ်ပုံတစ်ပုံပါလာသည်။ ဓာတ်ပုံနောက်ကျောတွင် 'အမှတ်ရဖို့ မဟုတ်၊ မေ့ပစ်ဖို့သာ' ဟု ရေးထားသည်။ နာမည်လည်း မထိုး။ နေရပ်လည်း မထည့်။ အက်ဒနာသည် သစ်ပင်အောက်၌ပင် ထိုင်လျက်ရှိသေးသည်။ သူသည် အဖုံးနက်နှင့် စာကြည့်တိုက်မှ ငှားလာသောစာအုပ်ကြီးကို ကိုင်လျက်ပင်။ သူသည် သီလရှင်ဘဝတွင် 'အိန်ဂျယ်လာဘွဲ့ကို ခံယူလေသည်။ ဖျပ... ဖျပ ...ဖျပ်နှင့် သူ့ဆံပင်များကို ဖြတ်လိုက်လေသည်။ ဆံပင်တစ်ခွေကို ဂျင်မိထံသို့ ပို့ခွင့်ရပါမည်လော။ မရမရှိစေရအောင် ကြဲဆောင်ရတော့မည်။ ဂါဝန်ပြာဝတ်၍ ခေါင်းတွင် အဝတ်ဖြူစည်းကာ အိန်ဂျယ်လာသည် သီလရှင်ကျောင်းမှသည် ညဘုရားရှိခိုးကျောင်းသို့၊ ဘုရားရှိခိုးကျောင်းမှသည် သီလရှင်ကျောင်းသို့။ ဝမ်းနည်းရိပ် မကင်းသောမျက်လုံးများမှ ကြည်လင်သော အပြုံးကလေး ပြူထွက်ကာ သူ့ထံသို့ ပြေးလာကြသော ကလေးများအား နှုတ်ဆက်ရင်း သွားလာနေလေသည်။ သူတော်စင်ဘဝသို့ ရောက်ပေပြီ။ လူအများက သူ့စကြိတ်စလျှောက်တွင် ကျန်ခြေနှင့် သွားလာနေစဉ် ဤသို့ပင် ပြောကြသည်။ "သူတော်စင်ကလေးပေပဲ" သီလရှင်ကျောင်းသို့ ရောက်လာကြသော ဧည့်သည်တို့အား လူအများက ရုပ်ချော၊ အသံသာ၊ အရွယ်နုသော သီလရှင်ကလေးအကြောင်းကို ပြောကြကုန်၏။ "သူကြောင့်ပေါ့ မြို့ထဲမှာ လူတစ်ယောက် ဒုက္ခကြီး ရောက်နေပါပကော" ဟူ၍လည်း ဆိုကြလေသေးသည်။

http://www.cherrythitsar.org

ပိတုန်းကြီးတစ်ကောင်သည် ပန်းပွင့်ကလေး တစ်ပွင့်ထဲသို့ တွား၍ ဝင်သွားလေသည်။ ပန်းပွင့်ကလေးသည် ယိမ်းနွဲ့ကာနေလေသည်။ ပိတုန်းကြီး ပျံသွားသောအခါ၌လည်း တလှုပ်လှုပ်နှင့် ဝတ်ရည်စုပ်ခြင်း ခံရသည်ကိုပင် ကျေနပ်ကာ ပြုံးရွှင်နေသည်ဟု ထင်ရလေသည်။

အိန်ဂျယ်လာသည် ပန်းကလေးကို ကြည့်ပြီးလျှင် 'အို ဆောင်းရာသီရောက်နေပါပြီကော'ဟု အံ့အားသင့်လျက် ဆိုလေသည်။ တစ်ညဉ့် သူသည် သူ့အိပ်ခန်းထဲတွင် ချမ်းလွန်းလှ၍ ကွေးနေရာမှ အသံတစ်သံကို ကြားရသည်။ ထိုအသံကား ဥယျာဉ်ထဲမှ ထွက်လာသည်။ ခွေးကလေး၊ ကြောင်ကလေး တစ်ကောင်ကောင်၏အသံ ဖြစ်တန်ရာ၏။ ထိုအခါ အိန်ဂျယ်လာသည် အိပ်ရာမှထ,၍ အခန်းတံခါးဖွင့်ပြီးလျှင် တိရစ္ဆာန်ငယ်ကို သွား၍ ပွေ့ခေါ်လာလေသည်။ အပြင်ဘက်တွင် အေးလွန်းလှ၏ သီလရှင်ကလေးသည် ခိုက်ခိုက်တုန်နေလေသည်။

နောက်တစ်နေ့နံနက်တွင် အိန်ဂျယ်လာသည် ဘုရားရှိခိုး ခေါင်းလောင်းသံ ကြားသောအခါ အိပ်ရာမှ မထနိုင်တော့ချေ။ တစ်ကိုယ်လုံး ချစ်ချစ်တောက်မျှ အဖျားတက်၍ ကယောင်ကတမ်း ပြောနေလေသည်။ ဤတောင်မှ ကျော်နိုင်တော့မည် မဟုတ်ချေ။ သုံးရက်အကြာတွင် ကွယ်လွန်ရှာလေသည်။ ဘုရားရှိခိုးကျောင်းကြီးတွင် သရဏဂုံတင်၍ သူ့ရုပ်ကလာပ်ကို သီလရှင်များမြုပ်နှံရာ သချိုင်းကွက်ကလေးတွင် သင်္ကြန်ပွဲလိုက်ကြလေသည်။ မြေပုံပေါ်တွင်ကား လက်ဝါးကပ်တိုင် အဖြူလေးတစ်ခု စိုက်ထားလေသည်။ သီလရှင် အိန်ဂျယ်လာရေ အမျှ...အမျှ...။

ညနေသို့ တိုင်လေပြီ။ တစ်ယောက်ပခုံးကို တစ်ယောက်မှီ၍ တဖြည်းဖြည်း လျှောက်လာကြသော ဧရာအိုမောင်နှံတို့သည် မြေပုံရှေ့သို့ ရောက်ကြသောအခါ ဒူးထောက်၍ ငိုကြွေးကြကုန်၏။

"သမီးရေ ငါတို့တစ်ဦးတည်းသော သမီးလေးရဲ့"

နောက်၊ လူတစ်ယောက် ရောက်လာပြန်သည်။ သူသည် တစ်ကိုယ်လုံး အဝတ်နက်ဆင်ထားလေသည်။ သူသည် ဦးထုပ်ကို ချွတ်လိုက်လေ

http://www.cherrythitsar.org

သည်။ ဦးထုပ်ချွတ်လိုက်၍ ခေါင်းပေါ်မှဆံပင်များ နှင်းရောင်ကဲ့သို့ ဖြူဖွေးနေသည်ကို အိန်ဂျယ်လာ မြင်ရသောအခါ လန့်ထိတ်သွားလေသည်။

"ဂျင်မီရေ ဂျင်မီရဲ့၊ အလွဲကြီး လွဲကြပေါ့နော်"

ဂျင်မီ၏ မျက်နှာတစ်ပြင်လုံး မျက်ရည်များ စိုရွှဲနေလေသည်။ သူသည် ငိုခဲလှ၏။ ယခုမှသာ ငိုလေသည်။

"ငိုပေမယ့် မထူးတော့ဘူးကွယ်။ အချိန်နှောင်းခဲ့ပြီ"

လေတစ်သုတ်သည် သန်ျိုင်းပြင်သို့ ဖြတ်၍ တိုက်လိုက်ရာ အရွက်ကင်းသော သစ်ပင်တို့သည် လှုပ်ရှားသွားကြသည်။ ဂျင်မီသည် စိတ်ထိခိုက်ဖွယ်ဖြစ်အောင် စူးစူးရှရှ အော်၍ ငိုလိုက်လေသည်။

အက်ဒနာ၏စာအုပ်သည် သူ့လက်ထဲမှလွတ်၍ အောက်သို့ ဗုတ်ခနဲကျသွားလေသည်။ သူသည်လည်း အိပ်ရာမှ လန့်နိုးသကဲ့သို့ ရုတ်တရက်ထ,၍ခုန်လိုက်သည်။

"အလိုလေး အချစ်ရေ ဂျင်မီရဲ့၊ အချိန်မနှောင်းသေးဘူးကွယ့်။ ဒါတွေ ဘာမှ မဟုတ်ပါဘူး။ အိပ်မက်၊ အလွန်ကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုးကြီးပါကွယ်။ ခင် သီလရှင် မလုပ်ရသေးပါဘူး။ အို ဘရားရေ သီလရှင် မလုပ်မိတာ ဝမ်းသာစရာကြီးပေါ့။ အခုဆိုရင် အဓိဋ္ဌာန်ကြိုးကြီး ချည်နှောင်ပြီး မရှိတော့ဘူး။ လွတ်လပ်တယ်။ နုနုပျိုပျိုကလေးမို့ ထင်ရာလုပ်နိုင်တယ်"

သူနဲ့ဂျင်မီ လွတ်လပ်ကြပေပြီ။ သူတို့နှစ်ယောက် မင်္ဂလာဆောင်ပြီးလျှင် ဆောက်မည်ဟု ကြံစည်ထားသော အိမ်ကို ဆောက်ရပေဦးမည်။ သူတို့က နှင်းဆီပင်တွေစိုက်သောအခါ နောက်နားက ခါးထောက်၍ လူကြီးကလေးလို ဣန္ဒြေရရနှင့် ကြည့်နေမည့် သားကလေးကိုလည်း မွေးရပေဦးမည်။ ပြီးတော့ သားကလေး၏ နှမကလေးကိုလည်း မွေးရပေဦးမည်။ ဤသို့ တွေးလိုက်ရာ သမီးကလေးအကြောင်းသို့ ရောက်လျှင် အက်ဒနာသည် မိခင်မေတ္တာ လေပြည်ကလေး အတိုက်ခံရ ပြီးနောက် တလန်းလန်းပွင့်နေသော ပန်းပွင့်ကလေးများ၊ ကျွမ်းထိုးနေသော ခိုကလေးများကို လှမ်း၍ကြည့်ကာ စိတ်ကြည်နူးလာသည်။ သာယာသောနံနက်

http://www.cherrythitsar.org

ခင်းသည် လူအပေါင်းတို့အား စိတ်ရွှင်ကြည်စေသကဲ့သို့ပင် သူ့ကိုလည်း ခြွင်းချက်အဖြစ် မထားတော့ဘဲ ကြည်နူးစေပေတော့သတည်း။

သူသည်လည်း တစ်ခါမျှ မကြုံဖူးသော အချစ်အာရုံစစ်ကို ခံစားရလေသည်။

http://www.cherrythitsar.org

ရှင်းပြချက်

ဝတ္ထုတိုအတတ်သည် အလွန် ခဲခက်လှသည်။ ဝတ္ထုတို တစ်ပုဒ်ကို ကျနအောင် ရေးထုတ်ဖို့မှာ ပန်းချီကားတစ်ချပ်ကို ရေးဆွဲတတ်ဖို့ (သို့တည်း မဟုတ်) ပန်ပုရုပ်တုတစ်ခု ထုတတ်ဖို့သကဲ့သို့ပင် ခဲခက်လှ၏။ ဝတ္ထုတိုနှင့်ဝတ္ထုရှည် ကွာခြားချက်တစ်ရပ်မှာ ဝတ္ထုရှည်**(နော်ဗဲလ်)**တွင် စာရေးဆရာက နေရာယူ၍ ရေးချင်ရာကို ရေးထည့်နိုင်သည်။ အကျယ်ချဲ့၍ မိမိ၏ ထင်မြင်ချက်များကို တစ်နည်းနည်းဖြင့် ဖော်ပြနိုင်သည်။ ဇာတ်လမ်း၊ ဇာတ်ကွက်များ အပို ထည့်သွင်းနိုင်ပေသေးသည်။ ဝတ္ထုတို၌ ယင်းသို့ ပွရောင်းရောင်းလုပ်၍ မဖြစ်။ သိပ်သည်းမှုသည် ဝတ္ထုတို၌ အထူးလိုအပ်သော အချက်တစ်ရပ် ဖြစ်သည်။

ဝတ္ထုတိုသည် ဘဝ၏ ပန်းချီကားတစ်ချပ်ပင် ဖြစ်၏။ ရှုခင်းတစ်ခုကို ဖော်ပြသော ပန်းချီကားတစ်ချပ်ပင် ဖြစ်စေကာမူ ထိုရှုခင်း၏ နောက်ကွယ်တွင် တစ်ဘဝလုံး အကျုံးဝင်နိုင်သော အကြောင်းအချက်များ ပါရှိအပ်လှပေသည်။ ဥပမာ ပြပါရစေ။ ယာတောပြင်၌ ယာတဲကလေးရှိသည်။ တဲရှေ့တွင် ကြက်မကြီးနှင့် ကြက်ကလေးများ အစာစားနေကြသည်။ တဲနောက်ဘက်နားတွင် နွားတဲရှိသည်။ နွားတစ်ကောင် ကောက်ရိုးစားနေသည်ကို ခပ်ရေးရေး မြင်ရသည်။ တဲနှင့်မလှမ်းမကမ်း ရှေ့ယွန်းယွန်းတွင် မိန်းမပျိုကလေးတစ်ယောက် ရေခိုးရွက်လျက် တဲဘက်သို့ ခြေလှမ်းနေသည်။ ထိုရုပ်ပုံများပါဝင်သော ရှုခင်းပန်းချီ

http://www.cherrythitsar.org

ကားတစ်ချပ်သည် မြန်မာတောင်သူလယ်သမားတို့၏ ဘဝကို ဖော်ပြလိုက်ပေသည်။ သဘာဝ၏ သာယာမှုနှင့် ယာသမားဘဝ၏ စုတ်ချာမှုတို့ကို တွဲ၍မြင်နိုင်သည်။ ပန်းချီကားထဲတွင် ယာသမားဘဝ၏ အချက်အလက် အစုံအလင် မပါသော်ငြားလည်း ကြည့်ရှုသူ၏ စိတ်ကူးဉာဏ်ဖြင့် ပြန့်ကျယ်စွာ တွေးခေါ်ယူနိုင်သည်။

ဝတ္ထုတိုလည်း ထိုနည်းနှင့်နှင့် ဖြစ်ပေသည်။ အကြောင်းအရာ အချက်အလက် မစုံသော်ငြားလည်း၊ ပါသမျှ အကြောင်းအချက်တို့သည် မပါသော်ငြားလည်း ဆက်စပ် ပေါ်လွင်လျက်ရှိသော အကြောင်းအချက်တို့ကို ညွှန်းလျက်ရှိသည်။ ထို့ကြောင့်ပင် ဝတ္ထုတိုသည် ရေးသူအဖို့အဆုံးသတ်လိုက်စေကာမူ၊ ဖတ်သူအဖို့ မဆုံးသေးပေ။ ဝတ္ထုတို၏ အဆုံးသည်ပင် ဖတ်သူ၏ ခံစားမှုအစ ဖြစ်၏ဟု စာရေးဆရာကြီးတစ်ဦးက ဆိုဖူးလေသည်။

ဝတ္ထုတို၌ သိပ်သည်းမှုသည် အထူး လိုအပ်၏။ ထို့ကြောင့် ရေးသမျှ စကားလုံးတိုင်း၌ လေးနက်သော အဓိပ္ပာယ် ဆောင်ရပေမည်။ စကားပိုဟူ၍ တစ်လုံးမျှ မပါအပ်ပေ။ အကြောင်းအရာများကို ဗာရာဏသီဖွဲ့၍ မဖြစ်နိုင်။ လိုအပ်သော အကြောင်းအချက်များကိုသာ ဖော်ပြအပ်သည်။ လိုအပ်သည် ဆိုသည်မှာ အဘယ်သို့နည်း။ ဝတ္ထုရေးဆရာ၏ တစ်ခုတည်းသော ရည်ရွယ်ချက်အတွက် လိုအပ်သမျှကို သပ်ရပ်တိကျစွာ ဖော်ပြနိုင်စွမ်းသော အကြောင်းအချက်များသာလျှင် လိုအပ်ပေသည်။ ထိုရည်ရွယ်ချက်သည်လည်း လူ့ဘဝကို ညွှန်းသည့် အချက်တစ်ခုခုကို နက်နဲစွာ တွေးခေါ်ယူနိုင်စေရန် ဖြစ်ရပေမည်။

အထက်ပါ အရည်အချင်းများကို မူတည်ပြီးလျှင် ကက်သရင်းမင်းစဖီးလ်ဒ် ရေးသော **သီလရှင်** ဝတ္ထုတိုကို စိစစ်ကြည့်ကြပါစို့။

ဝတ္ထု၏အစ ဝါကျကိုကြည့်ပါ။ 'ဤကဲ့သို့ သာယာသော နံနက်ခင်းတွင် စိတ်ညစ်ညူးသူ တစ်ဦးတစ်ယောက်မျှ ရှိနိုင်မည် မဟုတ်ဟု ထင်ရပေသည်။' ဤဝါကျသည် အပြင်လောကကို သာမန် အမြင်အနေဖြင့် ဖော်ပြလိုက်သည်။ ရာသီဥတု သာယာမှု၌ လူ၏စိတ်ကို အေးမြကြည်လင်စေနိုင်သော သတ္တိရှိသည်ဟု သာမန်အားဖြင့် ဆိုနိုင်၏။ သို့သော် 'ငါတစ်ယောက်အပြင် ရှိမှာ မဟုတ်ပါဘူးဟုလည်း အက်ဒနာက ထင်မြင်လေသည်'ဟူသော ဒုတိယဝါကျသည် ပထမဝါကျကို တစ်နည်းဖြင့် ဖျက်လိုက်ပြီးလျှင် သာမန်အားဖြင့် စိတ်ညစ်ညူးသူ မရှိနိုင်ဟု ထင်ရဖွယ် ဖြစ်စေကာမူ အက်ဒနာမှာကား စိတ်ညစ်ညူးလျက်ရှိကြောင်းကို လေးနက်စွာ ဖော်ထုတ်ပြလိုက်သည်။

http://www.cherrythitsar.org

ထို ပထမ၊ ဒုတိယ ဝါကျနှစ်ခုဖြင့်ပင် ပြင်ပလောကနှင့် အက်ဒနာ၏ ရင်တွင်းအခြေတို့သည် ကလ္လာတစ်ခုစီ ဖြစ်နေကြောင်း ထင်ရှားလေးနက်စွာ ဖော်ပြလိုက်ပေပြီ။ ပထမသည်လည်း အက်ဒနာ၏ အမြင်။ ဒုတိယသည်လည်း အက်ဒနာ၏ အမြင်ပင်ဖြစ်၏။ သို့ရာတွင် ပထမဝါကျသည် အက်ဒနာ၏ အပေါ်ယံစိတ် (ဦးနှောက်မှလာသော အတွေးအခေါ်)ကို ဖော်ပြသည်။ ဒုတိယ ဝါကျသည် သူ့ရင်တွင်း၌ဖြစ်သော အရင်းစိတ်ကို ဖော်ပြသည်။ ဤဝါကျနှစ်ခု ဖြင့်ပင်လျှင် ပြင်ပလောကနှင့် အက်ဒနာ၏ ရင်တွင်းအာရုံတို့သည် ပဋိပက္ခ ဖြစ်လျက်ရှိကြောင်း ဖော်ပြလိုက်သည်။ ဘာကြောင့် သာယာသော အပြင်လောကနှင့် လိုက်လျောအောင် အက်ဒနာ၏ စိတ်က မသာယာလေသနည်းဟူသော သိလိုစောကိုလည်း ဖတ်သူ၌ ပေါ်လာစေသည်။ ရှေ့သို့ဆက်၍ ဖတ်ချင်စိတ် ထွန်းကားစေ ပြုလာပေပြီ။

'အိမ်ပြတင်းတံခါးများ ဖွင့်ထားသည်။ **...**ထီးအရောင်မှာ နီမြန်းမြန်း' အထိ ဝါကျရှစ်ခု ရှိသည်။ ဝါကျတိုများသာတည်း။ ထို ဝါကျရှစ်ခုဖြင့် ပြင်ပလောက သာယာမှုကို ဖွဲ့ဆိုလိုက်သည်။

ပထမအပိုဒ် ပြီးသွားလေပြီ။ ဖတ်သူ၌ မျက်စိထဲတွင် သာယာသော အချိန်အခါ၊ သာယာသော ပြင်ပလောက၌ စိတ်မသာမယာဖြစ်နေရှာသော မိန်းကလေး **အက်ဒနာ**ကို မြင်လာရ၏။ ဘာကြောင့် စိတ်ညစ်ညူးသနည်း။ ထို အမေးသည် အဖတ်တင်လျက်ပင် ရှိနေသေး၏။ အဖြေကို ရနိုးနိုးနှင့် ရှေ့သို့ ဆက်၍ ဖတ်ရလေသည်။

ဒုတိယအပိုဒ်တွင် စိတ်ညစ်နေသည်ဟု သူ့ကိုယ်သူဆိုနေသော အက်ဒနာကို ရုပ်လုံးဖော်ပြသည်။ စိတ်ညစ်သည်ဟုသာ ဆို၍ အက်ဒနာ၏ ပုံပန်းမှာ ပူပုံပန်း မဟုတ်ကြောင်း ဖော်ပြလိုက်သည်။ ယင်းသို့ ဖော်ပြရာ၌ အက်ဒနာ၏ အသက် တစ်ဆယ့်ရှစ်နှစ်မျှသာ ရှိသေးကြောင်း၊ ကျန်းမာဖျတ်လတ်၍ ရှုချင်စဖွယ်ဖြစ်ကြောင်း၊ အပျိုဖြန်းတို့သဘာဝ နွေဦးတွင် ပေါ်ပင်**(ဖက်ရှင်)**ဖြစ်သော ပြောင်းခက်ပန်ထားသော နွေဦး ဦးထုပ်ကိုဆောင်း၍ ပြင်သစ်ပြည်ထွက် ဂါဝန်ပြကလေး ဝတ်ဆင်ထားကြောင်း၊ ထိုအကြောင်းများကို ဖတ်သူအားသိစေညွှန်းလိုက်၏။

ဒုတိယပိုဒ်နောက်ပိုင်းတွင် အက်ဒ်နာက စာကြည့်တိုက်သို့ သွား၍ တစ်ခုခုကို လုပ်ရန် ဆုံးဖြတ်ကြောင်း အကြောင်းကြားလိုက်သည်။

http://www.cherrythitsar.org

တတိယပိုဒ်တွင် အက်ဒနာစိတ်ညစ်ရသည့်အကြောင်းကို စ၍ ဖော်လိုက်သည်။ ရည်းစားနှင့်အတူ ပြဇာတ်ကြည့်ရင်း ပြဇာတ်မင်းသားကို ကြိုက်သည့်စိတ်သည် အက်ဒနာ၏ သန္တာန်တွင်းသို့ ဝင်လာသည် ဆို၏။ အပိုဒ်ကို "သို့ရာတွင် ချစ်သည်ကြိုက်သည်ဆိုသည့် ကိစ္စမှာ အဘယ်နည်း" ဟူသော မေးခွန်းကလေး ချိတ်လိုက်၏။

ထိုမေးခွန်းသည် ပြဇာတ်မင်းသားကို ချစ်ကြိုက်သွားသော အက်ဒနာ၏ မေးခွန်းပင် ဖြစ်၏။

သူ့အဖို့ အဖြေရှာ၍ မရနိုင်သော မေးခွန်းဖြစ်ချေသည်။ သို့ရာတွင် စတုတ္ထအပိုဒ်တွင် အဖြေ ရှာကြည့်စမ်းသည်။

စတုတ္ထအပိုဒ်တွင် အချစ်ဆိုသော အာရုံနှင့် အခြားအာရုံများမတူကြောင်းကို ဖော်ပြသည်။ နောက်ပိုင်းတွင် အချစ်၌ပါသော 'အရူးဓာတ်' ကလေးကို ညွှန်းပြသည်။ အရူးဓာတ်ကြောင့် အကယ်၍ ပြဇာတ်မင်းသားကသာ သူ့ကို ခေါ်လျှင် အက်ဒနာသည် မည်သူ့ကိုမျှ မထောက်ထားဘဲ မင်းသားနောက်သို့ ကောက်ကောက်ပါ လိုက်သွားမည်ဖြစ်ကြောင်း ဆိုလိုက်သည်။

ပဉ္စမအပိုဒ်တွင် ပြဇာတ်မင်းသားကို အက်ဒနာက ဘာကြောင့်သဘောကျသွားကြောင်း၊ ဆဋ္ဌမအပိုဒ်တွင် ထိုသဘောကျချက်ကို အချစ်ဆိုတာ ဒါပါပဲလားဟု တွေးမိကြောင်း ဆိုသည်။

အက်ဒနာ စိတ်ပြောင်းသွားကြောင်း ဖော်ပြပြီးလေရာ စိတ်ပြောင်း၍မသွားခင်က အက်ဒနာသည် သူ့ရည်းစားဂျင်မီနှင့် ကလေးအရွယ် ကတည်းကပင် ချစ်ခင်လာကြပုံကို ဆဋ္ဌမအပိုဒ်တွင် ဖော်ပြထားသည်။ သတ္တမအပိုဒ် အက်ဒနာသည် ဂျင်မီကို ချစ်သောဘဝမှ (ပြဇာတ်မင်းသားကို ချစ်လိုက်ကတည်းက) လွန်ခဲ့ပြီဟု ထင်မိသည်။ သူသည် ဂျင်မီကို သနားသော်လည်း မယူနိုင်တော့သဖြင့် သီလရှင်ကျောင်းဝင်းကြီးထဲသို့ ဝင်၍ သွားသည်။ နောက် အနှစ်လေးဆယ်ကြာလျှင် ဂျင်မီက သူထိုသို့ ပြုလိုက်သည်၏ အဓိပ္ပာယ်ကို နားလည်ကောင်း၏ဟု အက်ဒနာက ထင်မိသည်။ ထိုအတွေးနှင့် တစ်ဆက်တည်းပင် 'ငါ့အဖို့ နောင်ရေး အဘယ်သို့နည်း' ဟု မေးမိသည်။

နောက်အပိုဒ်တွင် သူတက်သွားသော ကုန်းထိပ်နှင့် သီလရှင်ကျောင်း၏ ပတ်ဝန်းကျင်အခြေအနေကို ဖော်ပြထားသည်။ နောက်အပိုဒ်တွင်ကား အက်ဒနာသည် ဂျင်မီကိုလည်း မယူချင်တော့။ ပြဇာတ်မင်းသားကိုလည်း မယူနိုင်။

http://www.cherrythitsar.org

ပြဇာတ်မင်းသားအပေါ်တွင် ထားရှိသော သူ့အချစ်သည်ကား ကြီးမားလွန်း၍ အိမ်ထောင်ပြုစိတ်မရှိဟု သူထင်လေသည်။ 'အချစ်သည်ကား ညှဉ်းဆဲရန်မျှသာ ဖြစ်သည်'ဟု သူထင်မိသည်။

နောက်အပိုဒ်နှစ်ပိုဒ်တွင် ဂျင်မိက သူ့အား သီလရှင် လုပ်ချင်စိတ်မှပြောင်းမလာတော့ဘူးလားဟု မေးရာ၊ သူက ပြောင်းမလာတော့ဘူးဟု ဆိုသော အချေအတင်စကားပြောသံကို ထည့်ထားသည်။

အက်ဒနာသည် သီလရှင်ကျောင်းအနီးတွင် ထိုင်၍နေခိုက် သူ့နောင်ရေးကို ထင်မြင်လာတော့သည်။သူသည်ပစ္စည်းများကို စွန့်လိုက်သည်။ နောက်အပိုဒ်တွင် သူ သီလရှင်ဖြစ်ရပုံကို ဖော်ပြထားသည်။ ရုပ်ချောသော သီလရှင်ကလေးကို ကျောင်းသို့ရောက်လာသော ဧည့်သည်များက စိတ်ဝင်စားစွာ ကြည့်ကြပုံဖော်ပြလိုက်သည်။ "သူ့ကြောင့်ပေါ့၊ မြို့ထဲမှာ လူတစ်ယောက် ဒုက္ခကြီးရောက်နေပါပကော"ဟု အချို့က ဆိုကြသည်။ အက်ဒနာသည် သူ့ကြောင့် ဂျင်မိဒုက္ခရောက်နေပြီဟု သိ၏။

နောက်အပိုဒ်တွင် ပိတုန်းတစ်ကောင်က ပန်းပွင့်ကလေး တစ်ပွင့်မှ ဝတ်ရည်စုပ်နေရာ ပန်းပွင့်ကလေးက ကျေနပ်စွာ အစုပ်ခံနေပုံကို ဖော်ပြလိုက်သည်။ ဤအပိုဒ်သည် အချစ်သဘာဝကို ပုံဟပ်ပြီး ပြခြင်းဖြစ်၏။

နောက်အပိုဒ်တွင် သီလရှင်ကလေး အိန်ဂျယ်လာ(အက်ဒနာ၏ သီလရှင်ဘွဲ့)သည် ဆောင်းတွင်းတွင် ကြောင်ကလေးတစ်ကောင်ကို နှင်းတောထဲမှ ကယ်ရာတွင် သူကိုယ်တိုင် အအေးမိ၍ အပြင်းဖျားကာ သေရာသည်။

နောက်အပိုဒ်တွင် သူသေသဖြင့် သူ့မိဘနှင့် ဂျင်မိတို့ပင် သူ့သချိုင်းသို့လာ၍ ငိုကြုံကို ဖော်ပြသည်။

နောက်အပိုဒ်တွင်ကား အက်ဒနာသည် ကိုင်ထားသောစာအုပ် အောက်သို့ဗုန်းခနဲကျ၍ လန့်နိုးသွားပုံ၊ ရှေ့က အဖြစ်အပျက်များမှာ အိပ်မက်မျှသာဖြစ်ကြောင်း ဂျင်မိနှင့် လက်ထပ်ပြီးနောက် နေရမည့်အိမ်၊ မွေးရမည့်ကလေးနှစ်ယောက် (ပထမသားကလေး၊ နောက်သမီးကလေး)တို့အကြောင်းကိုတွေးကာ ယခင်ကတည်းက သာယာလာခဲ့သော ပြင်ပလောကနှင့် သူ့ရင်တွင်း စိတ်အခြေအနေသည် အဆင်ပြေသွားကာ နောက်ဆုံးအပိုဒ်တွင် 'သူသည်လည်း တစ်ခါမျှမကြုံဖူးသော အချစ်အာရုံစစ်ကို ခံစားရလေသည်'ဟူသော ဝါကျတစ်ခုတည်းဖြင့် ဖော်ပြလိုက်လေသည်။

http://www.cherrythitsar.org

သီလရှင် ဝတ္ထုတိုကို တစ်ပိုဒ်ချင်း ခွဲ၍ ပြခဲ့ပါပြီ။ ရေးပုံရေးနည်းကို ညွှန်ပြခြင်းမျှသာ ဖြစ်ပေသေးသည်။ ဝတ္ထုတို၌ သိပ်သည်းမှုရှိအပ်ကြောင်း၊ဆို လိုသည့်အကြောင်းကို သိမ်မွေ့သောနည်းဖြင့် ဆိုအပ်ကြောင်း ညွှန်ပြခြင်း လည်း ဖြစ်၏။ သိပ်သည်းမှုကို ပြရာ၌ အက်ဒနာသည် အသက်တစ်ဆယ့်ရှစ် နှစ်အရွယ် အပျိုဖြန်းကလေး ဖြစ်သည့်အလျောက် ပြောတတ်မင်းသား 'ပူပုံပန်း' လိုက်သည်ကို စွဲလမ်းသွားရာမှ သူ့ကိုယ်သူ 'ဒါဟာ အချစ်စစ်ပါပဲ'ဟု ထင်မိ မှားပုံ၊ ဂျင်မီကို မချစ်နိုင်တော့သဖြင့် သီလရှင်ဖြစ်ချင်စိတ်ပေါ်လာပုံ၊ သီလရှင် အဖြစ်နှင့် သူ့နောင်ရေး တွေးကြည့်ရာဝယ် သီလရှင်ဘဝသည် ခြောက်သွေ့ ကြောင်း တွေ့ရပုံတို့အား မြင်ထင်လာကြောင်းတို့ကို ပန်းချီတွင် စုတ်ချက်နုနု ကလေးများဖြင့် ရပ်လုံးဖော်သကဲ့သို့ သရုပ်ဖော်သွားသည်ကို တွေ့ရသည်။ နောက်ဆုံး၌ အချစ်စစ်၏ အရသာသည် အရူးထ,ပြီးမှ ပြန်၍ ဒုံရင်းသို့ပြန် ဆိုက်ပြီးသည့်အခါတွင် ပေါ်လာကြောင်း နောက်ဆုံးအပိုဒ်တွင် ဝါကျတိုကလေး တစ်ခုတည်းဖြင့် ဆိုလိုက်ပေသည်။

သီလရှင်ဝတ္ထု တစ်ပုဒ်လုံးကို ခြုံကြည့်လိုက်သောခါ တစ်ဆယ့်ရှစ်နှစ် အရွယ် ချစ်ပါးမဝ,သေးသော မိန်းကလေးတစ်ယောက်၏ စိတ်ကစားပုံ၊ စိတ် ကူးယဉ်ပုံ၊ အချစ်အမိပ္ပာယ် နားလည်ပုံတို့ကို သူ့အတွေး၊ သူ့ အိပ်မက်တို့ ဖြင့် ဖော်ပြထားကြောင်းတွေ့ရသည်။ နောက်ဆုံး၌ သီလရှင် ဘဝ၏ အခြေ အနေကို လက်မခံနိုင်သော သူ့စိတ်ကို သိမြင်သဘောပေါက်လာကာ ဂျင်မီထံ သို့ ချစ်စိတ် ပြန်ရောက်သွားတော့သည်။ ယင်းသို့ ဒုံရင်းသို့ ရောက်ခါမှ အချစ်စိတ်၏ စိတ်အာရုံသည် မည်သို့ပင် လှုပ်ရှားစေကာမူနောက်ဆုံး၌ မိမိ၏ နေရင်းဌာနသို့သာ ပြန်ရောက်ရကြောင်း ပေါ်လွင်စေသည်။

ကက်သရင်းမင်းစဖီးလ်ဒ်သည် နယူးဇီလန်ပြည်သူ ဖြစ်သည်။ ၁၈၉၀– ပြည့်နှစ်တွင် ဖွား၍ ၁၉၂၃ – ခုနှစ်တွင် ကွယ်လွန်သည်။ အင်္ဂလိပ် အယ်ဒီတာ စာရေးဆရာ 'မစ်ဒစ်လ်တန်မာရေး'၏ ဇနီး ဖြစ်သည်။ သူ့ ဝတ္ထုများမှာ အဓိပ္ပာယ်လေးနက်၍ နူးညံ့သိမ်မွေ့သောကြောင့် ထူးခြားလှပေသည်။ သူ့ဝတ္ထု များတွင် ဇာတ်ကောင်များ၏ အတွေးကလေးများနှင့် ဇာတ်လမ်းဇာတ်ကွက် ဖော်ပြချက်များ ရောနှော၍ ရေးထားတတ်သဖြင့် ဖတ်တတ်ဖို့ အတော်ပင် လိုသည်။ ဇာတ်လမ်းဇာတ်ကွက်ဟုသာ ဆိုရသည်။ စင်စစ်အားဖြင့် ပြောပ လောက်အောင် မရှိပေ။ စိတ်၏ လှုပ်ရှားမှုကို ဖော်ပြသောကြောင့် ဇာတ်လမ်း

http://www.cherrythitsar.org

ဇာတ်ကွက်ဟု ခေါ်နိုင်ဖို့ ခဲခက်လှ၏။ ထို့ကြောင့် သူ့ဝတ္ထုများကို အကျဉ်းချုပ်ရေးလျှင် ပျက်စီးလိမ့်မည်။ သူ့အနုပညာကို စော်ကားရာကျမည်။ သူ့ဝတ္ထုများ၏ အရသာကို ခံစားလိုပါမူ ဝတ္ထုမူရင်းကိုသာ ဖတ်သင့်သည်ဟု ဝေဖန်သူများက ဆိုကြသည်။

ဇာတ်လမ်းကောင်းရမည်။ ဇာတ်အိမ်ခိုင်ရမည်။ အချိတ်အဆက် ကောင်းရမည် စသည့် လိုအပ်ချက်များကို တင်ပြသူတို့အဖို့ ကက်သရင်းမင်းစဖီးလ်ဒ်၏ ဝတ္ထုတိုများနှင့် အံမကိုက်ချေ။ ဇာတ်လမ်းကောင်းရမည်။ အချိတ်အဆက် ကောင်းရမည်။ ဖတ်သူ၌ ရင်တဖိုဖို ဖြစ်ရမည် စသည့် အချက်အလက်များ ဖြင့် ပြည့်စုံရုံနှင့် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်သည်ဟု မဆိုသာပေ။ အရေး အသားကောင်း၍ ဖတ်သူတို့ အာရုံကို ဆွဲဆောင်နိုင်ရုံနှင့်လည်း ဝတ္ထုတို ကောင်းဟု မဆိုသာ။ အရေးအသား မည်မျှပင် ကောင်းစေကာမူလည်း လူ့ သဘာဝ လူ့စရိုက်တို့ကို သရုပ်မဆောင်လျှင် (သရုပ်ဆောင်ရာ၌ မအောင်မြင် လျှင် ထိုဝတ္ထုတိုမှာ စာပေအရာမြောက်သည်ဟု ဆိုနိုင်ဖို့ ခဲယဉ်းလှချေသည်။

စာပေအရာမြောက်သော ဝတ္ထုတိုဟု ဆိုရာ၌ ဖတ်၍ ကောင်းခြင်းထက် လေးနက်သော အတွင်းခံ အဓိပ္ပာယ်ပါရှိခြင်းက ပို၍ အရေးကြီးသည်။ သီလရှင်ဝတ္ထုတိုကို တစ်ခေါက်မက ဖတ်ကြည့်စေလိုပါသည်။ ပထမအခေါက် နှင့် ဒုတိယအခေါက် အရသာချင်းကွာကြောင်း သိလာပေမည်။ ဝတ္ထုကို အပျင်း ပြေ ဖတ်လိုသူသည် သီလရှင်ကိုဖတ်ပြီးလျှင် စိတ်ပျက်၍ ပစ်ပယ်ပေလိမ့်မည်။ လူ့သဘာဝကို တစေ့တစောင်း ကြည့်လိုသူသည် တစ်ခေါက်မက နှစ်ခေါက် သုံးခေါက် ဖတ်လိုက်ခြင်းဖြင့် မြင်လာနိုင်ပေလိမ့်မည်။ စာပေအရာသာကို ခံစား လိုသူသည် အစားအစာ၏ အရသာ ခံစားရာ၌ ဖြည်းဆေးညက်ညော စွာ ဝါးခြေ ရန် ဝန်မလေးသည့် နည်းအတိုင်းပင်၊ စာကို ညက်ညက်ညောညော ဖတ်သင့် လှပေသည်။

http://www.cherrythitsar.org

http://www.cherrythitsar.org

၉။ ပြန်ပေး
ပါးလ်ဗတ် ရေးသည်

ဘီသိဗင် တီးလုံးသည် ရုတ်တရက် ရပ်သွား ပြီးလျှင် ကြည်လင်ပြတ်သား၍ ရေဒီယိုမှ ပြောနေကျ အသံမျိုးနှင့် အောက်ပါသတင်းကို ကြေညာလေသည်။

'ရေဒီယို သတင်းတစ်ရပ်အဆိုမှာ ပြန်ပေးဆွဲခံရသော ဂျင်မီလိန်း၏ အလောင်းကို ဟတ်ဆင် မြစ်ကမ်းရှိ သူ၏ အိမ်အနီးတွင် တွေ့ရသည်။ ဂျင်မီလိန်းမှာ မစ္စတာဟတ်ဒလီလိန်း၏ သားငယ်ဖြစ်သည်။ သားကလေးကို ပြန်ပေးဆွဲသွားသည့် အချိန်မှစ၍ မိဘများနှင့် ရဲအဖွဲ့ကပါ အပူတပြင်း လိုက်လံရှာဖွေခဲ့ရာ ယခုမှာမူ ရှာရကျိုးမနပ် ဖြစ်ရတော့သည်'

"ကင့် ရေဒီယိုကို ပိတ်လိုက်စမ်းပါ"ဟု အယ်လင်က အော်ပြောလိုက်သည်။

ကင့်ကရော့သားကို တစ်စက္ကန့်မျှ ယောင်ကန်းကန်းလုပ်နေပြီးမှ ရေဒီယိုကို ပိတ်လိုက်လေသည်။

အယ်လင်သည် သူ၏အောက်နှုတ်ခမ်းကို ကိုက်ရင်း ငြိမ်သက်စွာ ထိုင်နေရာမှ "အင်း... ကလေးအမေတော့ သနားစရာပဲ။ မမောမပန်း ရှာရကျိုးမနပ် ဖြစ်ရပေလေတယ်"ဟု ဆိုလေသည်။

http://www.cherrythitsar.org

"ကလေးဘာဖြစ်မှန်း မသိရဘဲ တရှာတည်း ရှာရတာနဲ့စာရင် အခု လို ပြတ်ပြတ်သားသား သိလိုက်ရတာမှ ကောင်းသေးတယ်"ဟု သူ့ ခင်ပွန်းသည်ကင့်က လေသံအေးအေးနှင့် ပြောလိုက်လေသည်။

ကင့်သည် သူ့ဇနီးသည်အား ပြန်ပေးကိစ္စကိုချည်း တွေးပြီးလျှင် အကြောက်ပိုနေရန် မသင့်ကြောင်း ပြောပြရန် အခါကောင်း ကြုံပြီဟု အောက်မေ့မိလေသည်။ အမေရိကန်ပြည်ကြီးတွင် ရှိသမျှ ကလေးများကို ပြန်ပေးဆွဲကြသည်မဟုတ်။ အကြောင်းကံ မကောင်းသည့် ကလေး အချို့ကိုသာ ပြန်ပေးဆွဲကြသည်။ ထို့ကြောင့် အရမ်းကာရော စိုးရိမ်နေ စရာမလိုဟု သူက သူ့ဇနီးကို နားလည်အောင် ပြောပြလိုလှသည်။ သူတို့ အဖို့ သူတို့၏ ကလေးများအတွက် အစောင့်အရှောက်များ ထားပေးနိုင် လောက်အောင်လည်း မချမ်းသာ။ သို့ရာတွင် စက္ကူစက်ရုံတစ်ရုံ ပိုင် သဖြင့် အရပ်ထဲတွင် အချမ်းသာဆုံး ဖြစ်နေပေရာ ပြန်ပေးတို့ မျက်စိ မစူးဘူးဟုလည်း မဆိုသာပေ။

မည်သို့ပင် ဖြစ်စေကာမူ ပြန်ပေးကို ကြောက်အားပိုပြီးလျှင် စိတ် သောက များနေရန် မသင့်လှချေ။ မိမိတို့မှာ ပြန်ပေး မျက်စိကျလောက် အောင် သိန်းသန်းချီပြီး၊ ချမ်းသာသူများ မဟုတ်ဟု အောက်မေ့ကာ စိတ် သက်သာရာ ရှာကြရပေမည်။ ထိုသို့ သဘောထားရန်မှာ ယခု အချိန်တန် ပြီဟု ကင့် ထင်မိ၏။ အကြောင်းသော်ကား လာမည့် ဆောင်းဦးတွင် သားကလေး ဘရစ် ကျောင်းစ၍ တက်ရတော့မည် ဖြစ်သောကြောင့်ပင်။ ဘရစ်သည် အခြားသော သန်းပေါင်းများစွာသော အမေရိကန်ကလေး များနည်းတူ ကျောင်းသို့ ခြေကျင် သွားရပေမည်။ အကွက် သုံးကွက်မျှ သာ ဝေးကွာသော ကျောင်းသို့ မော်တော်ကားနှင့် ပို့ရန်မသင့်ဟု ကင့် ထင်မိသည်။ အပြင်ခိုင်းအစေခံ ပိတာအား ကားနှင့် ပို့စေပါမူ ကလေး အကျင့် ပျက်စီးနိုင်သည်။ ဒီမိုကရေစီနိုင်ငံ၌ ဘရစ်သည် လူထုကြားထဲ တွင် သွားလာနေထိုင်နိုင်ဖို့ အကျင့်လုပ်ရပေမည်။

"ကျွန်မ ကလေးတွေ စောင်သွားခြုံပေးလိုက်ဦးမယ်။ ဘက်စိက စောင်ကို ခွာခွာပစ်တတ်တယ်"ဟု အယ်လင်က ဆို၍ ထွက်သွား လေသည်။

http://www.cherrythitsar.org

သူ့သားနှင့်သမီး အိပ်ရာထဲမှာ ရှိမရှိ သိချင်၍ စောင်ခြုံရန် သွားမည်ဟု ဆိုသည်ကို ခင်ပွန်းသည် ကင့်က သိလေသည်။ ကင့်လည်း ဆေးတံညှိပြီးလျှင် အယ်လင်နောက်မှ လိုက်သွားသည်။ သူတို့ နှစ်ယောက်သည် လက်တွဲ၍ လှေကားပေါ်သို့ တက်သွားကြသည်။ အယ်လင်သည် အခန်းတံခါးကို ညင်သာစွာဖွင့်လိုက်သည်။ အယ်လင်၏ ကြောက်စိတ်မှာ ကင့်ကိုပင် ကူးစက်ချင်သလိုလို ဖြစ်တော့သည်။ ကလေးများ အိပ်ခန်းတံခါး ဖွင့်သည့်အခါတိုင်း၌ ကင့်သည် အသည်းထိတ်မိ၏။ ခုတင်ကလေး နှစ်လုံးပေါ်တွင် ကလေးများ တစ်ယောက်စီ အိပ်မောကျနေသည်ကို မြင်လိုက်ရမှ ရင်ထဲက အလုံးကြီး ကျသွားလေတော့သည်။

ကလေးများသည် သူတို့ ခုတင်ပေါ်တွင် အိပ်နေကြသည်။ ကင့်သည် ဘရစ်၏ ခုတင်အနီးတွင်ရပ်၍ သားကလေးကို ငုံ့ကြည့်လိုက်သည်။ အတော် ရုပ်ရည်သန့်တဲ့ ကောင်ကလေးပဲဟု တွေးမိသည်။ ကလေးသည် အိပ်မောကျနေသဖြင့် သူ့မိခင်က သူ့မျက်နှာကလေးကို ငုံ၍ နမ်းသော်လည်း မနိုးပေ။ ကလေး၏ ဆံပင်မှာ နက်၍ ကောက်လိမ်နေသည်။ နှုတ်ခမ်းကလေးမှာ စူလျက်။ အသားကလေး ခပ်ညိုညိုပေမယ့် မျက်လုံးမှာ သူ့အမေ အယ်လင်၏ မျက်လုံးကဲ့သို့ ပြာလဲ့လဲ့ ရှိသည်။

သူတို့ နှစ်ယောက်သည် စကားတစ်ခွန်းမျှ မပြောကြပေ။ အယ်လင်သည် ကလေး၏ လက်မောင်းတစ်ဖက်ပေါ်သို့ စောင်ကိုဆွဲ၍ လွှမ်းပေးလိုက်သည်။ သူတို့နှစ်ယောက်သည် ကလေး၏ ခုတင်အနီးတွင် လက်ချင်း ဆုပ်၍ ရပ်နေကြသည်။ အယ်လင်က ကင့်ကို မော့ကြည့်ရင်း ပြုံးလိုက်သည်တွင် ကင့်က သူ့ဇနီးကို ငုံ့၍ နမ်းလိုက်လေသည်။ ထို့နောက် ကင့်က အယ်လင်၏ပခုံးကို ဖက်လိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်သည် ဘက်စီ၏ အိပ်ခန်းသို့ ထွက်သွားကြလေသည်။

ကင့်သည် သားကလေးဘရစ်အား အခြား ယောကျ်ားကလေးများနည်းတူ မိမိကိုယ်ကို စောင့်ထိန်း၍ သွားလာစေလိုသော်လည်း သူ့သမီးကလေး ဘက်စီအတွက် စိတ်မချချေ။ သမီးကလေးမှာ သူ့မအေ၏ ရွှေရောင်ဆံပင်မျိုးရှိ၍ သူ့မျက်လုံးများမှာ ဖအေတူ ဖြစ်လေသည်။

http://www.cherrythitsar.org

ဘက်စီကလေးသည် အသက်ရှူ တစ်ခါတစ်ခါ ပြင်း၍နေသည်။

'ကလေး နှာစေးတာ ဘယ့်နယ်နေသေးသလဲ'ဟု ကင့်က သူ့ဇနီး အား တိုးတိုးမေးလိုက်သည်။

"သိပ်မဆိုးတော့ပါဘူး။ ရင်ဘတ်မှာ ပလတ်စတာ ကပ်ထားတယ်" ဟု အယ်လင်က တိုးတိုး ပြန်ပြောလေသည်။

ဘက်စီကလေး တစ်ခုခုဖြစ်လျှင် ကင့်သည် အမြဲတမ်း ဒေါသ ဖြစ် မိသည်။ အထိန်း မော်လီကို မယုံကြည်လှချေ။ မော်လီမှာ သဘော သကာယ ကောင်းသော်လည်း ပေါ့ပေါ့တန်တန် နေတတ်သည်။

ဘက်စီသည် လူးလှိမ့်၍ မျက်လုံးကလေးများ ဖွင့်ကြည့်လိုက်သည်။ မျက်တောင်ကလေးများ ပေကလပ် ပေကလပ်လုပ်ရင်း ပြုံးကာ သူ့ဖခင် အား လက်လှမ်းနေလေသည်။

"မချီပါနဲ့ မောင်ရယ်။ အကျင့်ပါနေဦးမယ်"ဟု အယ်လင်က ပြောလိုက်သည်။

ကင့်ကလည်း ကလေးကို မချီပေ။ လှမ်းနေသော လက်ကလေးများ ကိုတစ်ဖက်ပြီးတစ်ဖက် သာသာကလေးချ၍ စောင်လွှမ်းပေးလိုက်လေသည်။

"ကဲ... သမီးအိပ်တော့"ဟု ကင့်က ဆိုလိုက်ရာ ဘက်စီသည် တစ် ဖက်သို့ လှည့်၍ မျက်စိမှိတ်သွားလေသည်။ ချစ်စရာ၊ သနားစရာကလေး ပေတည်း။

"လာ မီးမှိတ်လိုက်ကြရအောင်"ဟု အယ်လင်က တိုးတိုး ပြောပြီး လျှင် မီးမှိတ်လိုက်လေသည်။ ထို့နောက် သူတို့နှစ်ယောက် ခြေဖျား ထောက်၍ အိပ်ခန်းထဲမှ ဧည့်ခန်းထဲသို့ ထွက်သွားကြလေသည်။

ကင့်သည် ထိုင်၍ ဆေးတံဖွာနေလေသည်။ သူ့၌ အယ်လင်ကို ပြောစရာတွေ အများကြီး ရှိသည်။ သူတို့ ကလေးများအတွက် ဘာမျှ စိုးရိမ်စရာ မရှိကြောင်း ပြောထားမှ ဇနီးစိတ်ချမ်းသာမည်။ သူ့ဇနီး သောကကင်းမှ သူလည်း စိတ်ချမ်းသာပေမည်။

"ပြန်ပေးဆွဲတယ်ဆိုတာ မိုးကြိုးပစ်သလိုပဲ။ လူတစ်သိန်းမှာ တစ် ယောက်လောက် မိုးကြိုးပစ်ခံရတာနဲ့ မိုးကြိုးပစ်မှာ ကြောက်နေလို့

http://www.cherrythitsar.org

ဘယ်ဖြစ်မလဲ။ ပြန်ပေးဆွဲခံရတဲ့ ကလေးတစ်ယောက်ရှိရင် အဆွဲမခံရတဲ့ ကလေး တစ်သိန်းလောက်ရှိတယ်။ ဒီတော့ ကလေးတွေအဖို့ ဘာမှ စိတ်မချစရာ မရှိဘူးကွယ်"ဟု ကင့်က စကားပလ္လင်မဆင့်ဘဲ ပြောလိုက်လေသည်။

အယ်လင်သည် မီးလင်းဖိုအနီးရှိ ကုလားထိုင်တွင် ထိုင်နေရာမှ ကင့်က ထိုသို့ ရုတ်တရက်ပြောလိုက်သဖြင့် ကင့်ဘက်သို့ လှည့်ကြည့်မိသည်။ "ကင့် တကယ်လို့များ တစ်ယောက်ယောက်က အိမ်ပေါ်ထပ်မှာ အိပ်နေတဲ့ ကလေးတွေကို ပြန်ပေးဆွဲသွားရင် ဘာလုပ်မလဲ။ မှန်မှန်ပြောစမ်းပါ"ဟု အယ်လင်က ပြောလိုက်သည်။

"ဟာ အဓိပ္ပာယ် မရှိတာဘဲကွာ။ အခု ငါ ပြောနေပါပကောလား။ ပြန်ပေးဆွဲတယ်ဆိုတာ အတော်နဲ့ ဖြစ်နိုင်တဲ့ ကိစ္စ မဟုတ်ပါဘူးလို့။ ဟောဒီ သတင်းစာတွေကိုက အသုံးမကျပါဘူးကွာ။ တိုင်းပြည်မှာ ဘာဖြစ်မလဲ၊ ဖြစ်တယ်ဆိုရင် သူတို့က အကြီးအကျယ် လုပ်ရေးပြီး ထစ်ခနဲ သတင်းစာထဲ ပါတော့တာပဲ"

"ဂျိန်းအဲလီယက်က ပြန်ပေးမှုသုံးမှုမှာ တစ်မှုလောက်သာ သတင်းစာထဲ ပါတာတဲ့"ဟု အယ်လင်က ပြောလိုက်သည်။

"အို ဂျိန်းကိုယ်တိုင်က သတင်းထောက်မ ဖြစ်နေတော့ ဒီလိုပြောမှာပေါ့ကွာ။ သူပြောတဲ့စကားကိုလဲ အဟုတ်ချည်း အောက်မေ့မနေနဲ့ဦးလေ"

"ဂျိန်းကိုယ်တိုင် ပြန်ပေးဆွဲမှုတွေ လိုက်ပြီး သတင်းထောက်နေတာမောင်ရဲ့။ ဒီတော့ သူပြောတာ မှန်မှာပေါ့။ တစ်နေ့ကလဲ မိုင်းယက်ရဲ့ ကလေး ပြန်ပေးဆွဲသွားတဲ့ အကြောင်း ပြောနေသေးတယ်"

အယ်လင်၏ အသံမှာ စိုးရိမ်မှု ပယောဂကြောင့် တုန်၍ နေသည်။ ကင့်သည် ထိုအခိုက်အခါမျိုးတွင် သူ့ဇနီးအား စိုးရိမ်မှု ကင်းသွားအောင် ပြောပြဖို့ အချိန်တန်ပြီဟု တွက်မိလေသည်။ အယ်လင်သည် ထိုပြန်ပေးကိစ္စကို စိတ်စွဲနေသည်။ ဘရစ်ကို မမွေးခင်ကတည်းက သူ့ကို စိုးရိမ်

http://www.cherrythitsar.org

တကြီးနှင့် မေးလေ့ ရှိသည်။ တစ်ခါတစ်ရံ ညကြီးမင်းကြီး အိပ်ရာထဲတွင် သူ့ကိုနှိုး၍ 'မောင် တကယ်လို့များ'ဟု မတင်မကျ ပြောရှာသည်။

"ဘာလဲကွ။ ဘာ တကယ်လို့များလဲ"

"တကယ်လို့များ အယ်လင်တို့ ကလေးကို ပြန်ပေးဆွဲရင် မောင် ဘာလုပ်မလဲဟင်"

"အိုကွာ အယ်လင်ကလဲ ကြဲကြီးစည်ရာ။ ဘာမှ မဖြစ်နိုင်တဲ့ဟာ တစ်ခုကို ဖြစ်များ ဖြစ်ရင်ဆိုပြီး အလကားပူနေတယ်။ ဘယ်ကလာ ပြန်ပေးဆွဲရမှာလဲကွ"

ယင်းသို့သာ ပြောရသည်၊ ကင့်စိတ်ထဲ၌လည်း စိုးရိမ်သလိုလို ဖြစ်လာလေတော့သည်။ ဘရစ်ကလေး မွေးပြီးကတည်းက ပြန်ပေးမှုများကို သတင်းစာထဲတွင် ပါလာတိုင်း အထူးဂရုစိုက်၍ ဖတ်လေသည်။

ယခုလည်း အယ်လင်က စိုးရိမ်တကြီး မေးမြဲအမေးကို မေးပြန်လေပြီ။

"အချစ်ရယ် ပူမနေပါနဲ့။ အလကားနေရင်း ကြောက်နေမယ့်အစား တကယ်လို့များ ဖြစ်လာရင် ဘာလုပ်မယ်ဆိုတာကို တိတိကျကျ တွေးထားပါ့မယ်။ စိတ်သာ ချနေပါ"

"ဟုတ်တယ်မောင်ရဲ့။ အယ်လင်လဲ အလကား ကြောက်မနေချင်ပါဘူး။ တကယ်လို့များ ဖြစ်လာရင် ဘာလုပ်ရမယ်ဆိုတာ သိထားနှင့်ရင် အယ်လင် မကြောက်တော့ပါဘူး မောင်ရယ်"

"အင်း တချို့လူတွေတော့ ကလေးတွေ ကြီးပြင်းအောင် မွေးလာပေမယ့် ပြန်ပေးကိစ္စကို တစ်ခါမှ ထည့်စဉ်းစားမိကြမယ် မဟုတ်ဘူးနော်"

အယ်လင်က "စဉ်းစားမိကြမှာပေါ့။ အထူးသဖြင့် အမေလုပ်သူတွေတော့ ဒီအကြောင်းကိုပဲပြောနေကြတယ်"ဟု ဆိုလေသည်။

"အိုကွာ ဒီအကြောင်း မပြောဘဲနေကြရင် ပိုကောင်းမယ်။ ပြောတော့ အလကား အစိုးရိမ် ပိုနေကြမှာပေါ့"

"ကဲလေ တကယ်လို့များဖြစ်လာရင် ဘယ်လိုလုပ်ကြမလဲဆိုတာ ကျွန်မတို့ စဉ်းစားနေကြတယ် မဟုတ်လား"

http://www.cherrythitsar.org

"အင်း ဟုတ်သားပဲ။ ဟုတ်တယ်။ အခုနေက စဉ်းစားထားရင် အရေးကြုံလာတော့ ဗျာမများရဘူး"

"ကဲ... ကျွန်မတို့ ဘယ်လို လုပ်ကြမလဲ"

"စဉ်းစားထားတာတော့ ဟုတ်ပါပြီ။ တကယ်ဖြစ်ဖို့ ဆိုတာတော့ သိပ်ခဲယဉ်းတယ်။ အဲဒီအချက်ကိုလဲ အယ်လင်က အမြဲစိတ်မှာ ထားရမယ်နော်။ ဟုတ်လား"

အယ်လင်က ခေါင်းညိတ်လိုက်သည်။

"ငါတော့ ငါ့ကလေး တစ်ယောက်ယောက် ပြန်ပေးဆွဲခံရရင် ချက်ချင်းရဲအဖွဲ့ တိုင်လိုက်မှာပဲ"

"ဘယ်ရဲမျိုးလဲ။ မိုက်အိုဘရိုင်းယန်းတို့ကို နှုတ်မလုံတဲ့ ရဲမျိုးလား။ သူ့လိုဟာမျိုးသာ ပြောလိုက်ရင် သတင်းထောက်တွေ ပြောလိုက်မှာပဲ။ ဒီ အမှုမျိုးဟာ သတင်းစာထဲပါရင် ပြန်ပေးဆွဲခံရတဲ့ လူအဖို့ အသက်စိုးရိမ် ရတယ်လို့ ဂျိန်းက ပြောတယ်"

"ဘယ်ရဲမျိုးလဲဆိုတာတော့ ပြည်ထောင်စုရဲအဖွဲ့ကို တိုင်မယ် ပြောတာပါ။ ရဲအဖွဲ့က စုံထောက်အဖွဲ့ကိုတစ်ဆင့် အကြောင်းကြားလိမ့်မပေါ့"

"ရဲကို တိုင်တယ်ဆိုတာ ဘယ်လိုတိုင်ရမှာလဲ"

ကင့်သည် ထို အမေးကို မဖြေနိုင်ချေ။ "ဒါတော့ မသိသေးဘူး။ ဒါပေမယ့် စုံစမ်းထားပါ့မယ်။ အရေးကြီးတာက ဒီလိုဖြစ်လာရင် ဘယ်လမ်းကို လိုက်မယ်ဆိုတာကို ပထမ ဆုံးဖြတ်ထားဖို့ပဲ။ ငါတော့ ပြန်ပေးဆွဲရင် ငွေပေးပြီး မရွေးဘူး။ အဲဒီလို ဆုံးဖြတ်ထားတယ် အယ်လင်။ ငွေပေးရွေးနေသမျှ ပြန်ပေးကောင်တွေ ဆက်ပြီး သောင်းကျန်းနေဦးမှာပဲ။ သူတို့ကို အားပေးတာနဲ့ တူနေမယ်။ ဒီတော့ ဒီ ကိစ္စမျိုးမှာ သတ္တိနဲ့ကြံ့ကြံခိုင်ခိုင် ခံနိုင်အောင် ကြိုးစားရမယ်။ ဒီတော့မှလဲ ပြန်ပေးကောင်တွေ နောက်ထပ် မလုပ်ရဲဘဲ ဖြစ်သွားမယ်"

ကင့်ပြောသော စကားကို အယ်လင်က သဘောပေါက်ပုံ မရချေ။ သူက ပြန်ပြောသော လေသံမှာ အတော်ပင် နိမ့်၍ ကြောက်အား ပိုနေပုံရသည်။

http://www.cherrythitsar.org

"ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ ကင့်ရယ်။ ငွေပေးပြီး မရွေးဘူးလို့ ဆုံးဖြတ်ထားပေမယ့် အကျပ်ကြုံလာရင် ပေးရမှာပေါ့။ တကယ်လို့ ဘရစ်ကလေး ဆွဲခေါ်သွားကြပြီ ဆိုပါတော့။ ဆောင်းတွင်းကြီးမှာ ကလေးကို ညဝတ်အင်္ကျီကလေးနဲ့ ဆွဲခေါ်သွားကြပြီဆိုရင် ကလေးခမျာ လူဆိုးလက်ထဲမှာ သိပ်ဆင်းရဲနေရှာမှာပေါ့။ ဒီလိုဆိုရင် ဘာပဲလုပ်ရလုပ်ရ ကလေးကို ကယ်ရမှာပဲ။ ကိုယ့်ကလေးကို ပြန်ရအောင် ငွေဘယ်လောက်ပဲ ပေးရပေးရ ရွေးယူရမှာပေါ့"

"တော်ပါတော့ကွာ။ မင်းက ဒီလိုပြောရင် ဒီစကား ဆက်မပြောနိုင်တော့ဘူး"

"မဟုတ်ဘူး ကင့်။ အယ်လင်တော့ ပြောချင်သေးတယ်။ ဒီ ကိစ္စကို ဆက်ဆွေးနွေးကြရဦးမယ်။ အင်း... အယ်လင်တော့ စိတ်ပူရတာမို့ စိတ်အေးချင်လှပါပြီ" ဟု အယ်လင်က လေသံကလေးနှင့် ပြောလိုက်သည်။

"ဒီလာ"ဟုဆိုကာ ကင့်က အယ်လင်ကို ဆွဲ၍ သူ့ဘေးနားတွင် ကပ်ထိုင်စေသည်။ "ကဲ... ငါတို့ကလေးတွေကို မင်းချစ်သလို ငါလဲ ချစ်တာပဲ ဆိုတာ မင်းသိရဲ့ မဟုတ်လား။ ငါလဲ မင်းလိုပဲ ကလေးတွေ အတွက်ဆိုရင် ဘာပဲ လုပ်ရလုပ်ရ လုပ်မှာပေါ့။ ကလေးတွေ ဘေးကင်းဖို့ အကောင်းဆုံး နည်းအတိုင်း လုပ်ရမှာပဲ"

"အကောင်းဆုံး နည်းဆိုလို့ ကျွန်မတို့ ဘာလုပ်ရမယ်မှ သိကြတာမဟုတ်ဘူး"

"ပြန်ပေးဆွဲရင် ငွေပေးရွေးတာဟာ ဥပဒေနဲ့ မညီညွတ်ဘူးလို့ လွှတ်တော်က အတိအလင်း မပြဋ္ဌာန်းမချင်း ပြန်ပေးမှုတွေ ပေါ်နေမှာပဲ။ တစ်ယောက်ယောက်က စပြီး သတ္တိကောင်းကောင်းနဲ့ ငွေပေး မရွေးဘူးလို့ လုပ်လိုက်မှ ဒီကိစ္စ ဖြစ်မြောက်မှာ။ ဒီမိုကရေစီနိုင်ငံမှာ ဥပဒေဆိုတာ လူထုက စပြီးလုပ်မှ အစိုးရက လူထုအလိုကို လိုက်ပြီး ပြဋ္ဌာန်းပေးရတာ"

"ပြန်ပေးတွေက ရဲကိုမတိုင်ရဘူးဆိုရင် ဘယ့်နယ်လုပ်သလဲ"

http://www.cherrythitsar.org

အယ်လင်က တကယ်ဖြစ်နေသလို ပြတ်ပြတ်သားသား မေးလိုက်သဖြင့် ကင့်မှာ အံ့အားကြီး သင့်သွားလေသည်။

"ဒါကတော့ ပြန်ပေးကောင်တွေကို ကြောက်ပြီး အညံ့ခံမလား၊ ကိုယ့်မူအတိုင်း လုပ်မလားဆိုတဲ့ အပေါ်မှာ တည်နေတာပေါ့"

"မူတွေဘာတွေ အသာထားစမ်းပါ ကင့်ရယ်။ ကိုယ့်ကလေးဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ မှန်မှန်ပြောစမ်းပါ"ဟု အယ်လင်က ကင့်အား တကယ်ပင် ဖြစ်ပျက်နေသဲ့သို့ အပူတပြင်း မေးလေသည်။

"မှန်မှန်ပြောရမယ်ဆိုရင် ငါတော့ ငွေမပေးဘူးဆိုတဲ့ မူအတိုင်း ကြည့်လုပ်မှာပဲ။ တစ်နည်းတစ်လမ်းတော့ ဖြစ်လာဦးမှာပေါ့"

ကင့်သည် သူပြောသောစကားကို ယုံဟန်မရှိသော သူ့ဇနီး၏ မျက်လုံးများကို ငေးစိုက်ကြည့်နေလေသည်။

* * *

"ဘယ်လိုဖြစ်တယ်ဆိုတာ သေသေချာချာ မှတ်မိအောင် ပြန်စဉ်းစားစမ်း။ နင်သူ့ကို ဘယ်နေရာမှာ ထားခဲ့သလဲ"ဟု ကင့်က ဘူးလုံးနားမထွင်းဖြစ်နေသော ကလေးထိန်းကို အော်မေးလေသည်။

အယ်လင်၏ အသံမှာ ကင့်၏ အသံထက် ပို၍ အေးဆေးသည်။ လွန်ခဲ့သည် နာရီဝက်က ကင့်ထံသို့ တယ်လီဖုန်းဆက်စဉ် သူ့အသံမှာ အတော်ပင် စူးရှလေသည်။ "ကင့် ဘက်စိကလေးရှာလို့ မတွေ့ဘူး"ဟု သူက တယ်လီဖုန်းဖြင့် အော်ပြောလိုက်သဖြင့် ကင့်သည် အိမ်သို့ အမြန်ပြန်လာခဲ့ရသည်။

ကင့်မှာ စက်ရုံဒါရိုက်တာ အစည်းအဝေးတက်နေခိုက်တွင် အယ်လင့်ထံမှ တယ်လီဖုန်းနှင့် အကြောင်းကြားသံကို ကြားရသည်။ ကင့်သည် ဒါရိုက်တာလူကြီးများကို "ဝမ်းနည်းပါတယ်။ ကျွန်တော့်မှာ ကိစ္စတစ်ခုရှိလို့ အခုချက်ချင်း သွားရပါလိမ့်မယ်။ ခွင့်လွှတ်ကြပါခင်ဗျာ"ဟု ပြောပြလေသည်။

"ဘာများ အရေးကြီးရတာလဲ ကင့်"ဟု သူ့ဖခင်က မေးသည်။

http://www.cherrythitsar.org

"အရေးမကြီးလှပါဘူး ထင်ပါတယ်ဖေဖေ။ အရေးကြီးရင် ကျွန်တော် ပြောပါ့မယ်"

ကင့်သည် အစည်းအဝေးမှ ထွက်လာပြီးလျှင် ကားပေါ်သို့ ခုန်တက်၍ အိမ်သို့ တရကြမ်း မောင်းနှင်လာခဲ့သည်။ အယ်လင်နှင့် ကလေးထိန်းမော်လီတို့ကို အိမ်တွင် တွေ့ရသည်။ မော်လီမှာ တရှုပ်ရှုပ် ငိုနေလေသည်။

"ကျွန်မနဲ့ ဘက်စီတို့ ဘရစ်ကလေး ကျောင်းပြန်အလာ စောင့်ရင်း ဝင်းဝမှာ ရပ်နေကြတယ်။ ဘက်စီကို ချီရတာ လေးတာနဲ့ ကျွန်မ သူ့ကို ချထားပြီး သူ့လက်ကလေးတွေကို သုတ်ပေးဖို့ လက်ကိုင်ပဝါသစ် တစ်ထည် အိမ်ထဲဝင်ယူတယ်။ ဘက်စီကလေးဟာ နံနက် မိုးရွာလို့ ကျန်ခဲ့တဲ့ ရေအိုင်ကလေးကို လက်ကလေးနဲ့ ပက်ကစားနေပြီး ကျန်ခဲ့တယ်။ လက်ကိုင်ပဝါ ယူပြီး ပြန်လာတော့ ဘက်စီကလေး မတွေ့ရတော့ဘူး။ ချုံပုတ်တွေအနှံ့ လိုက်ရှာတာပဲ။ မတွေ့ဘူး။ ဒါနဲ့ ကျွန်မလဲ မမကို အော်ခေါ်တာပဲ ဆရာရယ်"

"ကင့် ကျွန်မလဲ ဒီနားတစ်ဝိုက်တော့ နှံ့နေပြီ"ဟု အယ်လင်က ခပ်တိုးတိုး ပြောလိုက်သည်။

"ဝင်းတံခါး"ဟု ကင့်က ဆိုလိုက်ရာ...

"ဝင်းတံခါး ပိတ်ထားပါတယ်။ ကျွန်မ အိမ်ထဲမဝင်ခင် သေသေချာချာ ပိတ်ပစ်ခဲ့တာပဲ"ဟု မော်လီက ငိုရင်း ပြောပြသည်။

"နင် အိမ်ထဲဝင်တာ ဘယ်လောက်ကြာသလဲ"

"ဘယ်လောက်ကြာမှန်းတော့ သတိမထားမိဘူး။ ဒါပေမယ့် ခဏလေးလောက်ပါ"

ကင့်သည် ဝင်းထဲတစ်လျှောက် ပြေးရင်း "ဘက်စီ၊ ဘက်စီ။ ဖေဖေ့ဆီ လာလေ။ ဒီမှာ ဖေဖေလေ"ဟု အော်ခေါ်လေသည်။

သူသည် ချုံပုတ်တစ်ခုရှေ့နားတွင် ရပ်၍ "ကားရုံထဲကော ကြည့်ပြီး ကြပြီလား"ဟု အယ်လင်အား လှမ်းမေးလိုက်သည်။

"ပီတာ ရှာတာ နှစ်ခါ ရှိပြီ"ဟု အယ်လင်က ပြန်ပြောသည်။

http://www.cherrythitsar.org

ကင့်သည် ကားရုံတံခါးကို ဖြုန်းခနဲဖွင့်လိုက်ရာ ပိတာသည် ကားကလေးအောက်မှ ဝပ်လျားထိုး၍ ထွက်လာသည်ကို တွေ့ရသည်။

"ကျွန်တော်လဲ ရှာတာ နှံ့နေပြီ ဆရာ။ မတွေ့ဘူး"ဟု ပိတာက ခပ်တိုးတိုး ပြောလိုက်သည်။

ကင့်က မကျေနပ်သေးသဖြင့် သူကိုယ်တိုင် ရှာလေသည်။ ပိတာလည်း သူ့နောက်မှ တကောက်ကောက် လိုက်ပါလေသည်။ ရှာနေစဉ်ပင် ကင့်သည် တယ်လီဖုန်းနံပါတ် နေရှင်နယ် (၇၁၁၇)ကို သတိရမိသည်။

လွန်ခဲ့သည့် နှစ်ကတည်းက ပြန်ပေးကိစ္စ ပေါ်ပေါက်လာလျှင် အကြောင်းကြားအပ်သည့် ဌာန၏ တယ်လီဖုန်းနံပါတ်ကို မှတ်ထားသည်။ သို့သော် ချက်ချင်း အကြောင်းမကြားသေး။ ဘက်စီကလေး တစ်နေရာရာတွင် ရှိကောင်း ရှိပေမည်။

ဝင်းတံခါး ဖွင့်သံ ကြားရသဖြင့် ကင့်က ပြေးထွက်၍ကြည့်လေရာ ဝင်လာသူမှာ သားကလေး ဘရုစ် ဖြစ်နေကြောင်း တွေ့ရသည်။

"ဖေဖေ ဘာဖြစ်လို့လဲ"

ကင့်က မျိုသိပ်ကာ "ဘရုစ် မင်းကျောင်းက ပြန်လာတော့ လမ်းမှာ ညီမလေးကို မတွေ့မိဘူးလားဟင်"ဟု ကလေး မရိပ်မိအောင် အသံပြောင်း၍ မေးလေသည်။

"ဟင့်အင်း။ ကျွန်တော် မိုက်ကယ်ကိုသာတွေ့တယ်။ သူက ကျွန်တော် လမ်းဖြတ်တဲ့အခါ ဂရုစိုက်ပြီး လက်ဆွဲခေါ်တယ်"ဟု ဘရုစ်ကလေးက ပြန်ပြောလေသည်။

"ဟော ဟိုဟာ ဘာလဲ"ဟု ပိတာက တစ်ခုခုကို လက်ညှိုးထိုးပြသည်။ ယင်းမှာ ကျောက်ခဲနှင့်ဖိထားသော စာရွက်ကလေးတစ်ရွက် ဖြစ်လေသည်။

ကင့်သည် ထိုစာရွက်မှာ ဘာစာရွက်ဖြစ်လေသည်ကို သိနှင့်ပြီးဖြစ်သည်။ သတင်းစာများတွင် ထို စာရွက်ကလေးမျိုးအကြောင်း ဖတ်ရဖန် များလေပြီ။ လက်ရေးမှာ စာမတတ်သူ တစ်ဦး၏ လက်ရေးဖြစ်ကြောင်း ထင်ရှားလေသည်။

http://www.cherrythitsar.org

'ကျုပ်တို့ အလစ်စောင့်နေတာ ကြာပြီ။ ဒေါ်လာ ငါးသောင်းပေးပါ။ ခင်ဗျားမှာ မရှိရင် ခင်ဗျားအဖေမှာ ရှိပါတယ်။ ဘယ်နေရာ လာပေးရမယ်ဆိုတာ နောက်တော့ အကြောင်းကြားမယ်။ ပုလိပ်တိုင်ရင် ကလေးကို သတ်ပစ်မယ်"ဟု စာက ဆိုသည်။

"ဖေဖေ ဘာစာလဲ"ဟု ဘရုစ်က မေးသည်။

"အို ဘာမှ မဟုတ်ပါဘူး။ ပီတာ၊ ကလေးကို အိမ်ထဲခေါ်သွားစမ်း"

အယ်လင်ဘယ်မှာလဲ။ ပြန်ပေးကိစ္စ မဖြစ်စေရပါဘူးဟု သူက သူ့ဇနီးကို အာမခံခဲ့သည်။ ယခု ဖြစ်လေပြီ။ တယ်လီဖုန်းနဲ့ အကြောင်းကြားလိုက်လေမှပဲဟု ကင့် အောက်မေ့မိသည်။

"အယ်လင်"ဟု သူက အော်ခေါ်လိုက်သည်။ အယ်လင်သည် အိမ်အပေါ်ဆုံး အထပ်ခိုးကလေးမှ ပြေးဆင်းလာလေသည်။

"အယ်လင်"ဟု သူက ခေါ်လိုက်သည်။ အယ်လင်မှာ ကြောက်အားပိုကာ မျက်နှာ ဖြူရော်ရော် ဖြစ်နေသည်။ သနားစရာပင်တည်း။ အမှန်မှာ သူတို့ဇနီးမောင်နှံ နှစ်ဦးလုံးပင် သနားစရာ ကောင်းလှတော့သည်။ ကင့်သည် ထိုအရေးတွင် မည်သို့ ဆောင်ရွက်ရမည်ကို သိဖို့လိုသည်။ ပြန်ပေးကိစ္စပေါ်လာလျှင် မည်သို့ဆောင်ရွက်ရမည်ဟူသော အကြောင်းကို လွန်ခဲ့သည့်နှစ်ကပင်လျှင် လင်မယားဆွေးနွေး ဆုံးဖြတ်ပြီးလေပြီ။ မိဘများက ပြန်ပေးတောင်းသည့်ငွေကို ပေးလိုက်ကြပြီးလျှင် သားသမီးများ ဆုံးကြရသည်။ ကင့်သည် ထိုမိဘများနည်းလမ်းကို မနှစ်သက်။ မည်သို့ ဆောင်ရွက်သင့်သည်ဟု ကိုယ်တိုင်မသိသဖြင့် အားထားရမည့်သူတစ်ဦးတစ်ယောက်ထံမှ ဩဝါဒလိုနေသည်။

"ငါ ပြည်ထောင်စုရဲအဖွဲ့ကို တယ်လီဖုန်း ဆက်လိုက်တော့မယ်"ဟု ကင့်က အမှတ်တမဲ့ ပြောလိုက်မိလေသည်။

"မဆက်ပါနဲ့ဦး ကင့်ရယ်။ စောင့်ပါဦး"ဟု အယ်လင်က အလန့်တကြား ပြန်ပြောသည်။

"ဟင့်အင်း ဆက်မှဖြစ်မယ်"ဟု ပြန်ပြောပြီးလျှင် ကင့်သည်

http://www.cherrythitsar.org

အယ်လင် မထခင် ထိုင်ရာမှထ၍ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး နောက် "နေရှင်နယ် (၇၁၁၇)ကို ပေးပါ"ဟု ဆိုလိုက်သည်။

"နေရှင်နယ် (၇၁၁၇) စကားပြောနေပါတယ်"ဟု အဝေးဘက်က တည်ငြိမ်သော လေသံဖြင့် ပြန်ပြောလေသည်။

"ကျွန်တော် နယူးယောက်မြို့ ဂရင်းဗစ်လ် အိစဝပ်အဲဗင်းနူး နံပါတ် (၃၁၄)က ကင့်ကရော့သားပါ။ ကျွန်တော့်သမီးကလေးကို ပြန်ပေးဆွဲသွားတာ တိုင်ကြားပါတယ်"

တစ်ဖက်မှလာသော အသံက ကင့်အား နက်ဖြန်အထိ စောင့်၍ မိုင်ငါးဆယ်ကွာသော ရွာအရက်ဆိုင်ကလေးသို့ လာပြီးလျှင် မဲပြာရောင် ဝတ်စုံ ဝတ်ထားသောလူတစ်ယောက်ကိုတွေ့ရန် မှာကြားလေသည်။

ကင့် တယ်လီဖုန်း ပြောနေခိုက် အယ်လင်က "ကလေးကို သတ် ပစ်ကြတော့မှာပဲ"ဟု အတန်တန် ရေရွတ်ညည်းညူလျက် ရှိသည်။

"ပြန်ပေးတွေက ငါတယ်လီဖုန်းဆက်တာကို သိမှာမဟုတ်ပါဘူး။ ဝါရှင်တန်က ရဲအဖွဲ့ကလူတွေက ဒါကို ဘယ်သူ့ကိုမှ ပြောမှာ မဟုတ် ဘူး။ ငါတို့မှာ အကူအညီ လိုနေတယ်လို့ မင်းကို ငါ မပြောဘူးလား" ဟု ကင့်က အယ်လင်အား တယ်လီဖုန်းခွက်ကို ချပြီးနောက် ပြောပြ လေသည်။

ထိုနောက် သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ဖက်၍ ချုံးပွဲချ ငိုနေကြလေတော့သည်။

* * *

ကင့်သည် တစ်ခါမျှ ထိုသို့ သည်းခံစောင့်မျှော်မှုမျိုးကို မပြုခဲ့ဖူးချေ။ သို့ရာတွင် ယခုအခြေ၌ကား သည်းခံ၍ စောင့်ရချေတော့မည်။ သူသည် အယ်လင်ကိုလည်း သည်းခံနိုင်အောင် ကြိုးစားကူညီပေးရမည်။ ဇနီးခမျာ မှာ ထိုသို့ ဒုက္ခမျိုးတွင် ခင်ပွန်းကိုသာ အားကိုးရှာသည်။

ပထမ၌ ရဲအဖွဲ့က ပြောသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ရှိ သော အချက်အလက်များကို ပြန်လည် သုံးသပ်နေရသဖြင့် စိတ်သက်

http://www.cherrythitsar.org

သာသလိုလို ရှိသည်။ ပထမဦးစွာ အိမ်သူအိမ်သားများအား ဤကိစ္စကို ပြင်ပသို့ မပေါက်ကြားစေရန် ပညတ်ရပေမည်။ အိမ်သူအိမ်သားများဟုဆိုလျှင် ထမင်းချက် ဆာရာ၊ အစေခံမ ရိုစ်၊ ကလေးထိန်း မော်လီနှင့် ဥယျာဉ်သမား ပိတာတို့သာ ရှိသည်။ သူတို့ကို ဆင့်ခေါ်၍ ပြောပြရန် ဖြစ်သည်။

"အိမ်က လူတွေအားလုံး ထမင်းစားခန်းမှာ စုကြပါစေ"ဟု ကင့်က အယ်လင်ကို မှာခဲ့ပြီးလျှင် သူ ကိုယ်တိုင် ထမင်းစားခန်းသို့ သွားလေသည်။

"ဒက်ဒီ ဘာဖြစ်တာလဲ။ ဘက်စီ ဘယ်မှာလဲ"ဟု ဘရစ်က အခန်းဝမှနေ၍ ကြောက်လန့်သည့် အမူအရာဖြင့် ဆီး၍ မေးလေသည်။

ကင့်က လေသံမှန်အောင် ထားပြီးလျှင် "ငါတို့ရှာလို့မတွေ့သေးဘူးသားရယ်။ ဒါပေမယ့် ဒီအကြောင်းကို ငါ့သား ဘယ်သူ့ကိုမှ မပြောရဘူးနော်"ဟု ဆိုလေသည်။

"ကျွန်တော် အိမ်ဝင်းထဲ လျှောက်ရှာလိုက်မယ်လေ။ ကျွန်တော် ရှာရင် တွေ့မှာပဲ ဖေဖေ"ဟု ဘရစ်က ဆိုသည်။

"မရှာနဲ့ ငါ့သား။ မင်း အိမ်ပေါ်တက်နေရင် ကောင်းမယ်။ ဖေဖေ တော်တော်ကြာရင် တက်လာခဲ့မယ်"ဟု ကင့်က ပြန်ပြောလိုက်သည်။

အစေခံများသည် အခန်းထဲသို့ ဝင်လာကြသည်။ အယ်လင် နောက်က ပါလာသည်။

"ကျွန်မ ဘရစ်ဆီ သွားလိုက်မယ်"ဟု အယ်လင်က ဆိုသည်။

အယ်လင်သည် အတော်ပင် ချုပ်တည်းနိုင်ပေသည်။ သူ့နှုတ်ခမ်းကလေးများမှာ ဆတ်ဆတ်တုန်နေရှာသည်။ ကင့်သည် အယ်လင်ကို ကူညီအားပေးရန် လိုနေကြောင်း သိလေသည်။

"အေး အေး မကြာခင် လာခဲ့မယ်"ဟု ကင့်က ဆိုလိုက်သည်။ အယ်လင်သည် ဘရစ်ကလေး၏ လက်ကိုဆွဲ၍ ထွက်သွားလေသည်။ ကင့်သည် စောင့်နေသော ပုဂ္ဂိုလ်လေးဦးဘက်သို့ လှည့်ကြည့်လိုက်သည်။ မော်လီမှာ ယခုထက်တိုင် ငိုလျက်ရှိသေး၏။ သူတို့မျက်နှာများကို ကြည့်

http://www.cherrythitsar.org

လိုက်လျှင်ပင် သူတို့သည်ပြန်ပေးထားခဲ့သော စာအကြောင်းကို သိနှင့်ကြပြီးကြောင်းကို သိလေသည်။

"မင်းတို့အားလုံးပဲ ဘာဖြစ်နေတယ်ဆိုတာ သိပြီး မဟုတ်လား" ဟုကင့်က ဆိုပြီးလျှင် မျက်နှာလေးခကို စူးစိုက်ကြည့်လိုက်ရာ၊ သူတို့လေးယောက်လုံးမှာ သူ့အဖို့ ကြောက်စရာလိုလို ဖြစ်နေကြောင်း မြင်မိလေတော့သည်။ ပိတာနှင့်ဆာရာတို့မှာ သူ့မိဘများ လက်ထက်ကတည်းက အစေခံလုပ်လာသူများ ဖြစ်သည်။ ရို့စ်မှာလည်း အခြားသူ မဟုတ်၊ ဆာရာ၏ တူမပင် ဖြစ်သည်။ ယင်းသို့ သူ့တစ်သက်လုံးက သိကျွမ်းလာသော တပည့်ဟောင်းများ ဖြစ်သော်ငြားလည်း ယခုအခိုက်အခါ၌ သူ့ရန်သူများဟု အောက်မေ့၍ ကြောက်ရွံ့မိလေသည်။

"မင်းတို့ကို ငါပြောချင်တာကတော့ ဒီကိစ္စ မပေါက်ကြားအောင်နှုတ်လုံကြဖို့ပဲ။ ဒီအကြောင်းကို အပြင်လူတစ်ယောက်မှ မသိဖို့ အထူးလိုတယ်။ ပြန်ပေးတွေက သူတို့အလုပ်ဟာ လူသိနတ်ကြား ဖြစ်သွားတယ်ဆိုတာ သိသွားရင် ငါ့သမီးကလေး အသက် ဆုံးရှာလိမ့်မယ်။ သိရဲ့လား"ဟု ကင့်က လေသံပြင်းပြင်းနှင့် ပြောလိုက်သည်။

ထို့နောက် သူသည် လည်ချောင်းရှင်းပြီးလျှင် လေသံခပ်မှန်မှန်နှင့် "ကလေးရဲ့အသက်ဟာ ငါတို့ အခုအတောအတွင်း ပြုမူချက်ပေါ်မှာတည်နေတယ်"ဟု ဆိုလေသည်။ ထိုအခိုက် မော်လီ၏ငိုသံသည် ပွင့်ထွက်လာလေသည်။ ကင့်သည် ထိုရာမှ ထ,၍ "ကဲ ဒါပဲ။ သတိကြီးကြီး ထားကြပါ"ဟု ဆိုပြီးလျှင် အစေခံများကို လွှတ်လေသည်။

တယ်လီဖုန်းမြည်သံ ကြားရ၍ ကင့်သည် တယ်လီဖုန်းရှိရာသို့ သွားလေသည်။ ပြန်ပေးက နောက်ထပ် အကြောင်းကြားမည် ဆိုသည်မှာ မည်သို့ အကြောင်းကြားမည်ကို မသိရသဖြင့် ပြန်ပေးထံမှလာသော တယ်လီဖုန်းသံလောဟု အောက်မေ့မိကာ ရင်တထိတ်ထိတ် ဖြစ်နေလေသည်။

"ကင့် ဘာများအကြောင်းထူးသလဲ"ဟူသော သူ့ဖခင်ကြီး၏ အသံကို ကြားလိုက်ရလေသည်။

http://www.cherrythitsar.org

ကင့်သည် သူ့ဖခင်အား ဖြစ်သည့်အကြောင်းကို ပြန်ပြောရန်မသင့်ဟု သတိရမိသည်။ သူ့ဖခင်မှာ လျှို့ဝှက်သိုသိပ်တတ်သူ မဟုတ်ချေ။

"မထူးပါဘူး ဖေဖေ။ အယ်လင် နည်းနည်း နေမကောင်းတာပါပဲ"

"ဒါဖြင့် မင်း ဆရာဝန် ခေါ်ပြီးပြီလား"

"လိုရင် ခေါ်ပါ့မယ် ဖေဖေ"ဟုဆိုကာ ကင့်သည် တယ်လီဖုန်းကို ဖြုန်းခနဲ ချလိုက်သည်။ ဆက်၍ပြောရန် မစွမ်းသာတော့ပေ။

သူသည် ဘရစ်ကို သတိရသဖြင့် လိုက်ရှာရာ ဘရစ်မှာ ကလေးခန်းတွင် ညစာ စားနေသည်ကို တွေ့ရသည်။ ကလေးထိန်း မော်လီကို အောက်ထပ်သို့ လွှတ်ထားသည်။ အယ်လင်သည် မော်လီကို ကြည့်လို့ မရနိုင်အောင် ဖြစ်နေတော့သည်။ ကင့်ကလည်း ထိုနည်းအတူပင် ဖြစ်နေသည်။

ကင့်အဖို့ကား အယ်လင်ထက်ပင် ပို၍ ဆိုးနေသည်။ သူသည် ကလေးခန်းကိုပင် မကြည့်နိုင်လောက်အောင်ပင် ဖြစ်နေတော့သည်။ ထို အချိန်မှာ ဘက်စီကလေး ရေချိုးပြီးချိန်မျိုး ဖြစ်သည်။

"ငါ စာဖတ်ခန်းထဲ သွားဦးမယ်"ဟု ကင့်က ပြောပြီးလျှင် ဆင်း သွားလေသည်။

စာဖတ်ခန်း၌ ငြိမ်ဆိတ်၍ နေသည်။ ထိုတိတ်ဆိတ်ခြင်းသည်ပင် လျှင် သူ့ဒုက္ခကို ပိုကဲစေသည်။ သူသည် သမီးကလေး လွတ်မြောက်ရေး အတွက် ချက်ချင်း မဆောင်ရွက်ရဘဲ သည်းခံ၍ စောင့်ဆိုင်း နေရာသည်။ ယင်းသို့ စောင့်ဆိုင်းရခြင်းပင်လျှင် ကြီးစွာသော ဒုက္ခပေတည်း။

ကလေးခမျာ မည်သို့နေမည်ဟူသော အချက်ကို ကင့်သည် ကောင်းစွာသိသည်။ ရဲဘက်ကလည်း နက်ဖြန်အထိ စောင့်ရမည်ဟု ဆိုသည်။ ယနေ့ည ဘယ်သို့ ပြုရမည်နည်း။ ကလေးခမျာ ဘယ်နေရာ အိပ်ရှာမည်နည်း။

ကင့်သည် ထ၍ခုန်လိုက်သည်။ တစ်ခုခုလုပ်ရာမှ ဖြစ်မည်။ ကလေးပြန်ပေးလက်တွင်နေခိုက် ဖခင်က ဘာမှမလုပ်ဘဲ ထိုင်စောင့်နေရမည်

http://www.cherrythitsar.org

လော။ အိမ်ဝင်းထဲ လျှောက်ကြည့်ဦးမည်။ နောက်ထပ် စာတစ်စောင် ချထားတာ တွေ့ချင်တွေ့ရမည်။

သူသည် ဆောင်းဦးညဉ့်ဦး ရှုခင်းထဲသို့ ဝင်သွားလေသည်။ သူသည် ချုပ်တည်းထားရသော ဒေါသကို မပေါက်ကွဲအောင် အတော်ထိန်းထားရသည်။ စိတ်လိုက်မာန်ပါ အော်ဟစ် ဆဲဆိုပစ်လိုက်ချင်တော့သည်။ ဘာမှမလုပ်ရဘဲ စောင့်နေရခြင်း၏ ဒုက္ခသည်ကား ကြီးလှချေသည်။ ထိုဝေဒနာသည် ကြီးလှစွာ၏။ သို့ရာတွင် ချုပ်တည်းမှုသည် အထူး လိုအပ်သည်။ စိတ်လိုက်မာန်ပါလုပ်လျှင် အမှားကြီး မှားချေမည် ဧကန်။

သူသည် အိမ်ဝင်းထဲတွင် အနှံ့ရှာဖွေသော်လည်း ပြန်ပေးထံမှ စာကို မတွေ့ရချေ။

ထိုအခါ မှောင်စပျိုးနေသောအခိုက် ဖြစ်သည့်အလျောက် ဝင်းဝတွင် ခပ်မည်းမည်းသဏ္ဌာန်တစ်ခုကို မြင်ရလေသည်။ "မစ္စတာ ကရော့သား" ဟု သူ့ကိုခေါ်သော ပိတာ၏ အသံကို ကြားရသည်။ "မစ္စတာ ကရော့သား၊ ဘာဖြစ်လို့ သူတို့က ကျွန်တော့်မိန်းမကိုမှ ရွေးပြီး ပေးသွားရသလဲ မသိပါဘူး ခင်ဗျာ။ ကျွန်တော် ညစာစားဖို့ အိမ်အပြန်မှာ ကျွန်တော့်မိန်းမက ဒါကို ဆီးပေးတယ်။ သူက စာဖတ်တတ်ကာ မဟုတ်တော့ ဘာမှန်းမသိဘူးပေါ့။ ကျွန်တော်လဲ ဒီစာကိုယူပြီး ဒီကိုအပြေးလာတာပဲ" ဟု ပိတာက ဆိုလေသည်။

ကင့်သည် ပိတာ၏ တုန်နေသောလက်မှ စက္ကူကို ဆွဲယူပြီးလျှင် အိမ်ပေါ်သို့ တက်ပြေးလေသည်။ အိမ်ခန်းမီးရောင်အောက်၌ စာရွက်တွင်ပါသော အောက်ပါအကြောင်းအရာကို ဖတ်ကြည့်လေသည်။

'ငွေကို အသင့်ပြင်ထား။ အားလုံး ငွေစက္ကူချည်း ဖြစ်ပါစေ။ ငွေစက္ကူနံပါတ်တွေ မမှတ်နဲ့။ မှတ်ရင် သားကလေးကိုပါ ဆွဲမယ်။ ကျုပ်တို့ကို တစ်ပတ်မရိုက်နဲ့။ တစ်ပတ်ရိုက်ရင် လွတ်မယ်မထင်နဲ့။ ငွေကိုသေတ္တာတစ်ခုထဲ ထည့်ပြီး စက်ရုံဘေးနားက ချောင်းနားမှာရှိတဲ့ ဝက်သစ်ချပင်ကြီးအောက် လာချထား။ ဘယ်နေရာဆိုတာ ခင်ဗျား သိမှာပေါ့။ နက်ဖြန်ည သန်းခေါင်ချိန်မှာ လာထား'

http://www.cherrythitsar.org

ပြန်ပေးချိန်းသည့်နေရာကို ကင့် ကောင်းစွာသိသည်။ သူငယ်စဉ်က ထိုနေရာတွင် မကြာခဏ ငါးမျှားဖူးလေသည်။ တစ်ခါက သူ စက်ရုံတံခါးဝတွင် ရပ်နေခိုက် ဝက်သစ်ချပင်ကြီးကို မိုးကြိုးပစ်သည်။ သူနှင့် ကိုက်တစ်ရာခန့်သာ ကွာသည်။ သူ ထိုဝက်သစ်ချပင်ကြီးကို ကောင်းစွာသိကြောင်း ပြန်ပေးတို့က အဘယ်သို့ သိကြသနည်း။

သူသည် ပီတာဘက်သို့ လှည့်ပြီးလျှင် "ဒါကို ဘယ်သူ ယူလာသလဲ"ဟု ခပ်ထန်ထန် မေးလိုက်သည်။

"ကျွန်တော် မသိပါဘူး ခင်ဗျာ။ မိန်းမကလဲ လူဖြူဖြူတစ်ယောက်လို့သာ ပြောနိုင်ပါတယ်။ အဲဒီလူက ဒီစာကို ပစ်ပေးပြီး "နင့်ခင်ပွန်းလာရင် ပေးလိုက်လို့ ပြောပြီး ထွက်သွားတာပဲတဲ့။ မိန်းမက စာကို ကျွန်တော့်ကိုပေးတော့ ကျွန်တော်လဲယူပြီး ဒီကို ပြေးလာတာပဲ"ဟု ပီတာက တုန်တုန်ယင်ယင်နှင့် ပြောပြလေသည်။

ကင့်သည် ပီတာကို စိုက်၍ ကြည့်နေသည်။ တစ်ဦးတစ်ယောက်က ပီတာကို လက်ကိုင်တုတ် လုပ်နေသလား။ ငွေကြေးပေး၍ ခိုင်းထားသလား။ သို့တည်းမဟုတ်၊ ဝေစုပေးမည်ဟု ပြောထားသလား။ ပီတာနှင့် ပြန်ပေး မည်သို့ ဆက်သွယ်သနည်း။

"မင်း ဘက်စီကိစ္စနဲ့ ပတ်သက်တယ်လို့ ဆိုရင် ငါကိုယ်တိုင် မင်းကို သတ်ပစ်မယ်။ သိလား"ဟု သူက ပီတာကို ဆိုလိုက်သည်။

"ဘုရား ဘုရား မစ္စတာ ကရော့သားရယ်၊ ခင်ဗျား ကျွန်တော့် အကြောင်းကို အသိသားပဲဗျာ၊ ခင်ဗျားနဲ့ မစ္စအယ်လင်တို့ အိမ်ထောင်မကျခင်ကတည်းက ကျွန်တော် ဥယျာဉ်လုပ်လာတာပါ။ ပြီးတော့ ဒီလို မကောင်းတဲ့အလုပ်မှာ ကျွန်တော် ဘာကိုလိုလို့ ပါရမှာလဲ။ ကျွန်တော်လိုတာ ရနေပြီဟာပဲ။ အိမ်ရတယ်။ လခကောင်းကောင်း ရတယ်။ ကျွန်တော် လောဘမကြီးပါဘူး ခင်ဗျာ"

သူပြောတာလဲ မှန်တာပဲဟု ကင့်က တွေးမိလေသည်။ ထိုကိစ္စမျိုး ဖြစ်လာလျှင် လူတိုင်းကို မသင်္ကာဖြစ်တတ်သည်။

"ကဲ ခင်ဗျား မိန်းမကြီးကို ပြောထားဦး။ ဒီကိစ္စကို ဘယ်ကိုမှ မပေါက်ကြားစေနဲ့လို့"ဟု ကင့်က အမိန့်ပေးလိုက်သည်။

http://www.cherrythitsar.org

"ပြောပြီးပါပြီခင်ဗျာ၊ ပြောပြီးပါပြီ၊ သူက တစ်ယောက်ယောက်ကို သာ ပြောရင် ကျွန်တော်သူ့ကို အာနင်းဖဲ့ပစ်မှာပါပဲ"

"ကဲ သွားတော့။ ကျုပ်ပြောတာ မှတ်ထားနော်"

"ဟုတ်ကဲ့ ခင်ဗျာ"ဟု ပိတာက ဆိုပြီးလျှင် ထွက်သွားလေသည်။

* * *

"ကျွန်မတို့ လျော်ကြေးပေးရမှာပေါ့"ဟု အယ်လင်က အတင်းတိုက်တွန်း ပြောဆိုနေသည်။

သူတို့သည် ကလေးခန်းသွားသော စင်္ကြံကလေးဘက်သို့ ပွင့်နေသော သူတို့အခန်းတံခါးအနီးတွင် ထိုင်နေကြသည်။ ကလေးခန်းထဲ၌ အိပ်နေသော ဘရစ်ဇ်၏ ခေါင်းအုံးစွန်းကို အလင်းရောင်တွင် လှမ်းမြင်နိုင်ကြသည်။ သူတို့သည် အိပ်၍ မရကြချေ။ ထမင်းချက် ဆာရာက ပို့လိုက်သော ကြက်သားကြော်ကို စားပြီးကြလေပြီ။ ကင့်က အယ်လင်အား ရေနွေးနှင့် ရေချိုးစေပြီးလျှင် ဆိုဖာပေါ်၌ လှဲနေစေသည်။ သူကမူ အဝတ်အစား မလဲသေးဘဲ နေသည်။ တစ်ယောက်ယောက် ရောက်လာလျှင် လာနိုင်သေးသည်ဟု ထင်မိ၏။

"ရဲအဖွဲ့ကလူ ပြောထားတဲ့အတိုင်း နက်ဖြန်လုပ်ရလိမ့်မယ်"ဟု သူက အယ်လင်ကို ပြောလိုက်သည်။

နက်ဖြန်တွေ့ရန် ချိန်းထားသော လူအပေါ်တွင် လုံးလုံးလျားလျား အားကိုးရခြင်းမှာ အလွန်ပင် မရေမရာနိုင်လှသည်။ ကြောက်ဖွယ်ကောင်းလှတော့သည်။ ထိုလူ့အကြောင်းကို သိဖို့ဝေးစွ။ သူ့နာမည်ကိုပင် မသိရသေးချေ။ မွဲပြာရောင်အင်္ကျီဝတ်ပြီးလျှင် လက်ကိုင်ပဝါအပြာ အင်္ကျီအိတ်ထဲတွင် ထည့်ထားသည်ကို တွေ့ရမည်ဟု ဆိုသည်။ ထိုသို့ မသိသူ တစ်ဦးအား သမီးကလေး၏ အသက်ကယ်ဖို့ အားထားရမည်ဆိုခြင်းမှာ အလွန်ပင် မရေရာသော အလုပ်တစ်ခု ဖြစ်ချေသည်။ သို့ရာတွင် ထိုလူ၏နောက်တွင် ကူညီရန်အသင့်ရှိသော စွမ်းရည်သတ္တိနှင့် ပြည့်စုံသည့် ရာပေါင်းများစွာပါဝင်သော ရဲအဖွဲ့ကြီး ရှိပေသေးသည်။

http://www.cherrythitsar.org

"ငွေပေးမှ ဖြစ်မယ်။ ပေးမှဖြစ်မယ်။ ငွေဘယ်မှာလဲ"ဟု အယ်လင်က အရှုးပမာ ပြောရှာသည်။

"အယ်လင်၊ ငါက ငွေနှမြောလို့ ပြောနေတာမှ မဟုတ်ဘဲကွယ်"ဟု ကင့်က ပြောသည်။

"ကျွန်မတို့ ဘဏ်မှာ နှစ်သောင်းရှိတယ်။ ရှင့်အဖေက ကျန်တဲ့သုံးသောင်း ပေးမှဖြစ်မယ်။ နောက်တော့ ပြန်ဆပ်ကြတာပေါ့"ဟု အယ်လင်က အရေးတကြီး တွက်ပြလေသည်။

"အယ်လင်၊ မင်းပြောတာ မဟုတ်သေးပါဘူး။ အခု အရေးကြီးတာက"

"အရေးအကြီးဆုံးဟာ ဘက်စီရဲ့ အသက်ပဲ။ ဒီထက် အရေးကြီးတာ ဘာမှမရှိဘူး။ ရှင့်အဖေမှာ ဒီငွေပေးလိုက်လို့ စည်းစိမ်ပြုတ်သွားမှာ မဟုတ်ပါဘူး။ ပြုတ်လဲပြုတ်ပါစေ။ မတတ်နိုင်ဘူး"

"မဟုတ်ပါဘူး အယ်လင်။ ဖေဖေက အရေးကိစ္စရှိရင် ဒီငွေကို ကြည့်နေမယ်များ ထင်သလား"

"ကင့် ရှင်က ဖေဖေ့ကို ကြောက်နေတယ်။ ရှင်ကြောက်ရင် ကျွန်မကိုယ်တိုင် သွားပြောမယ်"

သူတို့နှစ်ယောက်သည် အရှုးသဖွယ် တစ်ယောက်တစ်ခွန်း စကားများနေကြသည်။ သူတို့ခမျာများလည်း သောကလွန်ကဲလှသဖြင့် မဖြစ်တန်သောဒေါသ ဖြစ်ကြရကုန်ပြီ။

အယ်လင်သည် ရုတ်ခြည်းပင် တရှုပ်ရှုပ် ငိုလေသည်။ "ရှင်တစ်ခါကပြောတာ ကျွန်မ မမှေ့နိုင်ပါဘူး။ ရှင်က မူအတိုင်းလုပ်မယ် ပြောတယ်။ ကင့် စဉ်းစားကြည့်စမ်း။ ကျွန်မသမီးကလေး အခုဆိုရင် သူမသိတဲ့ လူတွေကြားထဲ ရောက်နေတယ်။ ကြောက်ရွာလွန်းလို့ အသည်းကွဲအောင် ငိုနေရှာရော့မယ်။ သူပတ်ဝန်းကျင်က လူတွေဟာလဲ ရက်စက်တဲ့ လူတွေ။ ဒီတော့ သူကို ငိုတာ မတိတ်ရကောင်းလားဆိုပြီး ရိုက်ချင် ရိုက်နေကြမှာ။ အမယ်လေး ကင့်ရယ်။ ဒါကို စဉ်းစားကြည့်စမ်းပါဦး"

http://www.cherrythitsar.org

ကင့်သည် အယ်လင်ကို ဖက်ထားလိုက်သည်။ ထိုအခိုက်အခါမျိုးတွင် သူတို့နှစ်ယောက်သည် လူချင်းလည်း မခွာထိုက် စိတ်ချင်းလည်း မကွဲထိုက်ပေ။ အယ်လင်ကို သနားရပေမည်။ အယ်လင်၏ဆန္ဒကို အထူးလိုက်လျောသင့်လှ၏။

"ဒါလင်ရယ်၊ မင်းပြောတဲ့အတိုင်း အားလုံးလုပ်ပါ့မယ်။ စိတ်သာချနေ နက်ဖြန်နံနက်စောစော ဖေဖေ့ဆီသွားပြီး ငွေတောင်းမယ်"ဟု ကင့်က ဆိုသည်။

"ကျွန်မတို့ ငွေပေးမယ်ဆိုတာ သူတို့သိအောင် ဘယ်လိုလုပ်ကြောင်းကြားမလဲ"ဟု အယ်လင်က မေးလိုက်သည်။

"သတင်းစာထဲ ထည့်လိုက်မှာပေါ့။ သက်ဆိုင်ရာသို့ ကော်လံထဲမှာ တခြားလူတွေ အဓိပ္ပာယ်နားမလည်ဘဲ ပြန်ပေးတွေ့သာ နားလည်မယ့် ပြန်စာမျိုး ရေးတတ်ပါတယ်"

"ဒါဖြင့် စမ်းကြည့်ရအောင် ကင့်"

ကင့်သည် သူအိတ်ထဲက ခဲတံနှင့် စာအိတ်တစ်အိတ်ကို ဆွဲထုတ်ပြီးလျှင် ရေးလေသည်။

"ဒါ ဘယ့်နယ်နေလဲ။ ငါးသောင်း၊ ဝက်သစ်ချပင်အိုကြီးအနီး၊ တစ်ဆယ့်နှစ်နာရီ၊ သဘောတူသည်"ဟု ကင့်က ဖတ်ပြလေသည်။

"ဒီလိုဆိုရုံနဲ့တော့ ဒုက္ခရောက်နိုင်စရာ အကြောင်းရှိမယ် မဟုတ်ပါဘူး ထင်ပါရဲ့။ သူတို့တွေ့သွားရင် ကျွန်မတို့က သူတို့တောင်းတာကို ပေးဖို့ သဘောတူတယ်လို့ နားလည်ကြမှာပေါ့နော်"ဟု အယ်လင်က အားမလိုအားမရ အသံဖြင့် ဆိုသည်။

"ကဲ မောင် သတင်းစာတိုက်ကိုသွားပြီး ကြော်ငြာအဖြစ် ထည့်လိုက်မယ်၊ ကြော်ငြာခ ချက်ချင်းပေးရင် မောင်တို့နာမည်နဲ့ လိပ်စာပေးစရာမလိုပါဘူး"

"ကောင်းသားပဲ။ ဒီလိုလုပ်တာဟာ ထိုင်ပြီး ငိုင်နေရတာထက်တော့ ကောင်းပါသေးတယ် မောင်ရယ်"ဟု အယ်လင်က တိုက်တွန်းလိုသော ဆန္ဒဖြင့် ပြောလေသည်။

http://www.cherrythitsar.org

သူသည် နှစ်မိုင်ကွာသော မြို့ကလေးရှိ ခပ်စုတ်စုတ်သတင်းစာတိုက်ရှေ့တွင် ကားထိုးဆိုက်လိုက်သည်။ မျက်လုံးနီနီနှင့် ညပိုင်း ကြော်ငြာစာရေးက ကြော်ငြာကို ဖတ်ပြီးလျှင် "ကြော်ငြာကလဲ ရယ်စရာကြီးပဲ။ ဒီလို မအူမလည်ကြော်ငြာမျိုး ခဏခဏ လာတတ်တယ်။ ကြော်ငြာခကတော့ တစ်ဒေါ်လာပါပဲ။ နာမည်"ဟု ပြောနေစဉ်ပင် ကင့်သည် တစ်ဒေါ်လာ ထုတ်ပေးပြီး ချက်ချင်းပင် ထွက်ခဲ့လေသည်။

ကင့်သည် မှောင်ထဲတွင် ကားကို ခပ်ဖြည်းဖြည်း မောင်းလာသည်။ စက်သံကို မမြည်အောင် အထူးကြိုးစား၍ မောင်းသည်။ ရာသီဥတုအခြေအနေသည် မုန်တိုင်းထ,ခါနီးတွင် ငြိမ်သက်နေသကဲ့သို့ ငြိမ်သက်လျက်ရှိသည်။ သူသည် ကားမောင်းရင်းပင် ဘက်စီကလေး၏ ငိုသံကို ကြားရနိုးဟု မျှော်လင့်မိလေသေး၏။

ကင့်နှင့် အယ်လင်တို့သည် တစ်ညလုံး အိပ်ပျော်သည်ဟူ၍ မရှိပေ။ သို့ရာတွင် နံနက် မိုးလင်းခါနီး၌ အိပ်မောကျသွားကြသည်။ ကင့်က အယ်လင်အား အိပ်ရာတွင်သိပ်၍ သူကမူ အယ်လယ်၏အနီးတွင် လဲ၍နေသည်။ တစ်ညလုံးလိုလိုပင် အိပ်မပျော်သော်လည်း နံနက် မိုးလင်းသည့်အခါ ဘရစ်က လာ၍ နိုးသဖြင့် လန့်၍ နိုးကြသည်။

"ဘက်စီ ပြန်မလာသေးပါကလား မေမေ"ဟု ဘရစ်ကလေးက ဆိုလိုက်သံကို သူတို့နှစ်ယောက် အိပ်မှုန်စုံမွှားနှင့် ကြားလိုက်ရသည်။ ဘက်စီဟူသော အမည်ကို ကြားလိုက်ကြသည့်အခါ သူတို့နှစ်ယောက်လုံး မျက်စိများ ပြူးကျယ်သွားကြလေတော့သည်။

"ကြည့်စမ်း။ ကျွန်မတို့နှစ်ယောက်စလုံး အိပ်ပျော်သွားလိုက်ကြတာ"ဟု အယ်လင်က ကင့်ကို ကြည့်၍ အံ့အားသင့်စွာပြောလေသည်။

"အတော်ကလေးကြာမှ ပြန်လာမှာ သားရဲ့"ဟု ကင့်က ဘရစ်အားလေသံမှန်မှန်ထား၍ ပြန်ပြောလေသည်။

"ဘက်စီ ဒီနေ့ပြန်လာမှာလား ဖေဖေ"

"လာလိမ့်မယ် ထင်တယ်"

ထိုနေ့မှာ စနေနေ့ဖြစ်သဖြင့် ဘရစ် ကျောင်းသွားဖို့ မလိုပေ။

http://www.cherrythitsar.org

ကင့်သည် ချက်ချင်းပင် စိတ်သက်သာရာ ရသွားလေသည်။ သူတို့ စိတ်အားလျော့စရာအကြောင်း မရှိ။ လုပ်စရာတွေ အများကြီး ရှိသည်။ သူ့ဖခင်ထံသို့ သွား၍ ငွေတောင်းရမည်။ ငွေပေးရေးနှင့် ပတ်သက်၍ သူ့ထင်မြင်ချက်ကို လုံးဝ မစွန့်ပယ်သေးချေ။ အကယ်၍ ရဲဘက်က လူကြီးက ငွေပေးမရွေးနှင့်ဟု ဆိုလျှင် အယ်လင်ကို အသိမပေးဘဲထားပြီး ငွေမပေးဘဲနေမည်ဟု စိတ်ကူးလေသည်။ နောင်တစ်ခုခု ဖြစ်လာလျှင်လည်း သူတာဝန်ယူမည်ဟု ပိုင်းဖြတ်ထားသည်။

"ကဲ ဘရစ်၊ မင်းနဲ့ မေမေနဲ့ ဘက်စ်အဝတ်အစားတွေ အသင့်ပြင်ထားကြပေတော့။ ပြန်လာရင် ချက်ချင်းအဝတ်လဲရအောင်ပေါ့ကွာ" ဟု ဆိုပြီးလျှင် ကင့်သည် ရေချိုးရန် ထွက်သွားလေသည်။ သူသည် ရေမိုးချိုးပြီးနောက် အဝတ်အစားအသစ်များ လဲပြီးလျှင် တစ်နေ့ပတ်လုံး အထူးသတိဝီရိယနှင့်နေရန် ပြင်ဆင်ရပေမည်။

သူသည် မှန်ရှေ့တွင်ရပ်၍ သူ့ရုပ်ပုံကို သူကြည့်လေသည်။ အကယ်၍ ခြေလှမ်းမှားသွားလျှင် အယ်လင့်ရှေ့တွင် ဟန်ဆောင်သည့်မျက်နှာမျိုး ထားနိုင်မည်လောဟု သူ့ကိုယ်သူ မေးကြည့်မိလေသည်။ အကယ်၍ ဘက်စ်ကို ပြန်မရခဲ့လျှင်၊ အကယ်၍ ဘက်စ်ကလေး ပျောက်မှန်းမသိ ပျောက်သွားရှာလျှင်၊ အကယ်၍ သူ့အလောင်းကလေးကို တစ်နေရာရာမှ တွေ့ခဲ့လျှင် သူ ဘယ်သို့ ပြုမူရမည်နည်း။

ပြန်ပေးဆွဲခံရသော ကလေးများ၏ မိဘတို့သည်လည်း သူကဲ့သို့ပင် အမျိုးမျိုး တွေးတောကြပေမည် မုချပင်။ အကယ်၍ ငွေပေးပြီး မရွေးသဖြင့် သူ့သမီးကလေး ကတိမ်းကပါးဖြစ်ခဲ့ပါမူ၊ သူသည် ငွေမပေးသည့်အကြောင်းကို အယ်လင့်အား တစ်သက်လုံး ဖုံးကွယ်ထားမည်လော။ သူ့ အပြစ်ကို ဖွင့်ဟဝန်ခံမည်လော။ ဖွင့်ပြောရမှာလည်း ခက်လှသည်။ တစ်သက်လုံး ဖုံးကွယ်ထားရန်လည်း မဖြစ်နိုင်။

မျှော်လင့်ချက်ထားဖို့သာ လိုတော့သည်။ သူသည် အဝတ်အစားလဲပြီးနောက် အိပ်ခန်းထဲသို့ ပြန်ဝင်သွားသည်။ ဘရစ်သည် အဝတ်အစားလဲရန် သူတို့အိပ်ခန်းထဲသို့ ဝင်လာသည်။ အယ်လင်မှာမူ အိပ်ရာထဲတွင်

http://www.cherrythitsar.org

လဲ့လျက်ရှိသေးသည်။ ခေါင်းအုံးကို ခေါင်းထိုးလျက် လဲ့နေသည်။ မျက်နှာ ဖြူရော်ရော်နှင့် စိတ်ပင်ပန်းဟန် ရှိချေသည်။

ကင့်သည် ငုံ့၍ သူ့ဇနီးနဖူးကို နမ်းလိုက်သည်။

"မောင် အယ်လင့်ဖို့ နံနက်စာ အပို့ခိုင်းလိုက်မယ်။ ပထမဦးဆုံး ဖေဖေ့ဆီ သွားမယ်။ တကယ်လို့များ တစ်ခုခု အကြောင်းကြားစရာရှိရင် ဖေဖေ့အိမ်မှာ ရှိရင်ရှိမယ်။ မရှိရင် ဘဏ်တိုက်မှာ ရှိမယ်"ဟု ဆိုလေသည်။

အယ်လင်သည် ခေါင်းညိတ်ပြီးလျှင် သူ့ကို မော့်ကြည့်လိုက်သည်။ ထို့နောက်ပြန်၍ မှိတ်စိမှိတ်ထားလိုက်တော့သည်။ သူသည် သူ့ဇနီး၏ မျက်နှာကို ငေးစိုက်၍ ကြည့်နေသည်။ သူ့ဇနီး၏ မျက်နှာမှာ အပေါ်ယံ အမြင်အားဖြင့် တည်ငြိမ်နေသော်လည်း သွေးကြောကလေးများ ထလျက်ရှိသည်ကို မြင်ရလေသည်။

"အယ်လင် စိတ်တင်းမှပေါ့ကွယ်။ အရေးကြီးတဲ့အခိုက် ကြုံတော့ မယ်။ စိတ်တင်းထား"ဟု သူက တည်ကြည်သော လေသံဖြင့် မှာကြား လေသည်။

"သိပါတယ် မောင်ရယ်။ အယ်လင်လဲ ဒီမှာနေလို့ မဖြစ်တော့ပါ ဘူး။ ဘရစ်ကိုခေါ်ပြီး အိမ်အောက်ဆင်းလိုက်ခဲ့ပါမယ်"

အယ်လင်သည် ရုတ်တရက် လူးလဲထပြီးနောက် ရေချိုးခန်းထဲသို့ ဝင်သွားလေသည်။ ထိုနောက် ရေချိုးသံကို ကြားရသည်။ ကင့်သည် အချိန်ကိုလှ၍ လုပ်စရာများစွာ ရှိသေးသဖြင့် သားကလေးကို "ငါ့သား မင်းမေမေနဲ့ အောက်ထပ်ကို လိုက်ခဲ့ပေတော့။ ဖေဖေသွားဦးမယ်"ဆို ကာ တစ်ယောက်တည်း အောက်ထပ်သို့ ဆင်းသွားလေသည်။

* * *

"ကျွန်တော့်ကို ဒီနေ့ ငွေသုံးသောင်းပေးပါ ဖေဖေ။ ကျွန်တော်ရှယ် ယာတွေ ရောင်းပြီးတာနဲ့တစ်ပြိုင်နက် ပြန်ပေးပါ့မယ်"ဟု ကင့်က သူ့ ဖခင်အားတောင်းဆိုလိုက်သည်။

http://www.cherrythitsar.org

"ဘယ်တော့ရမယ်ဆိုတာက အရေးကြီးတာ မဟုတ်ပါဘူးကွ။ ဒါပေမယ့် ဒီလောက်ငွေများများကို ဘာဖြစ်လို့ လိုချင်တယ်ဆိုတာ ငါသိချင်တယ်။ မင်းအလုပ်ကို ငါဝင်ပြီးမရှုပ်ချင်ပါဘူး။ မင်း တစ်ခုခုလုပ်ဖို့ဆိုတာတော့ သိပါတယ်။ ဒါပေမယ့် သိတော့ သိချင်တာပေါ့ကွ" ဟု ဖခင်ကြီးက ဒေါသသံနှင့် ပြန်ပြောလေသည်။

ကင့်သည် နံနက်စာစားစဉ် သတင်းစာဖတ်ခိုက်၌ ထိုကိစ္စ သတင်းစာထဲမပါစေချင်လျှင် သူ့မိဘများကို ဖွင့်မပြောမှဖြစ်မည်ဟု ပိုင်းဖြတ်ထားပြီး ဖြစ်လေသည်။ နံနက်သတင်းစာထဲတွင် သူ ညက ထည့်သောကြော်ငြာပါလေသည်။ ဘက်စီကလေး အသက်ကို စိုးရိမ်ထောက်ထားသည့်အလျောက် နှုတ်လုံဖို့ အထူးဂရုစိုက်လေသည်။

သူသည် သူ့ဖခင်ထံသို့ မလာခင် အိမ်၌ အစေခံများကို တစ်ဖန်စုဝေး၍ "မင်းတို့အားလုံး အခုထိ နှုတ်လုံကြတဲ့အတွက် ငါ ကျေးဇူးတင်ပါတယ်။ ငါတို့ကိစ္စကို သတင်းစာထဲမပါစေရင် ငါ့သမီးကလေး အသက်ချမ်းသာလိမ့်မယ်။ ဒီတော့ မင်းတို့အားလုံး ဆက်ပြီး နှုတ်လုံကြစမ်းပါစေ။ အဆုံးတိုင် နှုတ်လုံကြရင် ငါ မင်းတို့ကို တစ်ယောက်ဒေါ်လာတစ်ရာစီ ဆုချမယ်"ဟု ပြောလေသည်။

"ဟုတ်ကဲ့ ဆရာ"ဟု ထမင်းချက် ဆာရာနှင့်အစေခံ ရိုစ်တို့က ပြောသော်လည်း၊ ကလေးထိန်းမော်လီမှာ ရှိုက်ကြီးတငင် ငိုချသာ နေလေသည်။

"ကျွန်တော်တော့ ဒေါ်လာတစ်ရာလဲ မလိုချင်ပါဘူး ခင်ဗျာ။ ကလေးသာ ကောင်းကောင်းမွန်မွန် ပြန်ရောက်စေချင်တာပါပဲ"ဟု ပီတာက ဝမ်းနည်းသောလေသံဖြင့် ပြောလေသည်။

ကင့်သည် ပီတာကို မယုံချင်သလိုလို ဖြစ်မိခဲ့၏။ ယခု ပီတာ၏စကားကို ကြားရသောအခါ၊ ထိုမယုံသင်္ကာစိတ်သည် လွင့်စင်သွားကာ၊ မသင်္ကာဖြစ်မိကာ မှားလေခြင်းဟု တွေးမိလေတော့သည်။

"ကျုပ်လဲ ဒါကိုပဲ လိုလားတာပေါ့ ပီတာရယ်"ဟု သူက စိတ်ထိခိုက်သော လေသံဖြင့် ဆိုလေသည်။

http://www.cherrythitsar.org

ကင့်သည် သူ့စိတ်ထိခိုက်မှုကို သူ့ကိုယ်သူ အံ့အားသင့်မိ၏။

ယခု ဖခင်ကြီးက သူ့ကို စိန်းစိန်းကြည့်၍ မေးနေလေရာ သူသည် စိတ်ကို ကောင်းစွာချုပ်တည်းကာ "အခုလို ငွေတွေ အများကြီးတောင်း တာဟာ အတော်လွန်တဲ့ အလုပ်ပဲဆိုတာ ကျွန်တော် သိပါတယ် ဖေဖေ။ ဒါပေမယ့် အခုရက်အတောအတွင်းမှာ ကျွန်တော့်ကို အကြွင်းမဲ့ ယုံကြည်ပြီး ထုတ်ပေးပါလို့ ကျွန်တော် တောင်းပန်ပါရစေ"ဟု ဆိုသည်။

"မင်း ငွေကစားဖို့တော့ ဟုတ်မယ်မထင်ဘူး။ အခုအချိန်မျိုးမှာ ငွေကစားရင် မှားမယ် ဇကန်ပဲ"

သူ့ဖခင်က ငွေကစားသည့်အကြောင်း ပြောသောအခါ ကင့်သည် သူ့သမီးကလေးအသက်နှင့် ကစားရမည့် ငွေကစားနည်း ဖြစ်ပါကြောင်း တွေးမိလေသည်။

"ကျွန်တော့် ငွေကစားနည်းဟာ သာမန် နည်းမျိုး မဟုတ်ပါဘူး ဖေဖေ။ ဖေဖေ့ဆီမှာ ငွေမယူတော့ပါဘူး။ ဘဏ်တိုက်မှာပဲ ကျွန်တော့်အိမ်ပေါင်ပြီး ယူပါတော့မယ်"ဟု သူက ဆိုလိုက်သည်။

"မဟုတ်တာ လုပ်ရော့မယ် ဒီအကောင်ဟာ။ ငါ့သား အိမ်ပေါင်ရတယ်ဆိုတာ ငါ မကြားချင်ပါဘူး "ဟုဆိုကာ ဖခင်ကြီးသည် ချက်လက်မှတ် တစ်စောင်ကို ရေးလေသည်။

"ကျေးဇူးပါပဲ ဖေဖေ"ဟု ကင့်ကဆိုကာ ဘဏ်တိုက်သို့ ကပျာကယာ ထွက်သွားလေသည်။

* * *

ကင့်မှာ ထိုနေ့အဖို့ အလုပ်များလှသဖြင့် အချိန်ကုန်မှန်း မသိတော့ပေ။ မွန်းတည့်ခါမှ သတိရသည်။ နောက်တစ်နာရီခန့် အကြာတွင် ချိန်းထားသည့် ထမင်းဆိုင်ကလေးသို့ သွားရပေမည်။ သူသည် ဘဏ်တိုက်မှ အိမ်သို့ပြန်သွားရာ အိမ်တွင် အယ်လင်အား ဝရန်တာတွင် နေစာ လှုံနေသည်ကို တွေ့ရသည်။ သူ့လက်ထဲတွင် စာအုပ်တစ်အုပ်ရှိသည်။ ဘရစ်ကလေးမှာ ခြံထဲတွင် မော်တော်လော်လီ ကားနီကလေးနှင့်

http://www.cherrythitsar.org

ကစားလျက် ရှိသည်။ အပြင်က မြင်ရသူတိုင်းမှာ ထိုအိမ်၌ ဒုက္ခကြီးစွာ ကျရောက်နေသည်ဟု ထင်နိုင်ဖွယ်ရာ အကြောင်းလမ်း မရှိနိုင်ပေ။

"ငွေရလာပြီလား"ဟု အယ်လင်က မေးလိုက်သည်။

ကင့်က အင်္ကျီအိတ်ကို လက်ဖြင့်ဖိလျက် "အသင့်ပဲ"ဟု ဆိုလေသည်။

သူတို့နှစ်ယောက်သည် နံနက်စာစားပွဲတွင် စကားမပြောဘဲ ထိုင်ကြသည်။ ဘရစ်ကလေးသာလျှင် ကလေးသဘာဝ ပြောချင်ရာ လျှောက်ပြောနေတော့သည်။ အယ်လင်မှာ ထမင်းကို အလျင်းမစားပေ။ ကင့်ကမူ အနည်းငယ်မျှသာ စားလေသည်။ အစားအသောက် မစားသော်လည်း ထမင်းစားပွဲတွင် အခြေအမပျက်လာ၍ ထိုင်သည်ကို ကင့်က ကျေးဇူးတင်နေတော့သည်။

"ဒီလို ဟန်မပျက်နေနိုင်တာ တော်တာပေါ့"ဟု ကင့်က အယ်လင်ကို လှမ်းပြောလိုက်ရာ အယ်လင်က မချိပြုံးကလေး ပြုံးနေလေသည်။

"ကော်ဖီ မသောက်တော့ဘူး ရှိစ်"ဟု အစေခံမကို လှမ်းပြောပြီးနောက် ကင့်က အယ်လင်ကို "မောင် သွားတော့မယ်"ဟု ဆိုလေသည်။

"သွားလေ၊ အခုလို အကြာကြီးစောင့်နေရတာ ဒုက္ခပါပဲ"

"သိပါတယ်ကွယ်"ဟုဆိုကာ ကင့်က အယ်လင်အား နှုတ်ဆက်နမ်းလိုက်လေသည်။

လွန်ခဲ့သည်နေ့က ဘာမျှမလုပ်ရဘဲ စောင့်ဆိုင်းနေရသဖြင့် ကင့်သည် စိတ်ညစ်ညူးခဲ့၏။ ယနေ့၌မူ သူသည် စောင့်ဆိုင်းရသည့် အချိန်သို့ရောက်အောင် ကြိုးစားရသည်ဖြစ်သောကြောင့် မျှော်လင့်ချက်ကလေး ရှိကာ စိတ်မညစ်တော့ချေ။

ကင့်သည် ထမင်းဆိုင်ကလေးရှိရာသို့ တစ်ယောက်တည်း ကားမောင်းသွားသည်။ ပတ်ဝန်းကျင်ရှုခင်းသည် နဂိုအတိုင်းပင် ဖြစ်ပေသည်။ ထိုကဲ့သို့သော အပေါ်ယံ သာယာမှု ရှုခင်းအတွင်းဝယ် အပြစ်ကင်းသော ကလေးများကို အိမ်မှ ခေါ်ယူပြီးလျှင် မိဘများထံမှ ငွေညစ်တတ်သော လူမသမာများရှိသည်ဟူ၍ ဆိုနိုင်ဖွယ် မရှိပေ။

http://www.cherrythitsar.org

သူသည် ကားမောင်းရင်း သူ့၌ ရန်သူများ ရှိလေသလားဟု တွေး တောစစ်ဆေးကြည့်လေသည်။ ကိုယ့်ထက်သာ၊ မနာလိုသူများ ရှိကောင်း ရှိပေမည်။ သူကိုယ်တိုင် ရန်သူဖြစ်အောင် လုပ်မိသည့် အကြောင်းအချက် ကား မရှိပေ။ သူ့ဖခင်၌လည်း ရန်သူရှိပေမည်။ အဘိုးကြီးက အလုပ် အကိုင် မရှိသေဘဲ ပျင်းရိနေသူတို့ကို အလွန်မုန်းတီးသည်။ မုန်းသည့် အလျောက် ပြောင်ပြောင်ကြီး ပြောတတ်သည်။ ထို့ကြောင့် အဘိုးကြီး၌ ရန်သူ ရှိပေလိမ့်မည်။

ကင့်သည် ထမင်းဆိုင်ဝင်းထဲသို့ ကားကို မောင်းသွားပြီးလျှင် ရပ် ထားခဲ့သည်။ သူသည် ဆိုင်ထဲသို့ ရင်တဖိုဖိုနှင့် ဝင်သွားပြီးလျှင် တံခါးဝ တွင် ထိုင်နေသော မိန်းမအား "အရက်ခန်း မရှိဘူးလား"ဟု အမှတ် မထင် ဟန်ဆောင်၍ မေးလိုက်သည်။

"ညာဘက် လှည့်သွားပါ"ဟု မိန်းမက ပြောသည်။ ထိုညနေမှာ တနင်္ဂနွေနေ့ညနေ ဖြစ်သောကြောင့် အရက်ခန်းတွင် လူစည်သည်။ မိန်းမကြီးကလည်း ကင့်ကို လှမ်း၍သာ ဖြေလိုက်သည်။ သူ့ကို လှည့်၍ ပင် မကြည့်လိုက်ချေ။

အခန်းထဲသို့ ဝင်လိုက်လျှင်ပင် သူသည် ချိန်းထားသူနှင့် တွေ့ရ သည်။ ထိုသူသည် ပြောထားသည့်အတိုင်းပင် မဲပြာရောင်ကွက်အင်္ကျီကို ဝတ်ထားသည်။ ရှပ်အင်္ကျီအပြာစင်း ဖြစ်သည်။ လည်စင်းအပြာနှင့်အင်္ကျီ အိတ်ထဲမှ ပြူထွက်နေသော လက်ကိုင်ပုဝါမှာလည်း အပြာပင်ဖြစ်သည်။ ထိုသူသည် ခုံတန်းရှည်ကြီး၏ အစွန်းတစ်ဖက်တွင် ရှိသည်။ ကင့်သည် သူ့အနီးသို့ လျှောက်သွားပြီးလျှင် "ဝီစကီနဲ့ဆော်ဒါရစ်ခွက်"ဟု မှာ လိုက်သည်။ အခန်းထဲတွင် လူများပြည့်လျက်ရှိ၏။ ကင့်က မဲပြာရောင် အင်္ကျီဝတ်ထားသူကို "ရွာထမင်းဆိုင်မှာ ဒီလိုလူများတာ အတော်ထူးခြား သဗျ"ဟု ဆိုလိုက်သည်။

"ဟုတ်တယ်ဗျ"ဟု ထိုလူက ပြန်ပြောလေသည်။ သူ့အသံမှာ သိမ် မွေ့လှသည်။ သူသည် ရေကဲ့သို့ အရည်ကို ဖန်ခွက်ရှည်ကြီး တစ်ခွက် တွင် ထည့်လျက် သောက်နေသည်။ မကြာမီ ကုန်သွားသဖြင့် သူက

http://www.cherrythitsar.org

အရက် ရောင်းသမားကို လှမ်း၍ "ဒါမျိုး နောက်တစ်ခွက်ပေးပါဦး" ဟု တောင်းလိုက်သည်။ ထို့နောက် ကင့်ဘက်လှည့်ကာ "ဒါကို လန်ဒန် ခဝါသည်မ အရည်လို့ ခေါ်ကြတယ်" ဟု ပြောပြလေသည်။

ကင့်သည် ထိုမျှ အမြင်နုပ်သော ပုဂ္ဂိုလ်မှာ အရေးပါ အရာရောက်သော သူ ဖြစ်နေသည်ဟု တွေးထင် အောက်မေ့ရန် ခက်လှသည်ဟု ထင်မိလေသည်။

"ကျုပ်သွားတဲ့ လမ်းဘက်ကိုပဲ သွားမှာလား" ဟု ကင့်က ရုတ်တရက် မေးလိုက်သည်။

"ခင်ဗျားကားနဲ့ ခေါ်ရင် ကောင်းမှာပဲ" ဟု နုပ်တုတ်တုတ်လူက ပြောလေသည်။

ကင့်သည် သူ့ကို ထိုသူက သိကြောင်း သိရသဖြင့် စိတ်ချလေတော့သည်။ ထို့ကြောင့် သူက ခေါင်းညိတ်ပြသည်။ သူတို့နှစ်ယောက်လုံးသည် ကိုယ့်အရက်ဖိုး ပေးကြပြီးနောက် အခန်းထဲမှ ထွက်သွားကြသည်။

"မြောက်ဘက် တည့်တည့်မောင်းပါ" ဟု လူနုပ်နုပ်က ပြတ်သားသော အသံဖြင့် ပြောလေသည်တွင် ကင့်သည် အိပ်မက်မက်သလို ငေးငိုင်ငိုင်ဖြစ်ရာမှ လန့်သွားလေသည်။ ထိုလူသည် ကင့်၏ ဘေးတွင် လက်ပိုက်၍ထိုင်နေသည်။ "မစ္စတာ ကရော့သား။ ဘယ်လို ဖြစ်တယ် ဆိုတာ အတိအကျ ပြောစမ်းပါ" ဟု မေးလေသည်။

ကင့်က ဖြစ်သမျှ အကြောင်းကို ပြောပြလေသည်။

"ကျွန်တော် ခင်ဗျားနာမည် မသိရသေးဘူး" ဟု ကင့်က ဆိုလိုက်ရာ ထိုလူက "ကျုပ်နာမည် အရေးမကြီးပါဘူး။ ကျုပ်ကို ဒီအမှု အပ်ထားပါတယ်" ဟု ခပ်တည်တည် ပြန်ပြောလေသည်။

"ကျွန်တော် ပြောပြီ မဟုတ်လား ကျွန်တော်တို့မှာ ရန်သူမရှိပါဘူး။ ရှိဦးတော့ ကျွန်တော်တော့ မသိတာအမှန်ပဲ" ဟု ကင့်က ပြောပြလေသည်။

"အို လူဆိုရင် ရန်သူရှိတာချည်းပါပဲဗျာ" ဟု ထိုလူက ခပ်တိုးတိုး ဆိုသည်။

http://www.cherrythitsar.org

"လူဆိုးတစ်ယောက်ယောက်က ကျွန်တော့်သမီးကလေးကို ပြန်ပေးဆွဲမယ်လို့ ကျွန်တော် မထင်မိဘူး"ဟု ကင့်က ဆိုလိုက်သည်တွင် ထိုလူက "လူဆိုးက ပြန်ပေးဆွဲတာမှ မဟုတ်ဘဲ။ လူဆိုးက ကလေးတွေကို ဘယ်တော့မှ ဒုက္ခမပေးပါဘူး။ ကလေးတွေကို ဒုက္ခပေးရင် ဒုက္ခကြီးရောက်တတ်တယ်ဆိုတာ လူဆိုးတွေက သိတယ်။ ဒါကြောင့်မို့ တကယ့် လူဆိုးက ဘယ်တော့မှ ပြန်ပေးမဆွဲဘူး။ ဘာမဟုတ် ညာမဟုတ် အကောင်က အဖော်တစ်ယောက် နှစ်ယောက်လောက်နဲ့ ပြန်ပေးဆွဲတတ်တာဗျ"ဟု ထိုလူက ကင့်အား ရှင်းပြလေသည်။

"လူဆိုးအဖို့ ဒုက္ခကြီး ရောက်တယ်ဆိုတာ ဘယ်လိုများလဲဗျ"ဟု ကင့်က မေးလေသည်။

"ဒုက္ခရောက်တယ်ဆို ကလေးတွေ ပြန်ပေးဆွဲရင် မိတာချည်းပဲ"

ကင့်သည် ထိုနုပ်နုပ်လူကို အယုံအကြည် ရှိလာသည်။ ထိုကြောင့် သူက ရင်းနှီးစွာ "ကျွန်တော့်မိန်းမကတော့ ငွေပေးရွေးချင်တာပဲ။ ခင်ဗျားကတော့ ငွေပေးရွေးတယ်ဆိုတာ လမ်းမမှန်ဘူးလို့ ဆိုမှာပဲ"ဟု ဆိုလေသည်။

"လမ်းမမှန် မဟုတ်ပါဘူး။ လမ်းမှန်ပါတယ်။ ကျုပ်တို့ ရဲအဖွဲ့တွေဟာ ကဝေဆရာကြီးတွေ မဟုတ်ပါဘူး။ ပြန်ပေးတောင်းတဲ့ ငွေကို မပေးရင် ပြန်ပေးနဲ့ အဆက်ပြတ်နေမှာပေါ့။ အဆက်ရှိမှလဲ ကျုပ်တို့ ဖမ်းလို့ရနိုင်မှာပေါ့။ ကျုပ်တွေ့ရတဲ့ အမှုတွေထဲမှာ အမှုနှစ်ခုပဲ ပြန်ပေးနဲ့ အဆက်ပြတ်ပြီး သဲလွန်စ ရှာမရ ဖြစ်ခဲ့ဖူးတယ်"

"ဩော် ကလေး အသတ်ခံရသလား"ဟု ကင့်က လန့်သောအသံဖြင့် မေးလေသည်။

"တစ်ယောက်တော့ အသတ်ခံရတယ်။ တစ်ယောက်ကတော့ အစပျောက်သွားတာပဲ"ဟု ထိုလူက ပခုံးတွန့်၍ ပြောသည်။

"ကျွန်တော် ဘာလုပ်ရမလဲ ပြောပါ။ ပြောတဲ့အတိုင်း လုပ်ပါ့မယ်"ဟု ကင့်က မေးသည်။

ထိုလူက စီးကရက် တစ်လိပ် ညှိသောက်ပြီးလျှင် "ကျုပ်တို့ကို

http://www.cherrythitsar.org

မတိုင်ဘဲ ကျိတ်လုပ်နေသလို လုပ်ပါ။ ငွေပေးပြီး ရွေးပါ။ ပေးတဲ့ ငွေစက္ကူ နံပါတ်တွေကိုသာ မှတ်ထားပါ။ ပေးမှာသာ ပေးပါ။ ပြီးတော့ သူက နောက်လုပ်ရမှာကို ပြောရင် ပြောတဲ့အတိုင်း လုပ်ပါ။ ပြီးတော့ ကျုပ်တို့ကို အကြောင်းကြားပါ။ ကျုပ် တယ်လီဖုန်းနံပါတ်ကတော့ ဟောဒီ အတိုင်းပါပဲ"ဟု ဆိုကာ သူ့အိတ်ထဲမှ စာရွက်ကလေးတစ်ရွက်ကို ထုတ် ပေးလေသည်။ ထိုနောက် သူက ...

"ခင်ဗျား တယ်လီဖုန်းကြိုးကို ကျုပ်တို့ဆက်ထားပြီး ခင်ဗျား ဘယ်သူနဲ့ ပြောပြော ကျုပ်တို့ ကြားဖြတ်နားထောင်ရပေလိမ့်မယ်"ဟု ဆက်၍ ပြောလေသည်။

"ဒါကတော့ မိတ်ဆွေ ကြိုက်သလိုသာ စီမံပါ"ဟု ကင့်က ပြောလိုက်သည်။

"ဒါပဲ လိုပါတယ်။ ဒီပြင်လဲ စီမံစရာ မရှိပါဘူး။ မိဘများ လုပ်ချင် တာကို လုပ်ခွင့်ပေးရမယ်လို့ ကျုပ်တို့အထက်က အမိန့်ပေးထားတယ်။ ခင်ဗျားဟာ အတော်အဆင်အခြင်ကြီးတဲ့လူပဲ။ ကျုပ် တွေ့ဖူးသေးတယ်။ လူတစ်ယောက်ဟာ သူ့ကလေးကို ပြန်ပေးဆွဲသွားတာ ရဲဘက်က ဝင်ကူညီရင် ရဲကို သေနတ်နဲ့ ပစ်သတ်မယ်လို့ ကြိမ်းတယ်။ သူ့ဘာသာ သူစီမံမယ်ဆိုပြီး လုပ်တာပဲ"

"ဒါဖြင့် ကလေး ပြန်ရရဲ့လား"

"မရဘူးဗျ။ ငွေလဲ ပေးရသေးတယ်။ ငွေပေးရွေးတယ် ဆိုတာ ကောင်းပါတယ်။ ဒါမှလဲ ကျုပ်တို့က ဖမ်းလို့လွယ်မှာ။ ဒါပေမယ့် ဒီလူက နှူတ်မငြိမ်ဘူး။ သူ့ဘာသာ စီမံတာ၊ ရဲကို အဝင်မခံဘူး ဆိုပြီး လျှောက်ပြောနေတော့ ကျုပ်တို့အဖွဲ့က မဝင်သာတော့ဘူးပေါ့"

"ကျွန်တော်တော့ ကလေးပြန်ရဖို့အတွက် ငွေပဲကုန်ကုန်၊ ဒုက္ခပဲ ရောက်ရရောက်ရ ကိစ္စ မရှိပါဘူး။ ကလေး အသက်ချမ်းသာရင် ပြီးတာ ပါပဲ"ဟု ကင့်က ပြောလိုက်သေးသည်။

ထိုလူ ဘာမျှပြန်မပြောတော့ပေ။ ကင့်သည်လည်း ရွာဘက်သို့ လှည့်၍ ကားကို မောင်းလာရလေသည်။ ထမင်းဆိုင်သို့ ရောက်သောအခါ

http://www.cherrythitsar.org

ထိုလူက "ကဲ ဒါပဲ။ ခင်ဗျားအကြံ အောင်ပါစေမျာ"ဟု ဆိုကာ ကားပေါ်မှ ခုန်ထွက်ပြီးလျှင် ဆိုင်ထဲသို့ ဝင်သွားလေသည်။

ညနေစောင်းတွင် ကားမောင်း၍ အိမ်ပြန်လာသော ကင့်သည် မွဲပြာအင်္ကျီနှင့် လူကို တွေ့ရသဖြင့် မည်သို့ ပြောဆိုဆွေးနွေးသည် ဟူသော စကားကို အကျယ်ချဲ့၍ ပြောစရာ အကြောင်းအရာ မရှိသည့် အဖြစ်ကို တွေးမိလေသည်။ သူပြောနိုင်သည့် အချက်တစ်ရပ်မှာ ထိုသူကို သူနှစ်သက် ယုံကြည်ကြောင်းပင်ဖြစ်သည်။ ထိုလူမှာ အလွန်တန်ခိုးကြီးသော အဖွဲ့၏ ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ထိုသူနှင့် တွေ့ဆုံရသည်မှာ စိတ်အားတက်ဖွယ်ဖြစ်ကြောင်း စသည့်အချက်များရှိသည် မှန်၏။

အိမ်သို့ ရောက်သောအခါ အယ်လင်က စောင့်မျှော်နေသည်ကို တွေ့ရသည်။

"တကယ်ဆိုတော့ သူက ဘာမှ မပြောလိုက်ဘူး။ ငွေပေးရွေးတာ မှန်တယ်လို့သာ ပြောလိုက်တယ်။ မောင်တို့ ငွေပေးရွေးရဖို့တော့ သေချာတယ်။ ဒီလူဟာ ထူးခြားတော့ ထူးခြားတာပဲ။ ကလေး အသက်ရှင်နေသေးရင်တော့ ငွေပေးလိုက်ရင် မောင်တို့သမီးကလေး ပြန်ရမှာပဲ။ ကဲ ငွေစက္ကူတွေ စစ်ကြည့်ရအောင်"ဟုဆိုကာ သူဖက်ထားသော အယ်လင်မှာ အတော်ပင်တုန်လှုပ်နေမှန်းသိသဖြင့် စကားကို ဖြတ်လိုက်လေသည်။

သူတို့သည် အိပ်ခန်းတံခါးကို သော့ခတ်ပြီးလျှင် ငွေစက္ကူများကို ရေတွက်နေကြသည်။

* * *

ည (၁၂)နာရီ မထိုးခင် ဆယ့်ငါးမိနစ်အလိုတွင် ကင့်သည် ချိန်းထားသော သစ်ပင်အိုကြီးရှိရာသို့ မောင်ထဲတွင် တိုး၍သွားလျက် ရှိသည်။ ထိုနေရာသို့ ကလေးအရွယ်ကပင် သွားနေကျ ဖြစ်သဖြင့် ကင့်အဖို့ မခဲယဉ်းလှချေ။ သို့ရာတွင် အပျော်တမ်း ငါးမျှားရန် ခြေကျင်ထွက်လာသော သူငယ်လေးဘဝနှင့် ယခုဘဝမှာ ကွာခြားလှချေသည်။

သူသည် ဝက်သစ်ချပင်အိုကြီး အနီးတွင် ကားကိုရပ်၍ သူနှင့်

http://www.cherrythitsar.org

အယ်လင်တို့ သပ်သပ်ရပ်ရပ် ထည့်ထားသော ငွေစက္ကူသေတ္တာကြီးကို ကားထဲမှထုတ်ယူလာသည်။ အနီးပတ်ဝန်းကျင်၌ လူသံသူသံ မကြားရပေ။ သို့ရာတွင် သူ့ကလေးကို ခေါ်သွားသော လူတစ်စုသည် တစ်နေရာမှ နေ၍ စောင့်ကြည့်နေကြမည်ဟူ၍ကား သိရလေသည်။

သူသည် ဘက်စ်ကလေး၏ အော်သံကို အနီးရှိ စက်ရုံပျက်ကြီးမှ ကြားရလေမလားဟု အောက်မေ့ကာ နားစွင့်နေမိသည်။ သို့ရာတွင် အသံဟူ၍ ဘာသံကိုမျှ မကြားရချေ။ သူသည် သေတ္တာကို သစ်ပင် ခြေရင်းရှိ ငေါငေါပေါ်နေသော အမြစ်ကြီးပေါ်တွင် တင်လိုက်လေသည်။

ယင်းသို့ တင်လိုက်ရာတွင် မြေနှင့် တစ်ပေခန့်မြင့်သော ကြိုးတန်းလေးတစ်ခုကို ဝင်၍ တိုက်မိသည်။ သူသည် ဘာများလဲဟု အောက်မေ့ကာ လက်ဖြင့်စမ်းကြည့်ရာ သစ်ပင်ကို ပတ်ထားသော သာမန်ချည်မျှင်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ကြိုးသွားရာ လျှောက်၍ စမ်းသောအခါ ကျောက်တုံးတစ်တုံး အောက်တွင် စာရွက်တစ်ခေါက်ကို တွေ့ရလေသည်။ သူသည် ထိုစာရွက်ကောက်ယူပြီးလျှင် ပါလာသော ဓာတ်မီးခြစ်ကို ခြစ်၍ ဖတ်ကြည့်သည်။ လက်ရေးမှာ စာမတတ်သူ ရေးထားကြောင်း ထင်ရှားလေသည်။ မည်မျှသော လက်ရေးဖြင့် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေသည်။

'ကျုပ်တို့ ပြောသလို ကောင်းကောင်းလုပ်ရင် နက်ဖြန်ည (၁၂) နာရီမှာ ခင်ဗျား လူငှားအိမ်ကိုသွားပြီး ကလေးကိုခေါ်ချေ။ ဒါပေမယ့် ကျုပ်တို့ကို တစ်ပတ် မရိုက်နဲ့။ ရိုက်ရင် ကလေးအလောင်းကိုပဲ ရမယ်'

သူသည် မီးခြစ်ကို ပိတ်လိုက်သည်။ သူ အလုပ်မဟုတ်လျှင် ကလေးကို အသေရလိမ့်မည်။ သူလုပ်သမျှ တစ်ယောက်တည်း လုပ်မှ ဖြစ်မည်။ ဘယ်သို့ လုပ်ရမည်ဆိုသည်ကို အတိအကျ ဆုံးဖြတ်ပြီးမှ အယ်လင့်ထံသို့ ပြန်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

အယ်လင်က 'ကလေး ရရင်ပြီးရောပေါ့။ ဘယ်သူ့ကိုမှ အသိပေးနေစရာ မလိုဘူး။ ကိုယ်ကျိုးကိုသာ ကြည့်ပါ'ဟု ဆိုမည်မှချပင်။ အယ်လင့် အလိုအတိုင်း သူက မည်သူ့ကိုမျှ မပြောဘဲ လုပ်မည်။ သို့ရာတွင်

http://www.cherrythitsar.org

ပြန်ပေးများက ကတိမတည်ဘဲ ကလေးအလောင်းကိုသာ ပြန်ပေးမည်ဆို လျှင် ခက်ချေမည်။

ထိုအခိုက်တွင် သူသည် ရဲအဖွဲ့ဝင်မျက်နှာကို သတိရမိသည်။ ထို သူမှာ ယုံကြည်အားထားစရာ ဖြစ်ပေသည်။ သူသည် ဤကိစ္စမျိုးတွင် မည်သို့ ဆောင်ရွက်အပ်သည်ကို အသေအချာ သိသည် ဖြစ်၏။ ကိုယ့် သဘောအတိုင်း လုပ်သော မိဘများထံသို့ သူတို့ကလေးများ ပြန်မလာ သည့် ယခင် သာဓကများရှိချေသည်။ သူ့တာဝန်မှာ ရဲအဖွဲ့ကို အကြောင်း ကြားရန် ဖြစ်သည်။ ထိုတာဝန်ကို ဆောင်ရွက်မည်ဟု ကင့်က ဆုံးဖြတ် လိုက်လေသည်။

သူသည် အိမ်သို့ ပြန်လာရာ အယ်လင်အား သူ့အိပ်ရာပေါ်တွင် မျက်စိမှိတ်လျက် လဲလျောင်းနေသည်ကို တွေ့ရသည်။

"ဒါလင်"ဟု သူက ခပ်တိုးတိုး ခေါ်လိုက်သည်တွင် အယ်လင်သည် မျက်လုံးများ ဖွင့်ပြီးလျှင် ထ၍ထိုင်လေသည်။ ကင့်သည် အယ်လင်အား ပြန်ပေး၏စာကို ပေးလိုက်ပြီးလျှင် သူ့ဘေးနားတွင် ထိုင်လိုက်သည်။ အယ်လင်လည်း ဖတ်ပြီးနောက် စိတ်မချမ်းသာသော မျက်နှာထားနှင့် သူ့အား မျက်လွှာ လှန်ကြည့်လိုက်သည်။

"နောက်(၂၄)နာရီတောင် စောင့်ရဦးမယ်ဆိုတော့ ကျွန်မဖြင့် ဒီဒဏ်ကို မခံနိုင်တော့ဘူး"ဟု သူက ခပ်တိုးတိုး ပြောလိုက်သည်။

"အို မင်းကလဲ ဘာဖြစ်လို့ မခံနိုင်ရမှာလဲကွာ။ ခံနိုင်ရမှာပေါ့။ မခံနိုင်လို့ကော ဘယ်တတ်နိုင်မှာလဲ။ ကဲပါ ထပါ။ ငါဖြင့် တစ်နေ့လုံး ဘာမှ မစားရသေးပါဘူး။ တစ်ခုခု စားကြပါဦးစို့"ဟု ကင့်က ဆိုလေ သည်။

"နေဦး မောင်။ ကျွန်မ မျက်နှာသွားသစ်လိုက်ဦးမယ်။ ပြီးတော့ အောက်ထပ် ဆင်းလာခဲ့ပါ့မယ်"ဟု အယ်လင်က ဆိုသည်။

ကင့်သည် ပြန်ပေးတို့အား ငွေ ပေးလိုက်ပြီးပြီဖြစ်ရာ ရဲအဖွဲ့ဝင်ထံ သို့ အရဲစွန့်၍ အကြောင်းကြားလိုက်မည်ဟု စိတ်ပိုင်းဖြတ်လေသည်။ သူသည် အယ်လင် အောက်ထပ်သို့မဆင်းခင် အကြောင်းကြားမှ ဖြစ်

http://www.cherrythitsar.org

မည်ဟု သိသည်။ ထို့ကြောင့် ရဲအဖွဲ့ဝင် ပေးထားခဲ့သော တယ်လီဖုန်းနံပါတ်ကို ခေါ်လိုက်လေသည်။

"ဟဲလို"ဟု ထိုလူက ဆိုသည်။

"ကျွန်တော် ကင့်ကရော့သားပါ။ ကျွန်တော့်ကို ချိန်းလိုက်ပြီ"

"ဩော် ဟုတ်လား"ဟု ထိုလူက စိတ်အားထက်သန်စွာ ဆိုလိုက်သည်။

"နက်ဖြန်ည (၁၂)နာရီ"

"ဟုတ်လား။ ဘယ်မှာလဲ။ သန်းခေါင်ချိန်းတာကတော့ ထုံးစံပါပဲ။ သူတို့ အမြဲတမ်း သန်းခေါင်ချိန်းကြတာပဲ"

"ကျွန်တော့်ဥယျာဉ်မှူးရဲ့ အိမ်ကို ချိန်းတယ်"

"ကောင်းပြီ မစ္စတာကရော့သား။ ကျုပ်တို့ကို အကြောင်းမကြားတဲ့ အနေမျိုးနဲ့ ဆက်လုပ်သွားပေါ့"ဟု ဆိုကာ တယ်လီဖုန်းကို ဖြတ်လိုက်လေသည်။

ကင့်သည် တယ်လီဖုန်းကို မချသေးဘဲ နားထောင်နေသေး၏။ ဘယ်ကမျှ အသံမကြားရသော်လည်း သူနှင့် ရဲအဖွဲ့ဝင်တို့ ပြောသော စကားကို ဖြတ်၍ နားထောင်နေကြောင်း သူသိလေသည်။ ယင်းသို့ ဖြတ်၍ နားထောင်နေသူမှာ ဘယ်သူနည်း။ လန့်စရာ ကောင်းလှတော့သည်။ သို့သော် ရဲအဖွဲ့က သူ့အိမ်က တယ်လီဖုန်းကို ဖြတ်၍ နားထောင်လိမ့်မည်ဟု ထိုလူက ကြိုတင် အကြောင်းကြားထားသဖြင့် လန့်စရာ မဟုတ်။ အားရှိစရာပင် ဖြစ်တော့သည်။

ထိုအခိုက် အယ်လင် ဆင်းလာသံကို ကြားရသဖြင့် ကင့်သည် တယ်လီဖုန်းကို ချပြီးလျှင် အယ်လင်ကို လှေကားခြေရင်းမှ ဆီးကြိုလေသည်။

"အယ်လင်ရေ၊ မောင်တော့ ထင်နေတာပဲ"

"ဘာများ ထင်နေတာလဲ မောင်"

"မောင်တို့ နိုင်လိမ့်မယ်လို့ စိတ်ထဲမှာ ထင်နေတယ်"

နိုင်မည်ဟု ထင်သည်ဟု ဆိုရင်ငြားလည်း ဘက်စီလေး၏ မျက်နှာ

http://www.cherrythitsar.org

ကို ကွက်ခနဲ မြင်လိုက်ရသဖြင့် ရင်တဖိုဖို ဖြစ်သွားလေသည်။ 'ငါ့ သမီးကလေးကို အရှင်ရမှရမှာလား"ဟု စိုးရိမ်စိတ် ရုတ်ခြည်းပေါ်လာလေသည်။

"ကဲ တို့ စားကြရအောင်။ ငါလဲ စားမယ်။ မင်းလဲ စားရမယ်။ နက်ဖြန်ကျတော့ ဒီပြန်ပေးကောင်တွေကို ငါတို့ နိုင်ရမယ်"ဟု ကင့်က အားရပါးရ ပြောလေသည်။

နက်ဖြန်ကျရင် ငါတို့ နိုင်ရမယ် ဆိုသော်လည်း သူတို့ ရှုံးတော့ မလိုလို ဖြစ်သွားချေသည်။ စောင့်ရသည့်ဒုက္ခကို ပင်ပန်းကြီးစွာ ခံကြရရှာသည်။ နာရီများအားလုံး ရပ်နေသည်ဟု ထင်ရလောက်အောင် အချိန်မှာ ကုန်ခဲလှချေသည်။ တစ်နေကုန် စောင့်ဆိုင်းရသည်မှာ အတော်သည်းခံရသော အလုပ်ကြီးပင်တည်း။

တနင်္ဂနွေနေ့ဖြစ်လေရာ ကင့်၏မိဘများ လာရောက်လည်ပတ်နေကျဖြစ်သဖြင့် လာကြလျှင် လျှို့ဝှက်ချက် သိသွားမည် စိုးရသည်။ သို့ရာတွင် ကံအားလျော်စွာပင် ကင့်၏မိခင်က အအေးမိသဖြင့် ထိုနေ့တွင် အလည် မလာရောက်နိုင်ဟု ကင့်၏ဖခင်က တယ်လီဖုန်းနှင့် လှမ်းပြောလိုက်လေသည်။

သူတို့နှစ်ယောက်သည် သားကလေး ဘရစ်နှင့် ကစားနေကြသည်။ ညဦးတိုင်အောင် တကစားတည်း ကစားနေကြရတော့သည်။ ကလေးအိပ်ချိန်ကျခါမှ ကလေးသိပ်ပြီးလျှင် သူတို့နှစ်ယောက်လည်း အိပ်ခန်းထဲတွင် ထိုင်နေကြသည်။ လက်ထဲတွင် စာအုပ်တစ်အုပ်စီ ရှိကြသော်လည်း စာထဲတွင် စိတ်မဝင်စားနိုင်ချေ။ အချိန်ကိုသာ စောင့်နေကြသည်။

ဆယ့်တစ်နာရီ ထိုးသောအခါ ကင့်က "ကဲ ငါသွားမယ်"ဟု ပြောကာ ထပြီးလျှင် သူ့ဇနီးအား နမ်း၍နှုတ်ဆက်လေသည်။ အယ်လင်သည် သူ့ကို အတင်းတွယ်ဖက်ထားသည်။ သို့ရာတွင် ချက်ချင်းပင်လျှင် သူတို့သည် ကိုယ်ချင်း ခွဲလိုက်ကြသည်။ ထိုအချိန်အခါမျိုး၌ စိတ်တင်းထားဖို့ လိုကြောင်း သူတို့နှစ်ယောက်လုံး သိကြပေသည်။

သူသည် ကားကို ဖြည်းဖြည်း မောင်းပြီးလျှင် (၆)လမ်းကွာ လောက်

http://www.cherrythitsar.org

တွင် ထားခဲ့ပြီးနောက် လမ်းလျှောက်သွားလေသည်။ သူသည် အိမ်ဟောင်း အချို့ကျော်၍ သူ့ဥယျာဉ်မှူး ပိတာ့အိမ်သို့ ရောက်လေသည်။ သူသည် တံခါးကို အသာခေါက်လိုက်ရာ ပိတာက "ဘယ်သူလဲ"ဟု မေးလိုက်သည်။

"ကျုပ်ပါ။ ကင့်ကရော့သားလေ။ သူတို့ ကလေးကို ဒီခေါ်လာကြလိမ့်မယ်"

"ကျွန်တော့်အိမ် ခေါ်လာမယ် ဟုတ်လား။ ဒါဖြင့် မီးထွန်းပါရစေဦး"

"မီး မထွန်းနဲ့ ပိတာ၊ တံခါးကိုလဲ သော့မပိတ်နဲ့။ ကျုပ် မှောင်ထဲမှာ ထိုင်နေမယ်။ တံခါးနားမှာ ကုလားထိုင်နဲ့ ထိုင်နေမယ်"

ကင့်သည် တုန်နေသဖြင့် ပိတာက တွန်းပေးလိုက်သော ကုလားထိုင်ကို တိုက်မိလေသည်။

"မစ္စတာကရော့သား၊ သောက်စရာတစ်ခုခု သောက်ပါလား"

"ကောင်းသားပဲ ပိတာ"

ကင့်သည် ပိတာ ပေးလာသော ခွက်ကိုယူ၍ မော့ချလိုက်ရာ လည်ချောင်းထဲသို့ ပူဆင်းသွားသော အနံ့ဆိုးသည့်အရက်ကို သတိထားမိလိုက်လေသည်။

"နောက် ဘာလုပ်ပေးရဦးမှာလဲ မစ္စတာကရော့သား"

"ဘာမှ လုပ်ပေးစရာ မလိုပါဘူး။ ငြိမ်ငြိမ်သာ စောင့်နေပါ"

"ကျွန်တော် ဒီမှာ ထိုင်နေမယ်။ ကျွန်တော့် အမယ်ကြီးကတော့ အိပ်ပြီ"

"စကား မပြောနဲ့ပိတာ"

"ဟုတ်ကဲ့ခင်ဗျာ"

တစ်နေကုန် စောင့်ရသည့် ဒုက္ခသည် ကြီးမားလှ၏။ သို့သော် အချိန်ကျရောက်ခါနီးလေလေ တုန်လှုပ်ချောက်ချားလေလေ ဖြစ်တော့သည်။ ကိုယ်က ငြိမ်သက်သည်နှင့်အမျှ စိတ်က အပြင်းအထန် လှုပ်ရှားလျက်ရှိလေသည်။

http://www.cherrythitsar.org

ကင့်သည် အမျိုးမျိုး ကြံ၍ စိုးရိမ်လေသည်။ အကယ်၍ ရဲအဖွဲ့က လုပ်ပုံ မသေသပ်သဖြင့် ပြန်ပေးများ သိသွားလျှင် ကိုယ်ကျိုးနည်းရချေမည်။ လွတ်လပ်သောတိုင်းပြည်ဟုသာ ဆိုရသည်။ ရာဇဝတ်မှု ကျူးလွန်သည်ကို ဖွင့်၍ တိုင်ကြားခြင်း မပြုနိုင်ချေ။ အကယ်၍ ဘက်စီကလေးကို အရှင်ပြန်မရလျှင် သူသည် ရဲအဖွဲ့ကို အကြောင်းကြားခဲ့ကြောင်း အယ်လင်အား ဖွင့်မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။ ရဲအဖွဲ့ကို အကြောင်းကြားခဲ့သည့်အတွက် သူကျေနပ်သည်။ ပြန်ပေး လူဆိုးများ ပြောသမျှ လုပ်၊ ပြုသမျှ ခံရမည်မှာ အတော်ပင် ဆိုးရွားလှသော အဖြစ်ပင်တည်း။

သူသည် လက်နှစ်ဖက်ကို ချိတ်ဆုပ်ထားရာ အပြင်အပ အအေးဒဏ်ကြောင့် လက်ချောင်းများမှာ သွေးမလျှောက်ဘဲ အေးစက်စက် ဖြစ်ကာနာကျင် နေလေသည်။ ထိုအခိုက်လမ်းပေါ်တွင် သီချင်းသံနှင့် လူတစ်ယောက် လျှောက်သွားသံကို ကြားရလေသည်။

"ဒါဟာ အရက်မူးသမားပါ"ဟု ပိတာက တိုးတိုး ပြောလိုက်သည်။

ကင့်က ဘာမျှ ပြန်မပြောချေ။ လမ်းမှာလည်း ပြန်၍ ငြိမ်သက်လျက် ရှိလေသည်။

ထိုနောက် သန်းခေါင်ကျော်ပြီးအတော်ကြာသည့်အခါ ကားတစ်စီး လမ်းပေါ်တွင် ပေါ်လာပြီးလျှင် ပိတာ့အိမ်ဝင်းဝတွင် ရပ်လေသည်။ ဝင်းတံခါးသည် ကျွိခနဲမြည်အောင် ပွင့်ပြီးလျှင် တစ်ဖန် ကျွိခနဲ ပြန်ပိတ်သွားလေသည်။ ထိုနောက် ကားသည် ထွက်သွားလေသည်။

"ပိတာ ကျုပ်ကို ဝင်းဝလိုက်ပို့ပါ"ဟု ကင့်က ဆိုသည်။

ညမှာ အလွန်မှောင်လေသည်။ သူ့အဖို့ အမှောင်ဆုံး ဖြစ်သည်။ သို့ရာတွင် အိမ်ပြင်သို့ ထွက်လိုက်လျှင်ပင် ကြယ်များ အရောင်တောက်နေလေသည်။ ပိတာက ကင့်ကိုလက်ဆွဲ၍ ရှေ့က သွားလေသည်။ ဝင်းတံခါးဝတွင် ပိတာသည် ငုံ့၍ကြည့်လိုက်ပြီးလျှင် "ဟောဒီမှာ ကလေး" ဟု ဆိုလေသည်။

ကင့်သည် မူးဝေဝေ ဖြစ်၍ ငေးနေခိုက်တွင် သူ့လက်ထဲသို့ ကလေးရောက်လာသည်ကို တွေ့လိုက်ရသည်။

http://www.cherrythitsar.org

"ဟ နွေးနွေးကလေးပါလား"ဟု ကင့်က စိတ်အားထက်သန်စွာ ဆိုလိုက်သည်။

သူသည် ကလေးကို ပိတာ့အိမ်ထဲသို့ ချီသွားလေသည်။ ပိတာက ဖယောင်းတိုင်ထွန်းပြီးလျှင် မီးရောင်ကို မြှောက်ပြလေရာ ဘက်စီကလေးကို မြင်ကြရလေသည်။ ကလေး၏ အင်္ကျီကလေးမှာ ညစ်ပေနေလေသည်။ ယောကျ်ားဝတ် ဆွယ်တာအင်္ကျီကြီးတစ်ထည် စွပ်ပေးထားသည်ကိုလည်း တွေ့ရသည်။ ကလေးမှာ သက်ပြင်းကြီး ရှူနေလေသည်။

"ကြည့်စမ်း ကလေးကို အိပ်ဆေးတွေ တိုက်ထားတယ်"ဟု ပိတာက ဆိုလိုက်သည်။

"အိမ်ကို အရောက်ပြန်ရမယ်။ ကဲ ပိတာ ကျုပ်ကို ကားထိအောင် လိုက်ပို့ပါဦး"ဟု ကင့်က တိုးတိုးနှင့် အရေးတကြီး ပြောလေသည်။

သူတို့ ကားပေါ်ရောက်သောအခါ ပိတာက "ကျွန်တော် ကားမောင်းပို့ရရင် မကောင်းဘူးလား"ဟု မေးလေသည်။

"ကောင်းသားပဲ"ဟု ဆိုကာ ကင့်သည် ကလေးကိုချီလျက် ကားထဲသို့ ဝင်၍ ထိုင်လိုက်သည်။ ကလေးမှာ ပျော့ခွေနေသဖြင့် ကင့်မှာ အသက် မရှူရဲအောင် ကြောက်လန့်နေလေတော့သည်။ 'ဘုရား ဘုရား၊ ဒါပေမယ့် အသက်ရှူနေသေးသားပဲ' မကြာခင်တွင်ပင် ဘက်စီအား သူမိခင်ရင်ခွင်တွင်း ပို့လိုက်ရပေတော့မည်။

အယ်လင်သည် တံခါးဝတွင် စောင့်နေသည်။ သူသည် စကားတစ်လုံးမျှ မပြောဘဲ ကလေးကို လှမ်းယူလိုက်သည်။ ကင့်သည် တံခါးပိတ်လိုက်ပြီးနောက် အယ်လင်ကို "ကျုပ် မင်းကို ပြောမလို့ဟာ"ဟူ၍ စကားမဆုံးခင်ပင် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

အယ်လင်မှာ အံ့သြစရာကောင်းလှတော့သည်။ စိတ်ဓာတ်ကြံ့ခိုင်လှပေသည်။ နောက်နေ့နံနက်တွင် ကင့်နိုးလာသောခါ အယ်လင်သည် သူ့ဘေးနားတွင် ထိုင်လျက်ရှိသည်။

"ဆရာဝန်က မောင်ဒီနေ့ အလုပ်မဆင်းပါနဲ့ဦးတဲ့"ဟု အယ်လင်က ပြောသည်။

http://www.cherrythitsar.org

"ဆရာဝန်က ပြောတယ်၊ ဟုတ်လား"ဟု ကင့်က အံ့အားသင့်စွာ မေးလိုက်သည်။

"ဟုတ်တယ်လေ။ မနေ့ညက မောင်လဲသွားတာ မမှတ်မိတော့ဘူးလား။ ဆရာဝန်ကို မောင်တို့သားအဖအတွက် ညကပဲ သွားခေါ်ရတော့တာပေါ့"

"သြော် ဘက်စီ ဘက်စီကလေး ဘယ်မှာလဲ။ ဘယ့်နယ်နေသေးသလဲ"

"အို ဘက်စီ နေကောင်းပါတော့မယ်"

"ဟာ မင်းက ငါ့ကို ညာနေတာပါ။ ကလေး ရှိသေးလို့လား"

"ရှိပါတယ်။ ဟောဟိုမှာ ...၊ ထလေ သွားကြည့်ပါလား"

ကင့်သည် ယိမ်းယိုင်လျက်ထ၍ ကလေးအိပ်ခန်းသို့ သွားလေသည်။ သူ့ခြေထောက်များမှာ မနေ့ညက လဲသွားကတည်းက မရှိတော့သကဲ့သို့ မခိုင်မခံ ဖြစ်နေတော့သည်။ ကလေး အိပ်ခန်းထဲတွင် ဘက်စီကလေးသည် အိပ်ပျော်နေလေသည်။ မျက်နှာကလေး ဖြူရော်ရော် ဖြစ်နေရှာသေးသည်။

"သူ ဒီဒုက္ခကို ကြီးရင် မှိတ်မိမှာ မဟုတ်ဘူး။ အဲဒါ ဝမ်းသာစရာပဲ။ ဘရုစ်သာဆိုရင် ခက်သေးတယ်"ဟု အယ်လင်က ပြောလေသည်။

ကင့်က ဘာမျှ ပြန်မပြောချေ။ ဘာမျှလည်း မတွေးချင် မပြောချင်လှပေ။

"ကဲ အိပ်ရာပြန်အိပ်ချေဦး။ စားစရာ သောက်စရာတွေ ကျွန်မယူလာခဲ့မယ်"ဟု ဆိုလေသည်။

"ကော်ဖီတစ်ခွက်လောက်သောက်ပြီးရင် ငါလဲ အိပ်ရာက ထပါမယ်ကွယ်"ဟု ဆိုကာ ကင့်သည် အိပ်ရာထဲတွင် လှဲနေလေသည်။ အိပ်ရာထဲတွင် လှဲနေခြင်းသည် ကောင်းလှလေသည်။ အဆိုးဆုံး အချိန်ကာလကျော်လွန်ခဲ့လေပြီဖြစ်၍ သူသည်အားလုံးကို ကျေးဇူးတင်နေလေသည်။

ထိုအခိုက် အိပ်ရာဘေးက တယ်လီဖုန်း မြည်လာသည်။ တယ်လီဖုန်းကို ကောက်ကိုင်ပြီးလျှင် 'ဟဲလို'ဟု သူက ဆိုလေသည်။

http://www.cherrythitsar.org

"ဟလို မစ္စတာကရော့သား၊ ကလေးမ ကလေး ဒဏ်ရာ ရသေးသလား"

"မရပါဘူး။ အကောင်းကတိပါပဲ"

"ကောင်းပါလေရဲ့။ ကျုပ်တို့ ပြန်ပေးကို ညက ဖမ်းလို့မိပြီဆိုတာ ပြောချင်လို့ပါ"

"ဖမ်းမိပြီလား"ဟု ဆိုကာ ကင့်က အိပ်ရမှ ထခုန်လိုက်သည်။

"ဟုတ်ရဲ့လားဗျာ။ သိပ်အံ့သြစရာပဲ"

"ကျုပ်တို့ ညက ရဲသားတွေ ရပ်ကွက်တစ်ခုလုံးကို ဝိုင်းထားတော့ မိတော့တာပေါ့။ ခင်ဗျားငွေ ပြန်ရလိမ့်မယ်"

"အို ဒါက အရေးမကြီးပါဘူး။ ပြန်ပေးဆိုတာက ဘယ်သူလဲ"

"ဟယ်ရိဘရောင်းဆိုတဲ့ ကောင်ပဲ။ ကုန်စုံဆိုင်က အကောင်ပါ"

"သူ့ကို ကျွန်တော် မသိဘူး။ သူ့နာမည်တောင် မကြားဖူးဘူး"

"ဘယ် ကြားဖူးမလဲ။ သူကလဲ ခင်ဗျားကို မသိဘူးတဲ့။ ဒါပေမယ့် သူ့အဖေနဲ့ ခင်ဗျား အဖေတို့ဟာ ကျောင်းနေဖက်ပဲတဲ့။ သူ့အဖေဆီက ပြောသံကြားဖူးတယ်တဲ့။ သူ့အဖေက စွံတဲ့လူမဟုတ်တော့ ခင်ဗျားအဖေကို မနာလိုဘူးပေါ့။ အကောင်က ခင်ဗျားဆီက ရစရာ အကြွေးရှိသတဲ့။ ရှူးလို့ ပြောချင်ရာ ပြောတာပါ။ အကောင်က မလည်မဝယ်ပါ။ကြောက်လိုက်တာလဲ သေတော့မယ့် အတိုင်းပဲ။ ကဲ ဒါပဲ မစ္စတာကရော့သား"

ကင့်သည် တယ်လီဖုန်းကို ချလိုက်လေသည်။ ဖြစ်သမျှ အကြောင်းမှာ မယုံချင်စရာ၊ အံ့သြစရာ ဖြစ်နေတော့သည်။ သူသည် ပတ်ဝန်းကျင်ကိုလှည့်ကြည့်ပြီးလျှင် ပြန်ပေးမှု ဖြစ်သည်ဟုသာ ဆိုရသည်။ ဘာမျှ မဖြစ်သကဲ့သို့ပင် အခြေမပျက်ကြောင်း တွေ့ရသည်။ ပြန်ပေးများကိစ္စမှာ ထိုကဲ့သို့ ဖြစ်ပေသည်။ ပြီးမှ သိကြသည်က များသည်။

သူက မကြာမီ အိမ်အောက်ထပ်သို့ ဆင်း၍ အစေခံများကို ခေါ်ပြီးလျှင် ကတိအတိုင်း တစ်ဦးလျှင် ဒေါ်လာတစ်ရာစီ ဆုချမည်ဟု ပိုင်းဖြတ်ထားလေသည်။

အယ်လင်သည် ဗန်းကလေးနှင့် အခန်းထဲသို့ ဝင်လာလေသည်။

http://www.cherrythitsar.org

နောက်က ဘရုစ် ပါသည်။ သားကလေးမှာ ကျောင်းသွားရန် အသင့် ပြင်ပြီး ဖြစ်လေသည်။ "ဘရုစ်ကို ပီတာလိုက်ပို့ရင် မကောင်းလား ဒါလင်"ဟု အယ်လင်က စိုးရိမ်သံမပါအောင် ကြိုးစား၍ မေးလိုက်သည်။

အယ်လင်က သားကလေးကို တစ်ယောက်တည်း ကျောင်းမသွားစေလိုပေ။

"မကောင်းဘူးလား မောင်ရယ်"ဟု ထပ် မေးလေသည်။

ကင့်သည် မဲပြာရောင်အင်္ကျီ ဝတ်ထားသော ရဲအဖွဲ့ဝင်၏ မျက်နှာကို မြင်ယောင်မိသည်။ ထိုသူသည် ရဲအဖွဲ့ကြီး၌ ပါဝင်သော အလားတူ ပုဂ္ဂိုလ်များတွင် တစ်ဦးမျှသာ ဖြစ်ပေသေးသည်။ ထိုပုဂ္ဂိုလ်များသည် တိုင်းပြည်၌ ဥပဒေထိန်းသိမ်းရေးကို ကြိုးပမ်းဆောင်ရွက်နေကြပေသည်။ ထိုနေ့က ထိုလူပြောစကားကို ကင့် သတိရမိနေသေးသည်။

"ကျုပ်တို့တစ်တွေဟာ ဥပဒေကို မရိုသေတဲ့လူတွေပဲ။ ပြန်ပေးမှုမှာ ငွေပေးမရွေးရဘူးလို့ ဥပဒေလုပ်လိုက်ရင် လိုက်နာကြမှာ မဟုတ်ဘူး။ အရက်သေစာ ပိတ်ပင်ရေးလိုပဲ တိတ်တိတ်ပုန်း လုပ်ကြမှာပဲ။ ဒါကြောင့်လဲ ပြန်ပေးတွေ ရှိနေသေးတာပေါ့။ လူတွေမကြိုက်တဲ့ ဥပဒေကို ဘယ်လောက်ပဲ ကောင်းကောင်း မလုပ်နိုင်ဘူးဗျ။ ဒီမိုကရေစီဆိုတာ ဒီလိုချည်းပဲ"ဟု ရဲအဖွဲ့ဝင်က ကားပေါ်တွင် သူ့ကို ပြောသွားလေသည်။

ကင့်က အယ်လင်ဘက်သို့ လှည့်၍ "ဘရုစ်ဟာ သူ့တိုင်းပြည်မှာ သူနေတာပဲ။ ဘာကြောက်စရာမှတ်လို့"ဟု ဆိုပြီးလျှင် ဘရုစ်ဘက်သို့ လှည့်ကာ "မင်းတစ်ယောက်တည်း မသွားရဲဘူးလား ငါ့သား"ဟု မေးလိုက်သည်။

"သွားရဲတာပေါ့ ဖေဖေ"ဟု ဘရုစ်က ကြံခိုင်သော လေသံဖြင့် ဖြေလိုက်လေသည်။

* * *

http://www.cherrythitsar.org

ရှင်းပြချက်

ဤဝတ္ထုကို ပါးလ်ဗတ် ရေးသည်။ **ပါးလ်ဗတ်သည် များသောအားဖြင့် ဤဝတ္ထုမျိုးကို ရေးလေ့ မရှိ။ စုံထောက်ဝတ္ထုမျိုးကို ရေးခဲလှ၏။** ယခု ရေးပြန်တော့လည်း အခြားစုံထောက် ဝတ္ထုများနှင့် မတူပေ။ လူ့သဘာဝကို ထင်ရှားစွာ ဖော်ပြနိုင်စွမ်းသည်။ သူ့လက်ရာသည် ထူးကဲလှ၏။ သူ့အရေးအသား သူ့အတွေးအခေါ်တို့သည် ကောင်းမွန် နက်နဲလှသည်။ စုံထောက်ဝတ္ထုသည် များသောအားဖြင့် ဇာတ်လမ်းကို အားပြုတတ်သောကြောင့် လူ့သဘာဝ၌ အင်အားနည်းတတ်သည်။ ရင်တလှပ်လှပ်ဖြစ်အောင် ဖန်တီးဖို့ကိုပါ အာရုံပြုသဖြင့် စုံထောက်ဝတ္ထုရေး ဆရာသည် ဇာတ်လမ်း အချိတ်အဆက်ကို ကျကျနန သေသေသပ်သပ် စီစဉ်လေ့ရှိသည်။

စင်စစ်သော်ကား ဤဝတ္ထုသည် စုံထောက်ဝတ္ထု မဟုတ်။ လူ့သဘာဝ ဝတ္ထုတစ်ပုဒ်ပင်ဖြစ်သည်။ ပြန်ပေးဆွဲခံရခြင်းသည် အလွန်ပင် ရင်ဖိုစရာ ကောင်းလှ၏။ အဆွဲခံရသူကို ထားဘိဦး။ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အဖို့ ရင်တလှပ်လှပ် ဖြစ်တတ်သည်။ ဒုက္ခကြီးနှင့် ရုတ်တရက် ရင်ဆိုင်ရသဖြင့် မကြံတတ် မလုပ်တတ် ဖြစ်ကြရသည်သာတည်း။

ပါးလ်ဗတ်သည် အမေရိကန်နိုင်ငံ၌ ပြန်ပေးမှုများ ပေါများသည်ကို အကြောင်းပြု၍ ဤဝတ္ထုကို ရေးခြင်း ဖြစ်ဟန်ရှိ၏။ အခြားသော အလားတူ ဝတ္ထုများမှာကဲ့သို့ ရှုပ်ထွေးသော ဇာတ်လမ်း ဇာတ်ကွက်များ မထည့်ပေ။ လျှို့ဝှက်သော အကြောင်းအချက်များ မသွင်းပေ။ ကြောက်စရာကောင်းသော လူဆိုးများ၊ အသိရခက်သော ပုဂ္ဂိုလ်(ဇာတ်ကောင်)များကိုလည်း မပါစေပေ။

http://www.cherrythitsar.org

သူပေးသော ဇာတ်လမ်းမှာ ရိုးလှ၏။ လူမမယ်ကလေးတစ်ယောက်ကို ပြန်ပေးက ခေါ်သွားပြီး မိဘများထံမှ ငွေတောင်းသည်။ ရဲက တိုက်တွန်းချက်အရ တောင်းသော ငွေကို ချိန်းသော အချိန်နှင့် နေရာတွင် သွား၍ ပေးသည်။ ကလေးကို ပြန်ပေးတို့က အိပ်ဆေးကျွေးပြီး ပြန်ပို့သည်။ ချောင်းနေသော ရဲအဖွဲ့က ပြန်ပေးကို ဖမ်း၍ မိသည်။ ထိုမျှပင်။

ဤဝတ္ထုဌ္ဌ အသားယူထားသည့်အချက်မှာ ပြန်ပေးဆွဲခံရသော ကလေးများ၏ မိဘများ စိတ်အခြေအနေနှင့် အပြုအမူတို့ပင် ဖြစ်သည်။ ဇာတ်လမ်းမှာ သာမန် အလိုအားဖြင့် ဇာတ်လမ်းဟု ခေါ်လောက်လှသော ဇာတ်လမ်းမျိုး မဟုတ်။ ရိုးလှစင်းလှ၏။ သို့သော် ပါးလ်ဗတ်သည် လူ့သဘာဝနှင့် လူ့စရိုက်တို့ကို ပေါ်ပေါက်လာသော အခြေအနေကို မူတည်၍ သရုပ်ဖော်ပေးလိုက်ပေသည်။ ဤဝတ္ထုတွင် ဇာတ်ကောင်များကိုသာ သရုပ်ဖော်သည် မဟုတ်။ အခြေအနေကိုလည်း သရုပ်ဖော်ထားသည်။

ဤဝတ္ထုကို အချစ်ဝတ္ထုဟု ဆိုလျှင်လည်း မမှားနိုင်ပေ။ ကင့်နှင့်အယ်လင်တို့သည် ဒုက္ခကြုံသောအခါ တစ်ယောက်ကို တစ်ယောက်က အားကိုး၊ တစ်ယောက်က တစ်ယောက်ကို မြတ်နိုးခြင်းတို့သည် ပေါ်လွင်လာပေတော့သည်။ ချစ်မြတ်နိုးပုံကို ဖော်ပြရာ၌ ပါးလ်ဗတ်သည် (မိန်းမ ဖြစ်၍မလား မသိ) အတော်ပင် သိမ်မွေ့သည်။

ဤဝတ္ထုနှင့် ပတ်သက်၍ အထူးအထေ ရှည်ရှည်လျားလျား ရေးစရာ လိုမည် မထင်ပါ။ ဝတ္ထုကို ဖတ်လိုက်လျှင်ပင် ကျေနပ်ဖွယ် ဖြစ်ကြောင်း သိသာပေလိမ့်မည်။ ပါးလ်ဗတ်၏ အနုပညာ စွမ်းရည်ကို ဂရုပြု၍ လေ့လာစေချင်လှတော့၏။ ဤဝတ္ထုဌ္ဌ တိုင်းပြည်၌ ရာဇဝတ်မှု အေားရန်မှ လွတ်ကင်းနိုင်ရမည်ဟူသော အချက်ကို ထင်ရှားစေသည်။ ထို့ကြောင့် ဤဝတ္ထုမျိုးကို ဝါဒဖြန့် ဝတ္ထုဟု ခေါ်နိုင်သည်။

(ဝါဒဖြန့်ဝတ္ထုဟု ဆိုလိုက်ရုံနှင့် နိုင်ငံရေးဘက်သို့ ပြေး၍ မတွေးသင့်။ မည်သည့် ဝါဒ အချက်အလက်ကိုပင် ထင်ရှားစေအောင် သရုပ်ဖော်သော ဝတ္ထုမျိုးကိုမဆို ဝါဒဖြန့် ဝတ္ထုဟု ခေါ်နိုင်သည်။ ဥပမာ အရက်သောက်၍ ပျက်စီးသွားသည့်အကြောင်းကို သရုပ်ဖော်ထားသော ဝတ္ထုကို အရက်မသောက်ရေး ဝါဒဖြန့် ဝတ္ထုဟု ခေါ်နိုင်သည်။)

* * *

http://www.cherrythitsar.org



http://www.cherrythitsar.org

၁၀။ သက်သေခံစာ

စီအက်စ် ဖော်ရက်စတား ရေးသည်။

(သက်သေခံပေစာများ)

❀ တစ်

အမှတ် ၁၇၊ ဟော်သွန်လမ်း။

မစ္စတာ လေစီရှင့်...

ကျွန်မ၏ ယောကျ်ားက အရေးခိုင်းရ၍ ရေးရပါသည်။ သူကရှင့်ကို မနက်ဖြန် အလုပ်တိုက်အသွားတွင် အိမ်သို့ ဝင်လာရန် ပြောပါသည်။ လာလျှင် ဟစ်ဒစ်ချ်လမ်း၊ အမှတ် ၇၂ အိမ် အရောင်းအဝယ် စာချုပ်စာတမ်းများ ယူလာခဲ့ရန်လည်း ပြောပါသည်။ သူ့ လက်မောင်း အတော် သက်သာသွားပါပြီ။ သို့ပေမယ့် မော်တော်ကား မမောင်းနိုင်သေးပါ။ ဆရာဝန်ကလည်း သိပ်လှုပ်လှုပ်ရှားရှား မလုပ်ပါနှင့်ဟု ဆိုထားပါသည်။

သင်၏ မိတ်ဆွေ
ဆစ်လ်ဗီးယားဟတ်။

❖ ❖ ❖

http://www.cherrythitsar.org

❀ နှစ်

၁၇၊ ဟော်သွန်လမ်း။

မစ္စတာ လေစီရှင့်...

ကျွန်မ ယောကျ်ားက ရှင် မနက်ဖြန် ထပ်လာပါဦးတဲ့။ လေလံနဲ့ ပတ်သက်ပြီး မှာစရာ အကြောင်းတွေ ရှိလို့ပါတဲ့။ သူကိုယ်တိုင် လေလံ မပစ်နိုင်ပေမယ့် သူက ရှင့်ကို ပြောလိုက်တယ် မဟုတ်လား။ မုတ်ဆိတ် ရိတ်ဖို့ ဆတ္တာသည်ကို စောင့်ရမှာမို့ ဒီမနက် မထွက်နိုင်သေးဘူးတဲ့။

သင့်၏ မိတ်ဆွေ
ဆစ်လ်ဗီးယားဟတ်။

❖ ❖ ❖

❀ သုံး

၁၇၊ ဟော်သွန်လမ်း။

မစ္စတာ လေစီရှင့်

ဒီစာတော့ ကျွန်မယောကျ်ား ကိုယ်စားရေးတဲ့ အလုပ်နဲ့ ပတ်သက်တဲ့ စာမဟုတ်ဘူး။ ကျွန်မကိုယ်တိုင်ရေးတဲ့ ကျွန်မရဲ့စာပါပဲ။ ဘာကြောင့် ကျွန်မက ရှင့်ဆီကို စာရေးတယ်ဆိုတာ ရှင်လဲ ရိပ်မိမှာပေါ့။ မနေ့က ကျွန်မတို့အိမ်မှာ ဖြစ်ပျက်တာနဲ့ ပတ်သက်ပြီး ကျွန်မက တောင်းပန်ချင်လို့ ဒီစာကို ရေးလိုက်ရတာပါပဲ။ မနေ့က ရှင် ဝင်ပြီး ပြောလိုက်တာ ကောင်းပါရဲ့။ ဒါပေမယ့် ဒီလို ဘယ်တော့မှ မလုပ်ပါနဲ့ ရှင်။ ရှင်လဲ ကျွန်မယောကျ်ားဆီမှာ အလုပ် လုပ်လာတာ ငါးနှစ်၊ ခြောက်နှစ် ရှိနေပြီဟာ။ ကျွန်မ ယောကျ်ား ဒေါသကြီးကြောင်း၊ စိတ် မြန်ကြောင်း သိရောပေါ့။ ဒေါသဖြစ်တယ်ဆိုရင် သူ့ဟာသူ ဘာပြောလို့ ပြောမှန်း သိတော့တာ မဟုတ်ဘူး။ မပြောသင့်တာတွေ လျှောက်ပြော

http://www.cherrythitsar.org

တော့တာပဲ။ ပြီးတော့လဲ မနေ့ကတော့ ခါတိုင်းထက် ဆိုးပါတယ်။ သူ့လက်ကလဲ ကောင်းကောင်း မပျောက်သေးဘဲ အဝတ်သိုင်းထားရတော့ လုပ်စရာ ရှိတာ လုပ်ချင်တိုင်း လုပ်မရဖြစ်ပြီး ပို ဒေါပွနေတယ်။ သူ့ခမြာ အပြင်မထွက်ရတာလဲ အတော်ကြာနေတော့ စိတ်ညစ်ပေတာပေါ့ ရှင်။

သူ့ လက်လဲ မကြာခင် ပြန်ကောင်းပါတော့မယ်။ ကျန်းကျန်းမာမာ ဖြစ်ပြီး သွားနိုင် လာနိုင်ဖြစ်လို့ သူ့အလုပ်ကို သူစိတ်တိုင်းကျ လုပ်ရတဲ့ အခါကျရင် သူ စိတ်ကောင်းလာပါလိမ့်မယ်။ မနေ့က ရှင် ဝင်ပြောလိုက်တော့ ကျွန်မဖြင့် ရှင့်ကို ကျွန်မ ယောကျ်ားက အလုပ်ဖြုတ်ပစ်လိုက်မလားလို့ ထင်ပြီး အတော် လန့်သွားမိတယ်။ အခုနေအခါမှာ အလုပ်က ရှားပါဘိသနဲ့။ ကဲ ဒီတော့ နောက်တစ်ခါ သူ့ရှေ့မှာ သတိထားပေတော့။ ရှင် ပူမနေပါနဲ့။ ကျွန်မတော့ ရိုးနေပြီ။

ကျွန်မကသာ ရှင့်အတွက် ပူရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင့်ထက် အသက်ကြီးပေတာကိုး။ အသက်ကြီးသူက အသက်ငယ်သူအတွက် ပူရတာပေါ့လေ။ ဒီတော့ နောက်နောင် သူစိတ်ဆိုးအောင် ရှင် မလုပ်ပါဘူးလို့ ရှင် ကျွန်မကို ကတိပေးရလိမ့်မယ်။

သင်၏ အလွန် ရင်းနှီးသော မိတ်ဆွေ
ဆစ်လ်ဗီးယားဟတ်။

❀ လေး

၁၇၊ ဟော်သွန်လမ်း။

မစ္စတာ လေစီ ...

ရှင်ရေးလိုက်တဲ့ စာကလေးက အတော်ပဲ ကောင်းပါပေတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမယ့်ရှင် ကျွန်မဆီကို နောက်ထပ် စာ

http://www.cherrythitsar.org

မရေးရင် ကောင်းမယ် ထင်တယ်။ ကျွန်မ ယောကျ်ားက ဒီနေ့နံနက် ကျွန်မဆီကို စာတစ်စောင် ရောက်လာတာ သိတယ်။ သူက ဘယ်သူ့ဆီက စာလဲ။ ဘာအကြောင်းတွေ ရေးထားတာလဲလို့ မေးတယ်။ ကျွန်မဆီ ရောက်လာတဲ့ စာမှန်သမျှ အကြောင်းကို ဒီလိုပဲ စစ်တတ် ကြောတတ် တာပဲ။ ဒါပေမယ့် ဘာရမလဲ၊ ကျွန်မက သူမမြင်အောင် ဂရုစိုက်ရတာပေါ့။ ဒါဟာ လွယ်တော့ လွယ်လှတာ မဟုတ်ဘူး။

ရှင်ရေးတဲ့ စာထဲမှာ မသင့်မလျော်တာတွေပါတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ကျွန်မတော့ သူ့ကို မပြဘူး။ ဒါနဲ့ သူနဲ့ကျွန်မ ရန်ဖြစ်လိုက်ကြသေးတယ်။ သူက အော်လိုက်တာ ပိတာကလေး လန့်ပြီး ငိုရှာတယ်။ ကျွန်မလဲ ဘယ်စိတ်ကောင်းမလဲရှင်။ သူ့ အလုပ် တိုက်ရောက်တော့ ဒေါသက်ပွနေသေးသလား မသိဘူး။ မပွတော့ ဘူးလို့တော့ မျှော်လင့်ရတာပဲ။ အလုပ်တိုက်မှာ သူက ရှင့်ကို ကြိမ်းလား၊ မောင်းလား လုပ်နေဦးမှာလားလို့ တွေးပြီး ပူမိသေးတယ်။ ရှင့်ကို မကြာမကြာ ကြိမ်းလားမောင်းလားနဲ့ နေတယ်လို့ အောက်မေ့ မိတယ်။ ဟုတ်သလား။ သူ ကြိမ်းပေ မောင်းပေမယ့်လို့ ရှင်ကတော့ သူ့ကို စိတ်မဆိုးပါနဲ့ရှင်။ ဒါကတော့ သူ့ ဝါသနာပါ။ စိတ်မရှိပါနဲ့နော်။

ရှင် ဟိုအိမ်ကို အရောင်းအဝယ်ဖြစ်အောင် ဆောင်ရွက်ပေးလိုက်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်။ ဒါမှလဲ ရက်တော်တော်ကြာကလေး နားအေးအေး နေကြရတော့မယ်။ သူက ရှင် တော်တယ် ဆိုတဲ့ အကြောင်း တစ်ခါက ပြောဖူးပါတယ်။ သူ့ လက်အောက်ခံ အလုပ်သမားတစ်ယောက် တော်တဲ့ အကြောင်း ပြောခဲ့ပေခြင်းမို့ သူ ဒီလို ချီးမွမ်း တာဟာ ရှင့်အဖို့ အလားအလာ ကောင်းတယ် ဆိုရပေမှာပေါ့။ တစ်နေ့နေ့ ရှင်လဲပဲ အိမ်ပွဲစားအဖြစ်နဲ့ တစ်စင်ထောင်နိုင်မှာပေါ့။ ဒီတော့လဲ ဟတ်ကုမ္ပဏီဟာ သူ့ဟာသူ တော်သလို ကြည့်လုပ်လိမ့်မယ်ပေါ့။

ရှင်ပေးလိုက်တဲ့ စာအကြောင်း ဆက်ပြောရဦးမယ်။ ကျွန်မဆီကို နောက်ထပ် စာမရေးပါနဲ့လို့ ပြောရတာ ကျွန်မ အများကြီး စိတ်ထိခိုက်ပါတယ်။ ဒါပေမယ့် ဘာကြောင့် ကျွန်မက ရှင့်ကို တားရသလဲ ဆိုတာ

http://www.cherrythitsar.org

ရှင် သိမှာပေါ့၊ အခု ရှင့်စာကို မီးရှိုးပစ်လိုက်ရတယ်။ မထားရဲဘူးရှင့်။ ခွင့်လွှတ်ပါနော်။

သင်၏
ဆစ်လ်ဗီးယားဟတ်

❖ ❖ ❖

❀ ငါး

ဖရင့်ရေ...

ရှင်လဲအိမ်က ထွက်သွားရော ကျွန်မလဲ ထိုင်ပြီး ရှင့်ဆီကို စာရေးတော့တာပဲ။ ရဟင် အိမ်လာတာကို ကျော့ သိသွားမှာ စိုးရွံ့ ပါဘိတော့တယ်။ ရှင် နောက်ဘယ်တော့မှ မလာခဲ့နော်။ ဘယ်လောက်ပဲ အခွင့်သာတယ် ဆိုပေမယ့် ဘယ်တော့မှ လာဖို့ မကြံစည်ပါနဲ့ရှင်။ သူသိသွားရင် ဘာလုပ်မယ်ဆိုတာ ကျွန်မတော့ မတွေးဝံ့ဘူးရှင်။

ရှင်လာတာ ကျွန်မတော့ သိပ်ဝမ်းသာတာပဲ။ ပီတာကလေးကို နံနက်ပိုင်း တစ်ရေးအိပ်အောင် သိပ်နေတုန်းမှာ အိမ်အောက်ထပ်က တံခါးခေါက်သံကြားရတော့ 'ဟင်း လာပြန်ပြီ။ ဘာပစ္စည်းရောင်းဖို့ လာဆွယ်ဦးမှာလဲ"လို့ တစ်ယောက်တည်း ဆိုမိပါသေးတယ်။ ပစ္စည်းရောင်းဖို့ လိုက်စပ်တဲ့လူလို့ မှတ်နေတာကို။ တံခါးဖွင့်လိုက်တော့ ရှင် ဖြစ်နေတာပဲလေ။ ရှင်လာတာ သိပ် ကျေးဇူးတင်တာပဲ။ ဒါပေမယ့် ကျွန်မတော့ သိပ်လန့်တာပဲရှင်။ ရှင့်အဖို့တော့ အလုပ်ကိစ္စနဲ့ သွားရင်း လက်ဖက်ရည်ဝင်သောက်နေလို့ နောက်ကျတာပဲလို့ ပြောပြီး ကျွန်မဆီဝင်လာနိုင်ပေတာပေါ့။ ဒါပေမယ့် မလာပါနဲ့ရှင်။ ဘာဖြစ်လို့ မလာသင့်တယ်ဆိုတာတော့ ရှင်သိမှာပေါ့လေ။

ဖရင့်ရေ၊ ရှင် ကျွန်မအတွက် ပူပန်နေဖို့ မလိုပါဘူး။ ကျွန်မဟာ ကျော့နဲ့ ပေါင်းလာတာ ငါးနှစ်ရှိလို့ ကျွန်မဘာသာကျွန်မ ကြည့်ပြီး တော်

http://www.cherrythitsar.org

သလို နေသွားနိုင်ပါတယ်။ ပြီးတော့လဲ ရှင်နဲ့ ကျွန်မ သွေးတော် သားစပ် ကြတာမှ မဟုတ်ဘဲ။ ရှင် ပူစရာ အကြောင်းလမ်း မရှိပါဘူး။ သွေးသား တော်သည့်တိုင်အောင် ရှင် ကျွန်မအကြောင်းကို ဂျော့ဆီမှာ ဘာမှပြောလို့ ဖြစ်မှာ ဟုတ်ဘူး။ ရှင်က သူ့လက်အောက်ခံ အလုပ်သမား မဟုတ်လား လို့။ ကျွန်မအကြောင်း ဝင်ပြောရင် ရှင် အလုပ်ပြုတ်မှာပေါ့။ ကဲ ကဲ အိပ်ရာ ပြင်ပြီး အိပ်ရာပေါ်မှာ လှဲနေတော့မယ်။ ဂျော့က နှိပ်စက်ရင် အိပ်ရာထဲမှာသာ လှဲနေလို့ အဒေါ်က ပြောဖူးတယ်ရှင့်။

ကျွန်မအဖို့တော့ အိပ်ရာထဲမှာ တစ်လှဲတည်း လှဲနေရတော့မှာပဲ။ ဂျော့က အတော်ပါးတာ။ ကျွန်မ အိပ်ရာထဲမှာ လှဲနေရာက ထစေချင်ရင် ကလေးကို ငိုအောင် လုပ်တယ်။ ကလေးငိုတော့ ထရတော့တာပေါ့ရှင်။ ကျွန်မတော့ ရှင့်အတွက် ပူပန်နေမှာပဲ။ ရှင် ဒီနေ့ အိမ်လာနေလို့ ရုံးပြန် နောက်ကျတာနဲ့ ဂျော့က ဆူမှာပဲလို့ တွေးပူမိပါတယ်။ဘာကြောင့် ရုံးပြန် နောက်ကျတယ်ဆိုတာများ သိလိုက်ရင် ဒုက္ခကြီးလှလှ တွေ့ရမှာ အမှန်ပါပဲရှင်။ ကျွန်မအဖြစ် တွေးလေလေ ကျောချမ်းလာလေပဲ။ ကျွန်မ ရှင့်အတွက် သိပ်ပူတာပဲ။ ရှင် ဘာမှ မဖြစ်ပါဘူးဆိုတာ သိရတော့မှ စိတ်အေးရတော့ မှာပါပဲလေ။

သင်၏

ဆစ်လ်ဗီးယား။

❖ ❖ ❖

❀ ခြောက်

၁၇၊ ဟော်သွန်လမ်း။

အချစ် ဖရင့်ရေ ...

မောင် နောက်ထပ် မလာရင် ကောင်းမယ်ထင်တယ်။ မလာနဲ့လို့ ပြောတာလဲ များလှပြီ။ ဒါနဲ့လဲ လာတာပဲ။ ဒီတစ်ခါတော့ အတည်ပြော

http://www.cherrythitsar.org

တာ ဆရာ။ မောင် ဒီလာနေတာကို ကျော့သိသွားမှာလဲ စိုးတာပေါ့။ ဒါပေမယ့် ဒီပြင်အကြောင်းလဲ ရှိသေးတယ်။ မောင်ပဲ မှန်းဆ ကြည့်ပေတော့။ ဖရင့်ရေ၊ ဒီကိစ္စ ရပ်တန်းကပဲ ရပ်ရင် ကောင်းမယ်လို့ ထင်တယ်။ ဒီနေ့ကစပြီး မောင်နဲ့ ခင်တို့ မျက်နှာချင်းမဆိုင်ကြဖို့ သင့်ပြီ။ မောင် ခင့်ကို မေ့ပစ်လိုက်ပါနော်။ မောင်က ခင့်ထက် အသက် နှစ်နှစ်ငယ်တယ်။ ဘယ်လိုသိသလဲဆိုတာ သိချင်သလား။ ကျော့နဲ့ ရပြီး မကြာခင်ပင် မောင့်အကြောင်း စပ်မိလို့ ပြောရင်းက မောင့်အသက်ကို သူက ပြောတယ်။ ခင် မှတ်ထားတာပေါ့။ မောင့်အသက်နဲ့ ဆိုရင် ရွယ်တူတန်းတူ မိန်းမတစ်ယောက် ယူပြီး ခင့်ကို မေ့ပစ်ဖို့သာ သင့်ပါတယ်။ ခင့်အဖို့တော့ မောင့် ဓာတ်ပုံကလေးကို ကြည့်ပြီး အဝေးကပဲ လွမ်းနေပါတော့မယ်ကွယ်။ မောင့် ဓာတ်ပုံကို မောင် မပေးဘဲနဲ့ ဘယ်လို ရသလဲဆိုတာ သိချင်သလား ဟင်။ ကျော့က သူ့အလုပ်သမားတွေနဲ့ တွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံမှာ မောင်ဟာ ကျော့အနားမှာ ရပ်နေတယ်လေ။ အဲဒီဓာတ်ပုံကြီး ခင်တို့အိမ်က အိပ်ခန်းလွတ်မှာ ချိတ်ထားတယ်။ ခင်တော့ လစ်ရင် အဲဒီ ဓာတ်ပုံကြီးထဲက မောင့် ရုပ်ပုံလွှာကို ကြည့်နေတော့တာပဲ။ အခု မောင်နဲ့ ခွဲရတော့မှာမို့ အဲဒီ ဓာတ်ပုံကြီးဆီကို ခဏခဏ ရောက်သွားတာပေါ့။

ဖရင့်၊ မနက်ဖြန် ကျော့ဟာ အခီစဉ်းမြို့ကို ဟေဖယ်ဆိုတဲ့ အိမ်အရောင်းအဝယ်ကိစ္စနဲ့ သွားလိမ့်မယ်။ သွားရင် တစ်နေကုန်နေရမှာပေါ့။ ဒီတော့ မနက်ဖြန် မောင် ခင့်ဆီကို လာပြီး နေ့လယ်စာ စားလှည့်ပါ။ အဲဒီ အခါကျမှ နှစ်ယောက်သား နှုတ်ဆက်ကြတာပေါ့။ လာဖြစ်အောင်လာ နော်။ ခင် မောင့်ကို နေ့လယ်စာအတွက် ဘာတွေ ချက်ပြုတ်ထားတယ် ဆိုတာ ပြချင်လို့ပါ။ မောင် အခု ထမင်းလခ ပေးစားနေရတာ ဘယ်မှာ အစားကောင်း အသောက်ကောင်း စားရတယ် ရှိမှာလဲ။ မောင် အနေအထိုင် ဆင်းရဲတာကို တွေးမိတိုင်း ခင်တော့ စိတ်မချမ်းသာပါဘူးကွယ်။ မနက်ဖြန် လာဖြစ်အောင်လာနော်။ နှုတ်ဆက်ပွဲ

http://www.cherrythitsar.org

ကလေးပေါ့။ နှုတ်မဆက်ခင် ပျော်ပျော်ကြီး နေရမှာမို့ မလာဘဲမနေပါနဲ့ ဆရာ ဒါပဲ။

သင့်ထာဝစဉ်
ဆစ်လ်ဗီးယား။

❖ ❖ ❖

ခုနစ်

၁၇၊ ဟော်သွန်လမ်း။

အချစ်ရေ ...

မောင့်ကို ခင် သိပ်ချစ်တာပဲ။ ဂျော့ အိစဘုန်းက ပြန်လာပါပြီ။ အားလုံး အဆင်ပြေပါတယ်။ သူ အာဖရိကပြည်ကထွက်တဲ့ လှံကြီး နှစ်ချောင်း ယူလာတယ်။ ဧည့်ခန်းမှာ အလှ ချိတ်ထားဖို့တဲ့။ ပီတာ ကလေး လက်လှမ်းမမီတဲ့ နေရာမှာ ချိတ်ဖို့ ပြောရသေးတယ်။ အခုပဲ ဂျော့ **ခြင်္သေ့**ကလပ် ထွက်သွားလို့ ဒီစာကို ကောက်ရေးလိုက်ရတယ်။ ဖရင့်ရေ၊ အချစ်ရေ၊ ခင်တော့ မောင့်ကို သိပ်ချစ်တာပဲ။ ဒီနေ့ တစ်နေ့လုံး ခင်ဖြင့် ဒီချစ်တယ်ဆိုတဲ့ စကားကို ထပ်တလဲလဲ ပြောခဲ့ပေမယ့် အခုလဲ ပြောချင်သေးတာပဲ။ ဒီနေ့ မောင်နဲ့ခင် ချစ်ကြတာ တကယ်တော့ လွန်တယ်။ နောက် ဒီလိုလုပ်ဖို့ မသင့်ပေဘူးပေါ့နော်၊ ဟုတ်လား။ မှတ်ထား ဆရာ မှတ်ထား။ မနေ့ကများ သူဖို့ ချက်ရပြုတ်ရတဲ့အထဲမှာ သူက ရှုပ်လိုက်တာ လွန်ပါရော။ အာလူးပြုတ်တွေ တူးတဲ့ အနံ့ရမှပဲ သူလွတ်တော့တယ်။ မောင် တော်တော်ကဲပါလားဟင်။ နောက်ဘယ်တော့မှ ဒီလို မလုပ်ရဘူး သိရဲ့လား။ ခင်တော့လေ သိပ်ရှက်သွားတာပဲ။ ဒါပေမယ့် မောင့်ကို အရင်တုန်းကထက် အများကြီး ပိုချစ်လာတယ်။ မောင်ကသာ ခင့်ကို ပိုချစ်မှာ မဟုတ်ပါဘူး။ ပြီးတော့ မနေ့က ပြောချင်တာတွေ ကုန်

http://www.cherrythitsar.org

အောင်လဲ မပြောလိုက်ရဘူး။ သူရှုပ်နေတာနဲ့ အချိန်တွေ ကုန်သွားတာပေါ့။ ရုံးချိန် နောက်ကျနေတော့ မောင် ပြေးရတာပေါ့။ အတော် မောသွားသလား မောင်။

သင့်ထာဝစဉ်
ဆစ်လ်ဗီးယား။

(နောက်ဆက်တွဲ။ ။ စာအိတ်ပိတ်ပြီးမှ ပြန်ဖွင့်ရတယ်။ ဒီနေ့ကစပြီး မောင် ခင့်ကို မတွေ့ရဘူးဆိုတော့ ခင့်ကို မေ့သွားမှာပဲလို့ စိုးရိမ်မိတယ်။ အဲဒါ ကြောင့် အခု မောင် ခင့်ကို ချစ်သေးရဲ့လားလို့ မေးလိုက်ရပါတယ် မောင်ရယ်။)

❖ ❖ ❖

❀ ရှစ်

၁၇၊ ဟော်သွန်လမ်း။

ဖရင့်ရေ...

ဒီ စာဟာ ရှည်ပြီး အလုပ်သဘောဆန်တဲ့ စာ ဖြစ်လိမ့်မယ်။ ခင် ဆိုမယ့် အချက်တွေကတော့ အသစ်အဆန်းတွေ မဟုတ်တော့ပါဘူး။ မောင် သိပြီးသားတွေပါပဲ။ တွေ့တဲ့အခါ ဒီစကားတွေ ပြောကို မပြော ဖြစ်ဘူး။ ပြောမယ်လို့ မတွေ့ခင်က ရည်ရွယ်ထားပေမယ့် တွေ့တော့ ဟိုစကား ဒီစကား ပြောရတာနဲ့ အခု ပြောမယ့် စကားတွေကို အချိန် မရတော့ဘူး။

ပထမအချက်ကတော့ မနေ့က ခင် မောင့်ကို ပြောလိုက်တဲ့ အကြောင်းကို စာနဲ့ ရေးပြီး အတည်ပြုရတာပါပဲ။ အဲဒါကတော့ ခင် ဂျော့ကို ဘယ်နည်းနဲ့မှ မပစ်နိုင်ဘူး။ မောင်က ဂျော့ကို ပစ်ပြီး မောင်နဲ့ လိုက်ဖို့ ပြောတာ ကျေးဇူး တင်ပါတယ်။ အင်မတန်မှလဲ ကောင်းမွန်တဲ့

http://www.cherrythitsar.org

စကား ပါပဲ။ ဒါပေမယ့် ခင် ဒီစကားကို လက်မခံနိုင်တဲ့အတွက် အများကြီး စိတ်မကောင်းပါဘူး မောင်ရယ်။ ခင်နဲ့ မောင် ထွက်သွားကြရင် မောင် အလုပ်ပြုတ်မယ်။ ခင့်မှာလဲ ငွေကြေးရှိတာ မဟုတ်တော့ ခင်တို့ နှစ်ယောက် ငတ်နေကြလိမ့်မယ်။ စဉ်းစားကြည့်စမ်း မောင်။ ခင်နဲ့ မောင်တို့ အချစ်မှာ ငွေကြေးက ဝင်ပြီး နှောင့်ယှက် ချုပ်ချယ်နေတယ်။

သိပ် အသည်းနာစရာ ကောင်းတာပဲ။ မောင်က အလုပ်ထွက်ရှာမယ် ဆိုပေမယ့် အလုပ်ရဖို့ သိပ်ခက်တယ်။ မောင့်မှာ နာမည်ပျက်ကြီးနဲ့ ဆိုတော့ ဘယ် အလုပ်ရှင်က မောင့်ကို အလုပ်ပေးမှာလဲ။ ဂျော့ကလဲ မောင်နဲ့ ခင်တို့ အကြောင်း လူသိနတ်ကြား ဖြစ်အောင် မပြောဘဲ မကြေညာဘဲ နေမှာတဲ့လား။ ငွေကြေးမရှိဘူးဆိုရင် မောင် အနေအထိုင် အစားအသောက် ဆင်းရဲပေလိမ့်မယ်။ ခင့်အတွက်တော့ အရေးမကြီးပါဘူး။ မောင်နဲ့သာ နေရရင်တော့ ဘာပဲ လုပ်ရ လုပ်ရပါစေ။ အရှိုက်လှည်း သမလုပ်ရဦးတော့ ကျေနပ် ပျော်ရွှင်ပါတယ်။ ပြီးတော့လဲ ပီတာကလေးကို ဂျော့နဲ့ ထားပစ်ခဲ့ဖို့ အင်မတန် ခက်ပါတယ်။ ဂျော့ဆိုတာကတော့ ယောကျ်ားမို့ ကလေးကို ကျကျနန စောင့်ရှောက် တတ်မှာ မဟုတ်ဘူး။ တကယ်လို့များ သူ အိစတုန်းက ယူလာတဲ့ လှံကြီးတွေကို ပီတာကလေး လက်လှမ်းမိသွားရင် ပြီးပါလေရော။ ပြီးတော့ ခင်နဲ့ ဂျော့ကွာကြရင် ဂျော့က ပီတာကလေးကို ခေါ်ထားလိုက်မှာ သေချာတယ်။ ဒီလို ခေါ်ထားတာဟာ သူ ကလေးကို ချစ်လို့တော့ မဟုတ် ဘူး။ ခင့်ကို နှိပ်စက်ချင်လို့ပေါ့။ ခင်တော့ ကလေးကို ဘယ်နည်းနဲ့မှ ခွဲလို့ မရဘူး။ ပီတာကလေးမှာ အသက် နှစ်ခါလည် တစ်လပဲ စွန်းသေးတယ်။ ကလေးကို ဂျော့က ခင်ပြုစုသလို ဘယ်ပြုစုမှာလဲ မောင်ရယ်။

အင်း ဘဝဟာ အတော်ပဲ ဆိုးပါလား။ ချစ်သူတွေကို နှိပ်စက်တဲ့ ဘဝပဲနော်။ ဒီတော့ ခင်နဲ့ မောင်ဟာ ဒီလိုပဲ သောင်မတင်ရေမကျနဲ့ နေသွားကြရဦးမှာပဲ။ နောက်နောင်တစ်ခုခု ဖြစ်လာလို့ အခြေအနေ ပြောင်းရင်လဲ ပြောင်းတဲ့ အလျောက်ပေါ့။ အဲဒီအထိတော့ သည်းခံပြီး

http://www.cherrythitsar.org

စောင့်ကြရလိမ့်မယ် မောင်။ ကဲလေ ဒါတွေ လျှောက်ပြောနေရင် သာပြီး စိတ်မချမ်းသာ ဖြစ်လိမ့်မယ်။ ခင်တော့ မောင့်လို ရုပ်ချောနဲ့ ချစ်ရတဲ့ အတွက် အများကြီး ကျေနပ် ဝမ်းသာနေတာပဲ။ ဒီလိုပဲဒုက္ခကို သတ္တိရှိရှိ ခံပြီး၊ ချစ်သူကလေးကို ငဲ့တဲ့ သဘောနဲ့ ဖြစ်သမျှ အခြေမှာ ပျော်ပျော်ကြီး နေတော့မယ်လို့ စိတ်ပိုင်းဖြတ်ထားတာပဲ။

နောက်အချက်တစ်ခုကတော့ မောင့်ကို ပေးတဲ့ ခင့်ရဲ့ စာတွေကို ဖျက်ဆီးပစ်လိုက်ပါ။ စာတွေဟာ အင်မတန် အန္တရာယ်များတယ် နော်။ နောင်တော့ သက်သေခံပစ္စည်း ဖြစ်တတ်တယ်။ မောင်နေတဲ့ အိမ်ကလဲ တယ်လီဖုန်း မရှိတော့ ခင်ပြောချင်တာတွေ စာနဲ့ချည်း ရေး ပြောနေရတာ ခက်လှသကို။ တယ်လီဖုန်းသာရှိရင် ညနေတိုင်း မောင့်ကို လှမ်းလှမ်း စကားပြောနိုင်မှာပဲ။ အဲဒီလို မောင့် အသံကလေး ကြားနေရရင် ခင်တော့ ကျေနပ်မှာ အမှန်ပဲ မောင်ရယ်။ အခုတော့ ဂျော့ ခြေသ့ေကလပ်ကို ထွက်သွားမှ စာရေးရတော့တယ်။ စာရေးပြီး အိပ်ရာဝင်တာပဲ။ ခင်တော့ မောင့်ကို အိပ်ရာထဲမှာ ရှိနေစေချင်တာပေါ့။ အခုတော့လေ မောင့်ကို အိပ်မက်ထဲမှာသာ တွေ့ရတော့တယ်။ ခင်တော့ မောင့်ကို အစွဲကြီး စွဲနေပြီမောင်ရယ်။ ဒီစာတွေကို မီးရှို့ဖျက်ဆီးပစ်နော်။ ခင်တော့ မောင့်ဆီက စာတစ်စောင်တည်းရှိတာ။ အခု မီးရှို့ပစ်လိုက်ပြီ။

မောင့်ကို နောက်ထပ် ဘယ်တော့တွေ့ရမယ်ဆိုတာ မသိသေးဘူး နော်။ တွေ့နိုင်ဖို့ ခဲယဉ်းလှပါတယ်။ ဂျော့ဟာ အင်မတန်ဆိုးတာ။ ခင့် အပေါ် အင်မတန် ရက်စက်တယ်။ အခု အတောအတွင်းမှာ ခင်က မောင့်ကို စိတ်ကူးရင်း ပျော်နေတတ်တာကို ကြည့်ပြီး ဒေါပွနေတယ်။ ခင် ဘာကြောင့် စိတ်ချမ်းသာနေတယ်ဆိုတာ သူတွေးလို့ မရတိုင်း ဒေါပွနေတာပေါ့လေ။ အခုဆို သူဟာ အရင်တုန်းကထက် အရက်ပိုပြီး သောက်တယ်။ ကလေးကိုလဲ ငိုအောင် လုပ်တယ်။ မောင်က အရက်သမား မဟုတ်လို့ တော်ပါသေးရဲ့။ လင်က အရက်သောက်ပြီး နှိပ်စက်သမျှ ချစ်သူက အရက်ကို တစ်ခါတလေလောက် သောက်တယ် ဆိုရုံကလေး သောက်ပြီး ခင့်အပေါ်မှာ ယုယပေလို့ တော်ပါသေးရဲ့လေ။

http://www.cherrythitsar.org

ကဲ ဒီစာရှည်ကြီးကို အဆုံးသတ်ရတော့မယ်။ ဂျော့အတွက် လက်ဖက်ရည် ပြင်ပေးရဦးမယ်။ ကိုယ့်ချစ်သူဆီကို စာရေးနေရာက ထပြီး လင်အတွက် လက်ဖက်ရည် ပြင်ပေးရတယ် ဆိုတာ အသည်းနာစရာပဲ။ တော်သေးပြီနောက်။ ဖရင့် ဒါလင်ရေ။ မွေးမွေးအများကြီး ပေးလိုက်ပါတယ်ကွယ်။

သင့် ထာဝစဉ် ချစ်သူ
ဆစ်လ်ဗီးယား။

❖ ❖ ❖

ကိုး

၁၇၊ ဟော်သွန်လမ်း။

အချစ်ရေ...

ဒါကြောင့်မို့ အခုထိုင်ပြီး အဲဒီ အကြောင်း ရေးလိုက်ရဦးမယ်။ ဂျော့က အိမ်စာဘုန်း တစ်ခါ ပြန်သွား နေတယ်။ အဒေါ်ကလဲ ပီတာကို တစ်နေ့လုံး ခေါ်သွားတယ်။ အဲဒီလို အဘက်ဘက်မှာ လွတ်လပ် အခွင့် အလမ်းသာတဲ့အခါ မောင်လာလိုက်တော့ သိပ်ဟန်ကျသွားတာပေါ့။ ညနေပိုင်း ဂျော့ပြန်လာတော့ ခင့်မှာ မောင်နဲ့တွေ့လိုက်ရတာတွေကို စားမြိုပြန်နေဆဲပဲမို့ သူက ခင့်ကို ဘာ ပြုံးပြုံးကြီး လုပ်နေရတာတုန်းလို့ မေးတယ်။ အင်း မောင်ဟာ အာဂအိုင်ယာလန်ကျွန်းသားပဲ။ ခင်တော့ မောင့်မျက်လုံးကြီးတွေကို အကြိုက်ဆုံးပဲ။ မောင့် မျက်လုံးတွေဟာ အပြာကလေးတွေပဲနော်။ ခင်တော့ သိပ်ချစ်တာပဲကွယ်။ ပြီးတော့လဲ မောင့် ဆံပင်ခွဲပုံကို ခင် သိပ် သဘောကျတယ်။ အဲဒီဆံပင် ခွဲပုံကိုပေါ့။ ခင် မောင့်ကို ပထမ စတွေ့ရကတည်းက စွဲတာ သိလား။ ပြီးတော့လေ မောင် ပြုံးလိုက်ရင် မောင့် မျက်ရစ်ကလေးတွေ ဝိုင်းပြီး လာတာကလေး ဟာလဲ သိပ်ချစ်စရာ ကောင်းတာပဲ။

http://www.cherrythitsar.org

ကျော့ လက်ကျိုးတုန်းက မောင့်ကို ခင့်ရှေ့တင် ကျော့က ကြိမ်းလို့ မောင်က ဒေါသကြီးနဲ့ ကြည့်တာကိုလဲ ခင် မမေ့နိုင်ပါဘူးရှင်။ မျက်လုံးက မီးတောက်လာအောင် ဒေါသဖြစ်တယ်ဆိုတာ ဝတ္ထုရေးတဲ့ ဆရာတွေက ဥာဏ်ကွန့်ရေးတာပဲလို့ ထင်မိခဲ့ပေမယ့် မောင့်ကို ဟိုနေ့က မြင်လိုက်ရမှ မီးတောက်နေတယ်ဆိုတာ တကယ်ပါလားလို့ တွေးမိတော့တယ်။ မောင်ဟာ အိုင်ယာလန်ကျွန်းသားဆိုတော့ ဒေါသကြီးရင်လဲ မျက်လုံးက မီးတောက်တာပဲ။ ဒါပေမယ့် မောင် ခင့်ကိုတော့ ဒေါသမဖြစ်ရဘူးနော်။ ဒါပဲဆရာ။ ဒီလိုသာ မောင်က ဒေါပွမယ်ဆိုရင် ခင် သေမယ် သိလား။ မောင်က ကိုယ်လုံး ကိုယ်ထည် ကြီးကကြီးပါဘိသနဲ့။ တစ်ခါတလေများ မောင်ဟာ ခင့်ချစ်သူလို့ ဆိုတာ တွေးမိရင်း အံ့သြမိတယ်။ မျက်စိမှိတ်ပြီး တွေးကြည့်တဲ့အခါမှ မောင့်ကို ခင်က ယုယုယယ ရင်ခွင်မှာ ထားပြီး နမ်းတဲ့အခါများမှာ မောင်ဟာ ကလေးကလေးလိုပဲ ကန်ကွဲကလျ နေတာကို မြင်ယောင်မိပါတော့တယ်။

မောင်ဟာ အခုမှ အသက် အစိတ်ပဲ ရှိသေးတယ်။ ခင်က အသက် နှစ်ဆယ့်ခုနစ်နှစ်။ အသက်ချင်း နှစ်နှစ်သာ ကွာပေမယ့် မောင်က သိပ်ကြီးတာ။ နုထွားကြီးပဲ။ ယှဉ်လိုက်ရင် ခင်ဟာ မောင့်အမေလောက် ထင်ရတယ်။

မောင်ရေ၊ ကျော့ဟာ ခင့်အပေါ်မှာ အတော်ပဲ ရက်စက်တာ။ မရက်စက်ဦးတော့ ခင်တော့ သူ့ကို သိပ်မုန်းတာပဲ။ ဒါပေမယ့်လေ နောက်နောင် တစ်ခုခု ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။ မကြာခင်ပဲ တစ်ခုခု ဖြစ်လာရင် ကောင်းမှာပဲနော်။ မောင့်ကို ခင် သိပ်ချစ်နေပြီ။ ခင်တော့ မောင့်ကို ရင်ခွင်ထဲမှာ ထားချင်လှပြီ မောင်ရယ်။ ပြောစမ်းပါ။ မောင် ခင့်ကို ချစ်ရဲ့လားလို့။ တစ်ခါတလေ ခင်တို့ ကံကိုက ဆိုးပါတယ်လို့ အောက်မေ့မိတယ်။ မောင် တစ်ခု မှာလိုက်ပါရစေ။ ခင့်ကို သတိရနော် ကဲ ကဲ ဒီနေ့ည အိပ်ရာထဲမှာ မောင်က ခင့်ကို သတိရနေစမ်းပါလို့။ ခင်တော့ မောင့်ကို သိပ်သတိ ရတာပဲကွယ်။

အချစ်ကြီးချစ်တဲ့
ဆစ်လ်ဗီးယား။

❖ ❖ ❖

http://www.cherrythitsar.org

တစ်ဆယ်

၁၇၊ ဟော်သွန်လမ်း။

ဒါလင်ရေ...

ဒီလို နေသွားလို့ မဖြစ်ဘူးလို့ မောင်ပြောတာကို ခင် နားလည်ပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမှာတုန်း မောင်ရဲ့။ ဂျော့ကို ပစ်သွားလို့ မဖြစ်ဘူးကွယ်။ မောင်လဲ အကြောင်းစုံ သိပြီးပြီဟာ ထပ်ပြောနေစရာလိုမယ် မဟုတ်ပါဘူး မောင်ရယ်။ ပီတာကလေးကို ထောက်ထားရသေးလို့ မောင့်အတွက် ဖြစ်ပေမယ့် ဂျော့ကိုတော့ ပစ်သွားလို့ မဖြစ်သေးဘူးကွယ်။ ပြီးတော့လဲ သူ့ကို ပစ်သွားရင် မောင်နဲ့ခင်တို့ ရက်သတ္တပတ် နှစ်ပတ်အတွင်း ငတ်ကြလိမ့်မယ် သိရဲ့လား။ မချစ်မနှစ်သက်တဲ့ လူနဲ့ အတူနေရတာ သိပ်ပြီး ဆင်းရဲရတာပဲနော်။ မောင်ကလဲ ချစ်သူနဲ့ မနေရတော့ ဆင်းရဲမှာ အမှန်ပေါ့။ တစ်ခါတလေများလေ ခင် အခု ထိုင်နေတဲ့ အနားက နံရံမှာ ချိတ်ထားတဲ့ လှံကြီးနဲ့သာ ဂျော့ကို ထိုးသတ် လိုက်ချင်တဲ့စိတ် ပေါ်ပေါက်လာတယ်။ ဒါပေမယ့် စိတ်သာ ရှိတာ လုပ်ရဲတာ မဟုတ်ဘူး။ အိုင်ယာလန်သူ မဟုတ်တော့ သတ္တိမရှိလှဘူးပေါ့မောင်ရယ်။ အိုင်ယာလန်သူသာဆိုရင် စိတ်လိုက်မာန်ပါ လုပ်လိုက်ပြီးရောပေါ့။ အိုင်ယာလန်သူ အိုင်ယာလန်သားတိုင်းလဲ မဆိုးပါဘူး။ အင်မတန် ချစ်စရာကောင်းတဲ့ အိုင်ယာလန်သား တစ်ယောက်ကို ခင် တွေ့ဖူးပါတယ်။ အဲဒါ ဘယ်သူလဲ မောင် သိရဲ့လား။

အချစ်ရေ၊ လာပြီး မွေးမွေးပေးလှည့်စမ်းပါ။ ဒါမှပဲ ခင့်စိတ်ကြည်လင် ရွှင်လန်းလာ ပါလိမ့်မယ်။ အခုတော့ ဘယ်လို လုပ်ရမယ်ဆိုတာ မသိဘဲ အကြံရကျပ်လွန်းလို့ စိတ်ညစ်နေတယ်။ နောက်တစ်ခါသူက ရိုက်ရင်တော့ ခင် သူ့ကို တစ်ခုခု ပြန်လုပ်မိလိမ့်မယ်။ သိလား။ သူ အလှချိတ်ထားတဲ့ လှံကြီးနဲ့ သူ့ကို ထိုးမိလိမ့်မယ်။ အဲဒီလောက်ပဲ စိတ်ညစ်တယ် မောင်ရယ်။ ကဲလေ ဒီ အကြောင်းတွေ ဆက်မရေးချင်တော့ပါဘူး။ ခင့် စာတွေ အားလုံးမီးရှို့ပြီးပြီမဟုတ်လား။ မောင်နဲ့

http://www.cherrythitsar.org

တွေ့ရင် ပြောမယ်လို့ ခဲထားတာတွေလဲ မောင်နဲ့ တွေ့တော့ မေ့ကုန်တာပဲ။ စာတွေ မီးရှို့ပြီးပြီလားလို့ မောင်နဲ့တွေ့တုန်းက မေးမလို့ဟာ မေးကို မမေးဖြစ်ဘူး မောင်ရယ်။

အချစ်များစွာနှင့် ချစ်သူ
ဆစ်လ်ဗီးယား။

❖ ❖ ❖

တစ်ဆယ့်တစ်

၁၇၊ ဟော်သွန်လမ်း။

အချစ်ဆုံးရေ...

ခင် မှာထားတာတွေ လုပ်ဖြစ်အောင် လုပ်ပါ။ ခင်က ကပျာကယာ ထွက်လာခဲ့ရလို့ မောင့်ကိုကျကျနန ရေရေလည်လည် မမှာခဲ့မိဘူး။ ပြီးတော့လဲ မောင် အကုန်လုံး သိထားဖို့ မလိုပါဘူး။ မောင် ခင်တို့ အိမ်ကို ခင့်ယောကျ်ားခေါ်တဲ့အခါမှ ရောက်ဖူးတယ်လို့ ပြောတာပေါ့။ ခင် လုပ်တာပါလို့ ခင် ပြောမယ်နော်။ မတော်တဆ ဖြစ်သွားတာပဲလို့ ဆိုမှာပေါ့။ လှံကို နံရံမှာ ချိတ်နေတုန်း လွတ်ကျပြီး သူ့ကို စူးတာလို့ ဆိုမယ်။ ဒီစာကို ထည့်ပြီး အပြန်ကျတော့ ဂျော့ သေနေတာကို တွေ့လို့ လန့်အော်နည်းမျိုးအော်မယ်။ ခင်တော့ မကြောက်ပါဘူး မောင်ရယ်။ နည်းနည်းမှ မကြောက်ဘူး။ အလောင်းကြီးက မျက်လုံးကြီး ပြူးလို့။ သွေးတွေကလဲအိုင်ထွန်းလို့။ ဒါနဲ့တောင်မှ ခင်တော့ မကြောက်ဘူး မောင်။ အားလုံး ကိစ္စတွေ ပြီးလို့ နေသေးတာကျ ဖြစ်တော့ ခင်နဲ့မောင် လက်ထပ်ကြတာပေါ့။ အဲဒါကတော့ မောင်က ခင့်ကို လိုချင်သေးတယ် ဆိုရင်ပေါ့လေ။ ကဲ တော်ဦးမယ်။ ပီတာကလေး နံနက်တစ်ချိန်အိပ်တာ နိုးခါနီးပြီ။ ဂွတ်ဒ်ဘိုင် ဒါလင်။ ဒီလို မောင်က လုပ်လိုက်တဲ့အတွက် ခင်က မောင့်ကို အပြစ် မတင်ပါဘူး။ ဒီလို လုပ်လိုက်တာ ဝမ်းတောင်

http://www.cherrythitsar.org

သာပါသေးတယ် မောင်ရယ်။ ကျော့ဟာ ဆိုးလွန်းလို့ ဒီလို ဖြစ်တာ ကောင်း တောင် ကောင်းသေးတယ်။ နောက်မကြာခင် မောင်နဲ့ ခင် တူပျော်ပျော်နေဖို့ပဲ ရှိတော့တယ်နော်။

ထာဝစဉ် အချစ်
ဆစ်လ်ဗီးယား။

http://www.cherrythitsar.org

ရှင်းပြချက်

ဤဝတ္ထုသည် စုံထောက်ဝတ္ထုဖြစ်၏။ သို့သော် ကြုံတွေ့နေကျ စုံထောက်ဝတ္ထုများနှင့် လားလားမျှ မတူ။ ရုံးတော်တွင် သက်သေခံအဖြစ် တင်ပြသောစာများကို စိစဉ်လိုက်သည်နှင့် ဇာတ်လမ်း အဖြစ်သနစ် ပေါ်လွင်လာပေတော့သည်။ ရေးပုံဆန်းလှ၏။ စာများကို သေသေချာချာ ဖတ်ကြည့်သောအခါ သာမန်ရေးနည်းဖြင့် ရေးသော စုံထောက်ဝတ္ထုကဲ့သို့ပင် ရာဇဝတ်မှု အကြောင်းရင်းသည် ပေါ်လာတော့သည်။

သက်သေခံစာ အမှတ်(၁)မှသည် တဖြည်းဖြည်း ဆက်၍ ဖတ်လိုက်သော အခါ မစ္စတာလေစီ (ဖရင့်)နှင့် မစ္စစ်ဟတ်(ဆစ်လ်ဗီးယား)တို့၏ တိတ်တိတ်ပုန်းအချစ်ဇာတ်လမ်းသည် ပေါ်လွင်လာလေသည်။ ပထမစာ၌ ပြင်ပြင်စိမ်းတစ်ယောက်ကို မိန်းမတစ်ယောက်က တာဝန်ဝတ္တရား အတိုင်းရေးသော စာဖြစ်ကြောင်း 'မစ္စတာ လေစီရှင့်'ဟူသော ပဏာမမှ အစ၊ စာကိုယ်တစ်ခုလုံးကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ မစ္စစ်ဟတ်သည် သူ့ခင်ပွန်းက ခိုင်းသဖြင့် သူ့ခင်ပွန်း၏ လက်အောက်ခံ အမှုထမ်းတစ်ယောက်ကို ခေါ်လိုက်သော စာဖြစ်သည်။ ဒုတိယ စာသည်လည်း ဒုတိယအကြိမ်ခေါ်သော စာဖြစ်၏။ တတိယစာ၌ ဧနီးနှင့် လက်အောက်ခံတို့ စု၍ ငြိစပ်ပြုလာကြောင်း တွေ့ရသည်။ ဧနီးက

http://www.cherrythitsar.org

သူ့ခင်ပွန်း ဒေါသကြီးကြောင်း၊ လက်အောက်ခံကို ဝင်၍ မပြောလိုက်ဖို့ အကြောင်း၊ သူ့ခင်ပွန်း၏ လက်အနာပျောက်ခါနီးပြီဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ ထိုစာသည် ဇာတ်ကြောင်း ဖော်သော စာဖြစ်၏။ မစ္စတာလေစီကို ဆစ်လ်ဗီးယားက ပြောပြခြင်းသည် စာရေးဆရာက သူ့စာဖတ်ပရိသတ်အား ဇာတ်ကြောင်း ဖော်ခြင်းပင် ဖြစ်၏။ ဇာတ်ကြောင်း ဖော်ပြရာတွင် ကျွမ်းကျင်လိမ္မာသည်ဟု ဆိုရပေမည်။ ဆစ်လ်ဗီးယားတို့ အိမ်ထောင်ရေးမသာယာပုံကို အရိပ်အမြွက်ပြသည်။ ဖရင့်အပေါ်တွင် ဆစ်လ်ဗီးယား၏ အာရုံစိုက်လာစပြုပုံကို ညွှန်းသည်။ ဆစ်လ်ဗီးယား၏ အာရုံအစအပျိုးမှသည် သူနှင့် ဖရင့်တို့၏ တိတ်တဆိတ် အချစ်ဇာတ်လမ်း၏ အစဖြစ်သည်။ ရာဇဝတ်မှု ဖြစ်ပွားရာအကြောင်း လမ်းပေါ်လာပေပြီ။ သို့သော် စာဖတ်သူသည် ထိုစာကို ဖတ်ရုံနှင့် မသိသေး။ သိချင်စိတ်တွေ ပေါ်လာသည်။ **Suspense** ဟု ခေါ်သော သိလိုဇော ဝင်လာလေပြီ။

စာအမှတ် (၄)သည် ဖရင့်နှင့် ဆစ်လ်ဗီးယားတို့၏ တိတ်တဆိတ် အချစ်ဇာတ်လမ်းတွင် ခြေတစ်လှမ်း တိုးလာပြီဆိုသည့် အချက်ကို ပြသည်။ သက်သေခံ ပစ္စည်းအဖြစ် တင်ပြသော စာများသည် ဆစ်လ်ဗီးယားက ဖရင့်ထံသို့ ရေးသော စာများသာ ဖြစ်သည်။ ဖရင့်ကပေးသော စာကိုမူ ဆစ်လ်ဗီးယားက မီးရှို့ပစ်လိုက်ကြောင်း ဤစာတွင် စ၍ တွေ့ရသည်။ ဖရင့်က ဆစ်လဗီးယားထံသို့ စာရေးလိုက်၍ ဆစ်လ်ဗီးယားက ပြန်သော စာ ဖြစ်သည်။

စာအမှတ် (၅) အစတွင် ဖရင့်က ဆစ်လ်ဗီးယားထံသို့ မစ္စတာဟတ် (ကျော့) မရှိခိုက်တွင် လာသွားကြောင်း သိရသည်။ ဆစ်လ်ဗီးယားက နောက်ဘယ်တော့မျှ မလာပါနှင့်ဟု စာထဲတွင် ဆိုခြင်းသည် နောက်လာဖို့ ဖိတ်ခေါ်ခြင်းပင် ဖြစ်သည်။ သူသည် တိတ်တဆိတ် ဖြစ်ခြင်းမှာ မသင့်လျော်ဟု သိ၏။ သို့သော် ဖြစ်လည်း ဖြစ်ချင်လေသေးသည်။ သူ့ ခင်ပွန်းကိုလည်း ကြောက်သည်။ သို့သော် သံယောဇဉ် ငြိစပြုလေပြီ။

သူက မလာသင့်ဘူး၊ မလာပါနှင့်ဟု ဖရင့်ကို စာရေး၍ ဆိုသော်လည်း ဖရင့် မလာဘဲလည်းမနေ၊ သူကလည်း တကယ်တော့ လာစေချင်သည်။ စာအမှတ်(၆)တွင် ဖရင့် နောက်ထပ်လာပြီးလျှင် ချစ်တင်နှိုးနှော သွားလေသည်။ ဆစ်လ်ဗီးယားသည် ဖရင့်ကို 'အချစ် ဖရင့်ရေ'ဟု ခေါ်လိုက်ပြီ။ ဖရင့်က သူ့ကို ချစ်သည်ကို သူနှစ်သက်၏။ ခင်ပွန်းကိုလည်း ကြောက်သည်။ နောက်မိုး

http://www.cherrythitsar.org

လင်းခြင်းသည် မသင့်ဟူ၍လည်း အပေါ်ယံ သဘောအားဖြင့် သိ၍ နောက်ထပ် မလာဖို့ချည်း ပြောသည်။ နောက်ထပ်မလာနှင့် ပြောသော်လည်း ဖရင့်က နောက်ထပ်လာသည်။ ယင်းသို့လာသည်ကိုလည်း စိတ်ထဲက ကြိုက်သည်။ မလာနှင့်ဟု စာအစမှာ ဆိုသော်လည်း စာအဆုံး၌ သူ့ ခင်ပွန်း အခြားမြို့သို့ တစ်နေကုန် သွားနေမည့် သတင်းကို ပေးရုံမက၊ နေ့လယ်စာလာ၍ စားဖို့ ဖိတ်လိုက်သေးသည်။ နောက်ဆုံး နှုတ်ဆက်ခြင်း နှုတ်ဆက်ဖို့ ခေါ်သည်ဟု သူက ဆို၏။ သို့သော် သူကိုယ်တိုင်က သူပြော သည့်အတိုင်း ရပ်တန်းက ရပ်ဖို့ မလိုလားပေ။ မိန်းမ သဘာဝကို သိမ်မွေ့စွာ ညွှန်းလိုက်ခြင်းပင်တည်း။

အမှတ်(၇)တွင် ဆစ်လ်ဗီးယားသည် ကျဆုံးလေပြီ။ ဖရင့်ကို 'အချစ်ရေ' ဟု ပစ်၍ ခေါ်လိုက်ရုံသာမက 'မောင့်ကို ခင် သိပ်ချစ်တာပဲ'ဟု စာအစတွင် ဖွင့်ဟဝန်ခံလိုက်လေပြီ။ သူတို့နှစ်ယောက် ခရီး ဘယ်လောက်ရောက်၍ ဘယ် စခန်းသို့ ဆိုက်ကြပြီဆိုသည်ကို ထင်ရှားစွာ သိနိုင်ပေပြီ။ စာကိုယ်ထဲတွင် သူတို့ ဆိုက်ရောက်ကြပြီဖြစ်သော အချစ်စခန်းကို ဖော်ပြထားသည်။ ယင်းသို့ အခြေမျိုးတွင် ရောက်နေပြီ ဖြစ်သော်လည်း စာ၏ နောက်ဆက်တွဲတွင် 'ဒီကနေ့က စပြီး မောင် ခင့်ကို မတွေ့ရတော့ဘူး'ဆိုသော စကားမျိုး သုံးချေသေးသည်ဆိုသည့် အချက်ကို တွေ့ရသည်။ ထိုအချက် သည် မိန်းမသဘာဝ တစ်ရပ်ကို သိမ်မွေ့စွာ ဖော်ပြခြင်းပင်ဖြစ်၏။ မိန်းမ၏ ငြင်းချက်သည် ဖိတ်ခေါ်ချက်ပင် ဖြစ်သည်ဟူသော အချက်ပင်တည်း။

အမှတ်(၈)တွင် ဆစ်လ်ဗီးယားသည် အချစ်နယ်ကျွံရာမှ နောင်ရေး ကိစ္စကို ဆွေးနွေးသည်။ သူသည် သူ့ခင်ပွန်းကို မပစ်နိုင်ကြောင်း၊ သူ့ သားကလေး အတွက်ကြောင့်ဟူသော စကားကို ဆိုသည်။ ဆစ်လ်ဗီးယားသည် ဖရင့်နောက်သို့ လိုက်လျှင် ဆင့်တောင့်ဆင်းရဲဖြစ်ရမည်ကို သိသည်။ ယင်းသို့ ဆင်းရဲမျိုးကို မခံနိုင်။ ခံဖို့လည်း မလိုလားပေ။ 'နောင် အခြေအနေ ပြောင်းတဲ့အချိန်' အထိ စောင့်ရလိမ့်မည်ဟု ဆိုသည်။ အခြေ အနေ ပြောင်းဖို့ စောင့်စားသည်။ ထို့အပြင်လည်း သူ့ခင်ပွန်း အခြားမြို့က ဝယ်လာသော လုံကြီးအင်္ကျီကို အထူးထည့်၍ ပြောသည်။ စာတွေ့မီးရှို့ပစ်ဖို့ သတိပေးသည်။ 'နောင်တော့ သက်သေခံ ပစ္စည်း ဖြစ်တတ်တယ်'ဟု ဆိုသည်။ ဆစ်လ်ဗီးယားသည် မိန်းမ

http://www.cherrythitsar.org

စိတ်၊ မိန်းမဉာဏ်ဖြင့် နောင်ရေးကို ကြိုတင်၍ မြင်သည်။ သူ့ထံသို့ ဖရင့်က ပေးလိုက်သော စာကို မီးရှို့ပစ်သည်။ ဖရင့်ကသာ မီးရှို့မပစ်ပေ။ မိန်းမသဘာဝ သေသေသိပ်သိပ် လုပ်တတ်ကြောင်း ပြသည်။

စာ အမှတ်(၉)တွင် သူတို့နှစ်ယောက်ထပ်၍ တွေ့ကြပြီးလျှင် စခန်းဆက်၍ လွန်ကြပြန်လေပြီ။ ဆစ်လ်ဗီးယားလည်း ဖရင့်အပေါ်တွင် အစွဲကြီးစွဲနေလေပြီ။ အမှတ်(၁၀)တွင် သူတို့နှစ်ယောက် ပူးပေါင်း ကျူးလွန်မည့် ရာဇဝတ်မှု အရိပ်အယောင်ပေါ်လာသည်။ လှံကြီးနှင့် သူ့လင်ကို ထိုးလိုက်ချင်တယ်ဟု ဆိုသည်။

နောက်ဆုံးတွင် အမှတ်(၁၁)တွင် ဆစ်လ်ဗီးယားက တိုက်တွန်းသဖြင့် ဖရင့်က ဂျော့ကို လှံနှင့် ထိုးသတ်လိုက်ကြောင်း အစွန်းအစများ တွေ့ရသည်။ ဂျော့ သေပြီးသည့်နောက်မှ ဆစ်လ်ဗီးယားက ဖရင့်ထံသို့ ရေးသောစာဖြစ်သည်။

ဤ ဝတ္ထုသည် ရေးပုံဆန်း၏။ သက်သေခံစာများက သက်သေခံသွားသည်။ ပမာဏ၊ နိဂုံးစသည်တို့ မပါဘဲ စာတွေကိုသာ စဉ်၍ ပြသွားသည်။ ထို ရေးပုံမျိုးကို တွေ့ရခဲသည်။ အမှုတစ်ခုတွင် သက်သေခံပစ္စည်းက လူသက်သေထက်ပို၍ တိကျမှန်ကန်စွာ ထွက်ဆိုပြတတ်သည်ဟူသော အချက်ကို ထင်လင်းစွာ ဖော်ပြလိုက်ခြင်းပေတည်း။

ဤဝတ္ထုကို အင်္ဂလိပ်ဝတ္ထုဆရာ ဖော်ရက်စတားက တစ်မျိုးထွင်၍ ရေးခြင်းဖြစ်သည်။ စာဖတ်သူက စိတ်ကူးဖြန့်၍ ကွက်လပ်ဇာတ်ကွက်များကို ဖြည့်ယူရသော အဖြည့်ခံ ဝတ္ထုမျိုးဟု ဆိုနိုင်သည်။

ဖော်ရက်စတားသည် နာမည်ကျော် (ရုပ်ရှင်ရိုက်ကူးပြီးဖြစ်သည့်) ရေတပ်ဗိုလ် 'ကပ္ပတိန်ဟော်န်းဘလိုဝါး' ဝတ္ထုများကို ရေးသော စာရေးဆရာဖြစ်သည်။

http://www.cherrythitsar.org

ဝတ္ထုတို ထွေရာမှတ်တမ်း

ဝတ္ထုတိုများ အားလုံးကို ခြုံ၍ ရှင်လင်းချက်

ဝတ္ထုနှင့် ပတ်သက်၍ အထွေထွေစကား ဆိုပါဦးမည်။ ဝတ္ထုတို ပေါ်ပေါက် လာသည်မှာ မကြာလှသေးပါ။ ယခင်အခါက ပုံပြင်များ၊ မှတ်တမ်းများသာ ရှိသည်။ ဥရောပတိုက်၌ ဝတ္ထုတိုဟူသော သီးသန့် အနုပညာစာပေပုံစံအဖြစ် ပေါ်လာသည်မှာ အနှစ်တစ်ရာ မပြည့်တတ် သေးပေ။ အနှစ်ငါးဆယ်ကျော်လောက် ရှိပြီ ထင်မိပါသည်။ ကျွန်တော် တို့ဆီမှာ ဝတ္ထုတို ပေါ်လာသည်မှာကား အတော်ပင် နောက်ကျချေသေး သည်။ ဝတ္ထုတိုမှာ ကျွန်တော်တို့အဖို့ တိုင်းတစ်ပါးက ရလာသော အနု ပညာ စာပေပုံစံသစ် တစ်ခုပင် ဖြစ်သည်။

ဝတ္ထုတိုသည် ပေါ်လာကတည်းကပင် လူကြိုက်များလာခဲ့၏။ စာရေးဆရာများကလည်း အရေးများ၏ မဂ္ဂင်း၊ ဂျာနယ်များ ထွန်း ကားလာသော ဤခေတ်၌ ဝတ္ထုတိုသည် ပွားများရာ နေရာများစွာ ရလာလေသည်။ မဂ္ဂင်း၊ ဂျာနယ်တို့သည် ကမ္ဘာပေါ်တွင် များလှစွာ၏။ ယင်းတို့သည် ဝတ္ထုတို ပေါက်ပွားရာ ရေကန်ကြီးများပင်တည်း။

http://www.cherrythitsar.org

ဝတ္ထုတိုသည် အစဉ်ကြီးပွားတိုးတက်နေသော အနုပညာစာပေ ပုံစံတစ်ခုဖြစ်သည့်အလျောက် ယင်း၏ အခြေအနေသည် တစ်နေ့တခြား ပြောင်းလဲလျက်ရှိသည်။ **လွန်ခဲ့သည့် အနှစ်ငါးဆယ်ကျော်က ထွက်ပေါ်လာသော ဝတ္ထုတိုများနှင့် ယခုအခါ ပေါ်ထွက်လျက်ရှိသော ဝတ္ထုတိုများသည် အသွင်အပြင်ချင်း မတူလှတော့ပေ။** အတွင်းသားမှာလည်း အမျိုးအစား ကွဲပြားလေတော့သည်။ ရှေးခေတ်က ဝတ္ထုတိုများတွင် အစ၊ အလယ်၊ အဆုံးဟူ၍ သုံးပိုင်းသုံးကန့် ရှိသည်။ ဇာတ်လမ်းကို အလေးထားသည်။ 'ဝတ္ထုဆိုသည်မှာ ဇာတ်လမ်းကို ပြောပြရပေမည်' ***(A story must tell a story)*** ဟူသော အယူအဆ လွှမ်းမိုးခဲ့သည်။ ဇာတ်လမ်း မခိုင်သော ဝတ္ထုတိုကို အလေး မထားခဲ့ကြချေ။

ကျွန်တော်တို့ဆီမှာ ယခုထက်တိုင် ထိုအယူအဆ ရှိနေသေးသည်။ ဝတ္ထုတိုတစ်ပုဒ် ရေးပေးမည်ဟု စာရေးဆရာတစ်ယောက်က မဂ္ဂဇင်း အယ်ဒီတာကို ပြောလိုက်လျှင် အယ်ဒီတာက "ဘယ်လို ဇာတ်လမ်းလဲ" ဟု မဆိုင်းမတွ မေးလိုက်သည်။ စာရေးဆရာက ဇာတ်လမ်းအကျဉ်းချုပ်ကို ပြောလိုက်၍ နှစ်သက်လျှင် အယ်ဒီတာကလက်ခံမည်ဟု ဆိုလိုက်၏။ ဝတ္ထုတိုကိုကား တစ်လုံးတစ်ပါဒမျှ မရေးရသေးပေ။

ဇာတ်လမ်း ဇာတ်ကွက်ကို အာရုံပြုမှု များလွန်းလှသေးသော ကျွန်တော်တို့ဆီမှာ နိုင်ငံခြား ဝတ္ထုများမှ ဇာတ်လမ်းဇာတ်ကွက်များ ခိုးချနေသော အကျင့် ထွန်းကားနေတော့သည်။ အံ့စရာ မဟုတ်ပေ။ ဝတ္ထုတစ်ပုဒ်ကို စိစစ်ဝေဖန်တော့မည်ဆိုလျှင် ဇာတ်လမ်းအင်အား ကောင်းရဲ့လား ဟူသော အမေးကို ပထမဦးဆုံး ဖြေဖို့ ကြိုးစားလေ့ရှိသည်။ ဇာတ်လမ်းပေါ်မှာ ဇာတ်ကောင်တည်နေသည်ဟူသော အတွေးမျိုး ပေါက်လျက် ရှိကြ၏။ သူတို့ဆီမှာ ဝတ္ထုတို ပေါ်စကကဲ့သို့ ဖြစ်နေ၏။ **ဝတ္ထုတိုသည် ပုံပြင်မှ ပေါက်ပွားလာခဲ့ရလေရကား၊ အစဉ် ပုံပြင်မှာကဲ့သို့** ဇာတ်လမ်းကို အလေးဂရုပြုကြသည်။

ဇာတ်လမ်း **ဇာတ်ကွက်များကို ဆင်ပြီးကာမှ ဝတ္ထုတိုကို ရေးခဲ့ကြရာ၊ ထိုမှ ဇာတ်ကောင်သည်လူ၊ လူသည်သာ ပဓာနဟူသော အတွေးမျိုး**

http://www.cherrythitsar.org

ပေါက်လာ ပြီးလျှင် ဝတ္ထု၏ အသက်သည် ဇာတ်လမ်းမဟုတ်၊ ဇာတ်ကောင်သာ ဖြစ်သည်ဟူသောအယူအဆ ထွန်းကားလာလေသည်။ ဤအယူအဆ ထွန်းကားမှုတွင် **ရုရှားစာရေးဆရာကြီး အင်တွန်ချက်ကော့၏** စွမ်းဆောင်မှုသည် အတော်ပင် ကြီးမားလှပေ၏။ **ချက်ကော့၏ ဝတ္ထုတိုများတွင် ဇာတ်ကောင်၏ အတ္တသဘာဝသည် ပေါ်လွင်လျက် ရှိ၏။** ဇာတ်ကောင်၏ လှုပ်ရှားမှုသည်ပင်လျှင် ဇာတ်လမ်းဇာတ်ကွက် ဖြစ်လာ၏။ ဇာတ်လမ်းသည် ဇာတ်ကောင်၏ အရိပ်ပင် ဖြစ်သည်။

ဇာတ်ကောင်၏ အတ္တသဘာဝကို သရုပ်ဖော်ရာတွင် ဝတ္ထုရေးဆရာသည် သူ့အမြင်၊ သူ့ဝါဒကို ထည့်သွင်းခြင်း မပြုဟုမဆိုသာ။ သို့သော်လည်း အတင်းအဓမ္မ စုပြုံထည့်သွင်းခြင်း မပြုပေ။ ဇာတ်ကောင်၏ အတ္တသဘာဝနှင့် ကိုက်ညီသော အချက်အလက်တို့သာလျှင် ဝင်မှန်းမသိဆိုသလို ဝင်သွားလေတော့သည်။ စာဖတ်တတ်သူအဖို့ ဝတ္ထုရေးဆရာက သူ့အာဘော်ကို ဇာတ်ကောင်၏ သန္တာန်တွင်းသို့ သွင်းပြီးလျှင် ဇာတ်ကောင် အာဘော်ယောင်ဆောင်ခြင်းကို မြင်နိုင်ဖို့ မခဲယဉ်းပေ။ ဝတ္ထုတိုသည် အနုပညာ ပစ္စည်းတစ်ခု ဖြစ်သည့်အလျောက် သဘောသဘာဝတို့မှာ နူးညံ့လှသည်။ သာမန်အားဖြင့် မြင်နိုင်ခဲသော အချက်အလက်များ ပါရှိသည်။

ဝတ္ထုတိုသည် စာဖတ်ပရိသတ်အဖို့ လက်လှမ်းအမီဆုံး၊ အနီးစပ်ဆုံး ဖြစ်သည့်အလျောက် ဝတ္ထုတိုအမျိုးမျိုးကို စာရေးဆရာ အမျိုးမျိုးက ရေး၍ အနှံ့အပြား ထုတ်ဝေကြသည်။ ဝတ္ထုတို တစ်ပုဒ်တလေမျှ မပါသော ဂျာနယ်မဂ္ဂဇင်းဟူ၍ ပညာပေးစာစောင်များ၊ သုတေသန စာစောင်များမှအပ မရှိပေ။ ဝတ္ထုတိုကို **မဖတ်ဖူးသော စာဖတ်ပရိသတ် ဟူ၍လည်း မရှိပေ။** ဝတ္ထုတိုသည် ဤမျှ ပျံ့နှံ့သည့်အလျောက် ဝတ္ထုတို၏ နယ်နိမိတ်မှာလည်း ကျယ်ပြန့်လေသည်။ အကြောင်းခြင်းရာ စာတမ်းတို ကလေးမှစ၍ ပုံပြင်အထိ ဝတ္ထုတိုစာရင်းထဲတွင် ဝင်လျက်ရှိ၏။ တစ်ခါတလေ ဝတ္ထုတိုဟု ခေါ်သော်လည်း ဖတ်လိုက်သောအခါ အကြောင်းခြင်းရာ စာတမ်းကလေးမျှသာ ဖြစ်နေကြောင်း တွေ့ရသည်။ တစ်ခါ

http://www.cherrythitsar.org

တလေ ဝတ္ထုတိုဟု ခေါ်ထားစေကာမူ ဝတ္ထုကြီးသဖွယ် ကြီးမားရှည်လျားသည်ကို တွေ့ရသည်။ ဝတ္ထုတိုဟူသော ဝေါဟာရသည် မသင့်လျော်လှပေ။ 'တို'ဟူသော စကားလုံးသည် ဦးနှောက်ကို ဒုက္ခပေးနိုင်သည်။ ဘယ်လောက် တိုမလဲ ဟူသော မေးခွန်းပေါ်လာဖွယ် ရှိ၏။ **ဥရောပနိုင်ငံ ဘာသာစကားအချို့တွင် ဝတ္ထုတိုကို 'နော်ဗယ်လ်'ဟု ခေါ်သည်။ ဝတ္ထုကြီးကို 'ရိုမန်းစ်' ဟုခေါ်သည်။** တို – ရှည်ဟူသော စကားမျိုး မပါရှိသဖြင့် ခွဲခြား၍ ရလွယ်သည်။

တစ်ဖန် ဝတ္ထုတိုအမျိုးအစား များစွာရှိရာ ဖတ်သူ အမျိုးအစားလည်း ကွဲပြားလေသေးသည်။ **အချစ်ဝတ္ထုတို၊ လူ့သဘာဝ သရုပ်ပြဝတ္ထုတို၊ စုံထောက် ဝတ္ထုတို၊ စွန့်စားခန်း ဝတ္ထုတို၊ ရယ်ရွှင်ဖွယ် ဝတ္ထုတို၊ အတွေးအခေါ်ကို သရုပ်ဆောင်သော ဝတ္ထုတိုမှစ၍** အမျိုးမျိုး ရှိသည်။ စာဖတ်ပရိသတ်သည် ထိုဝတ္ထုတို အမျိုးအစားတွင် မိမိနှစ်သက်ရာကို စွဲမြဲဖတ်ကြသည့်အလျောက် ပရိသတ် အုပ်စု ကွဲသွားလေသည်။

မဂ္ဂင်းထဲတွင် လူအများ နှစ်သက်စေဖို့ ရည်စူး၍ ထည့်သွင်းသော ဝတ္ထုတိုများမှာ အတွေးအခေါ် လေးနက်မှုများကင်း၍ သာမန်အကြောင်းအရာတို့ကို လွယ်လွယ်နှင့် ဖော်ပြသွားကြပေသည်။ တွေ့ကြုံဆုံကွဲဖြစ်မြဲမမ္မတာကို အပေါ်ယံအမြင်နှင့် အပေါ်ယံအတွေးတို့ကိုသာ ဖော်ပြကြသည်။ ဖတ်သူကလည်း သာမန်ကာလျှံကာ ဖတ်လိုက်သည်။ ပြီးလျှင် ပစ်လိုက် မေ့လိုက်သည်။ ယင်းသို့သော **'မဂ္ဂင်းဝတ္ထုတို'များသည် ကမ္ဘာအရပ်ရပ်၌ ပေါများလှ၏။** လူတို့၏ အစားအစာသဖွယ်ပင် ဖြစ်သည်။ ထိုစာပေါ့မျိုးရှိပေးရပေမည်။ "ပျင်းပါတယ်။ ဝတ္ထုဖတ်လိုက်ဦးမယ်" ဟူသော စကားမျိုးကို မကြာခဏ ကြားဖူးကြပေမည်။ ပျော်တော်ဆက် ဝတ္ထုများထဲမှ အဖိုးတန်မထွက်ဘူးဟု မဆိုလိုပါ။ သို့သော် များသောအားဖြင့် အပေါစားများသာတည်း။

လူ့သဘာဝ သရုပ်ပြဝတ္ထုတိုများသည် အတော်ရှားလှ၏။ ပညာအဆင့်အတန်း မြင့်သော လူနည်းစုတို့အဖို့သာ ဖြစ်သည်။ သာမန်ပညာအဆင့်အတန်းရှိသော စာဖတ်ပရိသတ်ကမူ "ဟင် ဘာတွေ ရေးထားမှန်း

http://www.cherrythitsar.org

မသိဘူး”ဟု ဆိုတတ်ကြသည်။ ဘာတွေ ရေးထားမှန်း သိလေဦးတော့ ဖတ်၍ အားမရ ဖြစ်တတ်သည်။ မိမိတို့မျှော်မှန်းချက်သို့ မရောက်ဘဲ မရေမရာ အဖြစ်မျိုးသို့ ဆိုက်တတ်သည်။ တစ်ခါတလေ ဘာမျှ အကြောင်းမဟုတ်သော အဖြစ်အပျက်တို့ကို ဖော်ပြထားသည်ဟု ထင်ကြလေသေးသည်။ မှန်သည်။ စကားလုံးများအတိုင်း အပေါ်ယံ ဖတ်သွားလျှင် ဘာအဓိပ္ပာယ်မျှ ထူးထူးခြားခြားရှိသည်ဟု မဆိုနိုင်လောက်အောင် ဖြစ်တတ်ချေသည်။ “ဘာအကြောင်း ထူးလို့လဲ”ဟု ဖတ်ပြီးလျှင် မေးနိုင်ဖွယ်ရှိ၏။

သူတို့ ပြောတာလည်း မှန်ပေသည်။ အချို့သော ဝတ္ထုတိုများမှာ အကြောင်းအရော ဟူ၍ ဆိုလောက်အောင် မပါချေ။ စာရေးဆရာ၏ အတွေး အခေါ်များသာ ပါသည်။ အချို့မှာ အတွေးအခေါ်ဟူ၍ သိသိသာသာပင် မပါပေ။ အချို့တွင် ဖော်ပြသော အကြောင်းအရာမှာ မည်သို့မျှ မထူးခြားသော်လည်း မဖော်ပြသော အကြောင်းအရာ အချက်အလက်များကို စာဖတ်သူက တွေးခေါ်ယူရသည်။ အတွေးအခေါ် မတတ်သူတို့အဖို့ ဘာမျှ အကြောင်းမထူး ပါကလားဆိုပြီး လွှင့်ပစ်လိုက်ဖို့သာ ရှိတော့သည်။

ဝတ္ထုတို၏ နယ်ပင်သည် ကျယ်ဝန်းသည်။ လောကတစ်ခွင်၌ ဖြစ်ပျက်နေသမျှ အကြောင်းခြင်းရာတွေထဲမှ ထုတ်ချင်ရာကို ထုတ်၍ ဖော်ပြနိုင်သည်။ **ဝတ္ထုတိုသည် အရေးရအလွယ်ဆုံး ဖြစ်၏။ သို့သော် တကယ်ရေးဖို့ ခက်လှပေသည်။** စာရေးချင်စိတ် ပေါ်လာသူတိုင်းသည် ဝတ္ထုတိုကို စ၍ ရေးသည်။ ရေးတတ်သည်ဟုလည်း ထင်သည်။ ဖြစ်ကတတ်ဆန်း ဝတ္ထုတိုတစ်ပုဒ် ထွက်လာဖို့ လွယ်ကူသလောက် တကယ်တမ်း ဝတ္ထုတို တစ်ပုဒ်ထွက်ဖို့ အလွန် ခဲယဉ်းသည်။

ယခုခေတ် ကမ္ဘာ့စာပေအသီးသီးတွင် ဝတ္ထုတိုတွေ သိန်းသန်းချီ၍ ထွက်နေကြသည်။ **ဘာသာစကားတိုင်း၌ ဝတ္ထုတို မြောက်မြားစွာ ရှိကြ၏။** နောက်နောင်လည်း အတောမသတ် ထွက်ကြပေဦးမည်။ အမျိုးသားစာပေတိုင်း၌ ဝတ္ထုတိုကဏ္ဍသည် ကြီးမားလှ၏။ မိမိတို့ ဘာသာဘာဝ

http://www.cherrythitsar.org

ရေးကြဖတ်ကြကုန်၏။ **ဝတ္ထုတိုသည် စာရေးဆရာတို့၏ လက်သုံးပစ္စည်း ဖြစ်သည်။** ဝမ်းရေးအတွက် ဝတ္ထုတိုများထွက်လာအောင် ရေးထုတ်လိုက်ကြသည်။ ဝါသနာအလျောက် ရေးကြသည်လည်း ရှိသည်။ မိမိ၏ ယုံကြည်ချက်များကို ဖော်ထုတ်ချင်၍လည်း ရေးကြလေသေးသည်။ အမျိုးမျိုးပင်။

ယင်းသို့ အပြုံလိုက်ထွက်နေသော ဝတ္ထုတိုတို့ကို အဆင့်အတန်း အမျိုးအစား ခွဲခြားဖို့မလွယ်ကူ။ ဖြစ်ပင် မဖြစ်နိုင်လောက်အောင် အခြေသို့ ဆိုက်လျက် ရှိသည်။ သို့သော် စာပေအရာဝင်သော ဝတ္ထုတိုများသည် အချိန်၏ ဖျက်ဆီးမှု၊ ခေတ်၏ သုတ်သင်မှုဒဏ်များကို ခံနိုင်ကာ ဆန်ခါတင် ကျန်ခဲ့ကြသည်။ ရှေးခေတ်ဝတ္ထုတိုအချို့သည် ယင်းသို့ပင် ကျန်ခဲ့ကြ၏။ ယခုခေတ် ဝတ္ထုတိုများအဖို့ကား အချိန်စောသေးသည်။

ရှေးခေတ်က ဝတ္ထုတိုများတွင် ဥပမာ၊ ပြင်သစ် စာရေးဆရာကြီး ဂီးဒီ မောပါးဆွန်း၏ **The Necklace** (ပုတီးကုံး) ဝတ္ထုတို၊ ရုရှား စာရေးဆရာကြီး ပွတ်ရှကင်း၏ **The Kiss** (အနမ်း) စသည်တို့မှာ ခေတ်ကုန်သည် ဟူ၍ ရှိကြမည် မဟုတ်ပေ။ တစ်ဖန် **ရုရှားဝတ္ထုတို စာရေးဆရာကြီး ချက်ကော့ဖ်၏** ဝတ္ထုတို များစွာသည်လည်း ယခု ထက်တိုင် ထင်ရှားလျက် ရှိပေသည်။

ဝတ္ထုတိုများသည် မည်မျှပင် နှစ်လိုဖွယ် ဖြစ်စေကာမူ၊ ဝတ္ထုကြီးများလောက် လူသိမများ ဖြစ်တတ်ချေသည်။ မထူးဆန်းလှပေ။ ဝတ္ထုတိုများသည် သေးငယ်သောကြောင့် ခဏဖတ်ပြီး မကြာခင် မေ့သွားတတ်ကြလေသည်။ ယင်းသို့ ဖြစ်သော်ငြားလည်း စာရေးဆရာတစ်ယောက်၏ အနုပညာ စွမ်းရည်ကို ဝတ္ထုတို များမှာလည်း တွေ့နိုင်သည်။ မြင်တတ်ဖိုသာလိုသည်။ ဝတ္ထုကြီးများလောက် လုံးလုံးခဲခဲ မရှိသည်မှာ အကြောင်းအားလျော်စွာမျှသာ ဖြစ်သည်။

အချို့သော စာပေအနုပညာရှင်ကြီးများသည် ဝတ္ထုတို၌ အထူးကျွမ်းကျင်၍ ဝတ္ထုတိုဖြင့်သာ မိမိတို့၏ အနုပညာစွမ်းရည်ကို ဖော်ပြခဲ့ကြသည်။ ဥပမာ ရုရှားစာရေးဆရာကြီး **ချက်ကော့ဖ်၊** ပြင်သစ်စာရေး

http://www.cherrythitsar.org

ဆရာကြီး မောပါးဆွန်း၊ နယူးဇီလန် စာရေးဆရာကြီး **ကက်သရင်း** မင်းစဖီး၊ အမေရိကန် စာရေးဆရာကြီး အိုဟင်နရီ၊ အင်္ဂလိပ် စာရေးဆရာကြီး **အိပ်ချအီးဘီ၊** အိုင်ယာလံ စာရေးဆရာကြီး **လီယမ် အိုဖလာတီး၊** အင်္ဂလိပ်စာရေးဆရာကြီး **အေအီးကော့ပတ်။**

ဝတ္ထုတိုသည် ဝတ္ထုကြီးလောက် အပြန့်မကျယ်သော်လည်း အတွင်းခံ အဓိပ္ပာယ်သည် တစ်ခါတစ်ရံ ပို၍ လေးနက်သည်။ အကွက်မိသဖြင့် ထိရောက်တတ်ပေသည်။ သို့သော် ဆိုခဲ့သည့်အတိုင်းပင် မြန်မြန်ဖတ်၊ မြန်မြန်မေ့ သွားတတ်ကြသောကြောင့် ဝတ္ထုတို၏ ဩဇာသည် များသောအားဖြင့် ဝတ္ထုကြီးများလောက် စွဲထင်မကျန်တတ်ချေ။

ဝတ္ထုတိုနှင့် ပတ်သက်၍ စာပေပညာရှင်တစ်ဦးက ဆိုခဲ့ဖူးသည်။ ဝတ္ထုတိုသည် ဆုံးသည်မှစ၍ ဖတ်သူအဖို့ လုပ်ငန်း ပေါ်ရပေမည်ဟု ဆို၏။ သူ ဆိုလိုသည်မှာ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးခါမှ ဖတ်သူက တစိမ့်စိမ့်တွေး၍ တစ်ရေးရေး ပေါ်ဖို့ဖြစ်သည်။ **ဝတ္ထုတိုသည် ဖတ်သူအား အကြောင်းခြင်းရာ အလုံးစုံကို ထုတ်၍မပေး။ အတွင်းခံ အဓိပ္ပာယ်များကို ဖတ်သူက တစိမ့်စိမ့် တွေးယူရသည်။** ဝတ္ထုကြီးတွင်ကား စာရေးဆရာက အားရပါးရ ထုတ်ဖော်ပြနိုင်သည်၊ ပြဖို့ အကွက်ပေါများသည်။ အချိန်ရသည်။ အခွင့်သာသည်။ ဝတ္ထုတိုမှာ သေးငယ်သောသဏ္ဌာန် ရှိရုံသာမက သိပ်သည်းမှုလည်း ရှိရသေးလေရာ ယင်းသို့ ဖော်ပြခွင့်မသာပေ။ ထိုကြောင့် ဝတ္ထုတိုဖတ်တတ်ဖို့ အထူးပင် လိုသည်။ ဖတ်သူ၏ ဉာဏ်စွမ်းရည် အပေါ်တွင် တည်သည်။ အချို့သော ဝတ္ထုတိုများကို ဖတ်ပြီး "ဘာတွေ ရေးတာပါလိမ့်"ဟု ငေးမောလက်မှိုင်ချနေသော ဖတ်သူတို့သည် မိမိဉာဏ်စွမ်း အဆင့်အတန်းကို ပြန်လည် စစ်ဆေးကြည့်သင့်လှ၏။

ဝတ္ထုတိုနှင့် ကဗျာသည် အနုပညာ ဂုဏ်အဆင့်အတန်းချင်း တူသင့်သလောက် တူသည်။ ကဗျာကို ဖတ်တတ်ဖို့ အထူးလိုသည်။ ဖတ်သူတိုင်း မဖတ်တတ်ကြချေ။ "ဘာတွေ ရေးထားပါလိမ့်"ဟူသော ငေးမောမှု ပြုသူ များစွာ ရှိချေသည်။ ကဗျာတစ်ပုဒ် ဖတ်တတ်ဖို့မှာ ကဗျာ

http://www.cherrythitsar.org

တစ်ပုဒ်ကို ရေးတတ်ဖို့လောက်ပင် ခက်ခဲလှသည်ဟု ကဗျာဆရာကြီး တစ်ဦးက ဆိုဖူးသည်။ဝတ္ထုတို(တကယ်တမ်း အဖိုးတန်ဝတ္ထုတို)တစ်ပုဒ် ကို ဖတ်တတ်ဖို့လည်း ထိုနည်းနှင့်နှင့်ပင်။

တစ်နေ့ကပင် မိတ်ဆွေတစ်ယောက်က **ပြင်သစ်စာရေးဆရာ** (သဘာဝတ္ထုဗေဒ ဆရာ) **ဂျင်းပေါဆာတီး၏** ဝတ္ထုတိုများကို ဖတ်၍ နားမလည်ဟု ဆိုသည်။ တလောကလည်း တစ်ဦးက **ပြင်သစ်စာရေးဆရာကြီး အယ်ဘယ်ကမူး၏** ဝတ္ထုများကို ဖတ်၍ နားမလည်ဟု ဆို ခဲ့လေသေးသည်။ ထို မိတ်ဆွေများသည် စာပေ လေ့လာလျက်ရှိသော သုတေသီများ ဖြစ်ကြ၏။ သူတို့ပင်လျှင် နားမလည်နိုင်လောက်အောင် ဖြစ်ရသည်မှာ အတော်စဉ်းစားစရာ ဖြစ်ပေတော့သည်။ ကျွန်တော်လည်း ထိုဆရာကြီးများ၏ ဝတ္ထုများကိုဖတ်၍ လေ့လာဆဲ ဖြစ်သည်။ သူတို့သည် **'အိပ်ဇစ်စတင်းရှယ်လစ်'ဝါဒီများ** ဖြစ်သည်။ သူတို့၏ဝါဒကို ပထမ နားလည်ဖို့ လိုသည်။ သူတို့၏ ဝါဒမှာလည်း အတော်ပင် နား လည်ဖို့ ခက်ခဲလှသည်။ ယခုခေတ် စာရေးဆရာများစွာ (အနောက်တိုင်း) စာရေးဆရာများ)သည် သူတို့၏ဝါဒ၌ အနည်းနည်းဖြင့် သက်ဝင်နေ ကြသည်ဟု ဆိုနိုင်သည်။ ယင်းတို့၏ အရေးအသား(ဝတ္ထု)များတွင် ထိုဝါဒ၏ သရုပ်များ ပေါ်လွင်နေကြသည်။

ကျွန်တော်ဆိုလိုသည်မှာ အပျော်ဖတ်ဝတ္ထုတိုများမှ အပ၊ အတွေး အခေါ် လေးလေးနက်နက် ပါရှိသော ဝတ္ထုတိုများကို ဖတ်တတ်ဖို့ ခဲခက် သည်ဟူ၍ပင်။

မဂ္ဂင်း ဝတ္ထုတိုဟုခေါ်သော အများကြိုက် ဝတ္ထုတိုများမှာ ဖတ်သူ တို့အဖို့ အားထုတ်မှုနည်းပါး၍ ပေးသမျှကို ခံယူနိုင်ကြသည်။ စာပေ ဝတ္ထုတိုများမှာမူ ယင်းသို့ မခံယူနိုင်ဘဲ အတော်ပင် ကြိုးပမ်း၍ ခံယူနိုင်မှ တော်ရုံကျပေလိမ့်မည်။ **ဆန်ခါတင် ဝတ္ထုတိုများကို ပညာဆည်းပူးသည့် အနေဖြင့် ကြိုးပမ်း လေ့လာမှ ပြုလိုသူ စာချစ်ပုဂ္ဂိုလ်တို့အဖို့ ကမ္ဘာ့ ဝတ္ထုတို များစွာကို ပြန်ဆိုပေးဖို့ လိုအပ်လှသည်။** ပြီးလျှင်လည်း ထို ဝတ္ထုတိုတို့၏ အဓိပ္ပာယ်အခြေအနေ အချက်အလက်တို့ကို တတ်စွမ်း

http://www.cherrythitsar.org

သမျှ ဖော်ပြသော ရှင်းလင်းချက်များကလည်း လိုအပ်ပေမည်။ ရှင်းချက်များ ပေးရခြင်းမှာ မလွယ်ကူရုံသာမက တာဝန်လည်း ကြီးလှချည်သေးသည်။

ယခု ကျွန်တော် ပေးလိုက်သော ဝတ္ထုတိုဆယ်ပုဒ်မှာ အားလုံး ကမ္ဘာကျော် ဝတ္ထုတိုများဟု ကျွန်တော် မဆိုလိုပါ။ အဆင့်အတန်း မြင့်လှပြီဟုလည်း မဆိုပါ။ သို့သော် အသင့်အတန် ဖတ်ပျော်ကြပေသည်။ ကျွန်တော့် ရှင်းလင်းချက်များမှာလည်း ကျွန်တော် တတ်အားသမျှ ဖော်ပြချက်များသာ ဖြစ်သည်။ ဖတ်သူများစွာက ကျွန်တော့်အမြင်ထက် ပို၍ ထက်သန်စူးရှနိုင်ဖွယ် ရှိပေသည်။ ကျွန်တော့် အဆိုထက် ပို၍ မှန်ကန်ထိ ရောက်နိုင်ဖွယ်လည်း ရှိပေသည်။ ကျွန်တော့် **ရည်ရွယ်ချက်မှာ ဖတ်သူတို့အား အပျော်တမ်း ဖတ်ခြင်း အလေ့မှ ကျော်တက်၍ လေးလေးနက်နက် လေ့လာမှုပြုတတ်သော အကျင့်မျိုးရဖို့ အစပျိုးစေခြင်းမျှသာ ဖြစ်သည်။**

ကျွန်တော်သည် ကမ္ဘာကျော် ဝတ္ထုကြီး အချို့အကြောင်းနှင့် စာရေးဆရာ ကြီးများ၏ အကြောင်းတို့ကို နိဒါန်းပျိုးသည့်အနေဖြင့် အစမ်းစာတိုကလေးများကို ရေး၍ 'ဘဝနှင့်စာပေ'အမည်တပ် စာအုပ်ကလေးတစ်အုပ်ကို ထုတ်ခဲ့သည်။ ယင်းသို့ ရွေးထုတ်ခြင်း၏ ရည်ရွယ်ချက်ကို ထိုစာအုပ်တွင် ဖော်ပြခဲ့ပါပြီ။ ကမ္ဘာ့စာပေနှင့်ပတ်သက်၍ မိတ်ဆက်သဘောမျိုးဖြစ်ကာ၊ ဖတ်သူတို့၌ ကမ္ဘာကျော်ဝတ္ထုကြီးများကို ဖတ်လိုသော ဆန္ဒ ပေါ်ထွန်းလာပါမူ ကျွန်တော် တတ်အားသမျှ ကြိုးပမ်းရကျိုးနပ်ပါပြီဟု ဆိုခဲ့သည်။ နပ်သင့်သလောက်လည်း နပ်လာပြီဟု ကျွန်တော် ယခု ဆိုချင်ပါသည်။ အကြောင်းသော်ကား အချို့သော ကမ္ဘာကျော် ဝတ္ထုကြီးများကို ယခုတလော အတော်များများ ပြန်ဆို လာကြခြင်းပင် ဖြစ်သည်။ နောင်လည်း ဘာသာပြန်လုပ်ငန်းသည် တိုးတက်ဖွယ် အခြေ၌ တည်ရှိ၏။ ကျွန်တော် တဖွဖွဆိုခဲ့သည့် အတိုင်းပင် စာပေရေးရာတွင်လည်း ကမ္ဘာ့အမြင်သည် အရေးကြီးလှပေသည်။

ယခုလည်း ဤစာအုပ်ငယ်ဖြင့် ကျွန်တော်သည် ကမ္ဘာ့စာပေ၌ ကြီးမား ကျယ်ပြန့်လှသော ဝတ္ထုတိုကဏ္ဍ၏ နိဒါန်းငယ်သဖွယ် ပြုစု

http://www.cherrythitsar.org

လိုက်ပါပြီ။ ကျွန်တော့်မိတ်ဆွေများ၊ ဆရာများဖြစ်ကြကုန်သော စာရေးဆရာ ကြီးငယ်တို့သည် တတ်အားသမျှ ဝင်ရောက်၍ ဆောင်ရွက်ကြစေလိုပါသည်။ ကမ္ဘာ့ ဝတ္ထုတိုများကို သူ့အာဘော်အတိုင်း ပြန်ဆိုပေးကြစေချင်ပါသည်။ စာဖတ်သူများကလည်း အပျော်ဖတ်ဝတ္ထုတိုများကို ဖတ်သည့်အခါ ဖတ်ပြီးလျှင် စာပေကို တကယ်တမ်း မြတ်နိုးလေ့လာလိုလျှင် ထိုဝတ္ထုတိုများကိုလည်း ဖတ်ရှုလေ့လာကြစေချင်သည်။

ကျွန်တော့် အဖို့မှာမူ ကျွန်တော် ထမ်းဆောင်နိုင်သလောက် တာဝန်ကို ထမ်းဆောင်သည့်အနေဖြင့် **အလျဉ်းသင့်သည့်အခါဝယ် ကမ္ဘာ့ဝတ္ထုတို တချို့ကို ပြန်ဆိုပြီးလျှင် ရှင်းလင်းချက်များ ရေး၍ ဖတ်သူတို့အား တင်ဆက်ပါဦးမည်။**

တက်တိုး

ရန်ကုန်မြို့။

၁၉၆၅ – ခု၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။

http://www.cherrythitsar.org